ကလေးမြို့နယ်

ခရစ်ယာန်အသင်းတော်များကောင်စီ၏

ပင့်ဖိတ်ချက်အရ

## ချမ်းမြေ့ဆရာတော်

ဟောကြားသော

# ဆင်းရဲငြိမ်းအေး ချမ်းသာရေး

## တရားတော်

[ အမေးအဖြေများပါဝင်သည် ]

ချမ်းမြေ့ရိပ်သာဆရာတော်

ဟောကြားသော

# ဆင်းရဲငြိမ်းအေးချမ်းသာရေး

တရားတော်

၂၁၇၆၃

# ကောင်းမှု

ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။

သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓမတ္တနော။

ဘဝပေါင်းစု၊ သောင်းအထုတွင်၊ ကောင်းပြု ကောင်းပြော၊ ကောင်းသဘောနှင့်၊ ကောင်းသော နှလုံး၊ တဖြောင့်သုံး၍၊ သက်လုံးစင်ဖြူ၊ ထိုသည့်သူကား၊ "ငါမူကောင်းမှု၊ အစုစုကို၊ ဆည်းပြုခဲ့မိ၊ ရတော်ဘိ"ဟု၊ မိမိပြုမှု၊ သန့်စင် ဖြူ၍၊ ပြစ်မြူမနှော၊ ဤသဘောကို၊ တွေးတော မိတိုင်း၊ ပီတိလှိုင်းဖြင့်၊ ယှက်သိုင်း ရစ်လည်၊ ချမ်းမြေ့ကြည်လျက်၊ ဤသည်ဘဝ၊ နောင် ဘဝနှင့်၊ ဘဝဆက်ဆက်၊ သံသာစက်တွင်၊ စိတ်လက်ကြည်သာ၊ ရပ်လန်းဖြာ၍၊ ချမ်းသာ ကောင်းကျိုး၊ ဒီရေတိုးသို့၊ ဖွံ့ဖြိုးကြီးကျယ်၊ ပွင့်လန်း ကြွယ်သည်၊ ထက်ဝယ် နှတ်ထံ စံဖို့တည်း။

# မကောင်းမှု

ဣဓ သောစတိ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။

သော သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

ဘဝစုစု၊ သံသာထုတွင်၊ အပြုအပြော၊ သဘောမဖြူ၊ ထိုသည့်သူကား၊ "ငါမှုမကောင်း၊ မှုအပေါင်းကို၊ ရင့်ညောင်းကြာရှည်၊ ပြုမိသည်မှာ၊ များခဲ့စွာ"ဟု၊ ကိုယ့်ဟာကိုယ်ပြု၊ ပြစ်သောင်ထု၏၊ ညစ်ကျူးဖြစ်တုံ၊ အိုးမလုံက၊ အအုံပွင့်ရာ၊ ဆိုပမာသို့၊ မသာနှလုံး၊ မရွှင်ပြုံးနိုင်၊ သောကလှိုင်လျက်၊ သည်းဆိုင်ကြွေမျှ၊ ညှိုးခွေလျ၍၊ စိတ်ကမလန်း၊ ရုပ်ညှိုးနွမ်းလျက်၊ ပင်ပန်းရိုရှား၊ အောက်လမ်းသွားသည်၊ လေးပါးအပါယ်ဖြောင့်ဖြောင့်တည်း။

## များလှအကျိုးတွေ

ဗုဒ္ဓမြတ်စွာ၊ ပွင့်ထွန်းလာ၍၊
သစ္စာလေးအင်၊ ရှစ်မဂ္ဂင်နှင့်၊
သုံးအင်လက္ခဏာ၊ သင်္ခတာ’ သင်္ခတ၊
မြတ်ဓမ္မကို၊ နက်လှဉာဏ်တော်၊
ဟောထုတ်ဖော်၍၊ သူတော်အများ၊
သိရကြား၊ များလှအကျိုးတွေ။

## ကြိုးစားကြပါစို့

လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၊
များစွာကျိုးရ၊ ချမ်းသာလှသည့်၊
ဗုဒ္ဓမြတ်စွာ၊ သာသနာသည်၊
ရှည်ကြာတည်တံ့၊ ရှည်ခိုင်ခံ့၍၊
ပျံ့နှံ့တိုးပွါး၊ ကျင့်သူများလျက်၊
ရွာချမ်းသာ၊ ချမ်းမြေ့သာအောင်၊
ညီညာတို့များ၊ တာဝန်ထား၊
ကြိုးစားကြပါစို့။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | ၁၉၈၃၊ အောက်တိုဘာလ | အုပ်ရေ ၃၀၀၀ |
| ဒုတိယအကြိမ် | ၁၉၈၄၊ ဧပြီလ | အုပ်ရေ ၆၀၀၀ |
| တတိယအကြိမ် | ၁၉၈၄၊ အောက်တိုဘာလ | အုပ်ရေ ၅၀၀၀ |
| စတုတ္ထအကြိမ် | ၁၉၈၅၊ ဩဂုတ်လ | အုပ်ရေ ၁၀၀၀၀ |
| ပဉ္စမအကြိမ် | ၁၉၈၉၊ အောက်တိုဘာလ | အုပ်ရေ ၁၀၀၀၀ |
| ဆဋ္ဌမအကြိမ် | ၁၉၉၄၊ စက်တင်ဘာလ | အုပ်ရေ ၁၀၀၀၀ |
| သတ္တမအကြိမ် | ၁၉၉၉၊ စက်တင်ဘာလ | အုပရေ ၁၀၀၀၀ |

ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားကြီးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒု-ညွှန်ကြားရေးမှူး ဦးသန်းထွန်း ယာယီမှတ်ပုံတင်အမှတ် (၂၅၂)က ထုတ်ဝေ၍

ဒေါ်ခင်စီ (၀၁၄၈၀) မေတ္တာမိုးပုံနှိပ်တိုက်၊ အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

**ဖြန့်ချိရေး**

ဦးအောင်သိန်း (အတွင်းရေးမှူး)
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့
၅၅(က) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။
ဖုန်း- ၆၆၁၄၇၉

သတ္တမအကြိမ်

အုပ်ရေ ၁၀၀၀၀

၁၉၉၉၊ စက်တင်ဘာလ၊

ကလေးမြို့နယ်

ခရစ်ယာန်အသင်းတော်များကောင်စီ၏

ပင့်ဖိတ်ချက်အရ

## ချမ်းမြေ့ဆရာတော်

ဟောကြားသော

# ဆင်းရဲငြိမ်းအေး ချမ်းသာရေး

## တရားတော်

[ အမေးအဖြေများပါဝင်သည် ]

| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
|---|---|---|
| ၂၅၄၃ | ၁၃၆၁ | ၁၉၉၉ |

# ချမ်းမြေ့ စာစဥ်များ

၁။ ဆင်းရဲငြိမ်းအေး ချမ်းသာရေးတရားတော် (ဆဋ္ဌမအကြိမ်)
၂။ ချမ်းမြေ့ အခြေပျိုးဗုဒ္ဓဘာသာ (ပဥ္စမအကြိမ်)
၃။ ချမ်းမြေ့မင်္ဂလာ သင်စရာ (တတိယအကြိမ်)
၄။ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်အထွေထွေ (နဝမအကြိမ်)
၅။ အသံလွှင့်တရားတော်များ (ဒုတိယအကြိမ်)
၆။ ၁၉၈၅-ခုနှစ် တက္ကသိုလ်ဓမ္မသဘင် (ဒုတိယအကြိမ်)
၇။ လှူကြထိန်သင်္ကန်းနှင့် မင်္ဂလမ်းကိုရွှယ် (စတုတ္ထအကြိမ်)
၈။ အနောက်တိုင်းမှ ဘဝပြဿနာ (ကုန်ပြီ)
၉။ ချမ်းမြေ့ သာသနာတော်လျှောက်စာတန်း (ဒုတိယအကြိမ်)
၁၀။ နိုင်ငံခြားမှ ပေးစာများ (ကုန်ပြီ)
၁၁။ တတိယအကြိမ် ဓမ္မခရီး (ကုန်ပြီ)
၁၂။ ယောဂီသိဖွယ် အသွယ်သွယ် (ကုန်ပြီ)
၁၃။ နိုင်ငံခြားသား ဘုန်းတော်ကြီး တစ်ပါး၏ ဗုဒ္ဓဘာသာအမြင် အမေးအဖြေများ (ထွက်ပြီ)
၁၄။ ကံနှင့် တမလွန်ဘဝ (ထွက်ပြီ)
၁၅။ Vipassana Meditation Guidelines
၁၆။ Vipassana Meditation
၁၇။ Ordination Procedure and some rules of Vinaya
၁၈။ The Fundamental Doctrine of Buddhism

ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော်

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဆဋ္ဌမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း | ၁၁ |
| တရားပွဲ ပင့်လျှောက်စာ | ၁၃ |
| အကျိုးဆောင်တို့၏ လျှောက်ထားစာ | ၁၄ |
| ချမ်းမြေ့ဆရာတော်၏ ပြန်ကြားစာ | ၁၆ |
| တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဖွဲ့စည်းရေး အစည်းအဝေးမှတ်တမ်း | ၁၈ |
| တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့၏ ညှိနှိုင်း အစည်းအဝေး မှတ်တမ်း | ၂၄ |
| ဆရာတော်ကို ကြိုဆိုရေး စသည်နှင့် ပတ်သက်သော အစည်းအဝေး မှတ်တမ်း | ၂၇ |
| ပုံနှိပ်ထုတ်ဝေရန် သဘောတူညီချက် တောင်းခံစာ | ၃၀ |
| ပုံနှိပ်ထုတ်ဝေရန် သဘောတူညီကြောင်း ပြန်ကြားစာ | ၃၂ |
| တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့၏ ပုံနှိပ်ထုတ်ဝေရန် သဘောတူညီချက် | ၃၃ |
| တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့၏ သုံးသပ်ချက် | ၃၃ |
| တရားစာမူ တည်းဖြတ်ရပုံ | ၃၅ |
| နိဒါန်း | ၄၄ |

အကြောင်းအရာ — စာမျက်နှာ

## ပထမနေ့ တရားပွဲ

၁။ ပထမနေ့ တရားပွဲ အခမ်းအနား ၄၉

၂။ အခန်း (၁) တရားပျိုး ၆၁

ကျေးရွာတင် ဝမ်းမြောက်ပါတယ်၊ ထူးမြတ် ဆန်းပြားတဲ့ တရားပွဲ၊ သမိုင်းတွင်မည့် တရားပွဲ၊ လိုလား နှစ်သက်အပ်တဲ့ တရားပွဲ၊ ဘာသာဝါဒမျိုးစုံ လေ့လာသင့်ပါတယ်၊ ဆွေးနွေးတာထက် ပိုအကျိုးရှိတယ်၊ သိလိုတာ မေးသင့်ပါတယ်၊ တခြားနိုင်ငံတွေမှာ

ဘာသာဝါဒ ကိုးကွယ်တာ ဘာရည်ရွယ်ချက်လဲ၊ ဘာကြောင့် ဘာသာတရားတွေ ပေါ်လာသလဲ၊ မြတ်စွာဘုရား မပွင့်မီက၊ မြတ်ဗုဒ္ဓမိန့်တော်မူပုံ၊ ကြောက်ကြတာတွေ၊ ဒီလို ပေါ်ပေါက်လာတယ်၊ ဒီလို ဆုံးဖြတ်ပါ၊ ဆင်းရဲမှာ ကြောက်လွန်းလို့၊ ဘာသာတရားအမျိုးမျိုး ကွဲပြားပုံ၊ ဗုဒ္ဓဘာသာအကြောင်း၊ လွယ်ရာက စပြောမယ် ၇

၃။ အခန်း (၂) ဗုဒ္ဓဝင် အကျဉ်း ၈

နှိုင်းယှဉ်ပြီးမဟော၊ အင်္ဂလန်မှာ၊ ဟိုနိုလူလူမှာ

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူလာပုံ၊ လူသားဘုရား၊ ဇာတိ ရပ်မြေ အငြင်းပွါးနေကြတယ်၊ ၂၉ နှစ်သားမှာ တောထွက် ၈

ဈာန်နှင့် အပ္ပနာ၊ ဈာန်ဆိုတာ သဘာဝတရား၊ တရားအားထုတ်တဲ့ ခရစ်ယာန်ဘုန်းကြီး၊ အကျိုးနှစ်မျိုး၊ ခရစ်ယာန်ဘုန်းကြီးနှင့် သတိပဋ္ဌာန်၊ တလောကလုံးနှင့်ဆိုင်တဲ့ ဈာန်၊ စိတ်တည်ငြိမ်ရင် ချမ်းသာတယ်၊ သမာပတ်ရှစ်ပါး၊ အဘိညာဏ် ၉

အကြောင်းအရာ | စာမျက်နှာ

ဒုက္ခရစရိယာ အကျင့်၊ ဥရုဝေလမှ ထွက်ခဲ့ပြန်တယ်၊ ဗောဓိညောင်ပင်အောက်၊ ရှာန်အခြေခံတဲ့ ဝိပဿနာ၊ ဖြစ်ပျက်အစဉ်ကို သိမြင်ရ၊ ကိလေသာငြိမ်းလို့ ဘုရားဖြစ်၊ ဗုဒ္ဓနှင့် သမ္မာသမ္ဗုဒ္ဓ၊ ဗုဒ္ဓမြတ်စွာ သိတော်မူသော အမှန်သဘာဝ၊ တရားသိမ်း ၉၀

၄။ **ပထမနေ့ တရားပွဲ အခမ်းအနားသိမ်း** ၁၀၇

## ဒုတိယနေ့ တရားပွဲ

၅။ **ဒုတိယနေ့ တရားပွဲ အခမ်းအနား** ၁၀၉

၆။ **အခန်း (၃) ဗုဒ္ဓ တရားတော်** ၁၁၅

ငါးပါးသီလ ဘာသာပြန် ၁၁၅

သဘာဝနှင့် နတ်ကိုးကွယ်မှု၊ ကိုးကွယ်မှု မတိုး တက်သေး၊ မာန မတက်လောက်သေး၊ ၁၁၉

ဗုဒ္ဓတရားတော်၊ ကိုယ်တော်တိုင်သိပုံ၊ ကိလေသာဖြစ်ရင် ဆင်းရဲတယ်၊ အရဟံ ဂုဏ်တော်၊ ကျင့်စဉ်မှန်လို့ တွေ့ရတယ်၊ ဘယ်သူမဆို သိနိုင်တဲ့တရား၊ နျူတန်ရဲ့နိယာမ၊ ဗုဒ္ဓတွေ့ရှိသော တရားတော်။ လူသားတိုင်းသိနိုင်တဲ့ တရား၊ ကျင့်စဉ်မှန်ရင် သိတယ်၊ အကျင့်မှန်ရင် ရည်ရွယ်ချက်ပြည့်တယ်၊ အင်္ဂါရှစ်ပါးပါဝင်မှ ဆင်းရဲငြိမ်း ၁၂၁

ဗုဒ္ဓမြတ်စွာ ဆင်ခြင်တော်မူပုံ၊ တဏှာငြိမ်းလို့ ဆင်းရဲငြိမ်း၊ ကြောင်းကျိုးဆက်စပ်ပုံ၊ ဘဝဆိုတာ ကြောင်းကျိုးဆက်သွယ်မှု၊ ဓမ္မ=သဘာဝတရား၊ မသေချာရင် ဘာသာမပြန်မှ၊ ဓမ္မသုံးမျိုး ၁၃၃

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၇။ အခန်း (၄) လိုက်နာစရာ ဩဝါဒများ | ၁၄၁ |
| လိုက်နာစရာ ဩဝါဒများ၊ စိတ်ဖြူစင်တယ်ဆိုတာ၊ ကုသိုလ်နှင့် အကုသိုလ်၊ ကောင်းချီးမင်္ဂလာ ဩဝါဒ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပတိရူပဒေသ၊ သူတို့ ပတိရူပဒေသ၊ ကောင်းမှုပြုတာ မင်္ဂလာ၊ ကိုယ်နှုတ်စိတ် အပြစ်ကင်းအောင်ထား၊ ဆင်းရဲငြိမ်းခြင်းမင်္ဂလာ | |
| တခြား လိုက်နာစရာတွေ၊ မာနကြောင့် ဦးမည့်တွတ်၊ လူတိုင်း အတွက် ဩဝါဒ၊ ပြောနေဆဲမှာလဲ သတိထား၊ ပြောပြီးလဲ သတိထား၊ ဆောင်ပုဒ်၊ ဖြောင့်မတ်ပါစေ၊ သည်းခံပါ၊ မေတ္တာထားပါ၊ အဆဲသန့်တဲ့ပြဟ္မဏ၊ လုံ့လနှင့်ဖွဲ့ | ၁၅၃ |
| ၈။ အခန်း (၅) လက်တွေ့ကျင့်စဉ်များ | ၁၆၉ |
| ကောင်းမှု မကောင်းမှု ခွဲခြားတတ်ပါစေ၊ အပြစ်မရှိရင် ကုသိုလ်၊ အပြစ်ရှိရင် အကုသိုလ်၊ အပြစ်ဆိုတာ ဘာလဲ၊ အရက်သောက်တာ အပြစ်လား၊ သဘာဝကျကျသတ်မှတ်၊ အပြစ်ဆိုတာ ထိခိုက်တာ၊ ဗုဒ္ဓရှင်တော်မြတ် သတ်မှတ်ချက်၊ အရက်သောက်တာ အပြစ်၊ ကံနှင့် ကံ၏အကျိုး၊ တရားသိမ်း | |
| ၉။ ဒုတိယနေ့တရားပွဲ အခမ်းအနားသိမ်း။ | ၁၇၉ |


## တတိယနေ့ တရားပွဲ


| | |
|---|---|
| ၁၀။ တတိယနေ့တရားပွဲ အခမ်းအနား | ၁၈၁ |
| ၁၁။ အခန်း (၅) အဆက် | ၁၈၆ |
| ကမ္မဝါဒ၊ ကြည်ညိုဖွယ်အရှင်မြတ်၊ တရားမှန်ရှာသူ ဥပတိဿ၊ ဂေါတမရှင်တော်မြတ်၏ဝါဒ၊ ကြောင်းကျိုးသဘာဝ ဝါဒ၊ အနတ္တဝါဒ၊ မပြည့်စုံတဲ့အဖြေ | |

မဟာအတ္တ၊ ပရမအတ္တ၊ ဇီဝအတ္တ၊ အတ္တကမြဲတယ်၊ အတ္တက ခံစားတယ်၊ ဝါဒနှစ်ခု မတူပုံ၊ ကံဆိုတာအလုပ်၊ ကံနယ် မကျဉ်းစေနှင့်၊ အရွတ္တနှင့် ဗဟိဒ္ဓအကျိုး၊ အကျိုးပေးချိန် ခြားနားတယ် ၁၉၄

တမလွန်ဘဝအကျိုး၊ အကျိုးတရားဖြစ်ပေါ်ဖို့ အခြေအနေ၊ ဒီဘဝကံကြောင့် ဒီဘဝ အကျိုးဖြစ်၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သောအကျိုး၊ ကိုယ်လုပ်တဲ့အလုပ်ဟာ ကိုယ့်ဥစ္စာ ၂၀၅

အလုပ်တိုင်း ကံမမြောက်၊ ရည်ရွယ်ချက်နှင့် တက်ကြွစိတ်၊ ကံမြောက်တဲ့အလုပ်၊ ဘုရားရှိခိုးကံကြောင့် ရတဲ့အကျိုး၊ အကြောင်းစေတနာသည် ကံ ၂၁၁

ကြောင်းကျိုးနိယာမ၊ ကံကြောင့် တမလွန်ဘဝဖြစ်၊ ဘဝဆိုတာ ဘာလဲ၊ တမလွန်ဘဝ၊ ကားတဏှာကြောင့် ကားစီးရ၊ တဏှာဟာ အကြောင်းရင်း၊ ကံက ပဲ့ကိုင်ပေးတယ် ၂၂၀

ငိုတာနဲ့စတဲ့ ဘဝဆင်းရဲ၊ ဆင်းရဲတဲ့ လူချမ်းသာတွေ၊ ချမ်းသာတဲ့ မောင်ငမွဲ၊ အမေရိကန်တွေ သိပ်ဆင်းရဲတယ်၊ တိုးတက်လေ ဆင်းရဲလေ ၂၂၄

ချမ်းသာကြောင်း နည်းလမ်း၊ ဒါလောက်သိရုံနှင့် မလုံလောက်သေး၊ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်သိလိုရင်၊ အကျဉ်းချုပ်မှုပဲ ၂၂၉

ဆင်းရဲဆိုတာ၊ ဒေါသနှစ်မျိုး၊ ဘာကြောင့် ဆင်းရဲသလဲ၊ ခြားနားချက်၊ မငြိတွယ်လို့ ချမ်းသာတယ်၊ ငြိတွယ်လို့ ဆင်းရဲတယ် ၂၃၂

ကိလေသာဆိုတာ၊ ဒိဋ္ဌိနဲ့ မောဟ၊ အဆိုးဆုံး ကိလေသာ၊ အမှန်မသိ၊ အမှန်အတိုင်းမသိပုံ တစ်မျိုး၊ ဆဲလ်တွေမမြဲ၊ ပရိတ် ပယတ်ဓမ်း၊ ရုပ်မမြဲပုံ အများသဘောပေါက်ဖို့၊ စိတ်မတည်မြဲပုံ ၂၃၉

အကြောင်းအရာ စာမျက်နှာ

မသိမှုနှစ်မျိုး၊ အမှန်မသိရင် အသိမှား ဒိဋ္ဌိဝင်၊ သက္ကာယဒိဋ္ဌိရဲ့ အကြောင်းရင်း အဝိဇ္ဇာ၊ အသိမှန်ဖြင့် မောဟနှင့် ဒိဋ္ဌိကိုပယ်၊ အသိအမြင်မှန်ရင် ဆင်းရဲငြိမ်းတယ်၊ အပျက်သဘာဝကို သိမြင်မှ၊ နိဗ္ဗာန်ဆိုတာ ၂၅၂

သစ္စာလေးပါး၊ ဆင်းရဲငြိမ်းရန် သတိပဋ္ဌာန် ရှုပွါးပုံ၊ စိတ်အဆို ကလေး ကူပေး၊ ပိုထင်ရှားတဲ့ အာရုံကိုရှုပါ၊ လွယ်ရာကစရှု၊ ဒီလို စသိလာတယ်၊ ဉာဏ်ရင့်လာတော့၊ လက်တွေ့ စမ်းကြည့် ရအောင်၊ မဂ္ဂင်ရှစ်ပါး ပါဝင်ပုံ၊ မဂ္ဂင်ရှစ်ပါး ပြည့်စုံမှ အမှန်သိ ၂၆၁

တရားသိမ်း ၂၇၉

၁၂။ အမေးအဖြေများ ၂၈၀

၁၃။ တတိယနေ့တရားပွဲ အခမ်းအနားသိမ်း ၂၉၀

၁၄။ သိမှတ်ဖွယ်ရာ တရားဆောင်ပုဒ်များ ၂၉၅


## တရားစာသားသက်သက်
## သီးခြား မာတိကာ


အခန်း (၁)၊ တရားပျိုး ၆၁

အခန်း (၂) ဗုဒ္ဓဝင်အကျဉ်း ၈၃

အခန်း (၃) ဗုဒ္ဓတရားတော် ၁၁၅

အခန်း (၄) လိုက်နာစရာ ဩဝါဒများ ၁၄၁

အခန်း (၅) လက်တွေ့ကျင့်စဉ်များ ၁၆၉

အခန်း (၅) အဆက် ၁၈၆

# ဆဋ္ဌမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း

**ဆဋ္ဌမအကြိမ်** ဤ 'ဆင်းရဲငြိမ်းအေး ချမ်းသာရေး' စာအုပ်ကို ပဥ္စမအကြိမ် အထိ အုပ်ရေ ၃၄၀၀၀ ထုတ်ဝေခဲ့ပါပြီ။ ပဥ္စမအကြိမ် ထုတ်ဝေသော စာအုပ်များ ကုန်သွားသည်မှာ ၂နှစ် ကျော်သွားပါပြီ။ စာအုပ်များ ကုန်ခါနီး အချိန်မှာပင် ဆဋ္ဌမအကြိမ် ထပ်မံ ပုံနှိပ်ခဲ့သင့်သော်လည်း အခြား စာအုပ်သစ်များ ပုံနှိပ် ထုတ်ဝေနေရခြင်း၊ အရေးတကြီး လိုအပ်သော စာအုပ်ဟောင်းများကို ပြန်လည် ထုတ်ဝေနေရခြင်းများကြောင့် ဤစာအုပ် ပြန်လည်ထုတ်ဝေရန် အလှည့်မကျနိုင်ဘဲ ရှိခဲ့ပါသည်။ ယခုမူ စာဖတ်သူများ၏ တောင့်တချက်အရ အခြားစာအုပ်များ ထုတ်ဝေမှုကို ခေတ္တ ဆိုင်းငံ့ထား၍ ဤစာအုပ်ကို ဆဋ္ဌမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀၀ ပြန်လည် ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

**ကွန်ပျူတာဖြင့် စာစီ** ဤစာအုပ် ပဥ္စမအကြိမ် ရိုက်စဉ်ကတည်းက ချမ်းမြေ့ရိပ်သာ၌ မက်ကင်းတော့ ကွန်ပျူတာ ရှိနေခဲ့သော်လည်း ထိုစဉ်က အရေးတကြီး ထုတ်ဝေရခြင်းကြောင့် ကွန်ပျူတာဖြင့် စာမစီ နိုင်ခဲ့ပါ။ ယခုမူ စက္ကူ ပြည့်စုံဖို့ရာ စောင့်ဆိုင်းရင်း အချိန်ယူလျက် ကွန်ပျူတာဖြင့် စာစီနိုင်ခြင်းကြောင့် ပိုမိုသပ်ရပ်သော စာအုပ်ကို ထုတ်ဝေ နိုင်ခဲ့ပါသည်။ စာရှုသူများ ချမ်းမြေ့သက်သာ ပိုမိုရှင်းလင်းစွာ ဖတ်ရှု နိုင်ကြလိမ့်မည်ဟု ယူဆပါသည်။

**စာနေစာထား ရှင်းလင်းမှု** စာအုပ်စာတမ်း ရိုက်နှိပ် ထုတ်ဝေရာတွင် စာလုံးသပ်ရပ် လှပခြင်း၊ စာနေစာထား ရှင်းလင်းခြင်း၊ ဆိုလိုသည့် အဓိပ္ပါယ်ကို ရှင်းလင်း လွယ်ကူစွာ သဘောပေါက်နိုင်ရန် အကြောင်းအရာအလိုက် စာပိုဒ်များခွဲထားခြင်း၊ ရှေ့နောက် အစီအစဉ် မှန်ကန်ခြင်း၊ အဓိပ္ပါယ် ဆက်စပ်ယူရမည့် စကားလုံးများကို တတ်နိုင်သမျှ နီးကပ်စွာထားခြင်း၊ စကား အပိုအလိုမရှိအောင် ဆိုလိုသည့် အဓိပ္ပာယ်ကို

အတိအကျ ဖော်ပြနိုင်သည့် စကားလုံးများကို ရွေးချယ် သုံးနှုန်းခြင်း၊ မလိုအပ်ဘဲလျက် စကားကြီး စကားခန့်တို့ကို မသုံးခြင်း၊ ပေါ်လွင်သော စကားလုံးတို့ကို သုံးနှုန်းခြင်း၊ စကားအသုံးအနှုန်း သိပ်သည်းကျစ်လျစ်ခြင်း၊ အရေးအသား ပြေပြစ်ချောမောခြင်း စသည်တို့သည် စာအုပ်စာတမ်း၏ ဆိုလိုရင်းအဓိပ္ပါယ်ကို လွယ်ကူစွာ နားလည် သဘောပေါက်ရေး၌ လွန်စွာ အထောက်အကူဖြစ်ပါသည်။ **ချမ်းမြေ့စာစဉ်** မှ ထုတ်ဝေသော စာအုပ်များ၌ ဤအချက်များကို အထူး အလေးအနက်ထား၍ ပုံနှိပ်ထုတ်ဝေပါသည်။ ဤစာအုပ်ကိုလည်း အဆိုပါ အချက်များကို အထူး အလေးထား၍ ရေးသား၊ စီစဉ်၊ တည်းဖြတ် ထုတ်ဝေခြင်း ဖြစ်ပါသည်။ သို့တစေ စာရှုသူများ အသိဉာဏ် ရှုပ်ထွေးစေသော အရေးအသား အထားအသိုများ ပါရှိပါက **ချမ်းမြေ့စာစဉ်** ထုတ်ဝေသူတို့ ကျွမ်းကျင်မှု အားနည်းနေသေးသောကြောင့် ဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံလိုပါသည်။

**ကျေးဇူး** ဤစာအုပ်ကို ပို၍ သပ်သပ်ရပ်ရပ် ထုတ်ဝေနိုင်ရန် ကူညီ ဆောင်ရွက်ပေးကြသော ကွန်ပျူတာသမား မောင်ဇော်မြင့်ဦးကိုလည်းကောင်း၊ မေတ္တာမိုး ပုံနှိပ်တိုက်ပိုင်ရှင်နှင့် အလုပ်သမားများ ကိုလည်းကောင်း၊ စာအုပ်ချုပ်သမားများ ကိုလည်းကောင်း ကျေးဇူး အထူး တင်ပါကြောင်း ဖော်ပြအပ်ပါသည်။

သူတော်စိတ်မြတ်၊ အငြိမ်းဓာတ်၊ လွှမ်းပတ်ကမ္ဘာတည်ပါစေ။
မေတ္တာစိတ်မြတ်၊ အအေးဓာတ်၊ လွှမ်းပတ်ကမ္ဘာခြုံပါစေ။
သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာရှိပါစေ။
သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

ဓမ္မဒေသနာပြန့်ပွါးရေးအဖွဲ့ငယ်
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့

**သာသနာနှစ်** ၂၅၃၈
**မြန်မာနှစ်** ၁၃၅၆၊ **တော်သလင်းလ**
**ခရစ်နှစ်** ၁၉၉၄၊ **စက်တင်ဘာလ**

# တရားပွဲ ပင့်လျှောက်စာ

## ကလေးနယ် ခရစ်ယာန် အသင်းတော်များကောင်စီ
## KALE COUNCIL OF CHURCHES
## KALEMYO

**Dt: 9. 3. 82**

သို့

အရှင်ဇနကာဘိဝံသ

ချမ်းမြေ့ရိပ်သာ

ကမ္ဘာအေးလမ်း

ရန်ကုန်မြို့။

ဆရာတော်ဘုရား

ကလေးမြို့ ဘုရားဒါယကာကြီး ဦးဘိုးဥက်နှင့် ပတ်သက်၍ အရှင်ဘုရား၏ တရားတော်ကို နာရန် ကလေးနယ် ခရစ်ယာန် ဂိုဏ်းပေါင်းစုံမှ စိတ်အားထက်သန်သည်ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောကြားပေးပါရန် လျှောက်ထားအပ်ပါသည်။

တရားဆွေးနွေးရန် မဟုတ်ဘဲ တရားနာရန်သက်သက်သာ ဖြစ်ပြီး တရားဟူသည် အားလုံးမှန်မြတ်သည်ဟု ယုံကြည်ကြသောကြောင့် (၂၇၊ ၂၊ ၈၂) နေ့တွင် ဂိုဏ်းပေါင်းစုံ အဖွဲ့မှ အစည်းအဝေး ဆုံးဖြတ်ပြီး ဖြစ်ပါသည်။

တရားနာလိုသော ရက်များမှာ မေလ (၃၊၄၊၅ - ၈၂) နေ့များဖြစ်ပြီး လျှောက်ထားသော ဂိုဏ်းများမှာ–

(၁) နှစ်ခြင်း ခရစ်ယာန်ဂိုဏ်း (B.B.C)

(၂) ဗရင်ဂျီဂိုဏ်း (R.C.M)

(၃) မက်သဒစ်ဂိုဏ်း

(၄) ပရက်ဗီတေးဒီးယန်း
(၅) ကယ်တင်ခြင်းတပ်
(၆) ဧဝံဂေလိ ခရစ်ယာန်များအဖွဲ့
ခမ္မဆရာ အပါး (၂၀၀)ခန့်က တရားနာလိုပါသည်။

လျှောက်ထားသူ
သိက္ခာရ ဆရာ ဦးမန်ကျင့်ထန်
ဥက္ကဋ္ဌ
ကလေးနယ် ခရစ်ယာန် အသင်းတော်များကောင်စီ
ကလေးမြို့။

● ● ● ● ● ● ● ● ● ● ● ● ● ● ●

## အကျိုးဆောင်တို့၏
## လျှောက်ထားစာ

ကလေးမြို့
၁၁၊ ၃၊ ၁၉၈၂

သို့
အရှင် ဦးဇနကာဘိဝံသ
ချမ်းမြေ့ဆရာတော်
ကမ္ဘာအေးလမ်း
ရန်ကုန်။

ကျေးဇူးကြီးမားလှပါသော ဆရာတော် အရှင်မြတ်ဘုရား။

ယောဂီဟောင်းဖြစ်သော တပည့်တော် ဒေါ်ရင်က ရှိခိုးဦးတင်၍ လျှောက်ထားပါသည်။

ဘုရားတပည့်တော် ရန်ကုန်မှ ပြန်လာပြီး ဆရာတော်ဘုရားအား ပင့်ဖိတ်ရန် ကိစ္စအတွက် စာပြန်ရေးကြား လျှောက်ထားရန် တာဝန်ကို မမေ့ပါသော်လည်း တရားနာလိုကြသော ခရစ်ယာန်အဖွဲ့များ၏ စိတ်နေ

သဘောထားနှင့် သူတို့၏ သဒ္ဓါတရားများ ထက်သန်မှု ရှိမရှိကို စောင့်ဆိုင်းနေရပါသဖြင့် ရက်အနည်းငယ် ကြာသွားခြင်း ဖြစ်ပါသည်ဘုရား။

ယခင်တစ်ကြိမ် ဆွေးနွေးခဲ့ပြီးဖြစ်သော တရားနာလိုကြသော ခရစ်ယာန်အဖွဲ့၏ ခေါင်းဆောင်များနှင့် ယခု (၁၁၊ ၃၊ ၈၂) နေ့တွင် တွေ့ဆုံ ထပ်မံဆွေးနွေးပြီး ယခုစာနှင့် ပူးတွဲပါ အဖွဲ့ (၆)ဖွဲ့၏ ဆုံးဖြတ်ချက် စာရွက်စာတမ်းနှင့် တကွ ဆရာတော်အရှင်မြတ်အား ပင့်ဖိတ်လိုက်ရခြင်း ဖြစ်ပါသည်ဘုရား။

ခရစ်ယာန်ဘာသာဝင် ခြောက်ဖွဲ့၏ ဆောင်ရွက်ကြမည့် ကိစ္စများတွင် ပါတီကောင်စီများနှင့် တိကျစွာ တိုင်ပင်ကြပြီး ကျယ်ကျယ်ပြန့်ပြန့် တရားနာယူကြရန် အလွန်ပင် ထက်ထက်သန်သန် ရှိနေကြသည်ကို တွေ့မြင်ရပါသဖြင့် အလွန်တရာမှ နှစ်ထောင်းအားရပြီး ကလေးမြို့ပေါ်ရှိ ဒကာဒကာမများကလည်း ဆရာတော် ဟောကြားမည့် တရားတော်ကို နာယူလိုကြပါသည်ဘုရား။

ထို့ပြင် တပေါင်းလပြည့်နေ့တွင် ကလေးမြို့ မဟာစည်ရိပ်သာ ဆရာတော် **ဦးမေဃိန္ဒထံ** သွားရောက်ပြီး အကျိုးအကြောင်း ဆက်စပ်လျှောက်ထားရာ ဆရာတော် **ဦးမေဃိန္ဒက** ဝမ်းပန်းတသာဖြင့် ဂေါပကအဖွဲ့နှင့် တိုင်ပင်ပြီး အားလုံးကိစ္စ အဝဝကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တပည့်တော်အား ဝမ်းမြောက်ဝမ်းသာ မိန့်ကြားတော်မူပါသည်ဘုရား။

သို့ပါ၍ ဆရာတော်ဘုရားအား မေလ ၃၊၄၊၅ ရက်တွင် ကလေးမြို့သို့ တရားချီးမြှင့်တော်မူပါရန် ကြွရောက်တော်မူပါမည့်အကြောင်း ပင့်ဖိတ်လျှောက်ထားလိုက်ပါသည်ဘုရား။ ဆရာတော်ဘုရား မေလ ၃၊၄၊၅ ရက်တွင် ဆရာတော် ကြွနိုင်လိမ့်မည်ဟု အားကိုး မျှော်လင့်နေပါသည်ဘုရား။

| | |
|---|---|
| ပုံ | ပုံ |
| **ဦးဘိုးဥာဏ်** | **ယောဂီဟောင်း ဒေါ်ရင်** |

# ချမ်းမြေ့ဆရာတော်၏
# ပြန်ကြားစာ

ချမ်းမြေ့ရိပ်သာကျောင်း
၅၅ (က)၊ ကမ္ဘာအေးစေတီလမ်း
ကမ္ဘာအေးစာတိုက်၊ ရန်ကုန်။
ဖုန်း - ၆၁၄၇၉

သို့
ဦးမန်ကျင့်ထဲ
ဥက္ကဋ္ဌ
ကလေးနယ် ခရစ်ယာန်အသင်းတော်များကောင်စီ
ကလေးမြို့။

၁၃၄၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ (၂၃၊ ၄၊ ၈၂)

ဆရာ ဦးမန်ကျင့်ထန်

ဘုန်းကြီး မေတ္တာဖြင့် ပြန်ကြားသိစေပါသည်။ ဦးမန်ကျင့်ထန်၏ အထံမှ နိဗ္ဗာန်ရောက်ကြောင်း ဗုဒ္ဓတရားတော်များကို နာကြားလိုပါ၍ ဟောကြားပေးပါရန် လျှောက်ထားသော ပင့်လျှောက်စာကို ၁၆၊ ၃၊ ၈၂ နေ့က အကျိုးဆောင် ဒေါ်ရင်ထံမှ တဆင့် ရရှိ၍ ဝမ်းမြောက်လှပါသည်။ ပင့်ဖိတ်သည်ကို ဝမ်းမြောက်စွာ လက်ခံပါသည်။

၁၉၈၂ ခုနှစ်၊ မေလ ၃၊ ၄၊ ၅ ရက်များတွင် တရားဟောရန် မေလ ၃ ရက်နေ့အရောက် လေယာဉ်ဖြင့် လာပါမည်။ မေလ ၂ ရက်နေ့မှာ လေယာဉ်မရှိ၍ မေလ ၃ ရက်နေ့ကျမှ ကလေးမြို့သို့ လာရပါမည်။ လေယာဉ်ပျံသန်းချိန် အချိန်စာရင်းအရ ကလေးမြို့သို့ နံနက် ၁၀ နာရီမှာ ရောက်မည်ဟု ခန့်မှန်းရပါသည်။

လူတိုင်းသည် ဘာသာဝါဒမျိုးစုံကို လေ့လာသင့်ပါသည်။ သို့ လေ့လာ သိရှိထားပါမှ မိမိ နှစ်သက်ရာ အကျိုးရှိမည်ဟု ယူဆသည့် တရား အချက် အလက်များကို ထုတ်နှုတ်ယူငင်၍ လိုက်နာ ကျင့်သုံးခြင်းအားဖြင့် အကျိုး ကျေးဇူး ဖြစ်ထွန်းနိုင်ပါသည်။

ဘုန်းကြီးလည်း ဘာသာအယူဝါဒမျိုးစုံကို အတော်အသင့် လေ့လာ ထားပါသည်။ မိမိ နားလည် သဘောပေါက်ရုံမျှသာ လေ့လာထားခြင်း ဖြစ်ပါသည်။ ဘုန်းကြီးကို အမေရိက၊ ဥရောပနှင့်၊ အာရှနိုင်ငံအချို့က တရားဟော ပင့်စဉ်က ဘာသာအယူဝါဒများကို နှိုင်းယှဉ်၍ ဟောပြောရန် လျှောက်ထားကြသော်လည်း နှိုင်းယှဉ်၍ မဟောခဲ့ပါ။ ဗုဒ္ဓတရားတော် သက်သက်ကိုသာ ဟောကြားခဲ့ပါသည်။

ကျန်းမာချမ်းသာကြပါစေ။

မေတ္တာဖြင့်
အရှင်ဇနကာဘိဝံသ

# ကလေးမြို့ ရွှေဘုံသာဓမ္မာရုံကြီး၌
# ၁၉၈၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့ (၁၅:၃၀) နာရီ အချိန်တွင်
# ကျင်းပသော
# ရန်ကုန်၊ ကမ္ဘာအေးစေတီလမ်း၊ ချမ်းမြေ့ရိပ်သာဆရာတော်
# အရှင်ဇနကာဘိဝံသက ခရစ်ယာန်ဂိုဏ်း (၇) ဂိုဏ်းရှိ ဘာသာဝင်များအား
# နိဗ္ဗာန်ရောက်ကြောင်း ဗုဒ္ဓတရားတော် ချီးမြှင့်ရေးအတွက်
# ဂေါပကဖွဲ့စည်းရေး
# အစည်းအဝေးမှတ်တမ်း

အစည်းအဝေး တက်ရောက်သူများ

၁။ ဦးကျော်ဖေ မြို့နယ် ပြည်သူ့ကောင်စီ၊ (အလုပ်အမှုဆောင်အဖွဲ့)
၂။ ဦးခင်မောင်ရီ မြို့နယ်တရားသူကြီးအဖွဲ့၊ ဥက္ကဋ္ဌ
၃။ ဦးထွန်းအောင် ဒုရုံးအဖွဲ့ခွဲမှူး (မြို့နယ်ပြည်သူ့ကောင်စီ)
၄။ ဦးညွန့် ရိပ်သာ
၅။ ဦးဗိုလ်မောင် ရိပ်သာ
၆။ ဦးသန်း ကွက်သစ်
၇။ ဦးမောင်ကြီး ကွက်သစ်
၈။ ဦးကျော်စိန် ကွက်သစ်
၉။ ဦးညို ဘုရားကြီး
၁၀။ ဦးရှုမောင် စမ်းမြို့
၁၁။ ဦးစံပွား စမ်းမြို့
၁၂။ ဦးခိုင်ညွန့် စမ်းမြို့
၁၃။ ဦးစိန်ဖေ ဘုရားကြီး
၁၄။ ဦးမြင့်ဆွေ တပ်ဦး
၁၅။ ဦးကျော်သန်း မလွန်
၁၆။ ဦးအေးမောင် ရိပ်သာ
၁၇။ ဦးချော တပ်ဦး
၁၈။ ဦးအောင်ကြည် တပ်ဦး
၁၉။ ဦးမြသင်း ရိပ်သာ
၂၀။ ဦးဘိုးလှိုင် တပ်ဦး
၂၁။ ဦးခင်အောင် ဓမ္မာရုံ
၂၂။ ဦးအုံးကြွယ် ဓမ္မာရုံ
၂၃။ ဦးသိန်းဖေ ဘုရားကြီး
၂၄။ ဦးမိုး တပ်ဦး
၂၅။ ဦးမြင့်ဦး ရိပ်သာ
၂၆။ ဦးသန်းမောင် ဘုရားကြီး
၂၇။ ဦးလှရွှေ အောင်မင်္ဂလာ
၂၈။ ဦးကျော်သိန်း ရိပ်သာ
၂၉။ ဦးဘမောင် ရိပ်သာ
၃၀။ ဦးအောင်သိန်း မဟာသန္တာရုံ
၃၁။ ဦးအေးမောင် ဒီပင်္ကရာ
၃၂။ ဦးချို ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ အောင်မင်္ဂလာရပ်ကွက်
၃၃။ ဦးကင်မ်ကွမ်း ရိပ်သာ
၃၄။ ဦးသိန်းဝင်း ဒီပင်္ကရာ
၃၅။ ဦးသန်းကျော် မလွန်ဆန်
၃၆။ ဦးတင်မောင်ရှိန် မလွန်ဆန်
၃၇။ ဦးချစ် မလွန်ဆန်

| | | | |
|---|---|---|---|
| ၃၈။ ဦးသောင်း | ရိပ်သာ | ၄၆။ ဦးခင်မောင်ရင် | ဗိုလ်ချုပ်လမ်း |
| ၃၉။ ဦးစောဖေ | ဇောဓိ | ၄၇။ ဒေါ်ရွှေစင် | ရိပ်သာ |
| ၄၀။ ဦးစိုးညွန့် | ကွက်သစ် | ၄၈။ ဒေါ်ငွေတင် | ရိပ်သာ |
| ၄၁။ ဦးမောင်ရင် | ဗိုလ်ချုပ်လမ်း | ၄၉။ ဒေါ်သန်းသန်း | ရိပ်သာ |
| ၄၂။ ဦးဘချစ် | ဓမ္မာရုံ | ၅၀။ ဒေါ်မြစိန် | ရိပ်သာ |
| ၄၃။ ဦးသန်းလှ | မလွန်ဆန် | ၅၁။ ဒေါ်ရင်မေ | ရိပ်သာ |
| ၄၄။ ဦးချစ်ခင် | မဟာသန္တာရုံ | ၅၂။ ဒေါ်ခင်မြင့် | ရိပ်သာ |
| ၄၅။ ဦးစံမြင့် | နေသာ | ၅၃။ ဒေါ်သန်းမြင့် | ရိပ်သာ |

ရှေးဦးစွာ အစည်းအဝေး စလျှင်စချင်း အခမ်းအနားမှူးအဖြစ် ဦးကျော်မြင့်က ဆောင်ရွက်၍ အစည်းအဝေး ခေါ်ယူရခြင်း အကြောင်းရင်း၊ ဗုဒ္ဓတရားပွဲ အောင်မြင်ချောမောစွာ ကျင်းပ ပြီးစီးရေးအတွက် ဂေါပက ဖွဲ့စည်းရေး၊ မြို့နယ် အာဏာပိုင်ပုဂ္ဂိုလ်များ၏ အကြံပြုချက်၊ ရည်ရွယ်ချက်များကို ရှင်းလင်း တင်ပြပါသည်။

ယခုအခါ ဂေါပက ဖွဲ့စည်းရေးမှာ မြို့နယ် ဗုဒ္ဓဘာသာဝင်များ၏ ကိုယ်စား ဆောင်ရွက်မည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ အရှင်ဇနကာဘိဝံသ၏ တရားအစနှင့် တရားပွဲ ပြီးဆုံးသည်အထိ တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပြီး တရားပွဲ ပြီးဆုံးသည်နှင့် တပြိုင်နက် ယင်း ဂေါပကအဖွဲ့မှာလည်း ဖျက်သိမ်းပြီး ဖြစ်သည်ဟု ယူဆရမည်သာဖြစ်ကြောင်း ရှင်းလင်း တင်ပြသွားပါသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ လူမှုရေး တာဝန်ခံ ဦးကျော်ဖေက တရားပွဲမှာ ထူးခြားသော တရားပွဲဖြစ်၍ ကျစ်လျစ်သိပ်သည်းစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားပွဲ ကျင်းပရေးအတွက် သက်ဆိုင်ရာ မြို့နယ်သံဃနာယက ဆရာတော်များထံ လျှောက်ထား၍ သက်ဆိုင်ရာ တိုင်းသံဃဝန်ဆောင် ဆရာတော်များထံသို့လည်း လျှောက်ထားရမည် ဖြစ်ပါကြောင်း။

ခရစ်ယာန် ဘာသာဝင်များအတွက် ဗုဒ္ဓတရားပွဲ ကျင်းပရေးအတွက် လိုအပ်သော အထောက်အကူပြု ကော်မတီများ စနစ်တကျ ဖွဲ့စည်းရေး၊

လုံခြုံရေးအတွက် မြို့နယ်မှ ဖွဲ့စည်းထားသော အဖွဲ့မှ သီးခြား ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

သို့အတွက် မိမိကျရာ တာဝန်များကို ပိပိရိရိ ဆောင်ရွက်ပြီး တရားပွဲ အောင်မြင်ချောမောစွာ ပြီးစီးရေးကို ဦးတည်ဆောင်ရွက်ရန် ဖြစ်ကြောင်းနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို မြို့နယ် ပြည်သူ့ကောင်စီမှ အတတ်နိုင်ဆုံး ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းတို့ကို အသေးစိတ် ရှင်းလင်းတင်ပြ ပြောကြား သွားပါသည်။

၎င်းနောက် မြို့နယ်တရားသူကြီး ဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်ရီက ယခု တရားပွဲသည် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ကျောင်း၊ မည်သည့်ဆရာတော်ဟူ၍ သဘောထား၍ မရကြောင်း၊ သို့အတွက် ယခု တရားပွဲတော်ကို အထူး အလေးအနက် ဂရုစိုက်၍ အောင်မြင်စွာ ကျင်းပနိုင်ရေးကို စိတ်ရောကိုယ်ပါ လုံ့လဝီရိယထား၍ ကျစ်လျစ်သိပ်သည်းစွာ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကလေးမြို့နယ်ရှိ ခရစ်ယာန်ဘာသာ ဂိုဏ်းပေါင်းစုံ၏ အနေအထား၊ လက်ရှိ ဖြစ်ပျက်နေသော အခြေအနေနှင့် ယခင် ပြည်ခရိုင် ကျောက်ကွင်းအရေးတော်ပုံ ကအစ တင်ပြသွားပါသည်။

ထို့နောက် ကြွရောက်လာသော ပုဂ္ဂိုလ်များထဲမှ ဂေါပကအဖွဲ့ကို အောက်ပါအတိုင်း အများသဘောတူ ရွေးချယ် တင်မြှောက်ကြပါသည်။

**မြို့နယ် ဗုဒ္ဓတရားပွဲ ကျင်းပရေး ဂေါပကအဖွဲ့**

| | | |
|---|---|---|
| ၁။ ဦးညွန့် | (ရိပ်သာ) | ဥက္ကဋ္ဌ |
| ၂။ ဦးမောင်ကြီး | ရိပ်သာ | ဥက္ကဋ္ဌ |
| ၃။ ဦးချစ်ခင် | မဟာသန္တာရုံ | ဒု- ဥက္ကဋ္ဌ |
| ၄။ ဦးသန်းလှ | မလွန်ဆန် | အတွင်းရေးမှူး |
| ၅။ ဦးထွန်းအောင် | မကစ | ॥ |
| ၆။ ဦးသန်းကျော် | မလွန်ဆန် | အတွင်းရေးမှူး |
| ၇။ ဦးမြင့်ဆွေ | တပ်ဦး | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၈။ | ဦးစိန်ဖေ | ဘုရားကြီး | အဖွဲ့ဝင် |
| ၉။ | ဦးဗိုလ်မောင် | | ။ |
| ၁၀။ | ဦးစိုးညွန့် | | ။ |
| ၁၁။ | ဦးတင်မောင် | | ။ |
| ၁၂။ | ဦးခင်မောင် | | ။ |
| ၁၃။ | ဦးစံမြင့် | | ။ |
| ၁၄။ | ဦးသန်း | | ။ |
| ၁၅။ | ဦးသိန်းဝင်း | | ။ |
| ၁၆။ | ဦးညို | | ။ |
| ၁၇။ | ဦးခင်မောင်ရင် | | ။ |
| ၁၈။ | ဦးပါစီ | | ။ |
| ၁၉။ | ဦးပွတ်စူး | | ။ |
| ၂၀။ | ဦးရှုမောင် | | ။ |
| ၂၁။ | ဦးစံပွား | | ။ |
| ၂၂။ | သာသနာရေးဦးစီးမှူး | | ။ |
| ၂၃။ | ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌများ | | ။ |

## အထောက်အကူပြု ကော်မတီများ

### ရန်ပုံငွေ ရှာဖွေရေးအဖွဲ့

| | | |
|---|---|---|
| ၁။ | ဦးစံမြင့် | အဖွဲ့ခေါင်းဆောင် |
| ၂။ | အခွန်ဦးစီးမှူး | အဖွဲ့ဝင် |
| ၃။ | သာသနာရေးဦးစီးမှူး | ။ |
| ၄။ | ရပ်ကွက်ကောင်စီဥက္ကဋ္ဌများ | ။ |

၂၁၇၆၃

### အခမ်းအနား ပြင်ဆင်ရေး

| | |
|---|---|
| ၁။ ဦးညို (ဘုရားကြီး) | အဖွဲ့ခေါင်းဆောင် |
| ၂။ ဦးခင်မောင်ရင် | အဖွဲ့ဝင် |
| ၃။ ဦးစိန်ဖေ | ။ |
| ၄။ ဦးချစ် | ။ |

### ဆက်သွယ်ညှိနှိုင်းရေးနှင့် ပြန်ကြားရေး

| | |
|---|---|
| ၁။ ဦးတင်မောင်ရှိန် | အဖွဲ့ခေါင်းဆောင် |
| ၂။ ဦးကျော်သန်း | အဖွဲ့ဝင် |
| ၃။ ဦးသက်မိုး | ။ |
| ၄။ ဦးကြည်ဝင်း | ။ |

### ဆွမ်းဝေယျာဝစ္စ ဧည့်ခံကျွေးမွေးရေး

| | |
|---|---|
| ၁။ ဦးကျော်စိန် | အဖွဲ့ခေါင်းဆောင် |
| ၂။ ဦးချော | အဖွဲ့ဝင် |
| ၃။ ဦးအောင်ကြည် | ။ |
| ၄။ ဦးဘမောင် | ။ |
| ၅။ ဦးဘိုးသန်း | ။ |
| ၆။ ဦးတင်မောင် | ။ |
| ၇။ ဓမ္မစကြာ အမျိုးသား | ။ |
| ၈။ ဓမ္မစကြာ အမျိုးသမီး | ။ |

### ကြိုဆို နေရာချထားရေး

| | |
|---|---|
| ၁။ ဦးအေးမောင် (ရိပ်သာ) | အဖွဲ့ခေါင်းဆောင် |
| ၂။ ဦးလှရွှေ | အဖွဲ့ဝင် |
| ၃။ ဦးကင်မ်ကွမ်း | ။ |
| ၄။ ဦးမိုး | ။ |
| ၅။ ဦးစိုးလှ | ။ |

## လုံခြုံရေး

မြို့နယ်ပြည်သူ့ကောင်စီမှ သီးခြား ဖွဲ့စည်းဆောင်ရွက်ရန်၊ ၎င်းနောက် တရားပွဲ ကျင်းပရေးအတွက် အစစအရာရာ အဆင်ပြေ ချောမွေ့အောင်မြင်ရေး အတွက် အောက်ပါ ပုဂ္ဂိုလ်များအား အကြံဉာဏ်ပေး နာယကကြီးများအဖြစ် ရွေးချယ် တင်မြှောက်ကြပါသည်။

| | | |
|---|---|---|
| ၁။ | ဦးစောဖေ | နတ်ချောင်းလမ်း |
| ၂။ | ဦးအောင်သိန်း | မဟာသန္တာရုံ |
| ၃။ | ဦးထွန်း | ဘုရားကြီး |
| ၄။ | ဦးမိုး | ဘုရားကြီး |
| ၅။ | ဦးအေးမောင် | တောအုပ်ကြီး (အငြိမ်းစား) |
| ၆။ | ဦးသိန်းဖေ | ဘုရားကြီး |
| ၇။ | ဦးမြသင်း | ရိပ်သာ |
| ၈။ | ဦးချော | |

အစည်းအဝေးကို (၁၇း၃၀)နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

ကျော်မြင့်
မှတ်တမ်းတင်သူ

ဖြန့်ဝေခြင်း
- သာသနာရေးဦးစီးဌာနမှူး
- အဖွဲ့အစည်းဝင်များအားလုံး

**မိတ္တူကို**
- ဥက္ကဋ္ဌ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ကလေးမြို့နယ် ပါတီယူနစ်။
- ဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ကလေးမြို့။
- အဖွဲ့လက်ခံ။

## ၂၁၊ ၄၊ ၈၂ နေ့ (၁၃:၀၀) နာရီအချိန် ကလေးမြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌခန်းမ၌ ပြုလုပ်သော ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာ ဆရာတော်၏ တရားပွဲဖြစ်မြောက်ရေး ညှိနှိုင်း အစည်းအဝေးမှတ်တမ်း

**တက်ရောက်သူများ**

| | | |
|---|---|---|
| ၁။ | ဦးကျော်ဖေ | မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင် |
| ၂။ | ဦးညွန့် | ဥက္ကဋ္ဌ၊ တရားပွဲဖြစ်မြောက်ရေး |
| ၃။ | ဦးဗိုလ်မောင် | အဖွဲ့ဝင်၊ တရားပွဲဖြစ်မြောက်ရေး |
| ၄။ | ဦးသန်းလှ | အတွင်းရေးမှူး၊တရားပွဲဖြစ်မြောက်ရေး |
| ၅။ | ဦးသန်းကျော် | အတွင်းရေးမှူး၊တရားပွဲဖြစ်မြောက်ရေး |
| ၆။ | ဦးအောင်ဆွေ | လဝကမှူး၊ တရားပွဲဖြစ်မြောက်ရေး၊ (မြို့နယ်သာသနာရေး ဦးစီးဌာနမှူး) |
| ၇။ | ဦးမန်ကျင့်ထန် | ဥက္ကဋ္ဌ၊ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ |
| ၈။ | ဦးခုပ်ဇနန် | ဇဝ်ဂလီအသင်းတော် |
| ၉။ | ဦးလွန်းမောင် | အာစီအမ်အသင်းတော် |
| ၁၀။ | ဦးအွန်ခန့်ပေါင် | နှစ်ချင်းခရစ်ယာန် (မြို့) |
| ၁၁။ | ဦးထွန်းအောင် | အတွင်းရေးမှူး၊ ဒုရုံးအဖွဲ့မှူး(မကစ) |

**ဆွေးနွေးချက်**

(၃၊ ၅၊ ၈၂) နေ့တွင် ကြွရောက်လာမည့် ရန်ကုန် ချမ်းမြေ့ရိပ်သာ ဆရာတော်၏ နိဗ္ဗာန်ရောက်ကြောင်း ဗုဒ္ဓတရားတော်အား နာယူလိုသည့်အတွက် ဖိတ်ကြားသည့် ကလေးမြို့နယ် ခရစ်ယာန်ဂိုဏ်း (၇)ဂိုဏ်းမှ ဘုန်းတော်ကြီးများ အနေဖြင့် ဆရာတော်အား ပင့်ဖိတ်ရခြင်း အကြောင်းနှင့် ဆရာတော် ကြွရောက်လာသောအခါ ကြိုဆိုရေးနှင့် တရားနာယူရေး ကိစ္စရပ်များ၊ အဆင်ပြေစွာ ပူဇော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြပါသည်။

## ဆုံးဖြတ်ချက်

(က) ဆရာတော်နှင့် တစ်ဦးအတွက် ရန်ကုန်-ကလေးမြို့ လေယာဉ်စရိတ်ကို ပင့်ဆောင်သူ ခရစ်ယာန်ဂိုဏ်း ဘုန်းတော်ကြီး အဖွဲ့မှ တာဝန်ယူကောက်ခံပေးရန်။

(ခ) ဘာသာ အယူသည်းမှုများ၊ ဘာသာရေး အတွေးအခေါ်ကျဉ်းမြောင်းမှုများကို ပယ်ဖျောက်နိုင်ရန် အလို့ငှာ ဘာသာဝင်များအချင်းချင်း တူညီသော အယူအဆများကို ဦးစားပေး ဖေါ်ထုတ်ရန်၊ အချင်းချင်း စည်းလုံးညီညွတ်စွာ လက်တွဲနိုင်မှုကို အခြေခံလျက် တရားနာယူမှု ပြုကြရန်။

(ဂ) တရားပွဲကို ရွှေဘုံသာ ဓမ္မာရုံကြီး၌ ပြုလုပ်ရန်။

(ဃ) မက်သဒစ်အသင်းတော်၊ ပရက်ဗီတေဒီယန်အဖွဲ့၊ နှစ်ချင်းခရစ်ယာန် (နယ်) (မြို့)၊ ရိုမင်ကက်သလစ် အသင်းတော်၊ ကယ်တင်ခြင်း အသင်းတော်၊ ဧဝံဂေလိ အသင်းတော်တို့မှ တက်ရောက်ကြားနာကြသူများအား ဓမ္မာရုံ၌ နေရာထိုင်ခင်း သီးခြား စီစဉ်ပေးရန်။

(င) ယင်း တရားနာယူကြသူ ဖေါ်ပြပါ ခရစ်ယာန် ဘာသာဝင်များအား စည်းလုံးမှုနှင့် ညီညွတ်မှုကို ဖေါ်ပြသည့် အနေဖြင့် ရင်ထိုးတံဆိပ်များကို သက်ဆိုင်ရာ အသင်းတော်မှ တပ်ဆင်၍ နာယူစေရန်။

(စ) ဖေါ်ပြပါ အသင်းတော်များမှ နာယူကြသူများအနေဖြင့် အခြား ဗုဒ္ဓဘာသာဝင်များနည်းတူ ဗုဒ္ဓယဉ်ကျေးမှုအရ ဓမ္မာရုံအတွင်း၌ ဖိနပ်များ ချွတ်၍ ဝင်ရောက်ပေးကြရန်။

(ဆ) ယင်း ၇ ဂိုဏ်းမှ တရားနာယူသူများ အနေဖြင့် ဆရာတော် ဟောကြားသော တရားနှင့် ပတ်သက်၍ မေးမြန်းလိုသည့် အချက်များအား ကလေးမြို့နယ် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးအဖွဲ့မှ တစ်ဆင့် တရားပွဲဖြစ်မြောက်ရေး အဖွဲ့သို့ တင်ပြညှိနှိုင်း၍ ရှင်းလင်းဖြေကြားရေးကို ဆရာတော်အား လျှောက်ထားရန်။

(ဓ) ဆရာတော်ဘုရား ကြွရောက်လာသောအခါ ခရစ်ယာန်ဂိုဏ်း ၇ ဂိုဏ်းမှ ခေါင်းဆောင်များ အနေဖြင့်လည်း လာရောက် ကြိုဆို၍ မိတ်ဆက်လျှောက်ထားရန်။

(ဈ) ဆရာတော်အား မဟာစည်ရိပ်သာ၌ ကျိန်းစက်ပူဇော်စေရန်။

(ည) ဖျော်ရည်များကို နေ့စဉ် တရားပွဲအပြီး၌ ဧည့်ခံတိုက်ကျွေးရန်။

(ဋ) ဆရာတော် ကြွလာမည့်ရက် သေချာစေရန်အတွက် ရေဒီယို တယ်လီဖုန်းဖြင့် စုံစမ်းရန်။

(ဌ) အခမ်းအနား အစီအစဉ် အသေးစိတ်များကို ဆရာတော် ကြွလာပြီးသောအခါမှ ထပ်မံရေးဆွဲရန်။

မှတ်တမ်းတင်သူ

စာအမှတ် - ၈၂ / စီမံ-ဘာသာ/

ရက်စွဲ - ၁၉၈၂ ခု၊ ဧပြီလ ၂၁ ရက်။

ဖြန့်ဝေခြင်း

အစည်းအဝေး တက်ရောက်သူများအားလုံး။

မိတ္တူကို

- ဥက္ကဋ္ဌ၊ တိုင်းသံဃနာယကအဖွဲ့ (ရွှေကျင်)၊ စစ်ကိုင်းမြို့။
- ဥက္ကဋ္ဌ၊ တိုင်းသံဃနာယကအဖွဲ့၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့။
- ဥက္ကဋ္ဌ၊ မြို့နယ်ပါတီယူနစ်၊ ကလေးမြို့။
- ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ကလေးမြို့။
- ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့၊ (ရွှေကျင်)၊ ကလေးမြို့။

# (၁၊ ၅၊ ၈၂) နေ့လယ် (၁:၀၀)နာရီ အချိန် ရွှေဘုံသာစမ္မာရုံအတွင်း၌ ပြုလုပ်သော ချမ်းမြေ့ရိပ်သာဆရာတော်၏ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲဖြစ်မြောက်ရေး အစည်းအဝေး (၃/၈၂)

တက်ရောက်သူများ

| | | |
|---|---|---|
| ၁။ | ဦးညွန့် | ဗိုလ်ချုပ်လမ်း၊ ကလေးမြို့။ |
| ၂။ | ဦးဗိုလ်မောင် | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၃။ | ဦးကြီးမောင် | ပင်လုံရပ်ကွက်၊ ကလေးမြို့။ |
| ၄။ | ဦးညို | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၅။ | ဦးရှုမောင် | စမ်းမြို့ရပ်၊ ကလေးမြို့။ |
| ၆။ | ဦးစံပွါး | စမ်းမြို့ရပ်၊ ကလေးမြို့။ |
| ၇။ | ဦးစိန်ဖေ | ဘုရားကြီး |
| ၈။ | ဦးကျော်သန်း | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၉။ | ဦးအေးမောင် | ဗိုလ်ချုပ်လမ်း၊အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၁၀။ | ဦးမြသင် | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၁၁။ | ဦးမိုး | ပင်လုံရပ်ကွက်၊ ကလေးမြို့။ |
| ၁၂။ | ဦးလှရွှေ | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၁၃။ | ဦးကင်မ်ကွမ်း | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၁၄။ | ဦးထွန်းအောင် | ၃–ရုံးအဖွဲ့မှူး၊ မြို့နယ်ကောင်စီရုံး၊ ကလေးမြို့။ |
| ၁၅။ | ဦးတင်မောင်ရှိန် | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၁၆။ | ဦးခင်မောင်ရင် | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၁၇။ | ဦးသန်းလှ | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |
| ၁၈။ | ဦးချော | ညောင်ပင်သာရပ်ကွက်၊ ကလေးမြို့၊ |
| ၁၉။ | ဦးတင်မောင် | အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။ |

## ဆွေးနွေးချက်

ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရား ကြွလာသောအခါ ကြိုဆိုရေး၊ ဆွမ်းကွမ်း ကပ်လှူရေး၊ ဟောကြားရေး လုပ်ငန်းများကို ချောမောလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းများကို ကြိုတင် ဆောင်ရွက်သွားရန် အောက်ပါအတိုင်း ဆွေးနွေး ဆုံးဖြတ်ကြပါသည်။

## ဆုံးဖြတ်ချက် (က)

ဆရာတော်အား ကြိုဆိုရေးအတွက် ဘတ်စ်ကား (၂)စီးနှင့် (ဆရာတော့် အတွက်) အကြိုအထူးကားနှင့် ဆော်ဩရေးကားများ စီစဉ်ရန်၊ ဓမ္မစကြာ အဖွဲ့များမှ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်၍ ဆရာတော်အား ကြိုဆိုရန်၊ ဂိုဏ်း ၇ ဂိုဏ်း (ခရစ်ယာန်)မှ ဘုန်းတော်ကြီးများအား လေဆိပ်မှ ပါဝင် ကြိုဆိုနိုင်ရေး အတွက် ကြိုဆိုရေးအဖွဲ့နှင့် ဆက်သွယ်ရန်။

## ဆုံးဖြတ်ချက် (ခ)

တရားပွဲမှ ရရှိသော ဝတ္ထုများကို ဆရာတော်အတွက် ရည်စူး ပူဇော်ရန်။

## ဆုံးဖြတ်ချက် (ဂ)

တရားပွဲကို နေ့စဉ် နေ့လယ် ၁ နာရီ၌ ကျင်းပရန်။

## ဆုံးဖြတ်ချက် (ဃ)

တရားနာကြမည့် ခရစ်ယာန် ဘာသာဝင်များအတွက် အကြိုကားများ စေလွှတ်နိုင်ရေးအတွက် မြို့နယ် ပို့ဆောင်ဆက်သွယ်ရေးရုံးနှင့် ညှိနှိုင်း ဆောင်ရွက်သွားရန်။

ဆုံးဖြတ်ချက် (င)

ဆွမ်းကွမ်း ဝေယျာဝစ္စများ ဆောင်ရွက်နိုင်ရေးအတွက် တရားပွဲဖြစ်မြောက်ရေး အဖွဲ့ဝင်များ အထဲမှ စေတနာ သဒ္ဓါတရားအလျောက် ထည့်ဝင်မည့် ငွေများကို မတည်ကောက်ခံရန်။

ဆုံးဖြတ်ချက် (စ)

ဆရာတော်၏ တရားတော်များအား မှတ်တမ်းတင်နိုင်ရေးအတွက် ကူးယူ ပြုစု ဆောင်ရွက်သွားရန်။

မှတ်တမ်းတင်သူ

ဖြန့်ဝေခြင်း

အဖွဲ့ဝင်များ။

မိတ္တူကို

- ဥက္ကဋ္ဌ၊ မြို့နယ်ပါတီယူနစ်၊ ကလေးမြို့။
- ဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ကလေးမြို့။

# ပုံနှိပ်ထုတ်ဝေရန် သဘောတူညီချက် တောင်းခံစာ

သို့
သိက္ခာရဆရာ ဦးမန်ကျင့်ထန်
ဥက္ကဋ္ဌ
ကလေးနယ် ခရစ်ယာန် အသင်းတော်များကောင်စီ၊ ကလေးမြို့။

နေ့စွဲ – ၁၉၈၂ ခု၊ ဩဂုတ်လ ၃၁ ရက်။

လူကြီးမင်းများခင်ဗျား

၁။ လွန်ခဲ့သော မေလ ၃၊ ၄၊ ၅ ရက်နေ့များက လူကြီးမင်းများအဖွဲ့၏ ပင့်ဖိတ်ချက်အရ ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရား ကလေးမြို့တွင် မေတ္တာဖြင့် အကျယ်တဝင့် ဟောကြားတော်မူခဲ့သော နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို အသံဖမ်းထားသော ကက်ဆက်တိတ်ခွေများမှ တစ်ဆင့် စာမူများ ကူးယူပြီး၊ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရန် ကျွန်တော်များ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့က ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ ဆရာတော်သည် ကမ္ဘာတစ်ပတ် ဓမ္မခရီး လှည့်လည်၍ အမေရိကန်၊ ဝါရှင်တန်မြို့ပေါ်တွင် အမေရိကန် ပြည်သူပြည်သားများအား တရားများ ဟောကြားပြသလျက် ရှိပါသည်။ ကျွန်တော်များ ပေးပို့ထားသော ကလေးမြို့ တရားစာမူကိုလည်း ဆရာတော်ဘုရားသည် အချိန်ရတိုင်း သုတ်သင်တည်းဖြတ်လျက်ရှိပါသည်။

၃။ ယင်းစာမူကို စာအုပ်အဖြစ် အပြည့်အစုံ (ပထမရက် တရားပွဲ စတင်ဖွင့်သည့် အခမ်းအနားမှစ၍ နောက်ဆုံး တရားပွဲသိမ်း အခမ်းအနား ပြီးဆုံးသည်အထိ) ပုံနှိပ် ထုတ်ဝေမည်ဆိုလျှင် (က) တရားဟောရန် ပင့်ဖိတ်သော ခရစ်ယာန်အသင်းတော်များ ကောင်စီထံမှလည်းကောင်း၊ (ခ) တရားပွဲ ဖြစ်မြောက်အောင် ကူညီ ဆောင်ရွက်ခဲ့သော တရားပွဲ ဖြစ်မြောက်ရေး ကော်မတီထံမှလည်းကောင်း သဘောတူညီမှု ရယူရန် လိုပါသည်။

၄။ ကျွန်တော်များ၏ သဘောဆန္ဒမှာ အစအဆုံး အားလုံး ပုံနှိပ်ထုတ်ဝေလိုပါသည်။ သို့မှသာ ပြည့်စုံမည်ဟု ယူဆပါသည်။

၅။ သို့ဖြစ်ပါ၍ ယင်းသို့ စာအုပ်အဖြစ် ရိုက်နှိပ် ထုတ်ဝေခြင်းကို ကန့်ကွက်ရန်မရှိလျှင် ကလေးမြို့ရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ သဘောတူ ခွင့်ပြုချက်များကို ကျွန်တော်များထံသို့ အမြန်ဆုံး ပို့ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။

၆။ ဆရာတော်ကိုယ်တိုင် ဟောကြားသော တရားစကားများမှ လွဲ၍ (က) အခမ်းအနားမှူး၏ အခမ်းအနား အဖွင့်မိန့်ခွန်း၊ (ခ) ဦးမန်ကျင့်ထန်၏ ပင့်ဖိတ်စာ ဖတ်ကြားခြင်း၊ (ဂ) ခရစ်ယာန် ဘုန်းတော်ကြီးများ၏ မိန့်ခွန်းများ၊ ဆုတောင်းများ၊ (ဃ) အမေးပုစ္ဆာရှင်များ၏ အမည်များနှင့် နောက်ဆုံး နိဂုံးချုပ်စကား ပြောကြားသော ပုဂ္ဂိုလ်များ၏ ဟောကြားချက် စသည်များကို ကက်ဆက်ခွေမှ ကူးယူရသည့်အတွက် စကားမချောသောနေရာ၊ စကား ထပ်သောနေရာ၊ စကားပြတ်သောနေရာ၊ ရှေ့နောက် အစီအစဉ် မတည့်သော နေရာ၊ အမည်နာမနှင့် စကားလုံး မသဲကွဲသော နေရာများ ပါရှိနေကြောင်း တွေ့ရပါသည်။ သို့ပါ၍ မိမိတို့ ပြောဆိုသော စကားများကို မိမိဘာသာ နားထောင်ပြီး စာမူ ကူးပေးရန်နှင့် သုတ်သင်တည်းဖြတ်ပြီး စာမူများ စုဆောင်းပြီး ကျွန်တော်များထံ အမြန် ပို့ပေးပါရန် လူကြီးမင်းအား အနူးအညွတ် မေတ္တာရှေ့ထား တောင်းပန်ပါသည်ခင်ဗျား။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

လေးစားစွာဖြင့်

ဘသိန်း

ဥက္ကဋ္ဌ

ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့။

# ပုံနှိပ်ထုတ်ဝေရန် သဘောတူညီကြောင်း ပြန်ကြားစာ

ကလေးနယ်
ခရစ်ယာန်အသင်းတော်များကောင်စီ

နေ့စွဲ – ၁၉၈၂ ခု၊ စက်တင်ဘာလ ၅ ရက်။

သို့
ဦးဘသိန်း
ဥက္ကဋ္ဌ
ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့

ဥက္ကဋ္ဌခင်ဗျား

၃၁ ရက်၊ ဩဂုတ်လ နေ့စွဲဖြင့် ပေးပို့လိုက်သောစာကို ၅ ရက်၊ စက်တင်ဘာလတွင် ကောင်းမွန်စွာ လက်ခံ ရရှိသောကြောင့် ဝမ်းသာ ဂုဏ်ယူမိပါသည်။

အောက်တွင် လက်မှတ် ရေးထိုးကြသော ကျွန်တော်များတို့၏ ဟောပြောချက်၊ ဆုတောင်းချက်များကို စာအုပ်အဖြစ် ထုတ်ဝေရန် ကျေးဇူးတင်စွာ လက်ခံပါသည်။

မရှင်းလင်းသောစာများ၊ စကားများနှင့် အမည်နာမများကို ကိုယ်တိုင် ရန်ကုန်ဆင်း၍ တွေ့ဆုံ ရှင်းပြရန် ရည်ရွယ်ထားပါသည်။

(၁) သိက္ခာရဆရာတော် ဦးမန်ကျင့်ထန် --- --- ---
(၂) သိက္ခာရဆရာတော် ဦးပေါင်ခန့်အင် --- --- ---
(၃) သိက္ခာရဆရာတော် ဦးဂူလ်ကျုတ်အာ --- --- ---
(၄) ဘုန်းတော်ကြီး ကနု ဦးလွန်းမောင် --- --- ---
(၅) သိက္ခာရဆရာတော် ဦးအွန်ခန့်ပေါင် --- --- ---
(၆) ဒေါက်တာ ဦးပေါင်ဇနန် --- --- ---
(၇) ဆရာမ ဒေါ်ညန်းခေါ်ကျင် --- --- ---

## တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့၏ ပုံနှိပ်ထုတ်ဝေရန် သဘောတူညီချက်

ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များ ကောင်စီ၏ ပင့်ဖိတ်ချက်အရ ချမ်းမြေ့ရိပ်သာဆရာတော် ဟောကြားတော်မူသော 'ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော်'မှာ ဗုဒ္ဓအလိုတော်ကျ ဟောကြားခြင်းဖြစ်ပြီး၊ သဘာဝကို အခြေခံလျက် ထိုးထွင်း၍ ဟောကြားတော်မူခြင်းကြောင့် အများပြည်သူများ ဖတ်ရှု လေ့လာနိုင်ရန် ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းကို သဘောတူညီပါကြောင်း။

တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့ (ကိုယ်စား)
အောင်ဆွေ
မြို့နယ်သာသနာရေးဦးစီးဌာနမှူး။
ကလေးမြို့။

## တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့၏ သုံးသပ်ချက်

ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များ ကောင်စီ၏ ပင့်ဖိတ်ချက်အရ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာ ဆရာတော်သည် ၁၉၈၂ ခုနှစ်၊ မေလ ၃၊ ၄၊ ၅ ရက်နေ့များတွင် ကလေးမြို့ ရွှေဘုံသာဘုရား မော်ရုံကြီး အတွင်း၌ **'ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော်'**ကို ဟောကြားခဲ့ပါသည်။ ထိုတရားပွဲကို ချောမောအောင်မြင်စွာ ကျင်းပနိုင်စေရန် ကလေးမြို့၊ မြို့နယ်ပါတီကောင်စီနှင့် သာသနာရေးဦးစီးဌာနမှ ပုဂ္ဂိုလ်များနှင့် မြို့လူကြီးများ ပါဝင်သော တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်း၍ စွမ်းနိုင်သမျှ ကူညီ

ဆောင်ရွက်ပေးခဲ့ရာ အထူး အောင်မြင်သည်ကို တွေ့ရ၍ ကျွန်တော်များ တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့ အနေဖြင့် လွန်စွာ နှစ်ထောင်းအားရ ရှိလှပါသည်။

တရားပွဲသို့ အနီးအပါးရှိ မြို့များ ရွာများနှင့် တောင်ပေါ်ရှိ အချို့သော မြို့များ ရွာများမှ စိတ်ဝင်စားသူများပါ လာရောက်နာယူရန် စီစဉ်ထားရာ စိတ်ဝင်တစား လာရောက်နာကြားကြသူ အထူး များပြားလှပါသည်။ တစ်နေ့ထက်တစ်နေ့ တရားနာပရိသတ်များ တိုးတက် များပြားလာသဖြင့် တရားပွဲ ဒုတိယနေ့၌ပင် အချို့သော တရားနာ ပရိသတ်များသည် ဓမ္မာရုံကြီး အတွင်း၌ နေရာ မရနိုင်ကြ၍ အပြင်မှ နာယူကြရပါသည်။ နောက်ဆုံးနေ့ ဖြစ်သော တတိယနေ့၌မူ တရားနာပရိသတ်များ များပြားလွန်းသဖြင့် ဓမ္မာရုံကြီး ပြည့်လျှံရုံမျှမက ဓမ္မာရုံ ပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်းဝင်းများနှင့် သစ်ပင်ရိပ်များ၌ပါ ခိုလှုံ၍ တရား နာယူကြရပါသည်။

ဆရာတော် ဟောကြားတော်မူသည့် ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော်မှာ လူပြိန်း နားလည်သဘောပေါက်နိုင်လောက်အောင် သဘာဝကျကျ ဟောကြားထားသည့် တရားဖြစ်သောကြောင့် တရားနာ ပရိသတ်များ အနေဖြင့် လွန်စွာ နှစ်ခြိုက်အားရ ကျေနပ် ဝမ်းမြောက် သဘောကျကြပါသည်။

ဤကဲ့သို့သော တရားပွဲမျိုးမှာ ကြုံတောင့်ကြုံခဲဖြစ်ပြီး ဤမြို့နယ်၌ ထူးထူးခြားခြား မှတ်တမ်းတင်ရမည့် တရားပွဲ ဖြစ်ပါသည်။

တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့ (ကိုယ်စား)<br>
အောင်ဆွေ<br>
မြို့နယ်သာသနာရေးဦးစီးဌာနမှူး။<br>
ကလေးမြို့။

## ဆင်းရဲငြိမ်းအေး ချမ်းသာရေးတရားတော် တရားစာမူ တည်းဖြတ်ရပုံ

**သမိုင်းတွင်မည့်တရားပွဲ** ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များ ကောင်စီက ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို နာကြားလို၍ ဟောကြား ချီးမြှင့်ပေးပါရန် ဘုန်းကြီးထံ ပင့်စာ ပို့ခဲ့သည်။ ဗုဒ္ဓဘာသာဝင် တစ်ဦးကိုလည်း ဘုန်းကြီးအား လျှောက်ထား စေခဲ့သည်။ ဘုန်းကြီးကလည်း ဝမ်းမြောက်စွာ လက်ခံခဲ့သည်။

သို့ဖြင့် ၁၉၈၂ ခုနှစ်၊ မေလ ၃၊ ၄၊ ၅ ရက်နေ့များ၌ ကလေးမြို့ ရွှေဘုံသာဓမ္မာရုံကြီးတွင် ခရစ်ယာန် သူတော်စင်များကို ပဓာနထား၍ ဗုဒ္ဓတရားတော်ကို ဘုန်းကြီး ဟောကြားခဲ့ရသည်။

ခရစ်ယာန်ဘာသာဝင်များရော၊ ဗုဒ္ဓဘာသာဝင်များပါ စိတ်ပါဝင်စားစွာ ကြိတ်ကြိတ်တိုးမျှ တရားနာကြသည်မှာ အလွန်အားရစရာ ကောင်းလှသည်။ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသော တရားနာပရိသတ်မှာ ဓမ္မာရုံကြီး မဆံ့ရုံမျှမကဘဲ ပတ်ဝန်းကျင် ကျောင်းဝင်းဘုရားဝင်းများအတွင်း အရိပ်ရှိသမျှ၌ ဖြစ်သလို နေရာယူကာ ခဲခဲယဉ်းယဉ်း နာကြားကြရကြောင်း တရားပွဲ တာဝန်ခံများက လျှောက်ထား၍ သိရှိရသည်။ နေ့အခါဟောသော တရားများကို တရားပွဲ ပြီးချိန်ကစပြီး အသံကူးဌာနများတွင် ကူးယူကြ သည်မှာလည်း ညဉ့်နက်သန်းခေါင်တိုင်အောင်ပင် လက်မလည်နိုင်အောင် ဖြစ်ရကြောင်း သိရသည်။

မြန်မာ့သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဘူးသော ဖြစ်ရပ်တစ်ခု ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ပေါ်လာပေသည်ဟု ဘုန်းကြီး၏ စိတ်အစဉ်တွင် စွဲထင်ကျန်ရစ်နေခဲ့သည်။

**မပျောက်ပျက်စေသင့်သော သမိုင်းဝင်ဖြစ်ရပ်**

ဤကဲ့သို့သော သမိုင်းဝင်ဖြစ်ရပ် တစ်ခုကို ပျောက်ပျက်မသွားစေသင့်ကြောင်း၊ မှတ်တမ်းအဖြစ် ကျန်ရစ်စေသင့်ကြောင်း၊ မှတ်တမ်းတင်စာအုပ် ရိုက်နှိပ် ဖြန့်ဝေရလျှင် ဘာသာဝင်အချင်းချင်း ပိုမို နားလည်မှုရကာ ရင်းနှီးချစ်ခင် လာစေနိုင်ကြောင်း၊ စိတ်ကောင်းရှိသူ လူသူတော်စင်များမှာလည်း သဒ္ဓါတရား တိုးပွားစေနိုင်ကြောင်း ချမ်းမြေ့ရိပ်သာနှင့် စပ်သမျှသော ရဟန်းရှင်လူအများက လျှောက်ထားကြသည်။ ဘုန်းကြီးကလည်း ယင်းအချက်များအားလုံးကို သဘောပေါက် လက်ခံသည်။

**နိုင်ငံခြား ဓမ္မခရီးကြောင့်**

သို့သော်လည်း ဘုန်းကြီးသည် ၁၉၇၉ ခုနှစ်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူ နိုင်ငံရပ်ခြားသို့ ဓမ္မခရီး ထွက်ပြီးသည့်အချိန်မှစ၍ နှစ်စဉ်ပင် နွေရာသီတိုင်း နိုင်ငံခြားသို့ ဓမ္မခရီး လှည့်လည်ခဲ့ရသည်။ ယခုနှစ်၌လည်း အာရှ၊ ဥရောပ၊ အမေရိကတိုက် များရှိ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ပင့်လျှောက်ထားသဖြင့် တစ်နှစ်နီးပါးမျှ ဓမ္မခရီး လှည့်လည်ရန် အစီအစဉ်ရှိနေသည့်အလျောက် မေလ ၂၉ ရက်နေ့တွင် မြန်မာပြည်မှ စတင်ထွက်ခွာခဲ့ရသည်။ ကလေးမြို့ တရားပွဲအကြောင်း မှတ်တမ်းစာအုပ် ပြုစုရန် မည်သို့မျှ မစီစဉ်နိုင်ခဲ့ပေ။

**ဆရာတော်ဘုရားကြီး၏ ကျေးဇူး**

ဘုန်းကြီး ယိုးဒယား၊ ပြင်သစ်၊ ဂျာမနီ၊ ဩစတြီးယား၊ ဆွစ်ဇာလန်နိုင်ငံများသို့ လှည့်လည်၍ နှစ်လခန့်မျှ ဝိပဿနာတရား ဟောကြားပြသခဲ့ပြီးနောက် ဇူလိုင် ၂၁ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဗုဒ္ဓဝိဟာရ သီဟိုဠ်ကျောင်းသို့ရောက်ခဲ့သည်။ ယင်းကျောင်းတွင် ဆရာတော်တစ်ပါးက ကလေးမြို့ တရားစာမူ စာအုပ်ထူကြီးကို လာရောက်ပေးအပ်ပြီးလျှင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး အရှင်သေဋ္ဌိလ၏ စေခိုင်းချက်အရ အပ်နှံရကြောင်းလည်း ပြောကြားပါသည်။

ဆရာတော်ဘုရားကြီးမှာ အင်္ဂလိပ် အမျိုးသမီး တပည့်တစ်ဦး၏ ပင့်လျှောက်ချက်အရ ထိုရက်မတိုင်မီ ရက်တစ်ပတ်လောက်က နောက်ပါ သပိတ်အိုင် ဆရာတော် ဦးဉာဏိဿရ နှင့်အတူ အင်္ဂလန်သို့ ကြွရောက်လာခြင်း ဖြစ်၏။ ကလေးမြို့ တရားစာမူသည်လည်း ဆရာတော်ဘုရားကြီးနှင့်အတူ ထိုစဉ်က ပါလာခြင်းဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ ကျေးဇူးတရားကား ကြီးမားလှပါသည်။

**ဖြူဖွေးသောနှင်းပွင့်တို့က ကြိုဆို နှုတ်ဆက်ကြသည်** အင်္ဂလန်နိုင်ငံတွင် ယခင်နှစ်များက တစ်လ နှစ်လ နေ၍ တရားလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုနှစ်မှာမူ သွားရမည့် နိုင်ငံက များသဖြင့် အင်္ဂလန်တွင် ၇ ရက်မျှသာ နေနိုင်ပေသည်။ နေသည့်ရက် အတွင်း၌လည်း မအားလပ်သည်က များသဖြင့် စာမူကို စိတ်ချလက်ချ မတည်းဖြတ် မသုတ်သင်နိုင်ခဲ့ပေ။

သို့ဖြင့် ဇူလိုင် ၂၇ ရက် နေ့တွင် အမေရိကန်ပြည် ဝါရှင်တန် မြို့တော်သို့ ရောက်ခဲ့ရသည်။ ဝါရှင်တန်ဒီစီ အနီး မေရီလင်းပြည်နယ် အတွင်းရှိ ဆစ်လ်ဗား စပရင်းမြို့၌ အရှင်ကေလာသ နှင့် မြန်မာ အမေရိကန် ဗုဒ္ဓဘာသာ အသင်း က လှူခဲ့သော ဧပြီလကမှ စတင်တည်ထောင်ထားသော မင်္ဂလာရာမ ထေရဝါဒ မြန်မာကျောင်းတွင် အရှင်ကေလာသ နှင့်အတူ လေးနှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် ပုရိမဝါ ကပ်ခဲ့ရသည်။ (ယခင်နှစ်များကမူ ဓမ္မခရီးမှ မြန်မာပြည် သို့ ဒုတိယဝါ မီရုံမျှ ပြန်လာနိုင်၍ ပစ္ဆိမဝါချည်း သုံးနှစ် ဆက်ကပ်ခဲ့ရသည်။)

မင်္ဂလာရာမ ၌ နေစဉ်အတွင်း ကနေဒါ နိုင်ငံနှင့် အခြား ပင့်ဖိတ်ရာ ဌာနများသို့ မကြာခဏ ခရီးထွက်နေသဖြင့် တရားစာမူ သုတ်သင် တည်းဖြတ် ရေးမှာ ခရီးမတွင်ဘဲ ရှိခဲ့သည်။ နောက်ဆုံးတွင် ဝါကျွတ်ပြီးနောက် ဝါရှင်တန်မှ ရှေ့ခရီးရှည်ကြီးကို ဆက်လက်ထွက်ခွါရန် မူလက သတ်မှတ် ထားသည့် ဒီဇင်ဘာ ၁၂ ရက်နေ့ကျမှပင် စာမူ သုတ်သင်မှုကို အတင်း အပြီးသတ်လိုက်ရသည်။

ထိုနေ့တွင် တရားစာမူ သုတ်သင်တည်းဖြတ် ပြီးစီးခြင်းကို ဝါရှင်တန်တွင် မကြုံစဖူး ထူးကဲသည့်နှင်းပွင့် (Snow) များက ကြိုဆို ဂုဏ်ပြုလိုက်ကြသည်။ ကျောင်းထဲ၌ တစ်ချို့နေရာများတွင် နှင်းခဲထု တစ်ပေမျှပင် ထူလျက်ရှိသည်။ တစ်နှစ်အတွင်း ပထမဆုံးအကြိမ်ကျသော နှင်းပွင့်များသည် ရှေးက ဤမျှ ထူထပ်စွာ မကျခဲ့ဖူးကြောင်း ပြောကြသည်။

ကာလီဖိုးနီးယား၊ နီဗဒါး၊ ဟဝိုင်ယီ စသော ရှေ့ခရီးကို ဆက်ရန်အတွက် မင်္ဂလာရာမ ကျောင်းမှ ဒါးလက်စ် လေဆိပ်သို့ အထွက်၌လည်း ကားလမ်းဘေးတစ်ဘက်တစ်ချက်တွင် ဖြူဖွေးသော နှင်းခဲပြင်ကြီးများနှင့် သစ်ပင်သစ်ခက်များပေါ်တွင် တင်လျက်ရှိကြသည့် နှင်းပွင့် နှင်းခက်များက တရားစာမူသုတ်သင်မှု ဝန်ထုပ်ကျ၍ ပေါ့ပါး သွက်လက်လှသော စိတ်အစဉ်ကို ပိုမို ကြည်လင် လန်းဆန်းအောင် ဖန်တီးပေးရုံမျှမက ခရီးလမ်းပန်း ဖြောင့်တန်းချောမွေ့ ချမ်းမြေ့ကြည်သာ အောင်မြင်ပါစေဟု ဆုတောင်းလျက် နှုတ်ဆက်နေကြသည်နှယ် ကြည်နူးဖွယ် ရှိလှပေသည်။

**တည်းဖြတ်ပုံ ရေးဦးမှ** ဆန်ဖရန်စစ်စကိုကို ရောက်လျှင် တရားစာမူ သုတ်သင်တည်းဖြတ်ရပုံကို ရေးဦးမှဖြစ်မည်ဟု စိတ်ကူးခဲ့ သော်လည်း အကောင်အထည် မဖော်နိုင်ခဲ့ပေ။ အကြောင်းမူ စန္ဒာဝကရ၊ မောင်းတိန်းဗျူး၊ ဗာကလေး စသော ရောက်သင့်ရောက်ရာ နေရာများသို့ သွားလာနေရသောကြောင့် တစ်ကြောင်း၊ ညနေပိုင်း အချိန်များတွင် တရားဟော တရားပြ အချိန်ရသမျှ ဆောင်ရွက်ရသောကြောင့်တစ်ကြောင်း ဖြစ်ပေသည်။ ရီနိုနှင့် စပေါ့(က်)(စ်) မြို့များတွင်မူ နေသည့်ရက်ကလည်းနည်း၊ ယိုးဒယားဒကာများ ဝိပဿနာနှင့် ပတ်သက်သည့် အချက်အလက်များ မေးမြန်းလျှောက်ထားကြသည်ကို ရှင်းလင်း ဖြေကြားပေးနေရသည့် အချိန်ကလည်းများသဖြင့် စာရေးခွင့် မရခဲ့ပေ။

သို့သော်လည်း ရီနို နှင့် မိုင် ၅၀ မျှဝေးသော ပေ ၁၂၀၀၀ အထိမြင့်မားသည့် ဖြူဖွေးသော နှင်းခဲတောင်ကြီးများ ဝိုင်းရံထားသည့် တာဟိုး

ကန်တော်ကြီး (Lake Tahoe)နှင့် နှင်းတောင်ထိပ်များသို့ ရောက်ခဲ့ရသည်ကတော့ သစ်ဆန်းသော ဗဟုသုတဖြစ်၍ ခရီးသွားခြင်း၏ အကျိုးတစ်မျိုးဟု ဆိုရပေမည်။

လော့စ်အိန်ဂျလိ ရောက်ပြန်တော့လည်း အချိန်အား နည်းပြန်၍ မရေးဖြစ်ခဲ့ပေ။

**ဟိုနိုလူလူ ရောက်မှပင်** လော့စ်အိန်ဂျလိမှ ဟဝိုင်ယီကို ကူးခဲ့၍ ပိုလီနီးရှန်း တို့၏ မြို့တော် ဟိုနိုလူလူကို ရောက်မှပင် ရေးစရာ ရှိသည်ကို ရေးဖြစ်ပေတော့သည်။ တစ်နှစ်ပတ်လုံး ဖာရင်ဟိုက် ဒီဂရီ ၇၀ ပတ်ဝန်းကျင်မျှသာရှိ၍ အပူအအေးမျှသော ဟိုနိုလူလူ တွင် တစ်လပင်နေဖို့ အစီအစဉ် ရှိသဖြင့် စာကြည့် စာရေးဖို့ အချိန်အား ရသလောက် ရပေသည်။ ဟဝိုင်ယီ ယူနီဗာစီတီမှ ဇန်နဝါရီ ၂၁ ရက်နှင့် ၂၈ ရက်များ၌ ဝိပဿနာတရား ဟောကြား ချီးမြှင့်ပေးပါရန် ပင့်လျှောက်ထားသည်မှတစ်ပါး တရားဟောဖို့ရာ တခြား မရှိသေးပေ။ အမေရိကန် ဒကာတစ်စုက တရားစခန်း ပြုလုပ်ရန် စည်းရုံး စီစဉ်နေကြသော်လည်း အကြောင်း ညီညွတ်သည် မညီညွတ်သည်ကို မသိရသေးပေ။ ယခုအချိန်မှာတော့ ညစဉ် ဒကာများ ကျောင်းကို လာရောက်၍ တရားအားထုတ်သည်ကို ဟောကြား ပြသပေးရုံသာ ရှိပေသည်။

**အရေးနှင့်အပြော** အကြောင်းအရာ တစ်ခုကို စာဖြင့် ရေးသားခြင်းနှင့် နှုတ်ဖြင့် ပြောကြားခြင်း၌ ပဓာနအားဖြင့် ကွဲပြားခြားနားသော အချက်တစ်ချက် ရှိပါသည်။ စာဖြင့် ရေးသားထားရာ၌ တစ်ကြိမ် ဖတ်ရုံဖြင့် နားမလည် သဘော မပေါက်သော အကြောင်းအရာကို အကြိမ်ကြိမ် ပြန်၍ ဖတ်နိုင်သောကြောင့် အကြိမ်ကြိမ် ထပ်မံ ရေးစရာမလို၊ ရှင်းလင်းပေါ်လွင်အောင် တစ်နေရာတွင် တစ်ကြိမ်မျှ ရေးလိုက်လျှင် ပြီးစီး ပြည့်စုံသွားသည်။

နှုတ်ဖြင့် ပြောရာ၌ကား တစ်ကြိမ် ကြားရုံမျှဖြင့် နားမလည် သဘောမပေါက်သော အကြောင်းအရာကို ပြန်လည် နားထောင်လိုလျှင်

ပြောပြီးစကားများ ပျောက်ပျက်သွားပြီးဖြစ်၍ (အသံ သွင်းယူမထားက) ပြန်လည်နားထောင်ရန် မဖြစ်နိုင်ပေ။

နားထောင်နေစဉ်အတွင်း ရှေ့ပိုင်းတွင် ပြောသွားသော အကြောင်းအရာများကို နားမလည်လျှင် နောက်ပြောမည့် အကြောင်းအရာများကို နားလည်သဘောပေါက်ဖို့ မလွယ်ကူပေ။ ထို့ကြောင့် တစ်ထိုင်အတွင်း နားထောင်နေဆဲမှာပင် နားကြားမိသလောက်ကို နားလည် သဘောပေါက်စေရန် အချို့နေရာများ၌ နှစ်ကြိမ် သုံးကြိမ် စသည် ထပ်မံ၍ ပြောပြရသည်။ ဤအချက်ကို ထောက်က နှုတ်ဖြင့် စကားကို ပြောရာ၌ဖြစ်စေ၊ တရားကို ဟောရာ၌ဖြစ်စေ၊ စကားလုံးထပ်ခြင်း၊ အကြောင်းအရာ ထပ်ခြင်းကို ရှောင်လွှဲ၍ မရသည်မှာ ထင်ရှားသည်။

သို့သော် နားထောင်သူ နားလည်သည် နားမလည်သည်ကို ပဓာန မထားဘဲ စကားဖြစ်ရုံ တရားဖြစ်ရုံမျှသာ သဘောထား၍ ပြောရာ ဟောရာ၌ကား စကားထပ်ရန် မရှိပေ။

**တရားနာသူ နားလည်ခြင်းသာပဓာန** ဘုန်းကြီးသည် မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ တရားဟောရာ၌ မဟောမီက စာရွက်တွင် အပြည့်အစုံဖြစ်စေ၊ တစ်စိတ်တစ်ဝက်ဖြစ်စေ၊ မှတ်စုမျှဖြစ်စေ ကြိုတင် ရေးသားပြီးမှ စာရွက်ကိုဖတ်လျက်၊ သို့မဟုတ် ကြည့်လျက် ဟောခြင်းမျိုးကို ပြုလေ့ပြုထ မရှိပေ။ ဟောရမည့် အကြောင်းရပ်နှင့် ပတ်သက်၍ အပြည့်အစုံ ပိုင်ပိုင်နိုင်နိုင် နားလည်သဘောပေါက်အောင် မဟောမီ ကြိုတင် လေ့လာထားပြီးလျှင် ဟောရမည့် နေရာရောက်မှပင် အများနားလည်မည့် အရပ်သုံး စကားနှင့် လက်တန်း ဟောလေ့ရှိပေသည်။

ယင်းသို့ ဟောရာတွင်လည်း တရားနာပရိတ် နားလည်သဘောပေါက်ရေးကိုသာ ဦးစားပေး ဟောကြားသည်ဖြစ်သောကြောင့် ဘုန်းကြီး၏ တရားများ၌ စကားထပ်ခြင်း၊ အကြောင်းအရာ ထပ်ခြင်းများ အတော်များများ ပါဝင်နေတတ်ပေသည်။

**တည်းဖြတ်ပုံ** ထိုသို့ စကားနှင့် အကြောင်းအရာထပ်ခြင်းသည် စာအုပ်အဖြစ် ရေးသားရာ၌ မလိုအပ်ရုံမျှမက ငြီးငွေ့စရာပင် ဖြစ်တတ်ပေသေးသည်။ ထို့ကြောင့် ဤတရားစာအုပ်၌ ထပ်နေသော စကားနှင့် အကြောင်းရပ်များကို မထပ်အောင် သုတ်သင်ရသည်။ လိုအပ်သဖြင့် ထပ်သည့်အတိုင်း ထားရသည့် နေရာလည်း အနည်းအကျဉ်းရှိသည်။

တရားသဘောကို ပို၍ နားလည်စေရန် စကားအနည်းငယ် ဖြည့်စွက်ပေးရသောနေရာ၊ ဖတ်၍ အဆင်ပြေ ချောမောစေရန် ဖြည့်စွက်ပေးရသော နေရာများလည်း အနည်းအကျဉ်းရှိသည်။

ပြောရာတွင် အဆင်ပြေသော်လည်း ဖတ်ရာတွင် အဆင်မပြေမည့် စကားများကို ရှေ့နောက် ပြောင်းလဲထားရသည်။ ရှေ့ပိုင်းတွင် ပြောသင့်သော အချို့အကြောင်းရပ်များကို မပြောခဲ့မိသဖြင့် နောက်ပိုင်းရောက်မှ အလျဉ်းသင့်ရာတွင် ထည့်သွင်းပြောရသည်များ ရှိတတ်ပေရာ ယင်းတို့ကိုလည်း သူ့နေရာနှင့်သူ အဆင်ပြေအောင် ရွှေ့ပြောင်းပေးရသည်။ ပြောစကား အနေဖြင့် နားထောင်လို့ ကောင်းသော်လည်း ရေးစကားအနေဖြင့် ဖတ်လို့ အဆင်မပြေသော စကားများကို အဆင်ပြေအောင် စကားလုံး ဖလှယ်ပေးရသည်။

တရားကူးယူသူက တရားကက်ဆက်ခွေ နားထောင်လျက် နားမှကြားရသည်ကို ကြားရသည့်အတိုင်း တစ်ပြင်တည်း တစ်ပြားတည်း လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာမူကို သင့်လျော်သလို စာပိုဒ် ခွဲရသည်။ အသိရှင်းစေရန် ခေါင်းစဉ်ငယ်များ တပ်ပေးရသည်။

ပိုမို အသိရှင်းစေရန် အပိုင်း အခန်း ခွဲပေးသင့်သော်လည်း အချိန်မရ၍ ခွဲမပေးလိုက်နိုင်ပေ။ ရန်ကုန် ချမ်းမြေ့ရိပ်သာရှိ တာဝန်ရှိသူများကိုသာ အကြောင်းအရာကြည့်၍ အပိုင်း အခန်း ခွဲရန် မှာကြားလိုက်ရသည်။

**ကက်ဆက်ခွေကို နားထောင်ခွင့်မရ** ဤတရားစာမူကို ဝါရှင်တန်မြို့တော်၌ နေစဉ်အတွင်း တည်းဖြတ်ရကြောင်း ရေးခဲ့ပါပြီ။ ကက်ဆက်ခွေမှ တရားကို ကူးယူသူက ပီပီသသ မကြားရ၍လား၊

ကျော်သွား၍လား၊ သို့မဟုတ် တရားအသံဖမ်းစဉ်က ကက်ဆက်ခွေ တစ်ဘက်ကုန်၍ တစ်ဘက်သို့ အလှန်တွင် တရားပြတ်ကျန်ခဲ့၍လားမသိ၊ တရားစာမူ နှစ်နေရာ သုံးနေရာတွင် စကားပြတ်၍ အဓိပ္ပါယ် မဆက်စပ်မိသည်များကို တွေ့ရသည်။ တွေးယူ၍ အဓိပ္ပါယ် စပ်ယူလျှင်ကား ဖြစ်နိုင်ပေသည်။

ဤအရာမျိုးတွင် တရားကက်ဆက်ခွေကို ပြန်၍ နားထောင်ရမှ ပိုမို အဆင်ပြေအောင် တည်းဖြတ်နိုင်သည်။ သို့သော် တရားကက်ဆက်ခွေမှာ ဝါရှင်တန်သို့ ပါမလာ၊ မြန်မာပြည်၌သာ ရှိခဲ့သောကြောင့် တရားစာမူတွင် 'ကက်ဆက်ခွေကို ပြန်နားထောင်ပါ'ဟု မှတ်ချက် ရေးလိုက်ရုံမျှသာ တတ်နိုင်တော့သည်။

ဟောရင်းအတိုင်း ခြုံ၍ရေးရလျှင် မြေခြားရေခြားတွင် ဓမ္မခရီး လှည့်လည်ရင်း အချိန်ရအောင်ယူ၍ သုတ်သင် တည်းဖြတ်ရသော ဤ 'ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော်' သည် ယခု ရေးခဲ့သည့် ပြုပြင်မှုများ မှတစ်ပါး အထူး ဖြည့်စွက်မှု ပယ်နှုတ်မှုမရှိ၊ ပကတိ ဟောရင်းအတိုင်းသာ ဖြစ်ပေသည်။

သို့ဖြစ်၍ ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များကောင်စီ က ပင့်ဖိတ်သဖြင့် ဟောကြားရသော ဤတရားတော်ကို ဖတ်ရှုသူများသည် မိမိတို့ကိုယ်တိုင် ပါဝင် နာကြားနေရသကဲ့သို့ ခံစားနိုင်ကြပြီးလျှင် ဆင်းရဲငြိမ်းကြောင်း အကျင့်ကောင်းအကျင့်မှန် မဂ္ဂင်ရှစ်တန်ကို ကျင့်ကြံပွါးများကြိုးစား အားထုတ်နိုင်ကြ၍ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြစေရန်မှာ ဘုန်းကြီး၏ အားသီသ ဖြစ်ပါသည်။

**ကိုယ့်ဒုက္ခ ကိုယ်ရှာခြင်းလော** ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော် စာမူကို သုတ်သင် တည်းဖြတ်မှုကား ပြီးသွားပေပြီ။ သို့သော် ဟောပြော တည်းဖြတ်သူမှာကား ဆင်းရဲမငြိမ်းသေးပေ။ အကြောင်းမှာ နောက်ထပ် သုံးလခန့် ဓမ္မခရီးရှည်ကြီးကို ဆက်လက်၍ လျှောက်ရဦးမည် ဖြစ်သောကြောင့်ပင်။

ရှေ့ခရီးတွင် ဂျပန်ပြည်၌ ရက်နှစ်ပတ်၊ ဟောင်ကောင်၌ သုံးရက်၊ ဖိလစ်ပိုင်၌ ငါးရက်၊ အင်ဒိုနီးရှား၌ တစ်လ၊ စင်္ကာပူ၌ လေးရက်၊ မလေးရှား၌ ရက်နှစ်ပတ်၊ ဗန်ကောက်၌ သုံးရက် တရားလှည့်လည် ဟောပြောပြသပြီးနောက် ဧပြီလ ၁၃ ရက်နေ့ကျမှပင် အမိ မြန်မာပြည်သို့ ပြန်ရောက်နိုင်ပေတော့မည်။

အမိနိုင်ငံသို့ ပြန်ရောက်သော် 'ဆင်းရဲငြိမ်းပါပြီလား' မေးရန် ရှိပြန်သည်။ အဖြေကား 'မငြိမ်းသေးပါ'။ အဘယ့်ကြောင့်ဆိုသော် ဆင်းရဲငြိမ်းအေးချမ်းသာရေးတရားတော် စာမူကို စာအုပ်အဖြစ်သို့ရောက်အောင် ဆက်လက်ဆောင်ရွက်ရမည့် ဆင်းရဲက အသင့် စောင့်ကြိုနေသောကြောင့် ပါတည်း။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

အရှင်ဇနကာဘိဝံသ
ချမ်းမြေ့ရိပ်သာဆရာတော်
ဟိုနိုလူလူမြို့
ဟဝိုင်ယီပြည်နယ်
အမေရိကန်ပြည်ထောင်စု

သာသနာ ၂၅၂၆ ခုနှစ်၊
မြန်မာ ၁၃၄၄ ခုနှစ်၊ နတ်တော်လဆုပ် ၁၃ ရက်၊
၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။

# ဆင်းရဲငြိမ်းအေးချမ်းသာရေး တရားတော်

## နိဒါန်း

**ဟောကြားရာနေရာ** ဤ "ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော်" ကို ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားသည် စစ်ကိုင်းတိုင်း၊ ကလေးမြို့ ရွှေဘုံသာဘုရား ဓမ္မာရုံကြီး၌ ၃ ရက်တိုင်တိုင် ဟောကြားတော်မူခဲ့ပါသည်။ ဟောကြားသောရက်များမှာ ၁၃၄၄ ခုနှစ်၊ ကဆုန်လဆန်း ၁၁၊ ၁၂ နှင့် ၁၃ ရက် (၁၉၈၂ ခုနှစ်၊ မေလ ၃၊ ၄၊ ၅ ရက်) နေ့များ ဖြစ်ပါသည်။ တရားနာပရိတ်များမှာ ကလေးမြို့နယ် ခရစ်ယာန် ဂိုဏ်းပေါင်းစုံမှ ခရစ်ယာန် ဘုန်းတော်ကြီးများ အမှူးပြုသော ခရစ်ယာန် ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။

**မြန်မာ့သမိုင်းတွင် ပထမ** ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ ဦးမန်ကျင့်ထန်က ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို နာကြားလိုပါ၍ ဟောကြား ချီးမြှင့်ပါရန် ချမ်းမြေ့ဆရာတော်ဘုရားအား စာဖြင့် လျှောက်ထားခဲ့ပါသည်။ ဆရာတော်ဘုရားကလည်း ဝမ်းမြောက်စွာ လက်ခံခဲ့ပါသည်။

ဤကဲ့သို့ ခရစ်ယာန် ဘာသာဝင်များက ဗုဒ္ဓ၏ တရားတော်ကို နာကြားလိုကြောင်း လျှောက်ထားသည်မှာ မြန်မာ့သမိုင်းတွင် ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်ပါသည်။

ထိုသို့ ပထမအကြိမ် ဖြစ်သည်နှင့်အညီ တရားပွဲ အစစအရာရာ အဆင်ပြေစွာ ထမြောက်အောင်မြင်စေရန် ကလေးမြို့ ပါတီကောင်စီနှင့် သာသနာရေးဦးစီးဌာနမှ စိတ်ဝင်စားသူ သူတော်စင်များက အထူး ကြိုးစား၍ ကူညီဆောင်ရွက်ခဲ့ကြပါသည်။

ထိုပုဂ္ဂိုလ်များ၏ အထူးကြိုးစားဆောင်ရွက်မှုကြောင့် ၃ ရက်တိုင်တိုင် ကျင်းပခဲ့သော ဤတရားပွဲသည် အစအဆုံး ငြိမ်သက် အေးဆေးလျက် စည်ကား သိုက်မြိုက်လှပါသည်။ တရားနာ ပရိသတ်များလည်း အထူး များပြားလှပါသည်။

**ထူးခြားဆန်းပြားသော တရားပွဲ**

တရားပွဲကို ခရစ်ယာန် ဘုန်းတော်ကြီး တစ်ပါး ဖြစ်သော ဦးဂုလ်ကျူတ်အာက ထူးခြားဆန်းပြား လှသော တရားပွဲဟု ပြောကြားခဲ့ပါသည်။ ပြောကြားသည့်အတိုင်းပင် တရားပွဲမှာ အမှန်ပင် ထူးခြားဆန်းပြားပါသည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း တရားကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးက ဟောကြားပြီး နာကြားသူ ပရိသတ်အများစုမှာ ခရစ်ယာန် ဘာသာဝင်များ ဖြစ်သောကြောင့်ပင်။

**တရားပွဲအစီအစဉ်**

တရားပွဲ အခမ်းအနားကို ကလေးမြို့နယ် သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပပေးပါသည်။ တရားပွဲ ကျင်းပသော ၃ ရက်လုံးမှာပင် ခရစ်ယာန်ဘုန်းကြီးများက ဆုတောင်းမေတ္တာ ပို့သ၍ ခရစ်ယာန်ဘာသာဝင်များကို ဆရာတော်ဘုရားထံ အပ်နှံသည့် အစီအစဉ်မှာလည်း ကောင်းမွန် ထူးခြားလှပါသည်။

တရားပွဲ အခမ်းအနားအစမှ တရားပွဲ ပြီးသည်အထိ ၃ ရက်တိုင်တိုင် ဟောကြားသော တရားတော်မှာ ကက်ဆက်ခွေ ၁၀ ခွေ ရှိပါသည်။

ဤတရားတော်မှာ ကက်ဆက်ခွေနှင့်သာဆိုလျှင် ကြားနာနိုင်သူဦးရေ အနည်းငယ်သာ ရှိမည်ဖြစ်ပြီး စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရလျှင် ဖတ်ရှု နာကြားရသူ ပရိသတ်မှာ ပို၍ပင် များပြားနိုင်ပါသည်။ ထို့အပြင် စာအုပ်အဖြစ် မှတ်တမ်းတင်ထားပါက ပို၍ ကြာရှည်စွာ တည်မြဲမည် ဖြစ်ပါသည်။

**လျှောက်ထား တောင်းပန်ခြင်း** သို့ဖြစ်ပါ၍ ဤတရားတော်ကို စာအုပ်အဖြစ် ရိုက်နှိပ်ခွင့် ချီးမြှင့်ပါမည့်အကြောင်း ကျွန်တော်များ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့က ဆရာတော်ဘုရားအား လျှောက်ထား တောင်းပန်ခဲ့ပါသည်။ ဆရာတော်ဘုရား၏ အခြားသော တပည့်ဒါယကာ ဒါယိကာမများကလည်း လျှောက်ထားကြပါသည်။

**ကက်ဆက်ခွေမှ ကူးယူခြင်း** ဆရာတော်ဘုရားထံမှ ခွင့်ပြုချက် ရသောအခါ **ကက်ဆက်** ခွေမှ စာမူဖြစ်အောင် ကူးယူပါသည်။ စာမူအဖြစ် ကူးယူရာတွင် ဆရာတော်ဘုရား ကလေးမြို့သို့ တရားဟောကြွစဉ်က ကပ္ပိယဒါယကာအဖြစ် လိုက်ခဲ့သော ဦးငွေထွန်းကပင် တာဝန်ယူခဲ့ပါသည်။

**စာမူတည်းဖြတ်ရေး** စာမူ ကူးယူပြီးသည့် အချိန်၌ ကျေးဇူးရှင် ချမ်းမြေ့ ဆရာတော်ဘုရားမှာ နိုင်ငံရပ်ခြား တရားဟော တရားပြ ကြွနေတော်မူခိုက်ဖြစ်ရာ စာမူကို တည်းဖြတ်ရန် ဆရာတော်ဘုရားထံ ဆက်ကပ်ရေးအတွက် အခက်အခဲ တွေ့ခဲ့ရပါသည်။

သို့ရာတွင် မိုးကောင်းဘုရားလမ်း ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်ဘုရားကြီး အရှင်သေဋ္ဌိလက ဤအခက်အခဲကို ဖြေရှင်းပေးခဲ့ပါသည်။ ဖြေရှင်းပေးပုံမှာ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အင်္ဂလန်သို့ ကြွရောက်မည်ဟု ကျွန်တော်များ ကြားသိရသဖြင့် ဆရာတော်ဘုရားကြီးအား အကျိုးအကြောင်း လျှောက်ထားရာ ဆရာတော်ဘုရားကြီးသည် လွယ်ကူစွာပင် စာမူကို ချမ်းမြေ့ ဆရာတော်၏လက်သို့ ရောက်သည်အထိ ချီးမြှောက်တော် မူခဲ့ပါသည်။ ဆရာတော် ဘုရားကြီး၏ ကျေးဇူးကား အထူး ကြီးမားလှပါသည်။

**တရားတော်ဟောကြားပုံ** ချမ်းမြေ့ဆရာတော်ဘုရားသည် ပထမနေ့၌ ဘာသာတရားများကို အဘယ်ကြောင့် ကိုးကွယ်ကြသည်၊ ဘာသာတရားများ အဘယ်ကြောင့် ပေါ်ပေါက်လာသည်

စသည်တို့ကို ရှင်းလင်း ဟောကြားပါသည်။ ထို့နောက်မှ ဗုဒ္ဓဘာသာ ပေါ်ထွန်းလာပုံနှင့် ဗုဒ္ဓဝင်အကျဉ်း စသည်ကို ဟောကြားပါသည်။

**အခန်းများခွဲခြားခြင်း** ဤ "ဆင်းရဲငြိမ်းအေးချမ်းသာရေး တရားတော်" စာအုပ်၌ အသိရှင်းစေရန် အခန်း (၅) ခန်း ခွဲခြားထားပါသည်။ အခန်း (၁)ကို "တရားပျိုး" ဟု ခေါင်းစဉ်တပ်ထားပါသည်။ တရားပျိုးဟူသည့်အတိုင်း ဟောကြားမည့် တရားတော်ကို ဘာသာဝါဒများ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို ရှင်းလင်း ဟောကြားခြင်းဖြင့် အစပျိုးထားပါသည်။

အခန်း (၂)၌ ဗုဒ္ဓ၏ဖြစ်တော်စဉ် ဗုဒ္ဓဝင် အကျဉ်းချုပ်ကို ဟောကြားပါသည်။ "ဗုဒ္ဓဝင်အကျဉ်း" ဟု အမည်ပေးထားသော်လည်း ဗုဒ္ဓမြတ်စွာဘုရား ဘုရားအဖြစ် ရရန် ခဲခဲယဉ်းယဉ်း ကျင့်တော်မူရပုံများကို စုံလင်စွာ ဟောကြားထားပါသည်။

မြတ်စွာဘုရားသည် အများသတ္တဝါ ဝေနေယျတို့ လိုက်နာကျင့်သုံး၍ ချမ်းသာရကြစေရန် ဟောကြား ညွှန်ပြတော်မူခဲ့သော တရားတော်များကို ဤတရားတော်တွင် အကျဉ်းချုံးလျက် ရှင်းလင်း ဖော်ပြထားပါသည်။ ယင်းအခန်းကို "ဗုဒ္ဓတရားတော်များ" ဟူသော ခေါင်းစဉ်ဖြင့် အခန်း (၃) အဖြစ် ခွဲခြားထားပါသည်။

ဗုဒ္ဓတရားတော်မှ "လိုက်နာစရာ ဩဝါဒများ" ကို အခန်း (၄)အဖြစ် ခွဲခြားထားပါသည်။

ခရစ်ယာန် ဘုန်းတော်ကြီးများက စာအားဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောကြားပါရန် လျှောက်ထားခဲ့ပါသည်။ နိဗ္ဗာန်ရောက်ရန်မှာလည်း ကိုယ်တိုင်လက်တွေ့ ကျင့်ကြံပွါးများ ကြိုးစားအားထုတ်မှသာ ဖြစ်နိုင်ပါသည်။ ထိုသို့ လက်တွေ့ကျင့်ကြံ အားထုတ်ပုံ အားထုတ်နည်းကို "လက်တွေ့ ကျင့်စဉ်များ" ဟူသော ခေါင်းစဉ်ဖြင့် အခန်း (၅)အဖြစ် ဖော်ပြထားပါသည်။

ဤတရားတော်ကို ဟောကြားပြီးသည့်အခါ ပရိသတ်များက မေးခွန်းများ မေးကြပါသည်။ ထိုမေးခွန်းများကိုလည်း ဆရာတော်ဘုရားက ပြေလည်အောင် ဖြေကြားထားပါသည်။ ယင်း အမေးအဖြေများကိုလည်း တရားအဆုံးတွင် ဖော်ပြထားပါသည်။

**ရည်ရွယ်ချက်** ထူးခြားလှသော ဤ "ဆင်းရဲငြိမ်းအေးချမ်းသာရေး တရားတော်" ကို စာအုပ်အဖြစ် ပုံနှိပ် ထုတ်ဝေခြင်း၌ ကျွန်တော်များ၏ ရည်ရွယ်ချက်ကို ဖော်ပြရလျှင် သင့်တော်မည်ဟု သဘော ရပါသည်။ ဤ စာအုပ်ပါ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူသည့် သတိပဋ္ဌာန် ကျင့်စဉ်ကို ဖတ်ရှု မှတ်သား၍ အချိန်ရတိုင်းရတိုင်း ကျင့်ကြံပွားများ ကြိုးစား အားထုတ်ကြခြင်းဖြင့် ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြစေရန်မှာ ဤတရားတော်ကို စာအုပ်အဖြစ် ထုတ်ဝေခြင်း၌ ကျွန်တော်များ ထားရှိသော ရည်ရွယ်ချက် ဖြစ်ပါသည်။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

ဓမ္မဒေသနာပြန့်ပွါးရေးအဖွဲ့ငယ်
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့

၁၃၄၄ ခုနှစ်၊ နယုန်တန်ခူးလဆန်း ၂ ရက်
၁၉၈၃ ခုနှစ်၊ ဧပြီလ ၁၄ ရက်

## ၁၃၄၄ ခု၊ ကဆုန်လဆန်း ၁၁ ရက် (၃၊ ၅၊ ၈၂) နေ့တွင် ကလေးမြို့ ရွှေဘုံသာစမ္မာရုံကြီး၌ ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာဝင်များအား ချမ်းမြေ့ရိပ်သာဆရာတော် ဟောကြားသော

# ပထမနေ့ တရားပွဲ အခမ်းအနား

**အခမ်းအနားမှူး** ပရိသတ်ကြီးခင်ဗျား၊ ခုအချိန်ကစပြီးတော့ ကျွန်တော်တို့ တရားပွဲ အခမ်းအနားကြီးကို စတင်တော့မည့်အကြောင်းကို ကြေငြာအပ်ပါသည် ခင်ဗျား။ ဒီအခမ်းအနားမှာတော့ ကျွန်တော် မြို့နယ်သာသနာရေးဦးစီးမှူး ဦးအောင်ဆွေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါမယ်။ ဒီကျင်းပမည့် အခမ်းအနားကြီးနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ပထမနေ့ တရားပွဲ အခမ်းအနား အစီအစဉ်ကို ဖတ်ကြားပြီး ကြေငြာပါမယ်။

### အခမ်းအနား အစီအစဉ်

အမှတ်(၁) အစီအစဉ်အရ တရားပွဲဖြစ်မြောက်ရတဲ့ အကြောင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် မြို့နယ်သာသနာရေးဦးစီးမှူး ဦးအောင်ဆွေက ရှင်းလင်း တင်ပြမှာ ဖြစ်ပါတယ်။

အမှတ် (၂) အစီအစဉ်အရ ကျွန်တော်တို့ ဘုန်းတော်ကြီး ဦးဝုလ်ကျုတ်အာက ဆရာတော်အား ကျေးဇူးတင် ဝမ်းမြောက်စကား လျှောက်ထား ပြောကြားမှာ ဖြစ်ပါတယ်။

အမှတ် (၃) အစီအစဉ်အရ ရိုမင်ကက်သလစ်ဘုန်းတော်ကြီးဖြစ်တဲ့ ဖာသာလွန်းမောင်က ဆုတောင်းမေတ္တာ ပို့သပေးမှာဖြစ်ပါတယ်။

အမှတ် (၄) အစီအစဉ်အရ ဘုန်းတော်ကြီး ဦးပေါင်ခန့်အင်က တရားနာလာကြတဲ့ ခရစ်ယာန်ဘာသာဝင်များကို ဆရာတော်ထံ အပ်နှံကြောင်း ပြောကြားမှာ ဖြစ်ပါတယ်။

အမှတ် (၅) အစီအစဉ်အရ ကျွန်တော်တို့ နိဗ္ဗာန်ဆော် ဦးမောင်မောင် ဦးဆောင်ပြီး ဗုဒ္ဓဘာသာဝင်များက ဆရာတော်ထံ ငါးပါးသီလ ခံယူကြမှာ ဖြစ်ပါတယ်။

အမှတ် (၆) အစီအစဉ်အရ ငါးပါးသီလ ခံယူပြီးတာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့ ခရစ်ယာန်ဘာသာဝင် ဆရာကြီးများ၊ ဘုန်းတော်ကြီးများ တောင်းဆိုချက်အရ နိဗ္ဗာန်ရောက်ကြောင်း တရားကို ချမ်းမြေ့ရိပ်သာ ဆရာတော်က ဟောကြားမှာ ဖြစ်ပါတယ်။

အမှတ် (၇) အစီအစဉ်အရ ကျွန်တော်တို့ ဆရာကြီး ဦးမန်ကျင့်ထန်က ဆုတောင်းမေတ္တာပို့သမှာ ဖြစ်ပါတယ်။

အမှတ် (၈) အစီအစဉ်ကတော့ အခမ်းအနား ပြီးဆုံးကြောင်း ကြေငြာမှာ ဖြစ်ပါတယ်။

## မြို့နယ်သာသနာရေးမှူး ရှင်းလင်းတင်ပြချက်

အခု အမှတ် (၁) အစီအစဉ်ဖြစ်တဲ့ ဒီတရားပွဲတော်ကြီး ဖြစ်မြောက်ရခြင်းကို ကျွန်တော် မြို့နယ်သာသနာရေးမှူးအနေနဲ့ အမြွက်စကား အနည်းငယ် ရှင်းလင်းတင်ပြပါမယ်။ ဒီနေ့ ကလေးမြို့ ရွှေဘုံသာဘုရား ဓမ္မာရုံကြီးမှာ ကျင်းပတဲ့ တရားပွဲကတော့ ယခု ပရိသတ်ရဲ့ ရှေ့မှောက်မှာ ကြွရောက်လာကြတဲ့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ခရစ်ယာန်ကောင်စီမှ ဒီဘုန်းတော်ကြီးများကို အကြောင်းပြုပြီးတော့ ဒီတရားပွဲကြီး ဖြစ်မြောက်လာရတာ ဖြစ်ပါတယ်။ ဘာကြောင့် ဒီတရားပွဲကြီး ဖြစ်မြောက်လာရသလဲဆိုရင် ဒီခရစ်ယာန် ဘုန်းတော်ကြီးများက "ဗုဒ္ဓရှင်တော်မြတ်ရဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို နာကြားလိုပါတယ်၊ ဘာသာရေးဗဟုသုတ ပြည့်စုံရန်အတွက် လေ့လာလိုပါတယ်၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါး ပင့်ဆောင်ပေးပါ"လို့ ဆိုတဲ့ ဆန္ဒပြု တောင်းဆိုချက်အရ ယခုလို တရားပွဲကြီး ဖြစ်မြောက်လာရခြင်း ဖြစ်ပါတယ်။

အခု ကြွရောက်လာကြတဲ့ ပရိသတ်ကြီးကို ဆက်လက်ပြီးတော့ ကျွန်တော် ဆောင်ရွက်ပေးလိုတာကတော့ ယခု ပရိသတ်ရှေ့မှောက် တရားဟောပလ္လင်ထက်မှာ ကြွမြန်း ရောက်ရှိနေတာကတော့ ခရစ်ယာန် ဘုန်းတော်ကြီးများ ဆန္ဒပြု တောင်းဆိုချက်အရ ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ချီးမြှင့်ရန် ကြွရောက်လာတဲ့ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ဇနကာဘိဝံသ ဖြစ်ပါတယ်။

အခု ဒီဘက်မှာရှိကြတဲ့ ပုဂ္ဂိုလ်ကြီးများကတော့ ခုနပြောသလိုပဲ ဘာသာရေး ဗဟုသုတ ပြည့်စုံဖို့အတွက် ရည်သန်ပြီးတော့ ဗုဒ္ဓရဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို နာကြားလေ့လာလိုတဲ့အတွက် ဆရာတော်ကို ပင့်ဆောင်ပေးရန် ဆန္ဒပြုကြတဲ့ ပုဂ္ဂိုလ်ကြီးများ ဖြစ်ပါတယ်။

ယခု ဒီဘုန်းတော်ကြီးများကို ကျွန်တော်တို့ ခရစ်ယာန်ဘက်က ပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးရမယ်ဆိုရင် ဒီပုဂ္ဂိုလ်ကြီး လေးပါးကတော့ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်၊ ခရစ်ယာန်ကောင်စီဥက္ကဋ္ဌ ဖြစ်ပါတယ်။ ခရစ်ယာန်ကောင်စီအဖွဲ့မှ နောက်ဘုန်းတော်ကြီး ဦးဂုလ်ကျုတ်အာ၊ ဒီ ဘုန်းတော်ကြီးက ခရစ်ယာန်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ နောက်ဘုန်းတော်ကြီး ဦးပေါင်ခန့်အင်၊ ဒီဘုန်းတော်ကြီးကတော့ ခရစ်ယာန် ကောင်စီမှာ အတွင်းရေးမှူး ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ရှိမင်ကက်သလစ် ဘုန်းတော်ကြီး ဦးလွန်းမောင် ဖြစ်ပါတယ်။ ဒီဘုန်းတော်ကြီး ကတော့ ခရစ်ယာန်ကောင်စီမှာ အဖွဲ့ဝင်ဖြစ်ပါတယ်။

တရားပွဲဖြစ်မြောက်ဖို့အတွက် ခရစ်ယာန်ကောင်စီဥက္ကဋ္ဌကိုယ်တိုင် ပင့်ဖိတ်တဲ့ စာကိုတော့ ကျွန်တော် ပြောလို့ပြီးတဲ့အချိန်မှာ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်က ဖတ်ပြပါလိမ့်မယ်။

အဲဒီတော့ ကျွန်တော် ဆက်ပြီးပြောချင်တာကတော့ ဒီခရစ်ယာန်ဂိုဏ်း အသီးသီးက ဘုန်းတော်ကြီးများဟာ ကျယ်ပြန့်တဲ့ အတွေးအခေါ်၊ လေးနက်တဲ့ အသိတရားနဲ့ ယခုလို ဗုဒ္ဓရှင်တော်မြတ်ရဲ့ တရားတော်ကို နာယူလေ့လာကြခြင်း

ဟာဖြင့် အလွန်တရာမှ ဂုဏ်ယူ ချီးကျူးစရာ ကောင်းလှပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်တို့ ဘာသာရေးမှာပဲ ဖြစ်ဖြစ်၊ လူ့သမိုင်းကြောင်းမှာပဲဖြစ်ဖြစ်၊ သိပ္ပံပညာအကြောင်းမှာပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ အမှန်တရားကို ရှာတဲ့နေရာမှာ ကျယ်ကျယ်ပြန့်ပြန့် ရှာနိုင်လေ အကောင်းဆုံးဖြစ်လေပါပဲ။

ဒါကြောင့် ဒီဘုန်းတော်ကြီးတွေရဲ့ ကျယ်ပြန့်တဲ့အမြင်၊ ကျယ်ပြန့်တဲ့ အတွေးအခေါ်၊ လေးနက်တဲ့ အသိတရားနဲ့ ဗုဒ္ဓဘာသာတရားကို ဘာသာရေး ဗဟုသုတအတွက် ခုလို ပင့်ဖိတ်ပြီးတော့ လေ့လာနာကြားတာဟာဖြင့် အင်မတန်မှ ဂုဏ်ယူချီးကျူးစရာ ကောင်းလှပါတယ်လို့ ကျွန်တော့်အနေနဲ့ရော အခု ကြွရောက်လာကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေနဲ့ပါ ကျွန်တော် ပြောကြားလိုပါတယ်။

နောက်တစ်ခု ပြောချင်တာကတော့ ဒီခရစ်ယာန် ဘုန်းတော်ကြီးများကို အကြောင်းပြုပြီးတော့ ဒီတရားပွဲ ဖြစ်မြောက်ရတာဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များအနေနဲ့လဲ ဒီခရစ်ယာန် ဘုန်းတော်ကြီးများကို အကြောင်းပြုပြီး ကျွန်တော်တို့ မသိသေးတဲ့ တရားတွေ၊ ကျွန်တော်တို့ နားမလည်သေးတဲ့ တရားတွေကို ကျွန်တော်တို့ ထပ်မံပြီး နာယူခွင့်ရတဲ့အတွက် ကျွန်တော်တို့အနေနဲ့လဲ အင်မတန်မှ ဝမ်းမြောက် ကြည်နူးစရာ ကောင်းလှပါတယ်ဆိုတာကို ကျွန်တော် ပြောကြားလိုပါတယ်။

အမှန်တရားနဲ့ ပြောလို့ရှိရင်ဖြင့် ကျွန်တော်တို့ လူတွေဟာ လူ့သဘာဝ အရ ပြောမယ်ဆိုရင် မိမိ ယုံကြည်လက်ခံထားတဲ့ အရာကလေးတစ်ခု၊ မိမိမှာ လက်ခံထားတဲ့ ပစ္စည်းလေးတစ်ခုဟာ မိမိအနေနဲ့ ကောင်းပေမယ့် မှန်ကန်ပေမယ့် တခြားတစ်နေရာ ရောက်သွားလို့ တခြားပစ္စည်း နှစ်ခု၊ သုံးခုနဲ့ ယှဉ်လိုက်တဲ့အခါ မိမိပစ္စည်းက ညံ့နေတာ၊ မိမိမှန်တယ်လို့ ထင်ထားတဲ့ ကိစ္စလေးတစ်ခု အယူအဆလေးတစ်ခုဟာ တခြားပညာရှိတဲ့ ကိုယ့်ထက် ပိုတတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့တွေ့လို့ ဆွေးနွေးမေးမြန်းကြည့်တဲ့အခါ မှားနေတာ၊ လွဲနေတာ၊ ချော်နေတာ ဒါမျိုးလေးတွေ တွေ့ရတတ်ပါတယ် ဆိုတာကိုလဲ ကျွန်တော် စကားပလ္လင် ခံလိုပါတယ်။ ဒါကြောင့်မို့ ခုလို ဒီခရစ်ယာန်

ဘာသာဝင် ဘုန်းတော်ကြီးများ အနေနဲ့လဲ ဒီလို ကျယ်ကျယ်ပြန့်ပြန့် လေ့လာတာဟာဖြင့် ဂုဏ်ယူစရာကောင်းပါတယ် ဆိုတာကိုလဲ ထပ်လောင်း ပြောကြားလိုပါတယ်။

အဲဒီတော့ ဒီတရားပွဲ ဖြစ်မြောက်ရတဲ့ အကြောင်းနဲ့ပတ်သက်ပြီးတော့ ပြောစရာ ဆိုစရာ အမြွက်စကားကတော့ ဒီမျှလောက်ပါပဲ။ ဒီဆရာတော်ကြီးကို ပင့်ဆောင်တဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်က ပင့်ဆောင်ချက်စာကို ပရိသတ်ကြီးအား ဖတ်ကြားတင်ပြပါလိမ့်မယ်။ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်ကြွပါခင်ဗျား။

**ဦးမန်ကျင့်ထန်** ဆရာတော်ကို ပင့်တဲ့စာ မူရင်းကို ဓာတ်ပုံရိုက်ပြီးတော့ တစ်စောင် ပြန်ရတဲ့အတွက် အထူးပဲ ကျေးဇူး တင်ပါတယ်။ ကျွန်တော်တို့ ဖိတ်ထားတဲ့ မူရင်းအတိုင်း ဖတ်ပြပါမယ်။

**သို့**
**အရှင်ဇနကာဘိဝံသ**
**ချမ်းမြေ့ရိပ်သာ**
**ကမ္ဘာအေးလမ်း၊ ရန်ကုန်မြို့။** **နေ့စွဲ - ၉၊ ၃၊ ၈၂ ခုနှစ်**

ဆရာတော်ဘုရား

ကလေးမြို့ ဘုရားဒါယကာကြီး ဦးဘိုးဥာဏ်နှင့် ပတ်သက်၍ အရှင်ဘုရား၏ တရားတော်ကို နာရန် ကလေးနယ် ခရစ်ယာန် ဂိုဏ်းပေါင်းစုံမှ စိတ်အားထက်သန်သည်ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောကြားပေးပါရန် လျှောက်ထားအပ်ပါသည်။

တရားဆွေးနွေးရန် မဟုတ်ဘဲ တရားနာရန်သက်သက်သာဖြစ်ပြီး တရားဟူသည် အားလုံးမွန်မြတ်သည်ဟု ယုံကြည်ကြသောကြောင့် (၂၇၊ ၂၊ ၈၂) နေ့တွင် ဂိုဏ်းပေါင်းစုံအဖွဲ့မှ အစည်းအဝေး ဆုံးဖြတ်ပြီး ဖြစ်ပါသည်။

တရားနာလိုသော ရက်များမှာ မေလ (၃၊၄၊၅ - ၈၂) နေ့များဖြစ်ပြီး လျှောက်ထားသော ဂိုဏ်းများမှာ–

(၁) နှစ်ခြင်း ခရစ်ယာန်ဂိုဏ်း
(၂) ဗရင်ဂျီဂိုဏ်း
(၃) မက်သဒစ်ဂိုဏ်း
(၄) ပရက်ဗီတေးဒီးယန်း
(၅) ကယ်တင်ခြင်းတပ်
(၆) ဧဝံဂေလိ ခရစ်ယာန်များအဖွဲ့

ခမ္မဆရာ အပါး (၂၀၀)ခန့်က တရားနာလိုပါသည်။

လျှောက်ထားသူ
သိက္ခာရ၊ ဆရာ ဦးမန်ကျင့်ထန်
ဥက္ကဋ္ဌ
ကလေးနယ် ခရစ်ယာန် အသင်းတော်များကောင်စီ
ကလေးမြို့။

ဆရာတော်ဘုရားဟာ ဒီလို ကျွန်တော်တို့ ပင့်တဲ့အတိုင်း ကြွရောက်လာတဲ့အတွက် အထူးပဲ ဂုဏ်ယူ ကျေးဇူးတင်ကြောင်း ကျွန်တော် အနည်းငယ် ပြောပြီးတဲ့နောက် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက ဆက်လက်ပြီ့ပြောဖို့ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အခမ်းအနားမှူး:** ကျွန်တော်တို့ အခမ်းအနား အစီအစဉ် (၂) အရ ဆရာတော်အား ကျေးဇူးတင် ဝမ်းမြောက်ဖွယ်စကား လျှောက်ထားဖို့အတွက် ဘုန်းတော်ကြီး ဦးဂုလ်ကျုတ်အာက ပြောကြားရန် ဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းတော်ကြီး ဦးဂုလ်ကျုတ်အာ ကြွပါရန်၊ ဖိတ်ကြားအပ်ပါတယ်။

**ဦးဂုလ်ကျုပ်အာ** ထူးမြတ်ဆန်းပြားလှသော ယနေ့တရားပွဲတော် အခါတော် သမယကြီးမှာ ကျွန်တော်တို့ တရားရေအေးအဖြစ် ဟောကြားပေးမယ့် ဆရာတော်ကြီးအား ကျွန်တော်တို့ ကလေးမြို့နယ်ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ကောင်စီ၏ကိုယ်စား ကျေးဇူးတင်စကား ပြောရမည့် အခွင့်ကို ရသည့်အတွက် အထူးပဲ ကျေးဇူးဥပကာရ တင်ရှိပါတယ် ခင်ဗျား။

ယနေ့ ကျွန်တော်တို့ မျက်မှောက်၌ ဖြစ်ပျက်နေတဲ့ ထူးမြတ်ဆန်းပြားလှတဲ့ အဲဒီ တရားပွဲတော်ဟာ ကျွန်တော့်ခေါင်းထဲမှာ ဘယ်လို ဂယက်ရိုက်ထားသလဲဆိုရင် ကျွန်တော်တို့ ကလေးမြို့နယ်တစ်မြို့လုံးရဲ့ သမိုင်းရာဇဝင်မှာ အင်မတန် ထူးဆန်းတဲ့ အဖြစ်အပျက် တစ်ခုပဲ၊ အဲဒီတော့ သမိုင်းတွင်မယ့် အဖြစ်ပါလားလို့ ကျွန်တော့်ခေါင်းထဲမှာ စွဲနေပါတယ်။

အဲဒါကြောင့် ကနေ့ ကျွန်တော်တို့အား ဗုဒ္ဓဘာသာ တရားတော်ကို ဟောကြားပို့ချမယ့် ဆရာတော်မြတ်အတွက် ကျွန်တော်တို့ များစွာ ကျေးဇူးတင်ပါတယ်၊ ဝမ်းသာပါတယ်၊ အားရပါတယ်၊ ပီတိဖြစ်မိပါတယ် ဆိုတာ ကျွန်တော် ပြောချင်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ တောင်းဆိုချက်အရ ကျွန်တော်တို့ရဲ့ လိုအင်ဆန္ဒ ပြည့်ပြည့်စုံစုံနဲ့ ဒီလိုတရားပွဲတော်မြတ်ကို အောင်အောင်မြင်မြင် ကျင်းပနိုင်အောင် ကျွန်တော်တို့ကို ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်အသီးသီး အားလုံးကိုလဲပဲ ကျေးဇူးတင်ကြောင်း ကျွန်တော် ကနေ့ ပြောကြားချင်ပါတယ်။

ပြီးတော့ ဆရာတော်ကိုလဲ ကျွန်တော်တို့ ကလေးမြို့နယ်ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံကောင်စီ၏ကိုယ်စား လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါ၏၊ ဂုဏ်ယူပါ၏။ အခု ကျွန်တော်တို့ ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ဆိုသလိုပဲ ကျွန်တော်တို့က ဝမ်းသာအားရ ပီတိဖြစ်ရုံမျှမကဘဲ ကျွန်တော်တို့အနေဖြင့် ဂုဏ်လဲယူမိပါတယ်။ ကျွန်တော်တို့ စိတ်သဘောထားကြီးကြီးနဲ့ နားဆင်ကြပါစို့၊ ကျင်းပကြပါစို့။

နိုင်ငံကြီးသားတစ်ယောက် ဖြစ်ဖို့ဆိုရင် အယူဝါဒ အမျိုးမျိုးကို လေ့လာဖို့ လိုပါလိမ့်မယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ ဘာသာရေးကို တကယ်တမ်း လိုက်မယ်၊ ဆောင်ရွက်မယ် ဆိုရင်တော့ဖြင့် ကျွန်တော်တို့ တိုင်းပြည်အတွင်းမှာ ရှိတဲ့ ဘာသာအယူဝါဒ အမျိုးမျိုးကိုလည်း သိနားလည်ဖို့ လိုလိမ့်မယ်လို့ ကျွန်တော်တို့ ခံယူချက်ရှိပါတယ်။ ထိုခံယူချက်အရပဲ အခု ပထမဦးစွာ ကျွန်တော်တို့အနေဖြင့် ဗုဒ္ဓသာသနာတော်မြတ်မှ ဗုဒ္ဓတရားတော်မြတ်ကို လေ့လာခြင်းဖြစ်ပါတယ်။

နောက်နောင်ဆိုရင်တော့ အစ္စလာမ်ဘာသာကိုလည်း ကျွန်တော်တို့ ပင့်ချင်ပင့်မယ်၊ ဟိန္ဒူဘာသာကိုလည်း ပင့်ချင်လည်း ပင့်ဦးမယ်။ အဲဒီလိုပဲ ကျွန်တော်တို့ တိုင်းပြည်မှာ ဘာသာတရားများကို အချင်းချင်း လေ့လာ ဖလှယ်လျက် လူမျိုး ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုပါ လေ့လာ ဖလှယ်ခြင်း အားဖြင့် ကျွန်တော်တို့ ဗမာလူမျိုးဟာ အားလုံး အစစအရာရာ နားလည်မှု ထားသင့်တဲ့နေရာမှာ နားလည်မှုထားဖို့ အဲဒီလိုဟာမျိုး ကျွန်တော်တို့ မျှော်လင့်ချင်တယ်။ ဒါကြောင့် အခုလို ဒီတရားပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ လိုအင်ဆန္ဒအရ ဆရာတော်မြတ် ကျွန်တော်တို့ကို လာပြီးတော့ တရားပို့ချသည်ကို ကျွန်တော်တို့ ကလေးမြို့နယ်ရှိ ခရစ်ယာန် ဂိုဏ်းပေါင်းစုံ ကောင်စီ၏ကိုယ်စား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အခမ်းအနားမှူး** ကျွန်တော်တို့ နံပါတ် (၃) အစီအစဉ်အရ ရှိမင်ကက်သလစ် ဘုန်းတော်ကြီးဖြစ်တဲ့ ဖာသာကနုက ဆုတောင်းမေတ္တာ ပို့သမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရှိမင်ကက်သလစ် ဘုန်းတော်ကြီး ဖာသာကနု ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါတယ်။

**ဖာသာကနု** လူမျိုးအပေါင်းတို့၏ဖခင် ထာဝရဘုရားသခင်၊ ကိုယ်တော်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းသည့်ပြင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး လူတို့အတွက် ပေးသနားတော်မူသည့်အတွက် ကျေးဇူး တင်ကြပါသည်။

ကိုယ်တော်၏ သားသမီးများဖြစ်ကြသော တပည့်တော်တို့သည် ညီအကိုရင်းချာများဖြစ်ကြောင်း ပြသကြရန် စုဝေး ရောက်ရှိလာကြပါသည်။ ဘာသာစကား၊ ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှု ကွဲပြားကြသော်လည်း တစ်နိုင်ငံတည်းသားများ ဖြစ်ကြသောကြောင့် ဖွဲ့စည်းမှုအားဖြင့် စည်းလုံးရန် ဆန္ဒပြင်းပြကြပါသည်။ စည်းလုံးမှုကို အားပြုသော ညီရင်းအစ်ကို အများစု ယုံကြည်သက်ဝင်သော ဗုဒ္ဓဘာသာ၏ အနှစ်သာရများ မွန်မြတ်သော အယူအဆများကို ကြားနာ ဖလှယ်ရန် လာရောက်ကြပါသည်။

မြန်မာနိုင်ငံ တိုင်းရင်းသားအများစု၏ ဘာသာကို တရင်းတနှီး နာယူခွင့်ရသည့်အတွက် တိုင်းရင်းသားချင်း ချစ်ကြည်မှု၊ ဘာသာချင်း နီးစပ်မှုများ ရရှိနိုင်မှုကို ရည်စူးလျက် စီစဉ်ကြသော ခရစ်ယာန်ဘာသာ ခေါင်းဆောင်များ၊ တရားဟောရန် ဖိတ်ခေါ်ခြင်းကို အနူးအညွတ် လက်ခံသော ဆရာတော်နှင့် တကွ ဝေယျာဝစ္စကို ဆောင်ရွက်ပေးကြသော ဂေါပကအဖွဲ့ဝင်များ၊ အဆင်ပြေမှုကို ရေးရှုပြီး ဆောင်ရွက်ပေးကြသော မြို့နယ်ကောင်စီနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးအပေါ် ကိုယ်တော်၏ ကောင်းချီးမင်္ဂလာကို ချပေးတော်မူပါစေသောဟူ၍ ကျွန်ုပ်တို့၏သခင်၊ ယေရှုသခင်ထံတော်၌ ဆုတောင်းကြပါသည် အိုထာဝရဘုရားသခင်။

**အခမ်းအနားမှူး** နံပါတ် (၄) အစီအစဉ်အရ ဘုန်းတော်ကြီး ဦးပေါင်ခန့်အင်က တရားနာလာကြသူများကို ဆရာတော်ထံ အပ်နှံကြောင်း ပြောကြားရန် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘုန်းတော်ကြီး ဦးပေါင်ခန့်အင် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါတယ်ခင်ဗျား။

**ဦးပေါင်ခန့်အင်** ရန်ကုန်မြို့ကနေ ကြွရောက်လာတဲ့ ဆရာတော်ကြီးနှင့်တကွ ဂိုဏ်းအသီးသီးမှ ခရစ်ယာန် ဘုန်းတော်ကြီးများ၊ ဓမ္မသဘင်ကို ကြွရောက်လာတဲ့ သူတော်စင်အပေါင်းတို့ခင်ဗျား။

ကျွန်တော် တစ်ခါမှ မတွေ့ကြုံဘူးသေးတဲ့ အခုလို ယုံကြည်သူများ အားလုံး ဓမ္မသဘင်ပွဲကို လာပြီး ဆရာတော်ကြီးရဲ့ ဓမ္မဒေသနာတော်ကို နားထောင်ကြတဲ့အတွက် များစွာပဲ ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့ ဒီလို ဓမ္မသဘင်မျိုးကို ကျွန်တော်တို့ စီစဉ်ရသလဲဆိုတာ စောစောပိုင်းက ကျွန်တော်တို့ ဥက္ကဋ္ဌ ဘုန်းတော်ကြီးဦးမန်ကျင့်ထန်က ပြောခဲ့ပြီးပါပြီ။

ကျွန်တော်တို့ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားများ ဖြစ်ကြတဲ့အတိုင်း ကျွန်တော်တို့တိုင်းနိုင်ငံမှာ အဓိကဘာသာဖြစ်တဲ့ ကျွန်တော်တို့ လျစ်လျူရှုလို့ မရတဲ့ ဗုဒ္ဓဘာသာကို အများသိရှိဖို့ရန် လိုပါတယ်။ အဲဒီလို သိရှိဖို့ရန် တစ်ခြားလူ တစ်ယောက်ယောက်ကို သွားမေးမည့်အစား ဒီဗုဒ္ဓဘာသာဝင် ဆရာတော်ကြီးများ ဟောတာကို နားထောင်လို့ရှိရင် ကျွန်တော်တို့အတွက် အကျိုးများစွာ ရရှိမယ်ဆိုတဲ့ Kale Council of Churches (KCC) ရဲ့ ဆုံးဖြတ်ချက်အရ ကျွန်တော်တို့ ဒီလို ပွဲလမ်းသဘင်မျိုး စီစဉ်ရာမှာ မြို့လူထုနှင့် ပါတီကောင်စီ စသည်တို့က အဘက်ဘက်က ကူညီမှုကြောင့် အောင်မြင်ခြင်း ဖြစ်ပါတယ်။

အဲဒါကြောင့် ဒီဓမ္မသဘင်ဟာဆိုလို့ရှိရင် ဓမ္မတရားကို ကျွန်တော်တို့ အပြန်အလှန် ဆွေးနွေးပြီး အငြင်းအခုန်ဖြစ်ဖို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ခရစ်ယာန်များဟာ ဗုဒ္ဓဘာသာတရားဆိုတာ ဘာလဲ၊ အထူးသဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားဆိုတာ ဘာလဲဆိုတာ ဆရာတော်ကြီးထံမှ နားဆင်ဖို့ရန် ဖြစ်ပါတယ်။

ဒီဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောပြီးတဲ့အခါမှာ ကျွန်တော်တို့ ခရစ်ယာန်ဘာသာဝင်များ နားမလည်သေးလို့ ထပ်ဆင့်ပြီးတော့ ကြားချင်ပါတယ်၊ မေးမြန်းချင်ပါတယ်ဆိုရင် စာနဲ့ရေးပြီးတော့ ကျွန်တော်တို့ ခရစ်ယာန် အသင်းတော်များကောင်စီကို ပေးကြပါ။ ကျွန်တော်တို့ ခရစ်ယာန်များကောင်စီက စိစစ်ပြီး မေးသင့်တယ်ဆိုရင် ဆရာတော်ကြီးဆီကို ကျွန်တော်တို့ မေးပေးပါမယ်။ ဒီလိုမဟုတ်ဘဲ ဟာ ဒါတော့ နောက်မှဖြေရှင်းလို့ ရတယ်ဆိုရင်လဲ ကျွန်တော်တို့ မမေးဘဲ ဒီလိုပဲ အသင်းတော်များကောင်စီက စီစဉ်ပါမယ်။

နောက် ဒုတိယအနေနဲ့ ကျွန်တော်တို့ ဘယ်ဘာသာမဆို အလှူတော်ငွေ တော့ ကောက်ခံကြပါတယ်။ ခရစ်ယာန်အသင်းတော်မှာလဲ ထိုနည်းတူစွာပင် ဒီဓမ္မသဘင်မှာ ကျွန်တော်တို့ ဒီ အလှူခံတဲ့ ဖလားတွေ ရှိပါတယ်။ ကိုယ့်ရဲ့ စေတနာရှိသရွေ့၊ စိတ်အားထက်သန်သရွေ့ ဘယ်လောက်ထည့်ပါဆိုပြီးတော့ မဟုတ်ဘဲ ထည့်ချင်သောသူများ ခရစ်ယာန် သူတော်စင်များကလဲ ထည့်လို့ ရပါတယ်ဆိုတဲ့အကြောင်း ကြေငြာအပ်ပါတယ်။

နောက်ဆုံးအနေနဲ့ ဒီပွဲလမ်းသဘင်ဟာ ကျွန်တော်တို့ ခရစ်ယာန် အသင်းတော်များကောင်စီရဲ့ ဆန္ဒအရ ဆရာတော်ကြီးနှင့်တကွ ဒီမှာပါဝင်နေတဲ့ ဂေါပကအဖွဲ့၊ မြို့နယ်ပါတီယူနစ်၊ မြို့နယ်ကောင်စီနှင့် မြို့နယ်သာသနာရေး ဦးစီးဌာနတို့က ကျွန်တော်တို့ရဲ့ ဆန္ဒကို ပြည့်စုံစေရန် ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် ဒီဓမ္မသဘင်ဟာ ဒီနေ့စပြီး မနက်ဖြန်၊ သဘက်ခါ၊ မေလ ၃ ရက်၊ ၄ ရက်၊ ၅ ရက်အထိ ဖြစ်ပါတယ်။ သူတော်စင်များ ခရီးသွားလာရေး အဆင်ပြေစေဖို့ရန် တာဝန်ရှိပုဂ္ဂိုလ်များက ဘတ်စကားများ စီစဉ်ပေးပါတယ်။ အဲဒါကြောင့် မနက်ဖြန်နှင့် သဘက်ခါလဲ ထပ်မံကြွရောက်ဖို့ရန် ဖိတ်ခေါ် အပ်ပါတယ်။

ယခုအချိန်ကစပြီးတော့မှ ကျွန်တော်တို့ရဲ့ ပင့်ဖိတ်ချက်အရ ဒီခရစ်ယာန် သူတော်စင်များအားလုံးကို ဆရာတော်ကြီး ဟောကြားမည့် ဓမ္မဒေသနာကို နာဆင်ဖို့ရန် ဆရာတော်ကြီးရဲ့ လက်ထဲမှာ ကျွန်တော်တို့ အပ်ထားပါတယ်။ ကျေးဇူးတင်ပါတယ်။

**အခမ်းအနားမှူး** ကျွန်တော်တို့ နံပါတ်(၅) အစီအစဉ်အရ ကြွရောက်လာတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က ချမ်းမြေ့ရိပ်သာ ဆရာတော်ကြီးထံမှ နိဗ္ဗာန်ဆော် ဦးမောင်မောင်က ဦးဆောင်ပြီး ငါးပါးသီလ ခံယူရန် ဖြစ်ပါတယ်။ ငါးပါးသီလ ခံယူပြီးတဲ့ အခါမှာတော့ နိဗ္ဗာန်ဆော် ဦးမောင်မောင်ကပဲ ဆရာတော်ကို နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားဖို့ရန် အတွက် လျှောက်ထားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ နံပါတ် (၅) အစီအစဉ်အရ

ကြွရောက်လာကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်များက နိဗ္ဗာန်ဆော် ဦးမောင်မောင် ခေါင်းဆောင်ပြီးတော့ ငါးပါးသီလ ခံယူကြပါရန် ပန်ကြား အပ်ပါတယ် ခင်ဗျား။

(ပရိသတ်က ဩကာသ အစချီ၍ ကန်တော့ကြသည်။)

**ဆရာတော်၏ဆုပေး** အရဟတာ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ၊ သွာက္ခာတတာ အစရှိသော ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော တရားရတနာ၊ သုပ္ပဋိပန္နတာ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးနှင့်တကွ ဆရာသမားတို့ကို ရိုရိုသေသေ လေးလေးမြတ်မြတ် လက်စုံမိုး၍ ရှိခိုး ကန်တော့ရသော ပဏာမကုသိုလ်စေတနာတို့ကြောင့် ဘေးရန်အန္တရာယ် အပေါင်း ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်ငြိမ်းကြ ဝေးကွာကြလျက် ကျန်းကျန်းမာမာ၊ ကြည်ကြည်လင်လင်၊ ရွှင်ရွှင်ပြပြ၊ ချမ်းသာ အေးမြစွာနှင့် သူတော်ကောင်းတရား ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားတို့ကို ကျင့်ကြံပွါးများ ကြိုးစားအားထုတ်နိုင်ကြသဖြင့် မိမိတို့ အလိုရှိအပ်တဲ့ ဆင်းရဲခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။

**ပရိသတ်** ပေးသောဆုနှင့် ပြည့်စုံရပါလို၏ဘုရား။

(ပရိသတ်က ငါးပါးသီလ ဆောက်တည်ကြသည်။ ငါးပါးသီလ ဆောက်တည်ကြပြီးနောက် ဦးမောင်မောင်က တရားချီးမြှင့်ရန် တောင်းပန် လျှောက်ထားသည်။)

# ကလေးမြို့ ရွှေဘုံသာဘုရား ဓမ္မာရုံကြီး၌
# ချမ်းမြေ့ရိပ်သာဆရာတော် ဟောကြားသော
# ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော်

## အခန်း (၁)

### တရားပျိုး

**ကျေးဇူးတင်**
**ဝမ်းမြောက်ပါတယ်**

ဒီကနေ့ ၁၉၈၂ ခုနှစ်၊ မေလ ၃ ရက်နေ့ ညနေ ၂ နာရီနဲ့ ၂၇ မိနစ်အချိန်မှာ ဘုန်းကြီးတို့ ဒီတရားပွဲ စပါတယ်။ တရားပွဲကျင်းပရာ ဌာနကတော့ ကလေးမြို့ ရွှေဘုံသာဘုရား ဓမ္မာရုံကြီး အတွင်းမှာပါပဲ။ တရားနာပရိသတ်များ ကတော့ ဘုန်းကြီးတို့ မြန်မာ သွေးရင်းသားရင်းများ ဖြစ်ကြတဲ့၊ ညီရင်းအများဖြစ်ကြတဲ့ ခရစ်ယာန်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါတယ်။

ဒီတရားပွဲကို ဒီလိုကျင်းပတဲ့အတွက် ဒီလို ဟောပြောခွင့်ရလို့ ဘုန်းကြီးက ပထမဆုံးအနေနဲ့ ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များ ကောင်စီဝင် အသင်းခြောက်သင်းနှင့်တကွ အသင်း ဦးစီးဦးဆောင် ခရစ်ယာန် ဘုန်းတော်ကြီးများ၊ အသင်းဝင် ခရစ်ယာန် ဒါယကာ ဒါယိကာမ ညီရင်း အစ်ကိုများကို များစွာပဲ ကျေးဇူးလဲတင်ပါတယ်။ ဝမ်းလဲသာပါတယ်။ ထို့အတူပဲ တရားပွဲ ချောချောမောမော အဆင်ပြေပြေ ဖြစ်မြောက်အောင် ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်ပေးကြတဲ့ ကလေးမြို့ ဗုဒ္ဓဘာသာဝင်များနှင့်တကွ ပါတီယူနစ်၊ မြို့နယ်ကောင်စီနှင့် မြို့နယ်သာသနာရေးဦးစီးဌာနမှ ပုဂ္ဂိုလ်များကိုပါ ဘုန်းကြီးက ဝမ်းမြောက်စကား ကျေးဇူးတင်စကား ပြောလိုပါတယ်။

**ထူးမြတ်ဆန်းပြားတဲ့ တရားပွဲ**

ဒီကနေ့ ခရစ်ယာန် ဘုန်းတော်ကြီး ဦးဂုလ်ကျုတ်အာ ပြောသွားသလို ထူးမြတ်ဆန်းပြားတဲ့ တရားပွဲကြီးကို ကျင်းပရတဲ့နေ့ ဖြစ်တဲ့အတွက် အင်မတန် ဝမ်းသာစရာကောင်းတယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ်အများ သိကြတဲ့အတိုင်းပါပဲ။ ခရစ်ယာန်ဘုန်းတော်ကြီး ပြောကြားသွားတဲ့အထဲမှာ ဒီလို ထူးမြတ်ဆန်းပြားတဲ့ တရားပွဲကြီးကို ကလေးမြို့နယ် သမိုင်းမှာ ဒီအကြိမ်ဟာ ပထမဆုံးအကြိမ် ကျင်းပတာဖြစ်တဲ့အတွက် ဒီတရားပွဲကြီးဟာဖြင့် သမိုင်းဝင် တရားပွဲကြီး ဖြစ်ပါတယ်လို့ ပြောသွားတာကို ဘုန်းကြီးက ဝမ်းမြောက်စွာနဲ့ မှတ်သားနာယူလိုက်ရပါတယ်။

**သမိုင်းတွင်မည့် တရားပွဲ**

သို့သော်လဲ ဘုန်းကြီးသိသမျှတော့ ဒီလို ဘာသာတစ်ခုရဲ့ သဘောတရားကို တစ်ခြားဘာသာဝင်များက နားလည်လိုတဲ့အတွက် ပင့်ဖိတ်ပြီး နာကြားတဲ့ တရားပွဲဆိုတာဟာ မြန်မာပြည်မှာ ရှေးက မရှိခဲ့သေးဘူးလို့ ပြောချင်ပါတယ်။ ကလေးမြို့နယ်တွင် မဟုတ်ဘဲနဲ့ မြန်မာတစ်ပြည်လုံးမှာပဲ ဒီအကြိမ်ဟာ ညီညီညွတ်ညွတ် စုစုစည်းစည်း စည်းစည်းလုံးလုံး စိတ်ပါလက်ပါနှင့် ဘာသာတရား တစ်ခုရဲ့ သဘောတရားကို လေ့လာရအောင် တခြားဘာသာဝင်များက ပင့်ဖိတ်ပြီး ကျင်းပတဲ့ ပထမဆုံး တရားပွဲကြီး ဖြစ်တယ်လို့ ဘုန်းကြီးက ယူဆပါတယ်။

အခုတင်က ဘုန်းကြီးတို့ သွေးရင်းသားရင်းဖြစ်တဲ့ ခရစ်ယာန် ဘုန်းတော်ကြီး ပြောကြားသွားတဲ့အတိုင်း ထူးမြတ်ဆန်းပြားတဲ့ ဒီတရားပွဲကြီး ဟာဖြင့်ရင် ကလေးမြို့နယ်တွင်းသာမဟုတ်ဘဲနဲ့ မြန်မာတစ်ပြည်လုံးမှာပါ သမိုင်းတွင်ရစ်မည့် တရားပွဲလို့ ဘုန်းကြီးက ယူဆပါတယ်။

ရှေးအခါက ဘုန်းကြီးတို့ မွေးဖွားတောင် မမွေးဖွားမီ အခါတုန်းက မြန်မာပြည် ပြည်ခရိုင်မှာရှိတဲ့ ကျောက်ကွင်းဆိုတဲ့ ရွာမှာ ခရစ်ယာန်အယူအဆနဲ့ ဗုဒ္ဓဘာသာ အယူအဆ နှီးနှောတဲ့ ပွဲတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီပွဲဟာကတော့ သူ့ခေတ်သူ့အခါအလျောက် ဘာသာ တစ်ခုနဲ့တစ်ခု မိမိဘာသာက ဘယ်လို

ကောင်းတယ်၊ သူတစ်ပါးဘာသာက ဘယ်လို ချွတ်ယွင်းတယ်၊ မှားတယ်လို့ ယှဉ်ပြီးတော့ ဖေါ်ပြတဲ့ ဘာသာပြိုင်ပွဲဖြစ်နေပါတယ်။ အဲဒီလို ပွဲမျိုးကတော့ ဒီခေတ်မှာ မလိုလားအပ်ဘူးလို့ ဘုန်းကြီးတို့ ယူဆပါတယ်။

**လိုလားနှစ်သက်အပ်တဲ့ တရားပွဲ**

အခု ဒီပွဲကတော့ ဘာသာတစ်ခုရဲ့ သဘောတရားကို တစ်ခြားဘာသာတစ်ခုမှာရှိတဲ့ ဘာသာဝင်များက အမြင်ကျယ်ကျယ်နဲ့ တရားမှန်သမျှဟာ လေ့လာသင့်၊ လိုက်စားသင့်၊ နာယူမှတ်သားသင့်တယ်ဆိုတဲ့ အမြင်ကျယ်တဲ့ သဘောထားနှင့် လေ့လာဖို့ရာ ပင့်ဖိတ်ပြီးတော့ နာကြားတဲ့ တရားပွဲဖြစ်လို့မို့ စောစောက ဘုန်းကြီးတို့ သွေးရင်းသားရင်းဖြစ်တဲ့ ခရစ်ယာန်ဘုန်းတော်ကြီး မိန့်ကြားသွားသလို ထူးမြတ်ဆန်းပြားတဲ့ တရားပွဲလဲ ဟုတ်ပါတယ်၊ အင်မတန် လိုလားအပ် နှစ်သက်အပ်တဲ့ တရားပွဲလဲ ဟုတ်ပါတယ်လို့ ဘုန်းကြီးက ပြောချင်ပါတယ်။

**ဘာသာဝါဒမျိုးစုံ လေ့လာသင့်ပါတယ်**

ဘုန်းကြီးတို့ ညီတော်နောင်တော်များ ဖြစ်ကြတဲ့ သွေးရင်းသားရင်းများ ဖြစ်ကြတဲ့ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် ခရစ်ယာန် ဘာသာဝင်များက ဗုဒ္ဓဘာသာတရားကို လေ့လာလိုက်စားတာဟာ ကြာမှာ မဟုတ်သေးပါဘူး။ တစ်ချို့လဲ အခုမှစတာပဲ ဖြစ်ပါလိမ့်မယ်။ ဘုန်းကြီးကိုယ်တိုင်ကတော့ ခရစ်ယာန်ဘာသာ အပါအဝင်ဖြစ်တဲ့ ဘာသာပေါင်းစုံကို ကိုရင်ဘဝ တစ်ဆယ့်ငါးနှစ်သားလောက်ကတည်းက စပြီးတော့ လေ့လာ လိုက်စား ခဲ့ပါတယ်။

ပထမ လေ့လာလိုက်စားခဲ့ရာမှာတော့မိမိက အင်္ဂလိပ်ဘာသာ မတတ်သေးတော့ တခြားတခြား ပုဂ္ဂိုလ်တွေ မြန်မာဘာသာနဲ့ ရေးသားထားတဲ့ စာအုပ်တွေကို ဖတ်ရှုပြီး လေ့လာလိုက်စားခဲ့ပါတယ်။ နောက် မိမိ အင်္ဂလိပ် ဘာသာ သင်ယူလို့ ဖတ်နိုင်ပြုနိုင် နားလည်သဘောပေါက်နိုင်လာတဲ့ အခါကျတော့ ကိုယ်တိုင်ပဲဘာသာပေါင်းများစွာ အကြောင်းကို ရေးထားတဲ့ စာအုပ်ပေါင်း များစွာကို ဖတ်ရှုပြီး လေ့လာ လိုက်စားခဲ့ပါတယ်။

အထူးသဖြင့် ၁၉၅၅ ခုနှစ်ဆီလောက်က ဘုန်းကြီး ရန်ကုန်မှာ နေစဉ်က ဒီအခါမှာဆိုရင် ဘုန်းကြီးအသက်ဟာ ၂၅ နှစ်လောက် ရှိပါလိမ့်မယ်နဲ့ တူပါတယ်။ အဲဒီအချိန်က ရိုးကုမ္ပဏီရဲ့ တောင်ဘက်မှာရှိတဲ့ ဘက်ပတစ် ဘုရားရှိခိုးကျောင်းကို ဘုန်းကြီး နေ့စဉ်သွားပြီးတော့ အဲဒီက သင်းအုပ်ကြီးဖြစ်တဲ့ အမေရိကန် ဘုန်းကြီးထံမှာ ဗိုင်ဗယ်လ် (သမ္မာကျမ်းစာ) ကို သင်ယူပါတယ်။ ကင်းဂျိမ်းစ်အက်ဒီရှင်း (King James's Edition) လို့ မှတ်သားမိပါတယ်။ နှစ်ပေါင်းများစွာ ကြာသွားပါပြီ။ အဲဒီအချိန်မှာ ဘုန်းကြီးက ဦးပဥ္စင်းငယ်ပဲ ရှိသေးတယ်။

အဲဒီလို ဗိုင်ဗယ်လ်ကို သင်ယူလေ့လာတဲ့အခါမှာ နည်းနည်း အမြင်ကျဉ်းတဲ့ တချို့ ဗုဒ္ဓဘာသာ ဒကာ ဒကာမများနှင့် ဘုန်းကြီးအချို့က အပြစ်တင်တာ ဘုန်းကြီး ခံခဲ့ရပါတယ်။ သို့သော်လည်း ဘုန်းကြီးဟာ သွားမြဲသွား၊ သင်မြဲသင်ခဲ့ပါတယ်။

အဲဒီမှာ ဘုန်းကြီး သင်ယူတဲ့အတွက် ဘုန်းကြီးမှာ အကျိုးနှစ်မျိုး ရပါတယ်။ နံပါတ် (၁) က ဗိုင်ဗယ်လ်မှာလာတဲ့ သဘောတရားတွေကို အခြေခံကျကျ နားလည်သဘောပေါက်တဲ့အကျိုး ရပါတယ်။ နံပါတ် (၂) က အင်္ဂလိပ်စကားပြောတတ်တဲ့အကျိုး ရပါတယ်။ သင်ပေးတဲ့ပုဂ္ဂိုလ်က အမေရိကန်ဆိုတော့ အင်္ဂလိပ်လို သင်ပေးပါတယ်။ ဘုန်းကြီးက အင်္ဂလိပ်လို သင်ပေးပါလို့ပြောလို့ အင်္ဂလိပ်လို သင်ပေးပါတယ်။ ကိုယ်မေးချင်တာ ဆွေးနွေးချင်တာလဲအင်္ဂလိပ်ဘာသာနဲ့ပဲ ပြန်ပြီး မေးမြန်း ဆွေးနွေးပါတယ်။ အဲဒီနည်းအားဖြင့် အလေ့အကျင့်ရပြီးတော့ အင်္ဂလိပ်စကား ပြောတတ်တဲ့ အခြေအနေ အဲဒီအချိန်ကတည်းက စပြီးရခဲ့ပါတယ်။

ဘာကြောင့် ဘုန်းကြီး ဒီလိုဘာသာပေါင်းစုံ လေ့လာ လိုက်စားသလဲ ဆိုတော့ အမြင်ကျဉ်းနေမှာစိုးလို့ပါပဲ။ ကိုယ့်ဘာသာ တစ်ခုရဲ့ အကြောင်း ကိုသာ သိပြီးတော့ တစ်ခြားဘာသာတရားတွေရဲ့ အကြောင်းကို မသိရင် ကိုယ့်ဘာသာထဲမှာ ရှိနေတာကိုပဲ ကောင်းတယ်လို့ထင်ပြီး အမြင်ကျဉ်းနေမှာ စိုးလို့ လေ့လာလိုက်စားတာပါ။

အဲဒီလို လေ့လာလိုက်စားမိတဲ့အခါကျတော့ ဘာသာတိုင်း ဘာသာတိုင်းမှာ ကောင်းတဲ့အချက်တွေကပဲ များတယ်ဆိုတာ ဘုန်းကြီးတို့ တွေ့ရတယ်။ အဲဒီလို တွေ့ရတဲ့အခါကျတော့ ဘာသာအားလုံးအပေါ်မှာ ကြည်ညိုစိတ်ထားနိုင်တယ်။ အဲဒီစိတ်ထားလဲ ဖြစ်ပေါ်လာတယ်။ ဒီနည်းအားဖြင့် ဘာသာရေးအယူအဆအနေနဲ့ အမြင်မကျဉ်းပဲ အမြင်ကျယ်လာပြီးတော့ ခံယူချက်လဲ အမြင်ကျယ်လာပါတယ်။

ဒါကြောင့်ပဲ ဘုန်းကြီးရဲ့ အယူအဆအရ လူတိုင်းလူတိုင်းဟာ ဘာသာအယူဝါဒများစွာကို တတ်နိုင်သလောက် လေ့လာလိုက်စားထားရင် အကောင်းဆုံးပဲလို့ ယူဆပါတယ်။ ဘုန်းကြီးအနေနဲ့ဆိုရင် ကွန်မြူနစ်ဝါဒကိုတောင်မှပဲ လေ့လာလိုက်စားခဲ့ပါတယ်။ သို့သော် ဘယ်သူ့ဆီမှာမှတော့ တပည့်ခံ သင်ယူခဲ့တာ မဟုတ်ပါဘူး။ စာအုပ် လေးငါးအုပ်လောက်ကိုဖတ်ပြီး လေ့လာ လိုက်စားခဲ့တာပဲရှိပါတယ်။ ဆိုလိုတာက ဘယ်လို အယူဝါဒကိုပဲ ဖြစ်ဖြစ် လေ့လာလိုက်စားသင့်တယ်လို့ ယူဆတဲ့အတွက် ဒီလို လေ့လာလိုက်စားခဲ့တာကို ဘုန်းကြီး ပြောလိုပါတယ်။

**ကလေးဘဝကတည်းက စပြီးလေ့လာသင့်**

ဘုန်းကြီး လွန်ခဲ့တဲ့နှစ်က နွေရာသီမှာ ဘုန်းကြီးရဲ့ ချမ်းမြေ့ရိပ်သာကျောင်းကို လာပြီးတော့ ရှင်ပြုကြတဲ့ ရှင်သာမဏေကလေးတွေ၊ တရားလာအားထုတ်ကြတဲ့ ကျောင်းသားကလေးတွေအတွက် အခြေခံအနေနှင့် လွယ်လွယ်ကူကူ သင်ကြားရအောင်လို့ ရည်ရွယ်ပြီး **"အခြေပျိုး ဗုဒ္ဓဘာသာ"** ဆိုတဲ့ စာအုပ်တစ်အုပ် ရေးထုတ်ပါတယ်။ အဲဒီစာအုပ်ကို အဲဒီနွေရာသီ သင်ကြားဖို့အမီ ဖြစ်နိုင်အောင်ဆိုပြီး ၁၀ ရက်နဲ့အပြီး ရေးပြီး ထုတ်ဝေ လိုက်ပါတယ်။

အဲဒီ စာအုပ်ထဲမှာ တစ်ခြားစာအုပ်တွေနဲ့ မတူတဲ့ အချက်တစ်ခု ဘုန်းကြီး ထည့်ထားပါတယ်။ အခန်း (၁၁) [ ဒုတိယအကြိမ်ထုတ် စာအုပ် အခန်း (၁၇) ] မှာ ဘာသာကြီးငါးမျိုးရဲ့ အခြေခံ ယုံကြည်ချက်နဲ့ ဘာသာကြီးငါးမျိုး ဖြစ်ပေါ်လာပုံကို ထည့်ပေးထားပါတယ်။ ဘာကြောင့်လဲ

ဆိုတော့ ကလေးများ ငယ်စဉ်ကစပြီးတော့ တခြားဘာသာအယူဝါဒများကို လေ့လာ လိုက်စားသင့်တယ်ဆိုတဲ့ စိတ်ဓာတ် ဖြစ်ပေါ်ပြီး လေ့လာ လိုက်စားနိုင်တဲ့ အခြေခံ ရအောင်လို့ပါပဲ။

အဲဒီ ဘာသာကြီးငါးမျိုးထဲမှာ ဘုန်းကြီးတို့ ဒီက တချို့ ပုဂ္ဂိုလ်တွေ မကြားဘူးတဲ့ ဘာသာတောင် ပါပါတယ်။ ဘယ်ဘာသာလဲဆိုတော့ ဇိုရိုအက်စ်တားဘာသာပါပဲ။ ဒီ ဇိုရိုအက်စ်တား ဘာသာဆိုတာကို ဒီက ပုဂ္ဂိုလ်တွေ ကြားဘူးတဲ့သူ နည်းပါလိမ့်မယ်။ အဲဒီစာအုပ်မှာ ဟိန္ဒူဘာသာ၊ ဇိုရိုအက်စ်တားဘာသာ၊ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ အဲဒီ ဘာသာတွေအကြောင်းကို အဲဒီ ဘာသာတရားတွေ ဖြစ်ပေါ်လာပုံနှင့် အခြေခံယုံကြည်ချက်တွေကို အကျဉ်းချုံးပြီး ရေးထည့်ထားပါတယ်။ စာအုပ်ကို "ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာ"လို့ နာမည်ပေးထားပါတယ်။ ဒါမှာလဲ တွေ့တဲ့ပုဂ္ဂိုလ်များ လန့်မသွားအောင်လို့ ဘုန်းကြီးက "လူငယ်သင်"လို့ ရှေ့က စကားကလေး တပ်ထားပါတယ်။

လူငယ်သင်လို့ စကားလုံး တပ်ပေးထားသော်လည်းပဲ အဲဒီအထဲမှာ ရေးထားတဲ့ ဗုဒ္ဓဘာသာ အကြောင်းအရာတွေက တချို့လူကြီးတွေတောင် မသိသေးတဲ့ အကြောင်းအရာတွေ များပါတယ်။

အဲဒါကို ဒီကနေ့ ဘုန်းကြီးနှင့်အတူ ကပ္ပိယဒကာအဖြစ် ပါလာတဲ့ ဥပဒေအကျိုးဆောင် ဦးငွေထွန်းက စာအုပ် ၂၅ အုပ် ယူလာပါတယ်။ စာအုပ် ၂၅ အုပ် ယူလာသော်လဲ ဒီမှာ လေယာဉ်ပျံ အဆင်းကြတော့ အဲဒီစာအုပ်အထုပ် ပျောက်လို့ အခုအထိတော့ မတွေ့ရသေးဘူးတဲ့။ အလိုရှိသူများ သိနိုင် ကြည့်နိုင်အောင် ဆိုပြီးတော့ ဒကာ ဦးငွေထွန်းက ယူလာတာပါ။

**ဆွေးနွေးတာထက် ပိုအကျိုးရှိတယ်**

ဒီတော့ ဘုန်းကြီးပြောချင်တာက အခုပြောခဲ့တဲ့အတိုင်းပဲ လူတိုင်းလူတိုင်းဟာ မိမိရဲ့ ဘာသာကလေး သက်သက်ကိုသာ မလေ့လာမလိုက်စားဘဲ အခု ဘုန်းကြီးတို့ ခရစ်ယာန် ညီတော်နောင်တော်များလို တခြားတခြား ဘာသာတွေ ကိုလဲ

လေ့လာ လိုက်စားခြင်းအားဖြင့် မိမိတို့ရဲ့ ဘာသာရေးအသိဉာဏ် တိုးပွါးဖို့ ကြိုးစားသင့်ပါတယ်။ ဘာသာတိုင်းမှာ လိုက်နာစရာကောင်းတဲ့ အချက်တွေ ပြည့်နေတာပါပဲ။ အဲဒီ ကောင်းတဲ့အချက်တွေယူပြီး ကျင့်သုံးမယ် ဆိုရင် မိမိအတွက် အကျိုးများဖို့ချည်းပါပဲ။ ဒါကြောင့် လေ့လာ လိုက်စား သင့်ပါတယ်။

အခုတင်က ခရစ်ယာန်ဘုန်းတော်ကြီး ပြောသွားတဲ့အထဲမှာ ဘာပါသေးလဲဆိုတော့ ဒီတရားပွဲဟာ ပထမဆုံး တရားပွဲပါပဲတဲ့။ နောင်အခါမှာ အကြောင်းညီညွတ်ရင် ဟိန္ဒူဘာသာ တရားပွဲလဲ ကျင်းပချင် ကျင်းပရ ပါလိမ့်မယ်။ အစ္စလာမ်ဘာသာ တရားပွဲလဲ ကျင်းပချင် ကျင်းပရ ပါလိမ့်မယ်တဲ့။ အင်မတန်ကောင်းပါတယ်။ ဆွေးနွေးတာထက်တော့ အဲဒီလို တရားနာကြတာက ပိုခရီးရောက်တယ်လို့ ဘုန်းကြီးထင်ပါတယ်။

ဆွေးနွေးရင် တစ်ဦးနဲ့တစ်ဦး အချေအတင် ပြောနေတာနဲ့ အချိန်ကုန် သွားပြီးတော့ သိလိုတဲ့ ဘာသာတရားရဲ့ အရေးကြီးတဲ့ အချက်အလက်တွေ မသိလိုက်ရဘဲ လွတ်လွတ်သွားရတာမျိုး ရှိတတ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ အခုလို နာကြားတဲ့အခါကျတော့ ဟောတဲ့ပုဂ္ဂိုလ်ကလဲပဲ သက်ဆိုင်ရာ ဘာသာတရားထဲက အရေးကြီးတဲ့အချက်တွေ၊ နားလည်နိုင်လောက်တဲ့ အချက်တွေကိုပဲ ရွေးချယ်ပြီး ပြောသွားမှာဖြစ်တော့ အချိန် နည်းနည်းနဲ့ လိုရင်းခရီး ရောက်တယ်လို့ ဘုန်းကြီးက ယူဆပါတယ်။

**သိလိုတာ မေးသင့်ပါတယ်**

ဒီတော့ ဒီကနေ့ တရားပွဲကျင်းပရာမှာ တရားပွဲ ကျင်းပ လိုလို့ ပင့်ဖိတ်တဲ့ ကလေးမြို့နယ် ခရစ်ယာန် အသင်း တော်များကောင်စီက ပင့်ဖိတ်စာမှာ ဒီလို ရေးထား ပါတယ်။ တရားဆွေးနွေးရန် မဟုတ်ဘဲ တရားနာရုံ သက်သက်ပါလို့ ရေးထားပါတယ်။ ဒီတော့ ဘုန်းကြီးက အဲဒါ သဘောကျပါတယ်။ ဘာကြောင့် သဘောကျသလဲဆိုတော့ စောစောကပြောသလို ဆွေးနွေးရင် အချိန်ကုန်ပြီးတော့ ခရီးမရောက်တာ များလို့ပါ။ သို့သော် ဆွေးနွေးတာမဟုတ်ဘဲ တရားနာ ပြီးတဲ့အခါမှာ မိမိတို့ စိတ်ထဲမှာ မကြေညက်တဲ့ အချက် ကလေးတွေ၊

သံသယဖြစ်နေတဲ့ အချက်ကလေးတွေ၊ မရှင်းလင်းတဲ့ အချက်ကလေးတွေကို မေးမြန်းတာကတော့ ကောင်းပါတယ်။

တခြားနိုင်ငံတွေမှာ ဘုန်းကြီးတို့ အရှေ့အနောက် နိုင်ငံတွေ သွားပြီး ဗုဒ္ဓတရားတော် ဖြန့်ဖြူးတဲ့အခါမှာလဲ တရားတစ်ပွဲ ဟောပြီးရင် ဟောပြီးတိုင်း မေးလိုတဲ့ မေးခွန်းများ မေးကြပါလို့ ခွင့်ပြုပါတယ်။ အဲဒီ ခွင့်ပြုတဲ့အခါမှာ မေးလိုတဲ့ မေးခွန်းတွေ မေးကြပါတယ်။ တစ်ကြိမ် နှစ်ကြိမ်တော့ ဘုန်းကြီးတို့ နှုတ်နဲ့ မေးခွင့်ပြုခဲ့ပါတယ်။ ဘယ်မှာလဲ ဆိုတော့ ဟဝိုင်ယီကျွန်းက ဟိုနိုလူလူမြို့ ဇင်းဘုန်းကြီးကျောင်းမှာပါ။

အဲဒီမှာ တရားပွဲကျင်းပစဉ်က ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားကို မြန်မာလို ဟောပါတယ်။ အဲဒါ ဘုန်းကြီးက အင်္ဂလိပ်လို ဘာသာ ပြန်ပေးပါတယ်။ အဲဒီအချိန်မှာ တရားပွဲ ပြီးတဲ့အခါမယ် မေးခွန်းမေးကြပါလို့ဆိုတော့ အဲဒီမှာ နှုတ်မေးခွန်းတွေ မေးပါတယ်။ အဲဒီ နှုတ်မေးခွန်းထဲက မေးခွန်းတစ်ခုဟာ ဒီပရိသတ်လဲသိရင် ကောင်းမည့် မေးခွန်းဖြစ်တယ်လို့ ထင်ပါတယ်။ အဲဒါကို အချိန်ကျရင်တော့ ဒီမေးခွန်း ပြောပါမယ်။ အဲဒီမှာ နှုတ်မေးခွန်း ဘုန်းကြီးတို့ ခွင့်ပြုခဲ့ပါတယ်။

နောက်တစ်ခု၊ ဆွစ်ဇာလန်ပြည် ဇူးရစ်မြို့က ဇူးရစ် ယူနီဗာစီတီမှာ ဟောတဲ့ တရားပွဲမှာတော့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ၁၅ မိနစ် လောက်ပဲ မြန်မာလိုဟောပြီး ဘုန်းကြီးက အင်္ဂလိပ်လို ဘာသာပြန်တယ်။ သို့သော်လဲ ဆွစ်ဇာလန်ဆိုတော့ အင်္ဂလိပ်ဘာသာ ကျွမ်းကျွမ်းကျင်ကျင် တတ်တဲ့သူက နည်းပြီး များသောအားဖြင့် ဂျာမန် တတ်ကြတာများတယ်။ ဒါကြောင့် ဆွစ်ဒကာ ဒေါက်တာမိရ်ကိုဖရီးဗား ဆိုသူက ဂျာမန်ဘာသာ ပြန်ပေးတယ်။

ဒီတော့ တရားက သုံးဆင့်ဟောဖြစ်နေတော့ အချိန်စားနေတာနဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ၁၅ မိနစ်လောက်ပဲဟောပြီး "ကဲ-- ဦးဇနကပဲ အင်္ဂလိပ်လို ဆက်ပြီးတော့ ဟောပေတော့၊ ဟိုဒကာက

ဂျာမန်လို ဘာသာပြန်လိမ့်မယ်။ ဒါမှ အချိန်ရမယ်”လို့ မိန့်တော့ ဘုန်းကြီးက အင်္ဂလိပ်ဘာသာနဲ့ဟော၊ ဟိုဒကာက ဂျာမန်ဘာသာ ပြန်ပါတယ်။

**စာနဲ့ရေးပြီး မေးစေတယ်** တရားပွဲပြီးလို့ မေးခွန်း မေးကြပါဆိုတဲ့အခါကျတော့ ဒီအခါမှာလဲ နှုတ်မေးခွန်းတွေကိုပဲ ဘုန်းကြီးတို့ မှတ်မိသလောက်ဆိုရင် သုံးခုပဲမေးတယ်။ အဲဒါကလဲပဲ လက်တွေ့ တရားအားထုတ်မှုနဲ့ စပ်တဲ့ မေးခွန်းတွေပဲ ဖြစ်ပါတယ်။ ကျန်တဲ့ နေရာတွေမှာတော့ ဘုန်းကြီးက သူတို့မေးခွန်းတွေ စာရွက်နဲ့ ကျန်ရစ်စေချင်တာ တစ်ကြောင်း၊ ပြီးတော့ မေးခွန်းတွေစေ့အောင် ဖြေကြားဖို့ရာ အချိန်မရသော်လဲပဲ သူတို့ဘာမေးချင်တယ်ဆိုတာ သိလိုတာတစ်ကြောင်းကြောင့် မေးခွန်းကို စာရွက်နဲ့ရေးပြီး မေးကြပါလို့ခိုင်းတယ်။ အဲဒီတော့ စာရွက်နဲ့ရေးပြီးတော့ မေးကြတယ်။ စာရွက်နဲ့ ရေးမေးတဲ့အခါကျတော့ တစ်ယောက်ယောက်ကို အဲဒီမေးခွန်း အဖတ်ခိုင်းပြီး ဘုန်းကြီးတို့က ဖြေပါတယ်။

တရားပွဲ ပြီးတဲ့အခါ ဘုန်းကြီးတို့လက်ထဲမှာ အဲဒီမေးခွန်းတွေ ကျန်ရစ်ခဲ့ပါတယ်။ သူတို့မေးတဲ့ မေးခွန်းတွေထဲက တစ်ခါတရဲ တစ်ဝက်တောင် ဖြေဖို့ရာ အချိန်မလောက်ပါဘူး။ ဖြေဖို့ မေးခွန်းတွေ တစ်ဝက်ကျော်ကျော်ပဲ ကျန်နေတတ်ပါတယ်။ သို့သော်လဲ မေးခွန်းတွေ ရလိုက်ပါတယ်။ အဲဒီလို ရလိုက်တော့ အဲဒီပရိသတ်ရဲ့ စိတ်ထဲမှာ ဘာတွေ ရှိနေတယ်ဆိုတာ ဘုန်းကြီးတို့ နားလည်ရတယ်၊ သိရတယ်။ ဒါကြောင့်မို့ စာရွက်နဲ့ပဲ မေးခိုင်းရတယ်။

**ဒီလိုမေးပါ** အခု ဒီမှာလဲပဲ ဘုန်းကြီးတို့ မေးခွန်းမေးတာ သဘောကျပါတယ်။ မိမိတို့ ဗုဒ္ဓတရားနဲ့ ပတ်သက်လို့ မရှင်းလင်းတဲ့ မေးခွန်း၊ ဗုဒ္ဓတရားနဲ့ ပတ်သက်လို့ မိမိမှာ အသိဉာဏ်တိုးစေမည့် မေးခွန်းမျိုးကို မေးနိုင်ပါတယ်။ သို့သော် ဒီကနေ့ မမေးပါနဲ့ဦး။ တတိယနေ့မှာ နောက်ဆုံးနေ့မှာ မေးပါ။ မိမိတို့ မေးလိုတဲ့ မေးခွန်းကိုတော့ ခုကတည်းကပဲ ရေးထားနိုင်ပါတယ်။ ရေးထားပြီးတဲ့အခါ ခုနကပြောတဲ့ ခရစ်ယာန် အသင်းတော်များကောင်စီ လက်ထဲအပ်ပြီး အဲဒီက မေးခွန်းကို စိစစ်ပြီးမှ

ဘုန်းကြီးလက်ထဲ ထည့်ပါလိမ့်မယ်။ ဘုန်းကြီးလက်ထဲ ရောက်ပြန်တဲ့အခါကျတော့လဲ ဒီမေးခွန်းကို ဘုန်းကြီးက ကြည့်ပြီးတော့ ဖြေဖို့သင့်တဲ့ မေးခွန်းမှပဲ ဘုန်းကြီးက ဖြေပါမယ်။ ဖြေဖို့ မသင့်တဲ့ မေးခွန်းကို မဖြေပါဘူး။ ဖြေဖို့ မသင့်တဲ့ မေးခွန်းဆိုတာ အငြင်းပွါးစရာ ဖြစ်နိုင်မည့် မေးခွန်းမျိုးကို ဆိုလိုတာပါ။ အဲဒီ မေးခွန်းမျိုးကို ဘုန်းကြီး မဖြေပါဘူး။ အငြင်းပွားစရာ မဖြစ်မည့် မေးခွန်းမျိုးကိုမှပဲ ဖြေပါမယ်။

ဒီတော့ ပထမနေ့ ဒုတိယနေ့များမှာ သိသင့်သိထိုက်တာလေးတွေကို ပြောပြသွားပါမယ်။ တတိယနေ့မှာ ဘုန်းကြီးပြောလိုတာ ကုန်သွားရင် အဲဒီ တတိယနေ့ တစ်ချိန်လုံးဟာ အမေးအဖြေနေ့ ဖြစ်သွားပါလိမ့်မယ်။ တကယ်လို့ ဘုန်းကြီးပြောလိုတာဟာ တတိယနေ့အထိ မကုန်သေးရင် တတိယနေ့တရားပွဲ အချိန်တွင်းမှာ တဝက်ကို ဟောလိုတဲ့တရား ပြောလိုတဲ့တရား ဆက်ပြောပြီး ကျန်တဲ့အချိန် တဝက်ဟာ မေးခွန်းကို ဖြေတဲ့အပိုင်း ဖြစ်ပါလိမ့်မယ်။ အဲဒီအတိုင်း ဘုန်းကြီးတို့ ဒီတရားပွဲကို ကျင်းပကြပါစို့။

**ဘာသာဝါဒကိုးကွယ်တာ ဘာရည်ရွယ်ချက်လဲ**

ဒီတော့ အခုအချိန်ကစပြီး ဘုန်းကြီး တရားကို ဟောတဲ့အခါကျတော့ ဘာကစပြီး ဘုန်းကြီး ပြောလိုသလဲဆိုတော့ လူတိုင်းလူတိုင်းဟာ ဘာသာ အယူဝါဒတွေ ယုံကြည်ကြ၊ ကိုးကွယ်ကြ၊ ဆည်းကပ်ကြတယ်။ အဲဒီလို ယုံကြည်ကိုးကွယ် ဆည်းကပ်ကြတဲ့ ရည်ရွယ်ချက်က ဘာလဲ။ အဲဒါ ဘုန်းကြီးတို့ စဉ်းစားဖို့လိုပါတယ်။

တချို့တလေမှာတော့ မိရိုးဖလာအရ ယုံကြည်ကိုးကွယ်နေတာ ရှိတယ်။ ရည်ရွယ်ချက် ဘာရယ်လို့ မရှိဘူး။ တချို့တလေကျတော့လဲပဲ ဝါသနာပါလို့ လေ့လာတဲ့သဘောနဲ့ ဘာသာတရား ယုံကြည်ကိုးကွယ်နေကြတာရှိတယ်၊ ရည်ရွယ်ချက် ဘာရယ်လို့ မဟုတ်ဘူး။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာထဲမှာတောင် တချို့ ပုဂ္ဂိုလ်တွေ ကျောင်းတွေဆောက်လှူတယ်၊ ရဟန်းတွေပြု၊ ရဟန်းဒကာအဖြစ် ခံယူတယ်။ ဆွမ်းတွေကပ်၊ သင်္ကန်းတွေကပ်တယ်၊ ပစ္စည်းရှိလို့ ဗုဒ္ဓဘာသာဆိုတာ လှူရတန်းရတယ်လို့

သိထားလို့၊ ဒါကြောင့်လှူတယ်၊ တန်းတယ်၊ ကျွေးတယ်၊ မွေးတယ်၊ ပေးတယ်၊ ကမ်းတယ်။ သူ့စိတ်ထဲမှာ ဘာရည်ရွယ်ချက်မှ မရှိဘူး။ အဲဒီပုဂ္ဂိုလ်မျိုးတွေလဲ ရှိတယ်။

ဒါကြောင့် မိမိတို့ ဘာသာအယူဝါဒတွေကို ကိုးကွယ်တဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ။ ကိုယ့်ကိုယ်ကို ပြန်မေးသင့်ပါတယ်၊ စိစစ်သင့်ပါတယ်။

ဘာသာအယူဝါဒကို ကိုးကွယ်တဲ့ ရည်ရွယ်ချက် ဘာလဲဆိုတာ ပေါ်လာမှ အဲဒီရည်ရွယ်ချက်ကို ဖြည့်စွမ်းနိုင်တဲ့ အကျင့်လမ်းဟာ ဘယ်လို အကျင့်လမ်းမျိုး ဖြစ်မလဲ၊ ဘယ်လို အယူဝါဒမျိုး ဖြစ်မလဲဆိုတာ ကိုယ်တိုင် ဝေဖန်နိုင်တယ်။

ဒီလိုမဟုတ်ဘဲနဲ့ မျက်ကန်းလမ်းသွားသလို ဘယ်နေရာရယ်လို့ မှန်းထားချက်မရှိဘဲ ရမ်းသွားနေရင် မိမိတို့ ကိုးကွယ်တဲ့ ယုံကြည်တဲ့ ဘာသာအယူဝါဒနဲ့ အကျင့်လမ်းဟာ ဘာကို ဦးတည်နေတယ်လို့ မသိတဲ့ အခါကျတော့ လမ်းမှန်သလား မှားသလား မပြောနိုင်ဘူး။ ဒါကြောင့် အယူဝါဒတွေ ယုံကြည် ကိုးကွယ်တာဟာ ရည်ရွယ်ချက် ဘာလဲ။ ဒါ သိဖို့လိုတယ်။

ဒီတော့ အဲဒီ ရည်ရွယ်ချက်ဟာ ဘာလဲ ဆိုတဲ့ မေးခွန်းကို ဘုန်းကြီးတို့ သွေးရင်းသားရင်း ဒကာ ဒကာမတွေ ကိုယ့်စိတ်ထဲတွင် ကိုယ်ဖြေကြည့်ပါ။ “ငါတို့ ဘာသာအယူဝါဒတွေကို ယုံကြည်ကိုးကွယ် ဆည်းကပ်နေတဲ့ အဆုံးစွန်သော ရည်ရွယ်ချက်ဟာ ဘာလဲ။” အဲဒါ ကိုယ့်စိတ်ထဲတွင် ကိုယ်ဖြေကြည့်ပါ။

ဖြေကြည့်ပြီးတဲ့အခါမှာ ဘုန်းကြီးက အားလုံးသောလူများ ယုံကြည် ကိုးကွယ်တဲ့ ရည်ရွယ်ချက်ဟာ ဘာလဲဆိုတာ ပြောပြပါမယ်။ ပြောပြတဲ့ အခါကျတော့ ဘုန်းကြီးပြောတဲ့ ရည်ရွယ်ချက်နဲ့ တရားနာပရိသတ်များ ကိုယ့်စိတ်ထဲမှာ ကိုယ်တွေးထားတဲ့ ရည်ရွယ်ချက်နဲ့ တူသလား၊ မတူဘူးလား ဆိုတာ တိုက်ဆိုင်ကြည့်ပါ။ [ တစ်မိနစ်ခန့် တရား နားထားသည်။]

**ဆင်းရဲငြိမ်းချင်ချမ်းသာချင်လို့**

ဘာသာအယူဝါဒ ယုံကြည်ကိုးကွယ် ဆည်းကပ်တဲ့ ရည်ရွယ်ချက်ဟာ တခြားမဟုတ်ပါဘူး။ ဆင်းရဲငြိမ်းချင် ချမ်းသာချင်တဲ့ ရည်ရွယ်ချက်ပါပဲ။ မဟုတ်ပေဘူးလား။ (မှန်ပါတယ်ဘုရား။) ဆင်းရဲငြိမ်းအေး ချမ်းသာရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ယုံကြည် ဆည်းကပ်ကြတာ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။)

ကဲ ကိုယ့်စိတ်ထဲမှာ ကိုယ်ဖြေထားတဲ့ အဖြေနဲ့ တိုက်ကြည့်ပါ။ ဆင်းရဲမငြိမ်းချင်ရင်၊ ချမ်းသာကို မရချင်ရင် ဒုက္ခခံပြီးတော့ ဒီဘာသာရေး ကယိကထ လုပ်ငန်းတွေကို ဘာဖြစ်လို့ လုပ်နေမလဲ၊ မဟုတ်ပေဘူးလား။ (မှန်ပါတယ်ဘုရား။) ဆင်းရဲငြိမ်းချင် ချမ်းသာချင်လို့သာ ဒီ ကယိကထလုပ်ငန်းတွေကို လုပ်နေကြတာမဟုတ်ဘူးလား။ (မှန်ပါတယ်ဘုရား။) ဒါပဲ။ ဒီတော့ အဲဒါဟာ ဘာသာအယူဝါဒ တစ်ခုခုကို ခံယူထားတဲ့ပုဂ္ဂိုလ်တိုင်း၊ ယုံကြည် ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တိုင်းရဲ့ ရည်ရွယ်ချက်ပဲ။

အဲဒီ ဆင်းရဲငြိမ်းရေး ချမ်းသာရေးကိုပဲ မိမိတို့ဘာသာတရားက ညွှန်ကြားတဲ့ နည်းလမ်းများနဲ့ ရရှိအောင် ကြိုးပမ်းနေကြတယ်၊ လိုက်နာနေကြတယ်၊ ကျင့်ကြံနေကြတယ်၊ အားထုတ်နေကြတယ် မဟုတ်ပေဘူးလား။ (မှန်ပါတယ်ဘုရား။) ဒါပဲ။ တခြား ဘာမှမရှိဘူး။

**ဘာကြောင့် ဘာသာတရားတွေ ပေါ်လာသလဲ**

ဒီတော့ အဲဒီလိုဆိုရင် ဘုန်းကြီးတို့ ရှေ့ နည်းနည်း တစ်ဆင့်တိုးပြီးတော့ စဉ်းစားကြည့်ကြဦးစို့။ ဘာသာ အယူဝါဒကို ယုံကြည်ဆည်းကပ် ကိုးကွယ်တာဟာ ဆင်းရဲငြိမ်းလိုလို့၊ ချမ်းသာလိုလို့ ဆင်းရဲငြိမ်းရေး ချမ်းသာရေး ရည်ရွယ်ချက်နဲ့ ယုံကြည်ဆည်းကပ် ကိုးကွယ်နေကြတယ် ဆိုတော့ မေးခွန်းတစ်ခု ထပ်မေးကြဦးစို့။ ဘာကြောင့်များ ဒီ ဘာသာ အယူဝါဒတွေ ပေါ်ပေါက်လာရသလဲ။

ဘာသာအယူဝါဒတွေ ပေါ်ပေါက်လာလို့ ယုံကြည်ဆည်းကပ် ကိုးကွယ်ကြရတယ်။ ယုံကြည်ဆည်းကပ် ကိုးကွယ်လို့ ယုံကြည်ဆည်းကပ်ကိုးကွယ်သူ

ဘာသာဝင်တွေဆိုတာ ဖြစ်လာရတယ်။ ဒီတော့ အဲဒီ ဘာသာအယူဝါဒဟာ ဘာကြောင့်များ လောကကြီးမှာ ပေါ်ပေါက်လာရသလဲ၊ မပေါ်ပေါက်ဘဲများ နေရင် ပိုများ ကောင်းမလားဘဲ။ ဘာကြောင့် ဘာသာတရားတွေ ပေါ်ပေါက် လာရသလဲဆိုတာကို ဖြေကြည့်ပါ။ "ဘာကြောင့် ဘာသာတရားတွေ ပေါ်ပေါက်လာရသလဲ။"

**ကြောက်လို့** ဒီတော့ ကဲ ပရိသတ်၊ ဆင်းရဲမှာကြောက်သလား၊ မကြောက်ဘူးလား။ (ကြောက်ပါတယ်ဘုရား။) ကိုယ်ဆင်းရဲကို မကြောက်ဘူးလား။ (ကြောက်ပါတယ်ဘုရား။) စိတ်ဆင်းရဲကို မကြောက်ဘူးလား။ (ကြောက်ပါတယ်ဘုရား။) အဲဒီတော့ ကိုယ်ဆင်းရဲစိတ်ဆင်းရဲကို ကြောက်တဲ့ အတွက် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ငြိမ်းစေမည့် ဘာသာ အယူဝါဒ တစ်ခုကို ယုံကြည်ဆည်းကပ်ပြီး လိုက်နာ ကျင့်ကြံတာ မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား။) ဒီတော့ ဘာသာအယူဝါဒတစ်ခု ပေါ်ပေါက်လာတာဟာ ကြောက်လို့ဆိုရင် မှားသလား။ (မမှားပါဘုရား။) ဟုတ်တယ်၊ မမှားဘူး။

**သမိုင်းမတင်မီက ဘာသာဝါဒများ** လူပေါ်စအချိန်က ကျောက်ခေတ် ဆိုကြပါစို့။ ကျောက်ခေတ်မှာဆိုရင် လူတွေဟာ ကျောက်လက်နက်တွေကို အသုံးပြုပြီးတော့ သူတို့ရဲ့ အသက်မွေး ဝမ်းကျောင်းကို လုပ်ရတယ်။ ဘာလုပ်ရသလဲဆိုတော့ စိုက်ပျိုးရေးကို နားမလည်သေးတော့ တောကောင်သားကောင်တွေကို လိုက်ပြီး ဖမ်းဆီး သတ်ဖြတ် စားသောက်ခြင်းအားဖြင့် အသက်မွေးရတယ်။ အဲဒီနောက် တစ်ဆင့်တက်လာတယ်။ စိုက်ပျိုးရေးကို နားလည်လာတဲ့အခါကျတော့ စိုက်ပျိုးပြီး စားသောက်တဲ့ အလေ့အကျင့် ဖြစ်လာတယ်။ ဒါဟာ သမိုင်းမတင်မီခေတ်က လူကိုပြောတာ။

အဲဒီ သမိုင်းမတင်မီခေတ်က လူမှာကိုပဲ သူ့မှာ ကိုးကွယ်တဲ့ ဘာသာတရား ရှိနေတယ်။ ဘာကိုးကွယ်သလဲဆိုတော့ တောတွေ ကိုးကွယ်တယ်၊ တောင်တွေ ကိုးကွယ်တယ်၊ မြစ်ချောင်းအင်းအိုင်တွေ ကိုးကွယ်တယ်။

အသိဉာဏ်က မဖွံ့ဖြိုးသေးတော့ သားကောင်တွေကို လိုက်လို့မရရင် တောကြောင့်ထင်တယ်။ တစ်ခါ သားကောင်ကို လိုက်လို့မှ သားကောင်နဲ့ ရင်ဆိုင်ရတဲ့အခါမှာ သားကောင်က အနိုင်ရသွားလို့ မိမိတို့ ဒဏ်ရာအနာတရနဲ့ သေကြေပျက်စီး ဖြစ်ရင်လဲပဲ တောကြောင့် တောင်ကြောင့်လို့ထင်တယ်။ အဲဒီတော့ တောတောင်ကို ပူဇော်ပသရင် ဘေးရန်အန္တရာယ် ကင်းကင်း ရှင်းရှင်းနဲ့ ဒီသားကောင်တွေကို လွယ်လွယ်ကူကူ ဖမ်းဆီးသတ်ဖြတ် စားသောက်နိုင်မယ် လို့ ထင်တယ်။ ဒီလို ထင်တဲ့အတွက် တောတွေ ကိုးကွယ်တယ်၊ တောင်တွေ ကိုးကွယ်တယ်။

တစ်ခါ စိုက်ပျိုးရေး အသိဉာဏ်ဖြစ်ပေါ်လာလို့ စိုက်ပျိုး စားသောက်ကြ ပြန်တော့လဲ မိုးများလို့ စိုက်ပင် ပျိုးပင်တွေ ပျက်စီးတယ်။ မိုးမရွာလို့ စိုက်ပင် ပျိုးပင်တွေ ပျက်စီးတယ်။ ဒီအခါကျတော့ မိုးကို ကြောက်လာတယ်။

မိုးသာမရွာဘဲထားလိုက်ရင် တို့စိုက်ပင်ပျိုးပင်တွေ မဖြစ်လို့ မစားရ မသောက်ရဘူး၊ မိုးက သိပ်ရွာလိုက်လို့ ရေကြီးပြန်ရင်လဲ စိုက်ပင်ပျိုးပင်တွေ ရေနစ်နောက် မျောပါသွားတဲ့အတွက် သီးနှံမရလို့ မစားရပြန်ဘူး။ ဒါနဲ့ မိုးမရွာမှာကြောက်သလို မိုးရွာမှာကိုလဲပဲ ကြောက်လာပြန်တယ်။ ဒါကြောင့် မိုးကို ကိုးကွယ်ဆည်းကပ်လာကြတယ်။

အဲဒီနည်းအားဖြင့် လူရဲ့ အကြောက်တရားကြောင့် အားကိုးစရာ လိုက်ရှာတဲ့အခါ မိမိတို့ဉာဏ်ထဲမှာ အားကိုးရာပဲ၊ ဒီအကြောက်တရားကို မကြောက်ရအောင် လုပ်ပေးမည့်အရာပဲ၊ ဆင်းရဲကို ငြိမ်းပေးမည့် အရာပဲလို့ ယူဆတာတွေကို အားကိုးရာအနေနဲ့ယုံကြည်ကြတယ်၊ ကိုးကွယ်ကြတယ်၊ ဆည်းကပ်ကြတယ်။ အဲဒီနည်းအားဖြင့် ယုံကြည်ကိုးကွယ်ရတဲ့ ဘာသာ အယူဝါဒခေါ်တဲ့ ပါဠိလိုဆိုရင် "သရဏ"တွေ ပေါ်လာတယ်။ သရဏဆိုတာ အားကိုးရာ ကိုးကွယ်ရာလို့ အဓိပ္ပါယ်ရတယ်။

ဘုရားဟာ သရဏ= အားကိုးရာ ကိုးကွယ်ရာပဲ။ ဘုရားရှင်ရဲ့ တရားတော်ဟာ သရဏ= အားကိုးရာ ကိုးကွယ်ရာပဲ။ ဘုရားရှင်ရဲ့ တပည့်သား သံဃာတော်ဟာ သရဏ= အားကိုးရာ ကိုးကွယ်ရာပဲ။ ဒီတော့ အဲဒီလို

သရဏလို့ခေါ်တဲ့ အားကိုးရာ ကိုးကွယ်ရာ ဘာသာအယူဝါဒတွေ ပေါ်ပေါက်လာတာဟာ ဆင်းရဲကိုကြောက်လို့ မိမိတို့ ဉာဏ်သက်ဝင်ရာကို အားကိုးရာ ကနေပြီး ပေါ်ပေါက်လာတာပဲ။

**မြတ်စွာဘုရားမပွင့်မီက** ဘုန်းကြီးတို့ မြတ်စွာဘုရားက တစ်ချိန်က ဒီဘာသာ အယူဝါဒ ပေါ်ပေါက်လာခြင်းရဲ့ အကြောင်းကို ထောက်ပြဖူးတယ်။ ဘယ်လိုလဲဆိုတော့ မြတ်စွာဘုရား ပွင့်တော်မူတာ ဘီစီ ၆၀၀ စုမှာ ပွင့်ခဲ့တယ်။ အဲဒီ မြတ်စွာဘုရား မပွင့်မီ ကလေးမှာ မင်းရဲ့ ပုရောဟိတ် ဘဝကနေပြီး ရသေ့ဝတ်သွားပြီးတော့ ရသေ့တရားတွေ ကျင့်ကြံပွါးများ အားထုတ်နေတဲ့ အဂ္ဂိဒတ္တဆိုတဲ့ ရသေ့ကြီးရှိတယ်။ သူ့မှာ အခြွေအရံ ရသေ့ပရိသတ်တွေ အများကြီးရှိတယ်။

သူတို့ဟာ တစ်နေရာ တောထဲမှာ ရသေ့တို့ရဲ့အကျင့်ကို ကျင့်နေကြတဲ့ အချိန်မှာ သူ့ရဲ့ ရသေ့တပည့်တွေက သူတို့ဆရာကြီးကိုမေးတယ်။ ဆရာကြီး၊ ဆရာကြီး ညွှန်ကြားတဲ့အတိုင်း ကျွန်ုပ်တို့ နေကြ၊ ထိုင်ကြ၊ ကျင့်ကြံကြတော့ ချမ်းသာပါတယ်။ ဒီလို ချမ်းသာတာပင် မှန်သော်လဲ တခြား ကိုးကွယ်စရာ၊ အားထားစရာ၊ အားကိုးစရာ ရှိသေးတယ်လို့ ကျွန်ုပ်တို့ ထင်ပါတယ်။ ဒါကြောင့် ဘာတွေများ အားကိုးရ ကိုးကွယ်ရမလဲမေးတော့ အဂ္ဂိဒတ္တရသေ့က သူ့စိတ်ထဲမှာ ထင်ရာမြင်ရာကို ရသေ့တွေ စိတ်ကျေနပ်အောင် ပြောလိုက်တယ်။ မြစ်ကို ကိုးကွယ်ရ အားကိုးရမယ်၊ တောတောင်ကို ကိုးကွယ်ရ အားကိုးရမယ်၊ သစ်ပင်ကို ကိုးကွယ်ရ အားကိုးရမယ်လို့ ဒီလိုပြောလိုက်တယ်။

ဒီလို ပြောလိုက်တော့ ဆရာရသေ့စကားကို တသဝေမတိမ်း လိုက်နာတဲ့ ရသေ့တပည့်တွေဟာ သစ်ပင်ကိုလဲ ကိုးကွယ်ရာအဖြစ် ယုံကြည် ယူမှတ်တယ်။ မြစ်ကိုလဲ ကိုးကွယ်ရာအဖြစ် ယုံကြည်ယူမှတ်တယ်။ တောတောင်ကိုလဲ ကိုးကွယ်ရာအဖြစ် ယုံကြည်ယူမှတ်တယ်။ ဒါပေမယ့် သူတို့ကျင့်တာကတော့ ရသေ့တို့ ကျင့်မြဲဖြစ်တဲ့ သမထကမ္မဋ္ဌာန်းကို ကျင့်ကြံပွါးများ အားထုတ်တာပဲ။

**မြတ်ဗုဒ္ဓမိန့်တော်မူပုံ** မြတ်စွာဘုရား ပွင့်တော်မူလာတဲ့ အခါကျတော့ ဒီအင်္ဂုဒ္ဒတ္တ ဦးဆောင်တဲ့ ရသေ့တွေကို မြတ်စွာဘုရားက မိမိ သိထား ရထားတဲ့ တရားကို ဟောဖို့ အခွင့်ကြုံလာတော့ ဒီရသေ့တွေကို မြတ်စွာဘုရားက တရားဟောတယ်။ ဟောတော့ ဘယ်က စသလဲဆိုတော့ "အို ရသေ့အပေါင်းတို့၊ လူတွေဟာ ကြောက်လို့ အားကိုးရှာကြတယ်၊ ကြောက်လို့ အားကိုးရာ ကိုးကွယ်ရာ ရှာကြတဲ့အခါကျတော့ တချို့က မိမိတို့ ဉာဏ်သက်ဝင်ရာ တောင်ကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်။ တချို့က တောကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်။ တချို့က သစ်ပင်ကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်။ တချို့ကတော့ သစ်သီးဥယျာဉ် ပန်းဥယျာဉ်တွေကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်။ တချို့ကတော့ နတ်ကွန်းတွေကို အားကိုးရာပဲလို့ ယုံကြည်ကြတယ်။ အဲဒီလို အားကိုးရာပဲလို့ ယုံကြည်ပြီးတော့ ကိုးကွယ်ဆည်းကပ်တဲ့ အကြောင်းရင်းက ဘာလဲဆိုတော့ ကြောက်လို့ပဲ။" အဲဒီကစပြီး ဟောတော်မူတယ်။

**ကြောက်ကြတာတွေ** ကြောက်တယ်ဆိုတာ အကျဉ်းချုံးလိုက်ရင် ကိုယ်ဆင်းရဲမှာကြောက်တယ်၊ စိတ်ဆင်းရဲမှာ ကြောက်တယ်။ ဒါပဲ။ အစားအသောက် မလောက်မငရင် ကိုယ်ဆင်းရဲတယ်၊ စိတ်လဲဆင်းရဲတယ်၊ ဒါလဲကြောက်တယ်။

အဝတ်အစားမပြည့်စုံရင် ကိုယ်ဆင်းရဲတယ်၊ စိတ်ဆင်းရဲတယ်၊ ဒါလဲကြောက်တယ်။

နေစရာအိမ် အိမ်ခန်း အိမ်ရာတွေ မပြည့်စုံရင် ကိုယ်ဆင်းရဲတယ်၊ စိတ်ဆင်းရဲတယ်၊ ဒါလဲကြောက်တယ်။

ရောဂါဘယ ဖြစ်ပွါးပြီး နာဖျားမကျန်း ဖြစ်ပြီဆိုရင် ကိုယ်ဆင်းရဲတယ်၊ စိတ်ဆင်းရဲတယ်၊ ဒါလဲကြောက်တယ်။

မိမိရဲ့ သားသမီး ဇနီး ခင်ပွန်း ဆွေမျိုးဉာတကာ သေဆုံး ပျက်စီးရင် စိတ်ဆင်းရဲတယ်၊ အဲဒီ စိတ်ဆင်းရဲလဲ မတွေ့လိုဘူး။ ဒါလဲကြောက်တယ်။

မိမိလုပ်တဲ့စီးပွါး မဖြစ်မှာ စိုးရိမ်ပြီးကြောက်တယ်၊ စီးပွါးမရမှာကိုလဲ ကြောက်တယ်၊ ဒါလဲကြောက်တယ်။

မိမိ ရာထူးကြီးကြီး မရမှာကိုလဲ ကြောက်တယ်၊ ရထားတဲ့ ရာထူးက ပြုတ်သွားမှာကိုလဲကြောက်တယ်၊ ရထားတဲ့ ရာထူးကနေပြီးတော့ မတက်ဘဲ နေမှာလဲ ကြောက်တယ်။

အဲဒီလို အကြောက်မျိုးပေါင်းများစွာဟာ အကျဉ်းချုံးလိုက်တော့ ဆင်းရဲခြင်းကို ကြောက်တာချည်းပဲ။ အဲဒီ ဆင်းရဲခြင်းကို ကြောက်တဲ့အတွက်ပဲ မဆင်းရဲရအောင်ဆိုပြီးတော့ ကိုးကွယ်ရာ အားကိုးရာ ရှာရာကနေပြီးတော့ ဘာသာ အယူဝါဒ ကိုးကွယ်စရာတွေ ပေါ်လာတယ်။ မြတ်စွာဘုရား ဒါကို မိန့်ကြားတော်မူလိုတယ်။

အဲဒါ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီသဘာဝကျတဲ့ အကြောင်းအကျိုး ညီညွတ်တဲ့ အယူအဆကို လက်ခံနိုင်သလား၊ လက်မခံနိုင်ဘူးလား။ ကြောက်လို့ ကိုးကွယ်စရာ ဘာသာအယူဝါဒတွေ ပေါ်လာတယ်ဆိုတော့ ဘယ့်နှယ်လဲ။ (လက်ခံနိုင်ပါတယ်ဘုရား။) ဘုန်းကြီးကတော့ အဲဒါ သိပ်ကို ပြည့်ပြည့်ဝဝကြီး လက်ခံတယ်။ မကြောက်ရင် ဘာ ဘာသာအယူဝါဒမှ မကိုးကွယ်ဘူး၊ ကြောက်လို့သာ ကိုးကွယ်ကြတာ။

ဘာကိုကြောက်သလဲ။ မျိုးစုံကိုကြောက်တယ်။ စိတ်ဆင်းရဲမှာလဲ ကြောက်တယ်၊ ကိုယ်ဆင်းရဲမှာလဲ ကြောက်တယ်။ အဲဒါကြောက်တဲ့အတွက် ဒီဘာသာကို ကိုးကွယ်ရင်ဖြင့် မဆင်းရဲဘူး၊ ချမ်းသာလိမ့်မယ်လို့ ယုံကြည်တော့ ဒီဘာသာကို ကိုးကွယ်တယ်၊ ဟိုဘာသာကို ကိုးကွယ်ရင်ဖြင့် မဆင်းရဲပေဘူး၊ ချမ်းသာပေလိမ့်မယ်၊ ဒါကို ယုံကြည်တယ်၊ ဒါကြောင့်မို့ ဟိုဘာသာကို ကိုးကွယ်တယ်။

**ဒီလို ပေါ်ပေါက်လာတယ်**

ဘုန်းကြီးတို့ အခုနက သွေးရင်းသားရင်းဖြစ်တဲ့ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါး ဆုတောင်းသွားတဲ့ အထဲမှာ ပါပါတယ်။ ဘယ်လို ပါသလဲဆိုတော့

"ဒီ ပရိသတ်ကြီးကို ထာဝရဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကောင်းချီး မင်္ဂလာ ပေးတော်မူပါစေ"တဲ့။ ဟော ကောင်းချီးမင်္ဂလာ ပေးပါစေဆိုတာ ချမ်းသာ ပေးပါစေလို့ ဆိုလိုသလား၊ ဆင်းရဲ ပေးပါစေလို့ ဆိုလိုသလား။ (ချမ်းသာ ပေးပါစေလို့ ဆိုလိုပါတယ်ဘုရား။) ချမ်းသာ ပေးပါစေလို့ ဆိုကတည်းက သူဟာ ဆင်းရဲကြောက်တာ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ် ဘုရား။) အဲ ဆင်းရဲကြောက်တာပဲ။

ဒီတော့ အဲဒီဆင်းရဲကို မပေးဘဲနဲ့ ချမ်းသာ ပေးဖို့ရာ ဘယ်သူက တတ်နိုင်မလဲဆိုတော့ ထာဝရဘုရားသခင်က တတ်နိုင်တယ်လို့ မယုံကြည် ပေဘူးလား။ (ယုံကြည်ပါတယ်ဘုရား။) ယုံကြည်တော့ ထာဝရဘုရားသခင်ကို မကိုးကွယ်ဘူးလား။ (ကိုးကွယ်ပါတယ်ဘုရား။) အဲဒီတော့ ထာဝရဘုရားသခင် ကိုးကွယ်တဲ့ ဘာသာအယူဝါဒ တစ်ခု ပေါ်မလာပေဘူးလား။ (ပေါ်လာပါတယ် ဘုရား။) ဒါကြောင့် ကြောက်လို့ ဘာသာအယူဝါဒတွေ ပေါ်လာတယ်၊ မဟုတ်ပေဘူးလား။ (မှန်ပါတယ်ဘုရား။) အဲဒါဟာ ဘာသာအယူဝါဒ ပေါ်လာခြင်းရဲ့ အကြောင်းပဲ။

**ဒီလို ဆုံးဖြတ်ပါ**

ဒီတော့ ဘာသာအယူဝါဒ ပေါ်လာခြင်းရဲ့ အကြောင်းနဲ့ အဲဒီ ဘာသာအယူဝါဒကို ကိုးကွယ်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ဘုန်းကြီးတို့ မျက်ခြေမပြတ်မှ ဒို့ လုပ်နေတာဟာ ဒီ ရည်ရွယ်ချက်ကို ပြည့်စုံစေသလား၊ မပြည့်စုံစေဘူးလားဆိုတာ အကဲခတ် အကဲဖြတ်လို့ရတယ်။ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အဲ မိမိတို့ လိုလားတဲ့ ရည်ရွယ်ချက် ပြည့်စုံစေမှပဲ ဒီအရာဟာဖြင့် ဒို့လိုက်နာသင့်တဲ့ အရာပဲလို့ ဆုံးဖြတ်ရမှာပေါ့။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) မိမိတို့ လိုလားတဲ့ ရည်ရွယ်ချက်ကို မပြည့်စုံစေရင် ဒီအရာဟာ မဟုတ်သေးဘူးလို့ မဆုံးဖြတ်နိုင်ပေဘူးလား။ (မှန်ပါဘုရား၊ ဆုံးဖြတ်နိုင်ပါတယ်ဘုရား။)

ဘုန်းကြီး ထပ်ပြီး မေးပါ့မယ်။ ဘုန်းကြီးတို့ပရိသတ် ဘာသာအယူဝါဒ ကိုးကွယ်တဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ။ ဆင်းရဲငြိမ်းအေး ချမ်းသာရေးဆိုတဲ့

ရည်ရွယ်ချက် မဟုတ်ဘူးလား။ (မှန်ပါဘုရား။) ဟုတ်လား၊ ဘာသာ အယူဝါဒ ကိုးကွယ်ရတဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ။ (ဆင်းရဲခြင်း ငြိမ်းလိုလို့ပါဘုရား။) ဆင်းရဲငြိမ်းရေး ချမ်းသာရေးဆိုတဲ့ ရည်ရွယ်ချက်ပဲ။ အမှန်တော့ ဒီနေရာမှာ ရည်ရွယ်ချက်နဲ့ အကြောင်းတရားဟာ ကွဲပြားသလိုလိုနဲ့ မကွဲပြားပါဘူး၊ အတူတူပဲ။

**ဆင်းရဲမှာ ကြောက်လွန်းလို့** ဒီတော့ တစ်ခါပြန်မေးမယ်။ ဘာသာအယူဝါဒတွေ ဘာကြောင့် ပေါ်ပေါက်လာသလဲ။ (ကြောက်လို့ပါဘုရား။) ကြောက်လို့ ပေါ်ပေါက်လာတယ် မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒီတော့ ထာဝရဘုရားသခင် ကိုယ်တော်မြတ်ဟာ ဒီပရိသတ်ကို ကောင်းချီးမင်္ဂလာ ပေးတော်မူပါဆိုတဲ့ စကားကို ကြည့်ခြင်းအားဖြင့် ကြောက်လို့ ထာဝရဘုရားသခင်ကို ကိုးကွယ်တယ်ဆိုတဲ့ အဓိပ္ပါယ် မသက်ရောက်ပေဘူးလား။ (သက်ရောက်ပါတယ်ဘုရား။) ချမ်းသာပေးပါ၊ ဆင်းရဲများဖြင့် မပေးလိုက်ပါနဲ့၊ ဟုတ်ကဲ့လား။ (မှန်ပါဘုရား။)

ကိုယ်တော်မြတ်ဟာ ဆင်းရဲလဲ ပေးနိုင်စွမ်းတယ်၊ ချမ်းသာလဲ ပေးနိုင်စွမ်းတယ်။ ဒါပေမယ့် ဆင်းရဲတော့ မပေးလိုက်ပါနဲ့၊ ချမ်းသာကိုပဲ ပေးတော်မူပါ။ ဒါကြောင့်မို့ ကိုယ်တော်မြတ်ကို အကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်ပါတယ်ဆိုတဲ့ အဓိပ္ပါယ် မဟုတ်ဘူးလား။ (မှန်ပါဘုရား။) အဲဒီတော့ ဘာသာအယူဝါဒတစ်ခု ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား။) ဘာလို့ ပေါ်လာသလဲ။ (ကြောက်လို့ပါ ဘုရား။) ကြောက်လို့ ပေါ်လာတယ် မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

ကဲ ဒါဖြင့် ထားတော့။ ဒါက မိမိတို့ ဘာသာအယူဝါဒကို ကိုးကွယ်ခြင်းရဲ့ ရည်ရွယ်ချက် မျက်ခြည်မပြတ်ဖို့၊ ပြီးတော့ ကိုယ့်ရည်ရွယ်ချက်ကို သေသေချာချာသိဖို့၊ တစ်ခါ ဘာသာအယူဝါဒတွေ ဘာကြောင့် ပေါ်ပေါက်လာသလဲဆိုတဲ့ အရင်းအမြစ်တွေကို သိထားဖို့ပဲ။ ဒါကြောင့် ဘုန်းကြီးက ရှင်းလင်း ပြောပြတာပါ။

**ဘာသာတရားအမျိုးမျိုး ကွဲပြားပုံ**

အဲဒီလို ဘာသာအယူဝါဒတွေ မိမိတို့ ဉာဏ် သက်ဝင်ရာ ဆင်းရဲငြိမ်းစေလိမ့်မယ်၊ ချမ်းသာကို ရစေလိမ့်မယ်လို့ ထင်တဲ့ ဘာသာအယူဝါဒကို ကိုးကွယ်ဆည်းကပ် ယုံကြည်လာကြတဲ့အခါကျတော့ ဘာသာ အမျိုးပေါင်း မြောက်မြားစွာ ဖြစ်လာတယ်။

ဘာကြောင့် ဘာသာအမျိုးပေါင်း ဒါလောက် များလာသလဲဆိုတော့ ဒေသအလိုက်၊ ကာလအလိုက်၊ ပြီးတော့ အဲဒီဒေသ၊ အဲဒီကာလမှာ နေတဲ့ ပုဂ္ဂိုလ် သတ္တဝါတို့ရဲ့ ဉာဏ်ပညာ အရည်အသွေး အဆင့်အတန်းအလိုက် ယုံကြည် သက်ဝင်မှုကလဲ ကွဲပြားလာတော့ ဘာသာအယူဝါဒဟာလဲ မြောက်မြားစွာ ကွဲပြားလာရတယ်။

ဘယ်လောက်ပင် မြောက်မြားစွာ ဘာသာအယူဝါဒ ကွဲပြားလာသော်လဲ ရည်ရွယ်ချက်က တစ်ခုတည်းပဲ။ ဘာလဲလို့ဆိုတော့ ဆင်းရဲငြိမ်းရေး ချမ်းသာရေး ရည်ရွယ်ချက်ပဲ။

## ဆောင်ပုဒ်

ကိုယ်စိတ်ဆင်းရဲ၊ ကြောက်လို့ပဲ၊ သူလဲ အားကိုးရှာလေသည်။
ကိုယ်စိတ်ဆင်းရဲ၊ ကြောက်လို့ပဲ၊ ငါလဲ အားကိုးရှာပေသည်။
ဘာသာဝါဒ၊ မှန်သမျှ၊ ကြောက်ကြလို့ပဲ ဖြစ်ပေါ်သည်။
ဆင်းရဲအဖြာဖြာ၊ ငြိမ်းဖို့ရှာ၊ ဘာသာကိုးကွယ်သည်။
ရည်ရွယ်ချက်က၊ ထိုဒုက္ခ၊ ငြိမ်းကြဖို့ပဲ ဖြစ်ပေသည်။
ဆင်းရဲငြိမ်းရန်၊ အလုပ်မှန်၊ ဧကန် လုပ်ရမည်။
ဒုက္ခငြိမ်းရန်၊ တရားမှန်၊ ဧကန် ကျင့်ရမည်။
ကျင့်စဉ်မှန်မှ၊ ထိုဒုက္ခ၊ မုချ ငြိမ်းအေးသည်။

**ဗုဒ္ဓဘာသာအကြောင်း** အဲဒီလို မြောက်မြားစွာ ကွဲပြားလာတဲ့အထဲက ဘုန်းကြီး အခု ပြောရမှာက ဘုန်းကြီးတို့ သွေးရင်းသားရင်း ပရိသတ်က တောင်းဆိုတဲ့ အတိုင်း ဗုဒ္ဓဘာသာ တရားရဲ့အကြောင်းကို ဘုန်းကြီး ဒီကနေ့ ပြောရမယ်။ ဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အယူဝါဒပါပဲ။ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်သုံး အနေနဲ့ဆိုရင် ဗုဒ္ဓသာသနာလို့လဲ သုံးတယ်။ သာသနာ ဆိုတာ အဆုံးအမ၊ ဗုဒ္ဓသာသနာဆိုတာ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အဆုံးအမ၊ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဆုံးမထားတဲ့ ဒီစကားတော်တွေ အဆုံးအမတော်တွေကို ဗုဒ္ဓသာသနာလို့လဲ ခေါ်တယ်၊ ဗုဒ္ဓဘာသာလို့လဲ ခေါ်တယ်။

**လွယ်ရာက စပြောမယ်** အဲဒီ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အဆုံးအမအတိုင်း လိုက်နာကြ၊ ကျင့်ကြံကြ၊ ပွါးများအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ဗုဒ္ဓဝါဒီ မြတ်စွာဘုရားရဲ့ အယူဝါဒကို လိုက်နာတဲ့ ပုဂ္ဂိုလ်တွေ၊ မြတ်စွာဘုရားရဲ့ အဆုံးအမကို လိုက်နာကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေ၊ ဗုဒ္ဓ သာသနာဝင်တွေ၊ တစ်ခါ နောက်ဆုံးပေါ်လာတဲ့ စကားလုံးအရ ဗုဒ္ဓဘာသာဝင် တွေ၊ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ တရားတော် အဆုံးအမတည်းဟူသော ဘာသာကို သက်ဝင်ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေလို့ ဒီလိုခေါ်တယ်။

ဒီတော့ အဲဒီဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာ၊ ဗုဒ္ဓဝါဒဆိုတဲ့ ဗုဒ္ဓရှင်တော် မြတ်ဘုရားရဲ့ အဆုံးအမတွေကို သိလိုတဲ့အခါမှာ ဘုန်းကြီးတို့ ဗုဒ္ဓရှင်တော် မြတ်ဘုရားရဲ့ အကြောင်းကိုတော့ နည်းနည်း ပြောဦးမှ ဖြစ်မယ်။ ဗုဒ္ဓရှင်တော်မြတ်ရဲ့ အကြောင်းကို နည်းနည်းပြောပြီးမှပဲ ဗုဒ္ဓရှင်တော် မြတ်ဘုရားရဲ့ အဆုံးအမ တရားတော်တွေ ဆက်ရမယ်။

ဘုန်းကြီးက ဗုဒ္ဓတရားတော်ကို လွယ်ရာကစပြီးတော့ တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့် ပြောသွားမှာပါ။ နောက်ဆုံးမှာ ဘုန်းကြီးတို့ သွေးရင်း သားရင်းဖြစ်တဲ့ ခရစ်ယာန် ဘာသာဝင်တွေက နာကြားလိုတယ်ဆိုတဲ့ ပင့်စာထဲမှာပါတဲ့ နိဗ္ဗာန်ရောက်ကြောင်း ဗုဒ္ဓတရားတော်ကို အဲဒ် နိဗ္ဗာန် ရောက်တဲ့အထိ ဘုန်းကြီး ပြောပြပါမယ်။

ဒါကြောင့် ဘုန်းကြီးပြောချင်တာက ဘုန်းကြီးဟာ ဗုဒ္ဓအယူဝါဒကို အနိမ့်ဆုံး အဆင့်ကနေပြီးတော့ တစ်ဆင့်စီ တစ်ဆင့်စီ တက်တက် ပြောသွားမှာဖြစ်တဲ့အတွက် ဘုန်းကြီးတို့ သွေးရင်းသားရင်းဖြစ်တဲ့ ပရိသတ်ကလဲ ဒီကနေ့ကလေးတွင်သာ လာပြီးတော့ နာကြားတာ မဟုတ်ဘဲ နောက်ဆုံးနေ့ အထိ လာပြီး နာကြားမှသာလျှင် အစအဆုံး အပြည့်အစုံ သဘောပေါက် လိမ့်မယ်လို့ ဘုန်းကြီးက ပြောချင်ပါတယ်။

တရား တစ်ခုခုကို အခြေခံက စပြီးတော့ တစ်ဆင့်တစ်ဆင့်တက်ပြီး ရှင်းလင်း ဟောပြတဲ့အခါမှာ အခြေခံ အဆင့်လောက်ကို နားလည်ထားတဲ့ တရားနာပရိသတ်အချို့က "မထူးပါဘူးကွယ်၊ သိထားသားပဲ" ဆိုပြီးတော့ တရားကို ဆုံးအောင်မနာဘဲ နေတတ်ကြတယ်။ ဒီလို ဆုံးအောင် မနာကြတော့ တကယ့် အဆင့်မြင့်မြင့် တရားကျတော့ နားမထောင်ရ၊ မကြားရတဲ့အတွက် သဘောမပေါက်ရတော့ဘူး။ ဒါကြောင့် အခြေခံကစပြီးတော့ တစ်ဆင့်စီ တစ်ဆင့်စီ တက်တက်ပြီး ပြောသွားမှာ ဖြစ်တဲ့အတွက် သုံးရက်လုံးပဲ နာယူမှသာလျှင် အစအဆုံး နားလည်သဘောပေါက်မယ်လို့ ဘုန်းကြီးက ပြောချင်ပါတယ်။ ကဲ ဘုန်းကြီးတို့ ခဏ နားလိုက်ကြဦးစို့။

# အခန်း (၂)

## ဗုဒ္ဓဝင်အကျဉ်း

**နှိုင်းယှဉ်ပြီးမဟော** အခု ၃ နာရီနဲ့ မိနစ် ၃၀ ရှိသွားပြီ။ ကိုင်း တရား ပြန်စကြရအောင်။ ဘုန်းကြီး ဒီနေ့ ဗုဒ္ဓတရားတော်ကို ဗုဒ္ဓ ပွင့်ထွန်းပေါ်ပေါက်လာပုံက စပြီးတော့ အကျဉ်းချုံးပြီး ပြောရပါမယ်။ ဗုဒ္ဓတရားတော်ကို ပြောတဲ့အခါမှာ ဘုန်းကြီး တခြား ဘာသာအယူဝါဒမှာ လာတဲ့ အချက်အလက်တွေနဲ့ နှိုင်းယှဉ်ပြီးတော့ မပြောပါဘူး။ ဗုဒ္ဓတရားတော် သက်သက်ကိုပဲ ပြောပါမယ်။

ဗုဒ္ဓတရားတော်သက်သက် ပြောတဲ့အခါမှာ တခြား ဘာသာအယူဝါဒ တွေနဲ့ တစ်ထပ်တည်းနီးပါး တူတာတွေလဲ ရှိကောင်း ရှိပါလိမ့်မယ်။ တခြားဘာသာ အယူဝါဒတွေနဲ့ မတူတာတွေလဲ ရှိကောင်း ရှိပါလိမ့်မယ်။ အဲဒါ တရားနာပရိသတ်က တူတာတွေ့လို့ရှိရင် "ဪ-- ဒီဟာတော့ တူသကိုး" လို့ ဒီလောက်ပဲ စိတ်ထဲမှာ ထားဖို့ပါပဲ။ မတူတာ တွေ့ရင်လဲပဲ "ဪ-- ဒီနေရာကဖြင့် မတူဘူး၊ ဒီလို ကွဲပြား ခြားနားသွားသကိုး" လို့ ကိုယ့်ဘာသာကိုယ် စိတ်ထဲမှာပဲ သိထားဖို့ပါပဲ။

**အင်္ဂလန်မှာ** ဘုန်းကြီးတို့ ဥရောပ၊ အမေရိက၊ အာရှတိုက်နိုင်ငံတွေမှာ ဗုဒ္ဓတရားတော်ကို ဟောကြား ပြသဖို့ သွားတဲ့အခါမှာလဲ အနောက်တိုင်းသားတွေက များသောအားဖြင့် ဉာဏ်ကျက်စားဖို့ ဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေသာများတော့ ကျင့်ဖို့ထက် ဉာဏ်ကျက်စားချင်တာ၊ စဉ်းစားချင်တာ၊ နှိုင်းယှဉ်ချင်တာ၊ ဒါက ပိုများတယ်။

ဒီတော့ တချို့ တရားပွဲတွေမှာ ဥပမာဆိုလို့ရှိရင် လန်ဒန် ဆင်ခြေပုံးက ဆာရေး (Surrey) ဆိုတဲ့နေရာမှာ တရားဟောဖို့ လာပင့်တဲ့အခါမှာ လာပင့်တဲ့ ပုဂ္ဂိုလ်က ဘုန်းကြီးကို လျှောက်ပါတယ်။ "အရှင်ဘုရား၊ ဒီကနေ့ည (Comparative Religion) ကို ဟောပေးပါဘုရား" တဲ့။ ဘာသာတရားတွေ နှိုင်းယှဉ်ပြီးတော့ ဟောပေးပါဘုရားတဲ့။ ဘုန်းကြီးက ရှင်းရှင်းပဲ ပြန်ပြော ပါတယ်။ "ဘုန်းကြီးတို့ကို မြန်မာပြည်ကနေပြီးတော့ ဒီနေရာဒေသကို ပင့်တဲ့ပုဂ္ဂိုလ်တွေက အဲဒီလို တခြားဘာသာတွေနဲ့ နှိုင်းယှဉ်ပြီးတော့ ဟောဖို့ ပင့်တာ မဟုတ်ပါဘူး။ ဗုဒ္ဓတရားတော်ကို ဟောကြားဖို့ ပင့်တာဖြစ်တဲ့အတွက် ဒကာလိုလားတဲ့ နှိုင်းယှဉ် ဟောကြားရတဲ့ ဘာသာတရား (Comparative Religion)ကို ဘုန်းကြီးတို့ မဟောပါဘူး၊ ဗုဒ္ဓတရားတော် သက်သက်ပဲ ဘုန်ကြီးတို့ ဟောပါမယ်"လို့ ပြောပြီးတော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဗုဒ္ဓတရားတော် သက်သက်ကိုပဲဟောကြားခဲ့ပါတယ်။

**ဟိုနိုလူလူမှာ** တစ်နေရာမှာ ဘာသာတရားချင်း နှိုင်းယှဉ်ပြီးတော့ ဟောဖို့ပြောဖို့ရာ အချက်ပေါ်လာပါတယ်။ ဒါပေမယ့် အဲဒါကို ဘုန်းကြီးတို့ ရှောင်လွှဲလိုက်ပါတယ်။ ဘယ်လိုလဲဆိုတော့ ဗဟုသုတ အဖြစ် ပြောရဦးမှာပေါ့လေ။ အခုနကပြောတဲ့ အမေရိကန်ပြည်ရဲ့ ငါးဆယ်ခုမြောက် ပြည်နယ်ဖြစ်တဲ့ ဟဝိုင်ယီပြည်နယ် ဟိုနိုလူလူမြို့ ဈေးကျောင်းမှာ တရားဟောစဉ်က မေးခွန်းတစ်ခု မေးပါတယ်။ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဟောတဲ့အထဲမှာက မဟာသတိပဋ္ဌာန သုတ် ဒေသနာတော်ကို မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ဟောတာကိုး။

ဒီတော့ မြတ်စွာဘုရား ဟောရင်းအတိုင်း စကားတော်ထဲမှာကိုက ဘယ်လိုပါသလဲဆိုတော့ ကိလေသာ စင်ကြယ်ချင်ရင်၊ ကိုယ်ဆင်းရဲငြိမ်းချင်ရင်၊ စိတ်ဆင်းရဲငြိမ်းချင်ရင် ဒီသတိပဋ္ဌာန်အကျင့် တစ်လမ်းတည်းပဲရှိတယ်၊ ဒီသတိပဋ္ဌာန်အကျင့်ကို ကျင့်မှသာလျှင် ကိလေသာ စင်ကြယ်မယ်၊ ကိုယ်ဆင်းရဲ ငြိမ်းမယ်၊ စိတ်ဆင်းရဲ ငြိမ်းမယ်၊ ဒါလေးပါတယ်။ ဒီတော့ တရားနာ ပရိသတ်ထဲက ဒကာတစ်ယောက်က အမေရိကန်ပါပဲ၊ သူက အဲဒါ

မှတ်ထားတယ်။ သဘောကျစရာကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ အာရုံစိုက်ပြီး မှတ်မှတ်သားသား နာဖေါ်ရလို့ပါပဲ။

သူက ဘယ်လို မေးသလဲဆိုတော့ "အရှင်ဘုရားတို့ဟောတဲ့ သတိပဋ္ဌာန် အကျင့်လမ်းသည်သာလျှင် ကိုယ်ဆင်းရဲငြိမ်းရေး၊ စိတ်ဆင်းရဲငြိမ်းရေးအတွက် တစ်ခုတည်းသော လမ်းမှန်ဖြစ်တယ်ဆိုရင် ယေရှုခရစ်တော်နဲ့ မိုဟာမက်သခင်တို့ ပေါ်ထွန်းလာခြင်းရဲ့ ရည်ရွယ်ချက်က ဘာပါလဲ" လို့ မေးတယ်။

ဒီတော့ ဒီနေရာမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြေမယ်ဆိုလို့ရှိရင်တော့ ဘာသာတရားချင်း နှိုင်းယှဉ်ပြီးတော့ ဖြေရမယ့် အခြေအနေပဲ။ ဒါပေမယ့် ဘုန်းကြီးတို့ သွားတာက အဲဒီလို ဘာသာတရားချင်း နှိုင်းယှဉ်ပြီးတော့ ဟောဖို့ ပြောဖို့သွားတာ မဟုတ်ဘူး။ ဗုဒ္ဓတရားတော်ကို နာကြားချင်ပါတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက် ဗုဒ္ဓတရားတော်ကို ဟောကြားဖို့၊ ဒီတရားတော်အတိုင်း ကျင့်ကြံလိုပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက် လက်တွေ့ကျင့်ကြံနည်းကို ပြသဖို့ သွားတာကိုး။

ဒီတော့ မသွားခင်ကတည်းက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးနဲ့ တိုင်ပင်ထားတဲ့စကား ရှိတာက အဲဒီလို တခြားဘာသာနဲ့ နှိုင်းယှဉ်စရာ ပေါ်လာရင် မနှိုင်းယှဉ်ဖို့၊ တခြားဘာသာအကြောင်း မပြောဖို့၊ မိမိရဲ့ ဗုဒ္ဓတရားတော်ကိုသာလျှင် မိမိ စွမ်းနိုင်သလောက် ပြောဖို့ ဒီလိုတိုင်ပင်သွားတာ ရှိပါတယ်။

အဲဒီ တိုင်ပင်သွားတဲ့အတိုင်းပဲ ဆရာတော်ဘုရားကြီးကလဲ မြန်မာလို ဖြေပါတယ်။ "ယေရှုခရစ်တော်နဲ့ မိုဟာမက်သခင်တို့ ပေါ်ထွန်းလာတာ ဘာရည်ရွယ်ချက်ဆိုတာ ဘုန်းကြီးတို့ သေသေချာချာ လေ့လာမထားလို့ မသိပါဘူး။ သို့သော်လဲပဲ ဆင်းရဲငြိမ်းချင်ရင်တော့ သတိနဲ့စောင့်ရှုတဲ့ ဒီသတိပဋ္ဌာန် လမ်းမှတစ်ပါး တခြား မရှိပါဘူး" လို့ ဒါပဲဖြေတယ်။ ဘုန်းကြီးလဲ အဲဒီအတိုင်းပဲ ဘာသာပြန်ပေးလိုက်တယ်။ ဒီတော့ ဘုန်းကြီးတို့က ပိတ်ဖြေထားတယ်ဆိုတော့ ဟိုကမေးတဲ့ ပုဂ္ဂိုလ်လဲ နောက်ထပ်ပြီးတော့ နှိုင်းယှဉ်မေးဖို့ မရှိတော့ဘူးပေါ့။ အဲဒါ ဒီအဖြေကို သူကြိုက်ရင်လက်ခံ မကြိုက်ရင် လက်မခံနဲ့၊ ဒါပဲရှိတယ်။

**ဒီမှာလဲနှိုင်းယှဉ်မပြော** အဲဒီအတိုင်းပဲ အဲဒီလိုနေရာတွေ သွားတဲ့အခါမှာ ဘာသာတစ်ခုနဲ့ ဘာသာတစ်ခုကို နှိုင်းယှဉ်ပြီးတော့ မပြော မဟောသလို ဒီမှာလဲပဲ ဘုန်းကြီးတို့ ဘယ်ဘာသာတရားနဲ့မှ နှိုင်းယှဉ်ပြီး မပြော မဟောဘဲ ဗုဒ္ဓတရားတော် သက်သက်ကိုပဲ ဘုန်းကြီးတို့ ဟောပါမယ်၊ ပြောပါမယ်။

ဒီတော့ တခြားဘာသာ အယူဝါဒတွေကို လေ့လာပြီး ကျွမ်းကျင်ပြီးသား၊ သိရှိနားလည် သဘောပေါက်ပြီးသား ပုဂ္ဂိုလ်များက "ဒီနေရာဖြင့် ဒို့နဲ့ တူသဟဲ့၊ ဒီနေရာဖြင့် မတူဘူးဟဲ့" ဒီလောက်ပဲ စိတ်ထဲမှာ မှတ်ချက်ချပြီး ခွဲခြားသိရုံပဲ လိုပါတယ်။

**ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူလာပုံ** ဒီကနေ့ ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်ထွန်းတော်မူပြီးတော့ ပရိနိဗ္ဗာန်စံသွားတာ လာမည့် ကဆုန်လပြည့်ဆိုရင် နှစ်ပေါင်း ၂၅၂၅ နှစ် ပြည့်သွားပြီ။ ရှင်တော်မြတ်ဘုရား ဘုရားအဖြစ် ရောက်တော်မူတဲ့ အချိန်၊ ပွင့်တော်မူတဲ့ အချိန်တွေ ပြန်ရေတွက်ကြည့်ရင် ၂၅၂၅ ထဲကို ၄၅ ထည့်ပေါင်းရမယ်။ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားဟာ ၃၅ နှစ်မှာ အသိထူးဉာဏ်ထူးရပြီးတော့ သဗ္ဗညုဘုရားအဖြစ်ရောက်တယ်။ ရောက်ပြီးတဲ့ အချိန်ကစပြီးတော့ သတ္တဝါများအတွက် တတ်နိုင်သမျှ အကျိုးဆောင်တော်မူတာ ၄၅ နှစ်။ အဲဒီ ၄၅ နှစ် ပြည့်တဲ့အခါကျတော့ ပရိနိဗ္ဗာန် စံတော်မူတယ်။ ဒါကြောင့် ၄၅ နှစ်ကို ထည့်ပေါင်းရင် မြတ်စွာဘုရား ပွင့်တဲ့အချိန်ကို ရတယ်။

ဒါကြောင့် မြတ်စွာဘုရားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၇၀ က ပွင့်တော်မူခဲ့တယ်ဆိုရင် မှန်တယ်မဟုတ်လား။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ ၂၅၂၅ ကို ၄၅ နှစ်ပေါင်းတော့ ဘယ်လောက်လဲ၊ ၂၅၇၀ မဟုတ်လား။ ဒါကြောင့် မြတ်စွာဘုရားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၇၀ အချိန်က ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့တယ်၊ ဘုရားအဖြစ် ရောက်တော်မူခဲ့တယ်။ ဒီတော့ ဗုဒ္ဓသာသနာ သက်တန်း ဘယ်လောက်ရှိပြီလဲလို့ မေးရင် နှစ်ပေါင်း ၂၅၇၀ ရှိသွားပြီ။ အဲဒီလို ဖြေရမယ်။

**လူသားဘုရား** ဒီတော့ ဒီဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ဘယ်လို ဘုရားလဲ ဆိုတော့ လူသားဘုရား။ ဟုတ်ကဲ့လား။ နတ်ဘုရားလား။ ဗြဟ္မာဘုရားလား၊ မဟုတ်ဘူးနော်။ နတ်ဘုရားလဲ မဟုတ်ဘူး၊ ဗြဟ္မာဘုရားလဲ မဟုတ်ဘူး။ လူသားစင်စစ်က ကျင့်နည်းကြံနည်း အမှန်သိပြီးတော့ ကျင့်ကြံလို့ ထိုးထွင်းသိတဲ့ ဉာဏ်ထူးကိုရပြီး ဘုရားအဖြစ် ရောက်သွားတာပဲ။

ရှင်တော်မြတ်ဘုရားရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေက အိန္ဒိယပြည်မှာရှိတဲ့ ကပိလဝတ်မြို့တော်။ ဒီကပိလဝတ် မြို့တော်ဟာ ရှေးအစဉ်အဆက်က မစ္စတာကန်နင်ဂမ်တို့ ကျောက်စာဌာနက တူးဖော်ပြီးတော့ သတ်မှတ်လာတာ နီပေါနယ်စပ် နီပေါနယ်ထဲမှာ ပါဝင်တယ်။ အိန္ဒိယနယ်စပ်နဲ့ နီပေါနယ်စပ်အနီး တောလိဟဝ (Taulihava) ဆိုတဲ့ ရွာကလေးရှိတယ်။ အဲဒီ ရွာကလေးနဲ့ နှစ်မိုင်လောက်နေရာမှာ အဆောက်အအုံ အကြွင်းအကျန် အနည်းငယ်ကို အခုတိုင် တွေ့နေရသေးတယ်။ အဲဒီ အဆောက်အအုံ အကြွင်းအကျန် အနည်းငယ်ဟာ ကပိလဝတ်မြို့ နေရာပဲလို့ စစ်မဖြစ်ခင်က အင်မတန် ထင်ရှားခဲ့တဲ့ အိန္ဒိယ ရှေးဟောင်းသုတေသန ကျောက်စာဝန် မစ္စတာကန်နင်ဂမ်တို့က တူးဖော် တွေ့ရှိပြီး သတ်မှတ်ထားပါတယ်၊ အဲဒီနေရာဟာ မြတ်စွာဘုရားရဲ့ ချက်မြှုပ်တဲ့နေရာ ကပိလဝတ်ပါပဲ။

**ဇာတိရပ်မြေ အငြင်းပွါးနေကြတယ်** အခုအချိန်မှာတော့ အဲဒီ ကပိလဝတ်ဆိုတဲ့ နာမည်နဲ့ မရှိပါဘူး။ အဲဒီနေရာမှာကိုပဲ အိုးခြေ အိမ်ခြေ မရှိတော့ပါဘူး။ အဲဒီနေရာနဲ့ နှစ်မိုင်လောက် အကွာမှာသာ တောလိဟဝ (Taulihava)ဆိုတဲ့ ရွာကလေးရှိတယ်။ ဒီမှာလဲ ဗုဒ္ဓဘာသာတချို့ ရှိပါတယ်။

သို့သော်လဲပဲ မကြာခင်က အိန္ဒိယ ရှေးဟောင်းသုတေသန သုတေသီ တစ်ယောက်က ကပိလဝတ်ဆိုတာ အခု မစ္စတာ ကန်နင်ဂမ်တို့ အသိအမှတ် ပြုထားတဲ့ တောလိဟဝနားက နေရာ မဟုတ်ပါဘူး၊ အိန္ဒိယဘက်မှာရှိတဲ့ ပိပရဟဝ (Piparahava)ဆိုတဲ့ နေရာပါလို့ အဆိုပြုတယ်။ အဲဒီနေရာမှာ

အထောက်အထားတွေနဲ့ ပြပြီးတော့ အိန္ဒိယထဲမှာလို့ သူကဆိုပါတယ်။ ဒါပေမယ့် အဲဒါ နီပေါဘက်က ဗုဒ္ဓဘာသာတွေနဲ့ ဟိန္ဒူဘာသာဝင်တွေက လက်မခံနိုင်ဘူး။ ဒါမဟုတ်ဘူးတဲ့၊ မူလက နီပေါထဲမှာရှိတဲ့ တောလိဟာဝ နေရာပဲ ကပိလဝတ်ပဲလို့ အဲဒါ အငြင်းပွားနေကြတယ်။

အဲ-- ထားပါတော့။ ဒီဗုဒ္ဓလောင်းလျာဖြစ်တဲ့ သိဒ္ဓတ္ထကလေးကို မွေးဖွားတဲ့ အခါကျတော့ ကပိလဝတ်ပြည်နဲ့ အခု မိုင်အားဖြင့် ၁၄ မိုင်ခန့် ဝေးပြီး အရှေ့တောင်ဘက်မှာ ရှိတဲ့ လုမ္ဗိနီ၊ အခုအခေါ် ရုမ္မနဒေ (Rummanadei) ဆိုတဲ့ အရပ်မှာ ဥယျာဉ်ထဲမယ် ဖွားတယ်။ သူ့ရဲ့ မိဘဆွေမျိုး ဉာတကာကတော့ ကပိလဝတ်ပြည်ကပဲ။ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနမင်းကြီးရဲ့ မိဘုရားကြီး မဟာ မာယာဒေဝီက သိဒ္ဓတ္ထဆိုတဲ့ ဒီဘုရားလောင်း သားတော်ကို ဖွားမြင်တယ်။ အဲဒီ လုမ္ဗိနီနဲ့ တောလိဟာဝဟာ ၁၄ မိုင်လောက် ဝေးပါတယ်။ ဘုန်းကြီးတို့ ၁၉၆၃ ခုနှစ်က လုမ္ဗိနီကနေပြီးတော့ အဲဒီ တောလိဟာဝကို ကုန်းကြောင်း ခြေကျင် လျှောက်ခဲ့ဘူးတယ်။ ညနေ ၃ နာရီမှာ လုမ္ဗိနီကနေထွက်ပြီး ည ၁၀ နာရီမှာ (တောလိဟာဝ) ကပိလဝတ်ကို ရောက်တယ်။

**ဗုဒ္ဓဘုရားဖြစ်မည့်သူ**

ဒီ သိဒ္ဓတ္ထမင်းသား ဘုရားလောင်း မွေးဖွားပြီးတဲ့ အခါမှာ ပုဏ္ဏားတော်တွေက ထူးခြားတဲ့ပုဂ္ဂိုလ် ဖြစ်ကြောင်း မင်းကြီးကို လျှောက်ထားကြတယ်။ အဲဒီလို လျှောက်ထားတာမှာ လိုရင်းကတော့ ဒီမင်းသားဟာ အရွယ်ရောက်လာရင် တောထွက် တရားကျင့် ပြီးတော့ လောကသုံးပါးကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီး ဆင်းရဲတွင်းက ကင်းလွတ်ရာလမ်းကို ညွှန်ကြားနိုင်တဲ့ ဘုရားစင်စစ်ရင်လဲ ဖြစ်ရမယ်၊ တကယ်လို့ တောမထွက်ဘဲ လူ့ဘောင်မှာ နေရင်လဲ စကြဝတေးမင်း ဖြစ်ရမယ်။ အဲဒီလို ပုဏ္ဏားတော်တွေက အဟောရှိတယ်တဲ့။

ဒါပေတဲ့ အဲဒီပုဏ္ဏားတော်တွေထဲက အငယ်ဆုံးဖြစ်တဲ့ ကောဏ္ဍည ပုဏ္ဏားကတော့ “ဒီမင်းသားဟာ ဘယ်နည်းနဲ့မှ လူ့ဘောင်မှာနေပြီး

စကြဝတေးမင်း မဖြစ်နိုင်ဘူး၊ တောထွက် တရားကျင့် ပွားများ အားထုတ်ပြီး တော့ အသိထူး ဉာဏ်ထူးရပြီး သတ္တဝါများကို ကယ်တင်ရေး လမ်းညွှန်တရား တွေ ဟောကြားမယ့် ဘုရားစင်စစ် မုချဖြစ်ရမယ်”လို့ ဟောသတဲ့။

**တောမထွက်အောင်စီမံ** ဒီအခါမှာ သုဒ္ဓေါဒန ဘုရင်က ဘုရားဆိုတာ ဘယ်လိုဟာမှန်း မသိသေးဘူး။ တရားဆိုတာလဲ ဘယ်လိုဟာမှန်း မသိသေးဘူး။ ဘယ်လိုဟာ ဆင်းရဲခေါ်လို့ ဘယ်လိုဟာ ချမ်းသာခေါ်တယ်ဆိုတာလဲ ကောင်းကောင်း မသိသေးဘူး။ မသိသေးတော့ သူ့သားကို ဘုရားဆိုတာ မဖြစ်စေချင်ဘူး။ စကြဝတေးမင်းကြီး ဖြစ်ပြီးတော့ သူက စကြဝတေးမင်းကြီးရဲ့ ဖခမည်းတော်ကြီး ဖြစ်ချင်တာကိုး။

ဒါကြောင့် သူ့သား ဒီသိဒ္ဓတ္ထမင်းသား လောကကို ငြီးငွေ့ပြီး တောထွက် တရားမကျင့်အောင် ဆိုပြီးတော့ ပျော်စရာ အမျိုးမျိုးတွေ ဖန်တီးပေးထားတယ်။ သံဝေဂစိတ် မဖြစ်အောင်ဆိုပြီးတော့ သူ့စိတ်ကို ညစ်ညူးစေမယ့်၊ အနှောက် အယှက် ဖြစ်စေမယ့် မလိုလားအပ်တဲ့ မမြင်အပ် မကြားအပ်တဲ့ အာရုံဟူသမျှ မမြင်ရ မကြားရအောင် စီမံထားတယ်။ ဆင်းရဲတဲ့လူတွေ၊ အိုနာကျိုးကန်းတွေ နန်းတော်နား မသီရအောင်၊ သိဒ္ဓတ္ထသွားတဲ့ လမ်းနား မသီရအောင် စီမံထားတယ်။

**၂၉ နှစ်သားမှာ တောထွက်** သို့သော်လဲပဲ ဒီသိဒ္ဓတ္ထ မင်းသားဟာ ဗုဒ္ဓဝါဒအရ ရှေးဘဝပေါင်းများစွာကတည်းက အသိထူး ဉာဏ်ထူး ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်နဲ့ သဗ္ဗညုတဉာဏ် အင်မတန် ထူးခြားထက်မြက်တဲ့ ဒီဉာဏ်တွေကို ရဖို့ရာ ဘဝပေါင်းများစွာမှာ အမျိုးမျိုး ဆည်းပူးလာတဲ့ ပုဂ္ဂိုလ်ဆိုတော့ အချိန်ကျတဲ့အခါမှာ ရင့်ကျက်နေပြီဖြစ်တဲ့ သူ့ပါရမီက နှိုးဆော်တဲ့အတွက် မနေဘူးပေါ့၊ တောထွက်တယ်။ အသက် ၂၉ နှစ်မှာ တောထွက်သွားပြီး တရားကျင့်တယ်။

တရားကျင့်တဲ့အခါမှာ ပထမဆုံး ဘယ်သူ့ထံမှာ တပည့်ခံပြီးတော့ ကျင့်ရပါမလဲလို့ လိုက်ရှာလိုက်တော့ အာဠာရ ရသေ့ကြီးကိုတွေ့တယ်။ အိန္ဒိယမှာတော့ ဣသိလို့ခေါ်တဲ့ ရသေ့တွေ၊ ပြီးတော့ တချို့ ပရိဗ္ဗာဇကတွေ၊ ဒါတွေက ဟိန္ဒူဗြာဟ္မဏဝါဒ ထင်ထင်ရှားရှား ပေါ်ထွန်းလာတဲ့ အချိန်ကစပြီး ရှိနေတယ်။ လောကကို ငြီးငွေ့တဲ့ ပုဂ္ဂိုလ်ဟာ ပစ္စည်း ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ရှိတဲ့ပစ္စည်း ရှိသလောက် စွန့်ပစ်ခဲ့ပြီးတော့ တောထဲမှာ တရားကျင့်ပြီး အေးအေးဆေးဆေး ချမ်းချမ်းသာသာ နေကြတယ်။

**အာဠာရရသေ့ထံ နည်းခံ** အခုလဲပဲ အဲဒီ သိဒ္ဓတ္ထ တောထွက်ပြီး တရားကျင့်တဲ့ အချိန်မှာတော့ အာဠာရရသေ့ဆိုတာ ရှိတယ်လို့ ကြားတော့ သူ့ဆီသွားပြီး နည်းခံတယ်။ ဒီတော့ သိဒ္ဓတ္ထကို အာဠာရရသေ့က သူသိတဲ့ တရားတွေ သင်ပေးတယ်။ အကျင့် ခိုင်းတယ်။

သူသိတဲ့ တရားတွေက ဘာတွေလဲဆိုတော့ သမထကမ္မဋ္ဌာန်းတွေ၊ သမထကမ္မဋ္ဌာန်းဆိုတာ ဘာအတွက် အားထုတ်ရသလဲဆိုတော့ စိတ်တည်ငြိမ် စူးစိုက်မှု သမာဓိ အားကောင်းရေးအတွက် အားထုတ်ရတယ်။

အဲဒီသမထကမ္မဋ္ဌာန်းတွေ သင်ပေးပြီး အကျင့်ခိုင်းတော့ သိဒ္ဓတ္ထဟာ တစ်ရက်နှစ်ရက် အတွင်းမှာပဲ အာဠာရဆရာကြီး သိထားတဲ့ သမထကမ္မဋ္ဌာန်း အားလုံးကို သိပြီးတော့ အာဠာရရသေ့ရတဲ့ သမထ ဈာန်တွေအားလုံး ခုနစ်ဆင့်ကို ရတယ်။

**ဈာန်နှင့်အပ္ပနာ** ရှေးအိန္ဒိယ ခွဲခြားချက်အရရော အခု ဗုဒ္ဓဘာသာက လက်ခံထားတဲ့ ခွဲခြားချက်အရပါ အဲဒီ သမထဈာန်ဟာ ရှစ်ဆင့်ရှိတယ်။ ဈာန်ဆိုတာ အာရုံတစ်ခုထဲမှာ စိတ် စူးစိုက် မြုပ်ဝင်နေတာကို ခေါ်တယ်။ အဲဒီဈာန်ကို ပါဠိစာပေမှာ အပ္ပနာလို့လဲ သုံးတယ်။ အဲဒီအပ္ပနာကို မြန်မာက ဘယ်လိုပြန်သလဲဆိုတော့ သက်ဝင်ခြင်းလို့ ဘာသာပြန်တယ်။

ဆိုလိုတာက စိတ်ဟာ အာရုံတစ်ခုထဲမှာ စိုက်ပြီး မြုပ်ဝင်နေခြင်းလို့ ဆိုလိုပါတယ်။ ဒါကြောင့် အပ္ပနာနဲ့ ဈာန် အတူတူပဲ။

စိတ်ဟာ အာရုံတစ်ခုထဲမှာ မြုပ်ဝင်နေပြီဆိုရင် အဲဒါ တခြားအာရုံဆီ သွားပါဦးမလား။ (မသွားပါဘုရား။) အဲဒီလို တခြားအာရုံဆီကို မသွားတော့ ဒီစိတ်ဟာ တည်ငြိမ်မနေဘူးလား။ (တည်ငြိမ်ပါတယ်ဘုရား။) တည်ငြိမ်လို့ရှိရင် တည်ငြိမ်တဲ့စိတ်နဲ့ ဟိုအာရုံ ဒီအာရုံ ပျံ့လွင့် ပြေးသွားနေတဲ့စိတ် ဘယ်စိတ်က အားကောင်းမလဲ။ (တည်ငြိမ်တဲ့စိတ်က အားကောင်းပါတယ်ဘုရား။) တည်ငြိမ်တဲ့စိတ်က အားကောင်းတယ်၊ ဟုတ်တယ်မဟုတ်လား။ အဲဒီ တည်ငြိမ်တဲ့စိတ်ဓာတ် စွမ်းအားဟာ နောက်ကျတော့ မိမိလိုချင်သလို စိတ်ကို စေစားလို့ရတဲ့ အခြေအနေအထိ ဖြစ်လာတယ်။

ဒီတော့ ဘုန်းကြီး ဒီနေရာမှာ ဗဟုသုတ ပြောချင်တာက အဲဒီဈာန်ကို အာရုံထဲမှာ စူးစိုက်ပြီး ကပ်နေခြင်းလို့ မြန်မာပြန်ရတော့ အင်္ဂလိပ်က အဲဒါကို ဘယ်လို ဘာသာပြန်သလဲဆိုတော့ (fixedness)လို့ ဘာသာပြန်တယ်။ နောက်တစ်ခါ အပ္ပနာဆိုတဲ့ စကားကျတော့ အာရုံ၌ သက်ဝင်နေခြင်း၊ မြုပ်ဝင်နေခြင်း၊ ဒါကို အင်္ဂလိပ်က ဘယ်လို ဘာသာပြန်ပေးသလဲလို့ဆိုတော့ (Absorption)လို့ ဘာသာပြန်တယ်။ သက်ဝင်နေတယ်၊ မြုပ်ဝင်နေတယ် ဆိုတဲ့ စကားကို သိပ်နားမလည်တဲ့ တချို့ ပုဂ္ဂိုလ်များဟာ (absorption)လို့ ပြောလိုက်ရင် နားလည်တယ်။

ဒီနေရာမှာ ဘုန်းကြီး ဘာပြောချင်သလဲဆိုတော့ ဈာန်ဆိုတဲ့စကား၊ အပ္ပနာဆိုတဲ့ စကားဟာ အာရုံတစ်ခုထဲမှာ စိတ်စိုက်ပြီးတော့ မြုပ်ဝင်နေတာကို ဆိုလိုတယ်။ အဲဒီ အခြေအနေမှာ ကောင်းကင်ပျံတယ်၊ ရေပေါ် လမ်းလျှောက် တယ်၊ မြေထဲ လျှိုးသွားတယ် ဆိုတဲ့ တန်ခိုး ဖန်ဆင်းမှုတွေ မပါသေးဘူး၊ သာမန် စိတ်ငြိမ်ရုံအဆင့်မှာပဲ ရှိသေးတယ်။ အဲဒီစိတ် တည်ငြိမ်ရုံမျှ အဆင့်ကိုပဲ ဈာန်လို့ခေါ်တယ်။ အဲဒီတော့ ဘုန်းကြီးတို့ ပရိသတ် အဲဒီ ဈာန်ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကလေး စိတ်ထဲ ကျန်ခဲ့အောင် သံပေါက်လေး ချပေးချင်ပါတယ်။

**ဈာန်ဆိုတာ သဘာဝတရား**

ဒီ ဈာန်ဆိုတာဟာ ဗုဒ္ဓဘာသာလဲ မဟုတ်ပါဘူး။ ဟိန္ဒူဘာသာလဲ မဟုတ်ပါဘူး။ ဘာဘာသာမှ မဟုတ်ပါဘူး။ ဈာန်ဆိုတာ သဘာဝ တစ်မျိုးပဲ။ ဘာသဘာဝလဲဆိုတော့ အာရုံထဲ စိတ်စိုက်မြုပ်နေတဲ့ သဘာဝပါပဲ။ အဲဒီသဘာဝကို ဟိန္ဒူက ယူသုံးတော့ ဟိန္ဒူဈာန်လို့ ခေါ်နိုင်တယ်။ ဗြာဟ္မဏက ယူသုံးတော့ ဗြာဟ္မဏဈာန်လို့ ခေါ်နိုင်တယ်။ ဗုဒ္ဓဘာသာက ယူသုံးတော့ ဗုဒ္ဓဘာသာဈာန်လို့ ခေါ်နိုင်တယ်။ မဟာမေဒင်က ယူသုံးတော့ မဟာမေဒင်ဈာန်လို့ ခေါ်နိုင်တယ်။ ခရစ်ယာန်က ယူသုံးတော့ ခရစ်ယာန်ဈာန်လို့ ခေါ်နိုင်တာပဲ။

အခု အဲဒါ သုံးနေကြပြီ။ ဘုန်းကြီးတို့ ဒီမှာသာ မသုံးကြသေးတာ။ အမေရိကန်မှာ ၁၉၇၉ ခုနှစ်က တရားပြစဉ်က မက်ဆာချူးဆက်ပြည်နယ်မှာ ဘော့စတန်မြို့အနီး ဘာရီဆိုတဲ့ ကမ္မဋ္ဌာန်းဌာနမှာ တရားပြတဲ့အခါမယ် အဲဒီနဲ့ မလှမ်းမကမ်းက ဆယ်မိုင်လောက်မှာ ခရစ်ယာန် ဘုန်းကြီးကျောင်း တစ်ကျောင်းရှိတယ်။ တော်တော် စည်းကမ်းရှိပုံရတယ်။ တောရကျောင်း ဆန်ဆန်ပေါ့လေ။ ကျောင်းကြီးကလဲ အကျယ်ကြီးပဲ။ ကေပေါင်း ဘုန်းကြီးထင်တာကတော့ ၃၀ လောက်တော့ အနည်းဆုံး ရှိမယ်ထင်တယ်။ အဲဒီက ခရစ်ယာန်ဘုန်းကြီးတစ်ပါး ဘုန်းကြီးတို့ တရားစခန်းလာပြီး တရားအားထုတ်တယ်။

**တရားအားထုတ်တဲ့ ခရစ်ယာန်ဘုန်းကြီး**

အဲဒီ တရားဌာနက အမေရိကန်တွေက နှစ်စဉ် အနည်းဆုံး ၆ လ တရားစခန်းဖွင့်ပြီးတော့ အမေရိကန် ကမ္မဋ္ဌာန်းဆရာတွေကိုယ်တိုင် တရားပြကြတယ်။ သမထရော ဝိပဿနာ ကမ္မဋ္ဌာန်းပါ ပြကြတယ်။ အဲဒီ တရားစခန်းကို လာပြီးတော့ အဲဒီ ခရစ်ယာန် ဘုန်းကြီးကျောင်းက အဲဒီဘုန်းကြီးကြီး သုံးခါလာပြီး တရားအားထုတ်တယ်။ ဘုန်းကြီးတို့ မရောက်ခင်မှာ သုံးလ တရားစခန်း ဝင်ပြီးလို့ သူ့ကျောင်း ပြန်သွားတော့ တစ်နေ့မှာနှစ်ကြိမ် သူ့ကျောင်းက ကိုရင်တွေကိုရော ဘုန်းကြီးတွေကိုရော တရားအထိုင်ခိုင်းတယ်။

**အကျိုးနှစ်မျိုး** အဲ ဘုန်းကြီးတို့ ဗုဒ္ဓဝါဒအရဆိုရင် တရားကျင့်ရာမှာ အကြမ်းဖျင်းအားဖြင့် အကျိုး နှစ်မျိုးရတယ်။ ပထမ အကျိုးက စိတ်တွေ ဟိုသွားဒီသွား မသွားဘဲ အရှုခံအာရုံ တစ်ခုတည်းပေါ်မှာ တည်ငြိမ်နေခြင်းအကျိုး၊ နောက်တစ်မျိုးက စိတ်တည်ငြိမ်နေရုံတင် မကဘဲ သဘာဝကို သဘာဝအတိုင်း အမှန်အတိုင်း သိပြီးတော့ ချမ်းသာမှုရနေတဲ့ အကျိုး၊ အဲဒီလို နှစ်မျိုးရှိတယ်။

အဲဒါ ဘုန်းကြီးတို့ပရိသတ် ကောင်းကောင်း မှတ်ထားကြပါနော်။ ဘုန်းကြီး ထပ်ပြောပါဦးမယ်။ ဗုဒ္ဓဝါဒအရ ကျင့်ကြံအားထုတ်တဲ့အခါမှာ အကျိုးနှစ်မျိုးရတယ်။ တစ်မျိုးက စိတ်တည်ငြိမ်ပြီးတော့ ချမ်းသာနေတဲ့အကျိုး၊ နောက်တစ်မျိုးက စိတ်တည်ငြိမ်ရုံမကဘဲ ရုပ်နာမ်သဘာဝကို ပုဂ္ဂိုလ် သတ္တဝါလို့ မမြင်ဘဲ၊ လူလို့၊ နတ်လို့၊ ဗြဟ္မာလို့၊ ခွေးလို့၊ ဝက်လို့ မမြင်တော့ဘဲ သဘာဝ တရားမျှပဲလို့ ထိုးထွင်းသိပြီးတော့ ချမ်းသာနေတဲ့အကျိုး။

အဲဒီ အကျိုးနှစ်မျိုးအနက်က စိတ်တည်ငြိမ်နေပြီးတော့ ချမ်းသာနေတဲ့ အကျိုးဆိုတာ ရလွယ်တယ်။ ကျင့်ကြံပွားများ အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဒါ မကြာခင်ပဲရတယ်။ စိတ်တည်ငြိမ်ရုံမျှမကပဲ သဘာဝကို အမှန်အတိုင်း သိမြင်ပြီး ချမ်းသာကျိုး ရတယ်ဆိုတာကတော့ အဲဒါ လွယ်လွယ်နဲ့ မရဘူး၊ တော်တော် အချိန်ယူပြီး တော်တော် ကြိုးကြိုးစားစား ကျင့်မှပဲရတယ်။

**ခရစ်ယာန်ဘုန်းကြီးနှင့် သတိပဋ္ဌာန်** ဒီတော့ ဘုန်းကြီး ဘာပြောချင်သလဲဆိုတော့ အဲ အစပြောခဲ့တဲ့ ခရစ်ယာန် ဘုန်းကြီးကြီးဟာ သူ့ကျောင်းမှာ တစ်နေ့ နှစ်ကြိမ် တရား အထိုင်ခိုင်းတယ်ဆိုတာ ဒုတိယ အကျိုးမျိုး ရချင်လို့ မဟုတ်ပါဘူး။ ပထမ အကျိုးမျိုး ရချင်လို့ပါ။ ပထမအကျိုးဟာ ဘာအကျိုးလို့ ဆိုလိုပါသလဲ ပရိသတ်။ (စိတ်တည်ငြိမ်ခြင်းအကျိုးပါ။) စိတ်တည်ငြိမ်ပြီး ချမ်းသာနေတဲ့ အကျိုး။ အဲဒါရလို့ သူထိုင်ခိုင်းတာပဲ။ အဲဒီလောက် အကျိုးကို ရရင်ပဲ နည်းတဲ့ချမ်းသာ မဟုတ်ဘဲကိုး။

အဲဒီဘုန်းကြီးဟာ အသက် ၆၀ ကျော်ပါပြီ။ ဘုန်းကြီးတို့ကိုလဲ သူ့ကျောင်းကို ပင့်သွားပြီး သူ့ကျောင်းက ဘုန်းကြီးတွေ ကိုရင်တွေကို သတိပဋ္ဌာန်တရား အဟောခိုင်းပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့လဲ သတိပဋ္ဌာန်တရား အနည်းအကျဉ်းမျှ ရှင်းလင်းပြောပြခဲ့ပါတယ်။ အင်မတန် နေချင့်စဖွယ် ကောင်းတဲ့ကျောင်းပါပဲ။ စည်းကမ်းလဲ အင်မတန်ကောင်းတယ်လို့ ဆိုတယ်။ တောရကျောင်းလို ဖြစ်နေတော့ ရွာနဲ့ရပ်နဲ့ ဝေးပြီး ကုန်းကမူလေး ပေါ်မှာဆိုတော့ အင်မတန်ကို အဆင်ပြေတယ်။

**တစ်လောကလုံးနှင့် ဆိုင်တဲ့ဈာန်**

အဲ-- ထားပါတော့။ ခုနက ဘုန်းကြီးပြောခဲ့တဲ့ ဈာန်ဆိုတာ အာရုံတစ်ခုထဲမှာ စိတ် စူးစိုက်ပြီး တည်ငြိမ်နေတာကို ပြောတာ။ ဒီဈာန်ဟာ ဗုဒ္ဓဘာသာဈာန်လဲ မဟုတ်ဘူး၊ ဟိန္ဒူဈာန်လဲ မဟုတ်ဘူး၊ မဟာမေဒင်ဈာန်လဲ မဟုတ်ဘူး၊ ခရစ်ယာန်ဈာန်လဲ မဟုတ်ဘူး၊ သဘာဝရဲ့ ဈာန်ပဲ။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်ပါ။ ဈာန်ဆိုတာ အာရုံ တစ်ခုတည်းမှာ စိတ် စူးစိုက် တည်ငြိမ်နေတဲ့ သဘောလို့ ဘုန်းကြီး ပြောတယ်နော်။ အဲဒါ အာရုံတစ်ခုတည်းမှာ စိတ်စူးစိုက်တည်ငြိမ်နေတဲ့ သဘောဟာ သဘာဝတရား မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အဲဒီတော့ အဲဒီ သဘာဝတရားကို ဟိန္ဒူက ပိုင်သလား၊ (မပိုင်ပါဘုရား။) ဗုဒ္ဓဘာသာကရော ပိုင်သလား။ (မပိုင်ပါဘုရား။) ခရစ်ယာန်ကရော ပိုင်သလား။ (မပိုင်ပါဘုရား။) မဟာမေဒင်ကရော ပိုင်သလား။ (မပိုင်ပါဘုရား။) ဒါဖြင့် ဘယ်သူက ပိုင်သလဲ။ (သဘာဝကပဲ ပိုင်ပါတယ်ဘုရား။)

ဒါဘာလဲဆိုတော့ ဒီ ဈာန်ဆိုတဲ့ စိတ် စူးစိုက်တည်ငြိမ်မှုဟာ (Universal) ဟုတ်ရဲ့လား။ တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ သဘာဝတရားပဲ။ တစ်လောက လုံးနဲ့ဆိုင်တဲ့ သဘာဝတရားပဲ။ ဒါကြောင့် အဲဒီလောကသဘာဝကို လောကသူ လောကသား အားလုံးသိဖို့ မသင့်ဘူးလား။ (သင့်ပါတယ်ဘုရား။) အဲ သိတဲ့အတိုင်း ကျင့်ကြံတယ်ဆိုရင် အခုပြောတဲ့ ခရစ်ယာန် ဘုန်းကြီးတွေလို ချမ်းသာ မရပေဘူးလား။ (ရပါတယ်ဘုရား။)

ဒါကြောင့် အဲဒါလေးကို စိတ်ထဲမှာ ကျန်စေချင်လို့ ဘုန်းကြီးက သံပေါက်ကလေး ချပေးပါမယ်။ ပရိသတ်အားလုံး လိုက်ဆိုကြပါ။

## စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်လေသည်။

ဈာန်ဆိုတာ ဘာပါလိမ့်မလဲ။ အာရုံတစ်ခုတည်းမှာ စိတ် စူးစိုက်ပြီးတော့ ကပ်နေတာ။ ဒီထက်ပိုရင် မြုပ်ဝင်နေတာ။ အာရုံထဲမှာ စိတ် စူးစိုက် မြုပ်ဝင်နေတာ။ မြုပ်ဝင်နေပြီဆိုတော့ တခြားအာရုံဆီ သွားဦးမလား။ (မသွားပါဘုရား။) အဲဒီလို တခြားအာရုံဆီ မသွားတော့ စိတ်ဆင်းရဲစရာတွေ ရှိဦးမလား။ (မရှိပါဘုရား။) စိတ်မချမ်းသာစရာတွေ တွေးနေဦးမှာလား။ (မတွေးပါဘုရား။) စိုးရိမ်စရာတွေ တွေးဦးမှာလား။ (မတွေးမိပါဘုရား။)

**စိတ်တည်ငြိမ်ရင် ချမ်းသာတယ်**

အဲဒီ စူးစိုက်တည်ငြိမ်မှု ဈာန်နဲ့ သမာဓိ အတူတူပဲနော်။ စူးစိုက်တည်ငြိမ်မှု သမာဓိ အားကောင်းကောင်း ရနေတဲ့ ပုဂ္ဂိုလ်ဟာ သူရှုတဲ့ အာရုံထဲမှာ စိတ် စူးစိုက်မြုပ်ဝင်နေပြီဆိုတော့ အခန်းထဲက ဖျားနေတဲ့ သားဆီကို စိတ်ရောက်ပါဦးမလား၊ (မရောက်ပါဘုရား။) မရောက်ရင် အမယ်လေး ငါ့သား အဖျားများ တိုးနေသလားဆိုတဲ့ စိတ် လာဦးမလား။ (မလာပါဘုရား။) တကယ်လို့ ငါ့သား အဖျားများ တိုးနေမလားဟဲ့လို့ စိတ် ရောက်သွားရင် ဆင်းရဲမလား၊ ချမ်းသာမလား။ (ဆင်းရဲပါမယ်ဘုရား။) ဟုတ်ပြီ၊ ဆင်းရဲမယ်။ အဲ ငါ့ဆိုင်ပိတ်ထားရတယ်၊ သားနေမကောင်းလို့၊ ဖောက်သည်တွေတော့ ပျက်ကုန်တော့မှာပဲ၊ ဒီစိတ်ကော ရောက်ဦးမလား။ (မရောက်ပါဘုရား။) မရောက်တော့ စိတ် ဆင်းရဲမလား၊ ချမ်းသာမလား။ (ချမ်းသာပါမယ်ဘုရား။) အဲဒါ စိတ်တည်ငြိမ်စူးစိုက်မှုကြောင့် ရတဲ့ ဈာန်ချမ်းသာပဲ။

ဒီတော့ ဒီချမ်းသာဟာ ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း တစ်ကမ္ဘာလုံးနဲ့ တစ်လောကလုံးနဲ့ မဆိုင်ပေဘူးလား။ (ဆိုင်ပါတယ်ဘုရား။) အားလုံးနဲ့ ဆိုင်တယ်။ ဘယ်သူ့ကိုယ်ပိုင်မှ မဟုတ်ဘူး။ ဒီတော့ အသုံးပြုတတ်သူအတွက်

အကျိုးမရပေဘူးလား။ (ရပါတယ်ဘုရား။) မသိလို့ အသုံးမပြုတတ်သူ အတွက်တော့ကော။ (မရပါဘုရား။) ဟုတ်တယ်၊ အကျိုးမရဘူး။ ဒါပဲ။

ဒီတော့ အခု ဘုရားလောင်း သိဒ္ဓတ္ထဟာ အာဠာရ ရသေ့ဆီမှာ သင်ကြားပြီး လေ့ကျင့်လို့ရတာ ဒီဈာန်ပဲ။ စိတ်တည်ငြိမ် စူးစိုက်မှု ရရုံမျှပဲ။

**သမာပတ်ရှစ်ပါး** ဒီဈာန်ကို ၈ ဆင့် ခွဲထားတယ်။ ရှစ်ဆင့် ခွဲထားတာ သူ့ရဲ့ စိတ် စူးစိုက်တည်ငြိမ်မှု ဒီဂရီ အားကောင်းတာ အားနည်းတာ လိုက်ပြီးတော့ ခွဲထားတာပဲ။ ရှစ်ဆင့်ကို လွယ်လွယ်ပြောရရင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စတုတ္ထဆင့်၊ ပဥ္စမဆင့်၊ ဆဋ္ဌမဆင့်၊ သတ္တမဆင့်၊ အဋ္ဌမဆင့်။ တစ်ဆင့်ထက်တစ်ဆင့် စိတ်က ပိုပိုပြီးတော့ စူးစိုက်မြုပ်ဝင်သွားတယ်။ အဲဒါကိုပဲ ဘုန်းကြီးတို့ ဗုဒ္ဓသာသနာက ယူသုံးတဲ့အခါ ကျတော့ သမာပတ်ရှစ်ပါးလို့ အမည်တပ်ဟယ်။ ဘယ်လို နာမည်တပ်သလဲ။ (သမာပတ် ရှစ်ပါးလို့ နာမည်တပ်ပါတယ်ဘုရား။) အဲဒါ ဗုဒ္ဓသာသနာက ယူသုံးတာ။ တခြားက ယူသုံးရင်လဲ သူ့စကားနဲ့သူ နာမည်တပ်ရုံပဲ။ မဟုတ်ပေဘူးလား။

ဒီတော့ အဲဒီ ရှစ်ဆင့်ရှိတဲ့ အနက်က အခုပြောခဲ့တဲ့ အာဠာရရသေ့ကြီးက ခုနစ်ဆင့်ပဲ သူ ရတယ်။ နောက်ဆုံးအဆင့် သူ မရဘူး။ သူ ရသလောက်ကိုပဲ သိဒ္ဓတ္ထကို သင်ပေးတယ်။ သူသင်ပေးတဲ့ ခုနစ်ဆင့်ကို ဘုရားလောင်း ကျင့်ကြံအားထုတ် လိုက်တဲ့အခါကျတော့ တစ်ရက် နှစ်ရက်အတွင်းမှာပဲ ခုနစ်ဆင့်လုံး ပြည့်ပြည့်စုံစုံ ကျေကျေပွန်ပွန် ရသွားတယ်။

ဒီတော့ အာဠာရရသေ့ကြီးကို "ဆရာကြီး၊ ဒါအကုန်ပဲလား၊ တခြား ဘာများ ကျွန်ုပ်သင်ယူစရာ ရှိသေးသလဲ"လို့ မေးတော့ ရသေ့ကြီးက "ကျွန်ုပ်တတ်တာတော့ ဒါအကုန်ပဲ။ သင့်ဟာက မြန်လှချေလား၊ ကျွန်ုပ်မှာ နှစ်ချီပြီး ကျင့်ကြံအားထုတ်ရတာကို သင့်မှာ တစ်ရက်နှစ်ရက်အတွင်း ရသွားတယ်ဆိုတော့ သိပ်တော်တာပဲ၊ ဒီတော့ တခြား မသွားချင်ပါနဲ့တော့ ဒီနေရာမှာပဲ ကျွန်ုပ်နဲ့အတူ ဆရာတစ်ဆူလုပ်ပြီး တပည့်တွေကို သင်ပေး ကြပါစို့"လို့ အာဠာရရသေ့က ပြောတယ်။

**ဒီဟာမဟုတ်သေးဘူး** ဘုရားလောင်း တောထွက်လာတာက ဒါရှာဖို့ မဟုတ်ဘူး၊ ဆင်းရဲငြိမ်းရေးကို ရှာဖို့လာတာ။ ဆင်းရဲ ဘယ်လို ငြိမ်းနိုင်သလဲ၊ ချမ်းသာကို ဘယ်လို ရနိုင်သလဲ၊ အဲဒါကို ရှာဖို့ ထွက်လာတာ။ ဒါဖြင့်ရင် ဘုန်းကြီးပြောခဲ့တဲ့ အာရုံထဲမှာ စိတ် စူးစိုက်ပြီး မြုပ်ဝင် တည်ငြိမ်နေပြီဆိုရင် စိတ်မချမ်းသာဘူးလား။ ( ချမ်းသာပါတယ် ဘုရား။) ဒါဖြင့် ဒီသိဒ္ဓတ္ထ ဘုရားလောင်းဟာ ဒီချမ်းသာကို မရဘူးလား။ (ရပါတယ်ဘုရား။) ရရင် အဲဒီချမ်းသာနဲ့ မတော်လောက်သေးဘူးလား၊ တော်လောက်ဖို့ မကောင်းဘူးလား။

အဲဒီ ဈာန်ချမ်းသာက အာရုံထဲမှာ စိတ် စိုက်မြုပ်ဝင်နေတဲ့ အခိုက်မှာသာ ချမ်းသာနေတာ။ အဲဒီအာရုံက စိတ်ကိုခွာလိုက်ပြီး နေ့စဉ်လုပ်နေကျ ရေချိုးမှု၊ ဆွမ်းခံမှု၊ သစ်သီးရှာမှု အစရှိတဲ့ အလုပ်တွေ လုပ်နေတဲ့ အခါကျတော့ စိတ်က ငြိမ်သေးသလား။ (မငြိမ်ပါဘုရား။) မငြိမ်တော့ အဲဒီအခါ စိတ်ချမ်းသာဦးမလား။ မချမ်းသာတော့ဘူး။ ဒီတော့ သူလိုချင်တဲ့ စိတ် ချမ်းသာမှုကို ရသေးသလား။ (မရတော့ပါဘုရား။)

ကဲ ဒီတော့ ဘုရားလောင်းက "ဆရာကြီး၊ တော်လောက်ပါပြီ၊ ဆရာကြီးနဲ့ပဲ အတူတူနေပါတော့မယ်"လို့ ပြောသလား။ (မပြောပါဘုရား။) ဘယ်လို ပြောသလဲဆိုတော့ "ဆရာကြီး၊ ကျွန်ုပ်လိုချင်တဲ့ ချမ်းသာကို ဒီလောက်နဲ့ မရသေးပါဘူး၊ ဆက်ပြီး ချမ်းသာစစ် ချမ်းသာမှန်ကို ရှာရပါဦးမယ်၊ ဆရာကြီးကိုတော့ ကျေးဇူး အများကြီး တင်ပါတယ်၊ သွားခွင့်ပြုပါဦး"လို့ဆိုပြီး ထွက်သွားတယ်။

**ဒုတိယဆရာ ဥဒကရသေ့** အာဠာရရသေ့ထံမှ ထွက်ခွါသွားပြီးတဲ့နောက် ဆရာ လိုက်ရှာ ပြန်တဲ့အခါ ရာမရသေ့ကြီးရဲ့သားတပည့် ဥဒကရသေ့နှင့် တွေ့တယ်။ ရာမရသေ့ကြီးက နေဝသညာ နာသညာယတန ဈာန်အထိ ဈာန်ရှစ်ဆင့်လုံး ရတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ရာမရသေ့ကြီး က မရှိတော့ဘူး။ ဥဒက ရသေ့ကြီးကတော့ ဈာန် ခုနစ်ဆင့်ပဲရတယ်။

ဥဒကရသေ့ကြီးက ရာမရသေ့ကြီး ရတဲ့ ဈာန် ရှစ်ဆင့်လုံးကို ဘုရားလောင်းကို ပြောပြတယ်။ သူ ပြောပြတဲ့အတိုင်း ဘုရားလောင်း အားထုတ်တော့ မကြာမီပဲ နေဝသညာနာသညာယတနဈာန်အထိ ရှစ်ဆင့်လုံး ရသွားတယ်။*

ခုနှစ်ဆင့်အထိ ရပြီးသား ဘုရားလောင်းဟာ ရှစ်ဆင့်မြောက် အဆင့်ကို တော့ သူ ခဏနဲ့ပဲရမှာပဲ။ ရှစ်ဆင့်မြောက် အဆင့်ကိုပါ ရတဲ့အခါကျတော့ "ဆရာကြီး ဆရာကြီး ပြောတဲ့အတိုင်း ရပါပြီ၊ အဲဒါ နောက်ထပ် ဘာသင်ရပါဦးမလဲ"လို့ ဘုရားလောင်းက မေးတော့ ရသေ့ကြီးက "သင်ဟာ ရာမဆရာကြီးရတဲ့ ဈာန် ရှစ်ဆင့်လုံးကို ရနေပြီ၊ တခြား မသွားပါနှင့်တော့၊ ဒီမှာပဲ ဆရာကြီးလုပ်နေပါ"လို့ တိုက်တွန်းတယ်။ ဘုရားလောင်းက သူ လိုချင်တဲ့ ချမ်းသာ မရသေးတော့ ဥဒကထံမှ ထွက်ခွါသွားပြန်တယ်။*

အဘိညာဏ် ဒီနေရာမှာ ဘုန်းကြီး တစ်ခုပြောချင်တယ်နော်။ ဘာလဲဆိုတော့ ဈာန်နဲ့ အဘိညာဏ်ကို ခွဲခွဲခြားခြား သိဖို့ပဲ။ ဈာန်ဆိုတာ အခု ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း အာရုံတစ်ခုတည်းမှာ စိတ် စူးစိုက် မြုပ်ဝင်နေရုံမျှပဲ၊ ဒီထက် ဘာမှ မပိုဘူး။

သို့သော် အဘိညာဏ်ခေါ်တဲ့ ထူးခြားတဲ့ တန်ခိုးတွေ ရချင်တဲ့ အခါကျတော့ စိတ်ထဲက လိုချင်တဲ့အရာကို ဓိဋ္ဌာန်ရတယ်။ ဥပမာ ကောင်းကင်က မြေကြီးဖြစ်ပါစေ၊ သို့မဟုတ် ရေပြင်က မြေပြင်ဖြစ်ပါစေ စသည်ဖြင့် စိတ်ထဲမှာ ဓိဋ္ဌာန်ပြီးတော့ ဒီဈာန်ကို ထပ်ခါထပ်ခါ ဝင်စားရတယ်။ ကျေပွန်အောင် ကျွမ်းကျင်အောင် ဝင်စားရတယ်။ အဲဒီလို နိုင်နင်းတဲ့အခါ

---

*ဤ အချက်သည် ဘုရားအလောင်းတော် ဘုရားအဖြစ် ရရေး၌ အရေးပါသောအချက် မဟုတ်၍ ဟောစဉ်က အကျဉ်းချုံး ဟောလိုက်သော ကြောင့် စကား အနည်းငယ် ကျန်သွားသဖြင့် ယခု ပြင်ဆင် ဖြည့်စွက် လိုက်ပါသည်။ ဥဒကရသေ့ကြီးမှာ သူ့ထံမှ ဘုရားလောင်း ထွက်ခွါသွားမှပင် သံဝေဂစိတ် ဖြစ်ပေါ်ကာ ဆက်လက် အားထုတ်ရာ ဈာန်ရှစ်ဆင့်လုံး ရသွားကြောင်း မူလပဏ္ဏာသ၊ ပါသရာသိသုတ် အဖွင့် ဋီကာ (မ-ဋီ၂၊ ၁၃၉၊ ၁၄၀)၌ ဖော်ပြထားသည်။

ကျတော့ ဝသီဘော်နိုင်တယ်လို့ ဗုဒ္ဓသာသနာဝင် ကျမ်းဂန် များမှာ ခေါ်ဝေါ် သုံးနှုန်းကြတယ်။

ဒီလို နိုင်နင်းတဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့ တစ်စက္ကန့်အတွင်းမှာ ၈ဆင့်အထိ ချက်ချင်း ဝင်စားနိုင်တယ်။ တစ်ခါ အဲဒီ ၈ဆင့် ရောက်ပြီးတဲ့နောက် တစ်စက္ကန့်အတွင်းမှာပဲ ရျာန်ပျက်ပြယ်ပါစေလို့ စိတ်က ဓိဋ္ဌာန်လိုက်ရင် တစ်စက္ကန့်အတွင်းမှာပဲ ဈာန်ပြယ်သွားပြီးတော့ ပကတိအတိုင်း ဖြစ်သွားတယ်။

အဲဒီလောက်ထိအောင် နိုင်နင်းတဲ့အခါကျတော့မှ စောစောက ပြောခဲ့တဲ့ အဘိညာဏ်ဆိုတဲ့ တန်ခိုးတွေကို စိတ်ညွှတ်ပြီးတော့ ဖန်ဆင်းယူရတယ်။ အဲဒါက အဘိညာဏ်။ အဲ အာရုံထဲမှာ စိတ် စူးစိုက် မြုပ်ဝင်နေတာကတော့ ဈာန်သက်သက်ပဲ။ ဒီတော့ ဥဒကရသေ့ကလဲ ဒီထက်ပိုပြီး မသိတော့ တိုတိုပြောရရင် သိဒ္ဓတ္ထ ထွက်သွားပြန်တယ်။

**ဒုက္ကရစရိယာအကျင့်** ဒီလိုနဲ့ သိဒ္ဓတ္ထ ထွက်သွားလိုက်တာ ဥရုဝေလတောကို ရောက်သွားတယ်။ ဥရုဝေလတော ရောက်တော့ "ကဲ- သူများထံ တပည့်ခံလို့တော့ ငါဟာ မဟန်တော့ဘူး၊ ကိုယ်တိုင် သိထားတဲ့ နည်းတွေနဲ့ ကျင့်ကြံကြည့်မှပဲ"လို့ စိတ်ဆုံးဖြတ်ပြီး သူ ရှေးက ကြားဖူး သိဖူးထားတဲ့နည်းတွေ၊ လေ့လာဖူးထားတဲ့ နည်းတွေကို အဲဒီမှာ အင်မတန် ကြီးမားတဲ့ လုံ့လ ဝီရိယနဲ့ သူကျင့်ကြံပွားများ အားထုတ်တယ်။

အဲဒီနည်းတွေလဲ ကျမ်းဂန်မှာ ဖော်ပြထားတာ ရှိပါတယ်။ အသက်အောင့် လေ့ကျင့်တာတို့၊ နှာခေါင်းရော၊ နားရော၊ ပါးစပ်ရော အကုန်လုံး ပိတ်ဆို့ပြီးတော့ လေဘယ်ကမှ မထွက်အောင် လုပ်ပြီး လေ့ကျင့်တာတို့ အသက်ရှုမြန်အောင် လေ့ကျင့်တာတို့၊ နှေးအောင် လေ့ကျင့်တာတို့ အစရှိတဲ့ နည်းတွေ အမျိုးမျိုးပါပဲ။ များသောအားဖြင့် ရှေးက လေ့ကျင့်တဲ့နည်းတွေက အာနာပါနခေါ်တဲ့ ထွက်လေဝင်လေကို အခြေခံပြီး လေ့ကျင့်ကြတာက များပါတယ်။ အဲဒီလို ဘုရားလောင်း သိဒ္ဓတ္ထ ဥရုဝေလမှာ ကျင့်လိုက်တာ အားထုတ်လိုက်တာ သူလိုချင်တာ ဘာတစ်ခုမှ မရဘူး။

လူကတော့ အချိန်ကုန်မှာ စိုးရိမ်ပြီး ဆွမ်းခံတောင် မထွက်ဘူး။ သစ်သီးရှာဖို့တောင် မသွားတော့ဘူး။ "သစ်ပင်အောက် ကြွေကျတဲ့ သစ်သီးကိုပဲ စားပြီးအားထုတ်မယ်"ဆိုပြီး ကြွေကျတာကိုပဲ စားတယ်။ တစ်ခါ "ကြွေကျတဲ့သစ်သီး လိုက်ကောက်ရတာ အချိန်ကုန်ပါတယ်၊ တရားအားထုတ်ရတာ ပျက်တယ်၊ ထိုင်တဲ့နေရာမှာကျတဲ့ သစ်သီးမှပဲစားမယ်၊ မကျရင် မစားတော့ဘူး"ဆိုပြီးတော့ အချိန် အလဟဿ ဖြစ်သွားမှာစိုးလို့ ရက်ပေါင်းများစွာ ထိုင်ရာမထ အားထုတ်တယ်။ ဒီအတိုင်းပဲ အားထုတ်တယ်။

အစာအာဟာရကို မျှတအောင် မမှီဝဲတဲ့အပြင် ဝီရိယဓာတ်က ပြင်းထန်လွန်းတော့ ရက်ကြာလာတဲ့အခါမှာ အားပြတ်ပြီး လဲသွားတယ်။ တရားကတော့ ဘာတရားမှ မရဘူး။ ဒီတော့ သူဆင်ခြင်ကြည့်မိတယ် "ငါ့ဟာ မဟုတ်သေးဘူး၊ ဒီလောက်ကြီးမားတဲ့ လုံ့လဝီရိယနဲ့ ဒါလောက် အချိန်ကြာအောင် အားထုတ်လျက်နှင့်တောင်မှ ငါလိုချင်တဲ့ ဆင်းရဲငြိမ်းအေးချမ်းသာရေးဆိုတာကို အနားတောင် မသီနိုင်သေးဘူး။ ဒီတော့ ဒီနည်းလဲ မဟုတ်သေးဘူး၊ ဒါဖြင့် ဘာလုပ်ရမလဲ၊ တခြားနည်းကို ပြောင်းအားထုတ်ကြည့်ဦးမှဖြစ်မယ်"လို့ သူ ဆင်ခြင်မိတယ်။

**ဥရုဝေလမှ ထွက်ခဲ့ပြန်တယ်**

ဘယ်နည်းကို ပြောင်းပြီး အားထုတ်ရမည်လဲလို့ ဆင်ခြင်ကြည့်တဲ့အခါ သူ ကလေးဘဝက ဝင်စားခဲ့ဘူးတဲ့ အာနာပါန ပထမဈာန်ကို သွားသတိရတယ်။ ဒီဈာန်ဟာဖြင့် ဆင်းရဲငြိမ်းကြောင်း နည်းကောင်းလမ်းမှန် ဖြစ်တန်ကောင်းရဲ့လို့ ယူဆပြီး အားထုတ်မယ်ကြံတော့ ကိုယ်အင်အား မရှိတာကို သတိထားမိတယ်။ ဒါကြောင့် ကိုယ်အင်အားပြည့်အောင် အစာအာဟာရကို ပြန်စားပြီး အာနာပါနကို ကျင့်ကြံအားထုတ်တော့ စတုတ္ထဈာန်ချမ်းသာအထိ ခံစားရဟယ်။ ဒါပေတဲ့ သူလိုချင်တဲ့ အဆုံးစွန်သော ချမ်းသာစစ်ချမ်းသာမှန်ကို မရသေးတော့ မကျေနပ်ဘူး။ ဒီတော့ "အင်း ဒီလိုဆိုရင် ဒီ ဥရုဝေလတောဟာ ငါ့အတွက် အမှန်တရားတွေ့ဖို့ရာ ဆင်းရဲငြိမ်းဖို့ရာ ဘူမိနက်သန် မဟုတ်သေးလို့ပဲ"လို့ စဉ်းစားမိပြီး ဥရုဝေလတောက ထွက်လာခဲ့တယ်။

အဲဒီ ဥရုဝေလတောမှာ ခြောက်နှစ်ပတ်လုံး အဆင်းရဲ အပင်ပန်းခံပြီးတော့ သူ ကြားဖူး သိဖူး လေ့လာထားဘူးတဲ့ ဟုတ်မယ်ထင်တဲ့ နည်းတွေကို စမ်းပြီး လေ့ကျင့်လိုက်တာ ခြောက်နှစ်ကြာသွားတယ်။ အဲဒါကို ဒုက္ကရစရိယာကျင့်တယ်လို့ ခေါ်တယ်။ ဒုက္ကရစရိယာဆိုတာ ဒုက္ကရ=ပြုလုပ်ဖို့ ခဲယဉ်းသော၊ စရိယာ=အကျင့်။ ဒုက္ကရစရိယာ=လူသာမန်တို့ ကျင့်နိုင်ခဲတဲ့ အကျင့်လို့ ဆိုလိုတယ်။ [ဒုက္ခစရိယာ မဟုတ်ဘူး။]

**သုဇာတာနှင့်တွေ့** အဲဒီကထွက်ပြီး နေရဉ္ဇရာ မြစ်ကမ်းအတိုင်း အတော်သွားမိတော့ တော်တော် အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးတစ်ပင်ကို တွေ့တယ်။ ဒီတော့ အဲဒီညောင်ပင်ကြီးအောက်မှာ ခဏထိုင်ပြီး နားနေတယ်။ အဲဒီအချိန်မှာ ဒီညောင်ပင်အနီးမှာရှိတဲ့ သေနဆိုတဲ့ ရွာကြီးထဲက သူဌေးသမီး သုဇာတာက သူတို့ ရှေးအစဉ်အလာအရ နတ်ပူဇော်ဖို့အတွက် နို့ဆွမ်းတွေ၊ နို့ထမင်းတွေ ယူလာလို့ ညောင်ပင်နားကို ရောက်တဲ့အခါ ဒိဝါဝါဝတ် သိဒ္ဓတ္ထ ဘုရားအလောင်း ညောင်ပင်အောက်မှာ ထိုင်နေတာမြင်တော့ "ဒါ ဒို့ကိုးကွယ်တဲ့ နတ်ကြီးပဲ၊ ဒီနေ့ကိုယ်ထင်ပြတယ်"လို့ စိတ်ထဲမှာ အားရဝမ်းသာဖြစ်ပြီး နို့ထမင်းလှူတော့ ဘုရားအလောင်းလဲပဲ အဲဒီ နို့ထမင်းကို ဘုဉ်းပေးပြီး အားအင် တော်တော်ပြည့်သွားတယ်။

ညနေစောင်းကျတော့ နေရဉ္ဇရာမြစ်ကို ဖြတ်ပြီး တစ်ဘက်ကမ်းကို ကူးလိုက်တယ်။ ကူးတဲ့နေ့က ကဆုန်လပြည့်နေ့၊ ကဆုန်လမှာဆိုရင် နေရဉ္ဇရာမြစ်ထဲမှာ ရေက ခြေချင်းဝတ်လောက်ပဲ ရှိတဲ့နေရာ ရှိတယ်။ ရေအနည်းအပါးသာရှိတော့ မြစ်ထဲမှာ ဖြတ်သွားလို့ရတယ်။ မြင်းရထားဖြတ်ပြီး မောင်းသွားလို့လဲ ရတယ်။ သုဇာတာသူဌေးသမီး နို့ဆွမ်းကပ်တဲ့ ရွှေခွက်ကိုလဲ မြစ်ထဲ မျှောပစ်ခဲ့တယ်။ အဲဒီရွှေခွက် ရှိနေရင် ရွှေခွက်ကို ငြိတွယ် တပ်မက်ပြီး တရား ရချင်မှလဲ ရမှာကိုး။

**ဗောဓိညောင်ပင်အောက်** မြစ်တစ်ဘက်ကမ်းရောက်လို့ တောအုပ်ညို့ညို့တွေ့တော့ "ဒီတောဖြင့် အင်မတန် သာယာတယ်၊ စိမ်းစိုတယ်၊ ဒီတောဟာ ငါ့အတွက် ဘုမိနက်သန် မှန်ကောင်းမှန်

လိမ့်မယ်”လို့ ယူဆပြီး အဲဒီတောထဲက အင်မတန် အရိပ်ကောင်းတဲ့ ညောင်ပင် တစ်ပင်ကို ရွေးပြီးတော့ အဲဒီ ညောင်ပင် ပင်စည်ရဲ့ အရှေ့ဘက်မှာ ညောင်ပင် ခြေရင်း မြက်ခင်းပြီး အရှေ့ဘက် လှည့်ထိုင်လိုက်တယ်။ “ကဲ ငါ့ခန္ဓာကိုယ် အင်အား ပြည့်ပြီ၊ ကျင့်ကြံ အားထုတ်နိုင်တဲ့ အင်အား ရှိလာပြီ။ ဒီတော့ တရားမရရင် ဒီနေရာက မထဘူး၊ ငါလိုချင်တဲ့ ဆင်းရဲငြိမ်းရေးတရား၊ ချမ်းသာရေးတရား မရရင် မထဘူး”လို့ ခိဋ္ဌာန်ပြီး အဲဒီ ညောင်ပင်အောက်မှာ တရားကျင့်တယ်။

**ဈာန်အခြေခံတဲ့ ဝိပဿနာ** ကျင့်တဲ့အခါကျတော့ ငယ်စဉ် ကလေးဘဝက ပါရမီ အလျောက် ဝင်စားခဲ့ဘူးတဲ့ အာနာပါနဈာန် ပထမ ဆင့်ကိုပဲ စအားထုတ်တယ်။ ထွက်လေ ဝင်လေတည်းဟူသော တစ်ခုတည်း သော အာရုံမှာ စိတ်ကို စိုက်ဝင်နေအောင် လေ့ကျင့်ယူလိုက်တာ မကြာခင်ပဲ စတုတ္ထဈာန်အထိ ရတယ်။

ဈာန်ရလို့ စိတ်က စူးစိုက်ပြီး တည်ငြိမ်နေတော့ ဉာဏ်က ထက်မြက် လာတယ်။ ဒီတွင်မှ ကျောင်းကျိုးသဘာဝ (ပဋိစ္စသမုပ္ပါဒ်)ကို အပြန်ပြန် အလှန်လှန် ဉာဏ်သက်ဝင်မိပြီး ရုပ်ခန္ဓာကိုယ်ထဲမှာ ထင်ထင်ရှားရှား ဖြစ်နေတဲ့ သဘောတွေ၊ စိတ်ထဲမှာ ထင်ထင်ရှားရှားဖြစ်နေတဲ့ သဘောတွေကို အာရုံ ပြုပြီး စိတ်နဲ့ စောင့်ရှုတယ်။ စိတ်က စဉ်းစားနေတော့ စဉ်းစားစိတ်ကို စောင့်ရှုတယ်။ တွေးတော့ တွေးတဲ့စိတ်ကို စောင့်ရှုတယ်။ စိတ်ကူးတော့ စိတ်ကူးစိတ်ကို စောင့်ရှုတယ်။ ခန္ဓာကိုယ်က ယားလာတော့ ယားတဲ့သဘောကို စောင့်ရှုတယ်။

အဲဒီလို စသည်ဖြင့် ရုပ်ဖြစ်ပေါ်တိုင်း စိတ်ဖြစ်ပေါ်တိုင်း မလွတ်ရအောင် စောင့်ရှုနေတယ်။ သမာဓိက အင်မတန် အားကောင်းနေတော့ စောင့်ရှုတိုင်း ရှုတိုင်းမှာ အဲဒီ ရုပ်တွေ စိတ်တွေရဲ့ အတွင်းသား အသေးစိတ် သဘော ကလေးတွေကို ဉာဏ်နှင့် ရှင်းရှင်းလင်းလင်း တွေ့မြင်ရတယ်။ ဒီတော့မှ “စိတ်ဆိုတာ အခုဖြစ်ပေါ်ပြီးတော့ အခုပျောက်သွားတာပဲ”လို့ သူ့ဉာဏ်ထဲမှာ

သိမြင်လာတယ်။ "ခန္ဓာကိုယ်ဆိုတဲ့ ရုပ်ကြီးမှာ ဖြစ်နေတဲ့ သဘောတွေလဲပဲ ဘာတစ်ခုမှ အမြဲတမ်း တည်နေတာ မဟုတ်ပါဘဲလား"လို့ သူ့သဘောပေါက်လာတယ်။ ဒီသဘောတစ်ခု ဖြစ်နေတယ်၊ သူ စောင့်ကြည့်လိုက်တယ်၊ အဲဒီသဘော ပျောက်သွားတယ်၊ နောက်သဘောတစ်ခု ဖြစ်ပေါ်လာတယ်၊ သူစောင့်ကြည့်လိုက်တယ်။ အဲဒါလဲ ပျောက်သွားတယ်။

**ဖြစ်ပျက်အစဉ်ကို သိမြင်ရ**

ဥပမာ ဆိုကြပါစို့။ ယားတဲ့သဘောကိုတွေ့လို့ ယားတဲ့ သဘောလေးကို သဘာဝအတိုင်း သိအောင် စောင့်ကြည့်လိုက်တယ်၊ သမာဓိက အားကောင်းနေတော့ ဒီ ယားတဲ့သဘောလေးဟာ ဖြုတ်ကနဲ ပျောက်သွားတာကို တွေ့ရတယ်။ နောက်တစ်ခါ ယားတဲ့ သဘောတစ်မျိုး ဖြုတ်ကနဲ ပေါ်လာပြီး ဖြုတ်ကနဲ ပျောက်သွားတာ တွေ့ရတယ်။ အဲဒီလိုပဲစောင့်ရှုကြည့်တဲ့အခါ အရှုခံ သဘောတိုင်း သဘောတိုင်းဟာ ဖြစ်ပေါ် ဖြစ်ပေါ်ပြီးတော့ ပျောက်ပျောက် သွားတာကိုချည်းပဲ တွေ့မြင်နေရတယ်။

ရုပ်သဘောတွေ၊ စိတ်ခေါ်တဲ့ နာမ်သဘောတွေ တစ်ခုဖြစ်ပေါ်ပြီး ပျောက်သွားလိုက်၊ နောက်တစ်ခု အသစ်ဖြစ်လာလဲ ပျောက်သွား၊ နောက်တစ်ခု အသစ်ဖြစ်လာတာလဲ ပျောက်ပျောက်သွားနှင့် ဒါတွေချည်းပဲ တွေ့နေရတော့ အဲဒီမှာ "သြော်-- လောကဟာ တို့ ထင်နေတဲ့အတိုင်း တည်မြဲနေတာ မဟုတ်ပါဘဲလား၊ သဘာဝတရားတွေဟာ တစ်ခုချင်း တစ်ခုချင်း ဖြစ်ပေါ် ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားကြတာချည်းပဲ။ အားလုံးဟာ ဖြစ် ပျက် ပေါ် ပျောက် အစဉ်မျှသာ ရှိတာပဲ"လို့ ဉာဏ်နဲ့ သွားတွေ့တယ်။

အဲဒီလို သွားတွေ့တဲ့အခါကျတော့ အလျင်ကလို ပုဂ္ဂိုလ် အစိုင်အခဲ ပုံသဏ္ဌာန်ကြီးဆိုတဲ့ အမြင် မမြင်တော့ဘူး။ ဘာမြင်သလဲဆိုတော့ ခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ သဘာဝတွေလဲ ဖြစ်ပေါ် ဖြစ်ပေါ်ပြီးတော့ ပျောက်ပျောက် ပျက်ပျက်သွားတဲ့ သဘာဝ အစဉ်အဆက်တွေမျှပဲလို့ အဲဒီလို သဘာဝကို သဘာဝမျှပဲလို့ မြင်တဲ့အခါကျတော့ ငါလို့လဲ သူ မမြင်တော့ဘူး၊ ပုဂ္ဂိုလ်လို့လဲ သူ မမြင်တော့ဘူး၊ လူလို့လဲသူမမြင်တော့ဘူး။ ဘယ်လို မြင်နေသလဲဆိုတော့

ခန္ဓာကိုယ်ဆိုတဲ့ ရုပ်သဘာဝနဲ့ စိတ်ဆိုတဲ့ နာမ်သဘာဝတွေဟာ သူ့အကြောင်း အားလျော်စွာ ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားတဲ့ အစဉ်ကြီးမျှသာပဲလို့ မြင်နေတယ်။

**ကိလေသာငြိမ်းလို့ ဘုရားဖြစ်** အဲဒီလို ထိုးထွင်းပြီး သိမြင်သွားတဲ့အခါ ကျတော့ အယင်က ဒီလိုမသိလို့ ပုဂ္ဂိုလ်ပဲ၊ ငါပဲ၊ သူပဲ၊ သတ္တဝါပဲ၊ အတ္တပဲ၊ ဝိညာဉ်ပဲလို့ထင်တဲ့ အထင်မှား အမြင်မှား အသိမှားတွေကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ လိုချင်တပ်မက်မှု လောဘတွေ၊ စိတ်ဆိုး စိတ်ပျက်မှု ဒေါသတွေ၊ ထောင်လွှားတက်ကြွမှု မာနတွေ အစရှိတဲ့ မကောင်းတဲ့ စိတ်ဆိုး စိတ်မိုက်တွေဟာ သူ့မှာ မပေါ်လာတော့ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီ စိတ်ဆိုးစိတ်မိုက်တွေ ဖြစ်ပေါ်ဖို့ရာ အကြောင်းရင်း ဖြစ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ သူ ငါစတဲ့ အယူမှား အမြင်မှား မရှိတော့လို့ပဲ။

ဘာကြောင့် အဲဒီ အယူမှား အမြင်မှား မရှိသလဲဆိုတော့ သဘာဝ အစဉ်ကို သဘာဝ အစဉ်မျှသာပဲလို့ ဉာဏ်က ထိုးထွင်းပြီး သိမြင်နေလို့ပါပဲ။ အဲဒီလို သိမြင်လိုက်တဲ့အတွက်ပဲ ပုဂ္ဂိုလ် သတ္တဝါလို့ ယူဆမှသာလျှင် ဖြစ်ပေါ်လာနိုင်တဲ့ လိုချင် တပ်မက်မှု စိတ်ဆိုး စိတ်ပျက်မှု အစရှိတဲ့ စိတ်ဆိုး စိတ်မိုက်တွေကို သူ့ခန္ဓာအစဉ်မှ လုံးဝ အမြစ်ပြတ် ပယ်ရှား ပစ်လိုက်တယ်။

အဲဒီ အချိန်ကစပြီးတော့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ အင်မတန် ကြည်လင်တဲ့ စိတ်၊ အင်မတန် ဖြူစင်တဲ့ စိတ်၊ အင်မတန် ကြည်လင်တဲ့ရုပ်၊ အင်မတန် ဖြူစင်တဲ့ရုပ်နဲ့ လောကသုံးပါးမှာ သဗ္ဗညုဘုရားရှင် အဖြစ်ကို ရလာတယ်။ အဲဒါ ဘယ်တုန်းကလဲဆိုတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၇၀ အချိန် ကဆုန်လပြည့်နေ့မှာပဲ။ လောက ဝေါဟာရအရ ဆိုရင်တော့ ကဆုန်လပြည့်ကျော် ၁ ရက် မိုးသောက်ယံ အရုဏ်တက်ခါနီးလေးလို့ ဆိုရမှာပေါ့။

**ဗုဒ္ဓနှင့် သမ္မာသမ္ဗုဒ္ဓ** အဲဒီ အသိထူး ဉာဏ်ထူး ရလို့ပဲ အဲဒီ သိဒ္ဓတ္ထကို ဘာလို့ ခေါ်ကြသလဲဆိုတော့ "ဗုဒ္ဓ"လို့ ခေါ်ကြတယ်။ အဓိပ္ပာယ်က "အမှန်သဘာဝကို သိသူ"လို့ ဆိုလိုတယ်။

သဘာဝမျှသာပဲလို့ သိတဲ့ အသိထူး ဉာဏ်ထူးကို ဘယ်ဆရာ့ထံမှာမှ မသင်ရဘဲနဲ့ မိမိကိုယ်တိုင် သတိနဲ့ သဘာဝတရားကို စောင့်ရှုရင်းက အမှန်အတိုင်း ထိုးထွင်းပြီး ရလာတဲ့ အသိဉာဏ်ပိုင်ရှင် ဖြစ်လို့မို့ "သမ္မာသမ္ဗုဒ္ဓ" လို့လဲ အမည်ရတယ်။ **သမ္မာ**=အမှန်အတိုင်း သဘာဝကို သဘာဝအတိုင်း။ **သမ်**=ကိုယ်တော်တိုင် (သူတစ်ပါးထံမှာ နည်းမခံရဘဲနဲ့။) **ဗုဒ္ဓ**=ရှင်းရှင်း လင်းလင်း သိမြင်တဲ့ပုဂ္ဂိုလ်။ သမ္မာသမ္ဗုဒ္ဓ= သဘာဝ အမှန်ကို သဘာဝ အမှန်အတိုင်း ကိုယ်တိုင် ကျင့်ကြံပွားများ အားထုတ်ခြင်းအားဖြင့် ထိုးထွင်းပြီး သိတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုတယ်။ ဒါကြောင့်မို့ သမ္မာသမ္ဗုဒ္ဓဂုဏ်နဲ့ ပြည့်စုံတယ်လို့ ဗုဒ္ဓကို ဆိုရတယ်။

ဒါကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်ကို ဘုန်းကြီးတို့ ဒီလို မြန်မာ ပြန်ထား ပါတယ်။ သမ္မာသမ္ဗုဒ္ဓေါ=သိစရာမှန်သမျှ တစ်စမကျန် သယမ္ဘူဉာဏ်ဖြင့် အမှန်အတိုင်း သိတော်မူသော မြတ်စွာဘုရား။ ဒီလို ပြန်ထားပါတယ်။ လောကမှာ သိစရာ သဘာဝဟူသမျှကို သဘာဝအတိုင်း သဘာဝကျကျ တစ်ခုမှ မကျန်ရအောင် ထိုးထွင်းသိတဲ့ မြတ်စွာဘုရား။ သယမ္ဘူဉာဏ်ဆိုတာ ကိုယ်ပိုင်ဉာဏ် ကိုယ်တိုင် ထိုးထွင်းသိတဲ့ဉာဏ်လို့ အဓိပ္ပါယ်ရပါတယ်။ သူတစ်ပါးဆီက သင်ယူပြီးမှ သိရတာ မဟုတ်ပါဘူး။

အခု ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း အာဠာရနှင့် ဥဒကရသေ့တို့ထံမှာ တပည့်ခံသော်လဲ အဲဒီတုန်းက သူရတာဟာ စိတ်တည်ငြိမ် ရုံးစိုက်မှု ဈာန်မျှလောက်ပဲ ရပါတယ်။ ဒါကြောင့် မကျေနပ်လို့ ခွဲထွက်လာပြီး သူ့ ကိုယ်ပိုင်ဉာဏ်နဲ့ ကျင့်ကြံလိုက်တဲ့အခါကျတော့ ကိုယ့်ဟာကိုယ် နည်းမှန် လမ်းမှန် အလိုလို ရောက်သွားပြီး သိစရာရှိတဲ့ သဘာဝကို သဘာဝ အမှန်အတိုင်း ထိုးထွင်း သိမြင်သွားတယ်။

ဒီတော့ ဒီဘုရားဟာ နတ်ဘုရားလား၊ ဗြဟ္မာဘုရားလား၊ ဘာဘုရားလဲ။ (လူသားဘုရားပါဘုရား။) လူသားဘုရား။ ဒီလူသားဘုရားဟာ ဘယ်သူ့ဆီ နည်းယူပြီး သူသိတာလဲ။ (ကိုယ်တိုင်ကျင့်ကြံလို့ သိတာပါဘုရား။) ကိုယ်တိုင် ကျင့်ကြံလို့ ကိုယ်တိုင် သိရှိတွေ့မြင်ပြီးတော့ ဖြစ်လာတဲ့ လူသားဘုရား

မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒီတော့ ဘုန်းကြီးတို့ ပရိသတ် ဗဟုသုတအဖြစ် စကားလုံးရဲ့ အဓိပ္ပာယ် နားလည်ရအောင် လိုက်ဆိုကြစမ်းပါ။

**သမ္မာသမ္ဗုဒ္ဓေါ = သိစရာမှန်သမျှ တစ်စမကျန် သယမ္ဘူဉာဏ်ဖြင့် အမှန်အတိုင်း သိတော်မူသော မြတ်စွာဘုရား။**

**ဗုဒ္ဓမြတ်စွာ သိတော်မူသော အမှန်သဘာဝ**

နောက် ဒီဘုရားကို စောစောက ပြောခဲ့သလို ဗုဒ္ဓလို့လဲ ခေါ်ကြတယ်။ဗုဒ္ဓဆိုတာ လွယ်လွယ်ဆိုရင် "သိသူ"ပါပဲ။ ဗုဒ္ဓဆိုတာ ဘာလဲ။ (သိသူပါဘုရား။) ဘာကို သိတာလဲဆိုတော့ သဘာဝကိုသိတာ။ ဘာကို သိတာလဲ။ (သဘာဝကို သိတာပါဘုရား။) ဗုဒ္ဓမြတ်စွာဘုရား သိတဲ့ အဲဒီ သဘာဝက လေးမျိုး ရှိတယ်။ သဘာဝအတိုင်း အမှန်အတိုင်းသိတာ လေးမျိုး ရှိတယ်။

၁။ ဆင်းရဲကိုသိတယ်၊
၂။ ဆင်းရဲဖြစ်ခြင်းရဲ့ အကြောင်းကိုသိတယ်၊
၃။ ဆင်းရဲချုပ်ငြိမ်းခြင်းကိုသိတယ်၊
၄။ ဆင်းရဲငြိမ်းကြောင်း နည်းလမ်းကို သိတယ်။

ဒီ လေးမျိုးကို သိတဲ့ ဗုဒ္ဓကို ဘာသာပြန်တဲ့အခါကျတော့လဲ ဒီလိုပြန်ရင် ဗုဒ္ဓဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ငုံမိပါတယ်။ ဗုဒ္ဓေါ = သစ္စာလေးပါး သဘာဝတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား။ ဟုတ်ပြီလား။ (မှန်ပါဘုရား။) ဗုဒ္ဓကို သိပြီနော်။ ကဲ-- ဆိုပါ။

ဗုဒ္ဓေါ = သစ္စာလေးပါး သဘာဝတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား။

အဲဒီ သမ္မာသမ္ဗုဒ္ဓေါ အစရှိတဲ့ ဂုဏ်တော်တွေရဲ့ ဘာသာပြန်တွေဟာ ဘုန်းကြီးတို့ **အခြေပျိုး ဗုဒ္ဓဘာသာ** စာအုပ်ထဲမှာ ပါပါတယ်။ **အခြေပျိုး ဗုဒ္ဓဘာသာ** စာအုပ် ရထားရင်တော့ အခြေခံလဲ အများကြီး ရပါတယ်။

**တရားသိမ်း** ကဲဘုန်းကြီးတို့ ဒီကနေ့တရား ဒီမှာပဲ ရပ်ကြဦးစို့။ ဘာကြောင့်လဲ ဆိုတော့ ၄ နာရီရှိခဲ့ပြီ။ ဟုတ်လား။ ၂ နာရီ ၂၇ မိနစ်က စတာဟာ ၄ နာရီခွဲဆိုတော့ ဟောချိန်ဟာ ၂ နာရီပေါ့။ (မှန်ပါ့ဘုရား။) ဒီတော့ ဘုန်းကြီးတို့ သွေးရင်းသားရင်းများဖြစ်ကြတဲ့ ခရစ်ယာန်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင် မှန်သမျှတို့ဟာ မိမိတို့သိလိုတဲ့ ဗဟုသုတကို သိရအောင် ဗုဒ္ဓရှင်တော် မြတ်ဘုရားရဲ့ တရားတော်ကို နာကြားရတဲ့ ကောင်းမှုကုသိုလ် စေတနာ တို့ကြောင့် မိမိတို့ ဘာသာဝါဒ ကိုးကွယ်ရာမှာ ထားရှိတဲ့ ရည်ရွယ်ချက်အတိုင်း ဆင်းရဲငြိမ်းအေး ချမ်းသာရေးဆိုတဲ့ ပန်းတိုင်ကို လှမ်းကိုင်နိုင်ကြပါစေ။ (ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ ဘုရား။)

သာဓု၊ သာဓု၊ သာဓု။

[ပထမနေ့ (၃၊ ၅၊ ၈၂) တရားပွဲပြီး၏]

## ပထမနေ့တရားပွဲ အခမ်းအနားသိမ်း

**အခမ်းအနားမှူး** ကျွန်တော်တို့ ခရစ်ယာန်ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်က ဆုတောင်းမေတ္တာ ပို့သမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ခဏလေး သည်းခံပြီးတော့ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်၏ ဆုတောင်းမေတ္တာ ပို့သမှုကို ခံယူတော်မူကြပါရန်ခင်ဗျား။ ဘုန်းတော်ကြီး ဦးမန်ကျင့်ထံ ဆုတောင်းမေတ္တာ ပို့သရန် ကြွဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးမန်ကျင့်ထန်** ဝေနေယျ သတ္တဝါအပေါင်းတို့၏ နှစ်လိုဖွယ်ရာ ဖြစ်တော်မူသော ထာဝရဘုရားသခင်။ ကိုယ်တော်အရှင်သည် လူသားများကို တစ်ဦးနဲ့တစ်ဦး သင့်မြတ်စွာ နေထိုင်စေခြင်းငှာ အလိုရှိသည် သာမက ဒုက္ခဆင်းရဲမှ ချမ်းသာသို့ ရောက်စေခြင်းငှာ အလိုရှိသောကြောင့် အဘက်ဘက်မှ တရားများကို ကျင့်ပြီးသကာလ လူသားများကို သွန်သင် သောကြောင့် ကျေးဇူးတော် ကြီးမြတ်လှပါ၏။ အဖ ထာဝရဘုရားသခင်၊ အရှင်သည် သမ္မာတရားလည်း ဖြစ်ပါ၏။ အသက်လဲ ဖြစ်ပါ၏။ လမ်းခရီးလဲ ဖြစ်ပါ၏။

သမ္မာဘုရား တည်းဟူသော ဗုဒ္ဓမြတ်စွာ ဘုရားသခင်၊ ကိုယ်တော်အရှင်၏ နှုတ်ကပတ်တော် တရားကို ဆရာတော်ဘုရားမှ တစ်ဆင့်ကြားသိသောကြောင့် ကျေးဇူး ကြီးလှပါ၏။ ဤလောကမှာရှိတဲ့ လူသတ္တဝါအပေါင်းတို့ကို သမ္မာတရားပြခြင်းအားဖြင့် လမ်းမှန်သို့ သွတ်သွင်းလျက်ထာဝရဘုရားသခင်၏ အလိုတော်အတိုင်း သားသမီးတို့၏ ဒုက္ခဘေးဆင်းရဲခြင်းမှ သုခ ချမ်းသာခြင်းသို့ ရောက်ကြကုန်စေခြင်းငှာ သနားတော်မူပါမည့်အကြောင်း ခရစ်တော်ဘုရား မဟာကုသိုလ်တော် အမှီပြုပြီးဆုတောင်းပါသည် အဖ ထာဝရ ဘုရားသခင်။

**အခမ်းအနားမှူး** တရားနာပရိသတ် အပေါင်းတို့ခင်ဗျား၊ ရန်ကုန်မြို့ကမ္ဘာအေး ချမ်းမြေ့ဆရာတော်ဘုရားကြီးက တရားဒေသနာများ ဟောကြားပြီးတော့ ချမ်းသာရာ ချမ်းသာကြောင်း ဆုံးမ ဩဝါဒပေးသွားပါပြီ။ နောက် ခရစ်ယာန်ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်ကလဲ ဆုတောင်းမေတ္တာ ပို့သ၍ ပြီးဆုံးပါပြီ။

ကျွန်တော်တို့ ဒီအခမ်းအနားကြီး မရုပ်သိမ်းခင်မှာ မနက်ဖြန်ခါအတွက်ကြေငြာပါရစေ။ ခရစ်ယာန်ဘာသာဝင် သူတော်စင်များအားလည်းကောင်း၊ ဗုဒ္ဓဘာသာဝင် သူတော်စင်များအားလည်းကောင်း ယခု တရားပွဲကြီးကိုမနက်ဖြန်ခါလဲပဲ နေ့ ၁ နာရီ အချိန်မှာ ဆက်လက်ပြီးတော့ ကျင်းပမှာဖြစ်တဲ့အကြောင်း ကျွန်တော် ထပ်လောင်းပြီးတော့ ကြေငြာအပ်ပါတယ်ခင်ဗျား။

ယနေ့အဖို့ တရားပွဲကြီး ပြီးဆုံးပြီဖြစ်လို့ တရားနာပရိသတ်အပေါင်းဟာလိုရာဌာနသို့ ကြွမြန်းနိုင်ပြီဖြစ်တဲ့အကြောင်း ကြေငြာအပ်ပါတယ်ခင်ဗျား။

**ပထမနေ့တရားပွဲ အခမ်းအနား ပြီး၏။**

၁၃၄၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် (၄၊ ၅၊ ၈၂) နေ့တွင်
ကလေးမြို့ ရွှေဘုံသာစမ္မာရုံကြီး၌
ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာဝင်များအား
ချမ်းမြေ့ရိပ်သာဆရာတော် ဟောကြားသော

# ဒုတိယနေ့ တရားပွဲ အခမ်းအနား

**အခမ်းအနားမှူး** ပရိသတ်ကြီး ခင်ဗျား၊ အခု အချိန်က စပြီးတော့ ကျွန်တော်တို့ တရားပွဲ အခမ်းအနားကြီးကို စတင်တော့မည့် အကြောင်းကို ကြေငြာအပ်ပါတယ် ခင်ဗျား။ ဒီ အခမ်းအနားမှာတော့ ကျွန်တော် မြို့နယ် သာသနာရေးဦးစီးမှူးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါမယ်။ ဒီ ကျင်းပမည့် အခမ်းအနားကြီးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဒုတိယနေ့ တရားပွဲ အခမ်းအနားအစီအစဉ်ကို ဖတ်ကြားပြီး ကြေငြာပါမယ်။

## အခမ်းအနား အစီအစဉ်

နံပါတ် (၁) အစီအစဉ်မှာ ကျွန်တော် မြို့နယ်သာသနာရေးမှူးက တရားပွဲနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်မျှသော အဖွင့်စကားကို ပြောကြားရန် ဖြစ်ပါတယ်။

နံပါတ် (၂) အစီအစဉ်မှာ ခရစ်ယာန်ဘုန်းတော်ကြီး ဦးပေါင်ခန့်အင်က ဆုတောင်းမေတ္တာ ပို့သရန် ဖြစ်ပါတယ်။

နံပါတ် (၃) အစီအစဉ်မှာ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်က တရားနာ ကြွရောက်လာကြတဲ့ ခရစ်ယာန်ဘာသာဝင် အပေါင်းတို့ကို ဆရာတော် ဘုရားအား အပ်နှံကြောင်းစကား ပြောကြားရန် ဖြစ်ပါတယ်။

နံပါတ် (၄) အစီအစဉ်မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ကို နိဗ္ဗာန်ဆော် ဦးမောင်မောင်က ဦးဆောင်ပြီး ငါးပါးသီလ ခံယူရန် ဖြစ်ပါတယ်။

နံပါတ် (၅) အစီအစဉ်မှာ ငါးပါးသီလ ခံယူပြီးတဲ့အခါမှာ နိဗ္ဗာန်ဆော် ဦးမောင်မောင်ကပဲ ချမ်းမြေ့ဆရာတော်ဘုရားကို နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားပေးပါရန် ပန်ကြား လျှောက်ထားရန် ဖြစ်ပါတယ်။

နံပါတ် (၆) အစီအစဉ်မှာ ချမ်းမြေ့ဆရာတော်ဘုရားက တရား ဟောကြားချီးမြှင့်ရန် ဖြစ်ပါတယ်။

နံပါတ် (၇) အစီအစဉ်မှာ ချမ်းမြေ့ဆရာတော်ဘုရား တရား ချီးမြှင့်ပြီးတဲ့အခါမှာ ဦးဂုလ်ကျုတ်အာက ဆုတောင်းမေတ္တာ ပို့သစကား ပြောကြားရန် ဖြစ်ပါတယ်။

နံပါတ် (၈) အစီအစဉ်မှာ နိဗ္ဗာန်ဆော် ဦးမောင်မောင်ကပဲ ကျွန်တော်တို့ ယနေ့ပြုစုရတဲ့ ကောင်းမှုအစုစုကို ကြွရောက်လာတဲ့ ပရိသတ်အပေါင်းနှင့် တကွ သတ္တဝါအားလုံးတို့အား အမျှပေးဝေရန် ဖြစ်ပါတယ်။

## အခမ်းအနားမှူး၏ တောင်းပန်ချက်

ဒီကနေ့ ကြွရောက်လာကြတဲ့ ခရစ်ယာန်ဘာသာဝင် သူတော်စင် အပေါင်းနဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းကို ပန်ကြားလိုတာက ယနေ့ တရားပွဲ ပြီးဆုံးတဲ့အခါမှာ ကျွန်တော်တို့ ဗုဒ္ဓဘာသာ သူတော်စင်များကို ဦးမောင်မောင်က ဦးဆောင်ပြီး ဆုတောင်းမေတ္တာ ပို့သခြင်း၊ အမျှဝေခြင်း ပြုလုပ်ပြီးတဲ့အခါမှာ ကျွန်တော်တို့ ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားကြီးဟာ ပြန်လည်ပြီးတော့ တည်းခိုရာ ရိပ်သာကို ကြွသွားမှာ ဖြစ်ပါတယ်။ ဆရာတော်ဘုရား မကြွခင်မှာ ကျွန်တော်တို့ ဒီပရိသတ်ကြီးအား ခေတ္တခဏ သည်းခံ စောင့်ဆိုင်းတော်မူကြပါရန်၊ ဆရာတော်ဘုရားကြီး ကြွသွားပြီးတဲ့ နောက်မှသာ လိုရာစခန်းကို ကြွမြန်းကြဖို့ရာ ကျွန်တော့်အနေနဲ့ အနူးအညွတ် တောင်းပန်လိုပါတယ်။

နောက်တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ ဒီနေ့ ပရိသတ်ဟာ မနေ့ကနဲ့ ယှဉ်ကြည့်မယ်ဆိုရင် အတော်ကြီး ပိုများလာပါတယ်။ အဲဒီတော့ ဒီပရိသတ် များလှတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ခရစ်ယာန်ဘာသာဝင်များက လာပြီး လေ့လာကြရာမှာ နေရာထိုင်ခင်း အခက်အခဲပြဿနာ ရှိရင်ဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များက ဟောဒီ ဘုရားကြီး တောင်ဘက် ခမ္မာရုံက သင့်လျော်တဲ့ နေရာမှာ ရွှေ့ပြောင်းပြီး နေရာလေး ဖယ်ပေးကြစေချင်ပါတယ်။ ဦးစားပေးကြ စေချင်ပါတယ်။ အဲဒါလေးကိုတော့ ကျွန်တော်တို့ သဘောထားကြီးကြီးနဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင်များက ပြုလုပ်ပေးကြဖို့ မေတ္တာရပ်ခံ လိုပါတယ် ခင်ဗျား။

## အခမ်းအနား အဖွင့်စကား

အခု အခမ်းအနား အစီအစဉ် (၁) အရ ကျွန်တော် မြို့နယ် သာသနာရေးမှူးက အနည်းငယ် အဖွင့်စကား ပြောကြားလိုပါတယ်။

ယနေ့ တရားပွဲကြီးဟာဖြင့် ကျွန်တော်တို့ ဒုတိယနေ့ ဆက်လက်ကျင်းပ ပြုလုပ်တဲ့ တရားပွဲကြီး ဖြစ်ပါတယ်။ ကလေးမြို့ပေါ်နဲ့ မြို့နယ်အတွင်းမှာ ရှိကြတဲ့ ခရစ်ယာန်ဘာသာဝင် သူတော်စင်များနဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင် များဟာ ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ ရင်းရင်းနှီးနှီး တွေ့ဆုံ ပူးပေါင်း ပြီးတော့ တစ်ဦး ယုံကြည် ကိုးကွယ်သည့် ဘာသာကို တစ်ဦးက အမြော်အမြင် ကြီးမားစွာနဲ့ နာကြား လေ့လာခြင်း ပြုလုပ်နေကြတာဟာဖြင့် အလွန်တရာမှ ချီးကျူးဂုဏ်ယူဖွယ်ရာ ကောင်းလှပါတယ်။ အထူးသဖြင့် ဒီလိုဖြစ်မြောက်အောင် စီမံ ပြုလုပ်သွားတဲ့ ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ၊ ခရစ်ယာန်ဘက်မှ ဘုန်းတော်ကြီးများနှင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာ ဝေါပကအဖွဲ့မှ ပုဂ္ဂိုလ်ကြီးများ ဟာဖြင့် ပို၍ပင် ချီးကျူးစရာ၊ ဂုဏ်ယူစရာ ကောင်းလှပါတယ်လို့ ကျွန်တော် ပြောကြားလိုပါတယ်။

ဒီပွဲဟာ ကျွန်တော်တို့ ကလေးမြို့နယ်အနေနဲ့ သိပ်ပြီးတော့ ထူးခြား လှတဲ့၊ သိပ်ပြီးတော့ ဆန်းပြားလှတဲ့ ပွဲတစ်ပွဲရယ်လို့ ထင်ချင်မှ ထင်ကြပါမယ်။ တကယ်တော့ နိုင်ငံကျော်တဲ့ ပွဲကြီးပါ။ မြန်မာပြည် တစ်ဝန်းမှာ လူတိုင်းရဲ့ ပါးစပ်ဖျားမှာ ပြေးလွှားပြီးတော့ ကျော်ကြားသွားမယ့် ပွဲကြီးတစ်ပွဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပြောရရင်တော့ သမိုင်းတွင်တဲ့ ပွဲကြီး ဖြစ်ပါတယ်။

ဒီပွဲဟာ ကျွန်တော်တို့ရဲ့ နိုင်ငံမှာ ဘာသာချင်းမတူ ကွဲပြားနေကြတဲ့ သွေးချင်းသားချင်းများအဖို့ နမူနာ စံပြပွဲလဲ ဖြစ်ပါတယ်။ ဒါကြောင့် ကလေးမြို့နယ်မှ သွေးချင်းသားချင်းများ ဖြစ်ကြတဲ့ ခရစ်ယာန် သူတော်စင်များနဲ့ ဗုဒ္ဓဘာသာဝင် သူတော်စဉ်များဟာ ကျွန်တော်တို့ရဲ့ ရင်းနှီးချစ်ခင်မှု၊ စည်းလုံး ညီညွတ်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အမြင်ကျယ်မှု၊ စိတ်သဘောထားကြီးမှု စတဲ့ ဂုဏ်သိက္ခာတို့ကို ဆက်လက် ထိန်းသိမ်းရင်းနဲ့ပဲ ချမ်းမြေ့ဆရာတော်ဘုရားရဲ့ တရားပွဲကြီးကို ဆက်လက်ပြီးတော့ နာကြားကြပါလို့ ကျွန်တော် မေတ္တာရပ်ခံ အပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး** အစီအစဉ် (၂) အရ ခရစ်ယာန် ဘုန်းတော်ကြီး ဦးပေါင်ခန့်အင်က ဆုတောင်းမေတ္တာ ပို့သမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းတော်ကြီး ဦးပေါင်ခန့်အင် ကြွရောက်ရန် ဖိတ်ကြားအပ်ပါတယ်။

**ဦးပေါင်ခန့်အင်** စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းတော်မူ၍ ပိုင်သအုပ်စိုးတော်မူသော အနန္တတန်ခိုး မေတ္တာရှင် ဖဘုရားသခင်။ ကိုယ်တော်ရှင်သည် သားသမီးတို့အား ချစ်တော်မူသောကြောင့် အမှန်တရားကို ရှာဖွေစိမ့်သောငှာ ဤကဲ့သို့ ပြင်ဆင်ပေးသဖြင့် ကျေးဇူး ကြီးမားလှပါ၏။ ကိုယ်တော်ရှင်သည် ချမ်းမြေ့ဆရာတော်ကြီးအား ရန်ကုန်မြို့မှနေ၍ ဤကလေးမြို့သို့ ဘေးမသီ ရန်မခ ကောင်းမွန်စွာ ပို့ဆောင်တော်မူသော ကြောင့်လဲ ကျေးဇူး ကြီးလှပါ၏။

အို မေတ္တာတော်ရှင် အဖဘုရားသခင်၊ ဒီလို သားတော်တို့သည် ဇာတိ ပကတိ၌ လောဘ ဒေါသ မောဟနှင့် ပြည့်နှက်၍ အပြစ်များထဲမှာ ကျင်လည်နေသော လူသားများ ပုထုဇဉ်လူများ ဖြစ်ကြပါ၏။ ဤဇာတိ ပကတိမှ အမှန်တရားသစ္စာကို ရှာဖွေသောအခါ၌ အို မေတ္တာတော်အရှင် ဘုရားသခင်၊ အမှန်တရားသို့ ပို့ဆောင်တော်မူပါ။ အခု ဆရာတော်ကြီးနှုတ်မှ မိန့်တော်မူမည့် တရားတော်သည် သားသမီးတို့ အမှန်တရားကို ရှာဖွေသော

အခါ၌ အထောက်အကူ ဖြစ်စေတော်မူပါ။ ဤမေ့ခွဲသဘင်ကို အစ အလယ် အဆုံးအထိ ကိုယ်တော်ရှင် ကိုယ်တိုင် လမ်းပြ ပို့ဆောင်ပါမည့်အကြောင်း သားတော် ဘုရားသခင် ယေရှုမှ မဟာနာမတော်နှင့် ကုသိုလ်တော်ကို အတည်ပြု၍ ရိုသေစွာ ဆုတောင်းကြပါသည်ဘုရား။ (အာမင်)

**အခမ်းအနားမှူး** နံပါတ် (၃)အစီအစဉ်အရ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်က တရားနာ ကြွရောက်လာကြတဲ့ ခရစ်ယာန် ဘာသာဝင် အပေါင်းတို့ကို ဆရာတော်အား အပ်နှံကြောင်းစကား ပြောကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းတော်ကြီး ဦးမန်ကျင့်ထန် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါတယ်ခင်ဗျား။

**ဦးမန်ကျင့်ထန်** ချစ်သော ညီအစ်ကို မောင်နှမ ခရစ်ယာန်သူတော်စင် အပေါင်းတို့ခင်ဗျား။ ဤကဲ့သို့ KCC မှ ကြီးမှူး၍ ပြုလုပ်သော ဘာသာတရား လေ့လာရေးကိစ္စကို စိတ်ဝင်စားစွာဖြင့် တိုး၍ မရအောင် များပြားပြီး လေ့လာကြသောကြောင့် ပထမဦးဆုံး ဘုရားသခင် ဂုဏ်တော်ကို ချီးမွမ်းပြီး ကျေးဇူးတင်တဲ့အကြောင်း ပြောလိုပါတယ်။ ယခုလဲ ကြာကြာဝေးဝေး မပြောဘဲနဲ့ အားလုံး ကျွန်တော်တို့ တောင့်တနေတဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို ဆရာတော်ဘုရားဆီမှာ နာဖို့ ဖြစ်ပါတယ်။ အားလုံး ဒီပရိသတ် ခရစ်ယာန် ညီအစ်ကို မောင်နှမ အားလုံးတို့ကို တရားနာနေတဲ့ တစ်ချိန်လုံး ဆရာတော်ဘုရားအား ဆက်သပါတယ်။

**အခမ်းအနားမှူး** နံပါတ် (၄)အစီအစဉ်အရ နိဗ္ဗာန်ဆော် ဦးမောင်မောင် ဦးဆောင်ပြီး ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့က ချမ်းမြေ့ဆရာတော် ဘုရားထံမှာ ငါးပါးသီလ ခံယူရန် ဖြစ်ပါတယ်။ ဒါကြောင့် နိဗ္ဗာန်ဆော် ဦးမောင်မောင်အား ဗုဒ္ဓဘာသာဝင် အပေါင်းကို ဦးဆောင်ပြီး ငါးပါးသီလ ခံယူရန်အတွက် ပန်ကြားအပ်ပါတယ်ခင်ဗျား။

(ပရိသတ် ငါးပါးသီလ ဆောက်တည်ကြသည်။ ဦးမောင်မောင် တရားတောင်းသည်)

**ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။**
**အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။**

တရားတော် တည်းဟူသော အမြိုက်ရေကို သောက်သုံးရသူသည် အလွန် ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အရိယာ သူတော်ကောင်းတို့ ဟောအပ်သော တရား၌ အမြဲတစေ မွေ့လျော်၏။

**ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ။**

ပျင်းရိသည်ဖြစ်၍ လုံ့လဝီရိယ မရှိဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှင်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှင်ရခြင်းသည် မြတ်၏။

**မာဝ မညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ။**
**ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။**
**ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိ အာစိနံ။**

အနည်းငယ်သော မကောင်းမှုသည် ငါ့အား အကျိုးပေးလိမ့်မည် မဟုတ်ဟု မကောင်းမှုကို မထိမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက် ကျဖန် များလတ်သော် ရေအိုး ပြည့်ဘိသကဲ့သို့ သူမိုက်သည် အနည်းငယ် အနည်းငယ် မျှသော မကောင်းမှုကို ပြုလုပ် ဆည်းပူးဖန်များလတ်သော် မကောင်းမှုဖြင့် ပြည့်၏။

**အတ္တာနဉ္စေ တထာ ကယိရာ၊ ယထာညမနုသာသတိ။**
**သုဒန္တော ဝတ ဒမေထ၊ အတ္တာ ဟိ ကိရ ဒုဒ္ဒမော။**

သူတစ်ပါးကို ဆုံးမသောနည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာ ပြုကျင့်ရာ၏၊ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ သူတစ်ပါးကို ဆုံးမရာ၏၊ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမဖို့ရာ ခဲယဉ်းလှ၏။

**သဒ္ဓေါ သီလေန သမ္ပန္နော၊ ယသောဘောဂသမပ္ပိတော။**
**ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော။**

သဒ္ဓါဖြိုးကြွယ် သီလစင်ကြယ်သူသည် အခြံအရံ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံလျက် ရောက်လေရာ အရပ်၌ အပူဇော်ခံရ၏။

# ကလေးမြို့ ရွှေဘုံသာဘုရား ဓမ္မာရုံကြီး၌ ချမ်းမြေ့ရိပ်သာဆရာတော် ဟောကြားသော **ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော်**

## အခန်း (၃)

### ဗုဒ္ဓတရားတော်

ဒီကနေ့ ၁၉၈၂ ခုနှစ်၊ မေလ ၄ ရက်နေ့ ညနေ ၂ နာရီတိတိ အချိန်မှာ ဘုန်းကြီးတို့ ကလေးမြို့ ရွှေဘုံသာဘုရား ဓမ္မာရုံကြီးအတွင်းမှာ ခရစ်ယာန်ဘာသာဝင်များ၊ ဗုဒ္ဓဘာသာဝင်များ စုပေါင်းပြီး နာကြားတဲ့ ဓမ္မသဘင်ကို ဒုတိယနေ့အဖြစ် ဆင်ယင် ကျင်းပကြပါတယ်။

ဘုန်းကြီးတို့ တရားကို မဆက်သေးမီမှာ အချို့သော ဒကာများက ငါးပါးသီလကို အင်္ဂလိပ်လို ဘာသာပြန်ပေးပါဘုရားလို့ လျှောက်ထားတဲ့အတွက် အဲဒါ ဘုန်းကြီး နည်းနည်း ဘာသာပြန်ရပါမယ်။

### ငါးပါးသီလ ဘာသာပြန်

ငါးပါးသီလကို (Five Precepts)လို့ အင်္ဂလိပ်လို ခေါ်ပါတယ်။

အဲဒီ ငါးပါးသီလမှာ ပထမဆုံး သိက္ခာပုဒ်က "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ= သတ္တဝါ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏"တဲ့။

ပါဠိ စကားလုံးအတိုင်း အတိအကျ မြန်မာပြန်ကတော့ ဒီလို မဟုတ်ပါဘူး။ ဘယ်လို ပြန်သလဲဆိုတော့ "ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ= သတ္တဝါ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သမာဒါန စေတနာကို ဆောက်တည်ပါ၏။" အဲဒီလို ပြန်ရတယ်။

ဒီတော့ အဲဒီ မြန်မာပြန်အတိုင်း မဟုတ်ဘဲနဲ့ ပိုပြီး တိုတိုရှင်းရှင်း ပြန်ရအောင်။ I shall abstain from killing. အင်္ဂလိပ်မှာ ဒီလောက်နဲ့ပြီးရော၊ သတ္တဝါတွေ ဘာတွေ မလိုတော့ဘူး။

ဒုတိယ သိက္ခာပုဒ်က "အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ= သူတစ်ပါး၏ ပစ္စည်းဥစ္စာကို မတရားယူခြင်းမှ ရှောင်ကြဉ်ပါ၏။"

ဒီသိက္ခာပုဒ်မှာ ဘုန်းကြီးတို့ အများ မြန်မာပြန်ကြတာကတော့ "သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏" လို့ မြန်မာပြန်တယ်။ အဲဒီအတိုင်း ဆိုရင်တော့ ဘုန်းကြီးတို့ ဘာသာပြန်ရမှာက I shall abstair from stealing. ဒီလို ပြန်ရလိမ့်မယ်။

**အဒိန္နာဒါနဆိုတာ** တကယ်တော့ ဒီ သိက္ခာပုဒ်အရ ရှောင်ကြဉ်ရမှာက ခိုးမှုတင် ရှောင်ကြဉ်ရမှာ မဟုတ်ဘူး၊ ပိုင်ရှင်က ကြည်ကြည်ဖြူဖြူ မပေးတဲ့ ပစ္စည်းကို ယူခြင်း မှန်သမျှမှ ရှောင်ကြဉ်ရမှာ။ ဒါကြောင့် ဓားမြတိုက်တာလဲ ရှောင်ကြဉ်ရမယ်၊ ခါးပိုက်နှိုက်တာလဲ ရှောင်ကြဉ်ရမယ်။ လိမ်ယူတာလဲ ရှောင်ကြဉ်ရမယ်၊ လှည့်ယူတာလဲ ရှောင်ကြဉ်ရမယ်၊ မပေးဘဲ မနေနိုင်အောင် တစ်နည်းနည်းနဲ့ အကျပ်ကိုင်ပြီး ယူတာလဲ ရှောင်ကြဉ်ရမယ်။

ဒါကြောင့် အဒိန္နာဒါန= အဒိန္န + အာဒါန။ အဒိန္န= ပိုင်ရှင်က ကြည်ကြည်ဖြူဖြူ မပေးသော ပစ္စည်းကို၊ အာဒါန=ယူခြင်း၊ အဒိန္နာဒါန=ပိုင်ရှင် က ကြည်ကြည်ဖြူဖြူ မပေးသော ပစ္စည်းကိုယူခြင်း။

ဒီတော့ ပါဠိသိက္ခာပုဒ်ရဲ့ ဒီ အဓိပ္ပာယ် ငုံမိအောင် ဘုန်းကြီးက ရေးနည်း ဘာသာ မပြန်ဘဲနဲ့ အခုလို ဘာသာ ပြန်ထားပါတယ်။ "အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ= သူတစ်ပါး၏ ပစ္စည်းကို မတရားယူခြင်း မှ ရှောင်ကြဉ်ပါ၏" လို့ ပြန်ထားပါတယ်။ မတရားယူတယ်ဆိုတာ ကြည်ကြည် ဖြူဖြူ မပေးတာကို ယူတာမှန်သမျှ မတရားယူတာချည်းပဲ။ အမြတ်ကြီးစား တာကအစ ပါတော့တာပဲ။ အရှိန်အဝါသုံးပြီးယူတာလဲ ပါတာပဲ။ "ပိုင်ရှင်က ကြည်ဖြူစွာ မပေးသော ပစ္စည်းကို ယူခြင်းမှ ရှောင်ကြဉ်ပါ၏" လို့ ပြန်ရင်လဲ

ကောင်းပါတယ်။ ဒီတော့ ငုံမိအောင်ဆိုရင် ဘုန်းကြီးတို့ ဒီလို ဘာသာပြန်ရင် သင့်လျော်ပါလိမ့်မယ်။

I shall abstain form taking what is not given.

နောက် တတိယ သိက္ခာပုဒ် "ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ= ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏"

တရားမဝင်တဲ့ ကာမဂုဏ် ကိစ္စမှ ရှောင်ကြဉ်ရမယ်၊ တရားမဝင်တဲ့ ကာမဂုဏ်ကိစ္စကို မပြုရဘူး။ ဒီသိက္ခာပုဒ်ကို အဓိပ္ပာယ် ဖွင့်ရမယ်ဆိုရင် တော်တော် ကျယ်ကျယ်ပြန့်ပြန့်ကလေး ဖွင့်စရာရှိတယ်။ ဗုဒ္ဓဘာသာ ကျမ်းဂန်တွေမှာ လာတာတွေရော အရှေ့တိုင်း အနောက်တိုင်းတို့ရဲ့ လူမှုရေး ထုံးစံတွေရော၊ ဥပဒေရေးရာတွေရော၊ အဲဒါတွေနဲ့ ဆက်သွယ်ပြီးတော့ တော်တော် ကျယ်ကျယ် ရှင်းပြစရာရှိတယ်။ ဒီနေရာမှာ ဒါတွေပြောဖို့ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ဘုန်းကြီးတို့ ရိုးရိုးရှင်းရှင်းပဲ "တရားမဝင်သော ကာမဂုဏ်အမှုကို ပြုခြင်းမှ ရှောင်ကြဉ်ပါ၏"လို့ ဒါလောက်ပဲ ဘာသာပြန်မှ ဖြစ်မယ်။

ဒီတော့ ဒီမှာ အများ နားလည်လွယ်အောင် ဘယ်လို ပြန်ရမလဲလို့ ဆိုတော့ I shall abstain from illegal sexual conduct. အဲဒါဟာ ကာမေသု မိစ္ဆာစာရာ သိက္ခာပုဒ်ရဲ့ ဘာသာပြန်ပါပဲ။ I shall abstain from sexual misconduct. လို့လဲ ဘာသာ ပြန်ဆိုနိုင်ပါတယ်။

နောက် စတုတ္ထသိက္ခာပုဒ်က "မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ= မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏"

မဟုတ်တာ မပြောပါဘူး။ မမှန်တာ မပြောပါဘူး။ ဟုတ်တာ မှန်တာကိုသာ ပြောပါမယ်။ အဲဒါကတော့ ရိုးရိုးရှင်းရှင်းပါပဲ။

I shall abstain from telling lies.

နောက် ပဉ္စမ သိက္ခာပုဒ်က "သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ= မူးယစ် မေ့လျော့စေတတ်သော အရက်သေစာတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။"

အရက်သေရည် မဟုတ်ဘူး၊ အရက်သေစာ။ ဘာကြောင့်လဲဆိုတော့ မူးယစ်စေတတ်တဲ့ အရည်ကိုသာ ရှောင်ရမှာ မဟုတ်ဘူး၊ မူးယစ်စေတတ်တဲ့ အဖတ် စားတာရော၊ မူးယစ်စေတတ်တဲ့ ဆေးရှူတာ၊ ထိုးတာရော အကုန်လုံး ရှောင်ရမှာ။ အယ်လ်အက်စ်ဒီတို့၊ ပက်သဒင်းတို့ ဆိုတာတွေကိုပါ ရှောင်ရမှာကိုး၊ ဒီတော့ I shall abstain from any kind of intoxicant. မူးယစ်စေတတ်တဲ့ အရာမှန်သမျှ ရှောင်ပါ့မယ်။ မူးယစ်စေတတ်တဲ့ အရည်ကိုလဲ ရှောင်မယ်။ မူးယစ်စေတတ်တဲ့ အဖတ်စားခြင်း၊ အခိုးအငွေ့ ရှူခြင်းကိုလဲ ရှောင်မယ်။ မူးယစ်စေတတ်တဲ့ ဆေးထိုးမှုကိုလဲ ရှောင်မယ်။

အဲဒါကို ဘုန်းကြီး အစဉ်အတိုင်း ပြန်ပြီးတော့ ပြောပါမယ်။

1. I shall abstain from killing.
2. I shall abstain from taking what is not given.
3. I shall abstain from illegal sexual conduct.
4. I shall abstain from telling lies.
5. I shall abstain from any kind of intoxicant.

အဲဒါ ငါးပါးသီလရဲ့ ဘာသာပြန်ပါပဲ။ *

---

*ဤ ဘာသာပြန်မှာ သီလ ခံယူ ဆောက်တည်ချိန်မှစ၍ ရှောင်ကြဉ်ပါမည် ဆိုသည့် သဘော ဖြစ်သည်။ အများ နားလည်လွယ်သည့် ဘာသာပြန်ဖြစ်သည်။ သိက္ခာပုဒ် ပါဠိအတိုင်း ဘာသာပြန်ရလျှင် အောက်ပါအတိုင်း ဖြစ်သည်။

The Five Precepts

1. I undertake the rule of training to refrain from killing any living things.
2. I undertake the rule of training to refrain from taking what is not given.
3. I undertake the rule of training to refrain from sexual misconduct.
4. I undertake the rule of training to refrain from wrong speech.
5. I undertake the rule of training to refrain from any kind of intoxicant which clouds the mind.

**တရားစကားစပ်** အဲ ဒီကနေ့ ဘုန်းကြီးတို့ တရားကို ဆက်ကြရအောင်။ အစပိုင်း သလိပ်ကပ်နေတယ်။ နောက်ပိုင်း ပြောရင်း ပြောရင်း ဒီသလိပ် ရှင်းသွားပါလိမ့်မယ်လို့ အောက်မေ့ပါတယ်။

မနေ့က ဘုန်းကြီးတို့ ပြောခဲ့တဲ့ ဘာရည်ရွယ်ချက်နဲ့ ဘာသာ အယူဝါဒတွေကို ကိုးကွယ်ကြသလဲဆိုတဲ့အချက်၊ နောက်တစ်ခါ ဘာကြောင့် ဘာသာအယူဝါဒတွေ ဖြစ်ပေါ်လာသလဲဆိုတဲ့ အချက်၊ အဲဒီ ၂ ချက်ကို ဘုန်းကြီးတို့ပရိသတ် မျက်ခြည်မပြတ်ဖို့ အရေးကြီးပါတယ်။

**ဘာအတွက် ဘာသာအယူဝါဒတွေ ဆည်းကပ် ကိုးကွယ်ကြသလဲ။ ဆင်းရဲငြိမ်းရေး ချမ်းသာရေးအတွက် ဘာသာ အယူဝါဒတွေကို ယုံကြည် ဆည်းကပ် ကိုးကွယ်ကြတယ်။ ဘာကြောင့် ဘာသာ အယူဝါဒတွေ ဖြစ်ပေါ်လာသလဲ။ ကြောက်လို့ ဘာသာအယူဝါဒ တွေ ဖြစ်ပေါ်လာတယ်။**

**သဘာဝနှင့် နတ်ကိုးကွယ်မှု** ဒီနေရာမှာတော့ ဘုန်းကြီးက နည်းနည်းကလေး သတိရ လို့ ပြောချင်တယ်။ ရှေးခေတ်က စပြီးတော့ မိမိတို့ကို ဘေးအန္တရာယ် ကင်းရှင်းအောင် ပြုလုပ်ပေးနိုင်မည့် အရာတွေကို ကိုးကွယ် ဆည်းကပ်ခဲ့ကြတယ်။ အဲဒီလို ကိုးကွယ် ဆည်းကပ် ခဲ့ကြတာမှာ မိုးတွေ၊ လေတွေ၊ နေတွေကိုလဲ ကိုးကွယ် ဆည်းကပ်ခဲ့ကြတယ်။ တောတွေ တောင်တွေကိုလဲ ကိုးကွယ် ဆည်းကပ်ခဲ့ကြတယ်။ မြစ်ချောင်း အင်းအိုင်တွေကိုလဲ ကိုးကွယ် ဆည်းကပ်ခဲ့ကြတယ်။ သစ်ပင်ကြီးတွေကိုလဲ ကိုးကွယ် ဆည်းကပ်ခဲ့ကြတယ်။ အဲဒါ ရှေး သမိုင်းမတင်မီ ခေတ်ကတည်းကပဲ။

ဒီနေရာမှာ ဘုန်းကြီးက သတိထားစရာကလေးတစ်ခု ပြောချင်တာပါ။ တချို့ကျတော့လဲ အဲဒီ တောတွေ တောင်တွေ၊ အဲဒီ မြစ်ချောင်း အင်းအိုင်တွေ မဟုတ်ဘဲနဲ့ တောကိုစောင့်တဲ့နတ်၊ တောင်ကိုစောင့်တဲ့နတ်၊ သစ်ပင်ကို စောင့်တဲ့ နတ်၊ မြစ်ချောင်းအင်းအိုင်ကို စောင့်တဲ့နတ် အဲဒီနတ်တွေ ရှိတယ်လို့ ယူဆ ပြီးတော့ အဲဒီနတ်တွေကို ကိုးကွယ် ဆည်းကပ်ကြတာလဲရှိတယ်။ အဲဒီ မိုး

ရေ လေ နေ တောတောင် အစရှိတဲ့ သဘာဝတွေကို ကိုးကွယ်ကြတာတွေ၊ ပြီးတော့ အဲဒီ သဘာဝတွေမှာ စောင့်ရှောက်တဲ့နတ် ရှိတယ်ဆိုပြီး အဲဒီ နတ်တွေကို ကိုးကွယ်ကြတာတွေ၊ ဒီကိုးကွယ်မှုအားလုံးကို Animism လို့ ခေါ်တယ်။ ဒါတွေဟာ အသိဉာဏ် မဖွံ့ဖြိုးသေးခင်က ကိုးကွယ်မှုတွေပေါ့။

**ကိုးကွယ်မှု မတိုးတက်သေး** ဒါဖြင့်ရင် အဲဒီ တောတွေ တောင်တွေ ကိုးကွယ်တာ၊ တောစောင့်နတ်၊ တောင်စောင့်နတ် ကိုးကွယ်တာတွေဟာ အခု သမိုင်းတင်ပြီးလို့ ယဉ်ကျေးမှု အဆင့်အတန်း ထိပ်တန်းအထိလောက် မြင့်တက်နေတယ်ဆိုတဲ့ ဒီအချိန်မှာကော အဲဒီ Animism က ပျောက်သွားပြီလား။ ဘုန်းကြီးတို့ တခြား တခြား နေရာတွေတော့ ပြောဖို့တောင် မလိုဘူး။ ဘုန်းကြီးတို့ မြန်မာပြည်အောက်ပိုင်း ရန်ကုန် မြို့တော်မှာကိုပဲ သစ်ပင်ကြီးတွေကို ကိုးကွယ်တာ၊ သစ်ပင်စောင့်တဲ့ နတ်တွေကို ကိုးကွယ်နေတာတွေ အခုတိုင် ရှိနေသေးတယ်။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်ပါ။ အဲဒါတွေကို ကြည့်ခြင်းအားဖြင့် ကိုးကွယ်မှုနဲ့ ပတ်သက်လို့ လူသားရဲ့ အသိဉာဏ် ဖွံ့ဖြိုးလာပြီလို့ ဆိုနိုင်မလား။ (မဆိုနိုင်သေးပါဘုရား။) မဆိုနိုင်သေးဘူး။ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) သမိုင်းမတင်မီ (Premitive) ခေတ်က အခြေအနေမှာပဲ ရှိနေသေးတယ်။ သမိုင်းမတင်မီခေတ် လူပေါ်စ ခေတ်က ကိုးကွယ်မှု အခြေအနေ အတိုင်းပဲ ရှိနေကြသေးတယ်။ တချို့ဟာ တိုးတက်လာသော်လဲပဲ တချို့ဟာ မတိုးတက်သေးဘူး။ ကျန်နေသေးတယ်။

အဲဒီလို မတိုးတက်သေးတာ ဘာကြောင့်လဲဆိုတော့ လူသားမှာ ဘဝ လုံခြုံမှု နည်းပြီး အကြောက်တရားတွေ များနေသေးလို့ပဲ။

**မာနမတက်လောက်သေး** ဒီတော့ လူသားဟာ ရှေးသမိုင်း မတင်မီခေတ် နှစ်သန်းပေါင်း မြောက်မြားစွာ အချိန်ကစပြီးတော့ သံသရာခရီးကို လျှောက်လာရတာက နှစ်သန်းပေါင်းများစွာ ကြာခဲ့ပြီ။ ဒီလောက် ကြာမြင့်တဲ့ အချိန်အတွင်းမှာတောင် ကိုးကွယ်မှုနဲ့ပတ်သက်လို့ အသိဉာဏ် မတိုးတက်သေးရင် သူ့ကိုယ်သူ ဟုတ်လှပြီလို့ မာနတက်လောက်

ပြီလား။ (မတက်လောက်သေးပါဘုရား။) မာန မတက်လောက်သေးဘူးနော်။ ဟိုတုန်းက အခြေအနေနဲ့ ထူးမခြားနား အခြေအနေမှာပဲ ရှိနေသေးတယ် မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။) အင်း၊ ဒါကြောင့်မို့ စဉ်းစားကြည့်ရင် မာန တက်စရာ ဘာတစ်ခုမှမရှိဘူး။ ဒို့ဟာ အစပဲရှိသေးတယ်လို့ သိထားပြီး များများ လေ့လာဖို့ မလိုဘူးလား။ (လိုပါတယ်ဘုရား။) များများလေ့လာဖို့၊ စုံစုံ လေ့လာဖို့ လိုတယ်။

**ဗုဒ္ဓတရားတော်** ဘုန်းကြီး မနေ့က ဘာပြောခဲ့သလဲဆိုတော့ ဘာသာ အယူဝါဒပေါင်း မြောက်များစွာထဲက ဗုဒ္ဓဝါဒ ပြောရမှာ ဖြစ်တဲ့အတိုင်း ဗုဒ္ဓဝါဒရဲ့ အခြေခံအနေနဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ဘယ်လို ပွင့်ထွန်း ပေါ်ပေါက်လာခဲ့တယ်၊ ဘုရားအဖြစ် ဘယ်လို ရောက်ခဲ့တယ်ဆိုတာ ဘုန်းကြီး ပြောခဲ့တယ်။ ဒီကနေ့ အဲဒီ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ တရားတော်အကြောင်းကို ပြောရမယ်။

**ကိုယ်တော်တိုင်သိပုံ** ဒီတော့ ဘုန်းကြီးတို့ မနေ့က ပြောခဲ့တာထဲမှာ ဘုန်းကြီးတို့ ပရိသတ် သတိထားခဲ့မိလိမ့်မယ်။ ဗုဒ္ဓမြတ်စွာဘုရားဟာ အိန္ဒိယပြည် ကပိလဝတ်ပြည်သား၊ သုဒ္ဓေါဒန မဟာရာဇာနဲ့ သူ့ရဲ့ မိဖုရားကြီး မဟာမာယာဒေဝီက ဖွားမြင်တဲ့သား၊ အသက် ၂၉ နှစ်မှာ ချမ်းသာရေးတရား လိုက်ရှာတယ်။ ၃၅ နှစ်မှာ သူရှာတဲ့တရားကို တွေ့တယ်၊ သိတယ်၊ ရတယ်။

သူရှာတဲ့တရား တွေ့တဲ့ သိတဲ့အခါမှာ ဘယ်လိုတွေ့ ဘယ်လို သိသလဲဆိုတော့ သူ့ရဲ့ ခန္ဓာကိုယ်ခေါ်တဲ့ ရုပ်နဲ့ စိတ်ခေါ်တဲ့ နာမ်တရားမှာ ထင်ထင်ရှားရှား ဖြစ်နေတဲ့ သဘာဝကို သတိနဲ့ မပြတ် စောင့်ပြီးတော့ ရှုရင်းရှုရင်းက သတိအားကောင်းလာပြီး စူးစိုက်တည်ငြိမ်မှု သမာဓိလဲ အားကောင်းလာတယ်။ စူးစိုက်တည်ငြိမ်မှု သမာဓိ အဆက်မပြတ် အားကောင်းလာတော့ အဲဒီ သမာဓိနဲ့ အတူတကွဖြစ်တဲ့ စိတ်ထဲမှာ ပါဝင်တဲ့ အသိဉာဏ်က ထက်မြက်လာတယ်။ အသိဉာဏ်က ထက်မြက်လာတဲ့အတွက် ခန္ဓာကိုယ်ခေါ်တဲ့ ရုပ်နဲ့ စိတ်ခေါ်တဲ့ နာမ်တို့ရဲ့ သဘာဝအမှန်ကို အမှန်အတိုင်း သိမြင်လာတယ်။

အမှန်အတိုင်း သိမြင်လာတဲ့အခါကျတော့ ဒီရုပ်ခန္ဓာကိုယ်ဟာ ခက်မာကြမ်းတမ်း နူးညံ့သဘော၊ ယိုစီး ဖွဲ့စည်း သိပ်သည်း ပူးတွဲ လုံးခဲကျစ်လစ်သဘော၊ ပူနွေး အေးသဘော၊ တောင့်တင်း လှုပ်ရှား ရွေ့ရှားသဘော အစရှိတဲ့ သဘောတွေ စုပေါင်းနေတဲ့ သဘာဝ တရားပဲလို့ သိမြင်လာတယ်။ ဒီသဘာဝ တရားကြီးဟာလဲ တစ်စက္ကန့်တောင် အခြေအနေ တစ်ရပ်တည်းမှာ တည်မြဲမနေဘဲနဲ့ စက္ကန့်နဲ့အမျှ ပြောင်းလဲနေတယ်။ ဒီလို သိမြင်လာတယ်။

အဲဒီ ရုပ်သဘာဝအပြင် ရုပ်သဘာဝကို မှီပြီးတော့ ဖြစ်နေတဲ့ စိတ်ခေါ်တဲ့ နာမ်သဘာဝဟာလဲ တစ်ခုတည်း အကြာကြီး ဖြစ်နေတာ မဟုတ်ဘဲနဲ့ တစ်ခုပြီးတစ်ခု၊ တစ်ခုပြီးတစ်ခု၊ တစ်စက္ကန့်အတွင်းမှာ စိတ်အစဉ်ပေါင်း မြောက်များစွာ ဖြစ်ပေါ် ဖြစ်ပေါ်ပြီးတော့ ပျောက်ပျောက်သွားတာကို အလွန်ထူးခြားထက်မြက်တဲ့ ဉာဏ်နဲ့ ထိုးထွင်းပြီး သိမြင်လာတယ်။

ဒီတော့ ခန္ဓာကိုယ်ကိုလဲပဲ လူကိုယ်ကြီးပါလား၊ လူကြီးပါလားလို့ မသိမြင်တော့ဘူး။ စိတ်ကိုလဲ လူ့စိတ်ပါလားလို့ မသိမြင်တော့ဘူး။ မပြတ် ဖြစ်ပေါ် ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားတဲ့ သဘာဝတရား အစဉ်မျှသာပဲလို့ သဘာဝကို သဘာဝအတိုင်း အမှန်အတိုင်း သိမြင်လာတယ်။

အဲဒီ အသိမှန် အမြင်မှန်ကြောင့်ပဲ အယင်က သဘာဝကို သဘာဝ ဖြစ်စဉ်အနေနဲ့ အမှန်အတိုင်း မသိမမြင်လို့ အသိမှားနေတဲ့ လူကြီးပဲ၊ ပုဂ္ဂိုလ်ကြီးပဲ၊ ငါပဲ၊ သူပဲဆိုတဲ့ အသိမှား အမြင်မှားတွေ ပျောက်ကုန်တယ်။ ပြီးတော့ အဲဒီ ပုဂ္ဂိုလ် သတ္တဝါ ငါဆိုတဲ့ အသိမှား အမြင်မှားပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်တဲ့ ငါလိုချင်တယ်၊ သူလိုချင်တယ်၊ ပုဂ္ဂိုလ်လိုချင်တယ်၊ သတ္တဝါလိုချင်တယ်၊ ငါစိတ်ဆိုးတယ်၊ သူစိတ်ဆိုးတယ် စတဲ့ လိုချင်တပ်မက်မှု လောဘ၊ စိတ်ဆိုး စိတ်ပျက်မှု ဒေါသ ကိလေသာတွေလဲ ငြိမ်းကုန်တယ်။ ဘာကြောင့် ငြိမ်းကုန်သလဲဆိုတော့ ပုဂ္ဂိုလ်ပဲ၊ လူကောင်ကြီးပဲလို့ ဉာဏ်ထဲမှာ မမြင်တော့ဘဲ သဘာဝ ဖြစ်စဉ်နှစ်ရပ် မပြတ် ဖြစ်ပျက်ပြီးနေတဲ့ အစဉ်မျှပဲလို့ သိမြင်တဲ့ အတွက် လောဘ ဒေါသ မောဟတွေ မဖြစ်ပေါ်လာတော့ဘဲ ငြိမ်းကုန်တယ်။

သဘာဝ အသိအမြင်ပေါ် အခြေတည်ပြီး လောဘဖြစ်တယ်ဆိုတာ မရှိဘူး။ ဒေါသဖြစ်တယ်ဆိုတာ မရှိဘူး။

လောဘဖြစ်တယ် ဒေါသဖြစ်တယ်ဆိုတာက ပုဂ္ဂိုလ်ဆိုတဲ့ အသိအမြင်၊ ငါဆိုတဲ့ အသိအမြင်၊ သူဆိုတဲ့ အသိအမြင်၊ လူသားဆိုတဲ့အမြင်၊ ခွေး ဝက် ကြက် ငှက် ကြောင်ဆိုတဲ့ အသိအမြင်၊ ဒီအသိအမြင် ဖြစ်ပေါ်ရင်တော့ အဲဒီ အသိအမြင်ပေါ် အခြေခံပြီး ဖြစ်တာပဲ။

အခု ဗုဒ္ဓမြတ်စွာဘုရားကတော့ ရုပ်ကိုရော စိတ်ကိုရော မပြတ် ဖြစ်ပျက် ပြောင်းလဲနေတဲ့ သဘာဝဖြစ်စဉ်ကြီးပဲလို့ ဒီလိုမြင်လာတယ်။ The process of arising and passing away of mental and physical phenomina မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘာဝ ဖြစ်စဉ်ကြီး နှစ်ခုမျှပဲလို့ သိမြင်တော့ ပုဂ္ဂိုလ်လို့၊ သတ္တဝါလို့၊ လူလို့ မြင်မှ ဖြစ်ပေါ်တဲ့ လောဘ ဒေါသတွေ မဖြစ်ပေါ်လာတော့ဘူး။ လောဘ ဒေါသတွေ အကုန် ငြိမ်းသွားတယ်။

**ကိလေသာဖြစ်ရင် ဆင်းရဲတယ်**

ဒီတော့ လူမှာ ဆင်းရဲတယ် ဆင်းရဲတယ်ဆိုတာက ခုနက ခရစ်ယာန် ဘုန်းတော်ကြီး ဆုတောင်းထဲမှာ ပါသွားတဲ့အတိုင်း လောဘ ဒေါသ မောဟတွေနဲ့ ပြည့်နေလို့ ဆင်းရဲနေတာပဲ။ ဒီ လောဘ ဒေါသ မောဟ စသည်တွေ မရှိတော့ဘူးဆိုရင် ဆင်းရဲဦးမလား။ (မဆင်းရဲပါ ဘုရား။) မဆင်းရဲတော့ဘူး။ မသေချာဘူးလား။ သေချာပါတယ်ဘုရား။ အဲဒီတော့ ဒီသဘာဝ ဖြစ်စဉ်ကြီး နှစ်ခုကို ပုဂ္ဂိုလ်လို့ မြင်နေရင် လောဘ ဒေါသ မောဟတွေ ဝင်လာတော့တာပဲ။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

ဒီရုပ်နာမ်သဘာဝ ဖြစ်စဉ်နှစ်ရပ်ကို ငါလို့မြင်တော့ ငါလိုချင်တယ် ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား။) လောဘပဲ။ ပုဂ္ဂိုလ်လို့မြင်တော့ ဒီပုဂ္ဂိုလ် ဒေါသထွက်တာ ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား။) ငါလို့ မြင်လာတဲ့အခါကျတော့ ဒီငါက သူများထက် သာတယ်ဆိုတဲ့ မာန ဖြစ်မလာ ဘူးလား။ (ဖြစ်လာပါတယ်ဘုရား။)

ဒါကြောင့် သဘာဝဖြစ်စဉ်ကို သဘာဝမျှပဲလို့ အမှန်အတိုင်း မမြင်ပဲ ပုဂ္ဂိုလ်ကြီးပဲ၊ လူကြီးပဲ၊ သတ္တဝါကြီးပဲ၊ ဒီထက်ပိုပြီး ငါက အရာရှိကြီးပဲ၊ သူဌေးကြီးပဲ၊ သူကြွယ်ကြီးပဲ၊ ဘုရင်ကြီးပဲ၊ မိဖုရားကြီးပဲ၊ သမ္မတကြီးပဲလို့ ပိုမြင်လာတဲ့အခါကျတော့ လောဘ ဒေါသ မောဟတွေက ပိုများလာရော။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

**အရဟံဂုဏ်တော်** ဒီတော့ မြတ်စွာဘုရားက ဒီသဘာဝ ဖြစ်စဉ်နှစ်ခုကို မပြတ်ဖြစ်ပျက်နေတဲ့ သဘာဝဖြစ်စဉ်မျှပဲလို့ မြင်တဲ့အခါမှာ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အမြင်မှား ရှိသေးသလား။ (မရှိပါဘုရား။) အဲဒီ အမြင်မှားကို အခြေခံပြီးဖြစ်တဲ့ လောဘ ဒေါသ မောဟကော ဖြစ်ဦးမလား။ (မဖြစ်တော့ပါဘုရား။) မဖြစ်တော့ လောဘ ဒေါသ မောဟတွေ မငြိမ်းပေဘူးလား။ (ငြိမ်းပါတယ်ဘုရား။) ငြိမ်းရင် အဲဒီလို အမှန်အတိုင်း သဘာဝကိုမြင်တဲ့ မြတ်စွာဘုရားမှာ ဆင်းရဲ ရှိဦးမလား။ (မရှိပါဘုရား။) ဆင်းရဲ လုံးဝမရှိတော့ ချမ်းသာသွားပြီ။

ဒီတော့ ချမ်းသာတော်မူသော မြတ်စွာဘုရား၊ လောဘ ဒေါသ မောဟ ကင်းဝေးတော်မူသော မြတ်စွာဘုရား၊ လောဘ ဒေါသ မောဟ တည်းဟူသော အပူတရားတွေ ကင်းငြိမ်းတော်မူသော မြတ်စွာဘုရား၊ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) ဒါကြောင့် ငြိမ်းချမ်းတော်မူသော မြတ်စွာဘုရား၊ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အဲဒါကိုပဲ ပါဠိလို အရဟံလို့ ဆိုတယ်။

အဲဒီ အရဟံဆိုတဲ့ ဂုဏ်တော်ရဲ့ အဓိပ္ပာယ်က ကိလေသာ အပူတရား အညစ်အကြေးတရားတို့မှ ကင်းဝေးတော်မူသော မြတ်စွာဘုရားတဲ့။ တစ်နည်း လောဘ ဒေါသ မောဟ တည်းဟူသော အပူတရား အညစ်အကြေးတရား တို့ကို ပယ်ရှားတော်မူပြီးသော မြတ်စွာဘုရားတဲ့။ ဟုတ်ကဲ့လား။ (မှန်ပါဘုရား။) လိုက်ဆိုစမ်းပါ။

**အရဟံ= လောဘ ဒေါသ မောဟတည်းဟူသော အပူတရား အညစ်အကြေး တရားတို့ကို ပယ်ရှားတော်မူ ပြီးသော မြတ်စွာဘုရား။**

**သဘာဝတရား** ဒီတော့ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်ပါ။ ဗုဒ္ဓ ရှင်တော်မြတ်ဘုရား သိတဲ့တရားဟာ ဗုဒ္ဓတရားလား၊ သဘာဝတရားလား။ (သဘာဝတရားပါဘုရား။) မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) တကယ်လို့သာ ဗုဒ္ဓရဲ့တရားဆိုရင် ဗုဒ္ဓပေါ်ထွန်းလာမှပဲ ဒီတရား ပေါ်ထွန်းလာရမယ်၊ ဗုဒ္ဓ မပေါ်ထွန်းရင်တော့ ဒီတရား မရှိရဘူး၊ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

ဒီတော့ အဲဒီဗုဒ္ဓ သိထားတဲ့ သဘာဝ ဖြစ်စဉ်ကြီးနှစ်ရပ်၊ ရုပ်ဖြစ်စဉ်ခေါ်တဲ့ သဘာဝကြီးတစ်ရပ်၊ နာမ်ဖြစ်စဉ်ခေါ်တဲ့ သဘာဝဖြစ်စဉ်ကြီး တစ်ရပ်၊ ဒီသဘာဝ ဖြစ်စဉ်နှစ်ရပ်ဟာ ဗုဒ္ဓ မပွင့်မီကတည်းက ရှိနေတာလား၊ ဗုဒ္ဓ ပွင့်ပေါ်လာမှ ရှိလာတာလား။ (ဗုဒ္ဓ မပွင့်မီကတည်းက ရှိနေတာပါဘုရား။) ဗုဒ္ဓ မပွင့်ပေါ်ခင်ကတည်းက ရှိနေတာဆိုတော့ ဒီသဘာဝတရားဟာ ဗုဒ္ဓရဲ့ တရားလား၊ သဘာဝတရားလား။ (သဘာဝတရားပါဘုရား။) Universal ပေါ့။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) သဘာဝတရား။ တစ်လောကလုံးနဲ့ ဆိုင်တယ်။

**ကျင့်စဉ်မှန်လို့ တွေ့ရတယ်** အဲဒီတရားကို အကျင့်မှန် လမ်းမှန် မသိတဲ့လူက မတွေ့ဘူး။ အကျင့်မှန် လမ်းမှန် သိတဲ့လူက သွားတွေ့တယ်။ ဒီလို မဟုတ်လား။ (မှန်ပါဘုရား။) ဒီတော့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အလောင်းတော် သိဒ္ဓတ္ထကတော့ အကျင့်မှန် လမ်းမှန်ကို ကျင့်မိလို့ ဒီသဘာဝအမှန်ကို ရှင်းရှင်းလင်းလင်းကြီး သွားတွေ့တယ်။ တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် သူ့သန္တာန်က လောဘ ဒေါသ မောဟ ငြိမ်းသွားတယ်။ အဲဒီ ကိလေသာတွေ ငြိမ်းသွားတော့ ဆင်းရဲ လုံးဝ ငြိမ်းသွားတယ်။

ဒီ ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားတဲ့ သဘာဝဖြစ်စဉ်၊ အမြဲတမ်း ပြောင်းလဲနေတဲ့ သဘာဝဖြစ်စဉ်ကို ဗုဒ္ဓက တွေ့သိ ဖော်ထုတ်ပြီးတော့ ဒို့များတော့ ဒီသဘာဝဖြစ်စဉ်ကို သိခဲ့တယ်။ ဒါကြောင့် လောကမှာ ဒီသဘာဝဟာ ဒီလိုရှိတယ်လို့ မဟောဘူးလား။ (ဟောပါတယ်ဘုရား။)

**ဘယ်သူမဆို သိနိုင်တဲ့တရား** ဒီတော့ အဲဒီလို မပြတ် ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားလို့ မတည်မမြဲ ပြောင်းလဲနေတဲ့ အနိစ္စ သဘာဝဟာ ဗုဒ္ဓရဲ့ တရားလား။ သဘာဝရဲ့ တရားလား။ (သဘာဝရဲ့ တရားပါဘုရား။) သဘာဝရဲ့ တရားဖြစ်တော့ ဒီ သဘာဝရဲ့ တရားကို ဗုဒ္ဓလို နည်းမှန် လမ်းမှန်နဲ့ ကျင့်ကြံတဲ့ ပုဂ္ဂိုလ်များ မသိမမြင်နိုင်ဘူးလား။ (သိမြင်နိုင်ပါတယ် ဘုရား။)

ဗုဒ္ဓရဲ့ တပည့်သာဝကလဲ ကျင့်ကြံရင် သိမြင်နိုင်တယ်။ ဟုတ်တယ် မဟုတ်လား။ (မှန်ပါဘုရား။) ဟိန္ဒူ ဗြာဟ္မဏတွေရော နည်းမှန်လမ်းမှန်အတိုင်း ကျင့်ကြံရင် မသိနိုင်ဘူးလား။ (သိနိုင်ပါတယ်ဘုရား။) သိမြင်နိုင်တယ်။ မူဆလင်ရော ကျင့်ကြံရင် မသိနိုင်ဘူးလား။ (သိနိုင်ပါတယ်ဘုရား။) ခရစ်ယာန် ညီတော် နောင်တော်တွေ ကျင့်ကြံရင်ကော မသိနိုင်ဘူးလား။ (သိနိုင်ပါတယ် ဘုရား။) ဘာကြောင့် အဲဒီလို သိမြင်နိုင်သလဲ။ (သဘာဝ တရားမို့ပါဘုရား။) သဘာဝတရားမို့၊ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။)

သဘာဝတရားဖြစ်တော့ ဒီသဘာဝတရားဟာ ဗုဒ္ဓကိုယ်တိုင်ပိုင်တဲ့ တရား မဟုတ်ဘူး။ ဘယ်သူ ပိုင်တာလဲဆိုတော့ သဘာဝကပိုင်တဲ့ တရားပဲ။ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။) သို့သော်လဲပဲ ဗုဒ္ဓရှင်တော်မြတ်က စတင် တွေ့ရှိတာဖြစ်လို့ တွေ့ရှိတဲ့ပုဂ္ဂိုလ်ကို အစွဲပြုပြီး ဗုဒ္ဓတရားလို့ခေါ်တာ မဟုတ်လား။ (မှန်ပါဘုရား။)

**နျူတန်ရဲ့နိယာမ** ဥပမာဆိုကြပါစို့။ ဘုန်းကြီးတို့ (Gravitation)ခေါ်တဲ့ မြေကြီးရဲ့ ဆွဲငင်အားကို ဆာအိုက်ဇက်နျူတန်က စပြီး တွေ့တယ်မဟုတ်လား။ (မှန်ပါဘုရား။) ဒီတော့ ဒီဆွဲငင်အားဟာ သူတွေ့တဲ့ အခါမှပဲ ပေါ်လာတာလား၊ ရှေးကတည်းက ရှိနေတာလား။ (ရှေးကတည်းက ရှိနေတာပါဘုရား။) အဲ ရှေးကတည်းက ရှိနေတာကို ဘယ်သူက သွားတွေ့တာလဲ။ (နျူတန်ပါဘုရား။) နျူတန်က စတွေ့တော့ ဒီဆွဲငင်အား သဘောတရားကို နျူတန်ရဲ့ နိယာမလို့ ခေါ်ရတယ်မဟုတ်လား။ နျူတန်ရဲ့ တရားပေါ့လေ၊ ဟုတ်ကဲ့လား။ (မှန်ပါဘုရား။) အမှန်က ဒီဆွဲငင်အား

သဘောဟာ ဈျာတန် ပိုင်တဲ့သဘော ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား။) သူတွေ့တဲ့ သဘာဝမျှသာ ဖြစ်တယ်။ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။)

နောက်တစ်ခါ ဘုန်းကြီးတို့ ဈျာတန်က ဘာတွေ့ပြန်သလဲ ဆိုတော့ ပြုလုပ်မှုတိုင်း၌ တူညီ၍ ဆန့်ကျင်ဘက်ဖြစ်သော တုံ့ပြန်မှုရှိသည်။ တစ်နည်း တူညီသော ဆန့်ကျင်ဘက် တုံ့ပြန်မှုရှိသည်ဆိုတဲ့ ရူပဗေဒ သဘောတရား တစ်ခုကို သူတွေ့တယ်။ ဟုတ်ကဲ့လား။ (မှန်ပါဘုရား။) တစ်နည်း ပြောမယ် ဆိုရင် အကြောင်းနဲ့အကျိုး သဘာဝကို သူ တွေ့တယ်လို့ ပြောရလိမ့်မယ်။

ဒီတော့ တစ်စုံတစ်ရာ ပြုလုပ်လိုက်ရင် အဲဒီ ပြုလုပ်မှုကြောင့် တုံ့ပြန်မှု ဖြစ်ပေါ်လာတယ် ဆိုတဲ့ သဘာဝဟာ သူတွေ့မှပဲ ဖြစ်ပေါ်လာသလား၊ ရှေးကတည်းက ရှိသလား။ (ရှေးကတည်းက ရှိပါတယ်ဘုရား။) ရှေးကတည်း က သူမတွေ့ခင်ကတည်းက ရှိနေတယ်။ လူတွေက မတွေ့ကြသေးလို့သာပဲ။ ဟုတ်လား။ (မှန်ပါဘုရား။) သို့သော်လဲ သူက စတင် တွေ့လိုက်တဲ့အခါမှာ သူ့ကို အစွဲပြုပြီးတော့ ဒီသဘောတရားကို ဈျာတန်ရဲ့ သီအိုရီလို့ ဒီလိုခေါ်တယ် မဟုတ်လား။ (မှန်ပါဘုရား။) တကယ်တော့ ဒီသဘာဝဟာ ဈျာတန်ပိုင်တဲ့ သဘာဝလား။ (မဟုတ်ပါဘုရား။) မဟုတ်ဘူးနော်။ ဘယ်သူပိုင်တဲ့ သဘာဝလဲ။ (သဘာဝကပိုင်တဲ့ သဘာဝပါ ဘုရား။)

**ဗုဒ္ဓတွေ့ရှိသော တရားတော်**

အဲဒီလိုပဲ မရပ်မစဲဘဲ အမြဲမပြတ် ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်နဲ့ ဖြစ်ပျက်နေတဲ့ ဒီရုပ်နာမ်သဘာဝ ဖြစ်စဉ်ကြီးဟာ မြတ်စွာဘုရား တွေ့ရှိသော်လဲပဲ ဘုရား ပိုင်တဲ့ သဘာဝမဟုတ်၊ သဘာဝကပိုင်တဲ့ သဘာဝမျှသာဖြစ်တယ်။ မြတ်စွာ ဘုရားက ဒီသဘာဝကို တွေ့ရှိသူမျှသာဖြစ်တယ်။ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။) အဲဒီတော့ တွေ့ရှိသူကို အစွဲပြုပြီး ဗုဒ္ဓတရားတော်လို့ ခေါ်ကြရတာပဲ။

ဒီတော့ ဖြစ်ပျက်ပြောင်းလဲ မတည်မြဲတဲ့ ဒီသဘာဝဖြစ်စဉ်ကို တွေ့သိတဲ့ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာဟာ နတ်ဘုရားလား၊ ဗြဟ္မာဘုရားလား။ (လူသား

ဘုရား၊ပါဘုရား။) သေချာသလား။ (သေချာပါတယ်ဘုရား။) လူသား ဘုရားနော်။

ဒီသဘာဝကို သဘာဝအမှန်အတိုင်း သိတဲ့ ဒီအသိကို ဗုဒ္ဓရှင်တော်မြတ်ဟာ သူတပါးဆီက သင်ကြားနာယူပြီး သိရတာလား။ (မဟုတ်ပါဘုရား။) မဟုတ်ဘူးနော်။ ဒါဖြင့် ဘယ်လို သိရတာလဲ။ (ကိုယ်ကိုယ်တိုင် ကျင့်လို့ သိရတာပါဘုရား။) သူကိုယ်တိုင်ကျင့်လို့ သူကိုယ်တိုင် ထိုးထွင်းပြီး ဒီအသိကို ရလာတာ။ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။)

**လူသားတိုင်း သိနိုင်တဲ့တရား**

ဒီနေရာမှာ ဘုန်းကြီး ပြောချင်တာက လူသားဘုရားက အကျင့်မှန် နည်းလမ်းမှန်နဲ့ ကျင့်လို့ တွေ့ရှိသိမြင်တဲ့ တရားကို တခြားတခြား လူသားတွေကလဲပဲ သူ့လိုပဲ အကျင့်မှန် နည်းလမ်းမှန်နဲ့ ကျင့်ရင်ဖြင့် သူ့လိုပဲ တွေ့နိုင် သိနိုင်တယ်။ မတွေ့နိုင်ပေဘူးလား။ (တွေ့နိုင်ပါတယ်ဘုရား။) ဒါမှလဲပဲ ဒီတရားကို တခြားတခြား လူသားတွေအတွက် ဖြန့်ဝေလို့ရမှာ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) ဟုတ်ကဲ့လား။ လူသားသိတဲ့ တရားကို တခြားလူသားလဲ သိနိုင်ရမယ်။ တခြားလူသားလဲ သိနိုင်မှပဲ လူသားအားလုံး အကျိုးရှိမယ်။ ဒီလိုမဟုတ်လား။ (မှန်ပါဘုရား။)

ဒါဖြင့်ရင် အဲဒီ လူသားဖြစ်တဲ့ ဗုဒ္ဓဟာ အခုရှိတဲ့ လူသားတွေနဲ့ အတူတူပဲလားလို့ဆိုတော့ မတူဘူး။ ဘာကြောင့်လဲဆိုတော့ ဒီသဘာဝအမှန်ကို ဗုဒ္ဓက အကျင့်တရား အမှန်နဲ့ ပထမဆုံး တွေ့ရှိတာဟာ သူများထက် ဉာဏ်ထူးချွန်မှု မရှိရင် တွေ့နိုင်ပါ့လား။ (မတွေ့နိုင်ပါဘုရား။) သူများထက် စိတ်ဓာတ်အင်အား ကြီးမားမှု မရှိရင် တွေ့နိုင်ပါလား။ (မတွေ့နိုင်ပါဘုရား။) အဲဒီလို သူများတွေထက် စိတ်ဓာတ်အင်အား ကြီးမားပြီး ဉာဏ်ပညာ ကြီးမား ထူးချွန် ထက်မြက်လို့ လူသာမန်တို့ မတွေ့ မသိနိုင်တဲ့ သဘာဝတရားကို တွေ့သိတာ ဖြစ်တဲ့အတွက် ဗုဒ္ဓမြတ်စွာဟာ လူသားပင်ဖြစ်ငြားသော်လဲ တခြား လူသားတွေနဲ့ တူပါ့မလား။ (မတူပါဘုရား။) အင်း မတူဘူး။ ဒါကို ဘုန်းကြီးတို့ နားလည်ထားရမယ်။

ဒီတော့ အဲဒီ လူသားဘုရား တွေ့ရှိတဲ့ တရားကို အဲဒီ လူသားဘုရားက ဒို့များ ဒီလိုကျင့်ကြံတာ ဒီလို တွေ့တယ်၊ သင်တို့လဲပဲ ဒီလိုပဲ ကျင့်ကြံ၊ ဒီအကျင့်အတိုင်း မှန်အောင်ကျင့်ရင် သင်တို့လဲ ဒီသဘာဝကို တွေ့လိမ့်မယ်။ အဲဒီလို ပြန်ဟောခဲ့တာ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အဲဒီလို ဟောခဲ့တဲ့အတိုင်း တပည့်တွေကလဲ နည်းမှန် လမ်းမှန်နဲ့ ကျင့်ကြံတဲ့အခါ ကျတော့ မြတ်စွာဘုရားတွေ့တဲ့ တရားကို မတွေ့ပေဘူးလား။ (တွေ့ပါတယ် ဘုရား။) ဒီလို ဘုရား တွေ့တဲ့ သိတဲ့ တရားကို တွေ့ရ သိရတော့ တွေ့တဲ့လူမှာ လောဘ ဒေါသ မောဟ တရားတွေ မငြိမ်းဘူးလား။ (ငြိမ်းပါတယ်ဘုရား။)

အဲဒီ နည်းလမ်းမှန်အတိုင်းကျင့်ရင် နောက်နောက် လူသားတွေလဲ ဆင်းရဲ မငြိမ်းပေဘူးလား။ (ငြိမ်းပါတယ်ဘုရား။) သဘာဝမကျပေဘူးလား။ (ကျပါတယ်ဘုရား။) လူသားကျင့်လို့ သိတဲ့တရားဟာ တခြားလူသားတွေ ကျင့်ရင် သိရမယ်မဟုတ်လား။ (မှန်ပါဘုရား။) ဘယ်လို အယူဝါဒမျိုးပဲ ယူနေနေ ဒီအကျင့်လမ်းကို ယုံယုံကြည်ကြည်နဲ့ ကျင့်ပြီဆိုရင် ဒီအသိ မရနိုင် ပေဘူးလား။ (ရနိုင်ပါတယ်ဘုရား။)

**ကျင့်စဉ်မှန်ရင် သိတယ်** ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စဉ်းစားကြည့်ပါ။ မန္တလေးကနေပြီးတော့ အောက်မြန်မာပြည်ကို မီးရထား စီးသွားမယ်၊ လမ်းဆုံးသည်အထိ ဘယ်ရောက်မလဲ။ (ရန်ကုန် ရောက်ပါမယ်ဘုရား။) ရန်ကုန် မရောက်ပေဘူးလား။ (ရောက်ပါမယ်ဘုရား။) အဲဒီ မန္တလေးက ရန်ကုန်ထွက်တဲ့ မီးရထားကြီးကို စီးသွားရင် တရုတ် စီးရင်ကော ရန်ကုန် မရောက်ပေဘူးလား။ (ရောက်ပါတယ်ဘုရား။) ကုလား စီးရင်ကော ရန်ကုန် မရောက်ပေဘူးလား။ (ရောက်ပါတယ်ဘုရား။) မြန်မာ စီးရင်ကော မရောက်ပေဘူးလား။ (ရောက်ပါတယ်ဘုရား။) ဘယ်သူစီးစီး ရန်ကုန်သွားတဲ့ ရထားကိုသာ မှန်အောင်တက်စီး၊ ရောက်မှာကတော့ ရန်ကုန်ပဲ။ သေချာတယ် မဟုတ်ပေဘူးလား။ (မှန်ပါတယ်ဘုရား။)

အဲဒီအတိုင်းပဲ ဒီသဘာဝကို အမှန်အတိုင်း သိမြင်နိုင်စေမယ့် အကျင့်မှန် လမ်းမှန်ကိုသာကျင့်၊ စိတ်ထဲက ဘာပဲ ယူဆယူဆ ဒီအကျင့်ကိုတော့ကျင့်၊

အမှန်တကယ်ကျင့်၊ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။) အကျင့်မှန်ပြီ ဆိုရင်တော့ တွေ့ရမှာက ဒီသဘာဝတွေကိုပဲ တွေ့ရမှာ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) မတွေ့နိုင်ပေဘူးလား။ (တွေ့နိုင်ပါတယ် ဘုရား။)

ဘုန်းကြီးက ဒီနေရာ နည်းနည်းပဲ ထပ်ပြောချင်တယ်။ အဲဒီအကျင့်မှာ အင်္ဂါရှစ်ပါး ရှိတယ်။ အဲဒီ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံမှ ဒီအကျင့်မှန်တယ်။ အင်္ဂါရှစ်ပါးနဲ့ မပြည့်စုံရင် အဲဒီအကျင့် မမှန်ဘူး။ အဲဒီ အင်္ဂါရှစ်ပါးကို ဘုန်းကြီးက နောက်ကျတော့ ရှင်းပြရမယ်။ ဒီအကျင့် အမှန်အတိုင်း ကျင့်ရင် ဒီသဘာဝဖြစ်စဉ်ကို သဘာဝအနေနဲ့ပဲ သိမြင်တယ်။ အဲဒီလို သိမြင်ရင် လောဘ ဒေါသ မောဟ ငြိမ်းတယ်။ ငြိမ်းရင် ဘာငြိမ်းသလဲ။ (ဆင်းရဲ ငြိမ်းပါတယ်ဘုရား။) ဆင်းရဲခြင်း ငြိမ်းတယ်။

လောဘရှိနေရင် ဆင်းရဲငြိမ်းမလား။ (မငြိမ်းပါဘုရား။) ဒေါသရှိနေရင်၊ (ဆင်းရဲ မငြိမ်းပါဘုရား။) မောဟရှိနေရင်၊ (ဆင်းရဲ မငြိမ်းပါဘုရား။)

အဲဒါကြောင့် ဘုန်းကြီးတို့ ညီတော်နောင်တော်ဖြစ်တဲ့ ခရစ်ယာန် ဘုန်းတော်ကြီးက လောဘ ဒေါသ မောဟတွေနဲ့ ပြည့်နေတဲ့ ပုထုဇဉ်တွေကို သနားသောအားဖြင့် ကောင်းချီးပေးပါ၊ ချမ်းသာပေးပါဆိုတဲ့သဘော ဆုတောင်းသွားတယ် မဟုတ်လား။ (မှန်ပါဘုရား။) ဒီတော့ အဲဒီ လောဘ ဒေါသ မောဟ ငြိမ်းရင်ဖြင့် ဆင်းရဲငြိမ်းတယ်ဆိုတာ သေချာတယ်။

**အကျင့်မှန်ရင် ရည်ရွယ်ချက်ပြည့်တယ်**

ဒါဖြင့်ရင် လောဘ ဒေါသ မောဟငြိမ်းအောင် ဘာလိုသလဲ။ အမှန်အတိုင်း သိဖို့ လိုတယ်။ ဘာတွေ အမှန်အတိုင်းသိဖို့ လိုသလဲ။ သဘာဝကို သဘာဝဖြစ်စဉ်မျှပဲလို့ အမှန်အတိုင်းသိဖို့လိုတယ်။ အဲဒီလို အမှန်အတိုင်း သိချင်ရင် ဘာလိုသလဲ။ (အကျင့်မှန်ဖို့ လိုပါတယ်ဘုရား။)

အဲဒီအကျင့်မှန်မှာ အင်္ဂါ ဘယ်နှစ်ပါး ရှိသလဲဆိုတော့ အင်္ဂါရှစ်ပါး ရှိတယ်။ အဲဒီ အကျင့်မှန်ကို ကျင့်ရင် သဘာဝကို အမှန်အတိုင်း သိတယ်။ သိရင် လောဘ ဒေါသ မောဟ ကိလေသာငြိမ်းတယ်။ ကိလေသာငြိမ်းရင်

ဆင်းရဲငြိမ်းမယ်။ ဒီလိုဆိုရင် ဒီအကျင့်မှန်ကို ဆင်းရဲငြိမ်းစေတဲ့ အကျင့်လို့ မဆိုနိုင်ဘူးလား။ (ဆိုနိုင်ပါတယ်ဘုရား။)

ဒါဖြင့်ရင် ဘုန်းကြီးတို့ ဘာသာ အယူဝါဒတွေ ကိုးကွယ်နေတဲ့ ရည်ရွယ်ချက်က ဘာပါလိမ့်မလဲ။ (ဆင်းရဲငြိမ်းဖို့ပါဘုရား။) ဒီလိုဆိုတော့ ဒီအကျင့်မှန်ဟာ ဘာသာအယူဝါဒ ကိုးကွယ်မှုရဲ့ ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးတဲ့အကျင့် မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ်ဘုရား။) ရည်ရွယ်ချက် မပြီးမြောက်စေဘူးလား။ (ပြီးမြောက်စေပါတယ်ဘုရား။) ပြီးမြောက်စေတယ်။ ဒါကြောင့်မို့ ဒီအကျင့်မှန်ကို ရှေးဦးစွာ နည်းနည်းကလေး သိထားဖို့ လိုပါတယ်။

ဒီအကျင့်မှန်မှာ အင်္ဂါ ဘယ်နှစ်ပါးရှိသလဲ။ (ရှစ်ပါး ရှိပါတယ်ဘုရား။)

အဲဒီရှစ်ပါး ဆောင်ပုဒ်က –

**သိမှန် ကြံမှန်၊ ပြော ပြုမှန်နှင့်၊ ကောင်းမှန်သက်မွေး၊ ဖြူစင်ဖွေး၍၊ မှန်ရေးကြိုးစား၊ မှန်ငြားသတိ၊ သမာဓိဟု၊ ဤသည့် ရှစ်ဖြာ၊ ကျင့်စဉ်ပါမူ၊ ဘာသာဝါဒ၊ ဝဋ်ဒုက္ခ၊ မုချငြိမ်းစေသည်။**

**မဂ္ဂင်ရှစ်ပါးရှိတဲ့ ကျင့်စဉ်မှန်**

**သိမှန်** ဆိုတာ အမှန်အတိုင်း သိမြင်တာ။ ဘာကိုလဲ။ သဘာဝကို သဘာဝအမှန်အတိုင်း သိမြင်တာ။ **ကြံမှန်** ဆိုတာက အဲဒီ သဘာဝအပေါ်မှာ စိတ် ထပ်ကာထပ်ကာ ရောက်နေမှု။ ကြံတယ်ဆိုတာ စိတ် ထပ်ကာထပ်ကာ တစ်ခုတစ်ခုပေါ်မှာ ရောက်နေတာကို၊ အကြိမ်ကြိမ် ရောက်နေတာကို ကြံတယ်လို့ခေါ်တယ်။

**ပြောပြုမှန်** တဲ့။ အပြောလဲ မှန်ရမယ်။ **ပြုမှန်** – အပြုလဲ မှန်ရမယ်။

**ကောင်းမှန်သက်မွေး၊ ဖြူစင်ဖွေး၍** အသက်မွေးဝမ်းကျောင်းလဲ မှန်ရမယ်။ ဘယ်လို မှန်ရမလဲဆိုရင် ဖြူစင်တဲ့ အပြစ်ကင်းတဲ့ အသက်မွေးဝမ်းကျောင်းဖြစ်ရမယ်။ မဖြူစင်တဲ့ အသက်မွေးဝမ်းကျောင်း၊ အပြစ်မကင်းတဲ့ အသက်မွေးဝမ်းကျောင်း မဖြစ်ရဘူး။

**မှန်ရေးကြိုးစား၊** မှန်ကန်သော ကြိုးစား အားထုတ်မှုရှိရမယ်။ ဒီနေရာမှာ မှန်ကန်သောဆိုတာဟာ အပြစ်ကင်းသောလို့ ဆိုလိုတယ်။ ဒါကို နောက်ကျမှ ဘုန်းကြီးတို့ သေသေချာချာ ပြောရမယ်။ မှန်ကန်သော ကြိုးစား အားထုတ်မှု ရှိရမယ်။

**မှန်ငြားသတိ၊** သတိနဲ့ စောင့်ကြည့်တာ။ ဒါကိုပဲ ရှုတယ်လို့ခေါ်တယ်။ သတိဆိုတာ စောင့်ကြည့်တာ။ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) "အဲဒီကလေး သတိထားလိုက်စမ်းပါ"တဲ့။ မပြောဘူးလား။ (ပြောပါတယ်ဘုရား။) "ငါ ဈေးသွားချင်လို့ အဲဒီကလေး သတိထားလိုက်စမ်း"ဆိုတာ ဘာဆိုလိုတာလဲ။ (ကလေးကို စောင့်ကြည့်ခိုင်းတာပါဘုရား။) ကလေးကို စောင့်ကြည့်လိုက်ပါလို့ ပြောတာ။ ဒါကြောင့်မို့ သတိဆိုတာ စောင့်ကြည့်တာ။

အဲဒီ သတိနဲ့ စောင့်ကြည့်တာကို အင်္ဂလိပ်ဘာသာနဲ့ ဘယ်လို ဘာသာပြန် သလဲဆိုတော့ အလွယ်ဆုံး စကားလုံးက (Watch)။ အဲဒါ အလွယ်ဆုံး အရိုးဆုံး စကားလုံးနဲ့ ဘာသာပြန်တာ။ အဲဒီထက် နည်းနည်းပိုပြီး တော့ အဆင့်အတန်းရှိတဲ့ စကားလုံးနဲ့ ဘာသာပြန်တော့ (Observe)လို့ သုံးတယ်။ နောက်တစ်ခါ အဲဒါကို တစ်မျိုးသုံးပြန်တော့ (Mindful)။ နောက်တစ်မျိုး သုံးချင်ပြန်တော့ (Aware)လို့ သုံးတယ်။ ဒီ သတိကို ဘုန်းကြီး ဒီလို ပြောနေတာမှာ အဓိပ္ပာယ်ရှိပါတယ်။ နောက်ကျတော့ ဒါတွေ ဘုန်းကြီး နည်းနည်းရှင်းရမယ်။ မှန်ငြားသတိ၊ မှန်ကန်သော စောင့်ကြည့်မှု ရှုမှု ရှိရမယ်။

**သမာဓိဟု**—သမာဓိဆိုတာ စိတ်တည်ငြိမ်တာ။ စိတ်တည်ငြိမ်တာဟာလဲ သဘာဝ မဟုတ်ဘူးလား။ (ဟုတ်ပါကယ်ဘုရား။) သဘာဝပဲ။

အပြစ်ကင်းတဲ့ စိတ်တည်ငြိမ်မှု ဆိုလို့ရှိရင် မှန်သော စိတ်တည်ငြိမ်မှုပဲ။ အပြစ်မကင်းတဲ့ စိတ်တည်ငြိမ်မှုဆိုတော့ မှားသော စိတ်တည်ငြိမ်မှုပဲ။

ဒီတော့ သူတစ်ပါးကို ချောင်းပြီးတော့ ရိုက်ဖို့ ခုတ်ဖို့ရာ ကြံစည် စဉ်းစားနေတဲ့အခါကျတော့ အဲဒီ အကြံအစည်ပေါ်မှာ စိတ်တည်ငြိမ်နေတယ် ဆိုရင် အဲဒီ တည်နေတဲ့စိတ်ဟာ အပြစ်ကင်းသလား၊ မကင်းဘူးလား။ (မကင်းပါဘုရား။) မကင်းရင် အဲဒါ မှန်ကန်သော တည်ငြိမ်မှု ဟုတ်မလား။ (မဟုတ်ပါဘုရား။)

ဒီလို မဟုတ်ဘဲနဲ့ တစ်စုံတစ်ယောက်ကို ကူညီဖို့ ကြံစည်နေတာပေါ်မှာ စိတ်တည်နေရင်တော့ မှန်ကန်သော တည်ငြိမ်မှု မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒါကြောင့် အပြစ်ကင်းသော တည်ငြိမ်မှုကို မှန်ကန်သော တည်ငြိမ်မှုလို့ခေါ်တယ်။

**မဂ္ဂင်ရှစ်ပါး ပါဝင်မှ ဆင်းရဲငြိမ်း** — အဲဒီ အင်္ဂါရှစ်ပါးသာ အကျင့်လမ်းစဉ်မှာ ပါတယ်ဆိုရင် ဒီအကျင့်လမ်းစဉ်ဟာ မုချ ဆင်းရဲငြိမ်းစေမယ့် အကျင့်လမ်းစဉ်ပဲ။ ဒါကို ပြောတာပါ။ အဲဒီ မဂ္ဂင်ရှစ်ပါး ပါတဲ့ အကျင့်မှန် လမ်းမှန်ရှိတဲ့ ဘာသာ အယူဝါဒဟာဖြင့် ဝဋ်ဆင်းရဲကို ငြိမ်းစေမှာ မုချပဲ။ ဒီလိုဆိုရင် ဘာသာဝါဒ ကိုးကွယ်ခြင်းရဲ့ ရည်ရွယ်ချက် ပြည့်စုံမသွားဘူးလား။ (ပြည့်စုံပါတယ်ဘုရား။) အဲ ပြည့်စုံသွားတယ်။

ဘုန်းကြီးက ဒီနေရာမှာ ဘာပြောချင်တာလဲဆိုတော့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ သဘာဝကို သဘာဝ အမှန်အတိုင်း သိစေတဲ့ ကျင့်စဉ်ဟာ ဒီကျင့်စဉ်ပဲ။ အဲဒီ ကျင့်စဉ်မှာ ဒီသဘာဝရှစ်မျိုးပါတယ်။ ဒီ သဘာဝ ရှစ်မျိုးပါအောင် ကျင့်နိုင်ရင် ဒီလိုပဲ သဘာဝကို သဘာဝအတိုင်း အမှန်အတိုင်း သိမြင်တယ်။ သိမြင်ရင် လောဘ ဒေါသ မောဟ ကိလေသာငြိမ်းတယ်။ ကိလေသာငြိမ်းရင် ဆင်းရဲငြိမ်းတယ်။ ဒါကို ပြောလိုပါတယ်။

**ဗုဒ္ဓမြတ်စွာ ဆင်ခြင်တော်မူပုံ** — ဒီတော့ အခု ဘုန်းကြီးတို့ အဲဒီလို သဘာဝကို အမှန်အတိုင်း သိမြင်တဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ သဘာဝကို အမှန်အတိုင်း သိမြင်ပြီးလို့ ကိလေသာခပ်သိမ်း ကင်းငြိမ်းပြီးတဲ့အခါ သူ ပြန်ပြီး ဆင်ခြင်မိတယ်။ တိတိကျကျ ပြောမယ်ဆိုလို့ရှိရင် ဘုရားဖြစ်ပြီးပြီးချင်း ဆင်ခြင်မိတယ်။ ဘယ်လို ဆင်ခြင်မိသလဲဆိုတော့ –

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ဂဟာကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။

အဲဒီလို ဆင်ခြင်မိတယ်။ မိမိရဲ့ ကိလေသာငြိမ်း ဆင်းရဲငြိမ်းတဲ့ အခြေအနေကို ကျေနပ် အားရ ပီတိ သောမနဿ ဖြစ်လို့မို့ မြတ်စွာဘုရားဟာ အနေကဇာတိ သံသာရံစတဲ့ စကားတော်ကို စိတ်ထဲမှာပဲ ကျူးရင့်တော်မူတယ်။

ဒီစကားရဲ့ အဓိပ္ပာယ်ကတော့ "ဆင်းရဲတွေကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားကို မသိရ မမြင်ရသေးသမျှ ကာလပတ်လုံး တစ်ဘဝပြီး တစ်ဘဝ ဆင်းရဲဒုက္ခတွေ ခံခဲ့ရတာ များလှပြီ၊ (နည်းတဲ့ ဒုက္ခတွေ မဟုတ်ဘူး၊ စဉ်းစား ကြည့်နော်။) ဆင်းရဲကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရား လက်သည် လက်သမားကို မတွေ့ရသေးခင်က အဲဒီ ဆင်းရဲတွေရဲ့ အဖိစီး အနှိပ်စက်ကို တစ်ဘဝပြီးတစ်ဘဝ ခံစားလာလိုက်ရတာ မနည်းတော့ဘူး။ ဟော အခုတော့ အဲဒီ ဆင်းရဲတွေကို ဖြစ်ပေါ်အောင် ပြုလုပ်ပေးတဲ့ အကြောင်းတရား လက်သည် လက်သမားကို သဘာဝ ဉာဏ်အမြင်နဲ့ ငါတွေ့ရ သိရ မြင်ရပြီ။ အဲဒီ ဆင်းရဲကို လုပ်ပေးတဲ့ လက်သည် လက်သမား ဘယ်သူလဲဆိုတော့ လောဘတဲ့၊ တဏှာတဲ့၊ လိုချင်မှု တပ်မက်မှု နှစ်သက်မှုဆိုတဲ့ လောဘ၊ ချစ်ခင်မှု တွယ်တာမှု တွယ်ငြိမှုဆိုတဲ့ လောဘ၊ အဲဒီ လောဘတဏှာဟာ ဆင်းရဲအားလုံးကို ဖန်တည်း ဖြစ်ပေါ်စေတဲ့ ပြုလုပ်ပေးတဲ့ လက်သည် လက်သမားပဲလို့ ငါသိပြီ။"

**တဏှာငြိမ်းလို့ ဆင်းရဲငြိမ်း**

အဲဒီလို သိလိုက်တာနဲ့ပဲ ဒီလောဘ ဒီတဏှာဟာ မြတ်စွာဘုရားရဲ့သန္တာန်မှာ မရှိတော့ဘူး။ ဒီအခါမှာ မြတ်စွာဘုရား ပြန်ဆင်ခြင်ကြည့်လိုက်တယ်။ "ဒီတဏှာ ငါ့မှာ အခု ရှိသေးသလား၊ ဆင်းရဲ အားလုံးရဲ့ လက်သည် လက်သမားဖြစ်တဲ့ လိုချင် တပ်မက် နှစ်သက်တွယ်တာ ငြိကပ်မှု ချစ်ခင်မှု စွဲလမ်းမှုဆိုတဲ့ ဒီတဏှာဟာ ငါ့သန္တာန်မှာ ရှိသေးသလား"လို့ ပြန်ဆင်ခြင်ကြည့်တော့ ဒီတဏှာ မရှိတော့ဘူး လို့ သိတော်မူတယ်။ အသိမှန် အမြင်မှန် ဉာဏ်က ဒီတဏှာကို ပယ်သတ်

ပစ်လိုက်ပြီ။ "ကဲ ဒီလိုဆိုရင် ငါ နောက်ထပ် ဆင်းရဲခံရဦးမလား"လို့ ဆင်ခြင်ကြည့်လိုက်တယ်။ ဆင်းရဲ မခံရတော့ဘူး။ ဘာကြောင့် ဆင်းရဲ မခံရသလဲ၊ ဒုက္ခ မရောက်ရသလဲဆိုတော့ ဆင်းရဲဒုက္ခရဲ့ အကြောင်းတရား ဖြစ်တဲ့ တဏှာ လောဘကို ပယ်သတ်လိုက်ပြီးလို့ပဲ။

အကြောင်းမရှိရင် အကျိုးမဖြစ်တော့ဘူး။ အကြောင်းရှိမှသာလျှင် အကျိုးက ဖြစ်ပေါ်တယ်။ ဒီတော့ အကြောင်းဖြစ်တဲ့ တဏှာ လောဘကို ပယ်သတ်ပြီးပြီဆိုတော့ သူ့ကြောင့် ဖြစ်ပေါ်ရတဲ့ အကျိုးတရား ဒုက္ခ လာဦးမလား။ (မလာပါဘုရား။) မလာတော့ဘူး။

ဒါကြောင့် မြတ်စွာဘုရားက "ငါဖြင့် ဆင်းရဲမှလွတ်ပြီ။ ဒီတဏှာဟာ ငါ့အတွက် ဆင်းရဲဆိုတဲ့ ခန္ဓာအိမ်ကြီးကို နောက်ထပ် ဖန်တီးမပေးနိုင်တော့ဘူး။ ဒါကြောင့် ဆင်းရဲ လုံးဝ ငြိမ်းသွားပြီ"တဲ့။ အဲဒီ မြွက်ဆိုတဲ့ စကားအဓိပ္ပာယ် အချုပ်ကတော့ ဒါပါပဲ။

အဲဒီလို ဘုရားအဖြစ် ရပြီး အဲဒီနေရာ ဗောဓိပလ္လင်မှာပဲ ကိလေသာမှ လွတ်မြောက်လို့ ငြိမ်းအေးနေတဲ့ချမ်းသာ (ဝိမုတ္တိသုခ)ကို ခုနစ်ရက်ပတ်လုံး ခံစားပြီးတော့ သဘာဝတရားရဲ့ ကြောင်းကျိုးဆက်သွယ် ဖြစ်ပျက်မှုကို ဆင်ခြင်တော်မူပြန်တယ်။

ဘယ်လို ဆင်ခြင်သလဲဆိုတော့ "ဩော်... အစက အမှန်အတိုင်းမသိလို့ ပဲ၊ အမှန်အတိုင်း မသိတဲ့အတွက်ဘဲ ဒီတဏှာနဲ့ တွယ်မိ ငြိမိ တပ်မက်မိတာ ကိုး။ ဒီတော့ တွယ်မိ ငြိမိ တပ်မက်မိတဲ့အရာတွေကို ရအောင် လုပ်တာပဲ။ အမှန်အတိုင်း သိရင်ဖြင့် ဒီတဏှာနဲ့ မတွယ်ငြိဘူး။ မတွယ်ငြိရင် တွယ်မိတဲ့ အရာကို ရအောင်လုပ်တာ မရှိဘူး။ လုပ်တယ်ဆိုတာတွေဟာ အမှန်အတိုင်း မသိမြင်လို့ လုပ်မိတာပဲ။ အမှန်အတိုင်း မသိမြင်လို့ လုပ်မိတဲ့အခါ ကျပြန် တော့လဲ အဲဒီ အလုပ်က အကျိုးတရားတွေ ဆက်ကာဆက်ကာ ဖြစ်ပေါ်နေကြ တာပဲ။" အဲဒီလို အစရှိသည်ဖြင့် အပြန်ပြန် အလှန်လှန် ဆင်ခြင်တော် မူပြန်တယ်။

ကြောင်းကျိုးဆက်စပ်ပုံ အဲဒီ အကြောင်းအကျိုး အဆက်အစပ်ကို ဘုန်းကြီးက အခု မြန်မာလို အကြောင်းအကျိုး ဆက်စပ်ပုံမျှပဲ ဒီနေရာမှာ ပြောပြသွားမယ်။ နောက် သူ့နေရာနဲ့သူကျတော့ ပြန်ရှင်းမယ်။ မြတ်စွာဘုရားက ဒီလို အကြောင်းအကျိုး ဆက်စပ် ဆင်ခြင်မိတယ်။

အမှန်အတိုင်း မသိမြင်လို့ ဘဝဖြစ်ပေါ်ရေး ယခု လက်ရှိဘဝမှာ ဘဝကောင်း ဘဝမွန်ဖြစ်ရေး၊ နောက်တမလွန်မှာလဲ ဘဝကောင်း ဘဝမွန်တွေ ဖြစ်ပေါ်ရေး လုပ်မိတယ်။ (အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။)

ဘဝ ဖြစ်ပေါ်ရေးအလုပ်တွေ လုပ်မိတဲ့အတွက် တစ်ဘဝမှာ အစဆုံး စိတ်ကလေး ဖြစ်ပေါ်လာတယ်။ အဲဒီ ဘဝ ဖြစ်ပေါ်ရေး အလုပ်တွေ လုပ်မိခြင်းက အကြောင်းတရား၊ တစ်ဘဝမှာ အစဆုံး စိတ်ကလေး ဖြစ်ပေါ်ခြင်းက အကျိုးတရား။ (သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်)

အဲဒီ အစဆုံး စိတ်ကလေး ဖြစ်ပေါ်လိုက်တာနဲ့ပဲ သူနဲ့ ယှဉ်ဘက်ဖြစ်တဲ့ စိတ်သဘောတွေကလဲ နောက်က တစ်ဆက်တည်း ဆက်ဆက် ဖြစ်လာတယ်။ ရုပ်တွေကလဲ တစ်ဆက်တည်း ဆက်ဆက်ဖြစ်လာတယ်။ ဒါကြောင့် တစ်ဘဝ အစဆုံး စိတ်ကလေးကြောင့် နောက်ထပ် ရုပ်အဆက်ဆက် နာမ်အဆက်ဆက် တွေ ဖြစ်ပေါ်လာတယ်။ (ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်)

အဲဒီ ရုပ်အဆက်ဆက် နာမ်အဆက်ဆက်တွေ ဖြစ်ပေါ်လာတော့ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်ဆိုတဲ့ ဒီ အာယတနတွေလဲ ဖြစ်လာတယ်။ "အာယတန"ဆိုတာ သံသရာဆင်းရဲကို ရှည်လျားစေတဲ့ သဘာဝတွေလို့ အဓိပ္ပာယ်ရတယ်။ (နာမ် ရုပ်ကြောင့် သဠာယတနဖြစ်သည်)

အဲဒါတွေ ဖြစ်ပေါ်လာတော့ မျက်စိက အဆင်းနဲ့ တိုးမိ ဆုံမိတယ်။ နားကလဲ အသံနဲ့ တိုးမိ ဆုံမိတယ်။ နှာခေါင်းကလဲ အနံ့နဲ့ တိုးမိ ဆုံမိတယ်။ လျှာကလဲ အရသာနဲ့ တိုးမိ ဆုံမိတယ်။ ကိုယ်ကလဲ ထိတွေ့စရာနဲ့ တိုးမိ ဆုံမိတယ်။ စိတ်ကလဲ ကြံတွေးစရာ သဘောတွေနဲ့ တိုးမိ ဆုံမိတယ်။ ဒီတော့ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဆိုတဲ့ ဒီ အာယတန ၆ ပါးရှိလို့ အဲဒီ အဆင်း အသံ အနံ့ အရသာ ထိတွေ့စရာ သဘောဆိုတဲ့ အာရုံတွေနဲ့ သွားသွားပြီး တိုးမိ ဆုံမိ ထိမိတယ်။ (သဠာယတနကြောင့် ဖဿဖြစ်သည်

အဲဒီလို တိုးမိ ဆုံမိ ထိမိတဲ့အခါကျပြန်တော့ ရံဖန်ရံခါ ကောင်းတဲ့ ခံစားမှုတွေဖြစ်တယ်၊ ရံဖန်ရံခါ မကောင်းတဲ့ ခံစားမှုတွေ ဖြစ်တယ်၊ ရံဖန်ရံခါ မကောင်းမဆိုး ခံစားမှုတွေ ဖြစ်ပေါ်လာတယ်။ **(ဖဿကြောင့် ဝေဒနာ ဖြစ်သည်)**

အဲဒီတော့ အဲဒီ ခံစားမှုတွေကြောင့် လိုချင် တပ်မက်မှု နှစ်သက်မှုတွေ ဖြစ်လာပြန်တယ်။ **(ဝေဒနာကြောင့် တဏှာဖြစ်သည်)**

အဲဒီ လိုချင်တပ်မက်မှု နှစ်သက်မှုတွေ ဖြစ်လာရတဲ့အခါမှာ ဒါတွေ ငြိမ်းမသွားပြန်ဘဲ သူတို့က အားကောင်းလာတဲ့အခါကျတော့ လိုချင်တဲ့ အရာတွေကို မရ မနေနိုင်တဲ့ စွဲလမ်းမှုတွေ ဖြစ်ပေါ်လာရတယ်။ **(တဏှာကြောင့် ဥပါဒါန်ဖြစ်သည်)**

အစွဲကြီးစွဲမှု ဖြစ်ပေါ်လာတဲ့အခါကျတော့ အဲဒါကို ရအောင်လုပ်တဲ့ အလုပ်တွေ တစ်ခါ ဖြစ်ပြန်တယ်။ **(ဥပါဒါန်ကြောင့် ဘဝဖြစ်သည်)**

အဲဒီ အလုပ်တွေထဲမှာ ဘဝကောင်း ဘဝမွန်တွေရရေး ရည်ရွယ်ချက် ပါတယ်။ အဲဒီ ရည်ရွယ်ချက်နဲ့ လုပ်တဲ့ အလုပ်တွေကြောင့် ဘဝသစ် တစ်ဖန် ပြန်ပြီးဖြစ်ရတယ်။ အဲဒီလို ဘဝသစ်တစ်ဖန် ပြန်ဖြစ်တယ်ဆိုတာက တစ်ဘဝမှာ အစဆုံးဖြစ်တဲ့ စိတ်နဲ့ ရုပ်ပဲ။ **(ကမ္မဘဝကြောင့် ဘဝသစ်ဖြစ်သည်)**

ဒီလို ဘဝသစ်တစ်ဖန် ဖြစ်ပြန်တော့ တစ်ခါ အိုရတယ်၊ နာရတယ်၊ သေရတယ်၊ စိုးရိမ်ပူဆွေးရတယ်၊ ငိုကြွေးရတယ်၊ ကိုယ်ဆင်းရဲရတယ်၊ စိတ်ဆင်းရဲရတယ်၊ စိတ်နှလုံးပြင်းစွာ ပင်ပန်းရတယ်။ ဒီလိုနဲ့ ဆင်းရဲက တစ်ပတ် လည်သွားပြန်တယ်။ **(ဘဝသစ် ဇာတိဖြစ်ခြင်းကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ကြသည်။)**

ဒီနည်းအားဖြင့် သဘာဝ ဖြစ်စဉ်ကြီး တစ်ပတ်ပြီးတစ်ပတ် လည်နေတာ ဟာ ရုပ်တယ် ပြတ်တယ်လို့ မရှိပါကလား။ ဒါကြောင့် ဆင်းရဲနေတာပဲ။

အဲဒီလို မြတ်စွာဘုရား မြင်တော်မူတယ်။ ဒါကို "ပဋိစ္စသမုပ္ပါဒ်"လို့ ခေါ်တယ်။ "ကြောင်းကျိုးဆက်သွယ်မှု သဘာဝ"လို့ အဓိပ္ပာယ်ရတယ်။

**ဘဝဆိုတာ ကြောင်းကျိုးဆက်သွယ်မှု**

မြတ်စွာဘုရား ပြန်ဆင်ခြင်တဲ့ အဲဒီသဘောကို ကြည့်တဲ့အခါကျတော့ အားလုံး ခြုံလိုက်လို့ရှိရင် အကြောင်းအကျိုး ဆက်သွယ်မှုမျှပဲ ရှိတယ်။ အကြောင်းအကျိုး ဆက်သွယ်မှု နိယာမ တစ်ခုပဲ။ အဲဒီ အကြောင်း အကျိုး ဆက်သွယ်မှု နိယာမကိုပဲ ဘဝလို့ခေါ်တယ်။ သံသရာလို့ခေါ်တယ်။ အဲဒီ အကြောင်းအကျိုး ဆက်သွယ်မှု နိယာမကိုပဲ လောကလို့လဲ ခေါ်တယ်။ ဒီတော့ ဗုဒ္ဓရှင်တော်မြတ်ဘုရား တွေ့ရှိတာ ဘာတွေ့ရှိသလဲဆိုတော့ "လောက ဆိုတာ အကြောင်းအကျိုး သဘောမျှပဲ။" ဒါပဲတွေ့တယ်၊ "ဘဝဆိုတာလဲ အကြောင်းအကျိုး သဘောမျှပဲ။" ဒါပဲတွေ့တယ်။ ဒါကို ဘုန်းကြီးတို့ အချိန်ရရင် နောက်ကျ ရှင်းရဦးမယ်။ ပိုပြီးတော့ ရှင်းရှင်းလင်းလင်း သိရအောင်။

ဒီတော့ ဒီနေရာမှာ ဘုန်းကြီးက ဘာပြောချင်သလဲဆိုတော့ ဗုဒ္ဓ မြတ်စွာဟာ တစ်လောကလုံးကို ကြောင်းကျိုး သဘာဝအနေနဲ့သာ တွေ့ရှိတယ် ဆိုတာ ပြောချင်တာပါ။

အဲဒီလို တွေ့ရှိတဲ့အတိုင်း ဗုဒ္ဓက ပြန်ပြီးတော့ "ဒို့များ ဒီလိုဒီလို ဒီသဘာဝတွေကို တွေ့ရ သိရတယ်"လို့ ထုတ်ဖော်ဟောကြား ညွှန်ပြထားလို့ အခု ဘုန်းကြီးတို့ လေ့လာနေ ဟောကြားနေတဲ့ တရားတော်တွေဟာ ဘယ်ပေါ်မှာ အခြေတည်သလဲဆိုတော့ ကြောင်းကျိုးသဘာဝပေါ်မှာ အခြေတည်ထားတယ်လို့ မှတ်ရမယ်။

ဗုဒ္ဓတရားတော်မှန်သမျှ ဗုဒ္ဓရဲ့ အဆုံးအမ မှန်သမျှ ဗုဒ္ဓရဲ့ ဩဝါဒတော် မှန်သမျှ ကြောင်းကျိုးသဘာဝမှ ဘယ်တော့မှ မလွတ်ဘူး။ ကြောင်းကျိုး သဘာဝနဲ့ အတိအကျ အပြည့်အဝ ကိုက်ညီတယ်။ ဒါကြောင့် ဗုဒ္ဓ ညွှန်ကြား ဆုံးမတဲ့ အဆုံးအမ ဟူသမျှဟာ အကြောင်းအကျိုးပေါ်မှာ မူတည်ပြီး ဟောကြားထားတဲ့ အဆုံးအမတွေ။ ဘာကြောင့်လဲ။ သဘာဝ လောကဆိုတာ ကိုက အကြောင်းအကျိုး သဘာဝမျှသာဖြစ်လို့။

အခုလောက်ဆိုတော့ ဘုန်းကြီးက အကြမ်းဖျင်းမျှ ပြောနေတာမို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မရှင်းသေးဘူး။ သို့သော် အနည်းဆုံး

မှတ်ရုံတော့ မှတ်ခဲ့။ ဘာမှတ်ရမလဲဆိုတော့ ဗုဒ္ဓ တွေ့ရှိချက်အရ "လောကကြီး ဆိုတာဟာ ဘဝတွေဆိုတာဟာ ကြောင်းကျိုး အစဉ်အဆက်မျှပဲ"လို့ မှတ်ခဲ့ကြပါ။

တစ်ခါ ဗုဒ္ဓရဲ့ တရားတော်တွေဟာ အဲဒီ အကြောင်းအကျိုး အစဉ်အဆက်ဆိုတဲ့ သဘောတရားပေါ်မှာ မူတည်ပြီးတော့ ဆုံးမထားတဲ့ အဆုံးအမတွေ။ ဒါကိုလဲ မှတ်စေချင်ပါတယ်။

**ဓမ္မ=သဘာဝတရား** အဲဒီလို ဗုဒ္ဓရှင်တော်မြတ်ဘုရား ဆုံးမထားတဲ့ အဆုံးအမတွေကို "ဓမ္မ"လို့ ခေါ်တယ်။ မြန်မာက တရားလို့ ဘာသာပြန်တယ်။ အဲဒီ ဓမ္မ=တရားဆိုတဲ့ စကားလုံးဟာ ဘာအဓိပ္ပာယ်ရှိသလဲဆိုတော့ "သဘာဝ"လို့ အဓိပ္ပာယ်ရှိတယ်။ သဘာဝလို့ အဓိပ္ပာယ်ရှိငြားသော်လဲ အင်္ဂလိပ်ဘာသာမှာရှိတဲ့ (Nature)ဆိုတဲ့ စကားလုံးနဲ့ မတူဘူး။ အဲဒီ (Nature)ဆိုတဲ့ သဘာဝက ဒီ ဓမ္မကို ဆိုလိုတာ မဟုတ်ပါဘူး။

ဒီတော့ အဲဒီ "ဓမ္မ" "တရား" "အဆုံးအမ" "သဘာဝတရား"ဆိုတာကို ဘာသာပြန်ဖို့ရာ ဒီအဓိပ္ပာယ်ကို ငုံမိ ခြုံမိအောင် အင်္ဂလိပ်စကားလုံး မရှိဘူး။ မရှိတော့ ရှေးက အချို့က (Norm) လို့ ဘာသာပြန်တယ်။ တချို့ကတော့ (Teaching) လို့ ဘာသာပြန်တယ်။ (The Teaching of the Buddha) ဒါ တရားတော်ပဲ။ အဲဒီလို ဘာသာပြန်တော့ အဲဒါကတော့ နည်းနည်း ငုံမိတယ်ပေါ့လေ။ မြတ်စွာဘုရားရဲ့ ဆုံးမ သွန်သင် ညွှန်ကြားချက်များ။ ဒီလိုကျတော့ ဒါ ငုံမိတယ်။ အဲ-- အဲ-- ဒီလိုပြန်ကြတယ်။ (Norm) ဆိုတဲ့ စကားလုံးကတော့ မငုံမိပါဘူး။

**မသေချာရင် ဘာသာမပြန်မှု** ဘုန်းကြီးတို့ ဘာသာစကား တစ်ခုရဲ့ အဓိပ္ပာယ်ကို ငုံမိအောင် အပြည့်အစုံ ပါဝင်အောင် ဘာသာတစ်ရပ်ကို ပြန်ဆိုလိုတဲ့ ပုဂ္ဂိုလ်များဟာ တော်ရုံ လျော်ရုံ မပြန်ဆိုကြပါဘူး။ ဒါကြောင့် ဓမ္မဆိုတဲ့ စကားလုံးကို သူ့ အဓိပ္ပာယ် အတိအကျ ရအောင် ပြန်ဆိုနိုင်တဲ့ အင်္ဂလိပ်စကားလုံး မရှိတဲ့အခါ ကျတော့ အခုခေတ်မှာ ဓမ္မကို "ဓမ္မ"လို့ပဲ သုံးလာကြတယ်။ ဒီစကားလုံး အတိုင်းပဲ ထားလိုက်တယ်။

ဘာသာမပြန်တော့ဘူး။ အဓိပ္ပါယ်ကိုတော့ ရှာဖွေ ကြည့်ရှုယူပေါ့။ ဒီလိုပဲ ထားရတယ်။

ဘုန်းကြီးတို့ မြန်မာကတော့ 'ဓမ္မ'ကို 'တရား'လို့ပဲ ဘာသာပြန်လိုက်တယ်။ မြန်မာဘာသာ တရားဆိုတဲ့ စကားလုံးဟာ ဒီနေရာမှာ ဗုဒ္ဓ ဓမ္မ သံဃဆိုတဲ့ စကားလုံးထဲက ဓမ္မနဲ့ အံဝင်ခွင်ကျပဲ။ ငုံမိတယ်။

ကဲ ဒါဖြင့်ရင် အဲဒီ ဓမ္မဆိုတဲ့ စကားလုံးဟာ ဘာအဓိပ္ပာယ် ရှိသလဲ ဆိုတော့ "လိုက်နာ ကျင့်ကြံသူများကို ဆင်းရဲမှ ထုတ်၍ ချမ်းသာသို့ ဆောင်ယူတတ်သော သဘော" တဲ့။ အဲဒါ ဓမ္မရဲ့ အဓိပ္ပာယ်ပဲ။ အဲဒါလဲ မှတ်ထားကြရမယ်နော်။ ဓမ္မရဲ့ အဓိပ္ပာယ်။

ပါဠိဘာသာမှာတော့ **ဓာရေတီတိ ဓမ္မော** စသည်ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုကြပါတယ်။ အဓိပ္ပာယ်ကတော့ ခုနက ပြောတဲ့အတိုင်း လိုက်နာ ကျင့်ကြံသူများကို ဆင်းရဲမှထုတ်၍ ချမ်းသာသို့ ဆောင်ယူတတ်သော သဘောပါပဲ။ ကဲ လိုက်ဆိုစမ်းပါဦး ဘုန်းကြီးတို့ ပရိသတ်။

**"လိုက်နာ ကျင့်ကြံသော ပုဂ္ဂိုလ်များကို ဆင်းရဲမှထုတ်၍ ချမ်းသာသို့ ဆောင်ယူတတ်သော သဘောကို ဓမ္မ"ဟု ခေါ်သည်။**

**ဓမ္မသုံးမျိုး** ရှင်တော်မြတ်ဘုရား ဟောကြား ညွှန်ပြ ဆုံးမခဲ့တဲ့ တရားတော်တွေ ဆိုတဲ့ အဲဒီဓမ္မတွေကို သဘောတူရာ ပေါင်းစည်းလိုက်တဲ့အခါကျတော့ (၁) လိုက်နာစရာ ဆုံးမသြဝါဒများ၊ (၂) လက်တွေ့ ကျင့်စရာ ကျင့်စဉ်များ၊ (၃) ကျင့်လို့ သိရှိချက်များလို့ သုံးမျိုး ထွက်လာတယ်။

အဲဒါ ဘုန်းကြီးတို့ ကောင်းကောင်း မှတ်ထားရမယ်နော်။ ဓမ္မဆိုတဲ့ ဒီတရားတော်တွေကို သဘောတူရာ စုပေါင်းလိုက်ရင် နံပါတ်(၁) လိုက်နာစရာ ဆုံးမသြဝါဒများ၊ နံပါတ်(၂) လက်တွေ့ ကျင့်စရာ ကျင့်စဉ်များ၊ နံပါတ်(၃) ကျင့်လို့ သိရှိချက်များ။ ဟုဟ်တယ်နော်။ ဒီလို သုံးမျိုးရှိတယ်။

# အခန်း (၄)
## လိုက်နာစရာ ဆုံးမဩဝါဒများ

အဲဒီ သုံးမျိုးထဲက "လိုက်နာစရာ ဆုံးမဩဝါဒများ" ဆိုတာကို အကျဉ်းချုံးရင် သုံးခုပဲရှိတယ်။ ဒါပေမယ့် အကျယ်ချဲ့တဲ့အခါကျတော့ အများကြီးပဲ။ သုံးခုက ဘာလဲဆိုတော့ –

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ

ဆိုတဲ့ ဒေသနာတော် အတိုင်းပါပဲ။ လိုရင်းက မကောင်းမှုဟူသမျှ မပြုလုပ်ပါနဲ့၊ ရှောင်ပါ။ ကောင်းမှုဟူသမျှ ပြုလုပ်ပါ။ မိမိစိတ်ကို ဖြူစင်အောင် ထားပါ။ အဲဒီ သုံးချက်ပဲ၊ များများကြီး မဟုတ်ဘူး။ မကောင်းတာမှန်သမျှ မလုပ်နဲ့၊ ရှောင်လိုက်။ ကောင်းတာမှန်သမျှ လုပ်၊ တတ်နိုင်သမျှ လုပ်၊ ဟုတ်ကဲ့လား။ (မှန်ပါဘုရား။) အဲ စိတ်ကို ဖြူစင်အောင်ထား၊ စိတ် မညစ်ညမ်းစေနဲ့၊ သုံးမျိုးပဲ။ လိုက်ဆိုစမ်းပါ။

**မကောင်းမှု ဟူသမျှ မပြုလုပ်ခြင်း၊**
**ကောင်းမှု ဟူသမျှ ပြည့်စုံစေခြင်း၊**
**မိမိစိတ်ကို ဖြူစင်အောင်ထားခြင်း၊**
**ဤသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။**

နေစမ်းပါဦး။ မကောင်းတာဟူသမျှ ပြုလုပ်သင့်သလား၊ မပြုလုပ်သင့်ဘူးလား။ (မပြုလုပ်သင့်ပါဘုရား။) ဒါသဘာဝ မဟုတ်ဘူးလား။ (သဘာဝပါဘုရား။) မကောင်းတာလုပ်ရင် မကောင်းတာ မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား။) မကောင်းတာဖြစ်တော့ ဘယ်သူ ကြိုက်မလဲ။ (မကြိုက်ပါဘုရား။) မကြိုက်ရင် မကောင်းတာ မလုပ်နဲ့၊ ဒါပဲ။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

ကောင်းတာလုပ်ရင် ကောင်းတာတွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) ကောင်းတာတွေလုပ်လို့ ကောင်းတာတွေဖြစ်ပြီဆိုတော့ အဲဒီကောင်းတာတွေ ဖြစ်တာကို ဘယ်သူ ကြိုက်သလဲ။ (မကြိုက်ပါဘုရား။) ဟင်-- ကောင်းတာဖြစ်တာလဲ မကြိုက်ဘဲကိုး။ ကောင်းတာဖြစ်တာတွေ မကြိုက်ဘူးလား။ ကြိုက်သလား။ (မှန်ပါဘုရား။) ကြိုက်တာလား၊ မကြိုက်တာလား။ ဘုန်းကြီးတို့ ညီတော် နောင်တော် ခရစ်ယာန်များ ပြောစမ်းပါ။ ကောင်းတာဖြစ်တာ ကြိုက်သလား၊ မကြိုက်ဘူးလား။ (ကြိုက်ပါတယ်။) ကောင်းတာမကြိုက်ဘဲ ဘယ်သူနေမလဲ။

ကြက်သားဟင်းစားရင် မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား။) ကောင်းရင် မကြိုက်ဘူးလား။ (ကြိုက်ပါတယ်ဘုရား။) ကြိုက်တာပေါ့။ ကောင်းတာကိုး။ ဟုတ်တယ်မဟုတ်လား။ ဒါက အထင်ရှားဆုံးကို ပြောရတာကိုး။

အခု ဘာလို့ ယပ်ခတ်နေသလဲ၊ အိုက်နေလို့ မဟုတ်လား။ အိုက်တာကောင်းသလား၊ မကောင်းဘူးလား။ (မကောင်းပါဘုရား။) မကောင်းဘူး။ အဲဒါ ကြိုက်သလား။ (မကြိုက်ပါဘုရား။) မကြိုက်တော့ ယပ်မခတ်ဘူးလား။ (ခတ်ပါတယ်ဘုရား။) ယပ်ခတ်တဲ့အခါကျတော့ (အေးပါတယ်ဘုရား။) အေးတာ ကောင်းသလား၊ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား။) အဲဒီတော့ ကောင်းတာ ကြိုက်လို့လား၊ မကြိုက်လို့လား။ (ကြိုက်လို့ပါဘုရား။)

ဒီလိုဆိုရင် ကောင်းတာကြိုက်ရင် ကောင်းတာ လုပ်မလား။ (ကောင်းတာလုပ်ပါမယ်ဘုရား။) ကောင်းတာ လုပ်ရမယ်။ ဒါပဲ။ ဒါသဘာဝပဲ၊ မဟုတ်ဘူးလားလို့၊ ဒါသဘာဝပဲ။

ဗုဒ္ဓကတော့ အသိဉာဏ် ကြီးမားတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ သဘာဝကို အဆီအနှစ် ထုတ်ပြီး အချက်အလက်တွေနဲ့ ဆုံးမတတ်တယ်။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

ဒီတော့ မကောင်းတာမှန်သမျှ မလုပ်နဲ့၊ လုပ်ရင် မကောင်းတာဖြစ်လိမ့်မယ်။ မကောင်းတာဖြစ်ရင် ဆင်းရဲပြီဆိုတာ သေချာတယ်။

ကောင်းတာမှန်သမျှလုပ်။ ကောင်းတာ လုပ်လို့ရှိရင် ကောင်းတာ ဖြစ်လိမ့်မယ်။ ကောင်းတာ ဖြစ်ပြီဆိုရင် ယပ်ခတ်လို့ လေအေးရလို့ ချမ်းသာသလို ချမ်းသာမှာပဲ။ မဟုတ်ဘူးလား။

အဲဒီတော့ မကောင်းတာမှန်သမျှ မလုပ်နဲ့၊ ကောင်းတာမှန်သမျှလုပ်၊ စိတ်ကို ဖြူစင်အောင်ထား။

**စိတ်ဖြူစင်တယ်ဆိုတာ** "စိတ်ကို ဖြူစင်အောင်ထား"ဆိုတာ စိတ်ထဲမှာ လောဘတွေ လိုချင် တပ်မက်မှုတွေ သိပ်များနေရင် စိတ်ဟာ ညစ်ညမ်းသလား၊ ဖြူစင်သလား။ (ညစ်ညမ်းပါတယ်ဘုရား။) အဲ စိတ်ဆိုးနေပြီ၊ ဒေါသ ဖြစ်နေပြီဆိုရင်ကော။ (ညစ်ညမ်းပါတယ်ဘုရား။) ညစ်ညမ်းတယ်။ ဒါဖြင့်ရင် စိတ် ညစ်ညမ်းတာ ကောင်းသလား၊ ဖြူစင်တာ ကောင်းသလား။ (ဖြူစင်တာ ကောင်းပါတယ်ဘုရား။) ညစ်ညမ်းရင် ချမ်းသာမလား၊ ဆင်းရဲမလား။ (ဆင်းရဲမှာပါဘုရား။) ဖြူစင်လို့ရှိရင် (ချမ်းသာပါမယ်ဘုရား။)

ဒါဖြင့်ရင် စိတ်ကို ဖြူစင်အောင်ထားဆိုတဲ့ ညွှန်ကြားချက်ဟာ လိုက်နာသင့်သလား၊ မလိုက်နာသင့်ဘူးလား။ (လိုက်နာသင့်ပါတယ်ဘုရား။) သဘာဝ မကျဘူးလား၊ ကျသလား။ (ကျပါတယ်ဘုရား။) အင်မတန် သဘာဝကျတယ်။ မဟုတ်ဘူးလား။ ဘာကြောင့် သဘာဝကျသလဲ။ ဗုဒ္ဓညွှန်ကြားလို့ သဘာဝကျတာလား၊ သူ့သဘာဝတရားအရ သဘာဝကျတာလား။ (သူ့သဘာဝ တရားအရ သဘာဝကျတာပါဘုရား။) အင်း-- သဘာဝအရ သဘာဝကျတာကိုပဲ တွေ့ရှိသူ ညွှန်ကြားသူ နာမည်တပ်ပြီး ဗုဒ္ဓ၏တရား၊ ဂျီးဇက်(စ်)ခရိုက်၏ တရားတဲ့၊ မဟာမက်၏ တရားတဲ့၊ ဒီလို ပြောနေကြတာ မဟုတ်လား။ အမှန်တော့ ဒါဟာ အမည်နာမ အစွဲလမ်းတွေပဲ မဟုတ်ပေဘူးလား။ ကဲ လိုက်ဆိုကြပါ။

မကောင်းမှု ဟူသမျှ မပြုလုပ်ခြင်း၊
ကောင်းမှု ဟူသမျှ ပြည့်စုံစေခြင်း၊
မိမိစိတ်ကို ဖြူစင်အောင်ထားခြင်း၊
ဤသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

ဘုန်းကြီးထင်တယ်။ သံပေါက်ကလေး သီချင်းကလေး မဟုတ်လို့ မရဘူးထင်တယ်နော်။ ဆိုအား တယ်နည်းတယ်။ ဒါဖြင့်ရင် ဘုန်းကြီး သီချင်းလုပ် ဆိုလိုက်ဦးမယ်။ သီချင်း လုပ်လိုက်ရမလား။ (လုပ်ပါဘုရား။) ကဲ-- ဆို သံပေါက်ကလေးပေါ့လေ။

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊
ဖြူအောင်စိတ်ကိုထား။
ခုလဲချမ်းသာ၊ နောင်ချမ်းသာ၊
မြတ်စွာဟောမိန့်ကြား။

ကဲ ဘယ်လောက် သီချင်းကြိုက်သလဲဆိုရင် အဲဒါကြည့်တော့။ အစိပ္ပာယ် ရှင်းရှင်းကလေး ချပေးတုန်းကတော့မရ၊ သံပေါက်လုပ် ချပြီး ပေးမှပဲ ရတယ်။ ဩော်-- လူ့သဘာဝ၊ ခက်လိုက်တာနော်။

ဒီ အဆုံးအမ အတိုင်းသာ လိုက်နာရင် ချမ်းသာတဲ့လူတွေချည်းပဲ ဖြစ်မလား။ ဆင်းရဲတဲ့ လူတွေချည်းပဲဖြစ်မလား။ (ချမ်းသာတဲ့လူတွေချည်းပဲ ဖြစ်ပါမယ်ဘုရား။) အဲ-- မသေချာဘူးလား။ (သေချာပါတယ်ဘုရား။) ချမ်းသာချင်ရင် ချမ်းသာစေတဲ့လမ်းလိုက်၊ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ် ဘုရား။) ဆင်းရဲချင်ရင် အဲဒီ အဆုံးအမအတိုင်း မလိုက်နဲ့၊ ဥပေက္ခာပြုလိုက်၊ လျစ်လျူရှုလိုက်။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) လျစ်လျူရှုတာနဲ့ လိုက်နာတာ ဘယ်ဟာ ကောင်းသလဲ။ (လိုက်နာတာ ကောင်းပါတယ်ဘုရား။) သဘာဝတရားကို လိုက်နာပြီဆိုလို့ရှိရင်တော့ သဘာဝအတိုင်း အကျိုး ပေးမယ်ပေါ့။ မဟုတ်ပေဘူ·လား။ (မှန်ပါဘုရား။)

**ကုသိုလ်နှင့်အကုသိုလ်** အဲဒီ တရားထဲမှာ အဆုံးအမတွေအားလုံး ပါဝင်သွားတယ်နော်။ မကောင်းမှုဆိုတာဟာ ပါဠိက အကုသလ၊ မြန်မာက ပါဠိပျက်စကားနဲ့ အကုသိုလ်လို့ ခေါ်တယ်။ တစ်ခါ ကောင်းမှုဆိုတာ ပါဠိက ကုသလ၊ မြန်မာက ပါဠိပျက်စကားနဲ့ ကုသိုလ်လို့ ခေါ်တယ်။

အမှန်တော့ အကုသလ=အကုသိုလ်ဆိုတာ မကောင်းတဲ့ အလုပ်တွေပဲ၊ ကုသလ=ကုသိုလ်ဆိုတာကတော့ ကောင်းတဲ့ အလုပ်တွေပဲ သို့သော်လဲပဲ အဲဒီမှာ ဘယ်လိုဟာကို ကောင်းမှုခေါ်သလဲ။ ဘယ်လိုဟာကို မကောင်းမှု ခေါ်သလဲ။ ဘယ်လိုဟာကို ကုသိုလ်၊ ဘယ်လိုဟာကို အကုသိုလ်လို့ ခေါ်သလဲ။ အဲဒါကျပြန်တော့လဲ နည်းနည်း ခက်သွားပြန်တယ်။

အဲဒီ ကုသိုလ်နဲ့ အကုသိုလ်၊ ကောင်းမှုနဲ့ မကောင်းမှုကို တိတိကျကျ ပိုင်းခြား ဝေဖန်နိုင်တဲ့နည်းရှိတယ်။ သဘာဝအရ ပိုင်းခြား ဝေဖန်ထားပြီဆိုတော့ သဘာဝအတိုင်း လက်ခံရတယ်။

သို့သော် အဲဒါကို ဘုန်းကြီး နောက်မှပြောမယ်။ ဘုန်းကြီး တရားကလဲ နောက်မှ တရားတွေ ဖြစ်နေပြီနော်။ အင်း နောက်မှ ပြောမယ်ချည်း ဖြစ်နေပြီ။ ဒီလိုနဲ့ပဲ နောက်ညွှန်းနေတာနဲ့ပဲ တရားက ပြီးတော့မယ်နဲ့တူတယ်။

ဘာကြောင့် နောက်ညွှန်းရသလဲဆိုတော့ သူနဲ့ ဆက်စပ်တဲ့ ပြောစရာ ကလေးတွေက ရှိနေသေးလို့ပါပဲ။

အခု ဘုန်းကြီးပြောတာက မြတ်စွာဘုရားရဲ့ ဓမ္မခေါ်တဲ့ သင်ကြားချက်တွေကို ဝေဖန် ပိုင်းခြားလိုက်တဲ့အခါ လိုက်နာစရာ ဆုံးမ ဩဝါဒများ၊ ကျင့်စရာ ကျင့်စဉ်များ၊ ကျင့်လို့ သိရှိချက်များလို့ အပိုင်း သုံးပိုင်း ရှိတယ်ဆိုတာ ဘုန်းကြီး ပြောခဲ့တယ်။

အဲဒီ သုံးပိုင်းအနက်က လိုက်နာစရာ ဩဝါဒများကို အခု ဘုန်းကြီး ပြောနေတယ်။ ဗုဒ္ဓရဲ့ ဒီဩဝါဒကို လိုက်နာရင် ချမ်းသာတယ် ဆိုတာကတော့ ပြောစရာမလိုဘူး။ မေးစရာ မလိုတော့ဘူး။ လိုသေးသလား။ (မလိုပါဘုရား။)

ဒါကြောင့် ဘုန်းကြီးကလဲ မမေးပါဘူး။ မေးရင်လဲ တစ်ပြိုင်နက်တည်း ချမ်းသာပါတယ် ဘုရားလို့ ဖြေကြမှာကိုး။

**ကောင်းချီးမင်္ဂလာ သြဝါဒ** အဲဒီ ဆုံးမသြဝါဒကို ရှေ့ဆက်ပြီး ဘုန်းကြီးက နည်းနည်း ပြောချင်တယ်။ ဆုံးမသြဝါဒတွေ အများကြီးပဲ။ အခု အများသိထားတဲ့ မင်္ဂလသုတ်တော်ဆိုတာ ကောင်းချီးမင်္ဂလာပြုတဲ့ သုတ်တော် ဆိုကြပါစို့။ အဲဒီ သြဝါဒတော်ကို နည်းနည်း ပြောပါမယ်။ ဗုဒ္ဓမြတ်စွာဘုရားက ကောင်းချီးမင်္ဂလာ ၃၈ မျိုးတဲ့ မိန့်ကြား ထားတယ်။ ကိုယ်တိုင် လုပ်ယူရမည့် ကောင်းချီး မင်္ဂလာတွေပေါ့။

ပထမဆုံးက ဘာလဲဆိုတော့ အသေဝနာ စ ဗာလာနံ=လူမိုက်ကို မပေါင်းနဲ့တဲ့။ ကိုင်း လူမိုက်ကို ပေါင်းရင် ဆင်းရဲမလား၊ ချမ်းသာမလား။ (ဆင်းရဲပါမယ်ဘုရား။) မပေါင်းရင် (ချမ်းသာမှာပါဘုရား။) အဲဒါ ကောင်းချီး မင်္ဂလာ မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အဲဒါ ကောင်းချီးမင်္ဂလာပဲ။

ပဏ္ဍိတာနဉ္စ သေဝနာ=လူလိမ္မာ ပညာရှိကို ပေါင်းပါတဲ့။ လူလိမ္မာ ပညာရှိကို ပေါင်းရင် ကောင်းကျိုးရမလား၊ ဆိုးကျိုးရမလား။ (ကောင်းကျိုး ရပါမယ်ဘုရား။) ချမ်းသာမလား၊ ဆင်းရဲမလား။ (ချမ်းသာပါမယ် ဘုရား။) အဲဒီ ချမ်းသာတာဟာ ကောင်းချီးမင်္ဂလာ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ် ဘုရား။) အဲဒီအတိုင်း လိုက်နာရင် ကောင်းချီးမင်္ဂလာတွေ ပြည့်လျှံမနေဘူးလား။ (မှန်ပါဘုရား။) ပြည့်ရုံမကဘူး၊ လျှံကျနေတာ။

ကိုင်း လျှံကျနေတော့ လျှံကျနေတာတွေကို ဘယ်သူ့ကို ပေးမလဲ။ လိမ္မာတဲ့သူတွေကို ပေးမှာပေါ့။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) မိတ်ဆွေ သင်္ဂဟတွေ ပေးရမှာပေါ့။ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) ညီတော် နောင်တော်တွေ မချမ်းသာစေချင်ဘူးလား။ (ချမ်းသာစေချင်ပါတယ်ဘုရား။) ချမ်းသာစေချင်ရင် ညီတော် နောင်တော်တွေကို လျှံကျနေတဲ့ ကောင်းချီး မင်္ဂလာတွေ ဝေမျှပြီးပေးလိုက်။

ကဲ ဘယ်လိုပေးမလဲ။ "ကျွန်တော်လိုပဲ ပညာရှိ လူလိမ္မာကို ပေါင်းသင်းပါ"လို့ တိုက်တွန်းလိုက်။ ဟော-- လျှံကျနေတာကို ဝေပေး လိုက်တာ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) လူမိုက်ကို မပေါင်းသင်းပါနဲ့၊ မဟုတ်ဘူးလား။ ဒါလဲ ဝေပေးတာ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) ဆုံးမ သြဝါဒတွေ ဝေပေးနေတာနော်။

**ပူဇော်ထိုက်သူကို ပူဇော်ပါ** ပူဇာ စ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ=ပူဇော်ထိုက် သူကို ပူဇော်ပါတဲ့။ ပူဇော်ထိုက်သူဆိုတာ လောကမှာ မရှိဘူးလား။ (ရှိပါတယ် ဘုရား။) အသက်ကြီးလို့၊ စိတ်နေစိတ်ထားကောင်းလို့၊ ကိုယ်ကျင့်သီလ ကောင်းလို့ အပူဇော် ခံထိုက် ကြတယ်။ အဲဒီ ပုဂ္ဂိုလ်တွေဟာ ပူဇော်ထိုက်သူတွေ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အဲဒီ ပုဂ္ဂိုလ်တွေကို ပူဇော်ရင် ကောင်းတဲ့အလုပ်လား။ မကောင်းတဲ့ အလုပ်လား။ (ကောင်းတဲ့ အလုပ်ပါဘုရား။) ကောင်းတဲ့အလုပ် လုပ်ရင် ကောင်းတာတွေ ဖြစ်မလား၊ မကောင်းတာတွေ ဖြစ်မလား။ (ကောင်းတာတွေ ဖြစ်ပါမယ်ဘုရား။)

အဲဒီ ကောင်းတာတွေ ဖြစ်စေနိုင်တဲ့ ကောင်းကျိုး ရစေနိုင်တဲ့ ဒီ အဆုံးအမတွေကို လိုက်နာရမယ် မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အများကြီးပဲ လိုက်နာစရာတွေ။ ဒီကောင်းချီးမင်္ဂလာ အဆုံးအမတွေကို ဘုန်းကြီးကို ဒကာ ဒကာမတွေရော၊ ခရစ်ယာန် ညီတော်နောင်တော်တွေရော သွေးချင်းသားချင်းတွေပါ သိကြပြီးသားပါ။ ဒီ ဆုံးမသြဝါဒတွေဟာ အင်မတန် တန်ဖိုးရှိတယ်။ လိုက်နာလို့ရှိရင် တကယ် အကျိုးရှိတယ်ဆိုတာ သိစေချင်တယ်။

**သင့်တော်ရာမှာနေပါ** ပြီးတော့ ပတိရူပ ဒေသဝါသောစ= သင့်လျော် လျောက်ပတ် ကောင်းမြတ်တဲ့အရပ်၌ နေခြင်းတဲ့။ ဟော ဘယ်မှာ နေရမှာတဲ့လဲ။ (သင့်လျော်တဲ့ နေရာမှာပါဘုရား။)

သင့်လျော် လျောက်ပတ်တဲ့ အရပ်ဆိုတာ မိမိ စီးပွားရေးလမ်းပွင့်တဲ့အရပ် မဟုတ်ဘူးလား။ (မှန်ပါဘုရား။) မိမိကုသိုလ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊

ချမ်းသာရေး၊ ကြီးပွားရေးလမ်း ရှိတဲ့အရပ်ဟာ သင့်လျော် လျောက်ပတ်တဲ့ အရပ်ပဲ။ ဒီအရပ်မှာ နေပါတဲ့။ နေရင် ကောင်းချီးမင်္ဂလာ ဖြစ်မယ်တဲ့။ ဖြစ်ပါ့မလား။ (ဖြစ်ပါတယ်ဘုရား။)

စဉ်းစားကြည့်ပါ။ ဘုန်းကြီးတို့ အခု ဒီမှာ သဘာဝ တရားတွေကို ပြန်လည် ဟောကြားပြီး ညွှန်ကြား ပြသပြီးတော့ ဆွေးနွေးကြတဲ့ ဒီနေရာ ဒီဌာနဟာ ပျော်စရာကောင်းသလား၊ မကောင်းဘူးလား။ (ပျော်စရာ ကောင်းပါတယ် ဘုရား။) ပျင်းစရာရော မကောင်းဘူးလား။ (မကောင်းပါ ဘုရား။)

ပျင်းစရာ ကောင်းသလား မကောင်းဘူးလားဆိုတာ သိရအောင် ဘုန်းကြီးက ပရိသတ်ကို ကြည့်မယ်။ ပျင်းစရာကောင်းရင် ငိုက်မှာပဲ။ ကြည့်လိုက်တော့ ငိုက်တာ တစ်ယောက်မှ မတွေ့ရဘူး။ ပြုံးနေကြတာပဲ တွေ့ရတယ်။ ဒီလိုဆိုတော့ ပျင်းစရာကောင်းလို့လား၊ ပျော်စရာကောင်းလို့လား။ (ပျော်စရာ ကောင်းလို့ပါဘုရား။)

ပျော်စရာကောင်းလို့၊ ဟုတ်လား။ ပျော်စရာကောင်းတဲ့ ဒီလို အဆုံးအမ ဩဝါဒတွေကို ဆွေးနွေးရာ ရှင်းလင်း ပြောပြရာဖြစ်တဲ့ ဒီနေရာ ဒီဌာနကို ဟို တီးတိန်တို့၊ ဖလမ်းတို့က ပုဂ္ဂိုလ်တွေ အများစုဟာ လာနိုင်ရဲ့လား။ (မလာနိုင်ပါ ဘုရား။) ဘယ် ပုဂ္ဂိုလ်တွေမှ လာနိုင်သလဲ။ (ကလေးမြို့နယ်က လူတွေမှ လာနိုင်ကြပါတယ် ဘုရား။) ဒီလို အခွင့်အရေး ရတာဟာ ကောင်းတယ်လို့ ခေါ်မလား။ မကောင်းဘူးလို့ ခေါ်မလား။ (ကောင်းပါတယ် ဘုရား။) ကောင်းတဲ့ အခွင့်အရေး။ ဒီ အခွင့်အရေးကို ရနိုင်တာ ဒီဒေသမှာ နေလို့မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။) အဲဒါပြောတာ၊ ဒီလို အခွင့်ကောင်းတွေ ကြုံနိုင်၊ ရနိုင်တဲ့ နေရာကောင်းတွေမှာနေပါ။ အဲဒါ ကောင်းချီးမင်္ဂလာ ချည်းပါပဲ။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

**ဗိုလ်ချုပ်အောင်ဆန်း၏ ပတိရူပဒေသ**

တခြား မကြည့်ပါနဲ့၊ ဘုန်းကြီးတို့ အားလုံးရဲ့ မြန်မာ တစ်မျိုးသားလုံးရဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ကြည့်ပါ။ အဲဒီ ခေါင်းဆောင်ကြီး ဘယ်အရပ်သားလဲ။

(နတ်မောက်သားပါ ဘုရား။) နတ်မောက်သားနော်။ နတ်မောက်ဆိုတာ တောင်တွင်းကြီးရဲ့ မြောက်ဘက်က မြို့သိမ်မြို့ငယ်ကလေးပဲ။ ဘာမှ မကြီးဘူး။ ဘာမှ မဟုတ်ဘူး။ သေးသေးငယ်ငယ်ကလေး။ ဘုန်းကြီးက တောင်တွင်းကြီး သားဆိုတော့ နတ်မောက်အကြောင်း ကောင်းကောင်းသိတယ်။ ဒါကြောင့်မို့ တစ်ခါတစ်ခါ ကြွားချင်တဲ့အခါ ပြောရတယ်။ "ဒို့က နတ်မောက်နဲ့ အနီးကလေးပါကွ"လို့၊ ဗိုလ်ချုပ်နဲ့ ဆွေမျိုး စပ်ချင်တာကိုး။

အဲဒီ ဗိုလ်ချုပ်အောင်ဆန်းကို ကြည့်ပါ။ နတ်မောက်မှာနေရင် တိုင်းပြည်ကြီး လွတ်လပ်အောင် ခေါင်းဆောင်နိုင်ပါ့မလား။ (မဆောင်နိုင်ပါ ဘုရား။) မဆောင်နိုင်ဘူး။ တိုင်းပြည်ကြီး လွတ်လပ်ဖို့ရာအတွက် သူ ဘယ်မှာ နေရသလဲ။ (ရန်ကုန်မှာပါဘုရား။) အဲ မြန်မာပြည်ရဲ့ အချက်အချာကျတဲ့ ရန်ကုန်မြို့မှာ နေရတယ်။ ဒီတော့ တိုင်းပြည် လွတ်လပ်ရေးရအောင် လုပ်ချင်တဲ့ ဗိုလ်ချုပ်အောင်ဆန်းအတွက် နတ်မောက်ဟာ ပတိရူပဒေသလား၊ ရန်ကုန်ဟာ ပတိရူပဒေသလား။ (ရန်ကုန်ဟာ ပတိရူပဒေသ ပါဘုရား။) အင်မတန် အရေးကြီးတယ်။

ဒါကြောင့်မို့ တချို့မှာလေ နယ်မြို့တွေက ပစ္စည်းရှိတဲ့ ပုဂ္ဂိုလ်တွေရယ်၊ သူတို့ သားသမီးတွေ ဘယ်သွားထားသလဲ။ (ရန်ကုန်မြို့မှာ ထားပါတယ် ဘုရား။) ရန်ကုန် သွားထားတယ်။ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။) ဒါ ဘာကြောင့်လဲဆိုတော့ ရန်ကုန်မှာ ကျောင်း ကောင်းကောင်း ပေါတယ်။ ပညာသင်ကြားရတာ စနစ်တကျ နေရာတွေပေါတယ်။ ဒါကြောင့် ဒို့သားသမီးတွေ ပညာရေးမှာ စနစ်တကျ တတ်ရမယ်။ အထက်တန်းကျကျ တတ်ရမယ်။ ဆယ်တန်းဆိုရင် ဒီ ခြောက်လုံး ရရမယ်။ ဟော-- ဒီလို ဖြစ်စေချင်တာ မဟုတ်လား။ အဲဒီလိုဆိုတော့ ဒါ ရစေချင်တော့ ပတိရူပဒေသ ဖြစ်တဲ့ ဘယ်ကို ပို့ရသလဲ။ (ရန်ကုန်ကို ပို့ရပါတယ်ဘုရား။)

တစ်ခါ အထက်တန်းပညာတွေ တတ်စေချင်တဲ့ အခါကျတော့ ရန်ကုန်မှာ ဘယ်သွားထားရပြန်သလဲ၊ တက္ကသိုလ်သွားပြီး မထားရပြန်ဘူးလား။ (ထားရပါတယ် ဘုရား။) အဲဒီတော့ အထက်တန်းပညာ တတ်ဖို့အတွက်

တက္ကသိုလ်ဟာ ပတိရူပဒေသ မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား။) တကယ်လို့များ အဲဒီ တက္ကသိုလ်က အထက်တန်းပညာ တတ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ တာဟန်းမှာ နေမယ်ဆိုရင် အထက်တန်းပညာ တတ်ပါ့မလား။ (မတတ်ပါဘုရား။) အထက်တန်း ပညာရေးအတွက် တာဟန်းဟာ ပတိရူပဒေသ ဟုတ်သလား။ (မဟုတ်ပါဘုရား။) ဒါကြောင့်မို့ ရန်ကုန်ကို ပို့ကြတယ် မဟုတ်လား။ (မှန်ပါဘုရား။)

**သူတို့ပတိရူပဒေသ** အဲဒါတင် မဟုတ်သေးဘူး၊ တက္ကသိုလ်နယ်မြေဆိုတာ ပတိရူပဒေသ တစ်မျိုးလဲ ဖြစ်သေးတယ်လို့ ကြားဘူးသေးတယ်။ ဘယ်လိုလဲ ဆိုတော့ တချို့ ဒကာမကြီးတွေ မိမိတို့ရဲ့ သမီးကို တက္ကသိုလ်မှာ ထားကြတယ်။ "ငါ့သမီး ပညာမတတ်ချင် နေပါစေ၊ အဲဒါ ပတိရူပဒေသပဲ၊ နေစေတော့"ဆိုပြီး ထားကြတယ်။ အထက်တန်းပညာ သင်ရမဲ့ နေရာမှာ ပညာမတတ်ရင် ဘွဲ့မရရင် နေပါစေ၊ အဲဒီ တက္ကသိုလ်မှာ နေပါတဲ့။ ဘာကြောင့်လဲ။ ပညာမရပေမယ့် သမီးရေ--- အဲဒါ တစ်ခြားဟာတော့ ကောင်းကောင်းရမှာပဲ။ အဲဒါကြောင့်မို့ တက္ကသိုလ်ဆိုတဲ့ ပတိရူပဒေသမှာ ထားရတယ်တဲ့။ ကဲ သူ့ဟာရော ဟုတ်တုတ်တုတ်လား မသိဘူး။ အင်း-- ဘယ့်နှယ်လဲ ဘုန်းကြီးတို့ ညီတော်နောင်တော် ခရစ်ယာန်တွေ၊ အဲဒါ သဘောတူရဲ့လား။ (တူပါတယ်ဘုရား။) ဟုတ်တယ်၊ သူ့ဟာ ဟုတ်တုတ်တုတ်ပဲ။ အင်း မြတ်စွာဘုရားရဲ့ တရားတော်က ဒီအထိအောင် သဘာဝကျတယ်နော်။

**ကောင်းမှုပြုတာ မင်္ဂလာ** ပြီးတော့ ပုဗ္ဗေစ ကတပုညတာ = ကောင်းမှုကုသိုလ် ပြုကြပါတဲ့။ ကောင်းတဲ့အလုပ်မှန်သမျှ အကုန်လုပ်ပါ။ အဲဒီ ကောင်းတဲ့အလုပ်ကို လုပ်တော့ ကောင်းတဲ့အကြောင်း ဖြစ်ပြီး အဲဒီ အကြောင်းကြောင့် အကျိုးတရား ဖြစ်ပေါ်ရင် ကောင်းတဲ့အကျိုးပဲ ဖြစ်ပေါ်မှာပဲ။ မကောင်းကျိုးကတော့ မဖြစ်ဘူး။ ဒါကြောင့် ပုဗ္ဗေစ ကတပုညတာ ဟာလဲကောင်းချီးမင်္ဂလာ တစ်ပါးပါပဲ။

**ကိုယ် နှုတ် စိတ် အပြစ်ကင်းအောင်ထား** နောက်တစ်ခုက အတ္တသမ္မာပဏိဓိ=မိမိကိုယ်ကို ကောင်းစွာထားပါ။ မိမိကိုယ်ကို ကောင်းစွာ ထားပါ ဆိုတာ တခြားပြောတာ မဟုတ်ဘူး။ မိမိကိုယ် အပြုအမူကိုလဲ အပြစ်ကင်းအောင်ထားပါ။ မိမိ နှုတ် အပြောအဆိုကိုလဲ အပြစ်ကင်းအောင်ထားပါ။ မိမိစိတ်ကိုလဲ အပြစ်ကင်းအောင် ထားပါ။ ဒါပြောတာ။ သုံးမျိုးနော်၊ ကိုယ်အပြုအမူရယ်၊ နှုတ်အပြောဆိုရယ်၊ စိတ် အကြံအတွေးရယ်၊ အဲဒါ ကိုယ် နှုတ် စိတ် သုံးပါးစလုံး အပြစ်ကင်းအောင် ထားတာကိုပဲ အတ္တသမ္မာပဏိဓိ လို့ခေါ်တယ်။

ကိုယ်က အပြစ်မကင်းတာတွေ လုပ်နေရင် ကောင်းချီးမင်္ဂလာတွေ ဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား။) နှုတ်က အကျိုးယုတ်စရာတွေ၊ အမနာပတွေ မဟုတ်တရုတ်တွေ ပြောနေရင် ကောင်းချီးမင်္ဂလာ ဟုတ်ပါ့ မလား။ မဟုတ်ပါဘုရား။ အဲ စိတ်က မဟုတ်တာတွေ ကြံစည်နေရင် ကောင်းချီးမင်္ဂလာ ဟုတ်ပါ့မလား။ (မဟုတ်ပါဘုရား။) ဒီတော့ ကိုယ်ကိုလဲ အပြစ်ကင်းအောင်ထား၊ နှုတ်ကိုလဲ အပြစ်ကင်းအောင်ထား၊ စိတ်ကိုလဲ အပြစ်ကင်းအောင်ထား၊ အဲဒါ အတ္တသမ္မာပဏိဓိ ကောင်းချီးမင်္ဂလာပဲ။

အဲဒီလို အပြစ်ကင်းအောင် ထားပြီဆိုလို့ရှိရင် ရမှာတွေက ကောင်းကျိုး တွေလား၊ ဆိုးကျိုးတွေလား။ (ကောင်းကျိုးတွေပါဘုရား။) ကောင်းကျိုးတွေ ဆိုတာ ကောင်းချီးမင်္ဂလာတွေ မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အဲဒါဟာ အတ္တသမ္မာပဏိဓိ မင်္ဂလာပဲတဲ့။ လိုက်နာစရာ ဆုံးမဩဝါဒတွေ ကုန်နိုင်ရဲ့လား။ (မကုန်နိုင်ပါဘုရား။) အကုန်အစင်များသိပြီး လိုက်နာနိုင်မယ် ဆိုရင် တစ်လောကလုံးဟာ ကောင်းချီးမင်္ဂလာ ဘုံကြီး မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ်ဘုရား။)

**အပြစ်ကင်းတဲ့ ဗဟုသုတလဲမင်္ဂလာ** နောက်ပြီးတော့ ဗာဟုသစ္စဉ္စ=အပြစ်ကင်းတဲ့ ဗဟုသုတ ကို စုဆောင်းပါ။ အဲဒါလဲ ကောင်းချီးမင်္ဂလာပဲတဲ့။ဟော ဘာစုဆောင်းရမှာတဲ့လဲ။ (အပြစ်ကင်းတဲ့ ဗဟုသုတပါ ဘုရား။) အပြစ်ကင်းတဲ့ ဗဟုသုတ စုဆောင်းပါတဲ့။ ဟော ဒီကနေ့

ဒီတရားတွေ နာကြားနေရတာ အပြစ်ကင်းတဲ့ ဗဟုသုတတွေ စုဆောင်းနေကြတာ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) အဲဒါ အပြစ်ကင်းသလား၊ မကင်းဘူးလား။ (ကင်းပါတယ် ဘုရား။) ကဲ နေစမ်းပါဦး၊ အပြစ်ကင်းတာနဲ့ မကင်းတာကို ဘယ်လိုလုပ် ခွဲခြားမလဲ။ လွယ်လွယ်ကလေးပေါ့။ မကောင်းတာဆိုရင် အပြစ် မကင်းဘူးပေါ့။ မဟုတ်ဘူးလား။ ကောင်းတာဆိုရင် (အပြစ်ကင်းပါတယ် ဘုရား။)

ဒီတော့ ဘုန်းကြီးတို့ အခု ပြောနေတဲ့ စကားတွေထဲမှာ မကောင်းတာတွေ ပါသလား။ (မပါပါဘုရား။) မပါရင် အပြစ်ကင်းသလား၊ မကင်းဘူးလား။ (ကင်းပါတယ်ဘုရား။) အဲဒီထဲကနေပြီးတော့ ကိုယ်လိုတာ ကောင်းတဲ့ အချက်ကလေးတွေ ယူပြီး အသုံးချရင် ကိုယ့်အတွက် အကျိုးမရပေဘူးလား။ ရပါတယ်ဘုရား။ ဒါကြောင့်မို့ ဒီ ကောင်းချီးမင်္ဂလာကို ဗာဟုသစ္စ မင်္ဂလာ ခေါ်တယ်။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ ညီတော်နောင်တော်တွေရော ခရစ်ယာန် ညီတော် နောင်တော်တွေပါ ဗာဟုသစ္စ မင်္ဂလာနဲ့ ဒီနေ့ ပြည့်မနေဘူးလား။ (ပြည့်နေပါတယ်ဘုရား။) နေ့တိုင်း ဗာဟုသစ္စ မင်္ဂလာနဲ့ ပြည့်စုံနေရင် လမ်းညွှန်ကောင်းတွေ ရတဲ့အတွက် ဘဝ ဖြောင့်ဖြူးသာယာရေး အထောက်အပံ့ မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား။) ထားကြစို့၊ ဒီတော့ လိုက်နာစရာ ဩဝါဒများအကြောင်း ပြောလို့ မကုန်နိုင်တော့ဘူး။

**ဆင်းရဲငြိမ်းခြင်းမင်္ဂလာ** နောက်ဆုံးမှာ ဒီဩဝါဒထဲမှာ ဘယ်လိုအထိတောင် ပါသလဲဆိုတော့—

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ—

ဒီအထိပါတယ်။

အဲဒီ ဩဝါဒရဲ့ အဓိပ္ပာယ်က ဘာလဲဆိုတော့ "အကျင့်မှန် လမ်းမှန်ကို ကျင့်ပြီးလို့ လောဘ ဒေါသ မောဟ ငြိမ်းသွားတဲ့အခါကျတော့ ဆင်းရဲ

လုံး၀ ငြိမ်းသွားရော၊ အဲဒီ ဆင်းရဲငြိမ်းတာဟာ အကြီးမြတ်ဆုံးသော ကောင်းချီးမင်္ဂလာပဲ။ အဲဒီလို ဆင်းရဲငြိမ်းပြီဆိုတော့ လောကမှာ တွေ့ရကြုံရတဲ့ အနိဋ္ဌခေါ်တဲ့ မလိုလားအပ်တဲ့ အရာတွေနဲ့ တွေ့သော်လဲပဲ စိတ်ထဲမှာ တုန်လှုပ်မှု မရှိတော့ဘူး။ စိုးရိမ်မှုလဲ မရှိတော့ဘူး။ သူဟာ အမြဲတမ်း ဘေးရန် အန္တရာယ် ကင်းနေပြီ။ ဒါကြောင့်မို့ ချမ်းသာခြင်းအတိ ပြည့်နေပြီ။ အဲဒီ ချမ်းသာခြင်းအတိ ပြည့်နေတာဟာ အကောင်းဆုံး အမြတ်ဆုံး ကောင်းချီးမင်္ဂလာကြီးပဲ"လို့ ဆိုလိုတယ်။

အဲဒါ ဘာကို ဆိုလိုသလဲဆိုတော့ နိဗ္ဗာန်ဆိုတဲ့ ကောင်းချီး မင်္ဂလာကို ဆိုလိုတယ်။

ဒီတော့ ဘုန်းကြီးတို့ဒကာ ဦးမန်ကျင့်ထန် ခေါင်းဆောင်တဲ့ ခရစ်ယာန် အသင်းတော်များ ကောင်စီက ဦးဆောင်ပြီးတော့ ခရစ်ယာန် ညီတော် နောင်တော်များရော၊ သွေးချင်းသားချင်းများရော၊ ဗုဒ္ဓဘာသာ ဒကာ ဒကာမများပါ အခုပြောခဲ့တဲ့ မြတ်စွာဘုရားရဲ့ ဆုံးမဩဝါဒတွေ နာကြားရ တာဟာ ဦးမန်ကျင့်ထန်တို့ရဲ့ ပင့်စာမှာ ပါတဲ့အတိုင်း "နိဗ္ဗာန်ရောက်ကြောင်း ဗုဒ္ဓဘာသာ တရားတော်များကို နာကြားလိုပါသည်"ဆိုတဲ့ အချက်နဲ့ မညီညွတ် ပေဘူးလား။ ဟော အခုပြောခဲ့တဲ့ ကောင်းချီးမင်္ဂလာ ၃၈ ပါးထဲမှာ ထိပ်ဆုံးက အဲဒီ နိဗ္ဗာန်ရောက်ကြောင်း ကောင်းချီးမင်္ဂလာပါတယ်။ အဲဒီအထိ ဩဝါဒထဲမှာ ပါတယ်။ ထားကြစို့။

**တခြား လိုက်နာစရာတွေ** တခြားတခြား လိုက်နာစရာ ဩဝါဒတွေလဲ မြတ်စွာဘုရား အများကြီး ပေးခဲ့တာ ရှိသေးတယ်။ အဲဒီ အများကြီး ပေးခဲ့တာကို ဘုန်းကြီး နည်းနည်း နောက်ထပ် ၁၅ မိနစ်လောက် ပြောချင်တယ်။ ဒီ ဩဝါဒအပိုင်းကို ၁၅ မိနစ်လောက် ပြောပြီးတဲ့ အခါကျတော့ ကျင့်စဉ် အပိုင်းကို ဘုန်းကြီး ပြောပါမယ်။ အဲဒီမှာ သဘာဝကျကျ ဆုံးမထားတဲ့ အဆုံးအမတွေကို တွေ့ရတယ်။

ဘယ်လိုလဲဆိုတော့ မြတ်စွာဘုရား ဘုရားလောင်းဘဝက သိဒ္ဓတ္ထမင်းသားဘဝက အိမ်ထောင်များ ကျခဲ့သေးသလား။ (ကျပါတယ်ဘုရား။) ကျခဲ့လား။ (ကျပါတယ်ဘုရား။) သိကြရဲ့လား၊ (သိကြပါတယ်ဘုရား။) အိမ်ထောင်ကျပြီးမှ ဘုရားလောင်းက တောထွက် တရားရှာတာနော်။ (မှန်ပါဘုရား။) အိမ်ထောင်ကျပြီးမှ တောထွက် တရားရှာတာ တရားတွေ သိတယ်။

ဘုန်းကြီးတို့ကတော့ အိမ်ထောင်မကျဘဲနဲ့ တရားရှာလို့ ထင်ပါရဲ့၊ မရသေးဘူး။ (ရယ်ကြသည်။) အဲဒီလိုလား မသိဘူး။ အဲဒီတော့ မြတ်စွာဘုရားတော့ အိမ်ထောင်ကျပြီးမှ တရားရှာတယ်။ ဘုန်းကြီးတို့ ခရစ်ယာန် ညီတော်နောင်တော်တွေလဲ အိမ်ထောင်ကျပြီးရင်ဖြင့် တရားရှာဖို့ ပြင်ကြတော့နော်။ အဲဒါ သိလွယ်သတဲ့။

ဒီတော့ သိဒ္ဓတ္ထ ဘယ်သူနဲ့ အိမ်ထောင်ကျခဲ့ပါသလဲ။ (ယသော်ဓရာပါဘုရား။) သူ့နာမည် အရှည်က ယသော်ဓရာဗိမ္ဗာဒေဝီတဲ့။ လွယ်လွယ်ခေါ်တော့ ယသော်ဓရာတဲ့။ ကိုင်း ယသော်ဓရာနဲ့ အိမ်ထောင်ကျခဲ့တဲ့အခါကျတော့ လက်ထပ်ပြီးပြီးချင်း တောထွက်တာလား။ (မဟုတ်ပါဘုရား။) ဘယ်လိုပါလိမ့်မတုန်း။ (သားတစ်ယောက် ရမှပါ ဘုရား။) သားတစ်ယောက်ရမှ တောထွက်တာ။ သူ့သားက ဘယ်သူပါလိမ့်။ (ရာဟုလာပါဘုရား။) ဘုရားလောင်းသိဒ္ဓတ္ထက လူသားဆိုတော့ သူ့သားကရော ဘာလဲ။ (လူပါဘုရား။) လူပဲပေါ့။ မဟုတ်ဘူးလား။ လူသားရဲ့သားဟာ ဘာဖြစ်ရဦးမလဲ။ (လူပဲ ဖြစ်ရပါမယ်ဘုရား။) လူပဲပေါ့။

ဗုဒ္ဓရှင်တော်မြတ် ဘုရားဖြစ်တော်မူပြီးတဲ့နောက် မိဂဒါဝုန်တောမှာ ပထမဝါဆိုပြီး ဝါကျွတ်တော့ ရာဇဂြိုဟ်ကို ကြွပြီး သီတင်းသုံးတော်မူတယ်။ အဲဒီအခါမှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ပင့်လို့ ရာဇဂြိုဟ်ကနေပြီး ကပိလဝတ်ကို ကြွတဲ့အခါမှာ သူ့သားကလေး ရာဟုလာက ခုနစ်နှစ်သားရှိနေပြီ။ ဒီတော့ ယသော်ဓရာက သွေးထိုးပေးတယ် ဒီကလေးကို။ ဘာလုပ်ပေးသတဲ့။ (သွေးထိုးပေးပါတယ်ဘုရား။) သွေးထိုးပေးတယ်နော်။

ဘုရားလောင်း သိဒ္ဓတ္ထဘဝက ဇနီးလောင်း ယသော်ဓရာက သွေးထိုးပေးတယ်။ ဘယ်လိုလဲဆိုတော့ "သားတော် ရာဟုလာ၊ အဲဟိုက အင်မတန်

တင့်တယ် သပ္ပာယ်တဲ့၊ အင်မတန်ကြီးမားတဲ့ ဣန္ဒြေသိက္ခာ၊ ငြိမ်းချမ်း အေးမြတဲ့ မျက်နှာတော်ရှိတဲ့ ပုဂ္ဂိုလ်ထူးကြီးဟာဖြင့် သင့်ရဲ့ ဖခမည်းတော်ပဲ။ သားဆိုတာ အဖရဲ့ အမွေ ခံရတယ်။ ဒါကြောင့်မို့ သင့်ဖခင်ဆီ သွားပြီး အမွေ တောင်းချေ”တဲ့။

အခုခေတ်မှာမှ အမွေစကား ပြောကြရတာ မဟုတ်ဘူးနော်။ ဟိုခေတ် ကတည်းက အမွေစကား ပြောလာကြရတယ်။ အင်း ဒါဖြင့် အဲဒီ အမွေစကား ပြောလာရတာ ဘယ်သူ့ကြောင့်လဲ။ (မိန်းမတွေကြောင့်ပါ ဘုရား။) ဒကာမတွေ ကြောင့်တဲ့။ အဲဒါ ဒကာတွေ သတိထားကြနော်။ သူများပြောတိုင်းလဲ လျှောက်လုပ်မနေကြနဲ့။

**အမွေတောင်းတဲ့ ကလေး** ဒီတော့ ရာဟုလာက မြတ်စွာဘုရားဆီ သွားပြီး “ဖခမည်းတော် အမွေပေးပါ”လို့ တောင်းတယ်။ မြတ်စွာဘုရားက ဘာမှ မိန့်ကြားတော် မမူဘူး။ သပိတ်ပိုက်ပြီးတော့ ကျောင်းတော်ကို ကြွသွားတော် မူတယ်။ ရာဟုလာက နောက်က သက်န်းဆွဲပြီး ကျောင်းတော် ရောက်သည်အထိ တကောက်ကောက်နဲ့ လိုက်တောင်းတယ်၊ ယသော်ဓရာက သဘောကျတယ်။

ကျောင်းရောက်တော့ မြတ်စွာဘုရားက ရာဟုလာကို အထိုင်ခိုင်းတော် မူတယ်။ လက်ယာရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာကြီးကလဲ အနားမှာ ရှိတယ်။ လာပြီး လက်အုပ်ချီနေတော့ မြတ်စွာဘုရားက “သာရိပုတ္တရာ၊ ရာဟုလာက တို့ကို အမွေတောင်းနေတယ်၊ ဒါပေမယ့် ဒို့များမှာ လောကီ စည်းစိမ်ဥစ္စာအမွေ ပေးစရာမရှိဘူး၊ ဒီတော့ ဒို့များရှိတဲ့ အမွေပဲ သူ့ကို ပေးရမယ်”လို့ မိန့်တော်မူတယ်။

အဲဒီတော့ မြတ်စွာဘုရားမှာ ဘာရှိသလဲ။ သင်္ကန်းသုံးထည်နဲ့ သပိတ် တစ်လုံးပဲရှိတယ်။ တခြားဘာမှ မရှိဘူး။ ဆင်လဲမရှိဘူး၊ မြင်းလဲမရှိဘူး၊ ရထားလဲမရှိဘူး၊ နန်းတော်ကြီး အိမ်တော်ကြီးတွေဘာမှ မရှိဘူး။ အဲဒီအခါ ကပ္ပိလဝတ်ပြည်မှာ မြတ်စွာဘုရား သိပ်ဆင်းရဲတော်မူတယ်။ နိဂြောဓ

သာကီဝင်မင်းရဲ့ ဥယျာဉ်ထဲမှာ မဏ္ဍပ်ကြီး ဆောက်ပေးထားတာ၊ ကျောင်းအဲဖြစ်နဲ့ အဲဒီ မဏ္ဍပ်ထဲမှာ သီတင်းသုံးတော်မူရတယ်။ ကျောင်းတောင် မရှိသေးဘူး။ ကဲ ကျောင်းအမွေပေးစရာလဲ မရှိဘူး။ အဲဒီတော့ ဘာအမွေပေးမလဲ။

**အမွေပေးတဲ့ဖခင်** မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို မိန့်တော်မူတယ်။ "ကဲ အမွေပေးရအောင် သာရိပုတ္တရာ၊ ရာဟုလာကို သင်္ကန်းဝတ် သရဏဂုံ ဆောက်တည်စေပြီး ရှင်သာမဏေ ပြုပေးလိုက်"တဲ့။ ကိုင်း မြတ်စွာဘုရားမှာရှိတဲ့ အမွေ မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား။) သည့်ပြင် ဘာများ ပေးစရာရှိသေးလဲ။ မရှိပါဘုရား။ ဒါကြောင့် ဒါပဲ ပေးရတယ်။

အဲဒီလို ရာဟုလာကို သင်္ကန်းဝတ် ပေးလိုက်ပြီးတော့မှ သူ့ကို ရှင်သာမဏေလို့ အခေါ်အဝေါ် သတ်မှတ်ပေးလိုက်တယ်။

ကိုရင်လေး ရာဟုလာ ခုနစ်နှစ်သာ ရှိသေးတော့ ရဟန်းတော်တွေ စောင့်ထိန်းတဲ့ သိက္ခာပုဒ်တော်တွေကို သူ စောင့်ထိန်းနိုင်မယ် မဟုတ်သေးဘူး။ ငယ်သေးတယ်။ ဒီတော့ သူနဲ့တန်တဲ့ စောင့်ထိန်းမှုကို စောင့်ထိန်းနိုင်အောင် သူ့ကို သိက္ခာပုဒ်ဆယ်ပါး သင်ပေးလိုက်လို့ အရှင်သာရိပုတ္တရာကို မိန့်တော်မူရတယ်။ ဒါနဲ့ အရှင်သာရိပုတ္တရာက ရှင်ရာဟုလာကို သိက္ခာပုဒ်ဆယ်ပါး ကျင့်စေရတယ်။ အဲဒီ အချိန်ကစပြီး ရှင်သာမဏေဆိုတာ သာသနာတော်မှာ ပေါ်လာတယ်။

မှတ်မိအောင် နည်းနည်း ပြန်ပြောရဦးမယ်။ မြတ်စွာဘုရား ပထမဝါမှာ မိဂဒါဝုန် ဘေးမဲ့တောမှာ ဝါဆိုတော်မူတယ်။ ဝါကျွတ်တော့ ရာဇဂြိုဟ်ကို ကြွတော်မူတယ်။ ရာဇဂြိုဟ်ကို ပြာသိုလပြည့်လောက်မှာ ရောက်တော်မူတယ်။ တပေါင်းလပြည့်နေ့မှာ ကပိလဝတ်ပြည်ကို ကြွတော်မူတော့ ဒုတိယ ဝါမဆိုခင် ကဆုန်လမှာ ရောက်တော်မူတယ်။ ရောက်တော်မူပြီး သုဒ္ဓေါဒန မင်းကြီးနှင့် တကွ ကပိလဝတ် ပြည်သူပြည်သားများကိုလဲ တရားဟောပြလို့ တရား ရစေပြီးတဲ့အခါမှာ ညီတော် နန္ဒမင်းသားကို ရဟန်း ပြုပေးတော်မူတယ်။

သားတော် ရာဟုလာကိုလဲ ရှင်သာမဏေ ပြုပေးတော်မူတယ်။ ပြီးတော့ ကပိလဝတ်ကနေပြီး ရာဇဂြိုဟ်ကို ပြန်ကြွတော်မူတယ်။ ရာဇဂြိုဟ်မှာတော့ ဗိမ္ဗိသာရ ဘုရင်က ကျောင်းဆောက်လှူထားလို့ အဲဒီမှာတော့ ကျောင်းရှိနေပြီ။

**မာနကြောင့် ဦးမညွှတ်** မြတ်စွာဘုရား ဒီ ကပိလဝတ်ပြည်မှာ အမြဲ မနေဘဲ ရာဇဂြိုဟ်ကို ပြန်ကြွတာမှာ ကျမ်းဂန်က ဘာမှ အထူး မဆိုပါဘူး။ သို့သော် ဘုန်းကြီးက စဉ်းစားတယ်။ ဘုန်းကြီး စဉ်းစားချက် ပြောမှာနော်။ မြတ်စွာဘုရားရဲ့ အမျိုးအနွယ်ဖြစ်တဲ့ သကျ ခေါ်တဲ့ သာကီဝင် မင်းမျိုးတွေဟာ သိပ်မာနကြီးတယ်။ အင်မတန် မာနကြီးတဲ့ လူတွေ။ အခု မြတ်စွာဘုရားကို သူ့ဖခမည်းတော်က ပင့်လို့ ကြွလာတာ တောင်မှ ဘာလုပ်သလဲဆိုတော့ သူတို့ထက် မြင့်တဲ့မြတ်တဲ့ ကိလေသာခပ်သိမ်း ငြိမ်းအေးတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပဲလို့ သိပါလျက်နှင့် ဦးမညွှတ် နိုင်ကြဘူး။ ဒီလို ဦးမညွှတ်နိုင်တော့ ကလေးတွေကို ရှေ့ကထားတယ်၊ ကလေးပေါက်စ တွေ ရှေ့ကထားပြီး "ကိုင်း မင်းတို့ရှေ့က ဦးချကြ"လို့ ပြောပြီး လူကြီးတွေက နောက်က အသာနေကြတယ်။ ဦးမချကြဘူး။ ဘယ်လောက် တော်သလဲလို့ နော်။ အဲ့ဒါ မာန မဟုတ်ဘူးလား။ (မှန်ပါ ဘုရား။) မာနဆိုတာ ဦးမညွှတ်ဘူး ဆိုတဲ့ အဓိပ္ပာယ်ပဲ။

ဒီတော့ အဲဒီလောက်ထိအောင် မာနကြီးတဲ့ လူတွေဆိုတော့ မြတ်စွာဘုရား ကပိလဝတ်ပြည်မှာ သီတင်းသုံးတော်မူပြီး တရားတွေ ဟောပြောမယ်ဆိုရင် ခရီးတွင်ပါ့မလား။ (မတွင်ပါဘုရား။) ဒီသူငယ်ကွာ ဒို့လက်အောက်က ထွက်သွားတာပါ၊ ဒီလိုလာမှာ မဟုတ်လား။ (မှန်ပါဘုရား။) အဲဒီလို လူတွေက မြတ်စွာဘုရား တရားဟောတဲ့အခါ ရိုရိုသေသေ လေးလေး စားစား တရားနာပါ့မလား။ (မနာပါဘုရား။) တရားကို ရိုရိုသေသေ မနာရင် တရားသိပါ့မလား။ (မသိပါဘုရား။) မသိရင် တရား ပြန့်ပွားပါ့မလား။ (မပြန့်ပွားပါဘုရား။) မပြန့်ပွားရင် သတ္တဝါအများ ချမ်းသာပါ့မလား။ (မချမ်းသာပါဘုရား။) အယ် ဘုန်းကြီးကတွေးတယ်။ ဒါကြောင့် မြတ်စွာဘုရား ကပိလဝတ်က ခွါပြီး ရာဇဂြိုဟ် ပြန်တာပဲလို့ အဲဒီလို တွေးကြည့်တယ်။

နောက်ကျတော့လဲ ဇာတိချက်ကြွေ မွေးရပ်မြေမှာ ကြာကြာ သီတင်းသုံးတယ်ကို မရှိဘူး။ ခဏတဖြုတ်ပဲ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ဝေသာလီ စတဲ့မြို့တွေမှာပဲ လှည့်ပတ် သီတင်းသုံးတော်မူတယ်။

ရာဇဂြိုဟ်ကို ကြွတော်မူတဲ့အခါမှာ ကိုရင် ရာဟုလာလဲ ပါသွားတယ်။ ကိုရင်ရာဟုလာကို အမ္ဗလဋ္ဌိက ကျောင်းဆောင်မှာ ထားတယ်။ ဘာ ကျောင်းဆောင်ပါလိမ့်။ (အမ္ဗလဋ္ဌိက ကျောင်းဆောင်ပါဘုရား။) အဲဒီ ကျောင်းဆောင်မှာ ထားတယ်။

အဲဒီ အချိန်မှာ ရှင်ရာဟုလာဟာ တကယ့် အထက်တန်း ကျင့်စဉ်တွေကို ကျင့်နိုင်လောက်အောင် သူ့မှာ ပါရမီ မရင့်သေးဘူး။ ဒီတော့ ပထမဆုံး အပြစ်ကင်းအောင် နေတတ် ထိုင်တတ်ဖို့ အရေးကြီးတယ်။ ဒါကြောင့်မို့ ပထမဆုံး သူ့ကို နေနည်း ထိုင်နည်း သင်ပေးမှပဲလို့ မြတ်စွာဘုရား သဘောရတော်မူလို့ အဲဒီမှာ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ် ဒေသနာတော် ဆိုတာကို မြတ်စွာဘုရား ဟောကြားတော်မူတယ်။ အဲဒီတော့ ရာဟုလာ အကြောင်းပြုပြီး ဟောတော်မူတာ ဘာသုတ်လဲ။ (အမ္ဗလဋ္ဌိက ရာဟုလော ဝါဒသုတ်ပါဘုရား။) ရာဟုလာကို ဩဝါဒပေးတဲ့ ဒေသနာတွေက တော်တော် များတယ်။ ဒါကြောင့် ခွဲခြားထားရတယ်။

**လူတိုင်းအတွက် ဩဝါဒ** ဒီ အမ္ဗလဋ္ဌိက ရာဟုလောဝါဒ ဒေသနာဟာ မြတ်စွာဘုရားက လူတိုင်း လိုက်နာနိုင်တဲ့ သဘာဝတရားကို လက်ညှိုး ထိုးပြတော်မူခဲ့တယ်။ ဘုန်းကြီး အခုပြောနေတာ လိုက်နာစရာ အဆုံးအမတွေကို ပြောနေတာနော်၊ ဒီအပိုင်းကို ပြောနေတာ။

ဘယ်လိုလဲဆိုတော့ "ရာဟုလာ၊ တစ်စုံတစ်ရာ ပြောမယ်ကြံရင် အလျင်စလို မပြောနဲ့၊ သတိထားလိုက်ဦး၊ ငါပြောတော့မှာပဲ ဆိုတာ သတိထားလိုက်ဦး။ ပြီးတော့မှ ငါ ပြောမယ့်စကားဟာ ငါ့ထိခိုက်မလား၊ သူတစ်ပါး ထိခိုက်မလားဆိုတာ ဆင်ခြင် စဉ်းစားလိုက်ဦး" တဲ့။ နှစ်ချက်နော်။ (မှန်ပါဘုရား။) အင်မတန် အရေးကြီးတယ်။

ပထမ ပြောတော့မယ်ဆိုတာ သတိရှိဖို့၊ ဒုတိယ သတိရှိပြီးတော့ ငါပြောမယ့် စကားဟာ ငါ့ထိခိုက်မလား သူတစ်ပါး ထိခိုက်မလားဆိုတာ ဆင်ခြင်ဖို့၊ ဒီနှစ်ချက်ပဲ။

ဆင်ခြင်လိုက်လို့ ငါပြောမယ့်စကားဟာ "ဘယ်သူ့ကိုမှ မထိခိုက်ဘူး ဆိုတာ စဉ်းစားလို့ရမှပဲ ပြောဖို့ ဆုံးဖြတ်ပြီး ပြောပါ။ တစ်ဦးဦးကို ထိခိုက်မှာ ဆိုရင် မပြောပါနှင့်"တဲ့။ အဲဒီတော့ သတိထား ဆင်ခြင် စဉ်းစားပြီးမှ ပြောတဲ့ စကားဟာ အမှားနည်းမလား၊ အမှား များမလား။ (အမှား နည်းပါမယ် ဘုရား။) အမှားနည်းရင် ကောင်းကျိုးရမလား၊ ဆိုးကျိုးရမလား။ (ကောင်းကျိုး ရပါမယ် ဘုရား။)

**ပြောနေဆဲမှာလဲ သတိထား:** တစ်ခါ ပြောနေဆဲမှာလဲ သတိထား ဆင်ခြင် စဉ်းစားဦးတဲ့၊ "ငါပြောနေပါလား၊ ငါပြောနေတဲ့ စကားဟာ ငါ့ ထိခိုက်သလား၊ သူတစ်ပါး ထိခိုက်သလား"ဆိုတာ ပြောနေရင်းနဲ့ စဉ်းစားပါဦး။ ပြောနေရင်းက စကားတစ်လုံး မှားသွားလို့ သူတစ်ပါး ထိခိုက် နစ်နာစေတဲ့ စကားပါသွားရင် ဆက်မပြောနဲ့တော့၊ ရပ်ပစ်လိုက်တော့တဲ့။

ကဲ သူတစ်ပါး နစ်နာစေတဲ့ စကားပါရင် ဆက်ပြောသင့်သလား။ (မပြောသင့်ပါဘုရား။) မပြောသင့်ဘူး။ ပြောရင် ဘာတွေဖြစ်မလဲ။ နင်ပဲ ငါပဲနဲ့ အငြင်းအခုံကစပြီး ခိုက်ရန် မဖြစ်ပွားပေဘူးလား။ (ဖြစ်ပွားပါတယ် ဘုရား။) အဲဒီကစပြီးတော့ တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံး၊ တစ်လောကလုံးအထိ မသွားနိုင်ဘူးလား။ (သွားနိုင်ပါတယ် ဘုရား။) အဲ သွားနိုင်တယ်။ ဒါကြောင့် ပြောနေဆဲမှာလဲ သတိထား ဆင်ခြင် စဉ်းစားလိုက်ပါဦးတဲ့။

**ပြောပြီးလဲ သတိထား:** တစ်ခါ ပြောပြီးပြန်ရင်လဲ ပြန်ပြီး သတိထား ဆင်ခြင်လိုက်ပါဦးတဲ့။ "ငါပြောပြီးသွားပြီ၊ ငါပြောလိုက်တဲ့ စကားတွေက ဘာတွေလဲ"လို့ သတိထားပါဦးတဲ့။ "ငါ ပြောလိုက်ခြင်းကြောင့် ဘယ်သူများ ထိခိုက်သွားသေးသလဲ၊ ငါ့များ ထိခိုက် သွားပြီးလား၊

သူတစ်ပါးများ ထိခိုက်သွားပြီလား”ဆိုတာကို ဆင်ခြင် စဉ်းစားလိုက်ပါဦးတဲ့။ ဆင်ခြင် စဉ်းစားလိုက်လို့ တစ်စုံတစ်ယောက်ကို ထိခိုက်သွားတာများ တွေ့ရင် “ဒီစကားမျိုး နောင် ဘယ်တော့မှ ငါ မပြောဘူး၊ ရှောင်မယ်” ဆိုပြီးတော့ ရှောင်ပါတဲ့။

ဟော ဆုံးမဩဝါဒနော်၊ နံပါတ် (၁)မပြောခင် သတိထား၊ ဆင်ခြင် စဉ်းစား၊ နံပါတ် (၂) ပြောဆဲမှာလဲ သတိထား၊ ဆင်ခြင်စဉ်းစား၊ နံပါတ် (၃)ပြောပြီးတဲ့အခါမှာလဲ သတိထား၊ ဆင်ခြင်စဉ်းစား။

ကာယကံ၊ ဝစီကံ၊ မနောကံ သုံးခုအနက်က ဝစီကံဆိုတဲ့ ဒီ နှုတ်အပြောဟာ မဆင်မခြင် လွှတ်ခနဲ လွှတ်ခနဲ ထွက်ထွက်သွားတတ်လို့ သတိထားဖို့ ပိုအရေးကြီးပါတယ်။

**အပြုအမူမှာလဲ သတိထား** အပြုအမူမှာလဲ ဒီအတိုင်းပဲ၊ ကိုယ် တစ်ခုခု လုပ်တော့မယ် ဆိုရင် “မပြုလုပ်ခင်သတိထား၊ ဆင်ခြင်စဉ်းစား။ ပြုလုပ်ဆဲမှာလဲ သတိထား၊ ဆင်ခြင်စဉ်းစား။ ပြုလုပ်ပြီးတော့လဲ သတိထား ဆင်ခြင်စဉ်းစား”တဲ့။ ဒီလိုဆိုရင် ဒီအလုပ်ဟာ အမှားနည်းမလား၊ အမှားများမလား။ (အမှား နည်းပါမယ် ဘုရား။)

ကြည့်ပါ။ များသောအားဖြင့် လုပ်တာ ပြောတာတွေဟာ သတိမထားဘဲ မဆင်ခြင် မစဉ်းစားဘဲ စိတ်လိုက်မာန်ပါ လွှတ်ခနဲ လုပ်တာ ပြောတာတွေက များတတ်တယ် မဟုတ်လား။ (များပါတယ်ဘုရား။) အဲဒီလို လုပ်တဲ့ ပြောတဲ့အတွက် မထိခိုက်သင့်တဲ့သူတွေ ထိခိုက်ကုန်တယ်။ ကိုယ့်မှာ ဂုဏ်သိက္ခာ မယုတ်သင့်တာ ယုတ်ကုန်တယ်၊ သိက္ခာ မကျသင့်တာ ကျကုန်တယ်။ မရှိပေဘူးလား။ (ရှိပါတယ်ဘုရား။)

အဲဒီလို မဟုတ်ဘဲနဲ့ ကိုယ်ပြောမယ့်စကား ရပ်ပြီး သတိထားလိုက်၊ ပြီးတော့မှ ဆင်ခြင်စဉ်းစားလိုက်၊ ပြီးမှ အကျိုးရှိမယ်ထင်မှ ပြောတယ်ဆိုရင် အမှားနည်းတဲ့အတွက် အကျိုးမများဘူးလား။ (များပါတယ်ဘုရား)။ သဘာဝပဲ မဟုတ်လား။ (မှန်ပါဘုရား။) အဲဒီ သဘာဝတရားကို ဗုဒ္ဓရှင်တော်မြတ်ဘုရားက ထောက်ပြတာပဲ။

**အကြံအတွေးမှာလဲ သတိထား** ထိုအတူပဲ၊ စိတ်နဲ့တွေးရာမှာလဲ ဒီအတိုင်းပဲ၊ တစ်စုံတစ်ခု အကြံပြုတော့မယ် ဆိုရင် "အင်း ငါစဉ်းစားတော့မှာ ကြံတော့ တွေးတော့မှာပဲ"လို့ သတိထား လိုက်။ "ငါ အခု စဉ်းစားမှာ ဘယ်သူ့ ထိခိုက်မှာတွေ စဉ်းစားမလဲ၊ ငါ့ ထိခိုက်မှာတွေ စဉ်းစားမှာလား၊ သူများ ထိခိုက်မှာတွေ စဉ်းစားမှာလား" အဲဒီလို ဆင်ခြင်ပါတဲ့။

ထိုအတူ စဉ်းစားနေဆဲမှာလဲ သတိထား၊ ဆင်ခြင်ပါတဲ့။ စဉ်းစားပြီးတဲ့ အခါမှာလဲ သတိထား၊ ဆင်ခြင်လိုက်ပါဦးတဲ့။

ကာယကံ ကိုယ်အပြုအမူ၊ ဝစီကံ နှုတ်အပြောအဆို၊ မနောကံ စိတ်အကြံအတွေး၊ သုံးမျိုးလုံးမှာပဲ အဲဒီလို သုံးကြိမ်စလုံး သတိထား၊ ဆင်ခြင် စဉ်းစားပါတဲ့။

ကိုင်း ဒီဩဝါဒကို လိုက်နာရင် အကျိုးရှိမလား၊ မရှိဘူးလား။ (ရှိပါတယ် ဘုရား။) မသေချာဘူးလား။ (သေချာပါတယ်ဘုရား။)

ကဲ ဒါဖြင့်ရင် ဒါလေးကော ဘုန်းကြီး ရှေ့က ချပေးရင် လိုက်ဆိုကြမလား။ (ဆိုပါမယ်ဘုရား။) စကားပြေလား၊ သီချင်းလား။ (စကားပြေပါ ဘုရား။) ကဲ ပြုလုပ်တဲ့အလုပ်က စဆိုရအောင်နော်။

## ဆောင်ပုဒ်

### အပြု (ကာယကံ)

ပြုမည်ကြံလဲ၊ သင့်စိတ်ထဲ၊ အမြဲ ဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှား ရှောင်ကြဉ်ပါ။

ပြုဆဲမှာလဲ၊ သင့်စိတ်ထဲ၊ အမြဲ ဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိသလဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှား ရှောင်ကြဉ်ပါ။

ပြုပြီးပြန်လဲ၊ သင့်စိတ်ထဲ၊ အမြဲ ဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိပြီလဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှား ရှောင်ကြဉ်ပါ။

အပြော (ဝစီကံ)

ပြောမည်ကြံလဲ၊ သင့်စိတ်ထဲ၊ အမြဲ ဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြောများ၊ မမှား ရှောင်ကြဉ်ပါ။

ပြောဆဲမှာလဲ၊ သင့်စိတ်ထဲ၊ အမြဲ ဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိသလဲ။
ထိခိုက်နိုင်ငြား၊ အပြောများ၊ မမှား ရှောင်ကြဉ်ပါ။

ပြောပြီးပြန်လဲ၊ သင့်စိတ်ထဲ၊ အမြဲ ဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိပြီလဲ။
ထိခိုက်နိုင်ငြား၊ အပြောများ၊ မမှား ရှောင်ကြဉ်ပါ။

အတွေး (မနောကံ)

တွေးမည်ကြံလဲ၊ သင့်စိတ်ထဲ၊ အမြဲ ဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အတွေးများ၊ မမှား ရှောင်ကြဉ်ပါ။

တွေးဆဲမှာလဲ၊ သင့်စိတ်ထဲ၊ အမြဲ ဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိသလဲ။
ထိခိုက်နိုင်ငြား၊ အတွေးများ၊ မမှား ရှောင်ကြဉ်ပါ။

တွေးပြီးပြန်လဲ၊ သင့်စိတ်ထဲ၊ အမြဲ ဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိပြီလဲ။
ထိခိုက်နိုင်ငြား၊ အတွေးများ၊ မမှား ရှောင်ကြဉ်ပါ။

အဲဒီ လိုက်နာစရာ ဆုံးမ ဩဝါဒအကြောင်းကိုပဲ ဘုန်းကြီးက အမျှားနဲ့ သက်ဆိုင်ပြီး လူတိုင်းလူတိုင်း လိုက်နာနိုင်တဲ့ ဩဝါဒတွေကို သိစေချင်လို့ နည်းနည်း ပြောပြရတာပါ။

အခု ပြောမည့် ဆုံးမ ဩဝါဒကတော့ လွယ်ကူပါတယ်။ လွယ်ကူတော့ ဘုန်းကြီးက အဓိပ္ပာယ် မပြောဘူး။ အဲဒီ ဆောင်ပုဒ် သံပေါက်ကို ချပေးမယ်။ အခု ရှင်ရာဟုလာကို မြတ်စွာဘုရားက ဟောကြားတဲ့ ဒီ ဆုံးမဩဝါဒကို ဘုန်းကြီးက ဟောဒီလို အကျဉ်းချုံးပြီး ဆောင်ပုဒ် လုပ်ထားတယ်။ လိုက်ဆိုကြည့်ပါ။

ပြော ပြု တွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ် ရှေ့သွား။

အခုပြောမည့် ဗုဒ္ဓရဲ့ ဆုံးမဩဝါဒကလဲ အသစ်၊ ကဲ လိုက်ဆို။

**စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံ မေတ္တာထား။**

**ဖြောင့်မတ်ပါစေ** အဲဒီ ဆောင်ပုဒ်မှာ အချက် ဘယ်နှစ်ချက် ပါသလဲ။ (လေးချက်ပါဘုရား။) ဘာတွေပါသလဲ။ စိတ်ထား ဖြောင့်ရမယ်၊ မကောက်ကျစ် ရဘူး၊ ပြီးတော့ ခွင့်လွှတ်တတ်ရမယ်။ သူတစ်ပါး အမှားကို ခွင့်လွှတ်တတ်ရမယ်။ သူတစ်ပါး အပြစ်ကို ခွင့်လွှတ်တတ်ရမယ်။ "လူဆိုတာ မှားတတ်ပေတာပေါ့။ သူမသိလို့ မှားမိပေတာပဲ"လို့ သင့်တင့်အောင် နှလုံးသွင်းပြီး ခွင့်လွှတ်တတ်ရမယ်၊ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

**သည်းခံပါ** ပြီးတော့ ဘာတဲ့လဲ။ သည်းခံရမယ်တဲ့၊ ကိုယ့်အပေါ်မှာ သူတစ်ပါးက ကိုယ်လွန်ကျူးမှု၊ နှုတ်လွန်ကျူးမှု ရှိရင်လဲ "အို... မသိလို့ လုပ်တာပဲ။ သူဒီလို လုပ်လို့လဲ ငါ့မှာ ဘာမှ ထိခိုက်သွားတာမ မဟုတ်ဘဲ" စသည်ဖြင့် ဆင်ခြင်ပြီးတော့ သည်းခံပါ။

**မေတ္တာထားပါ** ပြီးတော့ကော။ မေတ္တာထားပါတဲ့။ သတ္တဝါအများ ဘယ်သတ္တဝါမဆို "သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ ကိုယ်ဆင်းရဲ မရှိပါစေနဲ့၊ စိတ်ဆင်းရဲ မရှိပါစေနဲ့။ ကိုယ်ချမ်းသာတွေ စိတ်ချမ်းသာတွေ အတိ ပြည့်နေပါစေ။" အဲဒီလို မေတ္တာပွား။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒီလို မေတ္တာထားရင် သူများအပေါ် မေတ္တာထားရတဲ့အတွက် မိမိသန္တာန်မှာ မေတ္တာစိတ်တွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) မိမိခန္ဓာမှာ မေတ္တာစိတ်တွေ ဖြစ်ပြီဆိုရင် အဲဒီ မေတ္တာစိတ်ဟာ အေးမြသလား၊ ပူလောင် သလား။ (အေးမြပါတယ်ဘုရား။)

ဒါကြောင့် မေတ္တာထားတဲ့ ပုဂ္ဂိုလ် ကိုယ်တိုင်မှာ အေးမြချမ်းသာမှု မရပေဘူးလား။ (ရပါတယ်ဘုရား။) ဒီလိုဆိုရင် အဲဒီ ပုဂ္ဂိုလ်ရဲ့ မေတ္တာအထားခံရတဲ့ ပုဂ္ဂိုလ်မှာကော မချမ်းသာပေဘူးလား။ (ချမ်းသာပါတယ်ဘုရား။)

လူတိုင်းလူတိုင်းဟာ အချင်းချင်း အဲဒီလိုသာ မေတ္တာထားကြရင် လောကကြီးမှာ စစ်တပ်တွေ လိုသေးသလား။ (မလိုပါဘုရား။) ရဲဌာနရောရှိစရာ လိုသလား။ (မလိုပါဘုရား။) တရားရုံးတွေလဲ ပိတ်ထားရမယ် မဟုတ်လား။ (မှန်ပါဘုရား။) ဒီတော့ မေတ္တာဟာ အကောင်းဆုံးလက်နက် မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

ယေရှုခရစ်တော်က ဆုံးမတယ်၊ "သင့် ပါးတစ်ဘက်ကို သူတစ်ပါးက ရိုက်ရင် နောက်တစ်ဘက်ကို ထိုးပေးလိုက်"တဲ့။ မကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား။) အဲဒီ သည်းခံတာဟာ မေတ္တာထားတာနဲ့ တစ်ခါတည်း ယှဉ်တွဲမလာဘူးလား။ (လာပါတယ်ဘုရား။) "သင့်မိသားစုကစပြီး မေတ္တာထားပါ။ အိမ်နီးနားချင်းကစပြီး မေတ္တာထားပါ။" ကောင်းတဲ့ တရားလား၊ မကောင်းတဲ့ တရားလား။ (ကောင်းတဲ့ တရားပါဘုရား။)

**အဆဲသန်တဲ့ ဗြာဟ္မဏ** စိတ်ထဲ ပေါ်လာလို့ ပြောရဦးမယ်။ (ပြောပါဘုရား။) ခွင့်လွှတ်တာနဲ့ သည်းခံတာမှာ ဘုန်းကြီးတို့ ဗုဒ္ဓရှင်တော် မြတ်ဘုရားကို ဘယ်သူမှ မယှဉ်နိုင်ပေဘူး။

တစ်ချိန်က မြတ်စွာဘုရား အထံကို ဘာရဒွါဇ အမျိုးအနွယ်ဖြစ်တဲ့ ဗြာဟ္မဏ တစ်ယောက် လာပြီးတော့ တရားလျှောက်တယ်။ မြတ်စွာဘုရား ရှင်းပြတဲ့ တရားကို ကျေနပ်သွားတော့ မြတ်စွာဘုရားထံမှာ တပည့် ခံလိုက်ပြီးတော့ ရဟန်းပြုလိုက်တယ်။

ဒီတော့ အဲဒီ ပုဏ္ဏားနဲ့ အမျိုးအနွယ်တူတဲ့ တခြား ဗြာဟ္မဏ တစ်ယောက်က သူ့ အမျိုးအနွယ်ထဲက ဗြာဟ္မဏတစ်ယောက်ဟာ ဗုဒ္ဓရဲ့ တပည့်ခံပြီး ရဟန်းပြုသွားတယ်ဆိုတော့ သူ့စိတ်ထဲမှာ မခံနိုင်ဘူး။

အဲဒီလိုမျိုးတော့ မဖြစ်သင့်ဘူးနော်။ သူ့အခြေအနေ ကြည့်ဦးမှပေါ့။ သူ အဲဒီလို လုပ်သွားတော့ သူ့မှာ ချမ်းသာနေသလား၊ ဆင်းရဲနေသလား၊ မကြည့်သင့်ဘူးလား။ (ကြည့်သင့်ပါတယ်ဘုရား။) ကြည့်သင့်တယ်။ သူ့မှာ ဆင်းရဲနေတယ်။ အကျပ်အတည်းတွေ တွေ့နေတယ်။ အနှိပ်စက် အညှဉ်းဆဲ ခံနေရတယ် ဆိုရင်တော့ ဒါဟာ မလိုလားအပ်တဲ့ အရာပဲ။ ဒီလိုဆိုရင်တော့ မဖြစ်ဘူးဆိုပြီး ဒေါသတွေ ဘာတွေထွက်ပြီး သွားရန်တွေ့ချင်တွေ့ပေါ့။ ဒီလို မဟုတ်ဘဲနဲ့ ဟိုမှာ သူ့ဟာသူ ချမ်းချမ်းသာသာ နေတာ ထိုင်တာ တွေ့ရပါလျက်နှင့် မခံနိုင်ဘူး၊ စိတ်ဆိုးတယ်ဆိုရင်တော့ ဒါမသင့်လျော်ပေဘူး။

ဟို အိန္ဒိယမှာ ဗြာဟ္မဏ အမျိုးအနွယ်တွေက သူတို့ဟာ လူ့အလွှာထဲမှာ အထက်ဆုံးကလို့ ယူဆထားကြတယ်။ ဒီတော့ တခြား အမျိုးအနွယ်တွေကို နိမ့်တဲ့ အမျိုးတွေ၊ ယုတ်တဲ့ အမျိုးတွေလို့ ထင်ထားကြတယ်။

ဒီ ဂေါတမရှင်တော်ဘုရားရဲ့ မျိုးနွယ်က ခတ္တိယမျိုးနွယ်။ ခတ္တိယမျိုး ဆိုတာ ဗြာဟ္မဏအမျိုးအောက် တစ်ဆင့်နိမ့်တယ်။ ဒီတော့ ရဟန်းပြုသွားတဲ့ ဗြာဟ္မဏနဲ့ အမျိုးအနွယ်တူဖြစ်တဲ့ ဗြာဟ္မဏက ယုတ်နိမ့်တဲ့ ဗုဒ္ဓ ဂေါတမဆီကို မြင့်မြတ်တဲ့ ဘာရဒွါဇ အမျိုးက သွားပြီး ရဟန်းပြုရမလားဆိုပြီး ဒေါပွတယ်။ သူ့ဒေါသကို ချုပ်ထိန်းလို့ မရတဲ့အခါကျတော့ မြတ်စွာဘုရားထံ သွားပြီး မြတ်စွာဘုရားကို လက်ညှိုးနဲ့ ထိုးပြီးတော့ ဆဲလိုက်တာ အမနာပတွေ စုံလို့။

ဒါကြောင့် ဘုန်းကြီးတို့ ဗုဒ္ဓကျမ်းဂန်မှာ ဒီဗြာဟ္မဏကို အက္ကောသက ဗြာဟ္မဏ= အဆဲသန်တဲ့ ဗြာဟ္မဏလို့ သိကြတယ်။ အဆဲသန်တဲ့ ဗြာဟ္မဏက

စုံနေအောင်ဆဲတာ အယုတ္တ၊ အနတ္တတွေ ဘာတစ်ခုမှ မကျန်အောင် ဆဲတယ်။ မြတ်စွာဘုရားက ပြုံးရုံလေး ပြုံးတော်မူတယ်။ သူဘယ်လို ဆဲပေတဲ့ မြတ်စွာဘုရားက ဘယ်လိုမှ မတုန်လှုပ်ဘူး။ ဆဲရပါများလာတော့ ဘသားချော မောလာတယ်၊ မောလာတော့မှ ရပ်ပြီးတော့ –

"နေစမ်းပါဦး ဗုဒ္ဓဂေါတမ၊ အကျွန်ုပ် ဒါလောက် ဆဲနေတာတောင်မှ အသင်က အပြုံးမပျက်ဘူး၊ အဲဒါ ဘာကြောင့်လဲ။"

"ဗြာဟ္မဏကြီး သင့်ကို မေးပါရစေ၊ သင့်မှာ ဆွေမျိုး ဉာတကာတွေ ရှိသလား။"

"ရှိပါတယ်"လို့ ဗြာဟ္မဏကြီးက ဖြေတယ်။

"အဲဒီ ဆွေမျိုးတွေ အဝေးမှာရော အနီးမှာရော ရှိသလား"

"ရှိပါတယ်"

"အဲဒီ ဆွေမျိုးတွေ တစ်ခါတစ်ရံ သင်ထံလာတဲ့အခါ သင်က စားဖွယ် သောက်ဖွယ် လက်ဆောင် ပဏ္ဏာတွေများ မပေးဘူးလာ။"

"ပေးတဲ့အခါ ပေးပါတယ်"

"အဲဒီလို ပေးတဲ့အခါတိုင်း သူတို့က အဲဒီ လက်ဆောင်တွေကို ယူသလား။"

"ပေးတိုင်း မယူပါဘူး၊ ယူတဲ့အခါ ယူတယ်၊ မယူတဲ့အခါ မယူပါဘူး။"

"ဒါဖြင့် ယူတဲ့လက်ဆောင်တွေ ဘယ်သူ ရသလဲ။"

"သူတို့ ရပါတယ်"

"မယူတဲ့ လက်ဆောင်တွေကကော ဘယ်လို ဖြစ်သွားသလဲ။"

"သူတို့ မယူတဲ့ လက်ဆောင်တွေကတော့ ကျွန်ုပ်ထံ ပြန်ရောက် လာပါတယ်။"

ကဲ… မကောင်းဘူးလား ဘုန်းကြီးတို့ ပရိသတ်။ (ကောင်းပါတယ် ဘုရား။) သဘောပေါက်ကြတယ် မဟုတ်လား။ (ပေါက်ပါတယ် ဘုရား။) ပြီးမှ မြတ်စွာဘုရားက ဆက်မိန့်တယ်။

"အဲဒီလိုပဲ ဗြာဟ္မဏကြီး၊ သင်က အယုတ္တာ အနတ္တာတွေ ဘယ်လောက်ပဲ ဆဲဆဲ၊ အဲဒီ သင်ဆဲတာကို ငါ့စိတ်က လက်မခံဘူး၊ ဒါကြောင့် ငါက ပြုံးနိုင်တာ။ အဲဒီတော့ သင်ဆဲတာတွေဟာ သင့်ထံ ပြန်ရောက်ကုန်ပြီ။"

ဒီတော့မှ ဗြာဟ္မဏကြီးလဲ သဘောကျသွားပြီး မြတ်စွာဘုရားကို ကြည်ညိုလာတာနဲ့ တပည့်ခံလိုက်တယ်။

အဲဒါ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းကြောင့်ရတဲ့ အကျိုးတရားပဲ။ မကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား။) သိပ်ကောင်းတာပဲ၊ အင်မတန် လိုက်နာစရာ အတုယူစရာ ကောင်းတယ်။ ဒါကြောင့်မို့ ဘုန်းကြီးက အဲဒီ ဒေသနာကို သဘောကျလို့ ဒီမှာ ထည့်ပြောတာပါ။

အခု ဘုန်းကြီး ပြောပြခဲ့တဲ့ စိတ်ထားဖြောင့်မတ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ မေတ္တာထားခြင်းဆိုတဲ့ ဩဝါဒတွေနဲ့ ပတ်သက်လို့ ပြောစရာ အကြောင်းအရာတွေ အများကြီးပဲ။ ဒါပေတဲ့ အချိန် စားသွားမှာစိုးလို့ ဘုန်းကြီးက မပြောတော့ပါဘူး။ နောက်များ ဘုန်းကြီးတို့ ဦးမန်ကျင့်ထန်တို့က ပင့်ရင် အဲဒါတွေ ပြောပြရဦးမယ်။

လုံ့လနှင့်ဖွဲ့ ပြီးတော့ "လုံ့လနှင့်ဖွဲ့၊ မလျှော့ပဲ၊ အမြဲ တင်းတင်းထား။" ဟော အရေးကြီးဆုံး အောင်မြင်ရေး သော့ချက်ဟာ ဒါပဲ။ လုံ့လဝီရိယ ရှိရမယ်။ အဲဒီ လုံ့လဝီရိယဟာ ကောက်ရိုးမီး လုံ့လဝီရိယ မဟုတ်ရဘူး။ ဖွဲမီး လုံ့လဝီရိယ ဖြစ်ရမယ်။ (မှန်ပါ့ဘုရား။) ဖွဲမီး လုံ့လဝီရိယနဲ့ ကောက်ရိုးမီး လုံ့လဝီရိယ ဘာထူးသလဲ။ (ဖွဲမီးဟာ အရှည် တငွေ့ငွေ့ လောင်ပါတယ် ဘုရား။)

ဖွဲမီးဟာ တငွေ့ငွေ့နဲ့ ကြာလေလောင်လေ။ ဟုတ်ရဲ့လား။ ကောက်ရိုးမီး ကတော့ ဟုန်းခနဲ ထလောင်တယ်။ ပြီးတော့ ချက်ချင်း ငြိမ်းသွားတယ်။ ကောက်ရိုးမီးလို လုံ့လဝီရိယကို ဖွဲလို့ ခေါ်ပါ့မလား။ (မခေါ်ပါဘုရား။) မခေါ်ဘူး။ ဖွဲမီးလို လုံ့လဝီရိယကိုမှ ဖွဲလို့ ခေါ်တယ်။ ဒါကြောင့် လုံ့လ ဝီရိယလဲရှိပါ။ အဲဒီ လုံ့လဝီရိယဟာ ဖွဲခေါ်တဲ့ ဖွဲမီး ဖြစ်ပါစေ။ ဒီလိုဆိုရင်

ကိစ္စ ပြီးမြောက်တယ် မဟုတ်လား။ (မှန်ပါဘုရား။) အဲဒါ အောင်မြင်ရေး သော့ချက်ပဲ။

ဗုဒ္ဓရှင်တော်မြတ်ဘုရား သိဒ္ဓတ္ထ ဘုရားအလောင်းဘဝက ရသေ့လုပ်ပြီး တောထွက် ၆ နှစ် တရားကျင့်တယ်။ နည်းတဲ့ လုံ့လဝီရိယလား။ သေမလောက် နီးပါးဖြစ်အောင် ကျင့်တာ။ သို့သော် အဲဒီ ၆ နှစ်ပတ်လုံး ကျင့်တာက အကျင့်မှား ဖြစ်နေတယ်။ နောက်ကျမှ အကျင့်မှန် ကျင့်ယူရတယ်။ ဆိုလိုတာက လုံ့လဝီရိယနဲ့ ခွဲကို ပြောတာပါနော်။ လုံ့လဝီရိယနဲ့ ခွဲဟာ အောင်မြင်ခြင်းရဲ့ သော့ချက်ပဲ။

ကဲ အစက ပြန်ပြီး ဆိုမယ်နော်၊ ရအောင် လိုက်ဆိုပါ။ အမှတ်တမဲ့ မဆိုပါနဲ့၊ သဘာဝကျတဲ့ သဘာဝ အဆုံးမတွေကို မြတ်စွာဘုရားက လက်ညှိုး ထိုးပြထားတယ်။ အင်း ဗုဒ္ဓမြတ်စွာ လက်ညှိုးထိုးပြထားတဲ့ သဘာဝ တရားတွေ။ ကဲ ဆိုပါ—

**မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။**<br>
**ပြော ပြု တွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား။**<br>
**စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား။**<br>
**လုံ့လနှင့်ခွဲ၊ မလျှော့ဘဲ၊ အမြဲတင်းတင်းထား။**<br>
**အရာရာတွင်၊ အသုံးဝင်၊ အောင်မြင်ကြောင်းတရား။**

အဲဒီ အဆုံးအမ ဩဝါဒတွေအတိုင်း လိုက်နာရင် လောကီရေးမှာလဲ ကြီးပွားချမ်းသာမှု မရှိနိုင်ဘူးလား။ (ရှိနိုင်ပါတယ် ဘုရား။) အောင်မြင်မှု မရှိနိုင်ဘူးလား။ (ရှိနိုင်ပါတယ်ဘုရား။) လောကုတ္တရာရေးရာမှာလဲ မအောင်မြင် နိုင်ဘူးလား။ (အောင်မြင်နိုင်ပါတယ် ဘုရား။) ကဲ ဗုဒ္ဓရှင်တော်မြတ်ရဲ့ တရားတော်ထဲက ဆုံးမဩဝါဒ အပိုင်းကလေး ဒီတွင်ပဲ ရပ်ကြဦးစို့။

# အခန်း (၅)
## လက်တွေ့ ကျင့်စဉ်များ

ကဲ… ကျင့်စဉ်အပိုင်း ပြောကြရအောင်။ ကျင့်စဉ်အပိုင်း ပြောတဲ့အခါ ကျတော့ ဘုန်းကြီးတို့ အခုနက ပြောခဲ့တဲ့ မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဆိုတာကို ပြန်ရလိမ့်မယ်။

အင်း… "မကောင်းတာကို မပြုလုပ်နဲ့။ ကောင်းတာဟူသမျှ ပြုလုပ်" ဒါပဲ။

ဒီတော့ "မကောင်းတာဆိုတာ ဘယ်ဟာလဲ။" "ကောင်းတာဆိုတာ ဘယ်ဟာလဲ။" "မကောင်းတာကို အကုသိုလ်လို့ ခေါ်တယ်" "ကောင်းတာကို ကုသိုလ်လို့ ခေါ်တယ်။"

"မကောင်းတာ၊ မကောင်းမှု အကုသိုလ်ဆိုတာ ဘယ်ဟာလဲ။"

"ကောင်းတာ ကောင်းမှုဆိုတာ ဘယ်ဟာလဲ။" ဒါ နားလည်ဖို့လိုတယ်။

**ကောင်းမှု မကောင်းမှု ခွဲခြားတတ်ပါစေ**

ဒီတော့ မကောင်းတာနဲ့ ကောင်းတာကို ဘုန်းကြီး ခွဲပြပါမယ်။ ဘုန်းကြီးခွဲပြတာကို သဘောတူရင် သာဓုခေါ်ပါ။ သဘောမတူရင် မဟုတ်သေးပါဘူး လို့ ပြောပါ။ ဟုတ်လား။ ပြောတော့မယ်နော်။ သေသေချာချာ နားစိုက်ထောင်ပြီး လား။ တစ်ခွန်းပဲ ပြောမှာမို့ သတိပေးနေတာ။ အပြစ်ရှိတာဟာ မကောင်းမှု။ (သာဓုသုံးကြိမ် ခေါ်ကြသည်။) ဘုန်းကြီးတို့ ညီတော်နောင်တော်တွေက သာဓုမခေါ်ပါလား။

အင်း… သာဓုဆိုတာဟာ တစ်ခြား မဟုတ်ပါဘူး။ "ကောင်းတယ်၊ ကောင်းတယ်"ဆိုတဲ့ အဓိပ္ပာယ်ပါ။ Well-done, Well-done လို့ ဆိုလိုတာပါ။ ဟုတ်လား။

ကဲ အားရှိအောင် ပြန်ဖြေစမ်းပါဦး။ အပြစ်ရှိတာဟာ မကောင်းမှု။ (သာဓုသုံးကြိမ် ခေါ်ကြသည်။) အဲဒီလိုမှပေါ့။ ဒါကို ကန့်ကွက်စရာရှိရင်လဲ ကန့်ကွက်ပါ။ ကဲ ဒီလိုဆိုတော့ ကန့်ကွက်သူ မရှိဘူး။ အတည်ပြုလိုက်ရမလား။ ကဲ အတည်ပြုလိုက်ပြီ။ ကိုယ့်ဘာသာကိုယ် အဆိုသွင်း၊ ကိုယ်ဘာသာကိုယ် ထောက်ခံ၊ ကိုယ်ဘာသာကိုယ် အတည်ပြုလိုက်တယ်နော်။ ဒါမှလဲ ပြတ်တယ်။ တစ်ယောက်တစ်ပေါက်ဆိုရင် တော်တော်နဲ့ကို မပြီးနိုင်ဘူး။

ကဲ နောက်တစ်ခု။ မကောင်းမှုဆိုတာ ဘုန်းကြီး အဓိပ္ပာယ် ဖွင့်ပြပြီးပြီ။ ကောင်းမှုကို ဘယ်လို အဓိပ္ပာယ် သတ်မှတ်မလဲ။ (သာဓုသုံးကြိမ် ခေါ်ကြပြီး ရယ်ကြသည်။) အဲဒါပေါ့။ ဘုန်းကြီးတို့ ပရိသတ်က သိပ်အဆင့်အတန်း မြင့်တာ။ တစ်ထွာပြလို့ရှိရင် တစ်လံ မြင်တယ်နော်။ ကောင်းမှုကို ဘယ်လို အဓိပ္ပာယ် သတ်မှတ်မလဲဆိုကာ ရှိသေးတယ် သာဓု ... သာဓုလို့ အင်တိုက် အားတိုက် သာဓုခေါ်လိုက်ပြီနော်။ ဒီတော့ လွယ်လွယ်ပါ။ အပြစ်ရှိတာဟာ မကောင်းမှုဆိုရင် အပြစ်မရှိတာဟာ ကောင်းမှု မဟုတ်ဘူးလား။ ကဲ ကန့်ကွက်စရာ ရှိသေးလား။ (မရှိပါဘုရား။) ဟော ... အခု သာဓု မခေါ်ပြန်ဘူး။ (ရယ်ကြသည်။) ဘယ်နှယ်တုန်း၊ ခုနက မပြောခင်တုန်းကတော့ သာဓုခေါ်ပြီး အခုပြောတော့ သာဓု မခေါ်ပြန်ဘူး။ (ရယ်ကြသည်။) အဲဒီလိုတော့ မဖြစ်သေးဘူး။ သာဓုကလေးတော့ ရမှ ဖြစ်မှာနော်။

ကိုင်း ကိုင်း ပြန်ပြောရဦးမယ်၊ အပြစ်ရှိတာဟာ မကောင်းမှုဆိုရင် အပြစ်မရှိတာဟာ ကောင်းမှု။ (သာဓုသုံးကြိမ် ခေါ်ကြသည်။) အင်း အခုမှ အံဝင်ခွင်ကျ ဖြစ်သွားတယ်။

**အပြစ်မရှိရင် ကုသိုလ်**
**အပြစ်ရှိရင် အကုသိုလ်**

ဒီတော့ ဘုန်းကြီးတို့ ပရိသတ် "ကုသိုလ်ဆိုတာ ဘာလဲ" လို့ မေးရင် ဘယ်လို ဖြေမလဲ။ (ကောင်းမှုပါဘုရား။) အပြစ်မရှိတဲ့ အမှု ဟုတ်ကဲ့လား။ (မှန်ပါဘုရား။) ကုသိုလ်ဆိုတာ ဘာလဲမေးရင် (အပြစ် မရှိတဲ့ အမှုပါဘုရား။) ကုသိုလ်ပဲခေါ်ခေါ်၊ အပြစ်မရှိတဲ့ အမှုပဲခေါ်ခေါ် သဘာဝကတော့ ဒီဟာ ဒီဟာပဲ မဟုတ်လား။ (မှန်ပါဘုရား။) စကားလုံးပဲ ကွဲတာ မဟုတ်လား။ (မှန်ပါဘုရား။)

အင်း ဒါဖြင့် ကောင်းမှု မကောင်းမှု ရှင်းချက် ပြည့်စုံ လုံလောက်သွားပြီလား။ (လုံလောက်ပါပြီဘုရား။) ဘုန်းကြီးကတော့ မလုံလောက်သေးဘူးထင်တဲ့အတွက် ရှေ့တစ်ဆင့် တိုးရဦးမယ်။

**အပြစ်ဆိုတာ ဘာလဲ** အပြစ်ရှိတာဟာ မကောင်းမှုဆိုတော့ "အပြစ်ဆိုတာ ဘာလဲ။" အဲဒါ လာရဦးမယ်။ ဆိုကြပါစို့။ အရက်သောက်တာ အပြစ်ရှိသလား။ (ရှိပါတယ်ဘုရား။) အရက်သောက်တာ အပြစ်ရှိသလား။ (ရှိပါတယ်။) သေချာလား။ (သေချာပါတယ်ဘုရား။) အင်း ဒါပေမယ့် တချို့က အဲဒါ အပြစ် မရှိဘူးလို့ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား။) မြင်ကြတာလဲ ရှိတယ်နော်။ (မှန်ပါ။)

**အရက်သောက်တာ အပြစ်လား** "ဘာကြောင့် အပြစ်လို့ မြင်သလဲ၊ ဘာကြောင့် အပြစ်လို့ မမြင်သလဲ"လို့ဆိုတော့ အေးတဲ့နေရာ တောင်ပေါ်ဒေသဆိုတော့ (ရယ်ကြသည်) ဩော် … မပြောရသေးဘူး၊ သိပ် သဘောပေါက်တယ်နော်။ အင်း … အလွန် အေးတဲ့နေရာဆိုတော့ ကိုယ်အပူငွေ့ နွေးနွေးကလေး အမြဲရနေမှ ဖြစ်မယ်။ အဲဒါကြောင့်မို့ ဒီခေါင်ရေလေး သောက်ပါမှ အနွေးရ အအေးလုံမယ်။ မဟုတ်ဘူးလား။ (မှန်ပါတယ် ဘုရား။) တစ်ခါ ဒီ ဘရန်ဒီ လေးကို တစ်ကျိုက်နှစ်ကျိုက် သောက်ပါမှ ဟို အနောက်နိုင်ငံတွေက လူတွေကလဲပဲ အအေးလုံမယ်တဲ့။ ဟော ဒါကြောင့် ဒီအရက်ဟာ အပြစ်မရှိဘူး။ ဟောဒီလို မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား။) မြင်တယ်နော်။

အပြစ်ရှိတယ်လို့ မြင်တဲ့သူတွေကလဲပဲ ဒီအရက် သောက်မိပြီဆိုရင် အမှားအမှန် ခွဲခြား ဝေဖန်ပြီး မသိတော့ဘဲ သတိတွေ မေ့လျော့ကုန်ကြတဲ့အတွက် မတော်တာတွေကို ပြောမိတယ်၊ မတော်တာတွေကို ပြုမိတယ်။ အမှားမှား အယွင်းယွင်းတွေ ပြောမိ ပြုမိတဲ့အတွက် အကျိုးနည်းရ အကျိုးယုတ်ရတယ်။ ဒါကြောင့် ဒီအရက်သောက်တာ အပြစ်ရှိတယ်။

အဲဒီတော့ ကိစ္စ တစ်ခုတည်းကိုပဲအပြစ်ရှိတယ်လို့ မြင်တဲ့သူက မြင်တယ်။ အပြစ်မရှိဘူးလို့ မြင်တဲ့ ပုဂ္ဂိုလ်က မြင်တယ်။ ဒီတော့ "အပြစ်

ဆိုတာကို ဘယ်လို ပိုင်းခြား သတ်မှတ်ရမလဲ။ အပြစ်ဆိုတာ ဘယ်လိုဟာလဲ” ဆိုတာ အဓိပ္ပာယ်ရှာဖို့ မလိုပေဘူးလား။ (လိုပါတယ် ဘုရား။) ကိုင်း အပြစ်ဆိုတာဘာလဲ။

**သဘာဝကျကျသတ်မှတ်** ဆိုကြပါစို့။ ဆေးလိပ် သောက်တတ်တယ်တဲ့။ ဆေးလိပ်သောက်တာ အပြစ်ရှိလား၊ မရှိဘူးလား။ (ရှိပါတယ် ဘုရား။) ရှိပါတယ်ဘုရားဆိုတာ သုံးယောက်ထဲပဲ။ ဒီလိုဆိုရင် ကျန်တဲ့ ပုဂ္ဂိုလ်တွေက အပြစ်မရှိတဲ့ ဘက်ကပေါ့။ မဟုတ်ဘူးလား။ ဒီလိုပါပဲ၊ မိမိတို့ နေရာဒေသ၊ မိမိတို့ လေ့လာထားတဲ့ ကျမ်းဂန်၊ မိမိတို့နေတဲ့ လူ့အသိုင်းအဝန်း၊ လူမှု ပတ်ဝန်းကျင် အဲဒါတွေကို လိုက်ပြီးတော့ အပြစ်ကို အမျိုးမျိုး မြင်ကြတယ်။ တချို့က အပြစ်လို့မြင်တာကို တချို့က အပြစ်လို့ မမြင်ဘူး။ တချို့က အပြစ်လို့ မမြင်တာကို တချို့က အပြစ်လို့ မြင်တယ်။

အဲဒီတော့ အပြစ်ကို သဘာဝကျကျ အဓိပ္ပာယ် သတ်မှတ်ဖို့ရာ တော်တော်ကိုပဲ ခဲယဉ်းနေတယ်။ မခဲယဉ်းဘူးလား။ (ခဲယဉ်းပါတယ်ဘုရား။) ဒီလိုဆိုရင် မသတ်မှတ်နဲ့ပေါ့၊ အသာထားလိုက်။ မကောင်းဘူးလား။ သတ်မှတ်တာ ကောင်းသလား၊ မသတ်မှတ်တာ ကောင်းသလား။ (သတ်မှတ်တာ ကောင်းပါတယ်ဘုရား။) ဒီကနေ့ ဒီနေရာမှာ သတ်မှတ်ရမယ်။ ဟုတ်ကဲ့လား၊ သာဓုတော့ မခေါ်နဲ့ဦး။ သာဓုခေါ်တာတော့ ဆိုင်းထားဦးမှ ဖြစ်မှာနော်။ ဘာကြောင့်လဲဆိုတော့ အဲဒီ သတ်မှတ်ချက်ကို စဉ်းစားစေချင် သေးလို့ပါပဲ။

ကဲ သတ်မှတ်ကြည့်ကြစို့။ လူဟာ ဆင်းရဲကို ကြိုက်သလား၊ မကြိုက်ဘူးလား။ (မကြိုက်ပါ ဘုရား။) ဘုန်းကြီးတို့ ဒီ ခရစ်ယာန် ညီတော် နောင်တော်တွေကော ဆင်းရဲတာ ကြိုက်သလား မကြိုက်ဘူးလား။ (မကြိုက်ပါ) ချမ်းသာတာကော၊ (ကြိုက်ပါတယ်။) တကယ်လို့များ တစ်စုံတစ်ယောက်က ချမ်းသာအောင် လုပ်ပေးနေရင် ဒီလူဟာ ငါ့ကို ထိခိုက်အောင် လုပ်နေတဲ့ ပုဂ္ဂိုလ်ပဲလို့ ယူဆမလား၊ မယူဆဘူးလား။ (မယူဆပါဘုရား။)

ဒါဖြင့် တစ်စုံတစ်ယောက်က မိမိကို ဆင်းရဲအောင် လုပ်ပေးနေရင် ဒီလူဟာ ငါ့ကို ထိခိုက်အောင် လုပ်ပေးနေတဲ့ ပုဂ္ဂိုလ်လို့ ယူဆမလား၊ မယူဆဘူးလား။ (ယူဆပါတယ်ဘုရား။) ဒါဖြင့် ချမ်းသာအောင် လုပ်ပေးတဲ့ ပုဂ္ဂိုလ်နဲ့ ဆင်းရဲအောင် လုပ်ပေးတဲ့ပုဂ္ဂိုလ် ဘယ်သူ့အပေါ် အပြစ်တင်မလဲ။ (ဆင်းရဲအောင် လုပ်ပေးတဲ့ ပုဂ္ဂိုလ်အပေါ် တင်ပါမယ်ဘုရား။) သေချာရဲ့လား။ ကိုင်း အပြစ်ရဲ့အဓိပ္ပာယ် ပေါ်ပြီ။ ဘယ့်နှယ်လဲ၊ ပေါ်ပြီမဟုတ်လား။ ဘုန်းကြီးတို့ ပရိသတ်က အဆင့်အတန်း မြင့်ပါတယ်။ ပေါ်ပါပြီ၊ ဟုတ်လား။ ကဲ... ပေါ်တော့ ဘယ်လို သတ်မှတ်မလဲ။

**အပြစ်ဆိုတာ ထိခိုက်တာ** ကဲ ကဲ ဒီလိုဆိုတော့ ပြောရမှာပေါ့။ သေသေချာချာ မှတ်ထားနော်။ မိမိကိုဖြစ်စေ၊ သူတစ်ပါးကို ဖြစ်စေ ထိခိုက်ရင် အပြစ်။ ဟုတ်ပြီလား။ (မှန်ပါဘုရား။) ကိုယ့်ကို ထိခိုက်ရင်လဲ အပြစ် မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား။) သူတစ်ပါးကို ထိခိုက်ရင်ကော (အပြစ်ပါ ဘုရား။) အဲဒါကြောင့်မို့ ဘယ်သူ့အပေါ် အပြစ်တင်မလဲလို့ ဘုန်းကြီးက မေးတာ။

ဒါဖြင့် "မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ ထိခိုက်တာကို အပြစ်ဆိုရင် အပြစ် မဟုတ်ဘူးဆိုတာက ဘယ်လိုဟာလဲ။" အဲ မိမိသူတစ်ပါး နှစ်ဦးသားမှာ ဘယ်သူ့ကိုမှ မထိခိုက်တာဟာ အပြစ်မဟုတ်တဲ့ဟာပဲ။ ဟုတ်ပြီလား။ (မှန်ပါဘုရား။) ဒီတော့ အပြစ် သတ်မှတ်ချက်ကို သဘောကျပြီလား။ (ကျပါပြီဘုရား။) မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ တစ်ဦးဦးကို ထိခိုက်ရင် ဘာလဲ။ (အပြစ်ပါ ဘုရား။) ဒီအဓိပ္ပာယ် သတ်မှတ်ချက် သဘောတူသလား။ (တူပါတယ် ဘုရား။) ကဲ ဒီလိုဆို သာဓုကလေး။ (သာဓု၊ သာဓု၊ သာဓု။)

ဒီလိုဆိုတော့ ဘုန်းကြီးတို့ ကောင်းမှု မကောင်းမှု ခွဲဖို့ လွယ်သွားပြီ။

မိမိကို ဖြစ်စေ၊ သူတစ်ပါးကို ဖြစ်စေ ထိခိုက်စေတဲ့ အလုပ်ဆိုရင် အပြစ်ရှိတဲ့ အလုပ်၊ ဟုတ်လား။ (မှန်ပါဘုရား။)

မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ ထိခိုက်စေတဲ့ အပြောဆိုရင် အပြစ်ရှိတဲ့အပြော၊ ဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ ထိခိုက်စေတဲ့ အကြံအတွေးဆိုရင် အပြစ်ရှိတဲ့ အကြံအတွေး၊ ဟုတ်ပြီလား။ (မှန်ပါဘုရား။)

ဒါဖြင့်ရင် ဘယ်လိုဟာ အပြစ်မရှိတဲ့ အလုပ်၊ အပြော၊ အဆို၊ အကြံအတွေးတွေ ဖြစ်မလဲ၊ မိမိသူတစ်ပါး နှစ်ဦးသား ဘယ်သူ့ကိုမှ မထိခိုက်စေတဲ့ အပြုအမူ၊ အပြောအဆို၊ အကြံအတွေး ဟူသမျှဟာ အပြစ်မရှိတဲ့ဟာတွေ ချည်းပဲ။ ဟုတ်လား။

ကိုင်း ဒီတော့ ကောင်းမှု မကောင်းမှု သတ်မှတ်ဖို့ရာ လွယ်သွားပြီလား။ (လွယ်ပါပြီဘုရား။) ဘယ်လို သတ်မှတ်မလဲ။ မိမိ သူတစ်ပါး နှစ်ဦးသားအနက် ဘယ်သူ့ကိုမှ မထိခိုက်စေတဲ့ အမှုဟာ အပြစ်မရှိတဲ့အတွက် ကောင်းမှု၊ ဟုတ်ပြီလား။ (မှန်ပါဘုရား။)

မိမိသူတစ်ပါး နှစ်ဦးသားအနက် တစ်ဦးဦးကို ထိခိုက် နစ်နာစေတဲ့ အမှုဟာ အပြစ်ရှိတဲ့အတွက် မကောင်းမှု၊ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) သဘာဝ ကျသလား၊ မကျဘူးလား။ (သဘာဝ ကျပါတယ်ဘုရား။)

အဲဒီလောက် သဘာဝကျအောင် ဘုန်းကြီးက ဘာကြောင့်များ ပြောတတ်သလဲ။ သဘာဝကို သဘာဝအတိုင်း သိမြင်ထားတဲ့ ဗုဒ္ဓရဲ့ တရားတော်ထဲက ခိုးချထားတာမို့ သဘာဝကျအောင် ပြောတတ်တာပေါ့။ ဘယ်တရားတော်ထဲက ခိုးချတာလဲ။ (ဗုဒ္ဓတရားတော်ထဲကပါ ဘုရား။)

**ဗုဒ္ဓရှင်တော်မြတ် သတ်မှတ်ချက်** သဘာဝကို သဘာဝအတိုင်း ရှင်တော်မြတ်ဘုရားက အမှန် မြင်ထားတော့ သဘာဝတရားကို သဘာဝကျအောင်ပဲ ရှင်တော်မြတ်ဘုရားက မိန့်ကြားထားတယ်။ ပါဠိဘာသာနဲ့ ဘယ်လို မိန့်ထားသလဲဆိုတော့ "ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ"တဲ့၊ ဟုတ်လား။ ကောင်းမှုရဲ့ အဓိပ္ပာယ် ဖော်ပြချက်ပေါ့။ "အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ"တဲ့ ဟုတ်လား။ ဒါက မကောင်းမှုရဲ့ အဓိပ္ပာယ် ဖော်ပြချက်ပေါ့။ မြန်မာလို ရှင်းရှင်းပဲ ပြန်ပြီးတော့ အဓိပ္ပာယ် ဖော်ပေးတာ။ ကိုင်း လိုက်ဆိုစမ်းပါ။

မိမိသူတစ်ပါး နှစ်ဦးသားအနက် မည်သူ့ကိုမှ ထိပါး နစ်နာစေခြင်း မရှိသော အလုပ်သည် အပြစ်မရှိသောကြောင့် ကောင်းမှု ကုသိုလ်။

မိမိသူတစ်ပါး နှစ်ဦးသားအနက် တစ်ဦးဦးကို ထိပါး နစ်နာစေသော အလုပ်သည် အပြစ်ရှိသောကြောင့် မကောင်းမှု အကုသိုလ်။

မှတ်လို့လွယ်အောင် ဒီထက်ပိုပြီး အတိုချုံးလိုက်ဦးမယ်။ လိုက်ဆိုပါ။

ဘယ်သူ့ကိုမှ မထိခိုက်သော အလုပ်သည် အပြစ်မရှိသောကြောင့် ကောင်းမှု ကုသိုလ်။

တစ်ဦးဦးကို ထိခိုက်သော အလုပ်သည် အပြစ်ရှိသောကြောင့် မကောင်းမှု အကုသိုလ်။

**အရက်သောက်တာ အပြစ်** ကဲ သဘောတော့ မိကြပြီမဟုတ်လား။ (မိပါပြီ ဘုရား။) လွယ်လွယ်လေးပဲ။ ဒီတော့ ကိုင်း... အရက်သောက်တာ အပြစ်ရှိသလား မရှိဘူးလား။ (ရှိပါတယ်ဘုရား။)

ဘယ်ပုံ ဘယ်နည်း ရှိသလဲ။ (အရက် သောက်ပြီး စကားများ၊ သူတစ်ပါး လိုက် ရန်မူတတ်လို့ အပြစ် ရှိပါတယ်ဘုရား။)

ဘုန်းကြီးတို့ ရွာမှာလေ ဒကာကြီးတစ်ယောက် ရှိတယ်။ ထန်းရည်ကို မနက်လဲ သောက်တာပဲ၊ ညနေလဲ သောက်တာပဲ။ သောက်ပြီးရင် ထိုးအိပ် နေတာပဲ။ ဘယ်သူ့မှလဲ စကား မပြောဘူး။ (ရယ်ကြသည်။)

အဲ ဘုန်းကြီးက သတိထားမိတယ်။ အဲဒီ ဒကာကြီးက သူတစ်ပါးကို များ ထိခိုက်စေသေးသလား။ (မထိခိုက်စေပါ ဘုရား။) ကိုင်း ဒါဖြင့် အဲဒါကော အပြစ်ဟုတ်ရဲ့လား။ (သူ့ကို ထိခိုက်လို့ အပြစ်ရှိပါတယ်ဘုရား။) သူ့ ထိခိုက်တယ်လား၊ ဘယ်ပုံများ ထိခိုက်တုန်း ပြောစမ်းပါဦး။ (အိပ်နေလို့ သူ့ကို ထိခိုက်ပါတယ်ဘုရား။) ဟုတ်ရဲ့လား။ အိပ်ရတာ မကောင်းဘူးလား။

အင်း... ဘယ်နှယ်တုံး၊ ဘုန်းကြီးတို့ ခရစ်ယာန် ညီတော် နောင်တော် တွေက ပြောစမ်းပါဦး။ အဲဒီ ဒကာကြီး အပြစ်ရှိသလား။ မရှိဘူးလား။

(ရှိပါတယ် ဘုရား။) ဘယ်ပုံ ဘယ်နည်း ရှိပါလိမ့်။ (ပိုက်ဆံ ကုန်ပါတယ် ဘုရား။) အဲ ပိုက်ဆံကုန်တယ်၊ ဟုတ်ပြီ။ ဟုတ်လိုက်တာ၊ မှန်လိုက်တာ။ ကိုင်း ဒီတော့ ဒီဒကာကြီးဟာ သူ့မှာ ထွက်လမ်းသာရှိတယ်။ ဝင်လမ်း မရှိဘူးပေါ့၊ မဟုတ်ဘူးလား။ (မှန်ပါဘုရား။)

အဲဒီတော့ ထွက်လမ်းသာရှိပြီး ဝင်လမ်းမရှိတဲ့ အလုပ်ဟာ အပြစ် ရှိသလား၊ မရှိဘူးလား။ (ရှိပါတယ် ဘုရား။) ရှိတာပေါ့။ သူက တစ်နေ့လုံး အိပ်နေတော့ သူ့ အသက်မွေးဝမ်းကျောင်း သူ လုပ်ရသေးလား။ (မလုပ်ရပါ ဘုရား။)မလုပ်ရတော့ စပါးဆန်ရေ ရွှေ ငွေ ရတနာ ဥစ္စာပစ္စည်း ရရဲ့လား။ (မရပါဘုရား။) နေ့တိုင်းသောက်တော့ ပိုက်ဆံ နေ့တိုင်း မကုန်ဘူးလား။ (ကုန်ပါတယ် ဘုရား။) ဒီတော့ သူ့ထိခိုက်တာပေါ့။ ဒါဖြင့် သူ့သာ ထိခိုက်သလားလို့ဆိုတော့ အဲဒီလို အလုပ်မလုပ်လို့ ဥစ္စာပစ္စည်း မရတော့ ဇနီးတို့ သားသမီးတို့ ဘာတို့မှာ စားရ သောက်ရသေးသလား။ (မစားရပါ ဘုရား။) ဟော... အဲဒီမှာရော မထိခိုက်ဘူးလား။ (ထိခိုက်ပါတယ် ဘုရား။)

ဒါတင် မဟုတ်သေးဘူး။ ဒီလိုပဲ၊ ထန်းရည်သောက် အရက်သောက်နေ ပြီးတော့ အိပ်နေတဲ့ အဖေကို ဘယ် သားသမီးက ကြည်ဖြူပါ့မလဲ၊ ရိုသေပါ့ မလဲ။ (မရိုသေပါဘုရား။) မိဘ ဝတ်တရားက သားသမီးကို လုပ်ကျွေးပြုစု ရမယ်။ စောင့်ရှောက် ထိန်းသိမ်းရမယ်၊ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) အဲဒီဝတ္တရားတွေ သူ့မှာ ပျက်မနေဘူးလား။ (ပျက်နေပါတယ် ဘုရား။) ပျက်နေတော့ သားသမီးက သူ့ကို ရိုသေပါဦးမလား။ (မရိုသေပါ ဘုရား။)

ကဲ ဒါဖြင့် သားသမီးကတော့ ထားပါတော့၊ ဇနီးသည်က သည်းခံနိုင်ပါ့ မလား။ (သည်းမခံနိုင်ပါဘုရား။) ဟုတ်ကဲ့လားနော်။ အင်း ... စဉ်းစားဦးနော်။ ဘာတဲ့ ဘုန်းကြီးက လောကီစကားတစ်ခု ကြားဘူးတယ်။ အဲလေ မပြောတော့ပါဘူး။ (ပရိသတ် ရယ်ကြသည်။) မပြောတော့ပါဘူးနော်။

ဒီတော့ ဆိုကြပါစို့။ ဇနီးသည်ကလဲ ဘယ်ကြည်ဖြူပါ့မလဲ။ တစ်ပတ်မှာ တစ်ရက်လောက် သောက်တယ်ဆိုရင်တော့ ခွင့်လွှတ်နိုင်စရာ ရှိသေးတာပေါ့။ နေ့စဉ်နဲ့အမျှ သောက်ပြီး အိပ်နေတယ်ဆိုတော့ ဒီဇနီးသည်ရော ဘာစားမလဲ။

သူ့ကော မထိခိုက်ဘူးလား။ (ထိခိုက်ပါတယ် ဘုရား။) ဘက်မျိုးစုံက ထိခိုက်တဲ့ ဒီ အရက်မျိုးစုံကို အပြစ်ရှိတယ်လို့ ပြောမလား၊ အပြစ်မရှိဘူးလို့ ပြောရမလား။ (အပြစ် ရှိပါတယ်ဘုရား။)

ဒီအတိုင်း ပိုင်းခြား ဝေဖန်မယ်ဆိုရင် "ကောင်းမှု"နဲ့ "မကောင်းမှု"ဟာ ရှင်းမသွားဘူးလား။ (ရှင်းပါတယ်ဘုရား။) ရှင်းလို့ ဒီအတိုင်း ဝေဖန်ရတာပဲ။ သဘာဝ ကျသလား၊ မကျဘူးလား။ (ကျပါတယ်ဘုရား။) ဘာကြောင့် သဘာဝ ကျသလဲ။ (သဘာဝတရားမို့ သဘာဝ ကျပါတယ်ဘုရား။)

ဒီတော့ အဲဒါကိုပဲ ဘုန်းကြီး ဒီစကားလုံး ဒီသဘော ဒီအဓိပ္ပာယ် ဒီသဘာဝကိုပဲ ဗုဒ္ဓဘာသာက သုံးတဲ့အခါကျတော့ "ကုသိုလ်"လို့ စကားလုံး သုံးလိုက်တယ်။ "အကုသိုလ်"လို့ စကားလုံး သုံးလိုက်တယ်။ ဗုဒ္ဓဘာသာ ဝေါဟာရပဲ။ ဗုဒ္ဓဘာသာ ဝေါဟာရကို သုံးရုံနှင့် ဒီသဘာဝဟာ ဗုဒ္ဓရဲ့တရား ဖြစ်သွားရောလား။ (မဖြစ်ပါဘုရား။) ဒါဖြင့် ဘယ်သူ့ရဲ့ တရားလဲ။ (သဘာဝရဲ့ တရားပါဘုရား။) သဘာဝတရား ဟုတ်လား။ အဲဒါကိုပဲ အင်္ဂလိပ်လို ဘာသာပြန်တဲ့ အခါကျတော့ ဒီလို ပြန်ကြတယ်။

မကောင်းမှု အကုသိုလ်ကို Unwholesome deed လို့ ဘာသာ ပြန်ကြတယ်။

ကောင်းမှု ကုသိုလ်ကို Wholesome deed လို့ ဘာသာပြန်ကြတယ်။

ဒီတော့ အဲဒီလို ဘာသာပြန်တာနဲ့ပဲ ဒါဟာ အင်္ဂလိပ်ရဲ့တရား ဖြစ်ရရောလား။ (မဖြစ်ပါဘုရား။) ဒါဖြင့် ဘယ်သူ့ရဲ့ တရားလဲ။ (သဘာဝရဲ့ တရားပါဘုရား။) အင်း သဘာဝရဲ့ တရားပဲ။ ဆိုလိုတာက စကားလုံးတွေဟာ လိုရင်း မဟုတ်ပါဘူး။ သဘာဝကို ကိုယ်က နားလည် သဘောပေါက်ပြီးတော့ သဘာဝကျအောင် လိုက်နာ ကျင့်ကြံရင်ဖြင့် ဘယ်သူမဆို သဘာဝကျတဲ့ ကောင်းကျိုးချမ်းသာတွေ မရပေဘူးလား။ (ရပါတယ် ဘုရား။) အဲဒါကို ပြောချင်တာပါ။

**ကံနှင့် ကံ၏အကျိုး** ဒီတော့ ဒီနေရာမှာ ကုသိုလ်နဲ့ အကုသိုလ်၊ ကောင်းမှုနဲ့ မကောင်းမှု ကွဲသွားပြီ။ ကွဲသွားတဲ့အခါကျတော့ ရှေ့ကို ဘုန်းကြီးတို့က ဘာဆက်ရမှာလဲ ဆိုတော့ "ကုသိုလ်ကံ" "အကုသိုလ်ကံ"ဆိုတဲ့ စကားလုံးကို ဆက်ရလိမ့်မယ်။ ဟုတ်လား။ (မှန်ပါဘုရား။)

အင်း အခု အခြေအနေအရတော့ ဘုန်းကြီးတို့ ပရိသတ် သိသင့်သိထိုက်တဲ့ အရာတွေ မကုန်သေးဘူး။ အခုဟာက ဆုံးမ ဩဝါဒပဲ ရှိသေးတယ်။ ကျင့်စဉ်အထိ မရောက်သေးဘူး။ အခုဟာက ကျင့်စဉ်ကို ခြေလှမ်း လှမ်းတော့မလို့ ကြံရုံပဲ ရှိသေးတယ်။ အဲဒီ ကျင့်စဉ်ကို ပြောပြီဆိုရင်တော့ တတိယဖြစ်တဲ့ ကျင့်လို့သိတဲ့ အသိဉာဏ် ဆိုတာလဲ ပါသွားလိမ့်မယ်။

အဲဒါကြောင့် နက်ဖြန်လဲပဲ ဘုန်းကြီးတို့ (၂)နာရီကနေပြီးတော့ (၄)နာရီ၊ သို့မဟုတ် (၄)နာရီခွဲလောက် အထိတော့ ပြောရပေလိမ့်မယ်။ အဲ ပြောပြီးလို့ နာရီဝက်လောက် နားပြီးတဲ့အခါကျတော့ မေးခွန်းတွေ ဖြေပေးပါမယ်။ ဒီကနေ့တော့ သည်လောက်နဲ့ တော်ကြဦးစို့။

**တရားသိမ်း** ဒါကြောင့် ဘုန်းကြီးတို့ တရားနာ ပရိသတ်ဟာ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဆုံးမထားတဲ့ ဆုံးမဩဝါဒတွေကို အခုလို နာရကြားရလို့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အဆုံးအမ ဩဝါဒဆိုတာ တခြားမဟုတ်ပေဘူး။ သဘာဝ တရားတွေပဲလို့ ဉာဏ်ထဲမှာ သဘောပေါက်ပြီးတော့ ဒီ သဘာဝ တရားတွေဟာ လိုက်နာ ကျင့်သုံးတဲ့ လူတိုင်းအတွက် အကျိုးများကြပေတာပဲ။ ဗုဒ္ဓ၏ ကိုယ်ပိုင်တရားမဟုတ်၊ ဗုဒ္ဓ တွေ့သိတဲ့ တရားမျှသာဖြစ်တဲ့အတွက် လူတိုင်းလူတိုင်း လိုက်နာကျင့်သုံးဖို့ အင်မတန် ထိုက်တန်တဲ့ တရားတွေပဲလို့ စိတ်ထဲမှာ နှလုံးပိုက်ပြီးတော့ ဒီ ဆုံးမဩဝါဒတွေအတိုင်း လိုက်နာ ကျင့်သုံး နိုင်ကြသဖြင့် လောကီရေးရာရော လောကုတ္တရာရေးပါ

အောင်မြင်ပြီးတော့ လောကီချမ်းသာ လောကုတ္တရာ ချမ်းသာနဲ့ ပြည့်စုံတဲ့ သူတော်စင်များ ဖြစ်ကြပါစေ။

သာဓု၊ သာဓု၊ သာဓု။

**သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။**

**[ဒုတိယနေ့ (၄၊ ၅၊ ၈၂) တရားပွဲပြီး၏။]**

## ဒုတိယနေ့ တရားပွဲ အခမ်းအနားသိမ်း

**အခမ်းအနားမှူး** တရားနာ ပရိသတ်အပေါင်းတို့ ခင်ဗျား။ ကျွန်တော်တို့ တရားနာကြရတဲ့အတွက် အမျှအတမ်း ဝေပြီးတဲ့ နောက်မှာတော့ ခရစ်ယာန် ဘုန်းတော်ကြီးဖြစ်တဲ့ ဦးမန်ကျင့်ထန်ကနေပြီးတော့ ခရစ်ယာန်များရဲ့ကိုယ်စား ဆုတောင်းမေတ္တာ ပို့သပါမယ်။ ဒါကြောင့် ပရိသတ်ကြီးအား ခေတ္တခဏ စောင့်ဆိုင်းပြီးတော့ မေတ္တာ ပို့သမှုကို ခံယူကြပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးမန်ကျင့်ထန်** ဉာဏ်တော်အနန္တ၊ ဘုန်းတန်ခိုးတော် အနန္တနှင့် ကမ္ဘာမြေ ပြင်၌ ခပ်သိမ်းသော အားလုံးသော ဝတ္ထုတို့ကို ဖန်ဆင်း တော်မူသော အတုမရှိ မနိုင်းအပ်သည့် ကမ္ဘာကမ္ဘာ အဆင့်ဆင့် အသက် ရှည်တော်မူသော မေတ္တာ ဂရုဏာ အနန္တ၊ သစ္စာ သမာဓိ သန့်ရှင်းတော်မူသော ထာဝရ ဘုရားသခင်။

ယနေ့ သားသမီးတို့နှင့် ဤနေရာ၌ စုရုံးလျက် မည်သည့်အရာကို တောင်းတလျက် စောင့်မျှော်လျက် နေကြသည်ကို ကိုယ်တော် သိမြင် တော်မူပါ၏။ ကျွန်တော်မျိုးတို့၏ လူအပေါင်းဆန္ဒကို ကိုယ်တော်ရှင်က ပေးသနားတော်မူပါ။ သစ္စာတရား မေတ္တာတရားတော်များကို ကျွန်တော်မျိုး အသီးသီးတို့၌ သစ္စာတရား မေတ္တာတရား ပွားများ ပြုတော်မူပါမည့်အကြောင်း ဆုတောင်းပါ၏။

အရှင်သခင် ခရစ်တော်၏ မဟာကျေးဇူးတော်၊ ခမည်းတော်၏ ချစ်ခြင်းမေတ္တာတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ မိတ်သဟာပြုခြင်း၊ ကျေးဇူးတော်မြတ်သည် ကျွန်တော်မျိုး အပေါင်းတို့ အပေါ်၌ သက်ရောက်လျက် အစဉ်အမြဲ တည်ရှိပါစေသော် (အာမင်)။

**အခမ်းအနားမှူး** ကြွရောက်လာကြတဲ့ မိတ်ဆွေအပေါင်းတို့ ခင်ဗျား။ ကျွန်တော် စောစောက အစီရင်ခံထားတဲ့ အတိုင်းပဲ ကျွန်တော်တို့ ချမ်းမြေ့ဆရာတော်ဘုရားကြီး ပြန်လည် ကြွရောက် သွားပြီးတဲ့ အခါမှသာ ကျွန်တော်တို့ စည်းကမ်းရှိရှိနဲ့ ပြန်ကြဖို့အတွက် အနူးအညွတ် တောင်းပန် လိုပါတယ်။

တစ်ဆက်တည်း ကျွန်တော်တို့ ကြွရောက်လာကြတဲ့ ပရိသတ်အား ဖျော်ရည်များနဲ့ ဧည့်ခံမှာ ဖြစ်တဲ့အတွက် ကုသိုလ်မြောက်အောင်လဲ အလှူဒါနရှင်များ တိုက်ကျွေးတဲ့ ဖျော်ရည်ကို သောက်ပြီးတော့မှ ဖြည်းဖြည်းဆေးဆေး ပြန်တော်မူကြရန်အတွက် ကျွန်တော် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဒုတိယနေ့ တရားပွဲ အခမ်းအနား ပြီး၏။

၁၃၄၄ ခု၊ ကဆုန်လဆန်း ၁၃ ရက် (၅၊ ၅၊ ၈၂) နေ့တွင်
ကလေးမြို့ ရွှေဘုံသာစမ္မာရုံကြီး၌
ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာဝင်များအား
ချမ်းမြေ့ရိပ်သာဆရာတော် ဟောကြားသော

# တတိယနေ့ တရားပွဲ အခမ်းအနား

**အခမ်းအနားမှူး** ကြွရောက်လာကြသော ပရိသတ်အပေါင်း သူတော်ကောင်းတို့ခင်ဗျား။ ဒီကနေ့ ကလေးမြို့ ရွှေဘုံသာဘုရား စမ္မာရုံကြီးမှာ ကလေးမြို့ ခရစ်ယာန် ဂိုဏ်းပေါင်းစုံက လျှောက်ထားချက်အရ ကျင်းပတဲ့ ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားရဲ့ တရားပွဲ တတိယနေ့ နောက်ဆုံးနေ့ ဖြစ်ပါတယ်။ တရားပွဲ အစီအစဉ်ကို ကျွန်တော် ကြေငြာပါမယ် ခင်ဗျား။

## အခမ်းအနား အစီအစဉ်

အစီအစဉ် (၁)မှာ ခရစ်ယာန် ဘုန်းတော်ကြီး ဦးအွန်ခန့်ပေါင်က ဆုတောင်းမေတ္တာ ပို့သမှာ ဖြစ်ပါတယ်။

အစီအစဉ် (၂)အရ ခရစ်ယာန် ဘာသာဝင်များအား တရားချီးမြှင့်မယ့် ဆရာတော်ဘုရားထံ ဆရာဦးအိကျက အပ်နှံရန် ဖြစ်ပါတယ်။

အစီအစဉ် (၃)မှာ ဗုဒ္ဓဘာသာဝင်များက ငါးပါးသီလ ခံယူကြရန် ဖြစ်ပါတယ်။ ဒီအပိုင်းမှာ ဗုဒ္ဓဘာသာဝင်များကို နိဗ္ဗာန်ဆော် ဦးလှရွှေက ရှေ့မှာ လိုအပ်တဲ့ အစီအစဉ်များနဲ့ ဦးဆောင်သွားမှာ ဖြစ်ပါတယ်။

အစီအစဉ် (၄)မှာ ဆရာတော် ချီးမြှင့်တဲ့ တရားကို နာကြားကြရန် ဖြစ်ပါတယ်။

အစီအစဉ် (၅)မှာ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်က ဝမ်းမြောက်ဖွယ် အနုမောဒနာစကား ပြောကြားပြီးတော့ လက်ဆောင်ပစ္စည်း ဆက်ကပ်မှာ ဖြစ်ပါတယ်။

အစီအစဉ် (၆)မှာ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန်ကပဲ ဆုတောင်းမေတ္တာ ပို့သပေးရန်ပဲ ဖြစ်ပါတယ်။

အစီအစဉ် (၇)မှာကတော့ တရားပွဲ ပြီးဆုံးကြောင်း ကြေငြာ ပြောကြားရန် ဖြစ်ပါတယ်။

**အခမ်းအနားမှူး** အစီအစဉ် (၁)အရ ဘုန်းတော်ကြီး ဦးအွန်ခန့်ပေါင်က ဆုတောင်းမေတ္တာ ပို့သရန် ဖြစ်ပါတယ်။ ဘုန်းတော်ကြီး ဦးအွန်ခန့်ပေါင် ကြွပါခင်ဗျား။

နောက်ပြီးတော့ တိတ်ဆိတ်ငြိမ်သက်စွာ နားဆင်ကြဖို့ တောင်းပန်ပါတယ်။

**ဦးအွန်ခန့်ပေါင်** အတိတ် ပစ္စုပ္ပန် အနာဂတ်ကာလများကို ပိုင်သ အုပ်စိုးတော်မူသော ထာဝရ ဘုရားသခင်၊ သူတော်စင်မြတ် လမ်းပြ ပို့ဆောင်တော်မူခြင်းဖြင့် တတိယမြောက် ယနေ့ ကိုယ်တော်ရှင်မြတ် ရန်ကုန်က ပင့်ဆောင်လာသော ဆရာတော်၏ ဗုဒ္ဓဘာသာ တရားတော်မြတ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ကလေးမြို့နယ်၌ ရှိသော ရတနာသုံးပါးကို ကိုးကွယ်လျက်ရှိသော ဗုဒ္ဓဘာသာဝင် သူတော်စင်များနဲ့ တကွ ခရစ်ယာန် ဘာသာဝင်များတို့ အတူတကွ ဤကဲ့သို့ တရားနာရသော အခွင့်ကိုလဲ ဆက်လက်၍ ပေးသနားတော်မူပြန်သောကြောင့်လဲ ကျေးဇူး တင်ပါ၏။

ဗုဒ္ဓမြတ်စွာ ဘုရားသခင်၊ ဤကဲ့သို့ သားသမီးတို့ မေတ္တာတော်နဲ့ တစ်ဦးနဲ့တစ်ဦး အသိအမြင် ဘာသာရေး တရားများကို ဤမျှသောအခါ၌ သူတော်စင်နှင့် အတူတကွ ပါရှိသောအားဖြင့် ဤမြန်မာပြည်၌ ဗုဒ္ဓဘာသာဝင် များ၊ ခရစ်ယာန် ဘာသာဝင်များနှင့် တခြား ဘာသာဝင်များ အသီးသီးတို့သည်

လောကနိဗ္ဗာန်ကို တည်ဆောက်လျက် နောင်ဘဝ၌လဲ ထာဝရ အသက်ကို ရနိုင်ဖို့ သူတော်စင်လမ်းပြ ပို့ဆောင်တော်မူပါ။

တိုင်းပြည်၌ တိုင်းပြည်ကို အုပ်ချုပ်လျက်ရှိသော မင်းစိုးရာဇာမှ တိုင်းသူပြည်သား အပေါင်းတို့ကိုလဲ ဆက်လက်၍ ကိုယ်တော်ရှင် ကောင်းချီးမင်္ဂလာ ပေးတော်မူပါ။

ကိုယ်တော်ရှင် ထာဝရ ဘုရားသခင်၏ အလိုတော်မြတ်သည် လောက၌ ကိုယ်တော်ရှင် ဖန်ဆင်းထားသော သားသမီးများကို သင့်မြတ်စွာ အေးအတူ ပူအမျှ သူတော်စင်များ အသက်ရှင်ကြဖို့ လုပ်ကိုင်လျက်ရှိသည်ကို ယနေ့ ဆက်လက်၍ သားသမီးတို့သည် နားလည် သိခဲ့သည့်ကာလ စည်းလုံးမှု၊ ချစ်ခြင်းမေတ္တာများနဲ့ ပြည့်ဝဖို့ ကိုယ်တော်ရှင် ကောင်းချီးပေးပါ။

မကြာခင် ဆရာတော်ကြီး ဟောကြားမည့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို နာယူခြင်းအားဖြင့် သားသမီးတို့ ကိုယ် စိတ်နှလုံး ချမ်းမြေ့လျက် ဤလောက၌ တရားမျှတမှု၊ ချစ်ခင်မြတ်နိုးမှု၊ မေတ္တာတရား ပွားများစေနိုင်သော တပည့်တော်များ ဖြစ်စေဖို့ ကိုယ်တော်ရှင် လမ်းပြ ပို့ဆောင်တော်မူပါမည့်အကြောင်း ကယ်တင်ရှင်ဖြစ်သော နာမတော်မြတ်ကိုသာ ရှိသေစွာ ဆုတောင်းလျက် အသနားတော်မြတ် ခံယူပါသည် အဖ ထာဝရ ဘုရားသခင် (အာမင်)။

**အခမ်းအနားမှူး** ခရစ်ယာန် ဘာသာဝင် တရားတော်နာ ပရိသတ်များကို ဘုန်းတော်ကြီး ဦးအီကျ က တရား ချီးမြှင့် ဟောကြားတော်မူမယ့် ချမ်းမြေ့ ဆရာတော်ဘုရားအား အပ်နှံပေးပါရန် ဖြစ်ပါတယ်။ ဘုန်းတော်ကြီး ဦးအီကျ ကြွပါခင်ဗျား။

**ဦးအီကျ** ယနေ့ တတိယမြောက်နေ့ ဗုဒ္ဓ အရှင်မြတ်၏ တရား ဒေသနာတော်ကို ကြားနာရန် ကြွရောက်ကြကုန်သော ဗုဒ္ဓဝါဒီ၊ ခရစ်တော်ဝါဒီ သူတောစင်အပေါင်းတို့ ခင်ဗျား။ ယခုအချိန်ကစ၍ အားလုံ တရားတော်ကို အာရုံပြုလျက် ဗုဒ္ဓတရားရေအေး တိုက်ကျွေးမည့် ဆရာတော်ကြီးအား ခစား ဦးညွတ်ကာ လေးလေးနက်နက် နားသောတ ဆင်လျက်

တရားတော်ကို ဆည်းကပ် နာယူကြပါစို့လို့ ထပ်မံ၍ အလေးအနက် ဖိတ်မန္တက ပြုအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး:** အစီအစဉ် (၃)အရ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များက ငါးပါးသီလ ခံယူ ဆောက်တည်ဖို့ ဖြစ်ပါတယ်။ ဒီတော့ ဦးလှရွှေကပဲ နိဗ္ဗာန်ဆော်အဖြစ် ဆောင်ရွက်ပြီးတော့ ငါးပါးသီလ ခံယူ ဆောက်တည်ကြရန် ဖြစ်ပါတယ်ခင်ဗျား။

(ပရိသတ်ကြီးက သြကာသ အစချီ၍ ကန်တော့ကြသည်။)

**ဆုပေး:** ကိုယ်တော်တိုင် ကျင့်ကြံတော်မူ၍ သစ္စာလေးပါး အမှန်သဘာဝ တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသဖြင့် ကိလေသာခပ်သိမ်း ကင်းငြိမ်းတော်မူ၍ ဆင်းရဲခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရားကို လည်းကောင်း၊ ထို မြတ်စွာဘုရားသခင် ဟောကြားတော်မူသော ကိလေသာငြိမ်းကြောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့်တကွ နိဗ္ဗာန် ပရိယတ် တည်းဟူသော ဆယ်ပါးသော တရားကောင်း တရားမြတ်ကို လည်းကောင်း၊ ထိုတရားတော်မြတ်အတိုင်း လိုက်နာ ကျင့်ကြံတော်မူကြသော အရိယာရှစ်ဖော် သံဃာတော်အပေါင်းနှင့် သမ္မုတိသံဃာတော် အပေါင်းတို့ကို လည်းကောင်း ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးရသော ပဏာမ ကုသိုလ် စေတနာတို့ကြောင့် ဘေးရန် အန္တရာယ်အပေါင်း ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်ငြိမ်းကြ ဝေးကွာကြလျက် ကျန်းကျန်းမာမာ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ ချမ်းသာ အေးမြစွာနှင့် မဂ္ဂင်ရှစ်တန် အကျင့်မှန်တို့ကို ကျင့်ကြံပွားများ ကြိုးစား အားထုတ်နိုင်ကြသဖြင့် မိမိတို့ အလိုရှိအပ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဆင်းရဲကင်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်ကြပါစေ။

(ပေးသောဆုနဲ့ ပြည့်စုံရပါလို၏ ဘုရား။)

**သီလဆောက်တည်** ကြည်ညွှသဒ္ဓါ ဖြူစင်စွာနှင့် ရတနာ သုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်ကို ခံယူ ဆောက်တည် ကြပါဦးစို့ ခင်ဗျား။

(ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။)

**တရားတောင်း** "သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့အေးငြိမ်းရေး" တရားရေအေးကို တိုက်ကျွေးတော်မူပါ ဆရာတော်သခင် အရှင်သူမြတ်ကြီး ဘုရား။

သာဓု၊ သာဓု၊ သာဓု။

ကလေးမြို့ ရွှေဘုံသာဘုရား ဓမ္မာရုံကြီး၌
ချမ်းမြေ့ရိပ်သာဆရာတော် ဟောကြားသော

# ဆင်းရဲငြိမ်းအေး ချမ်းသာရေး တရားတော်

## [ အခန်း (၅) အဆက်]

ဘုန်းကြီးတို့ ဒီကနေ့ ၁၉၈၂ ခုနှစ်၊ မေလ ၅ ရက်နေ့ နေ့လယ် ၁ နာရီနဲ့ ၄၅ မိနစ် အချိန်မှာ ကလေးမြို့ ရွှေဘုံသာ ဓမ္မာရုံကြီး အတွင်း၌ ကျင်းပတဲ့ သွေးချင်းသားချင်း ခရစ်ယာန် သူတော်စင်များနဲ့ ဗုဒ္ဓဘာသာ သူတော်စင်များ အား ဟောကြားရတဲ့ ဓမ္မသဘင်ကို ဘုန်းကြီးတို့ စတင်ပါတယ်။

ဒီကနေ့ တတိယနေ့ နောက်ဆုံးနေ့မှာ ဘုန်းကြီးတို့ တရားပွဲ အချိန် တစ်ဝက်လောက် ရှိတဲ့အခါမှာ သင့်လျော်တဲ့ နေရာမှာ ရပ်ပြီးတော့ အဖျော်ရည် လှူဒါန်းလိုတဲ့ ပုဂ္ဂိုလ်များ လှူဒါန်းဖို့ရာအတွက် နားချိန်အဖြစ် ခွင့်ပြုရပါမယ်။ ပြီးတဲ့အခါကျတော့ တရား ဆက်ပြီး ဟောပါမယ်။ တရား ဆက်ပြီး ဟောတဲ့အခါမှာ သင့်လျော်တဲ့အချိန်မှာ ရပ်ပြီး တရား အဆုံးသတ်ပြီးတဲ့နောက် မေးလိုတဲ့ မေးခွန်းများကို ဖြေဖို့ပါပဲ။

သက်ဆိုင်ရာ တရားပွဲ ဖြစ်မြောက်ရေး ကော်မတီက ခရစ်ယာန်ကောင်စီ ဘုန်းတော်ကြီးများ ပေးအပ်ထားတဲ့ မေးခွန်းသုံးခု လာပြီး ဒီကနေ့ နေ့လယ် ဆက်ကပ်ထားပါတယ်။ ဘုန်းကြီး ကြေငြာထားပါတယ်။ “မိမိတို့အတွက် ကုသိုလ်ပွားရေး၊ ဘာသာရေး အသိဉာဏ် တိုးပွားရေးကို ရှေးရှုတဲ့ ဦးတည်ချက် ရည်ရွယ်ချက်နဲ့ သင့်လျော်တဲ့ မေးခွန်းများကို မေးနိုင်ပါတယ်။ မေးတဲ့အခါမှာ ဘုန်းကြီးတို့ သင့်လျော်တဲ့ မေးခွန်းများကို ဖြေဆိုပါမယ်”လို့ ကြေငြာ ထားပါတယ်။

အခုအချိန်အထိ ရောက်လာတဲ့ မေးခွန်းသုံးခွန်း ရှိပါတယ်။ ဒီမေးခွန်း သုံးခုလုံးဟာ ဖြေဖို့ သင့်လျော်တဲ့ မေးခွန်းချည်းပါပဲ။ ဒါကြောင့်မို့ အဲဒီ မေးခွန်းတွေ ဘုန်းကြီးတို့ တရားပွဲပြီးရင် ဖြေရပါမယ်။

**ကမ္မဝါဒ** ကဲ တရားစကြရအောင်၊ ဒီနေ့ ဘုန်းကြီးတို့ ဗုဒ္ဓ ရှင်တော်မြတ် ဘုရားရဲ့ တရားတော် သုံးမျိုးသုံးစားထဲက ဒုတိယ အမျိုးအစား ဖြစ်တဲ့ ကျင့်စဉ်ကို ဘုန်းကြီးတို့ ပြောရမယ်။ ကျင့်စဉ်ကို ပြောတဲ့အခါကျတော့ ကျင့်စဉ်ရဲ့ အခြေခံဖြစ်တဲ့ ကံအကြောင်းကို နည်းနည်းပါးပါး ပြန်ပြောဦးမှ ဖြစ်မယ်။ ဒါမှ ကျင့်စဉ်ရဲ့ သဘောကို အပြည့်အဝ နားလည်မယ်။

မြတ်စွာဘုရားရဲ့ ဝါဒဟာ ဘာဝါဒလဲလို့ မေးရင် ဘုန်းကြီးတို့ ပရိသတ် ဘယ်လို ဖြေမလဲ။ (သဘာဝဝါဒပါ ဘုရား။) သဘာဝဝါဒ။ မှန်တယ်နော်။

သို့သော်လဲ မြတ်စွာဘုရား လက်ထက်တော်တုန်းက အရှင်အဿဇိ ဖြေတော်မူတဲ့ အဖြေနဲ့ ကိုက်ကြည့်ရအောင်နော်။ အဲဒီအဖြေ ဖြစ်ပေါ်လာရခြင်း ရဲ့ အကြောင်းရင်း အဖြစ်အပျက်က စိတ်ဝင်စားစရာမို့ ဘုန်းကြီးက အခြေခံက စပြီး ပြောချင်ပါတယ်။

**ကြည်ညိုဖွယ် အရှင်မြတ်** မြတ်စွာဘုရား မိဂဒါဝုန်တောမှာ တစ်ဝါဆိုပြီးတဲ့နောက် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် အချိန်ကပေါ့။မြတ်စွာဘုရားရဲ့ လက်ဦးတပည့် ငါးပါးထဲမှာ တစ်ပါး အပါအဝင်ဖြစ်တဲ့ အရှင် အဿဇိက ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွတယ်။ အဲဒီလို ကြွတဲ့အခါမှာ မျက်လွှာချပြီးတော့ ခြေထောက် ရှေ့ရှားနေတဲ့ ဝါယော သဘာဝကို သတိမပြတ် ကပ်ရှုရင်းနဲ့ ကြွတယ်။

သတိမပြတ် ကပ်ရှုနေတဲ့အတွက် ရှုတဲ့စိတ်ထဲမှာ၊ လောဘ၊ ဒေါသ၊ မောဟ မဝင်ဘူး။ အရှင်အဿဇိ အနေနဲ့ကတော့ ဒီ လောဘ၊ ဒေါသ၊ မောဟ တရားတွေကို ရှေးကတည်းက မိဂဒါဝုန်တောမယ် မြတ်စွာဘုရား အထံမှာ အနတ္တလက္ခဏာသုတ် ဒေသနာတော် နာကြားပြီးကတည်းက အမြစ်ပြတ် ငြိမ်းသတ်ခဲ့ပြီးသားပါပဲ။ ဒီတော့ မရှုဘဲ နေတဲ့အခါလဲ ကိလေသာ

မဝင်ပါဘူး။ သို့သော်လဲ အခုလို ရှုသွားတဲ့ အခါကျတော့ ဖြစ်တိုင်းဖြစ်တိုင်းသော သဘာဝတရားကို သိသိနေတဲ့အတွက် စိတ်က ပိုပြီး ကြည်လင်နေတယ်။

အရှင်မြတ်ရဲ့ စိတ်က ကြည်လင်နေတော့ မျက်နှာတော်ကလဲ ကြည်လင်တယ်။ လောဘ၊ ဒေါသ၊ မောဟ စတဲ့ အပူတရား၊ အညစ်အကြေးတရားတွေ စိတ်မှာ မကပ်တော့ မျက်နှာတော်က ကြည်လင်ပြီး တည်ငြိမ်တယ်၊ ငြိမ်းချမ်းတယ်၊ ချမ်းမြေ့တယ်။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ် ကြည်လင်၊ တည်ငြိမ်၊ ငြိမ်းချမ်း၊ ချမ်းမြေ့ပြီး ကျက်သရေရှိတဲ့ မျက်နှာတစ်ခုကို စိတ်ထဲမှာ ဖန်တီးကြည့်လိုက်ပါ။ ပုံဖော်ကြည့်လိုက်ပါ။ ဘယ်လောက် ကြည်ညိုဖွယ်ရှိသလဲလို့။

ခြေလှမ်း လှမ်းတိုင်း ခြေထောက် ရွေ့ရှားမှုဆိုတဲ့ ရွေ့သဘာဝကို သိအောင် ရှုပြီးနေတာ ဖြစ်လေတော့ ဒီအရှင်မြတ်ရဲ့ ခြေလှမ်းတွေဟာ ကျဲကျဲကြီး သွက်သွက်ကြီးနဲ့ ကြည့်မကောင်း ရှုမကောင်း ဖြစ်မလား။ (မဖြစ်ပါဘုရား။) ခြေလှမ်း မှန်မှန်နဲ့ ဖြည်းဖြည်း ညင်ညင်သာသာကလေး လှမ်းနေတယ်။ အင်မတန် ကြည်ညိုစရာ ကောင်းတာပေါ့။

အဲဒီလို ရှုရင်း လှမ်းနေတယ်ဆိုတော့ မျက်စိကတော့ ဟိုကြည့် ဒီကြည့် ကြည့်မလား။ (မကြည့်ပါဘုရား။) မကြည့်ဘူး။ မိမိရှေ့ သုံးတောင် လေးတောင်မျှမှာပဲ မျက်လွှာချပြီးတော့ အဲဒီအခိုက်မှာ ထင်ရှားတဲ့ အထင်ရှားဆုံးသဘာဝဖြစ်တဲ့ ခြေထောက်ရဲ့ ရွေ့ရှားမှု သဘာဝကို ရှုပြီးတော့သွားတယ်။ အင်မတန် တည်ကြည်တယ်၊ ငြိမ်သက်တယ်၊ ငြိမ်းချမ်းတယ်၊ ချမ်းမြေ့တယ်၊ ကျက်သရေရှိတယ်။

**တရားမှန်ရှာသူ ဥပတိဿ**

ဒါကို အဲဒီအခါတုန်းက ဗုဒ္ဓရှင်တော် မြတ်ဘုရားနဲ့ ပြိုင်ဆိုင်ပြီးတော့ ဘုရားကြီး တစ်ဆူလို လုပ်နေတဲ့ တိတ္ထိဂိုဏ်းဆရာကြီး သိဉ္စည်းရဲ့တပည့် ဥပတိဿ ပရိဗိုဇ် ဆိုတာက မြင်တယ်။ သူလဲပဲ အမှန်တရား ဆင်းရဲငြိမ်းရေးတရား ရှာနေတာပဲ။ ဒါပေမယ့် သူကတော့ နီးစပ်ရာ သိဉ္စည်းဆရာကြီးထံ ဆည်းကပ်

မိတယ်။ သိဥ္စည်းဆရာကြီးထံမှာ တပည့်ခံပြီးတော့ သိဥ္စည်းဆရာကြီးရဲ့ နည်းနာနိဿျတွေကို လိုက်နာ ကျင့်ကြံတယ်။

အဲဒီ ဥပတိဿဟာ အရှင် အဿဇိကို မြင်တဲ့အခါကျတော့ မြင်ရင်မြင်ချင်း သူ့စိတ်ထဲမှာ ငြိမ်းအေးခြင်း အရှိန်ဓာတ် ဟပ်သွားတယ်။ ဒီတော့ ဥပတိဿရဲ့ စိတ်ထဲမှာ "ဧကန္တ ဒီပုဂ္ဂိုလ်မှာတော့ တရားထူးရှိပြီ မုချပဲ။ သူ့လက် သူ့ခြေ သူ့မျက်နှာ ဣန္ဒြေဟာ အင်မတန် တည်ကြည် ငြိမ်သက်တယ်။ ကြည်လင် ငြိမ်းအေးတဲ့အသွင် ချမ်းမြေ့တဲ့ အသွင်ဟာ သူ့မျက်နှာမှာ အထင်းသား ပေါ်နေတယ်။ ဒီ ပုဂ္ဂိုလ်ဟာ မုချ တရားထူးရှိတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်"လို့ စဉ်းစား ဆင်ခြင်မိတယ်။

အဲဒီလို စဉ်းစားဆင်ခြင်မိတာနဲ့ ဆွမ်းခံနေတုန်းတော့ သွားပြီး မေးဖို့ မြန်းဖို့ မတော်လို့ မမေးမမြန်းသေးဘဲ အလိုက်သိစွာနဲ့ အရှင်အဿဇိရဲ့ နောက်က အသာ နောက်ယောင်ခံ လိုက်သွားတယ်။

အရှင်အဿဇိလဲ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံလို့ ဆွမ်းတစ်ပါးစာရတော့ သင့်လျော်ရာနေရာ တစ်နေရာမှာ ဆွမ်းဘုဉ်းပေးတယ်။ ဥပတိဿက နောက်က လိုက်ပြီးတော့ အရှင်အဿဇိ ဆွမ်းဘုဉ်းပေးတဲ့နေရာမှာ လှဲကျင်းပြီး နေရာ ခင်းပေးတယ်။ အရှင် အဿဇိ ဆွမ်းဘုဉ်းပေးပြီးတဲ့ အခါမှာ ဥပတိဿက သူ့မှာ အသင့်ပါလာတဲ့ ရေဗူးထဲက ရေကို ကပ်လှူတယ်။ ပြီးတဲ့အခါကျတော့ ဆွမ်းကြွင်း ဆွမ်းကျန် သွန်လို့ သပိတ်ဆေးလို့ အစရှိသည်ဖြင့် ဆရာ အပေါ်မှာ တပည့်တို့ ပြုရမည့် ဝတ္တရားကို သူကပြုတယ်။ ဝတ္တရား အလွန်ကျေပွန်တဲ့ တပည့်လောင်းပဲ။ ကြီးပွား ချမ်းသာဦးမယ့် တပည့် ဖြစ်မှာပါပဲ။

ဂေါတမ ရှင်တော်မြတ်၏
ဝါဒ

ပြီးတော့မှ အရှင်အဿဇိနားမှာ ကျကျနနထိုင် လက်အုပ်ချီပြီးတော့ လေးလေးစားစား ရိုရို သေသေနဲ့ "အရှင်ဘုရား မေးခွင့်ပြုပါ၊ အရှင်ဘုရားရဲ့ ဣန္ဒြေတွေဟာ အလွန် ကြည်လင်ပါတယ်၊ အသားအရေကလဲ သန့်စင် ကြည်လင်နေပါတယ်။ အရှင်ဘုရား ကြည့်ရတာ ဧကန္တ တရားထူး ရထားတဲ့ ပုဂ္ဂိုလ်နဲ့ တူပါတယ်။ ဒါကြောင့် တပည့်တော် လိုက်လာခဲ့တာပါ။

အရှင်ဘုရား၏ ဆရာက ဘယ်သူပါလဲ၊ အရှင်ဘုရားက ဘယ်ဆရာ၏ တရားကို နှစ်သက်ပါသလဲ၊ သိပါရစေဘုရား"လို့ လျှောက်တယ်။

ဒီတော့ အရှင်အဿဇိက "ငါ့ရှင် ပရိဗိုဇ်၊ သာကီမင်းမျိုးထဲက ရဟန်းပြုလာတဲ့ တရားထူးရရှိတဲ့ ဂေါတမ မြတ်စွာဘုရားဆိုတာ ရှိတယ်၊ ငါဟာ အဲဒီ ဂေါတမ မြတ်စွာဘုရား၏ တပည့်ပဲ၊ အဲဒီ ရှင်တော်မြတ်ဘုရား၏ တရားကိုပဲ ငါ နှစ်သက်တယ်"လို့ ပြန်ဖြေတယ်။

"အရှင်ဘုရား၏ အဲဒီ ဆရာဘုရားဟာ ဘာဝါဒ ရှိပါသလဲဘုရား။"

"မြတ်စွာဘုရားထံမှာ ငါ ရဟန်းပြုတာ မကြာသေးပါဘူး ငါ့ရှင်။ ဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့်တော့ ရှင်းမပြတတ်ဘူး၊ အကျဉ်းပဲ ပြောပြမယ်"

"တပည့်တော်က သဒ္ဒါနည်းတွေ ဘာတွေနဲ့ အကျယ်တဝင့် မလိုပါဘူး၊ လိုရင်း အဓိပ္ပာယ် သဘောလောက်ပဲ သိလိုပါတယ်။"

ဒါနဲ့ အရှင်အဿဇိက အတိုချုံးပြီး ဒီလို ရှင်းပြတယ်။

**ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊**
**တေသံ ဟေတုံ တထာဂတော အာဟ။**
**တေသဉ္စ ယော နိရောဓော၊**
**ဧဝံဝါဒီ မဟာသမဏော။**

**ပါဠိကို ရွတ်တဲ့အခါ** ဘုန်းကြီးတို့ ပရိသတ်၊ ဘုန်းကြီးက တစ်ခါတစ်ရံ ပါဠိလေး ကြားစေချင်လို့ ရွတ်ရင် အဲဒီ ပါဠိ မရွတ်မီက ဒီ ပါဠိ၏ အဓိပ္ပာယ် ပြောပြီးသားရင်လဲဖြစ်လို့ ဘုန်းကြီးက ရွတ်တာ၊ ဒါမှမဟုတ် ဒီ ပါဠိ၏ အဓိပ္ပာယ်ကို ပြောမယ်လို့ရင်လဲ ဘုန်းကြီး ရွတ်တယ်။ အဲဒီတော့ ရွတ်လိုက်တဲ့ ပါဠိ၏ အဓိပ္ပါယ်ကို ဒို့ မသိလိုက်ရပါလားလို့ ဒီလို မမှတ်ပါနဲ့၊ အဲဒီ အဓိပ္ပါယ်ဟာ ရှင်းပြပြီးသားရင်လဲဖြစ်တယ်၊ ရှင်းပြမှာရင်လဲဖြစ်တယ်။ ဒါကြောင့် အဲဒီ ပါဠိ၏ အဓိပ္ပာယ်ဟာ သိရပြီးသား၊ ဒါမှမဟုတ် သိရမှာပဲလို့ အောက်မေ့ပါ။

**ကြောင်းကျိုးသဘာဝဝါဒ** အခု ရွတ်ခဲ့တဲ့ ပါဠိရဲ့ ဆိုလိုရင်း အဓိပ္ပာယ်က "ငါ့ရှင် ငါ့ဆရာရဲ့ဝါဒက လောကကြီးဟာ အကြောင်းနှင့်အကျိုး ဆက်စပ် ဖြစ်ပျက်နေတဲ့ သဘာဝကြီးမျှပဲ ဆိုတဲ့ ကြောင်းကျိုး သဘာဝ ဝါဒပဲ"လို့ ဆိုလိုပါတယ်။ ဘာ ဝါဒတဲ့တုန်း။ (ကြောင်းကျိုး သဘာဝဝါဒပါ ဘုရား။) ကြောင်းကျိုးသဘာဝ ဝါဒပဲတဲ့၊ ဒီလိုဖြေတယ်။ အဲဒီ အခုပြောတဲ့ အဖြေဟာ ခုနရွတ်တဲ့ ပါဠိရဲ့ လိုရင်း အဓိပ္ပာယ်ပါပဲ။ အကြောင်းရှိရင် အကျိုးဖြစ်ပေါ်တယ်၊ အကြောင်းမရှိရင် အကျိုး မဖြစ်ပေါ်ဘူး။ အကြောင်းအကျိုး နှစ်ခုလုံး မဖြစ်ပေါ်တော့ ဆင်းရဲ ခပ်သိမ်း ငြိမ်းတယ်ဆိုတဲ့ သဘောပေါ့။

ဥပတိဿဟာ တရားထူးသိဖို့ ပါရမီဉာဏ် ရင့်သန်ပြီးသား ပုဂ္ဂိုလ် ဖြစ်လေတော့ အရှင်အဿဇိရဲ့ ကြောင်းကျိုး သဘာဝတရား မဆုံးမီမှာဘဲ အမှန် သဘာဝတရားကို ထိုးထွင်း သိမြင်သွားတယ်။ နောက် မြတ်စွာဘုရားနဲ့ တွေ့ပြီးတဲ့အခါကျတော့ တိုးတက်ပြီး သိစရာရှိတာတွေ ထိုးထွင်းသိမြင်ပြီး ကိလေသာငြိမ်းလို့မို့ ရဟန္တာ ဖြစ်သွားတယ်။ ရှင်သာရိပုတ္တရာဆိုတဲ့ ဘွဲ့မည်နဲ့ မြတ်စွာဘုရားရဲ့ လက်ယာရံ အဂ္ဂသာဝကအဖြစ် သာသနာတော်မှာ ထင်ရှားလာတယ်။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်၊ ဂေါတမ ရှင်တော်မြတ်ဘုရား ဘာဝါဒ ရှိသလဲလို့ မေးရင် ဘယ်လို ဖြေမလဲ၊ (ကြောင်းကျိုး သဘာဝဝါဒပါ ဘုရား။) အဲ ကြောင်းကျိုးသဘာဝ ဝါဒ၊ လောကကြီးမှာ ကြောင်းကျိုး ဆက်စပ် ဖြစ်ပျက်နေတဲ့ သဘောပဲရှိတယ်။ အဲဒီ သဘောမှတပါး တခြား မရှိဘူး။ ဒီလို အယူဝါဒ ရှိတော်မူတယ်။ ဟုတ်ကဲ့လား၊ (မှန်ပါ့ဘုရား။) ဒါက အဲဒီတုန်းက ဥပတိဿပရိဗိုဇ်ကို အရှင်အဿဇိ ဖြေတဲ့ အဖြေနော်။

**အနတ္တဝါဒ** အခုခေတ်ကျတော့ ဘုန်းကြီးတို့ ဘယ်လို ဖြေကြသလဲဆိုတော့ "ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဝါဒတော်က ဘာဝါဒလဲ"လို့ မေးရင် နည်းနည်း နိုက်နိုက် ချွတ်ချွတ်ကလေး လေ့လာထားတဲ့ ပုဂ္ဂိုလ်တွေက "အနတ္တဝါဒ"လို့ ဖြေကြတယ်။ ဘာ ဝါဒတဲ့တုန်း၊ (အနတ္တဝါဒပါ ဘုရား။) အနတ္တဝါဒတဲ့၊ ဒီလိုဖြေတယ်။

အနတ္တဆိုတာ ဘာလဲဆိုတော့ အတ္တမဟုတ်၊ အတ္တမရှိဆိုတဲ့ သဘော။ အတ္တမဟုတ်လို့လဲ ဆိုမှ၊ အတ္တမရှိလို့လဲဆိုမှ ဒီ အနတ္တဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ် ပြည့်စုံတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဝါဒက "ရုပ်ခန္ဓာ နာမ်ခန္ဓာ ဆိုတဲ့ လောကကြီးဟာ အတ္တမဟုတ်၊ လောကကြီးမှာ အတ္တမရှိ"ဆိုတဲ့ ဝါဒပဲ။ ဒီလို ဖြေကြတယ်။

ကဲ ဒါဖြင့်ရင် အခုနက အရှင်အဿဇိရဲ့ အဖြေနဲ့ အခုခေတ် ဖြေကြတဲ့ အဖြေ တူသလား၊ မတူဘူးလား။ (တူပါတယ်ဘုရား။) စကားလုံးသာ ကွဲတာပဲနော်၊ အတူတူပဲ ဒီတော့ အခိုင်အမာ တည်မြဲနေတဲ့ အားကိုးစရာ အတ္တဆိုတာ မရှိဘူး၊ မဟုတ်ဘူးဆိုတော့ကာ ကြောင်းကျိုး ဆက်စပ်ပြီး ဖြစ်ပျက်နေတဲ့ သဘာဝမျှသာ ရှိတယ်ဆိုတဲ့ အဓိပ္ပာယ် မသက်ရောက်ဘူးလား။ (သက်ရောက်ပါတယ် ဘုရား။) အဲဒီတော့ တူသလား၊ ထူးသလား။ (တူပါတယ် ဘုရား။) အတူတူပဲ၊ ဟုတ်ကဲ့လား။

**မပြည့်စုံတဲ့အဖြေ** သို့သော်လဲ တချို့က ဒီလို ဖြေကြသေးတယ်။ "ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဝါဒဟာ ဘာဝါဒလဲ"လို့ မေးရင် တချို့ ဖြေတာကို အနောက်တိုင်းမှာလဲ ဘုန်းကြီးတို့ ကြားခဲ့ တွေ့ခဲ့ဘူးတယ်၊ ဗမာပြည်မှာလဲပဲ တချို့ ပုဂ္ဂိုလ်များ ဖြေလေ့ရှိတယ်။ ဘယ်လိုလဲဆိုတော့ "ဗုဒ္ဓရှင်တော်မြတ် ဘုရားရဲ့ ဝါဒဟာ ကမ္မဝါဒပါ"တဲ့။ ဟောဒီလို ဖြေတယ်။ ဘာဝါဒတဲ့တုန်း၊ (ကမ္မဝါဒပါဘုရား။) ကမ္မဝါဒပါတဲ့၊ ဒီလိုဖြေတယ်။ ကမ္မဝါဒဆိုတာ အလုပ်တည်းဟူသော အကြောင်းကြောင့် အကျိုးခံစားရတယ် ဆိုတဲ့ ဝါဒပဲ။ အလုပ်လုပ်ရင် အဲဒီ အလုပ်ကြောင့် ရသင့်တဲ့အကျိုး ရတယ်ဆိုတာဟာ ကမ္မဝါဒပေါ့။

ကောင်းတဲ့ အလုပ်ကိုလုပ်ရင် ကောင်းကျိုးကို ရတယ်။ မကောင်းတဲ့ အလုပ်ကိုလုပ်ရင် မကောင်းကျိုးရတယ်။ ဒီဝါဒကို ကမ္မဝါဒ ခေါ်တယ်။ ဒါလဲပဲ အခုနကပြောတဲ့ အကြောင်းအကျိုး ဆက်စပ်မှု သဘာဝမျှသာဆိုတဲ့ အယူအဆနဲ့ ဘာထူးမလဲ၊ မထူးဘူး။ အတူတူပဲ၊ ဟုတ်ကဲ့လား။ အလုပ်က ကံ= အကြောင်း၊ အလုပ်ကြောင့် ရတာက ကံရဲ့အကျိုး ဒီလိုမဟုတ်လား။ (မှန်ပါ့ဘုရား။)

ကိုင်း ဘုန်းကြီးတို့ တရားနာပရိသတ်၊ အခု ဘယ်ရောက်လာတုန်း။ (တရားနာပရိသတ် မဖြေနိုင်ပဲ ငြိမ်နေကြသည်။) ဘယ်ရောက်နေတယ်ဆိုတာ မသိကြဘူးလား၊ ဒုက္ခပါလား။ ကိုယ်ရောက်နေတဲ့ နေရာတောင် ကိုယ်ချက်ချင်း မပြောနိုင်ကြဘူးနော်၊ အခု ဘယ်ရောက်လာတုန်း။ (ဓမ္မာရုံထဲရောက်လာပါတယ် ဘုရား။) အဲ ဓမ္မာရုံကြီးထဲ ရောက်လာတယ်။ မဟုတ်ဘူးလား။ ကိုင်း ဓမ္မာရုံကြီးထဲကို အိမ်မှာ ထိုင်နေရင်းက ရောက်လာတာလား။ (လာလို့ ရောက်လာတာပါ ဘုရား။) လာလို့ ရောက်လာတာပေါ့။ မဟုတ်ဘူးလား။ မလာပဲနဲ့ ရောက်မလား။ (မရောက်ပါ ဘုရား။)

အဲ လာတဲ့အခါကျတော့ အမျိုးမျိုး လာရတယ်။ စက်ဘီးနဲ့လဲ လာရတယ်၊ မြင်းရထားနဲ့လဲ လာရတယ်၊ မော်တော်ကားနဲ့လဲ လာရတယ်၊ ခြေကျင်လဲ လာရတယ်၊ ဟုတ်လား။ ဘယ်လိုပဲလာလာ လာမှပဲ ဓမ္မာရုံထဲ ရောက်တာ။ ဒီတော့ စက်ဘီးနဲ့ လာခြင်းအလုပ်ကို လုပ်တယ်၊ မြင်းလှည်းနဲ့ လာခြင်းအလုပ်ကို လုပ်တယ်၊ မော်တော်ကားနဲ့ လာခြင်းအလုပ်ကို လုပ်တယ်၊ ခြေကျင်လာခြင်းအလုပ်ကို လုပ်တယ်။ ဒါကြောင့် ဟောဒီမှာ ရောက်ခြင်းဆိုတဲ့ အကျိုး မရဘူးလား။ (ရပါတယ် ဘုရား။) အဲ ကမ္မဝါဒဆိုတာ အဲဒီ သဘောမျိုးပဲ။ မဟုတ်ဘူးလား။ (မှန်ပါ့ဘုရား။) အကြောင်းကြောင့် အကျိုးဖြစ်ပေါ်တယ်ဆိုတဲ့ ဝါဒပဲ၊ အဲဒါလဲပဲ အခုန ဉပတိဿကို အရှင်အဿဇိ ဖြေတဲ့ အဖြေထဲ ဝင်မသွားဘူးလား။ (ဝင်ပါတယ်ဘုရား။)

သို့သော် ကမ္မဝါဒလို့ ဆိုရင် ပြည့်စုံပြီလားလို့ ဆိုတော့ ပြည့်တော့ မပြည့်စုံသေးဘူး။ ဘာကြောင့် မပြည့်စုံသေးသလဲ ဆိုတာကို နည်းနည်း ရှင်းရလိမ့်မယ်။

**မပြောမဖြစ်လို့** ဘုန်းကြီးတို့ ဒီတရားအစက တရားပွဲ ပထမဆုံး စတဲ့ နေ့က ဘုန်းကြီးက ပြောခဲ့တယ်။ ဘုန်းကြီးဟာ ဗုဒ္ဓရဲ့ တရားတော် သက်သက်ကိုသာ ဟောပါမယ်။ တခြား ဘာသာအယူဝါဒတွေနဲ့ မနှိုင်းယှဉ် ပါဘူး၊ အဲဒီလို ဟောခဲ့တယ်။ သို့သော် ဒီနေရာမှာတော့ တခြား ဘာသာ အယူဝါဒ အကြောင်းကို မပြောလို့ မဖြစ်တဲ့ အခြေအနေ

ရှိနေပါတယ်။ ဒါကို မပြောဘူး ဆိုလို့ရှိရင် ဒီနေရာမှာ အသိဉာဏ် ရှုပ်ထွေးပြီး အယူအဆ မှားသွားစရာ ရှိပါတယ်။ ဒါကြောင့် မပြောမဖြစ်လို့ ပြောရပါမယ်။ အခုလို မပြောမဖြစ်လို့ ပြောရသော်လဲပဲ ဘုန်းကြီးက အရှိကို အရှိအတိုင်း ပြောမှာပါ။ ဒီနေရာဖြင့် ဒီလို မတူဘူးလို့ မတူတာလေးတွေ သိစေချင်လို့ ဒါကို ပြောမှာပါ။ ဘယ်ဘာသာ အယူဝါဒက ကောင်းတယ်၊ ဘယ်ဘာသာ အယူဝါဒက မကောင်းဘူးလို့ မနှိုင်းယှဉ်ပါဘူး။

ဒီတော့ ဘာပြောရမလဲဆိုရင် ဒီ ကမ္မဝါဒဟာ ဗုဒ္ဓဝါဒမှာတင် မဟုတ်ပါဘူး၊ ဟိန္ဒူတို့ရဲ့ ဗြာဟ္မဏ ဝါဒမှာလဲပဲ ဒီ ကမ္မဝါဒ ရှိပါတယ်ဆိုတဲ့ အချက်ပါပဲ။ ဒီ ကမ္မဝါဒကို ဟိန္ဒူ ဗြာဟ္မဏတို့ဟာ ဗုဒ္ဓမြတ်စွာ ပွင့်တော် မမူမီကတည်းက လက်ခံ ယုံကြည်လာခဲ့ကြပါတယ်။

ဒါကြောင့် ကမ္မဝါဒအနေနဲ့ဆိုရင် ဟိန္ဒူဗြာဟ္မဏဝါဒနဲ့ ဘုန်းကြီးတို့ ဝါဒဟာ အလုပ်ကြောင့် အကျိုးရတယ်ဆိုတဲ့ သဘောမှာ အတူတူပါပဲ။

**မဟာအတ္တ ပရမအတ္တ** သို့သော် ဘာမတူသလဲဆိုတော့ ဟိန္ဒူဗြာဟ္မဏဝါဒက အတ္တကို လက်ခံပါတယ်။ ပြီးတော့ ဗြာဟ္မဏတို့ရဲ့ နောက်အယူအဆ တစ်ခုက မဟာဗြဟ္မာလို့ခေါ်တဲ့၊ ပဇာပတိ လို့ခေါ်တဲ့၊ ဣဿရ လို့လဲ ခေါ်တဲ့၊ ပရမအတ္တလို့လဲခေါ်တဲ့၊ မဟာတ္မ=မဟာအတ္တ လို့လဲခေါ်တဲ့ ဟိန္ဒူတို့ရဲ့ ဖန်ဆင်းရှင် မဟာဗြဟ္မာကြီးက သတ္တဝါတွေကို ဖန်ဆင်းပေးလိုက်ပါတယ်။

**ဇီဝအတ္တ** အဲဒီလို ဖန်ဆင်းပြီးတော့ သတ္တဝါ အသီးသီးရဲ့ သန္တာန်မှာ အတ္တကလေး အသီးသီး ထည့်ပေးလိုက်ပါတယ်။ အဲဒီ အတ္တကလေး အသီးသီး ထည့်ပေးလိုက်မှ ဒီသတ္တဝါဟာ အသက်ရှင်ပြီးတော့ သွားလာ လှုပ်ရှားလာပါတယ်။ ဒါကြောင့် ဒီအတ္တကြောင့် အသက်ရှင်ပြီး သွားလာ လှုပ်ရှားနေတာ ဖြစ်တဲ့အတွက် သတ္တဝါ အသီးသီးရဲ့ သန္တာန်မှာ မဟာဗြဟ္မာကြီး ထည့်ပေးလိုက်တဲ့ အဲဒီအတ္တကို "ဇီဝအတ္တ"လို့ ခေါ်ပါတယ်။

**အတ္တကမြဲတယ်** ဒီအတ္တကလေး ဒီသတ္တဝါရဲ့ သန္တာန်မှာ ရောက်သွားမှ ဒီသတ္တဝါဟာ အသက်ရှင်ပြီး လှုပ်ရှားသွားလာ နေနိုင်တယ်လို့ ယူဆကြပါတယ်။ ဒီဝိညာဉ်ကလေး၊ ဒီ အတ္တကလေး ရုပ်ခန္ဓာကိုယ်ကြီးကို စွန့်ပြီး ထွက်ခွါသွားတာနဲ့ တစ်ပြိုင်နက်တည်း အဲဒီ ရုပ်ခန္ဓာကိုယ်ကြီး ပုံကျသွားပြီးတော့ နောက်ဘဝတစ်ခုမှာ ရုပ်ခန္ဓာ တစ်ခုထဲ သွားဝင်ပြီး တစ်ဘဝ စခန်းသွားပြန်ပါတယ်။ သူဟာ ဘယ်တော့မှ မသေကျေ မပျက်စီးပါဘူး။အမြဲ ထာဝရ တည်မြဲနေသတဲ့။

**အတ္တကခံစားတယ်** ဒီတော့ ဒီဘဝမှာ အဲဒီပုဂ္ဂိုလ် လုပ်သမျှ အလုပ်ဟာ ဟို... နောက်ဘဝ တစ်ခုမှာ အကျိုးရတယ်။ အဲဒီ အကျိုးကို ဘယ်သူ ခံစားသလဲဆိုတော့ အခုန ဒီဘက်ဘဝက ဟိုဘက်ဘဝကို မပျက်စီးဘဲ ကူးသွားတဲ့ အဲဒီ အတ္တကပဲ ခံစားတယ်။ ဒါဟာ ဗြာဟ္မဏဝါဒရဲ့ အယူအဆပါပဲ။

**ဝါဒနှစ်ခု မတူပုံ** ဒီတော့ အလုပ်ကြောင့် အကျိုးရတယ်ဆိုတဲ့ ဒီကမ္မဝါဒကို ဗြာဟ္မဏဝါဒကလဲ လက်ခံတယ်၊ ဗုဒ္ဓဝါဒကလဲ လက်ခံတယ်။ ဘာထူးခြားသလဲ။

ဗုဒ္ဓဝါဒက မပျက်စီးပဲ အမြဲတစေ တည်မြဲနေတဲ့ (Everlasting Entity) ခေါ်တဲ့ "အသက်" "ဝိညာဉ်" "အတ္တ"ကို လက်မခံပါဘူး။ မပျက်မစီးဘဲ အမြဲတည်နေတဲ့ အရာဆိုလို့ လောကမှာ ဘာမျှ မရှိဘူး။ ရုပ်ခန္ဓာကိုယ်လဲ အမြဲ တည်မနေဘူး။ ဖြစ်ပြီး ပျက်သွားတာပဲ။ ဒါကြောင့် အသက် ဝိညာဉ် အတ္တ မဟုတ်ဘူး။ နာမ်လို့ခေါ်တဲ့ စိတ်လဲ အမြဲ တည်မနေဘူး။ ဖြစ်ပြီး ပျက်သွားတာပဲ။ ဒါကြောင့် အသက် ဝိညာဉ် အတ္တမဟုတ်ဘူး။ ရုပ်လဲမဟုတ်၊ နာမ်လဲမဟုတ်တဲ့ တခြား တည်မြဲနေတဲ့ အရာလဲ ဘာမှ မရှိဘူး။ အမြဲတစေ ဖြစ်ပျက် ပြောင်းလဲနေတဲ့ ရုပ်နာမ် အစဉ်အဆက် သက်သက်မျှပဲ "ဟယ်လို့ ဗုဒ္ဓဝါဒက လက်ခံ ယုံကြည် ယူဆပါတယ်။

ဟိန္ဒူဗြာဟ္မဏဝါဒက ကမ္မဝါဒကိုလဲ လက်ခံတယ်။ စောစောက ပြောခဲ့တဲ့အတိုင်း အမြဲတည်တဲ့ အတ္တဝါဒကိုလဲ လက်ခံတယ်။ ဒီလို ထူးပါတယ်။

တိုတိုပြောရရင် ဟိန္ဒူဝါဒက ကမ္မဝါဒကိုရော၊ အတ္တဝါဒကိုပါ လက်ခံတယ်။ ဗုဒ္ဓဝါဒက ကမ္မဝါဒကိုသာ လက်ခံတယ်။ အတ္တဝါဒကို လက်မခံဘူး။ အနတ္တဝါဒကိုသာ လက်ခံတယ်။ ဒါပါပဲ။

ဒီတော့ အဲဒါ ကို ရှင်းအောင် ထပ်ပြောရရင် ဗြာဟ္မဏဝါဒနဲ့ ဗုဒ္ဓဝါဒဟာ ကမ္မဝါဒကို လက်ခံတာချင်း တူပါတယ်။ သို့သော် ကွာခြားချက်က ဗြာဟ္မဏဝါဒက အတ္တဝါဒကို လက်ခံတယ်။ ဗုဒ္ဓဝါဒက အတ္တဝါဒကို လက်မခံဘူး၊ "အနတ္တဝါဒ"ကိုပဲ လက်ခံတယ်။ ဒါ ကွာခြားချက်ပဲ။

**အရှင်အဿဇိ အဖြေ** ဒီတော့ ဘုန်းကြီးတို့ အရှင်အဿဇိက ဥပတိဿပရိဗိုဇ်ကို ဖြေတဲ့ အဖြေမျိုးလို "ကြောင်းကျိုး ဆက်စပ်မှု သဘောမျှပဲ ဆိုတဲ့ ဝါဒရှိတယ်"လို့ ဖြေရင် တစ်ခွန်းတည်းနဲ့ ပြီးရော၊ နောက်ထပ် ဘာမျှ ထပ်ပြီး ဖြေစရာ မလိုတော့ဘူး။ ဒီလို မဟုတ်ပါပဲနဲ့ ဗုဒ္ဓဝါဒဟာ ကမ္မဝါဒပါလို့သာ ဖြေရင် မပြည့်စုံဘူး။ ဒီတော့ ပြည့်စုံအောင် ထည့်ပြော ရလိမ့်မယ်။

"ဗုဒ္ဓရှင်တော် မြတ်ဘုရားရဲ့ ဝါဒဟာ ကမ္မဝါဒနဲ့ အနတ္တဝါဒပါ"လို့ အဲဒီလို ပြောမှပဲပြည့်စုံတယ်။

**ကံဆိုတာ အလုပ်** ဒီတော့ ကမ္မဝါဒကို ဘုန်းကြီးတို့ နည်းနည်း ပြောရမယ်။ ဆင်းရဲငြိမ်းသွားတဲ့ သဘောကို သိချင်ရင် ဒီကမ္မဝါဒကို နားလည်မှ သိမယ်၊ ကမ္မဝါဒကို နားမလည်ရင် မသိဘူး။ "ကမ္မ"ဆိုတာ ပါဠိစကား၊ မြန်မာက "ကံ"လို့ ပါဠိပျက်သံနဲ့ ခေါ်တယ်။ ကမ္မ= ကံ ဆိုတာ "အလုပ်"ပဲ။ အင်္ဂလိပ် ဘာသာကတော့ (Deed)လို့ ဘာသာပြန်တယ်။ (Action)လို့ ပြန်တဲ့အခါလဲ ပြန်တယ်။

ကံသုံးပါး    အဲဒီအလုပ်ဟာ ကိုယ်နဲ့လုပ်တဲ့ အလုပ်လဲ ကမ္မ=ကံပဲ။ နှုတ်နဲ့ ပြောတဲ့ အလုပ်လဲကမ္မ=ကံပဲ။ စိတ်နဲ့ ကြံစည်တဲ့ အလုပ်လဲ ကမ္မ= ကံပဲ။ အဲ ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်။ အဲဒီ အလုပ်သုံးမျိုးဟာ ကံသုံးပါးပဲ။

အဲဒါကိုပဲ ပါဠိစကားလုံးကလေးမှ ပါးစပ်ထဲ မသွင်းလိုက်ရရင် ဘဝင် မကျတဲ့ မြန်မာ့ ပါးစပ်က "ကိုယ်အလုပ်ကို ကာယကံ"လို့ ခေါ်လိုက်တယ်။ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) "နှုတ်အလုပ်ကို ဝစီကံ။" "စိတ်အလုပ်ကို မနောကံ"လို့ ခေါ်ကြတယ်။ အဲဒါ ကံသုံးပါးပဲ။ ဒါကြောင့် "ကာယကံ ဝစီကံ မနောကံ တည်းဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသည် ရှိသော်..."လို့ ကန်တော့တဲ့ အခါမှာ ဆိုကြတယ်။ ဆိုလိုတာကတော့ ကိုယ်နဲ့ ပြစ်မှားမိရင် ဖြစ်စေ၊ နှုတ်နဲ့ ပြစ်မှားမိရင်ဖြစ်စေ၊ စိတ်အကြံနဲ့ ပြစ်မှားမိရင်ဖြစ်စေ ပြစ်မှားမိတဲ့ အပြစ်တွေကို ခွင့်လွှတ်ဖို့ရာ ကန်တော့ တောင်းပန်ပါတယ်။ ဒီလို မဟုတ်လား။ (မှန်ပါ ဘုရား။)

ဒီတော့ အဲဒီမှာ ကံဆိုတာ အလုပ်ပဲ။ အဲဒီအလုပ်ကြောင့် ဖြစ်ပေါ်တဲ့ အကျိုးက ကံရဲ့ အကျိုးပဲ။ ဒီအလုပ်ကြောင့် ဖြစ်ပေါ်တဲ့ အကျိုးကို ဘာလို့ ခေါ်သလဲ။ (ကံရဲ့ အကျိုးလို့ ခေါ်ပါတယ်ဘုရား။)

ဒီတော့ ဆိုကြပါစို့။ လူတစ်ယောက်က ကလေးမြို့ထဲကို သွားတယ်၊ သူလိုရာကို မေးတယ်။ ဘယ်သူ့အိမ် သွားချင်လို့ပါလို့ ပြောတော့ လမ်းပေါ်က တွေ့တဲ့လူက "အဲ သူ့အိမ် သွားချင်လို့ ရှိရင်တော့ ဒီလမ်းက သွားပါ၊ ဒီနေရာကနေပြီးတော့ ရှေ့ကို နှစ်အိမ်လောက် သွားလိုက်ပါ၊ အဲ ဟိုကျတော့ လမ်းချိုး တွေ့ပါလိမ့်မယ်။ အဲဒီ လမ်းချိုးကျတော့ ဘယ်ဘက်ကို ချိုးပြီး ဝင်သွားရင် သုံးအိမ်လောက် အကျော်မှာ တိုက်အိမ်တစ်လုံး တွေ့ပါလိမ့်မယ်။ အဲဒီ တိုက်အိမ်ဟာ သူ့အိမ်ပါပဲ"လို့ လမ်းညွှန်လိုက်တယ်။ အဲဒီဧည့်သည်က သူညွှန်တဲ့အတိုင်း သွားတော့ မရောက်ပေဘူးလား။ (ရောက်ပါတယ်ဘုရား။)

ဒီတော့ အဲဒီလူ လမ်းညွှန်လိုက်တာ နှုတ်အလုပ် မဟုတ်ဘူးလား။ (မှန်ပါ ဘုရား။) အလုပ်ပဲနော်။ ကံကော မဟုတ်ဘူးလား။ (ဟုတ်ပါတယ်

ဘုရား။) အဲဒီ နှုတ်အလုပ် ဝစီကံဟာ အကြောင်းတရားပဲ။ အကြောင်းတရား ရှိရင် လောကမှာ အကျိုးတရားဟာ ဖြစ်ပေါ်ရတာချည်းပဲ။

**တစ်ခါတစ်ရံတော့** ဒါပေတဲ့ အကြောင်း ရှိသော်လဲပဲ အကျိုး မဖြစ်ပေါ်တဲ့ အခြေအနေ တစ်ခါတစ်ရံတော့ ရှိတတ်တယ်။ ဘယ်လိုလဲဆိုတော့ အဲဒီ ဖြစ်ပေါ်နေတဲ့ အကြောင်းနဲ့ တိုက်ရိုက် ဆန့်ကျင်ဘက် ဖြစ်တဲ့ အားကြီးတဲ့ တခြား အကြောင်းတစ်ခုက ဒီအကြောင်းကို လွှမ်းမိုးလိုက်ပြီဆိုရင် ဒီအကြောင်းရဲ့ အကျိုးဟာ အားနည်းရင်လဲ သွားတတ်တယ်။ မဖြစ်ပေါ်ပဲနေရင်လဲ နေတတ်တယ်။ ဒါ ဘုန်းကြီးတို့ ပရိသတ် လက်ခံသလား။ (လက်ခံပါတယ် ဘုရား။)

များသောအားဖြင့် အကြောင်းရှိရင် အကျိုးဖြစ်ပေါ်တယ်။ တစ်ခါတစ်ရံမှာတော့ အကြောင်းရှိသော်လဲပဲ အကြောင်းကြောင့် အကျိုး မဖြစ်ပေါ်ပဲ ဒီအကြောင်းဟာ အားနည်းသွားရတာ၊ ငြိမ်းသွားရတာ ရှိတတ်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့ထက် ပိုအင်အားကောင်းတဲ့ ဆန့်ကျင်ဘက် အကြောင်းက လွှမ်းမိုးပစ်လိုက်လို့။

**ကံနယ် မကျဉ်းစေနဲ့** ဘုန်းကြီးတို့ ပရိသတ် မျက်ခြည် မပြတ်ပါစေနဲ့။ အခု ပြောနေတာက ကံ ကံရဲ့အကျိုးကို ပြောနေတာပါ။ ဘုန်းကြီးတို့ တစ်ချို့ ဗုဒ္ဓဘာသာတွေကိုယ်တိုင် ကံလို့ ပြောလိုက်ရင် စိတ်က ဘယ်ရောက်သွားသလဲ ဆိုတော့ အဲ ... ဟိုအတိတ်ဘဝတွေဆီကိုသာ ရောက်သွားတယ်။ ဟို ... ရှေးရှေး ဘဝတွေက ပြုခဲ့တဲ့ ကောင်းမှု မကောင်းမှုတွေကိုသာ ကံလို့ ယူဆကြတယ်။ အဲဒီ ကောင်းမှု မကောင်းမှုတွေကြောင့်ပဲ ဒီဘဝမှာ ကောင်းကျိုး မကောင်းကျိုးတွေ ရတယ်။ ဒီလောက်ပဲ နယ်ကျဉ်းကျဉ်းကလေးပဲ သိကြ မြင်ကြတယ်။ ဒါ ဘာကြောင့်လဲဆိုတော့ ကံနဲ့ ကံရဲ့အကျိုး သဘာဝကို ရှင်းရှင်းလင်းလင်း သဘောမပေါက်ကြလို့ ပါပဲ။ အခု ဘုန်းကြီး ပြောနေတာ အဲဒါကို ပြောနေတာပါ။

ဒီတော့ ခုနက ဘုန်းကြီး ဥပမာ ပြောခဲ့တယ်နော်။ လမ်းညွှန်ပေးလိုက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်။ သူ ပြောလိုက်တာဟာ နှုတ်အပြော နှုတ်အလုပ်ပဲ၊ ဝစီကံပဲ။ ဒါဖြင့်ရင် အဲသည်လို ပြောလိုက်ခြင်းဆိုတဲ့ အလုပ်ကြောင့် ဘာအကျိုးများ သူ့မှာ ဖြစ်ပေါ်သလဲ၊ ဒါ စဉ်းစားရမယ်။

အဲဒါ မစဉ်းစားသေးခင် ဘုန်းကြီးက ထပ်ပြီး ပြောလိုက်ရဦးမယ်။ အကြောင်းရှိရင် အကျိုးဖြစ်ရတယ်၊ အကျိုး ပေါ်ရတယ်။ ဒါ လောကရဲ့ သဘာဝပဲ၊ ဒါ (Law of cause and effect) လောကရဲ့ အကြောင်းအကျိုး သဘာဝဟာ ဒီအတိုင်းပဲ။

**ရေနှင့် မီး** အကြောင်းရှိရင် အကျိုး ဖြစ်ရမယ်။ သို့သော် ရံဖန်ရံခါမှာ အကြောင်းရှိသော်လဲ အကျိုး မဖြစ်ပေါ်တဲ့ အခြေအနေ တွေ့ရတတ်တယ်။ ဘယ်လို အခါမှာလဲဆိုတော့ "ဖြစ်ပေါ်နေတဲ့ အကြောင်းနဲ့ တိုက်ရိုက် ဆန့်ကျင်ဘက် အင်အားကြီးမားတဲ့ အခြား အကြောင်းတစ်ခုက ဖိစီးလိုက်တဲ့ အခါမှာတော့ ဒီအကြောင်းဟာ အကျိုး မဖြစ်ပေါ်စေနိုင်တော့ဘူး။

ကိုင်း... ဥပမာ ကြည့်ကြစို့။ ဟိုမှာ တောမီးလောင်နေတယ်။ တောမီးလောင်နေတာ ဟိုမှာ တဲနား နီးလာပြီ။ တောမီးလောင်ရင် မီးလောင်ခံရတဲ့ သစ်ပင်တွေ မြက်ပင်တွေ သေမကုန်ပေဘူးလား။ (သေကုန်ပါတယ် ဘုရား။) သေကုန်တယ်နော်။ ဒီတော့ အဲဒီလို မီးလောင်မှန်း သိတဲ့အခါကျတော့ တဲရှင်က တဲနား မီးလောင်သဟဲ့ ဆိုပြီးတော့ တဲနားမှာရှိတဲ့ ရေတွင်းကရေကို မြန်မြန် ခပ်ပြီးတော့ မီးတွေကို လောင်းပစ်လိုက်တယ်။ မီးငြိမ်းသွားတယ်။ ဒီတော့ နောက်သစ်ပင် မြက်ပင်ကို မီးလောင်သေးသလား။ (မလောင်ပါ ဘုရား။) သစ်ပင် မြက်ပင်တွေ သေသေးသလား။ (မသေပါ ဘုရား။) ကျွမ်းသေးသလား။ (မကျွမ်းပါဘုရား။)

အဲဒီမှာ ဘုန်းကြီးတို့ ဘာတွေ့ရသလဲဆိုတော့ မီးလောင်ခြင်းက အကြောင်း၊ သစ်ပင်မြက်ပင်တွေ သေရခြင်းက အကျိုး မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒီ မီးလောင်ခြင်းဟာ ဆက်လက်ပြီး ဖြစ်ပွားနေမယ်ဆိုရင်

သစ်ပင် မြက်ပင်တွေကို လောင်ကျွမ်းခြင်းအကျိုး ဆက်လက် မဖြစ်သေဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

သို့သော် အဲဒီ မီးလောင်ခြင်း တည်းဟူသော အကြောင်း ဆက်လက် မဖြစ်ပေါ်ရအောင် သူနဲ့ ဆန့်ကျင်ဘက် အကြောင်း တစ်ခုကတော့ အင်အားကောင်းကောင်းနဲ့ သူ့ကို မဖိလိုက်နိုင်ဘူးလား။ (ဖိပါတယ် ဘုရား။) ဘာအကြောင်းလဲ။ (ရေလောင်းမှုပါဘုရား။) ဪ... ရေလောင်းမှု၊ ဒီအကြောင်း တရား ဖြစ်ပေါ်လာတော့ နောက်ထပ် မီးလောင်သေးသလား။ (မလောင်တော့ပါ ဘုရား၊ မီးငြိမ်းသွားပါတယ် ဘုရား။) ဒီတော့ နောက်ထပ် သစ်ပင် မြက်ပင် ကျွမ်းခြင်း သေခြင်းဆိုတဲ့အကျိုး ဖြစ်ပေါ်သေးသလား။ (မဖြစ်ပေါ်ပါ ဘုရား။) ဘာကြောင့်လဲဆိုတော့ ဆန့်ကျင်ဘက် အကြောင်းက ဖိစီးပစ်လိုက်လို့။ အဲဒီသဘောမျိုး ရုပ်ဖန်ရုံခါမှာ ရှိတတ်တယ်။

**အဇ္ဈတ္တနှင့် ဗဟိဒ္ဓ အကျိုး** ကဲ ဥပမာကို ပြန်ဆက်ကြစို့။ အခု ပြောခဲ့တဲ့ ဥပမာမှာ လမ်းညွှန်သူက လမ်းညွှန်လိုက်တော့ ဧည့်သည်ဟာ လိုရာအိမ်ကို ရောက်သွားတယ်။ အဲဒီမှာ လမ်းညွှန်ခြင်းဆိုတဲ့ နှုတ်အလုပ်ဟာ အကြောင်းတရားပဲ၊ ဒါ ကံပဲ။ ဒါဖြင့်ရင် အဲဒီ အကြောင်းတရားကြောင့် ဘာအကျိုးများ ဖြစ်ပေါ်သလဲ။ အကျိုးနှစ်ခု ဖြစ်ပေါ်တယ်။ အဇ္ဈတ္တအကျိုးနဲ့ ဗဟိဒ္ဓအကျိုးပေါ့။

ဒါဖြင့်ရင် အဲဒီ ပြောသူကိုယ်တိုင်မှာက သူနဲ့ ပတ်သက်လို့ ဘာအကျိုးများ ဖြစ်ပေါ်သေးသလဲ။ နည်းနည်း စဉ်းစားကြည့်ကြရအောင်။ "ငါ့နှယ်နော် ဒီလူ့ကို ငါ လမ်းပြောမိလိုက်တာ မှားလိုက်လေခြင်း၊ မပြောလိုက်ရင် ကောင်းမှာ"လို့ စိတ် မချမ်းမသာနဲ့ စိတ်ဆင်းရဲမှုများ မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ် ဘုရား။) ဒီလိုဆိုရင် နှုတ်ပြောဆိုတဲ့ အလုပ်၊ အပြစ်ကင်းတဲ့ အလုပ်ကြောင့် သူ့မှာ မကောင်းကျိုး ရတာပေါ့။ ဒီအတိုင်းဆိုရင် သဘာဝ ကျပါ့မလား။ (မကျပါဘုရား။)

အဲဒီလို ပြောလိုက်တာဟာ အခက်အခဲ တွေ့နေတဲ့ ပုဂ္ဂိုလ်ကို သူ ကူညီလိုက်တာ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) အဲဒီတော့ သူ ကူညီလိုက်တဲ့

အပြော အလုပ်ဟာ အပြစ်ရှိသလား၊ အပြစ်ကင်းသလား။ (ကင်းပါတယ် ဘုရား။) အပြစ်ကင်းတယ်ဆိုရင် ကောင်းတဲ့အလုပ်လား၊ မကောင်းတဲ့ အလုပ်လား။ (ကောင်းတဲ့ အလုပ်ပါဘုရား။) ကောင်းတဲ့ အလုပ်ကြောင့် ကောင်းကျိုး ဖြစ်ပေါ်ရမလား။ ဆိုးကျိုး ဖြစ်ပေါ်ရမလား။ (ကောင်းကျိုး ဖြစ်ပေါ်ရပါမယ် ဘုရား။)

ဒါဖြင့်ရင် သူ အဲဒီလို ကူညီလိုက်ရတဲ့အတွက် သူ့စိတ်ထဲမှာ ဒီလို မစဉ်းစားမိဘူးလား။ "အဲ တော်လိုက်တာ၊ ငါ ဒီလူ ကူညီလိုက်ရတာ၊ ငါ ကူညီလိုက်တာနဲ့ သူရောက်ချင်တဲ့အိမ် ရောက်သွားပြီ၊ ဟန်ကျလိုက်တာ"လို့ ဒီလို မစဉ်းစားမိဘူးလား။ (စဉ်းစားမိပါတယ် ဘုရား။) အဲဒီလို စဉ်းစားမိတဲ့ အခါမှာ သူ စိတ်မဆင်းရဲဘူးလား။ (မဆင်းရဲပါ ဘုရား။) ဘယ်လိုဖြစ်နေသလဲ။ (ဝမ်းသာပါတယ် ဘုရား။) ဒီတော့ အဲဒီ ဝမ်းသာခြင်းဆိုတဲ့အကျိုး မရဘူးလား။ (ရပါတယ် ဘုရား။) အဲဒီ ဝမ်းသာခြင်းဆိုတဲ့ အကျိုးဟာ ဘယ်ကံကြောင့် ရတာလဲ။ သူတစ်ပါးကို နှုတ်နဲ့ပြောပြီး လမ်းပြလိုက်တဲ့ ဝစီကံ နှုတ်ပြောကြောင့် ရတာ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒါဟာ ကံကြောင့်ရတဲ့ အကျိုးပါပဲ။

ဒါပေတဲ့ အကျိုးက ဒါလောက်တင် မဟုတ်သေးဘူး။ စေတနာ ကံ အားကောင်းသလောက် နောက်ထပ် အကျိုးတွေ တိုးပြီး ဖြစ်ပေါ်တယ်။

**အကျိုးပေးချိန်** သို့သော်လဲ တစ်ခု သတိပြုရမှာက အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာ ရံဖန်ရံခါမှာ အကြောင်းဖြစ်ပေါ်ပြီး အချိန် အများကြီးကြာမှ အကျိုး ဖြစ်ပေါ်တယ်။ မဟုတ်ပေဘူးလာ။ (မှန်ပါဘုရား။)

ဥပမာ ဆိုကြပါစို့။ ဒီကနေ့ နေ့လယ် ဆွမ်းစားတဲ့အခါမှာ မိမိနဲ့ မတည့်တဲ့ အစာ သွားစားမိတယ်။ မိမိက သွေးတိုးရောဂါ ရှိတယ် ဆိုကြပါစို့။ သွေးတိုးရောဂါ ရှိပါလျက်နဲ့ ဝက်သားဟင်း နည်းနည်း သွားတို့မိလိုက်တယ်။ နည်းနည်းလား၊ များများလား။ (နည်းနည်းပါဘုရား။) နည်းနည်းနော်၊

နည်းနည်း တို့မိလိုက်တော့ အဲဒီ ဝက်သားဟင်း တို့မိခြင်းကြောင့် သွေးတိုးရောဂါဟာ ချက်ချင်း ဆိုးလာသလား။ ချက်ချင်း မဆိုးဘူးနော်။ (မှန်ပါဘုရား။) စားပြီးလို့ နှစ်နာရီကြာမှ စပြီး ဆိုးလာတယ် ဆိုကြပါစို့။ သွေးတိုးလာပြီး ခေါင်းမူးလာတယ်။ (မှန်ပါဘုရား။) ဘာကြောင့်လဲဆိုတော့ စားတာက နည်းလို့လား၊ များလို့လား။ (နည်းလို့ပါဘုရား။)

ဝက်သားဟင်း တစ်တုံးလောက်များ ကုန်အောင် စားလိုက်ရင်ဖြင့် စားပြီးရင် ပြီးချင်း သွေး မတိုးပေဘူးလား။ (တိုးပါတယ်ဘုရား။) ဝက်သားဟင်း မြင်တော့ မစားဘဲ မနေနိုင်လို့ နည်းနည်း သွားတို့မိလိုက်တာ၊ ကိုယ်က ကြိုက်သကိုး။ ဒီတော့ ဒီမှာ ဝက်သားဟင်း စားခြင်းဆိုတဲ့ အကြောင်းတရား ဖြစ်ပေါ်လာတယ်။ မိမိသွေးထဲ သားထဲမှာ ဝက်သားဓါတ် ဝင်သွားခြင်းဆိုတဲ့ အကြောင်းတရား ဖြစ်ပေါ်တယ်။ အဲဒီ အကြောင်းတရားကြောင့် နှစ်နာရီ အကြာမှာ သွေးတိုးခြင်းအကျိုး ဖြစ်ပေါ်တယ်။

ဒီလိုဆိုတော့ အဲဒီမှာ အကြောင်းကြောင့် အကျိုး ဖြစ်တာဟာ အကြောင်း ဖြစ်ပေါ်ပြီးရင် ပြီးချင်း လောလောလတ်လတ် အကျိုး ဖြစ်တာလား။ မဟုတ်ဘူးနော်။ ဘယ်လောက်ကြာမှ စဖြစ်ပေါ်တာလဲ။ (နှစ်နာရီကြာမှပါဘုရား။) နှစ်နာရီကြာမှ ဖြစ်ပေါ်တယ်။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

တစ်ခါ ခုနက ပြောသလို များများကြီး စားလိုက်ရင်တော့ အဲဒီ ဝက်သားဟင်း စားခြင်းဆိုတဲ့အကြောင်း ဖြစ်ပေါ်ပြီးတဲ့နောက် ချက်ချင်းပဲ သွေးတိုးမလာနိုင်ဘူးလား။ (လာနိုင်ပါတယ် ဘုရား။) ဒီလိုဆိုတော့လဲ အဲဒီ အကျိုးဟာ အကြောင်း ဖြစ်ပေါ်ပြီး ချက်ချင်း ဖြစ်ပေါ်တဲ့ အကျိုးလား၊ ဒါမှမဟုတ် အကြောင်း ဖြစ်ပေါ်ပြီး အချိန်ကြာမှ ဖြစ်ပေါ်တဲ့ အကျိုးလား။ (အကြောင်း ဖြစ်ပေါ်ပြီး ချက်ချင်း ဖြစ်ပေါ်တဲ့ အကျိုးပါဘုရား။)

ဒီတော့ အဲဒီ သဘာဝ ကြည့်ခြင်းအားဖြင့် အကြောင်းကြောင့် အကျိုး ဖြစ်တယ် ဆိုသော်ငြားလဲ ရံဖန်ရံခါ အကြောင်း ဖြစ်ပေါ်ပြီးရင်ပြီးချင်း အကျိုး ဖြစ်ရတယ်။ ရံဖန်ရံခါမှာ အကြောင်း ဖြစ်ပေါ်ပြီး အချိန် အနည်းငယ် ခြားပြီး အကျိုး ဖြစ်ရတယ်။ ရံဖန်ရံခါမှာ အကြောင်း ဖြစ်ပေါ်ပြီး အချိန်

များစွာကြာမှ အကျိုး ဖြစ်ရတယ်။ ဒီလို မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ် ဘုရား။) အဲဒီတော့ အဲဒီ သဘာဝတွေကိုလဲ ဘုန်းကြီးတို့ မှတ်သားထားရမယ်။

ဒီတော့ ဆိုကြပါစို့။ အကြောင်းတစ်ခု ဖြစ်ပေါ်ရင် အဲဒီအကြောင်းဟာ ခုနက ပြောသလို ဆန့်ကျင်ဘက် အကြောင်းကများ သူ့အပေါ် လွှမ်းမိုးမသွားဘူးဆိုရင် ဒီအကြောင်းဟာ အကျိုးကို ဖြစ်ပေါ်စေမလား၊ မဖြစ်စေဘူးလား။ (ဖြစ်ပေါ်စေပါမယ် ဘုရား။) ဖြစ်ပေါ်စေမယ် မုချ။ တခြား ဆန့်ကျင်ဘက် အကြောင်းက သူ့အပေါ်ကို လွှမ်းမိုးမသွားဘူးဆိုရင် ဒီအကြောင်းဟာ အကျိုးကို ဖြစ်ပေါ်စေမှာ မုချပဲ။ သို့သော် အချိန်ကတော့ အကြောင်းအင်အားလိုက်ပြီးတော့ ခြားနားသွားမယ်။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အကြောင်း အားကောင်းရင် နီးကပ်တဲ့ အချိန်မှာ အကျိုး ဖြစ်ပေါ်မယ်၊ မဟုတ်ဘူးလား။ အကြောင်း အားသေးရင် ဘယ်အချိန်မှာ အကျိုး ဖြစ်ပေါ်မလဲ။ (ဝေးတဲ့အချိန်မှာပါ ဘုရား။) ဝေးတဲ့ အချိန်ကျမှပဲ အကျိုး ဖြစ်ပေါ်မယ်။ ဒါ သဘာဝ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒါ သဘာဝအတိုင်းပဲ။

ဒီတော့ အကြောင်း အားကောင်းရင် ချက်ချင်း အကျိုးဖြစ်ပေါ်ပြီးတော့ အကြောင်း အားသေးရင် အချိန် ကြာမှပဲ အကျိုး ဖြစ်ပေါ်မယ်ပေါ့။ (မှန်ပါဘုရား။) ဒါဟာ အကြောင်းအကျိုး သဘာဝပဲ။

ဒီတော့ ကဲ ဆိုကြစို့။ လူတစ်ယောက် အသက် ရှစ်ဆယ်ကျော်ပြီ။ ကျန်းမာရေးကလဲ ချို့တဲ့နေပြီ။ အပြင်းအထန် မကျန်းမာ ဖြစ်နေပြီ။ ကြီးလာပြီ ဆိုတော့ သေဖို့လဲ နီးနေပြီ။ ဒါကြောင့် ဒီ ပုဂ္ဂိုလ်ဟာ သီလစင်ကြယ်အောင် ငါတော့ ဥပုသ်သီလ ဆောက်တည်မှပဲဆိုပြီး ရှစ်ပါး ဥပုသ်သီလ ဆောက်တည် စောင့်ထိန်းတယ်။

သီလ ဆောက်တည် စောင့်ထိန်းတယ် ဆိုတာဟာ တခြား မဟုတ်ပါဘူး။ ကိုယ်အပြုအမူကို အပြစ် ကင်းနေအောင်၊ နှုတ်အပြောအဆိုကို အပြစ်ကင်းနေအောင် စောင့်စည်းထိန်းသိမ်းနေတာ။ ဒါ သီလပဲ။

ဖြစ်ပေါ်ဖို့ အချိန်မရလိုက်တော့ဘူး။ သို့သော်လဲ အကြောင်းအကျိုး သဘာဝအရ အကျိုးတရားကို မုချ ဖြစ်ပေါ်စေရမှာ ဖြစ်တဲ့အတွက် သူသေပြီးနောက် တစ်ချိန်ချိန်မှာ ဒီ အကျိုးတရား မဖြစ်ပေါ်နိုင်ဘူးလား။ (ဖြစ်ပေါ်နိုင်ပါတယ် ဘုရား။) ဖြစ်ပေါ်ရမယ် မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

**အကျိုးတရားဖြစ်ပေါ်ဖို့ အခြေအနေ** အကျိုးတရား ဖြစ်ပေါ်ရမယ် ဆိုတော့ အဲဒီ အကျိုးတရား ဖြစ်ပေါ်ဖို့ အခြေအနေဖြစ်တဲ့ ရုပ်နဲ့နာမ်က ဖြစ်ပေါ်ဖို့ မလိုဘူးလား။ (လိုပါတယ်ဘုရား။) အဲဒီလို ရုပ်နဲ့ နာမ် ဖြစ်ပေါ်ဖို့ ကြောင်းကျိုး သဘာဝ အားလျော်စွာ လိုအပ်တဲ့အတွက် ရုပ်နဲ့နာမ် ဖြစ်ပေါ်ရတယ်။ ဒါဟာ သဘာဝ နိယာမပဲ။ ဒါကြောင့် သေပြီးနောက် တခြားအချိန်ကျမှ ဒီ သီလရဲ့ အကျိုးဟာ ဖြစ်ပေါ်ခွင့်ရတယ်။ ဆိုကြပါစို့။ ဘဝကောင်း ဘဝမွန်ရတယ်၊ အဆင်းလှတယ်၊ အမျိုးမြတ်တယ် စတဲ့ အကျိုးတွေပေါ့၊ မဟုတ် ပေဘူးလား။ (မှန်ပါ ဘုရား။)

အဲဒီတော့ ဒီမှာ အကြောင်း ဖြစ်ပေါ်လာပြီး အချိန်ကာလ ခြားပြီးမှ အကျိုး မဖြစ်ပေါ်ပေဘူးလား။ (ဖြစ်ပေါ်ပါတယ်ဘုရား။) အဲဒီအချိန်ကလဲပဲ မသေမီအချိန် မဟုတ်ဘဲ သေပြီးနောက် အချိန်ဖြစ်တယ်။ အဲဒါကိုပဲ "နောက်တဘဝ"လို့ ခေါ်တယ်။ အဲဒါမျိုးကိုပဲ ဗုဒ္ဓဘာသာ တရားတော်အရ အတိတ်ဘဝကံကြောင့် နောက်တစ်ဘဝမှာ ကံရဲ့အကျိုးကို ခံစားရတယ်လို့ ဒီလို ပြောကြရတယ်။

**ဒီဘဝကံကြောင့် ဒီဘဝအကျိုးဖြစ်** သို့သော် ဒီဒကာဟာ ခုနက ဘုန်းကြီး ပြောခဲ့သလို သီလ ဆောက်တည် စောင့်ထိန်းပြီးနောက် နှစ်ရက် လောက်မှာတော့ ရောဂါ မပြင်းထန်တဲ့အတွက် သူ့ သီလကို သူ ပြန်ပြီးတော့ ဆင်ခြင်နိုင်တယ်၊ နှလုံးသွင်းနိုင်တယ်။ "အင်း ငါ အသက်ကြီးမှ သီလတွေ လုံခြုံအောင် ဆောက်တည် စောင့်ထိန်းနိုင်တယ်" လို့ တွေးမိတော့ ဝမ်းသာတယ်။ ဝမ်းသာဖို့ အချိန် နှစ်ရက် မရဘူးလား။ ရပါတယ်ဘုရား။

ရတဲ့ အချိန်အတွင်းမှာ ကိုယ့်သီလကိုယ် ပြန်ပြီး ဆင်ခြင်ပြီးတော့ "အင်း၊ ငါသူများအသက်လဲ မသတ်ဘူး၊ မညှဉ်းဆဲဘူး၊ သူများဥစ္စာလဲ မတရား မယူနဲ့ စောင့်ထိန်းခဲ့တယ်။ သူများ သားမယားလဲ မပြစ်မှားဘဲနဲ့ စောင့်ထိန်း ခဲ့တယ်။ လိမ်မပြောဘဲနဲ့လဲ စောင့်ထိန်းခဲ့တယ်။ မူးယစ်စေ တတ်တဲ့ အရက်သေစာ မသောက်စားဘဲနဲ့လဲ ငါ စောင့်ထိန်းခဲ့တယ်"လို့ သူ့သီလ စောင့်ထိန်းမှုကို ပြန်ပြီးတော့ ဆင်ခြင်ပြီး သူ ဝမ်းမသာနိုင် ဘူးလား။ (ဝမ်းသာနိုင်ပါတယ် ဘုရား။)

အဲဒီမှာကျတော့ သီလ ဆောက်တည်ခြင်းဟူသော အကြောင်းတရား ဖြစ်ပေါ်ပြီးနောက် တစ်ရက် နှစ်ရက်အတွင်း ဒီဘက်ဘဝမှာပဲ အကျိုးတရား မဖြစ်ပေ ဘူးလား။ (ဖြစ်ပါတယ် ဘုရား။) အဲဒါကလဲ ကံနဲ့ ကံရဲ့အကျိုး မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) ဒီဘဝမှာပဲ ဖြစ်ပေါ်တဲ့အကျိုး။

ဒီတော့ ဒီနေရာမှာ ဘုန်းကြီးတို့ ဘာတွေ့ရသလဲ။

(၁) အခုလုပ်တဲ့ ကံ အကြောင်းတရားကြောင့် အခု အကျိုးရတာလဲ တွေ့ရတယ်။

(၂) ဒီဘဝမှာ အခုလုပ်တဲ့ ကံ အကြောင်းတရားကြောင့် ဒီဘဝ အတွင်းမှာပဲ နောင်တစ်ချိန်ချိန်မှာ အကျိုးရတယ် ဆိုတာလဲ သိရတယ်။

(၃) ဒီဘဝမှာ လုပ်တဲ့ ကံ အကြောင်းတရားကြောင့် ဒီဘဝမှာ အကျိုးပေးဖို့ အချိန် မရလိုက်တဲ့အတွက် သေပြီးနောက် တစ်ချိန်ချိန်မှာ အကျိုးဖြစ်ပေါ် ရတာလဲ ရှိတယ်လို့ တွေ့ရတယ်။

ဒီလို မတွေ့ဘူးလား။ (တွေ့ပါတယ်ဘုရား။)

**ပစ္စုပ္ပန် တမလွန် နှစ်တန်သောအကျိုး**

ဒီတော့ ဒီဘဝမှာ ပြုလုပ်တဲ့ ကံအကြောင်းတရား ကြောင့် ဒီဘဝမှာ အကျိုးရတာကို ပစ္စုပ္ပန်ကံကြောင့် ပစ္စုပ္ပန်ဘဝမှာ အကျိုး ရတယ်လို့ ခေါ်တယ်။ ဟုတ်လား။ (မှန်ပါဘုရား။)

ဒီဘဝမှာ ပြုလုပ်တဲ့ ကံအကြောင်းတရားကြောင့် သေပြီးနောက် တချိန်ချိန်မှာမှ အကျိုး ဖြစ်ပေါ်လာတာကိုတော့ ပစ္စုပ္ပန်ကံကြောင့် နောင် တမလွန်ဘဝမှာ အကျိုးရတယ်လို့ ခေါ်ကြ ပြောကြတာ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

အဲဒါဟာ ကံနဲ့ ကံရဲ့အကျိုးတရား သဘာဝပဲ။ ပြီးတော့ "ကံကြောင့် နောက်တစ်ဘဝ ဖြစ်ရတယ်"ဆိုတဲ့ သဘောကိုလဲ ဒီနေရာမှာ သိရပြန်တယ်။

သို့သော် အလုပ်တိုင်း အကျိုးကိုဖြစ်စေတဲ့ ကံ ခေါ်သလားလို့ဆိုတော့ ဒီလိုတော့ မဟုတ်ပါဘူး။ အကျိုး ဖြစ်ပေါ်စေတဲ့ ကံအဖြစ် ရောက်တာလဲ ရှိတယ်။ မရောက်တာလဲရှိတယ်။ ဒါ သိထားရမယ်။

ဒီမှာ ဘုန်းကြီးတို့ ဆောင်ပုဒ်ထဲမှာ ရှိတယ်။ "ကံဆိုသည်မှာ အလုပ်။ အလုပ်ကောင်းမှ ကံကောင်းသည်၊ ကံကောင်းမှ ကောင်းကျိုးရသည်"တဲ့။

ဒီတော့ ဒီ သဘောအရဆိုလို့ရှိရင် "အလုပ်ဟာ ကံပဲ၊ ကောင်းတာလုပ် ရင် ကောင်းတဲ့ ကံပဲ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ ကံပဲ" ဒီလို မဟုတ်လား။ အဲဒီ ကောင်းတဲ့အလုပ်တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်မဲ့ အကျိုးတရားက ကောင်းတဲ့ အကျိုးတရားပဲ။

**ကောင်းကံဆိုးကံ** ဒီတော့ ကောင်းတယ်၊ မကောင်းဘူးဆိုတာ ဘယ်လို သဘောကို ဆိုလိုတာပါလဲ။(မည်သူ့ကိုမျှ မထိခိုက်သော အမှုသည် အပြစ်မရှိသောကြောင့် ကောင်းမှု၊ တစ်ဦးဦးကို ထိခိုက်သော အမှုသည် အပြစ်ရှိသောကြောင့် မကောင်းမှုပါဘုရား။) ဟုတ်ပြီ။ ကောင်းတယ် ဆိုတာ အပြစ်မရှိတာ၊ ဒီလို မဟုတ်လား။ (မှန်ပါဘုရား။) မကောင်းမှုဆိုတာ (အပြစ်ရှိတာပါ ဘုရား။)

ဒီတော့ ကောင်းတဲ့အလုပ်ဆိုတာဟာ အပြစ်မရှိတဲ့အလုပ်၊ အပြစ်မရှိတဲ့ အလုပ် လုပ်တဲ့ပုဂ္ဂိုလ်ဟာ အကျိုးရရင် ဘာရမလဲ။ ကောင်းကျိုးရမလား၊ ဆိုးကျိုးရမလား။ (ကောင်းကျိုးရပါမယ် ဘုရား။) အပြစ်မရှိတဲ့ အကျိုးပဲ ရမယ်။

ကဲ အခု ဒီမှာလာပြီးတော့ တရားနာကြတယ်။ ဒီလို တရားဟောတာလာပြီး နာတာဟာ အပြစ်ရှိသလား၊ မရှိဘူးလား။ (မရှိပါဘုရား။) သေချာလား။ (သေချာပါတယ် ဘုရား။) သေချာတယ်နော်။

တကယ်လို့များ တရားက မဟုတ်တရုတ် တရားတွေဟောရင်တော့ အပြစ် ရှိမှာပေါ့၊ မဟုတ်ဘူးလား။ (မှန်ပါဘုရား။)

အဲ… သူများ မကောင်းကြောင်းတွေပဲ လျှောက်ပြောနေမယ်၊ နား မချမ်းသာစရာ အမနာပ အယုတ္တ အနတ္တ အကြောင်းတွေပဲ လျှောက်ပြောနေမယ်၊ အကြောင်းအကျိုး မဆက်စပ်တဲ့ သဘာဝနဲ့ မကိုက်ညီတဲ့ တရားတွေပဲ လျှောက်ပြီး ပြောပြနေမယ်ဆိုရင်တော့ အဲဒါကို အပြစ်ရှိတယ် ခေါ်မလား၊ အပြစ်မရှိဘူးလို့ ခေါ်မလား။ (အပြစ် ရှိပါတယ်ဘုရား။)

ဒါဖြင့် အခု ဘုန်းကြီးတို့ ဟောနေတာက အဲဒီလို ဟာတွေလား။ (မဟုတ်ပါ ဘုရား။) သူတစ်ပါး ပျက်စီးကြောင်းတွေလား။ (မဟုတ်ပါဘုရား။) မဟုတ်ဘူးနော်။ သဘာဝနဲ့ ဆန့်ကျင်တဲ့ အကြောင်းတွေလား။ (မဟုတ်ပါ ဘုရား။)

ဒီလိုဆိုရင် ဒီတရားမျိုးကို နားထောင်ခြင်းအားဖြင့် နားထောင်သူဟာ အပြစ်ကင်းတဲ့ အလုပ် လုပ်သလား၊ အပြစ်ရှိတဲ့အလုပ် လုပ်သလား။ (အပြစ်ကင်းတဲ့ အလုပ်ကို လုပ်ပါတယ်ဘုရား။)

အပြစ်ကင်းတဲ့ နားထောင်ခြင်းဆိုတဲ့ အလုပ်ကို လုပ်တော့ သူရမည့် အကျိုးက အပြစ်ကင်းတဲ့ အကျိုးလား၊ အပြစ်ရှိတဲ့ အကျိုးလား။ (အပြစ်ကင်းတဲ့ အကျိုးပါဘုရား။)

အပြစ်ကင်းတဲ့ အကျိုးဆိုရင် ကောင်းကျိုး မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

အပြစ်ရှိတဲ့ အကျိုးဆိုရင်တော့ကော။ (မကောင်းကျိုးပါ ဘုရား။)

**ကိုယ်လုပ်တဲ့အလုပ်ဟာ** ကဲ ဒါဖြင့် ဒီလို နားထောင်ခြင်းကြောင့် သူ့မှာ
**ကိုယ့်ဥစ္စာ** တရားနဲ့ပတ်သက်တဲ့ အသိတရားတွေ၊ ဗဟုသုတ
တွေ တိုးမသွားဘူးလား။ (တိုးပါတယ် ဘုရား။)
အဲဒီ တိုးတာဟာ ကောင်းကျိုးလား၊ ဆိုးကျိုးလား။ (ကောင်းကျိုးပါဘုရား။)
သေချာရဲ့လား။ (သေချာပါတယ်ဘုရား။)

ဟုတ်ပြီ၊ အဲဒီ ကောင်းကျိုးရအောင် သူ့ကို ဘယ်သူက လုပ်ပေးသလဲ။ (သူ့ဟာသူ လုပ်ယူပါတယ်။)

ကဲ တရားနာတာဟာ ဘယ်သူ နာသလဲ။ (ကိုယ် နာတာပါဘုရား။) ကိုယ် တရားနာတော့ အဲဒီ ဗဟုသုတ တိုးခြင်းဆိုတဲ့ ကောင်းကျိုးကို ဘယ်သူ ရသလဲ။ (ကိုယ် ရပါတယ်ဘုရား။) ဒါဖြင့် အဲဒီ ကောင်းကျိုးကိုရအောင် ကိုယ့်ကို ဘယ်သူ လုပ်ပေးသလဲ။ (ကိုယ့်ဟာကိုယ် လုပ်ယူတာပါဘုရား။)

ဘယ်လို ကိုယ့်ဟာကိုယ် လုပ်သလဲ။ ဟောတဲ့တရားကို နားကလေး စိုက်ပြီးတော့ စိတ်က နှလုံးသွင်း အာရုံပြုပေးလိုက်တာ မဟုတ်လား။ (မှန်ပါဘုရား။)

အဲဒါ ကိုယ်ကလုပ်ယူတာလား၊ သူများက လုပ်ပေးတာလား။ (ကိုယ်က ပါဘုရား။) (ဘုန်းကြီးက လုပ်ပေးပါတယ်။)

ဘုန်းကြီးက လုပ်ပေးတာက ဟောပြောမှုကို ဘုန်းကြီးက လုပ်ပေးတယ်၊ ဟုတ်တယ် မဟုတ်လား။ ဟောပြောမှုကို ဘယ်သူက လုပ်ပေးသလဲ။ (ဘုန်းကြီးကပါဘုရား။)

နားထောင်မှုကို ဘယ်သူက လုပ်သလဲ။ (မိမိက လုပ်ပါတယ် ဘုရား။) ဒါကြောင့်မို့ ဗဟုသုတ တိုးခြင်းအလုပ်ကို ဘယ်သူက ရသလဲ။ (မိမိက ရပါတယ် ဘုရား။)

ဒါဖြင့် မိမိရတဲ့ အကျိုးကို ဘယ်သူ လုပ်ပေးလို့ ရတာလဲ။ မိမိဘာသာ မိမိလုပ်ယူလို့ ရတာ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

"အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ" ဆိုတဲ့ ဒေသနာတော် အတိုင်းပဲ။ ကိုယ်လိုချင်ရင် ကိုယ် လုပ်ရတယ် မဟုတ်လား။ "ကိုယ်ထူကိုယ်ထ၊ ကြိုးစားမှ သုခ ပွားစီးမည်" တဲ့။ ကိုယ်ရချင်ရင် ကိုယ် လုပ်ယူရတာပဲ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

အဲဒီတော့ မိမိလုပ်တဲ့ နားထောင်ခြင်းဆိုတဲ့ အပြစ်ကင်းတဲ့ အလုပ် တည်းဟူသော ကံ အကြောင်းတရားကြောင့် တရားအသိ ဗဟုသုတတိုးခြင်း ဆိုတဲ့ အကျိုးတရားကို ဖြစ်ပေါ်စေတော့ ဒီနေရာမှာကော ကံ, ကံရဲ့အကျိုး မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) ဟုတ်တယ်နော်။

**အလုပ်တိုင်း** သို့သော် ဒီမှာ ဘုန်းကြီးတို့ ဆောင်ပုဒ်ထဲမှာ ပါတယ်။
**ကံမမြောက်** "ကိုယ် နှုတ် စိတ်တို့ဖြင့် ပြုလုပ်သော်လဲ ပြုလုပ်တိုင်း ကံ မဖြစ်ပေ"တဲ့။ အလုပ် ဆိုသော်လဲပဲ အလုပ်တိုင်း ကံ မဖြစ်ဘူး၊ ကံအရာ မမြောက်ဘူးတဲ့။ ကံအရာ မမြောက်ဘူးဆိုတာ အကျိုးကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားအဖြစ် မရောက်ဘူးလို့ ဆိုလိုတယ်။ ကံလို့ခေါ်တဲ့ အကြောင်းတရား အဖြစ်ကို မရောက်ဘူးတဲ့။

"ကိုယ်နှုတ်စိတ်ဖြင့် ပြုလုပ်သော်လဲ ပြုလုပ်တိုင်း ကံမဖြစ်ပေ။ ကံအရာ မမြောက်ပေ။ အကောင်းအဆိုး ရည်ရွယ်ချက် တစ်ခုခုဖြင့် တက်ကြွ ထက်သန်သောစိတ် ဦးဆောင်လျက် ပြုလုပ်မှသာ "ကံအရာ မြောက်၍" ကံဟု ခေါ်သည်။"

[ဒုတိယအကြိမ်ရိုက် ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာအကျော်မျက်နှာ ၁၇၈။ ဤတရားကို ဟောစဉ်က ပထမအကြိမ်ရိုက်စာမျက်နှာ ၁၃၉ကို ညွှန်းခဲ့သည်။]

အဲဒီ အလုပ်ထဲမှာ ကောင်းတဲ့ ရည်ရွယ်ချက် ဆိုးတဲ့ ရည်ရွယ်ချက် တစ်ခုခု ပါရမယ်။ အဲဒီလို ကောင်းတဲ့ ရည်ရွယ်ချက်၊ ဆိုးတဲ့ ရည်ရွယ်ချက် တစ်ခုခု ပါပြီးတော့ အဲဒီ အလုပ်ကို လုပ်ဖို့ရာ ထက်သန်တဲ့စိတ် ရှိရမယ်။ အဲဒီ အင်္ဂါနှစ်ပါးနဲ့ ပြည့်စုံတဲ့ အလုပ်မှသာလျှင် ကံ အရာမြောက်တယ်။ အလုပ်ဆိုတိုင်း ကံအရာ မမြောက်ဘူးနော်။

**ရည်ရွယ်ချက်နှင့် တက်ကြွတဲ့စိတ်**

အကြောင်း နှစ်ကြောင်း ကြည့်ပါ။ ကံအရာမြောက်တဲ့ အလုပ်ဟာ ကောင်းတဲ့ ရည်ရွယ်ချက်ဖြစ်စေ၊ ဆိုးတဲ့ ရည်ရွယ်ချက်ဖြစ်စေ အဲဒီ အလုပ်လုပ်တဲ့အခါမှာ ပါရတယ်။ တစ်ခါ အဲဒီ အလုပ် ပြီးမြောက်အောင် တက်ကြွ ထက်သန်တဲ့ စိတ်လဲ ရှိရမယ်။ အဲဒီ အကြောင်းနှစ်ချက် ပြည့်စုံတဲ့ အလုပ်မှသာလျှင် ကံအရာ မြောက်တယ်။

ကဲ... ဆိုကြပါစို့။ ဘုန်းကြီးတို့ အခု အိုက်တဲ့အခါမှာ ကိုယ့်ကိုယ်ကို ယပ်မခတ်ဘူးလား။ (ယပ်ခတ်နေသူအချို့ကိုမြင်၍ မေးသည်။) (ခတ်ပါတယ် ဘုရား။)

ယပ်ခတ်ရအောင်များ စိတ်က ထင်ထင်ရှားရှား အားပြုနေရသလား။ (အားမပြုရပါဘုရား။)

တရားနာနေရင်းနဲ့ လက်က အော်တိုမက်တစ် သဘောမျိုး ယပ်ခတ် မနေဘူးလား။ (ခတ်ပါတယ်ဘုရား။)

အဲဒီယပ်ခတ်တာမှာ တက်ကြွထက်သန်တဲ့စိတ် ပါသလား။ (မပါပါ ဘုရား။) မပါဘူး။ မပါတော့ သူဟာ ထူးခြားတဲ့ အကျိုး တစ်ခုခုကို ဖြစ်ပေါ်စေမယ့် အလုပ် မဟုတ်ဘူး။ အခု ဒီမှာ ယပ်ခတ်ခြင်း တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်တဲ့ အကျိုးဟာ ဘာလဲ၊ လေအေးရခြင်း အကျိုးပဲ ရှိတယ်။ ထူးခြားတဲ့ ကောင်းကျိုး ဆိုးကျိုး မရှိဘူး။

တစ်ခါ အဲဒီ ယပ်ခတ်တဲ့ ရည်ရွယ်ချက်ထဲမှာ အပြစ်မကင်းတဲ့ မကောင်းတဲ့ ရည်ရွယ်ချက်၊ သို့မဟုတ် အပြစ်ကင်းတဲ့ ကောင်းတဲ့ ရည်ရွယ်ချက် တစ်ခုခု ပါရဲ့လား။ (မပါပါဘုရား။)

သာမန် ချွေးခြောက်ရုံ အအိုက်ပြေရုံပဲ ရည်ရွယ်ထားတယ်။ ဒါလဲ တက်ကြွတဲ့စိတ် ထက်သန်တဲ့စိတ်နဲ့ လုပ်ရတာ မဟုတ်ဘူး။ မဟုတ်တော့ ထူးခြားတဲ့ အကျိုးကို ဖြစ်ပေါ်စေတဲ့ ကံအရာ မမြောက်ဘူး။ (သူတစ်ပါးကို အေးစေချင်လို့ ယပ်ခတ်ပေးတာကျတော့ တစ်မျိုး စဉ်းစားရပေလိမ့်မယ်။)

**သွားတာ ကံမဟုတ်** နောက်တစ်ခု စဉ်းစားကြည့်ကြဦးစို့။ ခရီးသွားတဲ့အခါကျတော့ ဘယ်လို သွားကြသလဲ။ ကုန်းကြောင်းခြေကျင် သွားတဲ့အခါမှာလေ။ ခြေလှမ်း လှမ်းသွားတာပေါ့။ မဟုတ်ဘူးလား။ ကံ ဘယ်ခြေထောက်တစ်လှမ်း၊ ညာခြေထောက်တစ်လှမ်း လှမ်းမသွားဘူးလား။ (လှမ်းပါတယ် ဘုရား။) အဲဒီလို ခြေလှမ်း လှမ်းပြီး သွားနေတဲ့ အချိန်မှာ ခြေထောက်ကို လှမ်းရ ကြွရ ချရအောင် အင်မတန် တက်ကြွ ထက်သန်တဲ့စိတ် ပါရဲ့လား။ (မပါပါဘုရား။)

သူ့အလိုလို ဖြစ်ပေါ်တဲ့ ကြွချင်စိတ်၊ လှမ်းချင်စိတ်၊ ချချင်တဲ့ စိတ်နဲ့ပဲ ကြွ လှမ်း ချတယ်။ ဒါနဲ့ပဲ လိုရာ ရောက်သွားတယ်။

ပြီးတော့ ခြေလှမ်းလှမ်းခြင်း ဆိုတဲ့ ကိစ္စမှာ ဒီလို သွားခြင်းကြောင့် ငါ့မှာ ကောင်းမှုကုသိုလ်တွေ ဖြစ်ပါစေ၊ ကောင်းကျိုးတွေ ရပါစေ။ ဒီလို သွားခြင်းကြောင့် ငါ့မှာ မကောင်းကျိုးတွေ ရပါစေဆိုတဲ့ ရည်ရွယ်ချက် ရှိသလား။ (မရှိပါဘုရား။)

အဲဒီတော့ ကောင်းတဲ့ ရည်ရွယ်ချက်၊ ဆိုးတဲ့ ရည်ရွယ်ချက်လဲ မရှိဘူး။ တစ်ခါ အဲဒီ ခြေလှမ်း လှမ်းခြင်းဆိုတဲ့ အလုပ်ကို လုပ်တဲ့အခါမှာ တက်ကြွ ထက်သန်တဲ့စိတ်လဲ မပါဘူး။

ဒီတော့ ဒီ ခြေလှမ်း လှမ်းခြင်းဆိုတဲ့ အလုပ်ဟာ အလုပ်ပင် ဖြစ်သော်လဲပဲ ကံအရာ မမြောက်ဘူး။

**ကံအရာ မမြောက်ဘူးဆိုတာ ထူးခြား ထင်ရှားတဲ့ အကျိုးကို ဖြစ်ပေါ်စေနိုင်တဲ့ အခြေအနေ မရှိဘူးလို့ ဆိုလိုပါတယ်။** ဒါကြောင့် အလုပ်တိုင်းဟာ ကံ မဟုတ်ဘူးလို့ ပြောခဲ့တာပါ။

**စားတာလဲ ကံမဟုတ်** ကံ နောက်ထပ်တစ်ခု စဉ်းစား ကြည့်ကြဦးစို့။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ထမင်း စားခဲ့ကြရဲ့လား။ ဘုန်းကြီးတို့ သွေးချင်းသားချင်း ခရစ်ယာန် ညီတော်နောင်တော်တွေရော ထမင်း စားခဲ့ကြရဲ့လား။ (စားခဲ့ကြပါတယ်။) စားခဲ့ကြတယ်နော်။ အဲဒီ

ထမင်းစားတဲ့အခါမှာ ထမင်းကို ကျေအောင် ညက်အောင် ဆိုပြီးတော့ အားပြုများ စားရသလား။ (မစားရပါ ဘုရား။)

သူ့ဟာသူ ပါးစပ်ထဲ ထမင်းလုပ် ခွံ့ပြီးတော့ သွားက ဝါးကြိတ်ချေ၊ ဒါနဲ့ပဲ ဝမ်းဗိုက်ထဲရောက်၊ ဒီလို မဟုတ်လား။ အဲဒီ စားမှုအလုပ်ကို လုပ်ဖို့ တက်ကြွ ထက်သန်တဲ့စိတ် လိုသလား။ (မလိုပါဘုရား။) (ခံတွင်း ပျက်နေတဲ့ လူမမာ အားရှိအောင် ကြိုးစား စားရတာမျိုးကတော့ တခြားပဲ။)

ထမင်းစားခြင်းကြောင့် ငါ့မှာ ကုသိုလ်တွေ ဖြစ်ပါစေ၊ သို့မဟုတ် အကုသိုလ်တွေ ဖြစ်ပါစေလို့ ရည်ရွယ်ချက်ရော ပါသလား။ (မပါပါဘူး။)

မပါတော့ အဲဒီ ထမင်းစားခြင်းဆိုတဲ့ အလုပ်မှာ ကောင်းတဲ့ ရည်ရွယ်ချက် ဆိုးတဲ့ ရည်ရွယ်ချက်လဲ မပါ၊ တက်ကြွ ထက်သန်တဲ့စိတ်လဲ မပါတော့ အဲဒီ ထမင်းစားခြင်းကို ကံလို့ ခေါ်မလား။ (မခေါ်ပါဘုရား။) အဲဒါ ကံအရာ မြောက်မလား။ (မမြောက်ပါဘုရား။)

**ကံမြောက်တဲ့အလုပ်** ကဲ... ကံအရာ မြောက်တဲ့အလုပ်ကို စဉ်းစားကြည့်ရအောင်။ ဘုရား ရှိခိုးတယ် ဆိုကြပါစို့။

ဘုရား ရှိခိုးတဲ့အခါမှာ ခရစ်ယာန် ဘာသာဝင်များကလဲ မိမိတို့ရဲ့ ထာဝရ ဘုရားသခင်ထံ၊ ဗုဒ္ဓဘာသာဝင်များကလဲ မိမိတို့ရဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားထံ၊ ဗြာဟ္မဏဝါဒီ များကလဲ မိမိတို့ရဲ့ ဘုရားများ ဖြစ်ကြတဲ့ မဟာဗြဟ္မာ၊ သိဝ၊ ဗိဿနိုး ခေါ်တဲ့ ဘုရားကြီး သုံးဆူထံ စိတ်ကိုညွှတ် လက်အုပ်ချီပြီးတော့ ဘုရားတွေရဲ့ ဂုဏ်တော်တွေကို စိတ်က အာရုံပြုပြီး "ဂုဏ်ကျေးဇူး အထူး ရှိတော်မူကြတဲ့ ရှင်တော်မြတ်ဘုရားတွေပဲ"လို့ မိမိတို့ ဘုရားရဲ့ ဂုဏ်တော် အားလျော်စွာ စိတ်ထဲမှာ အာရုံပြု ရှိခိုးတယ်။

ဒီတော့ အဲဒီလို ဘုရားဂုဏ်ကို အာရုံပြုရတယ် ဆိုကတည်းက စိတ်အား ပြုရသလား၊ မပြုရဘူးလား။ (ပြုရပါတယ် ဘုရား။) တက်ကြွ ထက်သန်တဲ့စိတ် မပါပဲနဲ့ အာရုံပြုလို့ ရမလား။ (မရပါဘုရား။) တက်ကြွ ထက်သန်တဲ့စိတ် ပါရတယ်။

တစ်ခါ အဲဒီအလုပ်ကို လုပ်တဲ့အခါမှာ ရည်ရွယ်ချက်က ကောင်းတဲ့ ရည်ရွယ်ချက်လား၊ ဆိုးတဲ့ ရည်ရွယ်ချက်လား။ (ကောင်းတဲ့ ရည်ရွယ်ချက်ပါ ဘုရား။) ဒီတော့ ရည်ရွယ်ချက် မပါပေဘူးလား။ (ပါပါတယ်ဘုရား။)

ကောင်းတဲ့ ရည်ရွယ်ချက်လဲ ပါတယ်၊ တက်ကြွ ထက်သန်တဲ့စိတ်လဲ ရှိတယ်။ အဲဒီ နှစ်ချက်နဲ့ ပြည့်စုံတဲ့ ဘုရား ရှိခိုးခြင်းဆိုတဲ့ အလုပ်ဟာ ကံအရာ မြောက်မလား။ မမြောက်ဘူးလား။ (မြောက်ပါတယ်ဘုရား။)

**ဘုရားရှိခိုးကံကြောင့် ရတဲ့အကျိုး** ဒီတော့ မိမိတို့ ဘာသာ အယူဝါဒအလိုက် အဲဒီလို ဘုရားရှင်ရဲ့ ဂုဏ်ကို အာရုံပြုပြီးတော့ ကြည်ကြည်နူးနူး ကျေကျေနပ်နပ် စိတ်ထဲမှာ အာရုံပေါ်အောင် ရှိခိုးလိုက်ရတဲ့အတွက် ဘုရားရှိခိုးနေတုန်းမှာ ဖြစ်စေ။ ရှိခိုးပြီးတဲ့အခါမှာဖြစ်စေ၊ ဝမ်းနည်းနေသလား။ ဝမ်းသာနေသလား။ (ဝမ်းသာနေပါတယ် ဘုရား။) စိတ်ဆင်းရဲနေသလား။ ချမ်းသာနေသလား။ (ချမ်းသာ နေပါတယ်ဘုရား။)

အဲဒီ ချမ်းသာခြင်း၊ ဝမ်းသာခြင်းဆိုတဲ့ အကျိုးတရားဟာ ဘာကြောင့် ဖြစ်တာလဲ။ အဲ ဘုရားရှိခိုးခြင်းဆိုတဲ့ အလုပ် တည်းဟူသော ကံကြောင့် ဖြစ်တာ။

**ဒါလောက်တင်မဟုတ်** သို့သော် အဲဒီက အဲဒီအလုပ်ကို ပြုလုပ်စဉ်က တက်ကြွ ထက်သန်တဲ့ စိတ် အားကောင်းရင် အဲဒီ အကျိုးတရားဟာ ဒီလောက်ကလေးနဲ့ မနေဘူး။ ဝမ်းသာရရုံ၊ စိတ်ကြည်နူးရရုံနဲ့ မနေဘူး။ ဒီထက်ပိုပြီး အကျိုးပေး ကြီးမားတယ်။ ဘာကြောင့်လဲ ဆိုတော့ စိတ်ဓာတ်ရဲ့ အင်အားဟာ အင်မတန် တန်ခိုးကြီးမား ထက်မြက်လို့ပဲ။ စိတ်ဓာတ်အင်အား ကောင်းရင် အားကောင်းသလောက် ကြီးမားတဲ့ အကျိုး ပေးနိုင်တယ်။

အခု ပြောခဲ့တဲ့ သဘောကို သိထားမှ "အလုပ်ကို ကံ"လို့ခေါ်တယ် ဆိုသော်လဲပဲ အလုပ်တိုင်းဟာ ကံအရာ မမြောက်ဘူး။ တက်ကြွထက်သန်တဲ့ စိတ်နဲ့ အကောင်းအဆိုးရည်ရွယ်ချက် တစ်ခုခုပါတဲ့ အလုပ်မှ ကံအရာ မြောက်တယ်ဆိုတာ သဘောကျမယ်။

"ကံအရာ မြောက်တယ်ဆိုတာ ထူးခြား ထင်ရှားတဲ့ အကျိုးကို ဖြစ်ပေါ်စေနိုင်လောက်အောင် အင်အားပြည့်တဲ့ အကြောင်းတရားအဖြစ် ရောက်တယ်"လို့ ဆိုလိုပါတယ်။ ကျမ်းဂန်များမှာတော့ ကမ္မပထ မြောက်တယ်လို့ သုံးနှုန်းလေ့ရှိပါတယ်။

ကံ ဆောင်ပုဒ်ကလေး လိုက်ဆိုပါဦး။

"ကံဆိုတာအလုပ်။"

"အလုပ်ကောင်းမှ ကံကောင်းသည်။ ကံကောင်းမှ ကောင်းကျိုးရသည်။"

"အလုပ်ဆိုးလျှင် ကံဆိုးသည်။ ကံဆိုးတော့ ဆိုးကျိုးရသည်။"

"ကိုယ် နှုတ် စိတ်တို့ဖြင့် ပြုလုပ်သော်လဲ၊ ပြုလုပ်တိုင်း ကံ မဖြစ်ပေ၊ ကံအရာ မမြောက်ပေ။"

"အကောင်း အဆိုး ရည်ရွယ်ချက် တစ်ခုခုဖြင့် တက်ကြွ ထက်သန်သော စိတ် ဦးဆောင်လျက် ပြုလုပ်မှသာ 'ကံ အရာမြောက်၍' ကံဟုခေါ်သည်။"

အဲဒါ ဘုန်းကြီးတို့ ဗုဒ္ဓဝါဒအရ ကံနဲ့ ကံရဲ့အကျိုး အယူအဆပဲ။ ကမ္မဝါဒပေါ့။ အဲဒီ နောက်ဆုံးအပိုဒ်ဟာ ဘုန်းကြီး ဟောဒီမှာ ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာ စာအုပ်ထဲက ထုတ်ထားတာပါ။ စာမျက်နှာ ၁၃၉ မှာ ပါပါတယ်။ အခု စာမျက် ၁၄၀ ကို ဆက်ပြီး ဘုန်းကြီး ဖတ်ပြပါမယ်။ နားလည်ပါလိမ့်မယ်။ အာရုံစိုက်ပါ။ [ဒုတိယအကြိမ်ရိုက် စာအုပ်တွင် စာမျက်နှာ ၁၇၈ ၌ ကြည့်ပါ။]

"တချို့အလုပ်များကို အကောင်းအဆိုး ရည်ရွယ်ချက် အထူးလဲ မပါ တက်ကြွထက်သန်သော စိတ်လည်း မရှိဘဲ မထင်ရှားသော စိတ်စေတနာဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ကြ၏။ အလုပ် ဖြစ်မြောက်စေသော စိတ်စေတနာ အလွန် အားသေးလှသဖြင့် သူ့ အလိုအလျောက် လုပ်မိသွားသည်ဟုပင် မှတ်ထင်ကြရ၏။ ယင်းအလုပ်များမှာ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ လျောင်းခြင်း စသောအလုပ်မျိုး၊ နှုတ်ဆက် စကားပြောခြင်းစသော အလုပ်မျိုး ဖြစ်၏။ ဤကဲ့သို့သော အလုပ်မျိုးသည် ထူးခြား

ထင်ရှားသော ကောင်းကျိုး ဆိုးကျိုး တစုံတရာကို ဖြစ်ပေါ်စေသော ကံများ မဟုတ်ကြပေ။" ကံအရာမြောက်သော အလုပ်များ မဟုတ်ကြပေ။"

နားလည်ကြသလား။ အဲ ခုနက ရှင်းပြခဲ့တဲ့ သဘောပဲ မဟုတ်လား။ (မှန်ပါဘုရား။) ရှေ့ဆက်ဖတ်ပြပါမယ်။

**"အချုပ်ဆိုရလျှင် ရည်ရွယ်ချက်နှင့်တကွ တက်ကြွထက်သန်သော စိတ် ဦးဆောင်လျက် ပြုလုပ်သော အလုပ်သည် ကံမြောက်၍ မသိသာ မထင်ရှားသော သာမန်စိတ်ဖြင့် ပြုလုပ်သော အလုပ်သည် ကံမမြောက်ပေ။"**

ဒီတော့ ဘုန်းကြီး အခုနပြောခဲ့တယ်၊ "အကောင်းအဆိုး ရည်ရွယ်ချက် တစ်ခုခု ပါရမယ်။ တက်ကြွ ထက်သန်တဲ့စိတ် ရှိရမယ်။ အဲဒီ အလုပ်မှသာလျှင် ကံအရာမြောက်တယ်"လို့ ပြောခဲ့တယ်။ အဲဒါ ဘုန်းကြီးက ဗမာစကားနဲ့ နားလည်အောင် ပြောတာ။ ဟောဒီမှာ ရှေ့ကို ဆက်ပြီး နားထောင်ပါဦး။

"ယင်း တက်ကြွ ထက်သန်သော စိတ်ကို စေတနာဟု ခေါ်သည်"တဲ့။ တက်ကြွ ထက်သန်တဲ့စိတ်ကို ဘာလို့ ခေါ်သလဲ။ (စေတနာပါဘုရား။) အင်္ဂလိပ်လို Motive သို့မဟုတ် Volition လို့ ဘာသာပြန်ကြပါတယ်။

"ဤ တက်ကြွသည့် စိတ်သဘောကြောင့်ပင် ကိုယ်ဖြင့် ပြုလုပ်မိ၏။ နှုတ်ဖြင့် ပြောဆိုမိ၏။ စိတ်ဖြင့် ကြံစည် တွေးတော ဆင်ခြင်မိ၏။ ယင်း တက်ကြွထက်သန်သော စိတ်သဘော စေတနာသည် ကိုယ် နှုတ် စိတ် အလုပ်များ ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း အခြေခံပင်ဖြစ်၏။

**အကြောင်းစေတနာသည် ကံ** အဲဒီအလုပ်ကို လုပ်နေတုန်းမှာ ဖြစ်ပေါ်နေတဲ့ တက်ကြွတဲ့စိတ်။ အဲဒီ စိတ်ကို သို့မဟုတ် အဲဒီ စိတ်မှာ ပါဝင်တဲ့ တက်ကြွတဲ့ သဘောကို စေတနာလို့ ခေါ်တယ်။ အဲဒီ စေတနာဟာ ကိုယ်နဲ့ လုပ်တဲ့အလုပ် ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းပဲ။ သူ့ကြောင့်ပဲ ကိုယ်နဲ့ လုပ်မိတယ်။

ဆိုကြပါစို့။ လူတစ်ယောက်က ကိုယ့်ကို ဆဲနေတယ်၊ ရှေ့တွင်ပဲ နင်ပဲ ငါပဲနဲ့ ဆဲနေတယ်။ ပထမတော့ သည်းခံနေတယ်။ မနေ့က ပြောခဲ့တဲ့ အတိုင်း မြတ်စွာဘုရားလိုပေါ့လေ၊ သူပေးတာကို မယူဘူး၊ အဲ့ သူက အမျိုးမျိုး ဆဲတယ်၊ ကိုယ်က အသာပဲ ငြိမ်နေတယ်၊ ပုထုဇဉ်ဆိုတော့ ပြုံးတော့ မပြုံးနိုင်ဘူးပေါ့လေ။ ဒါပေမယ့် အဲဒီလို သူက ဆဲတုန်း ကိုယ်က ဘာမှ ပြန်မပြောဘဲနဲ့ အဲဒီလို နေတဲ့အခါမှာ ကိုယ့်မှာ အပြစ်ရှိသလား၊ သူ့မှာ အပြစ်ရှိသလား။ (သူ့မှာ အပြစ်ရှိပါတယ်။)

ဘာကြောင့်လဲ။ ကိုယ်က သူ့ဒေါသကို တုံ့ပြန်သောအားဖြင့် စိတ်မဆိုး လို့။ စိတ်ဆိုးလိုက်ပြီ ဆိုရင်တော့ သူဆီက ပေးလိုက်တာ ကိုယ်ယူရာ မကျပေဘူးလား။ (ကျပါတယ်ဘုရား။)

အဲဒီတော့ ကိုယ့်ဆီကို အဲဒီ အပြစ် ရောက်မလာဘူးလား။ (ရောက်လာ ပါတယ် ဘုရား။)

ကဲ ကိုယ်က ငြိမ်ငြိမ်ကလေးနေပြီး မယူဘဲ ထားလိုက်တော့ သူ့အပြစ်က ဘယ်ရောက်သွားတုန်း။ (သူ့ဆီ ပြန်ရောက်သွားပါတယ်ဘုရား။)

သို့သော် ပုထုဇဉ် ဖြစ်နေတော့ တော်ရုံတန်ရုံပဲ သည်းခံနိုင်တယ်။ လွန်လာတဲ့ အခါကျတော့ သည်းမခံနိုင်ဘူး။ သည်းမခံနိုင်တဲ့ အခါကျတော့ "သည်းခံမှ၊ သည်းခံမှ"လို့ စိတ်ကတော့ ဆင်ခြင်ပါရဲ့။ ဒါပေမယ့် စိတ်ထဲမှာ "ငါ ဒီကောင် လက်သီးနှင့်ထိုးလိုက်ရ ကောင်းမလား။ ဒါမှမဟုတ် ခဲနှင့် ပေါက်လိုက်ရ ကောင်းမလား၊ ဒါမှမဟုတ် အနားရှိတဲ့ တုတ်နှင့် ကောက်ချ လိုက်ရမလား။" ဒီလိုစိတ်တွေ ဖြစ်မလာဘူးလား။ (ဖြစ်ပါတယ် ဘုရား။)

အဲဒီလို ဖြစ်နေပြီဆိုတော့ အဲဒီစိတ်ဟာ တက်ကြွတဲ့စိတ်လား။ သာမန် စိတ်လား။ (တက်ကြွ ထက်သန်တဲ့ စိတ်ပါဘုရား။)

**ကာယကံ** အဲလို သည်းမခံနိုင်တဲ့ အခါကျတော့ တစ်ခါတည်း လက်သီးနှင့် ထိုးလိုက်တယ်။ ဘာအလုပ်လဲ။ လက်သီးနဲ့ထိုးတော့ ကာယကံ ကိုယ်အလုပ် မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

အဲဒီ ကိုယ်အလုပ်ဟာ ဘာကြောင့် ဖြစ်သလဲ။ အဲဒီ တက်ကြွ ထက်သန်တဲ့ စိတ်ခေါ်တဲ့ စေတနာကြောင့်နော်။ ဒါကြောင့် ကိုယ်နဲ့ ပြုလုပ်တဲ့ အလုပ် ကာယကံ ဖြစ်ရာမှာ စေတနာဟာ အကြောင်းရင်းတရားပဲ။

**ဝစီကံ** နောက်ပြီး နှုတ်အလုပ်ကော။ "သူ့ကို ပြန်ပြီး ဆဲလိုက်မဟဲ့"လို့ စိတ်က တက်ကြွ ထက်သန်တဲ့စိတ် ဖြစ်ပေါ်လာတဲ့အခါကျတော့ မဆဲလိုက်ဘူးလား။ (ဆဲမိပါတယ် ဘုရား။)

အဲဒီ ဆဲခြင်းဆိုတဲ့ မကောင်းတဲ့ နှုတ်အလုပ် ဝစီကံဟာ အဲဒီ တက်ကြွ ထက်သန်တဲ့စိတ် စေတနာကြောင့် ဖြစ်တာ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ် ဘုရား။)

ဒါကြောင့် ကိုယ်အလုပ်၊ နှုတ်အလုပ်ရဲ့ အကြောင်းရင်းဟာ တက်ကြွ ထက်သန်တဲ့ စိတ်စေတနာ ဖြစ်တဲ့အတွက် အဲဒီ တက်ကြွ ထက်သန်တဲ့ စေတနာကိုပဲ 'ကံ'လို့ 'အလုပ်'လို့ နာမည်တပ်လိုက်တယ်။

ဘာကြောင့်လဲဆိုတော့ သူ့ကြောင့် ကိုယ်အလုပ်ဖြစ်တယ်။ သူ့ကြောင့် နှုတ်အပြောဖြစ်တယ်။ သူ့ကြောင့်ပဲ စိတ်အကြံအစည်တွေ ဖြစ်တယ်။ ဒါကြောင့် တက်ကြွထက်သန်တဲ့ စေတနာကိုပဲ 'ကံ'လို့ ခေါ်လိုက်တယ်။

ဒါကြောင့် ဒီမှာ ...

"ယင်း တက်ကြွထက်သန်သော စိတ်သဘော စေတနာသည် ကိုယ် နှုတ် စိတ် အလုပ်များ ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း အခြေခံဖြစ်၏။ ထို့ကြောင့် ထိုစေတနာ (တက်ကြွသော စိတ်သဘော)ကို မြတ်စွာဘုရားက 'ကံ'ဟု နာမည် တပ်တော်မူ၏။"

ကိုင်း သဘောပေါက်ပြီလား။ အဲဒါ ကံနဲ့ ကံရဲ့ အကျိုးတရားပဲ။

ဘုန်းကြီးတို့ ဒီ အခြေပျိုး ဗုဒ္ဓဘာသာ စာအုပ်ကို ဘုန်းကြီးက လူငယ်သင်လို့ နာမည် တပ်ထားတယ်။ အခုပြောခဲ့တဲ့သဘောတွေ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတွေ သိပြီးသား ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား။)

အကုသိုလ်လုပ်ရင် မကောင်းတဲ့အကျိုး ရတယ်၊ ကုသိုလ်လုပ်ရင် ကောင်းတဲ့အကျိုး ရတယ်။ ဒီလောက်ပဲ သာမည သိထားကြပါတယ်။ ကံ အခုတော့ 'ကံ'ဆိုတာ တိတိကျကျ ဘာကိုခေါ်တယ်လို့ သဘောပေါက်ပြီနော်။ ဟုတ်ကဲ့လား။ အဲဒီသဘောကို ဒီစာအုပ်ထဲမှာ ဘုန်းကြီးက ရေးထားတယ်။ ဒီတော့ စာအုပ်ဟာ လူငယ်သင်လား၊ လူကြီးသင်လား။ (လူကြီးသင်ပါဘုရား။) လူကြီးသင်ပဲ။ ဘုန်းကြီးက ဖော့ပြီး နာမည်တပ်ထားတာ။ ဘာကြောင့်လဲ ဆိုတော့ ကောက်ဖတ်ချင်အောင်လို့။

**ကြောင်းကျိုး နိယာမ** ဒီတော့ အခုနက ဘုန်းကြီးပြောခဲ့တဲ့ ဒကာတစ်ယောက်ဟာ သေခါနီးဆဲဆဲ ရောဂါ ပြင်းထန်နေတဲ့ အချိန်မှာ သီလ ဆောက်တည်လိုက်တယ်။ ကောင်းတဲ့အလုပ် လုပ်လိုက်တယ်။ သီလ ဆောက်တည်ပြီးလို့ မကြာခင်မှာဘဲ ရောဂါ ဝေဒနာက ပြင်းထန် လာတယ်။ အဲဒီလို ပြင်းထန်လာတဲ့အတွက် မကြာခင်ပဲ ကွယ်လွန်သွားတယ်။ ဒီတော့ သီလ ဆောက်တည် စောင့်ထိန်းလိုက်ခြင်းဆိုတဲ့ ကောင်းတဲ့အလုပ် လုပ်ခြင်းကြောင့် ကောင်းတဲ့အလုပ် တည်းဟူသော အကြောင်းကြောင့် အကျိုး ဖြစ်ပေါ်ဖို့ရာ မသေမီစပ်ကြားမှာတော့ အချိန်မရဘူး ဟုတ်လား။

ဒီတော့ အကြောင်းရှိရင် အကျိုး ပေါ်ရမယ်ဆိုတဲ့ သဘာဝ နိယာမအရ သေပြီးနောက် တစ်ချိန်ချိန်မှာ ဒီအကျိုးဟာ ဖြစ်ပေါ်ရမယ်ဆိုတဲ့ သဘာဝ မရှိဘူးလား။ (ရှိပါတယ်ဘုရား။) ဒါဟာ ကြောင်းကျိုးသဘာဝပဲ။

**ကံကြောင့် တမလွန်ဘဝဖြစ်** ဒီတော့ သေပြီးနောက် တစ်ချိန်ချိန်မှာ ဒီအကျိုးတရား ဖြစ်ပေါ်ဖို့အတွက် ရုပ်ရော နာမ်ရော ဖြစ်ရမယ်ဆိုတဲ့ သဘောကော ရှိတယ်မဟုတ်လား။ (ရှိပါတယ် ဘုရား။) အဲဒီ သေပြီး နောက်ကျမှဖြစ်တဲ့ ရုပ်နာမ်ကို ဒီဘဝလို့ ခေါ်ရမလား၊ နောက်ဘဝလို့ ခေါ်ရမလား။ (နောက်ဘဝလို့ ခေါ်ရပါမယ် ဘုရား။) ဘာကြောင့်လဲဆိုတော့ ဒီဘဝရဲ့ နောက်ဆုံးသေစိတ် ချုပ်ပျက်ပြီး နောက်မှ ဖြစ်တဲ့ ရုပ်နာမ် ဖြစ်လို့ပဲ။

ဒီတော့ ဒီဘက်ဘဝမှာ ပြုလုပ်လိုက်တဲ့ အလုပ်တည်းဟူသော ကံကြောင့် ဟိုဘက်ဘဝမှာ ဘဝတစ်ခု ဖြစ်တယ်ဆိုတာကော မပြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ်ဘုရား။)

ဒီတော့ သေပြီးနောက် ဟိုဘက်မှာ ဘဝတစ်ခုလို့ခေါ်တဲ့ ရုပ်အစု နာမ်အစုဟာ အကျိုးအနေနဲ့ ဖြစ်ပေါ်ရပြီဆိုတော့ အဲဒီ စိတ်နဲ့ ခန္ဓာကိုယ်ခေါ်တဲ့ နာမ်နဲ့ရုပ်ကို အသစ် ဖြစ်ပေါ်စေတဲ့ အကြောင်းဟာ ကံတရား မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။)

သို့သော် ဘဝကို လိုချင်တဲ့ ဘဝတဏှာစတဲ့ တခြား အကြောင်းတွေလဲ ရှိသေးတယ်။ ဘဝတဏှာဆိုတာ အသက်ရှင်ချင်တဲ့ စိတ်ပဲ။

**ဘဝဆိုတာ ဘာလဲ** ဒီတော့ ဘုန်းကြီးတို့ ဘာ စဉ်းစားကြည့်ရမလဲဆိုရင် "ဘဝဆိုတာ ဘာကိုခေါ်သလဲ"ဆိုတာကို စဉ်းစားကြည့်ရမယ်။ စိတ်နဲ့ ခန္ဓာကိုယ်နှစ်ခု ပေါင်းစပ်ပြီးတော့ ရှင်နေတာကို ခေါ်တာ မဟုတ်လား။ (မှန်ပါဘုရား။)

သေနေတာကို ဘဝလို့ ခေါ်သလား။ (မခေါ်ပါဘုရား။)

သချိုင်းကုန်းက အလောင်းကောင်ကြီးကို လူတွေက ဘဝလို့ ခေါ်သလား။ (မခေါ်ပါဘုရား။) မခေါ်ဘူးနော်။

ဒီတော့ စိတ်နဲ့ကိုယ် နှစ်ခု ပေါင်းစပ်ပြီးတော့ အဆက်မပြတ် ဖြစ်ပျက်လျက် ရှင်နေတာကိုပဲ ဘဝလို့ ခေါ်တယ်နော်။

**တမလွန်ဘဝ** ဒါဖြင့်ရင် အဲဒီ ရှင်နေတာကို လူက ကြိုက်သလား၊ မကြိုက်ဘူးလား။ (ကြိုက်ပါတယ် ဘုရား။) အသက်ရှင်နေတာကို ကြိုက်တယ်ဆိုကတည်းက ဒီ စိတ်နဲ့ ခန္ဓာကိုယ် နှစ်ခုပေါင်းပြီးတော့ ဖြစ်နေတဲ့ ဘဝ ဖြစ်ပေါ်မှုကို ကြိုက်နေတယ်ဆိုတဲ့သဘော မဟုတ်ဘူးလား။ (မှန်ပါတယ် ဘုရား။)

အဲဒီတော့ ဘဝတဏှာ၊ ဘဝကို တွယ်တာတပ်မက်တဲ့ တဏှာဆိုတာ အရပ်စကားနဲ့ ပြောရရင် **အသက်ရှင်ချင်တဲ့ စိတ်** ပဲ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

အဲဒီ အသက်ရှင်ချင်တဲ့ စိတ်ကြောင့်၊ တနည်းဆိုရရင် စိတ်နဲ့ ခန္ဓာကိုယ်၊ နာမ်နဲ့ရုပ် ဒီနှစ်ခု ဆက်လက်ပြီး ဖြစ်ပေါ်နေစေချင်တဲ့ စိတ်ခေါ်တဲ့ အသက်ရှင်ချင်စိတ်ကြောင့်ပဲ (ပြုခဲ့တဲ့ ကံ အရှိန်ကြောင့် အကျိုးဖြစ်ပေါ်ရမယ့် အခြေအနေကလဲ ရှိနေတော့) ဒီ စိတ်နဲ့ရုပ်ဟာ အပြီးသတ် ပြတ်စဲမသွားဘဲနဲ့ နောက်တစ်ဖန် ဆက်လက်ပြီးတော့ ဖြစ်ပေါ်ရပြန်တယ်။ အဲဒီ နောက်ထပ် ဆက်လက်ပြီး ဖြစ်တဲ့ စိတ်နဲ့ရုပ်ကိုပဲ သေစိတ်ချုပ်ပြီးမှဖြစ်လို့ "နောက်တစ်ဘဝ တမလွန်ဘဝ" လို့ခေါ်ရတယ်။

**ကား တဏှာကြောင့် ကားစီးရ**

စဉ်းစားကြည့်ပါ။ ဘုန်းကြီးတို့ ကားစီးချင်တဲ့စိတ် ပြင်းထန်လာပြီဆိုလို့ရှိရင် ကားရအောင် လုပ်တယ်။ ကားစီးချင်တဲ့စိတ် သာမန်ဖြစ်တုန်းတော့ ကားရဖို့ မလုပ်သေးပါဘူး။ "ကားမစီးရလဲ ကိစ္စမရှိပါဘူး၊ လမ်းလျှောက်သွားလဲ ရတာပဲ၊ ဘတ်စ်ကားတွေ စီးလဲ ရတာပဲ"လို့ တွေးတယ်။ ဒါ သာမန်စီးချင်စိတ် ဖြစ်တုန်းအချိန်။

ကိုယ့်ကားကလေးနဲ့ကိုယ် စီးချင်ပြီး အလွယ်တကူ သွားချင်တဲ့စိတ် စီးချင်တဲ့စိတ် ပြင်းထန်လာပြီဆိုရင် ကားရအောင် မလုပ်ဘူးလား။ (လုပ်ပါတယ်ဘုရား။) ကားရအောင် တစ်နည်းနည်းနဲ့ လုပ်တယ်။ လုပ်လို့ရှိရင်လဲ အနေးနဲ့အမြန် ရတော့တာပဲ။ ကားလိုချင်တဲ့ တဏှာနဲ့ ကားရအောင် လုပ်ချင်တဲ့ဆန္ဒ ပြင်းထန်ဖို့ပဲ လိုတယ်။

လုပ်ချင်တဲ့ဆန္ဒ ပြင်းပြရမယ်။ ကားလိုချင်တဲ့ တဏှာ ပြင်းပြရမယ်။ ဒီနှစ်ခု ပေါင်းမိပြီဆိုရင်တော့ ကားကို မရရအောင် အနည်းဆုံး ကားစုတ်ကလေးပဲဖြစ်ဖြစ် စီးရအောင် မလုပ်ပေဘူးလား။ (လုပ်ပါတယ်ဘုရား။)

ဒါဖြင့် အဲဒီလူ ကားရခြင်း၊ ကားစီးရခြင်း အကြောင်းက ဘာလဲ။ ပြင်းထန်တဲ့ ကားစီးချင်တဲ့ တဏှာပဲ၊ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

**တဏှာဟာ အကြောင်းရင်း** "တဏှာ" ဆိုတာ တွယ်တာတာ၊ သာယာတာ၊ ကပ်တာ၊ ငြိတာ၊ လိုချင်တာ၊ တပ်မက်တာ၊ နှစ်သက်တာ။ အဲဒီ သဘော အားလုံးပဲ။ ငြိတွယ်တဲ့ သဘော မှန်သမျှ တဏှာချည်းပဲ။

ဒီတော့ ကားစီးချင်တဲ့တဏှာ ပြင်းထန်လာရင် ကားစီးရအောင်လုပ်တော့ ဟော ကားစီးရတယ်။ ဒီလို မဟုတ်ဘူးလား။ ဒီတော့ အချိန်စားမှာစိုးလို့ ဘုန်းကြီးက တခြား ဥပမာ ပြစရာတွေ အများကြီးကို မပြပါဘူး။

လိုရင်းက ဘာလဲ။ တစ်စုံတစ်ရာ ဖြစ်ပေါ်တယ်ဆိုတာ ဖြစ်ပေါ်စေချင်တဲ့ စိတ်ဆိုတဲ့ တဏှာကြောင့် ဖြစ်ပေါ်တာပဲ။ တစ်စုံတစ်ရာကို ဖြစ်ပေါ်စေလိုတဲ့ တဏှာ ပြင်းထန်လာတဲ့အခါ ဒီ တစ်စုံတစ်ရာ ဖြစ်ပေါ် လာရတာပဲ။

**ကံက ပဲ့ကိုင်ပေးတယ်** အဲဒီအတိုင်းပဲ ဒီစိတ်နဲ့ ခန္ဓာကိုယ် ဘဝနှစ်ခု အနေနဲ့ ဆက်လက် ဖြစ်နေတာကို ရပ်စဲ မသွားစေချင်ဘူး။ ဒီစိတ်နဲ့ ဒီခန္ဓာကိုယ် ပေါင်းစပ်ပြီးတော့ အဆက်မပြတ် ဆက်လက်ဖြစ်သွားစေချင်တာ ဟာ အဲဒီ ဘဝတဏှာပဲ။ တည့်တည့်ပြောရရင် အမြဲတမ်း အသက်ရှင်နေချင်တဲ့ တဏှာပဲ။ အဲဒီ တဏှာကြောင့်ပဲ ဒီစိတ်နဲ့ ဒီခန္ဓာကိုယ်၊ ဒီရုပ်နဲ့ ဒီနာမ်ဟာ ဆက်ပြီးတော့ ဖြစ်ရတယ်။

အဲဒီလို ဖြစ်တဲ့အခါမှာ မိမိလုပ်ခဲ့တဲ့ ကောင်းတဲ့အလုပ်၊ မကောင်းတဲ့ အလုပ်ဆိုတဲ့ 'ကံ' က ပဲ့ကိုင်ပေးတယ်။ ကောင်းတဲ့အလုပ်က ပဲ့ကိုင်ပေးတဲ့အခါ ကျတော့ ကောင်းတဲ့နေရာ ကောင်းတဲ့ အခြေအနေတွေ ရတယ်။ မကောင်းတဲ့ အလုပ်က ပဲ့ကိုင်ပေးလိုက်တဲ့အခါကျတော့ မကောင်းတဲ့နေရာ မကောင်းတဲ့ အခြေအနေတွေ ရတယ်။ အဲဒါကိုပဲ ကောင်းတဲ့ဘဝ ရတယ်၊ မကောင်းတဲ့ဘဝ ရတယ်၊ ကောင်းကျိုးရတယ်၊ မကောင်းကျိုးရတယ်လို့ ဆိုရတယ်။

ဒါ ထောက်ခြင်းအားဖြင့် မိမိ ပြုလုပ်လိုက်တဲ့ ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်ဆိုတဲ့ အကြောင်းတရားရယ်၊ အသက်ရှင်ချင်စိတ်ဆိုတဲ့ ဘဝတဏှာရယ် ဒီ နှစ်ခု ပေါင်းမိပြီဆိုရင်တော့ ဒီရုပ် ဒီနာမ်၊ ဒီခန္ဓာကိုယ်နဲ့

ဒီစိတ်ဟာ ဒီဘဝတွင် အဖြစ်ရပ်ပြီး ပြတ်စဲ မသွားပေဘူး၊ နောက်ဆက်ပြီး ဖြစ်ဦးမှာ သေချာနေတယ်။ အဲဒါကိုပဲ "ကံနဲ့ ဘဝတဏှာက နောက်တစ်ဘဝ ဖြစ်အောင် ဖန်တီး ဖြစ်ပေါ်စေတယ်။ သူတို့ဟာ ဘဝဖြစ်ပေါ်ရေး အကြောင်း တရားတွေပဲ"လို့ ပြောကြရတယ်။

အဲဒါဟာ ဘုန်းကြီးတို့ ဗုဒ္ဓဝါဒအရ ကံနဲ့ ဘဝ ဖြစ်ပေါ်မှု ဆက်စပ်ပုံပဲ။ အသက်ရှင်ချင်မှုဆိုတဲ့ ဘဝတဏှာနဲ့ ဘဝဖြစ်ပေါ်မှု ဆက်စပ်ပုံပဲ။

**ငိုတာနဲ့စတဲ့ ဘဝဆင်းရဲ** ဒီတော့ နောက်တစ်ဖန် ခန္ဓာကိုယ်နဲ့ စိတ်အသစ် ရုပ်အသစ် နာမ်အသစ် ဖြစ်ပြီဆိုတဲ့ အခါကျတော့ ဆင်းရဲသလား၊ ချမ်းသာသလား။

ဘုန်းကြီး သိသလောက်ကို ပြောပါမယ်။ တစ်ဘဝအဖြစ်နဲ့ မိခင် ဝမ်းထဲက ကလေးကလေး ဖွားမြင်လာလို့ အပြင်ရောက်တော့ ဆရာဝန်က သို့မဟုတ် သားဖွားဆရာမက ဘာလုပ်သလဲ၊ ကလေး ခြေထောက်နှစ်ချောင်းကို ကိုင်မြှောက်ပြီးတော့ လက်ဝါးနဲ့ တင်ပါးကို မပုတ်လိုက်ဘူးလား။ (ပုတ်ပါတယ် ဘုရား။)

အဲဒီအချိန်မှာ ကလေးက ဝမ်းသာလို့ မရယ်ဘူးလား။ (ရယ်ပါတယ် ဘုရား။)

ဟင်... ဘယ်လို။ (ငိုပါတယ်ဘုရား။)

ဟုတ်ကဲ့လား ဘယ့်နှယ်တုန်း။ ဝမ်းသာလို့ မရယ်ပေဘူးလား။ (မရယ်ပါ ဘုရား။)

ဘာလုပ်သလဲ။ (ငိုပါတယ် ဘုရား။)

ဒါဖြင့် ဘဝဆိုတာ စကတည်းက ငိုတာနဲ့ စသလား၊ ရယ်တာနဲ့ စသလား။ (ငိုတာနဲ့ စပါတယ်ဘုရား။)

ငိုတာနဲ့ စတာထောက်တော့ ဧကန္တ ဒီဘဝဟာ ချမ်းသာလို့ပဲ။ (ဆင်းရဲလို့ပါ ဘုရား။)

သေချာရဲ့လား။ (သေချာပါတယ် ဘုရား။)

သေချာတယ်ပေါ့၊ ငိုတယ်ဆိုတာ ဆင်းရဲလို့ပေါ့။ နောက် တစ်ခြားဟာ မပြောပါနဲ့၊ အမိဝမ်းထဲမှာ လေစိမ်းမထိရတဲ့ ဒီလောက် အသားနုနုကလေး အပြင်ထွက်လို့ လေအေးနဲ့ ထိတဲ့အခါကျတော့ မနာကျင်ပေဘူးလား။ **(နာကျင်ပါတယ် ဘုရား။) အဲဒီကတည်းက ဆင်းရဲနဲ့ မစဘူးလား။ ဒါက အများသိနိုင်တဲ့ ဆင်းရဲအစကို ပြောတာပါ။**

မြတ်စွာဘုရားကတော့ အမိဝမ်းတွင်းမှာ ပဋိသန္ဓေ နေစဉ်ကတည်းက ဆင်းရဲတဲ့ ဇာတိဒုက္ခကိုလဲ သိမြင်တော်မူတယ်။

**စိတ်ဆင်းရဲက ပို** အဲဒီတော့ ကိုယ့်ကိုယ်ကို ပြန်ကြည့်လို့ရှိရင် စိတ်ဆင်းရဲတာရော ကိုယ်ဆင်းရဲတာရော ဒီဘဝတစ်လျှောက် ကိုယ်ရောက်နေတဲ့ အသက် အပိုင်းအခြားအထိ ပြန်ကြည့်လိုက်ရင် ဆင်းရဲတာ များသလား၊ ချမ်းသာတာ များသလား။ ကိုယ့်ဘာသာ ကိုယ်အသိဆုံးပဲ။ အထူးသဖြင့် စိတ်ဆင်းရဲမှုကို ကြည့်ရမယ်။

လူဟာ ကိုယ်ဆင်းရဲတာနဲ့ စိတ်ဆင်းရဲတာ ဘယ် ဆင်းရဲဒဏ်ကို အတော်အတန် ခံနိုင်ရည် ရှိသလဲ။ (ကိုယ်ဆင်းရဲတာကို ခံနိုင်ပါတယ်ဘုရား။)

ကိုယ်ဆင်းရဲတာကို နည်းနည်း ခံနိုင်သေးတယ်။ စိတ်ဆင်းရဲဒဏ် ကျတော့ ခံနိုင်သေးရဲ့လား။ (မခံနိုင်ပါဘုရား။)

တချို့မှာ စိတ်ကျွမ်းပြန်ပြီးတော့ ကိုယ့်ကိုယ်ကို သတ်သေကြတယ် မဟုတ်ဘူးလား။ အဲဒါ ကိုယ့်ကိုယ်ကို သတ်သေတာ ကိုယ်ဆင်းရဲလို့လား၊ စိတ်ဆင်းရဲလို့လား။ (စိတ်ဆင်းရဲလို့ပါ ဘုရား။)

အဲဒါ ကြည့်ခြင်းအားဖြင့် စိတ်ဆင်းရဲမှု ဒဏ်ချက်ဟာ အင်မတန် ကြီးမားတယ်ဆိုတာ မသေချာဘူးလား။ (သေချာပါတယ် ဘုရား။)

**ဆင်းရဲတဲ့ လူချမ်းသာတွေ** ဒါဖြင့် ဘဝ အဆင်ပြေနေလို့ ရွှေဘုံ ငွေဘုံပေါ်မှာ စံနေရတဲ့ လူတွေ၊ လူချမ်းသာဆိုတဲ့ သူဌေးကြီး သူကြွယ်ကြီးတွေ ကိုယ်ဆင်းရဲတော့ မရှိဘူး ထားကြပါစို့၊ ရောဂါ

ဝေဒနာကလဲ မရှိဘူး ဆိုကြပါစို့။ သက်သက်သာသာ နေရလို့ ခန္ဓာကိုယ် အင်မတန် ချမ်းသာနေပြီ။ အဲဒီ လူတွေမှာ ချမ်းသာချည်းပဲ ရှိသလား၊ ဆင်းရဲ မရှိဘူးလား။ (ရှိပါတယ် ဘုရား။)

ဘာဆင်းရဲလဲ။ (စိတ်ဆင်းရဲပါ ဘုရား။)

အဲ ပစ္စည်းချမ်းသာလေ စိတ်ဆင်းရဲပိုလေ မဟုတ်ဘူးလား။ (မှန်ပါ ဘုရား။)

ရတဲ့ပစ္စည်း သူများလုသွားမှာ၊ ခိုးမှာ၊ တိုက်မှာ၊ နိုက်မှာ ကြောက်ရတာက တစ်မျိုး၊ ဟုတ်တယ် မဟုတ်လား။ (မှန်ပါဘုရား။)

အဲဒီ ကြောက်တဲ့စိတ်ဟာ ဆင်းရဲစိတ်လား၊ ချမ်းသာစိတ်လား။ (ဆင်းရဲစိတ်ပါ ဘုရား။)

တစ်ခါ စိတ်ထားမတတ်ရင် သူများက ကိုယ့်ထက် ပစ္စည်းသာလာမှာ စိုးရိမ်တဲ့ စိတ်ကော မရှိဘူးလား။ (ရှိပါတယ်ဘုရား။) သူတစ်ပါးက ကိုယ့်ထက် သာလာမှာ စိုးတဲ့စိတ်၊ ကိုယ့်ထက်သာတာကို မကြည့်ရက် မရှုရက်တဲ့ မနာလိုစိတ် ဣဿာ။ အဲဒါကော ဆင်းရဲလား၊ ချမ်းသာလား။ (ဆင်းရဲပါ ဘုရား။)

**အတောမသတ်တဲ့ လောဘ**

ပြီးတော့ သူဟာ အဲဒီလောက် ချမ်းသာရုံနဲ့ ကျေနပ်သလား။ (မကျေနပ်ပါ ဘုရား။) သိန်း ၅၀၊ ၁၀၀ ချမ်းသာပါစေ သူ မကျေနပ်သေးဘူး၊ ဟုတ်လား။ မကျေနပ်သေးတဲ့ အခါကျတော့ ရှေ့တိုးတိုးရအောင် သူ မကြံပေဘူးလား။ (ကြံပါတယ် ဘုရား။)

ကြံစည်ရတဲ့ အခါမှာကော မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ် ဘုရား။)

ကြံစည်တဲ့အတိုင်း မဖြစ်တဲ့အခါမှာရော မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ် ဘုရား။)

ဒါဖြင့်ရင် ဒီ လူချမ်းသာကြီး ချမ်းသာတယ်ပေါ့။ (မချမ်းသာပါဘုရား။)

ဟင်… ဆင်းရဲတယ်။ ဒီလိုဆိုတော့ ဆင်းရဲတယ်ဆိုတာ ကိုယ်ကို ပဓာနအားဖြင့် ပြောရမှာလား၊ စိတ်ကို ပဓာနအားဖြင့် ပြောရမှာလား။ (စိတ်ကို ပဓာန ထားရပါမယ် ဘုရား။)

ဒီတော့ စိတ်များ တကယ်လို့ ချမ်းသာတယ်ဆိုရင်တော့ ကိုယ်ဆင်းရဲချင် ဆင်းရဲပါစေ မလိုလားအပ်ဘူးလား။ (လိုလားအပ်ပါတယ် ဘုရား။)

လိုလားအပ်တဲ့ အခြေအနေပဲ၊ ဟုတ်လား၊ တကယ်သာ စိတ်ချမ်းသာ နေပြီ ဆိုရင် ကိုယ်ဆင်းရဲတာကို ထည့်တွက်ပါ့မလား။ (မတွက်ပါဘုရား။)

**ချမ်းသာတဲ့ မောင်ငမွဲ** ဘုန်းကြီး မန္တလေးမှာ နေစဉ်က တွေ့ဖူးတယ်။ မန္တလေး နေဟာ ဒီအချိန်မှာ သိပ်ပူတယ်။ အဲဒီ ကဆုန်လ အချိန်ကြီးမှာ ဆိုက်ကားနင်းစားတဲ့ ပုဂ္ဂိုလ်။ တစ်နေ့စာ ပင်ပင်ပန်းပန်း ဆိုက်ကားနင်းပါမှ သူ့မိသားစုအတွက် တစ်နေ့ ထမင်း စားရရုံ ရှိတာပဲ။ အဲ သူ့မှာ ဝတ်ထားတာက ပုဆိုးကလဲ အစုတ်အပြဲနဲ့၊အင်္ကျီကလဲ အဖာအထေးနဲ့။ ဒါပေမယ့် အဲဒီ ဆိုက်ကားဆရာဟာလေ နေပူကြီးထဲမှာ ဆိုက်ကားနင်းသွားတာ လေကလေး တချွန်ချွန်နဲ့ တွေ့ဖူးလား။

ဘယ်လောက်ကျအောင် သူ့စိတ်ထဲမှာ ပျော်နေသလဲဆိုရင် လမ်းဆုံ လမ်းခွရောက်လို့ အကွေ့များရောက်ရင် ကွေ့လိုက်တာများ ဆိုက်ကားဘီး တစ်ဘက် မြေကြီး မထိဘူး။ အဲဒီလောက်ကျအောင် သူ ပျော်နေတာ။ နေကြီးက အပေါ်က ကျဲကျဲတောက် ပူနေသနော်။ သူနင်းရတာက ခရီးသည် တစ်ယောက်ကို တင်ပြီး နင်းလာတာ။ အဲဒါကြီးကိုပဲ လေချွန်သေးတယ်၊ တစ်ဘက်က ဘီးထောင်အောင်လဲ နင်းသေးတယ်ဆိုတော့ သူ့စိတ် ဘာဖြစ် နေတာလဲ။ (သိပ်ပျော်နေပါတယ် ဘုရား။)

ဒါဖြင့် သူ့ကိုယ် မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ် ဘုရား။) ဒါပေမယ့် စိတ်တော့ မဆင်းရဲဘူး၊ ချမ်းသာနေတယ်။

ဒီတော့ အဲဒါကို ထောက်ခြင်းအားဖြင့် စိတ်ချမ်းသာမယ် ဆိုရင် ကိုယ်ဆင်းရဲကို ထည့်တွက်ကြမလား၊ မတွက်ကြဘူးလား။ (မတွက်ပါဘုရား။) မတွက်တာ များတယ်။

**အမေရိကန်တွေ သိပ်ဆင်းရဲတယ်** ဘုန်းကြီး အမေရိကကို ၁၉၇၉ ခုနှစ်မှာ ရောက်တုန်းက ဆန်ဖရန်စစ္စကို ရောက်တဲ့အခါကျတော့ ဒေးဗစ်ဆိုတဲ့ အမေရိကန် ဒကာက ဘုန်းကြီးတို့ကို ဟိုဟိုဒီဒီ လိုက်ပြီး ပြတယ်။ သွားစရာ ကြည့်စရာ ရှုစရာ နေရာတွေ လိုက်ပို့တယ်။ ဒီ ဒေးဗစ်က ခရစ်ယာန် ဘာသာဝင်ပါပဲ။ သို့သော်လဲပဲ ရင်းနှီးခင်မင်လို့မို့ လိုက်ပို့တာ။ သူနဲ့ကတော့ အင်မတန် ရင်းနှီးတယ်။ ကားပေါ်မှာ ဘုန်းကြီးက ပြောတယ်။

"ဒေးဗစ်၊ အမေရိကန်မှာ လူဖြစ်ရတဲ့လူတွေ သိပ်ကံကောင်းတာပဲ"လို့။

"ဘာဖြစ်လို့လဲ"လို့ သူကမေးတယ်။

"အစစအရာရာ အကုန် ပြည့်စုံတာပဲ၊ ဘာမှ လိုလေသေးမရှိဘူး။ အစားရော အသောက်ရော အနေအထိုင်ရော လူ့ အသုံးအဆောင် ဆိုရင်လဲ အထက်တန်းကျကျ ဘာမဆို ခလုတ်နှိပ်လိုက်ရုံနဲ့ အကုန်ဖြစ်တာ၊ ဒီဘဝမျိုးမှာ ဆိုရင်တော့ ဒို့များလဲ လိုချင်ပါရဲ့။ ဒို့ဆီနဲ့ သိပ်ကွာတာပဲ"လို့ ပြောတော့ ဒေးဗစ်က ဘယ့်နှယ်ပြောသလဲဆိုတော့ –

"ခင်ဗျားထင်တာပါ၊ တကယ်တော့ အမေရိကန်တွေဟာ အမြဲတမ်း စိုးရိမ်ရမှု၊ တောင့်တမှု၊ ကြောင့်ကြရမှု၊ ပူဆွေးရမှုတွေနဲ့ နပန်းလုံးနေရတဲ့ စိတ်မချမ်းသာတဲ့လူတွေ"လို့ သူကပြောတယ်။ စိတ်မချမ်းသာတဲ့ လူတွေတဲ့။

"နယူးယောက်မှာ ဆိုလို့ရှိရင် တကယ့် စီးပွါးရေးမြို့ဆိုတော့ ဟိုလူ့ လည်ပင်း ငါ ဘယ်ကစပြီးတော့ နင်းရမလဲဆိုတာ စဉ်းစားနေကြတာ"တဲ့။ စီးပွားပြိုင်ရင်း တစ်ဦးလည်ပင်း တစ်ဦးညှစ်တာကို သူက ပြောနေတာကိုး။

တခါ သူ့ကို ကိုယ်က စီးပွား အမီလိုက်ဖို့ စဉ်းစားရတယ်။ ဒါကြောင့်လဲ စိတ်ဆင်းရဲရတယ်။ မမီပြန်တော့လဲ စိုးရိမ်ရတယ်၊ စိတ်ဆင်းရဲရတယ်။

**တိုးတက်လေ ဆင်းရဲလေ** တခါ ကိုယ်က အမေရိကန် လူမှုရေးအရ ရသင့်ရထိုက်တဲ့ ရှိသင့် ရှိထိုက်တဲ့ လူမှု အသုံးအဆောင်တွေ ကိုယ့်အိမ်မှာ မရှိဘူး ဆိုရင်လဲပဲစိတ်ဆင်းရဲရတယ်၊ တစ်ခါ ရှိအောင်ဆိုတော့ ငွေက လိုလာပြန်တယ်။ ပိုက်ဆံကို တိုးရှာရပြန်တယ်။ တိုးရှာရလေ စိတ်က

ဆင်းရဲလေ။ တိုးရာတဲ့အတွက် ပြည့်စုံရင် နည်းနည်း တော်သေးရဲ့၊ မပြည့်စုံဘူး ဆိုပြန်တော့ တစ်ခါ စိတ်ဆင်းရဲရပြန်တယ်။ ဒါကြောင့်မို့ –

"ချမ်းသာလေ ဆင်းရဲလေပဲ"လို့ ဘုန်းကြီးက မှတ်ချက်ချတာ။ မဟုတ်ဘူးလား။ (မှန်ပါဘုရား။)

ချမ်းသာလေ ဆင်းရဲလေ ဆိုရမလား၊ တိုးတက်လေ ဆင်းရဲလေ ဆိုရမလား။ "တိုးတက်လေ ဆင်းရဲလေ။" ဒါက ပိုမှန်တယ်နော်။

**စိတ်ဓာတ်ကို လေ့ကျင့်ပြီး ပြုပြင်မပေးလို့ စိတ်ဓာတ် မရင့်ကျက်ရင် ရုပ်ပစ္စည်းဘက်က တိုးတက်လေ ဆင်းရဲလေပဲ။**

သူတို့ဆီမှာ ဆင်းရဲပုံကို ဘုန်းကြီးက ဘုန်းကြီးရေးတဲ့ "နိုင်ငံခြားမှ ပေးစာများ" စာအုပ်ထဲမှာ ဖော်ပြဖူးတယ်။ အရှေ့နိုင်ငံတွေနဲ့ အနောက်နိုင်ငံတွေ အနက် အရှေ့နိုင်ငံတွေက ချမ်းသာပုံကို ဘုန်းကြီး ဖော်ပြထားဖူးတယ်။ အနောက်နိုင်ငံက လူဆင်းရဲဆိုတာနဲ့ အရှေ့နိုင်ငံက လူဆင်းရဲဆိုတာမှာ အရှေ့နိုင်ငံ လူဆင်းရဲက ပိုပြီး ချမ်းသာပုံကို ဘုန်းကြီး အဲဒီမှာ ရေးထားပါတယ်။ အခုတော့ မပြောတော့ပါဘူး။ ဘုန်းကြီး အဲဒီရေးတဲ့ ရည်ရွယ်ချက်ကတော့ "ကိုယ်ချမ်းသာတာထက် စိတ်ချမ်းသာတာက ပိုအရေးကြီးတယ်" ဆိုတာ သိစေလိုတဲ့ ရည်ရွယ်ချက်ပါပဲ။

လောကမှာ ရုပ်ပစ္စည်းတွေ ဘယ်လောက်ပဲ တိုးတက်နေနေ စိတ်ဓာတ် ပြုပြင်ရေး၊ လေ့ကျင့်ရေးဘက်က မတိုးတက်ဘူးဆိုရင်တော့ အဲဒီ နိုင်ငံသူ နိုင်ငံသား အဲဒီလူဟာ ဆင်းရဲမှာ သေချာတယ်။ ထားကြစို့။ ဒီတော့ ခုနက ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း ခန္ဓာကိုယ် ဆင်းရဲပင်ဆင်းရဲငြားသော်လည်းပဲ စိတ်ချမ်းသာမှု ရနိုင်တယ်ဆိုရင် အဲဒါဟာ လိုလားအပ်တဲ့ အခြေအနေပဲ။

**ချမ်းသာကြောင်း နည်းလမ်း:** အဲဒီ "စိတ်ချမ်းသာမှု ရနိုင်တဲ့ နည်းလမ်းတွေ ရှိသလား" ဆိုတော့ လောကကြီး အကျယ်ကြီးဆိုတော့ အဲဒီလောက အကျယ်ကြီးမှာ ဘာသာ အယူဝါဒကလဲ မြောက်မြားစွာ ရှိတော့ မိမိတို့ ဘာသာ အယူဝါဒအလျောက် စိတ်ဆင်းရဲ သက်သာစေတဲ့

ငြိမ်းစေတဲ့ နည်းလမ်းတွေ ရှိတယ်။ ချမ်းသာစေတဲ့ နည်းလမ်းတွေ ရှိတယ်။ အဲဒီ နည်းလမ်းတွေ အနက်က ဗုဒ္ဓဝါဒထဲက ထင်ရှားတဲ့ နည်းလမ်းကို ဘုန်းကြီးက ဒီနေ့ ထုတ်ပြရမယ်။

ဒီတော့ အခုတော့ အချိန် အတော်ကြာသွားပြီဖြစ်လို့ အဖျော်ရည် တိုက်မည့်သူများလဲ အဖျော်ရည် တိုက်ရအောင်။ နားချင်သူများလဲ နားရအောင် ခဏ ဆယ်မိနစ်လောက် နားကြစို့။ (မိနစ် ၂၀ နားကြသည်။)

**ဒါလောက်သိရုံနှင့် မလုံလောက်သေး**

ကဲ ဘုန်းကြီးတို့ နားတဲ့အချိန်ဟာ မိနစ် ၂၀ တောင် ရှိသွားပြီ။ မိနစ် ၂၀ ဆိုတော့ နားချိန် တော်လောက်ပါပြီ။ ဘုန်းကြီးက မီးကို ရေနှင့် ငြိမ်းထားသလို အသံတိတ်မှပဲ တရားဟောမယ်။ မတိတ်သေးရင် မဟောသေးဘူး။

ကိုင်း တရားစမယ်။ ဘုန်းကြီးအခု ဗုဒ္ဓ ရှင်တော်မြတ်ဘုရား လက်ခံထားတဲ့၊ ဗုဒ္ဓဘာသာဝင်များ လက်ခံထားတဲ့ ကမ္မဝါဒနဲ့ ချမ်းသာမှု ဆင်းရဲမှုကို ဘုန်းကြီး အတော်အတန် ရှင်းထားခဲ့ပါပြီ။ ဒီလောက် ရှင်းပြရုံနဲ့ တော့ မလုံလောက်သေးပါဘူး။ သို့ သော်လဲ အချိန်မရှိတဲ့အတွက် ဒီလောက်နဲ့ တော်ပါပြီ။

လွန်ခဲ့တဲ့ ၁၉၇၄ ခုနှစ်က ကြယ်ငါးပွင့် သင်္ဘောကုမ္ပဏီက သင်္ဘော အရာရှိများ ဘုန်းကြီးကို လျှောက်ဖူးတယ်။

"တပည့်တော်များ ပင်လယ်ရပ်ခြား သင်္ဘောနဲ့ သွားတဲ့အခါ ဗုဒ္ဓဘာသာအကြောင်း သိလိုလို့မေးတဲ့ နိုင်ငံခြားသားတွေ တွေ့ရ ပါတယ်။ အဲဒီလို အခါမှာ တပည့်တော်များ သေသေချာချာ လေ့လာမထားတော့ မဖြေကြားတတ်ပါဘူး။ အဲဒီအထဲမှာ အများဆုံး မေးတတ်တာကတော့ '**ကံနှင့် တမလွန်ဘဝအကြောင်း**' ပါပဲ။ ဒါကြောင့် '**ကံနှင့် တမလွန်ဘဝ အကြောင်း**' ကို နားလည်ရအောင်။ သူတစ်ပါးကိုလဲပဲ တတ်နိုင်သလောက် ရှင်းပြရအောင် ကံနှင့် တမလွန်ဘဝအကြောင်း တရားချီးမြှင့်ပါဘုရား။" လို့ အဲဒီ ကြယ်ငါးပွင့် ရေကြောင်းပညာရှင်များက ဘုန်းကြီးကို လျှောက်ပါတယ်။

ဘုန်းကြီး အဲဒီမှာ သူတို့အတွက် ကံနှင့် တမလွန်ဘဝ အကြောင်းကို ပါဠိမပါဘဲ မြန်မာ အရပ်စကား သက်သက်နဲ့ လွယ်လွယ်နဲ့ နားလည်နိုင်အောင် ရှင်းလင်း ဟောပြပေးပါတယ်။ စီ ဖဝ ကက်ဆက်ခွေ သုံးခွေနည်းပါး ရှိတယ်လို့ ထင်ပါတယ်။ ကံနှင့် တမလွန်အကြောင်းကို အကျိုးအကြောင်း ဆီလျော်ပြီး ယုတ္တိသဘာဝကျအောင် ဘုရားဟော တရားတော်အတိုင်း ပါဠိမပါပဲ ရှင်းပြထားတဲ့ တရားပါ။

**ပိုကျယ်ကျယ်ပြန့်ပြန့် သိလိုရင်** ဘုန်းကြီးတို့ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့မှာ အဲဒီ တရားကက်ဆက်ခွေ မူအနေနဲ့ ရှိပါတယ်။ ပိုပြီးတော့ အကျယ်တဝင့် သိလိုတဲ့ ပုဂ္ဂိုလ်များကတော့ ဘုန်ကြီး နောက် ပါလာတဲ့ ကပ္ပိယဒကာလဲဟုတ်၊ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ရဲ့ တွဲဖက် အတွင်းရေးမှူးလဲဖြစ်တဲ့ ဦးငွေထွန်းနဲ့ ဆွေးနွေးရင် စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်များ အဲဒီ တရားခွေ ရကောင်း ရနိုင်ပါလိမ့်မယ်။ ၁၉၇၄ ခုနှစ်က ဟောထားတဲ့ တရားပဲ။ ဒီမှာတော့ ကမ္မဝါဒအကြောင်း ဒီလောက်ပဲပြောဖို့ အချိန်ရတယ်။

**အကျဉ်းချုပ်မှုပဲ** အခု ဘုန်းကြီး ဆက်ပြောမှာက "ဆင်းရဲငြိမ်းကြောင်း ဗုဒ္ဓဝါဒ အကျင့်ကောင်း အကျင့်မှန်"ပါပဲ။ ဒီကျင့်စဉ်ကို ပြောတဲ့အခါမှာ ဒီကမ္မဝါဒ မပါဘဲနဲ့ မပြည့်စုံပါဘူး။ ဒါကြောင့် ဘုန်းကြီးက အဲဒီ ကမ္မဝါဒနဲ့ အခြေခံပေးရတယ်။ အဲဒီ ကမ္မဝါဒ ပြောရင်းကပဲ တမလွန် သဘောလဲ နည်းနည်း ပါသွားပါပြီ။

ဒီတော့ လူတွေ ဘာသာအယူဝါဒတွေကို ကိုးကွယ် ဆည်းကပ်ကြတဲ့ ရည်ရွယ်ချက်ဟာ ဘုန်းကြီးတို့ ပရိသတ် သိပြီးသားအတိုင်း ဆင်းရဲငြိမ်းလိုတဲ့ ရည်ရွယ်ချက်၊ ချမ်းသာလိုတဲ့ ရည်ရွယ်ချက်ပဲ။

ဒီတော့ အခုနက ဘုန်းကြီးပြောသလို ဆင်းရဲငြိမ်းဖို့ ချမ်းသာဖို့အတွက် ထိုထို ဘာသာအယူဝါဒတွေမှာ မိမိတို့ ဘာသာအယူဝါဒဆိုင်ရာ နည်းလမ်းတွေ ကိုယ့်နည်းနဲ့ကိုယ် ရှိကြတဲ့အနက်က ဗုဒ္ဓဝါဒမှာ ပါဝင်တဲ့ နည်းလမ်းကို

ဘုန်းကြီး ပြောပြရပါမယ်၊ ဒါလဲပဲ သာမန် အကျဉ်းချုပ် သဘောလောက်မျှပဲ ပြောဖို့ အချိန် ရပါလိမ့်မယ်၊ ထင်ထင်ရှားရှားကြီး အင်မတန် ပေါ်ပေါ် လွင်လွင်ကြီး ဖြစ်အောင်တော့ ပြောဖို့အချိန် မရပါဘူး။

ဆင်းရဲဆိုတာ ဒီတော့ ဆင်းရဲငြိမ်းချင်တယ် ဆိုတာမှာ "ဘယ်လိုဟာကို ဆင်းရဲတယ်"လို့ ခေါ်သလဲ။ ဒါကစပြီး စဉ်းစားရမယ်။ "ဘာကို ဆင်းရဲတယ်"လို့ ခေါ်တာလဲ၊ "ဘယ်လို ဆင်းရဲတာလဲ။" ဘုန်းကြီးတို့ ပရိသတ် ဖြေကြည့်ကြစမ်းပါ။ "ဘယ်လို ဖြစ်နေတာကို ဆင်းရဲတယ်လို့ ခေါ်တာလဲ။" ကဲ ဖြေကြစမ်းပါ။ မဖြေတတ်ကြဘူးလား။ မချမ်းသာတာကို ဆင်းရဲလို့ခေါ်တာ မဟုတ်လား။ (မှန်ပါဘုရား။) ဒါပဲပေါ့။

ကိုယ်ခန္ဓာ အနေအထိုင် အဆင်မပြေတာ၊ အနေအထား အဆင် မပြေတာ၊ စိတ် အဆင်မပြေတာ။ အဲဒီ အဆင်မပြေတာကိုဘဲ ဆင်းရဲတယ်လို့ ခေါ်တယ်။ ဒီတော့ အဲဒီလို ဆင်းရဲတယ်ဆိုတာ ဘယ်လို အခြေအနေမှာ ဆင်းရဲသလဲ။ စဉ်းစားကြည့်ရမယ်။

ထင်ရှားတဲ့ သာဓကဆိုရင် လိုချင်တဲ့ပစ္စည်း မရတဲ့အခါ မဆင်းရဲ ဘူးလား ။(ဆင်းရဲပါတယ် ဘုရား။) ဆင်းရဲတယ်နော်၊ ဒါ ထင်ရှားတာ။

ခန္ဓာကိုယ်မှာ တစ်စုံတစ်ရာ ထိခိုက်မိတဲ့အခါ၊ ဖျားနာတဲ့အခါ၊ ရောဂါ ဝေဒနာ စွဲကပ်တဲ့အခါ၊ အဲဒီလို အခါမှာရော မဆင်းရဲ ဘူးလား။ (ဆင်းရဲ ပါတယ် ဘုရား။) ကိုယ်ဆင်းရဲရော စိတ်ဆင်းရဲရော၊ ဟုတ်ကဲ့လား။

တစ်ခါ မိမိရဲ့ သားသမီး မိဘ ဆွေမျိုး ဉာတကာ သေကြေ ပျက်စီးတဲ့ အခါမှာရော မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ်ဘုရား။)

တစ်ခါ မိမိရဲ့ပစ္စည်း သူတစ်ပါး ခိုးယူသွားရင် ဖြစ်စေ၊ တိုက်ယူသွားရင် ဖြစ်စေ၊ ဒါမှမဟုတ် ကုန်ရောင်းကုန်ဝယ် အဆင်မပြေလို့ ရှုံးသွားရင်ဖြစ်စေ၊ တစ်ခြား တနည်းနည်းနဲ့ ဆုံးရှုံးသွားရင်ဖြစ်စေ၊ ဒီလိုအခါမှာကော မဆင်းရဲ ဘူးလား။ (ဆင်းရဲပါတယ် ဘုရား။)

ဒီတော့ ဆင်းရဲတယ်ဆိုတဲ့ အခြေအနေဟာ ဘာလဲလို့ဆိုရင် ပဓာန အားဖြင့် စိတ် မချမ်းမသာ ဖြစ်နေတာပဲ မဟုတ်လား။ (မှန်ပါဘုရား။) စိတ်မချမ်းသာပဲ ဖြစ်နေတာပဲ။ အဲဒီတော့ အဲဒီ စိတ်မချမ်းသာမှုမှာ အကြောင်းတွေ ရှိတယ်။

ဥပမာ တစ်စုံတစ်ယောက်ကို ဒေါသထွက်နေတယ်၊ စိတ်ဆိုးနေတယ်။ ဆင်းရဲသလား၊ ချမ်းသာသလား။ (ဆင်းရဲပါတယ်ဘုရား၊)

ခန္ဓာကိုယ် တဆတ်ဆတ် တုန်နေအောင် ဆင်းရဲတယ်၊ စိတ်မှာ ဆောက်တည်ရာ မရအောင် ဆင်းရဲတယ်။ အမှားအမှန် မဝေဖန် မပိုင်းခြားနိုင်လောက်အောင် ဆင်းရဲတယ်။ အဲဒီဆင်းရဲ ဘာကြောင့် ဖြစ်သလဲ။ ဒေါသကြောင့်ဖြစ်တယ် မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား။)

ဒါကြောင့် ဆင်းရဲနေတဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့ ဒေါသ ဖြစ်နေတယ်။ ဒေါသဆိုတာ စိတ် ပျက်စီးနေတာကို ဒေါသလို့ခေါ်တယ်။ စိတ် ပကတိ အခြေအနေအတိုင်း မဟုတ်ဘဲနဲ့ စိတ် တစ်မျိုးတစ်ဖုံ ဖြစ်ပြီးတော့ ပျက်စီးနေတာကို "ဒေါသ"လို့ ခေါ်တယ်။

**ဒေါသနှစ်မျိုး:** ဘုန်းကြီးတို့ ဗုဒ္ဓဝါဒမှာ ဒေါသကို နှစ်မျိုး ပိုင်းခြားထားတယ်။ ပထမက တက်ဒေါသ၊ နောက်တစ်ခုက ကျဒေါသ၊ အဲဒီလို ဒေါသကို နှစ်မျိုး ပိုင်းခြားထားတယ်။

"တက်ဒေါသ" ဆိုတာ စိတ်ဆိုးနေတာ၊ ဒေါသထွက်နေတာ။ "ကျဒေါသ"ဆိုတာ စိတ်မချမ်းသာတာ၊ စိတ်ဆင်းရဲတာ၊ ရွံတာ၊ စိတ် မကောင်းတာ၊ ဝမ်းနည်းတာ။ ဝမ်းနည်းနေပြီဆိုရင်၊ စိတ် မချမ်းသာနေပြီ ဆိုရင် စိတ်ဟာ ပကတိ .အခြေအနေမှာ ရှိသေးသလား။ (မရှိပါဘုရား။)

ပကတိအခြေအနေမှာ မရှိရင် ပျက်စီးမသွားဘူးလား။ (ပျက်စီး သွားတယ်။) အဲဒီ ပျက်စီးခြင်းဟာ တက်ကြွသော ပျက်စီးခြင်းလား၊ ကျသော ပျက်စီးခြင်းလား။ (ကျသော ပျက်စီးခြင်း ပါဘုရား။) ဒါကြောင့် သူ့ကို ကျသောဒေါသလို့ ခေါ်တယ်။ ဆုတ်နစ်သော ဒေါသလို့လဲ သုံးကြပါတယ်။

အခုန စိတ်ဆိုးတာဟာ စိတ် တက်ကြွနေတာ ဖြစ်တဲ့အတွက် တက်ဒေါသ။ ဒီတော့ စိတ်ဆိုးလို့ စိတ်ဆင်းရဲဖြစ်နေတဲ့အခါမှာ တက်ဒေါသ အကြောင်းခံပြီးတော့ စိတ်ဆင်းရဲခြင်း ဒေါသတစ်ခု ထပ်ဖြစ်နေတာပေါ့။

တစ်ခါ သားသမီးသေလို့ စိတ်မချမ်းသာဘူး၊ စိတ် ဆင်းရဲတယ်၊ ပူဆွေးရတယ်၊ ငိုကြွေးရတယ်၊ ဆင်းရဲတယ်။ အဲဒီလို ဆင်းရဲတွေ ဖြစ်နေတဲ့အခါ ဘာဖြစ်နေသလဲဆိုတော့ ကျဒေါသဖြစ်နေတယ်။ ဒါကြောင့် ဒေါသဟာ ဆင်းရဲပဲ။ ဟုတ်ပြီ၊ သားသမီးသေလို့ စိတ်ဆင်းရဲတယ်၊ ဝမ်းနည်းရတယ်၊ စိုးရိမ်ပူဆွေး ငိုကြွေးရတယ်။ ကျဒေါသပဲ။

**ဘာကြောင့် ဆင်းရဲသလဲ** အဲဒီ ဆင်းရဲတွေရဲ့ အကြောင်းဟာ ဘာလဲ၊ အဲဒီ ငိုကြွေးခြင်းရဲ့ အကြောင်းဟာ ဘာလဲ ဆိုတော့ တစ်ခု စဉ်းစားကြည့်ရမယ်။ မိမိနဲ့ စပ်တဲ့ပုဂ္ဂိုလ် သေကြေ ပျက်စီးတဲ့ အခါမှာ စိတ် ဆင်းရဲတယ်၊ ဝမ်းနည်းတယ်၊ စိုးရိမ်ပူဆွေးတယ်၊ ငိုကြွေးတယ်။

မိမိနဲ့ မစပ်တဲ့ သိရုံသာသိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက် သေလို့ မိမိ အိမ်ရှေ့ကနေ အသုဘ ချသွားတဲ့အခါကျတော့ စိတ်ထဲမှာ ဘယ်လို နေသလဲ။ "အသုဘတစ်လောင်း ချသွားပြီ။" ဒီလောက်ပဲ မဟုတ်လား။ (မှန်ပါ့ဘုရား။)

ဒီထက်များ ပိုသေးသလား။ (မပိုပါဘုရား။)

ဝမ်းနည်းမှုများ ရှိသလား။ (မရှိပါဘုရား။)

ငိုများ ငိုချင်သေးသလား။ (မငိုချင်ပါဘုရား။)

ဒါဖြင့် ပူဆွေးမှုရော ရှိသလား။ (မရှိပါဘုရား။)

**ခြားနားချက်** ဒီတော့ ကိုယ်နဲ့စပ်တဲ့ ကိုယ့်သားသမီး သေတာလဲ လူ သေတာပဲ၊ ကိုယ်နဲ့ မသိတဲ့လူသေတာလဲ လူသေတာပဲ။ လူသေတာချင်း တူပါလျက်ကနဲ့ ကိုယ်နဲ့စပ်တဲ့ ကိုယ့်သားသမီးသေတော့ ဝမ်းနည်းတယ်၊ စိုးရိပ်တယ်၊ ပူဆွေးတယ်၊ ငိုကြွေးတယ်။ ကိုယ်မသိတဲ့

ကိုယ်နဲ့ မစပ်တဲ့ ပုဂ္ဂိုလ်သေတော့ ဝမ်းမနည်းဘူး၊ မစိုးရိမ် မပူဆွေး မငိုကြွေးဘူး၊ စိတ်မဆင်းရဲဘူးဆိုတော့ ခြားနားချက်က ဘာလဲ။

ကိုယ်နဲ့ ပတ်သက်တဲ့ ကိုယ့်သားသမီးကိုတော့ ကိုယ်က ချစ်တယ်။ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။)

ဟို မသိတဲ့လူအပေါ်ကျတော့ ချစ်သလား။ (မချစ်ပါဘုရား။)

ဒါဖြင့်ရင် စိတ်ဆင်းရဲခြင်းရဲ့ အကြောင်းနဲ့ မဆင်းရဲခြင်း အကြောင်းဟာ ဘာလဲ။ ချစ်တာနဲ့ မချစ်တာ၊ ဒီလိုမဟုတ်လား။ Attachment နဲ့ Detachment ဒါ ကွာတယ်၊ ဟုတ်လား။

မိမိက မိမိသားသမီးကို ငြိတွယ် ချစ်ခင်တော့ မိမိ ငြိတွယ်ချစ်ခင်တဲ့ သားသမီး သေဆုံးတဲ့အခါမှာ ဆင်းရဲရတယ်။ မငြိတွယ် မချစ်ခင်ရင်တော့ ဘယ်ဆင်းရဲပါ့မလဲ။ တစ်ချို့များ မိမိတို့ သားသမီးကို ချစ်လွန်း ငြိလွန်းတော့ အသည်းကွဲအောင်တောင် ဆင်းရဲကြတယ်။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကြားဖူးပါလိမ့်မယ်။ အသည်းကွဲတယ်ဆိုတာ။ (ကြားဖူးပါတယ်ဘုရား။)

တချို့ ကိုယ်တွေ့များ ဖြစ်နေသလား မသိဘူး။ ဒါပေမယ့် အဲဒီမှာ ဘုန်းကြီး ကြားရတာက အသည်းကွဲတာ မဟုတ်ဘူးတဲ့။ နှလုံးကွဲတာတဲ့။ ထားကြစို့။

ဒီတော့ ဘုန်းကြီးက အခုနကပြောတယ်။ ချစ်လွန်းတဲ့အတွက် မိမိ ချစ်တဲ့သူ သေဆုံးရင် ဆင်းရဲတာဟာ ဘာမှ မသိအောင်ကို ဆင်းရဲတယ်၊ တချို့မှာ သေသည်အထိတောင် ဆင်းရဲတယ်ဆိုတဲ့ သဘော ပြောခဲ့တယ်။ အဲဒီမှာ ဘုန်းကြီးတို့ကိုယ်တိုင် တွေ့မြင်နေရတာတွေ ရှိပါတယ်။ ဒီထဲက ဒကာ ဒကာမတွေလဲ တွေ့တာ မြင်တာ အများကြီး ရှိမှာပါ။

ဒီတော့ ဒါကြည့်ခြင်းအားဖြင့် ခုနက ကိုယ့်အိမ်ရှေ့မှာ ချသွားတဲ့ အသုဘ ကိုယ်နဲ့ မသိတဲ့ ပုဂ္ဂိုလ် သေတဲ့အခါမှာတော့ စိတ်ထဲမှာ ဘာမှ မဖြစ်ဘူး။ "ဟဲ့... အသုဘတစ်လောင်း ချသွားတယ်"တဲ့။ ဒီလောက်ပဲ ဖြစ်တယ်။ ဘာလို့ မဖြစ်သလဲဆိုတော့ အဲဒီလူ အပေါ်မှာ ကိုယ့်ရဲ့ ချစ်ခင်မှု ငြိတွယ်မှု၊ တပ်မက်မှု မရှိလို့ပဲ။

အဲဒီ ချစ်ခင်မှု၊ ငြိတွယ်မှု၊ တပ်မက်မှု၊ လိုချင်မှု၊ နှစ်သက်မှု၊ ကပ်ငြိမှုကို ပါဠိက စကားလုံး တစ်လုံးတည်းနဲ့ "တဏှာ"လို့ ခေါ်ထားတယ်။

အဲဒီ တဏှာကိုပဲ အင်္ဂလိပ်ဘာသာက အားလုံးကို ငုံမိအောင် ဘယ်လို ဘာသာ ပြန်သလဲဆိုတော့ Attachment လို့ ဘာသာပြန်တယ်။ Desire လို့လဲ ပြန်တယ်။ Craving လို့လဲ ပြန်နိုင်တယ်။ Love လို့လဲ ပြန်နိုင်တယ်။ Lust လို့လဲ ပြန်နိုင်တယ်။ တခြား စကားလုံးတွေလဲ ရှိသေးတယ်။ သို့သော် အဲဒီ စကားလုံးပေါင်းစုံရဲ့ အဓိပ္ပာယ်ကို ငုံမိအောင် Attachment လို့ ပြန်ကြတယ်။ အဲဒီ ဘာသာပြန်တာ ပါဠိစကားလုံးရဲ့ အဓိပ္ပါယ်ကို တော်တော် ကလေး မိတယ်။

ဗုဒ္ဓမြတ်စွာက ဆင်းရဲခြင်းရဲ့ အကြောင်းတရားကို လိုက်ပြီး ရှာလိုက်တော့ အဲဒီ တဏှာကို သွားတွေ့ရတယ်။

**မငြိတွယ်လို့ ချမ်းသာတယ်**

ဘုန်းကြီးတို့ တောင်တွင်းကြီးမြို့မှာ မနှစ်က မီးလောင်လိုက်တာ တစ်မြို့လုံး ပြောင်လုနီးပါးပဲ။ တောင်ပိုင်းက နည်းနည်းကလေးကျန်တယ်။ အဲဒါကို ဒီက ကလေးမြို့နယ်က ဘုန်းကြီးတို့ သွေးချင်းသားချင်းတွေလဲ အားလုံးသိကြတယ်။ သိကြတော့ တောင်တွင်းကြီးမြို့မှာ ကိုယ်နဲ့ ဆက်သွယ် ဆက်စပ်တဲ့ ပုဂ္ဂိုလ်မရှိတဲ့ ဒီကလူတွေရဲ့ စိတ်ထဲမှာ တောင်တွင်းကြီးမြို့ မီးလောင်လို့များ စိုးရိမ် ပူပန်မှုများ ဖြစ်သလား။ (မဖြစ်ပါဘုရား။)

ဘာကြောင့်လဲ။ အဲဒီ မီးလောင်တဲ့ အိမ်က မီးလောင်တဲ့ ပစ္စည်း၊ မီးအလောင်ခံရတဲ့ ပုဂ္ဂိုလ်တွေကို မိမိက တနည်းနည်းနဲ့ ဆက်စပ် ငြိကပ်ပြီးတော့ တွယ်တာမှု မရှိလို့ပေါ့။ တွယ်တာတယ်ဆိုတာ ခင်မင်တာ၊ ဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

အဲဒီလို ခင်မင်မှု မရှိတဲ့အတွက် အဲဒီ တောင်တွင်းကြီး တမြို့လုံး ကျွမ်းသွားပါစေ၊ ကိုယ့်စိတ်ထဲ ဘာဖြစ်သလဲ။ (ဘာမှမဖြစ်ဘူး။) နေသာသပ လေညာကပေါ့၊ မဟုတ်ဘူးလား။ ဘာမှကို မဖြစ်ဘူး။

ဘာကြောင့် ဘာမှ မဖြစ်သလဲ၊ ဘာကြောင့် မဆင်းရဲသလဲ။ အဲဒီ မီးအလောင်ခံရတဲ့ အိုးအိမ်ပစ္စည်းဥစ္စာတွေ လူတွေနဲ့ ကိုယ်က ဘယ်လိုမှ မဆက်စပ် မပတ်သက်လို့ Attachment မရှိလို့ပဲ။

**ငြိတွယ်လို့ ဆင်းရဲတယ်** ကဲ ဒါဖြင့်ထားတော့။ ကိုယ့်အိမ်မှာရှိတဲ့ မီးဖိုဆောင်ကလေး မီးလောင်သွားပြီ၊ ဘယ့်နှယ်တုန်း၊ ဘယ်လိုမှ မဖြစ်ဘူး မဟုတ်လား။ (ဖြစ်ပါတယ်ဘုရား။) ဟုတ်ကဲ့လား၊ ကဲ ဘယ်လိုဖြစ်သလဲ။ (စိတ် ဆင်းရဲပါတယ် ဘုရား။)

ခက်ပါပြီ၊ ငါက ဆီအိုး ဆန်အိုးတွေလဲ ဒီ မီးဖိုဆောင်ထဲထားတာ၊ ငါးခြောက် ငါးခြမ်းတွေလဲ ဒီ မီးဖိုဆောင်ထဲ ထားတာ။ တစ်လစာဆိုပြီး မှန်းပြီး သွင်းထားတာ၊ သွားပြီ၊ သွားပြီ၊ ဘယ်လို လုပ်ရပါ့မလဲ။ ဒီခေတ် ဒီအခါ သစ်ဝါးကလဲ သက်ဆိုင်ရာကို စာရွက်ကလေးနဲ့ လျှောက်မှပဲ တော်တော် တိုးနိုင်မှရတာ။ အဲဒီ မီးဖိုဆောင် ဘယ်လိုပြန်ပြီး ဆောက်ရပါ့မလဲ၊ အဲဒီလို ဆောက်တည်ရာမရ ဖြစ်မနေဘူးလား။ (ဖြစ်ပါတယ် ဘုရား။)

အဲဒီအချိန်မှာ သူ သိပ် ဝမ်းသာနေတာပေါ့။ မဟုတ်ဘူးလား။ (မဟုတ်ပါဘုရား။)

ဘယ်လို ဖြစ်နေသလဲ။ (ဝမ်းနည်းနေပါတယ် ဘုရား။)

စိတ် ဆင်းရဲ မနေဘူးလား။ (ဆင်းရဲနေပါတယ်ဘုရား။)

ဒါဖြင့် အဲဒီပုဂ္ဂိုလ် သူ ဘာကြောင့် ဆင်းရဲသလဲ။ ဟို တောင်တွင်းကြီး တစ်မြို့လုံး ပြောင်သွားတုန်းက သူ့စိတ်ထဲမှာ ဘယ်လိုမှ မနေဘူး။ ဒီမှာ ကိုယ့်မီးဖိုဆောင်ကလေး တစ်ခု မီးလောင်သွားတဲ့အခါကျတော့ မနေနိုင် မထိုင်နိုင် စိတ် ဆင်းရဲနေတာ၊ ဒါ အကြောင်း ဘာလဲ။ ကိုယ့်မီးဖိုဆောင်ကို ကိုယ် ငြိတွယ်လို့ မဟုတ်ဘူးလား။ (မှန်ပါဘုရား။)

အဲဒီ ငြိတွယ်တာ တဏှာပေါ့။ အဲဒီ တဏှာကြောင့် ဆင်းရဲတာပဲ။ ဒီတော့ အဲဒီ တဏှာကြောင့် ဆင်းရဲတယ်။ တဏှာ ဖြစ်နေတာကိုကလဲ ဆင်းရဲတယ်။

ကိုယ့်ဟာကိုယ် စဉ်းစားကြည့်ပါ။ တစ်စုံတစ်ရာကို သိပ်ပြီး လိုချင်တဲ့ စိတ် ဖြစ်နေတယ်။ အဲဒါကို မရမနေနိုင် ဖြစ်နေတယ်။ အဲဒီလို ဖြစ်နေတဲ့ အချိန်မှာ တဏှာ ပြင်းထန်နေတယ်။ လိုချင်တဲ့စိတ် တပ်မက်စိတ် သိပ်ပြင်းထန်နေတယ်။

အဲဒီလို သိပ်ပြင်းထန်နေတဲ့ အချိန်မှာ မိမိစိတ်ထဲမှာ ပူလောင်နေသလား၊ ငြိမ်းချမ်းနေသလား။ (ပူလောင်နေပါတယ် ဘုရား။)

ပူလောင်နေတယ် ဆိုကတည်းက အဲဒါ ဆင်းရဲလား၊ ချမ်းသာလား။ (ဆင်းရဲပါတယ် ဘုရား။) အဲဒီ တဏှာခေါ်တဲ့ လောဘ ပူလောင်မှုကိုက ဆင်းရဲပဲ။

**သက်ရှိကိုငြိတော့ ပိုဆိုးတယ်** သက်မဲ့ ပစ္စည်းဝတ္ထုကို လိုချင်တာက တော်ပါသေး။ ဟော သက်ရှိသတ္တဝါကို မနေနိုင် မထိုင်နိုင် လိုချင်တော့ ပိုမဆိုးဘူးလား။ (ဆိုးပါတယ်ဘုရား။) သက်ရှိသတ္တဝါ လိုချင်တယ်ဆိုတာ ဘာကိုပြောတာလဲ။ ဒါကိုတော့ တရားနာ ပရိသတ်တွေက ပိုသိပါတယ်၊ မဟုတ်ဘူးလား။ ဘာကို ပြောတာလဲ။ ကျွဲတို့ နွားတို့ ဆိတ်တို့ပေါ့၊ မဟုတ်ဘူးလား။ အဲဒီအခါ ပိုမဆိုးဘူးလား။ ပိုဆိုးလိုက်တာမှ ဘယ်သူ့စကားမှ နားမထောင်နိုင်ဘူး။ အဲဒီလောက်ကျအောင် ဖြစ်တာ။ နွားတစ်ကောင် ဆိုလို့ရှိရင်လဲ ခိုင်းဖို့ ခိုင်းဖို့နော်။

အဲဒါ လိုချင်တဲ့စိတ် ပြင်းထန်ရင် အဲဒီ လိုချင်စိတ်ကိုက ပူလောင်နေတာ၊ ဆင်းရဲနေတာ။ အဲဒီ လိုချင်တာကို လောဘလဲခေါ်တယ်၊ တဏှာလဲ ခေါ်တယ်။ တခြားတခြား ပြောစရာတွေ အများကြီး ရှိပါသေးတယ်။ ဖြစ်နိုင်သမျှ ရှိသမျှ လျှောက်ပြောနေရင် အချိန် ကုန်သွားမယ်။

ဒါကြောင့် ဆင်းရဲရဲ့ အကြောင်းလဲဖြစ်၊ ဆင်းရဲလဲဖြစ်တဲ့ တရားတွေ။ အဲဒီ တရားတွေကို ဗုဒ္ဓဝါဒမှာ ဘယ်လို စကားလုံး တပ်ထားသလဲဆိုတော့ "ကိလေသာ"လို့ စကားလုံး တပ်ထားတယ်။

**ကိလေသာဆိုတာ** ကိလေသာဆိုတာ ဘာအဓိပ္ပာယ် ရှိသလဲဆိုတော့ ပူလောင်စေတတ်တဲ့ တရားတဲ့၊ နှိပ်စက်တတ်တဲ့ တရားတဲ့။ ညစ်နွမ်းစေတတ်တဲ့ တရားတဲ့။ ဒါ ကိလေသာရဲ့ အဓိပ္ပာယ်ပဲ။ စိတ်အနေနဲ့ဆိုရင် ပူလောင်စေတဲ့စိတ်၊ ညစ်နွမ်းစေတတ်တဲ့စိတ်၊ ဆင်းရဲစေတတ်တဲ့စိတ်၊ နှိပ်စက်တဲ့စိတ်။ အဲဒီ စိတ်တွေကို ကိလေသာခေါ်တယ်။ အဲဒါ ဘုန်းကြီးတို့ ပရိသတ် ကိုယ့်ကိုယ်ကို ပြန် စီစစ်ကြည့်ရင် သိပါတယ်။ အဲဒီ ကိလေသာကို ဆယ်မျိုးလို့ အကြမ်းအားဖြင့်သတ်မှတ်ထားတယ်။ ဒီစိတ်ဆယ်မျိုးကို ကိလေသာ ဆယ်ပါးလို့ သတ်မှတ်ထားသော်လည်းပဲ အဲဒီ သတ်မှတ်ရာမှာ မပါဝင်တဲ့ တခြား ပူလောင်စေတတ် နှိပ်စက်တတ်တဲ့ စိတ်တွေလည်းပဲ ဒီ စိတ်တွေထဲမှာ အကြုံးဝင်တာမို့ ကိလေသာလို့ ခေါ်ရပါတယ်။

အဲဒီ ဆယ်မျိုးက ဘာလဲဆိုရင်...

**လောဘ** = လိုချင်တာ တပ်မက်ငြိတွယ်တာ၊ ဒါ လောဘ။

**ဒေါသ** = စိတ်ဆိုးတာ အမျက်ထွက်တာ၊ စိတ်တိုတာ၊ အဲဒါ တက်ဒေါသ။

စိတ်ပျက်တာ စိတ် မချမ်းမသာတာ၊ အဲဒါ ကျဒေါသ။

**မောဟ** = မသိတာ အမှန်အတိုင်း မသိတာ၊ အဲဒါ မောဟ။

မောဟကို တွေဝေတယ်လို့ ဘာသာ ပြန်ကြတယ်။ အဲဒီလို ဘာသာပြန်ခြင်းအားဖြင့် တိတိကျကျ အဓိပ္ပာယ် မပေါ်ဘူး။ မောဟဆိုတာ အဝိဇ္ဇာနဲ့ အတူတူပဲ။ ဝိဇ္ဇာဆိုတာ သိတာ၊ အဝိဇ္ဇာဆိုတာ မသိတာ။ ဒါကြောင့် အဝိဇ္ဇာနဲ့ တန်းတူဖြစ်တဲ့ မောဟဟာ မသိတာပဲ။ အမှန်အတိုင်း မသိတာပဲ။

အင်္ဂလိပ်ကလည်း အဲဒီ မောဟကို နှစ်မျိုး ပြန်ထားတယ်။ မောဟကို Delusion လို့လည်း ဘာသာပြန်တယ်။ ဒါ အမှန်အတိုင်း မသိတာဘဲ။ နောက်တစ်ခုက –

**မာန** = ဘဝင်မြင့်နေတာ၊ တိမ်ကြားထဲခေါင်းရောက်ပြီးတော့ ခြေထောက် မြေကြီးမထိတာ။

အဲဒါ ဘာခေါ်သလဲ။ (မာနပါ ဘုရား။) အဲဒါ ဘုန်းကြီးက ပါဠိစကားလုံးကို မြန်မာပြန်လိုက်တာ။ ပါဠိစကားလုံးက "ဥန္နတိလက္ခဏော မာနော"တဲ့။ မာနော – မာနသည်။ ဥန္နတိလက္ခဏော – ကြွတက်ခြင်းသဘော မြင့်မောက်ခြင်းသဘော ရှိ၏။ ဘယ်ကျအောင် ကြွတက်သလဲ။ တိမ်ကြားထဲ ခေါင်းရောက်အောင် ကြွတက်တယ်။ တိမ်ကြားထဲမှာ ခေါင်းရောက်သွားပြီ ဆိုတော့ ခြေထောက်က မြေကြီး ထိသေးသလား။ (မထိတော့ပါ ဘုရား။) ကိုယ့်နားပတ်လည်မှာ အဲဒီလောက် ဘဝင်မြင့်နေတဲ့သူကို ကြည့်စမ်းပါ၊ တွေ့ပါလိမ့်မယ်၊ ဒီတော့ အဲဒီ မာနလဲပဲ ကိလေသာပဲ။ ပူလောင်စေတတ် နှိပ်စက်တတ်တဲ့ တရားပဲ၊ ဟုတ်ကဲ့လား။

မာနကြီးနေရင် ကိုယ့်ကိုယ်ကို သူများထက် သာတယ်လို့ ထင်နေတာ အရသာ မရှိဘူးလား။ (မရှိပါဘုရား။) ဆင်းရဲသလား၊ ချမ်းသာသလား။ (ဆင်းရဲပါတယ်ဘုရား။)

တခြား မကြည့်ပါနဲ့ မာနကြီးတဲ့လူရဲ့ အနေအထား ဘယ်လို နေသလဲ ကြည့်ပါ။ ခေါင်းကြီးမော့နေတယ် မဟုတ်လား။ လည်ပင်းကြီးကတော့ တောင့်တောင့်ကြီး၊ ပခုံးကြီး မြင့်ထားပြီးတော့ အဲ ရင်ကြီးက ရှေ့ကော့ ထားတယ်။ ခါးကြီးကတောင့်လို့၊ သွားတဲ့အခါမှာ တောင့်တောင့်ကြီး၊ စက်ရုပ်ကြီး သံပတ်ပေး လွှတ်ထားသလား အောက်မေ့ရတယ်။

ဒီတော့ အဲဒီ ထောင်ထောင် တောင့်တောင့် အနေအထားကြီးနဲ့ နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း အနေအထား ဘယ်ဟာ ချမ်းသာမလဲ။ (နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်းက ချမ်းသာပါတယ်ဘုရား။)

အဲ မာနကြီး ရှိနေရင် နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း အနေအထား ရှိပါဦးမလား။ (မရှိနိုင်ပါဘုရား။) ဒီလိုဆိုရင် သူဟာ ဆင်းရဲမလား၊ ချမ်းသာမလား။ (ဆင်းရဲမှာပါ ဘုရား။) အင်မတန် ဆင်းရဲတဲ့ အလုပ်နော်။ မသိလို့သာ မာနကြီးကြတယ်၊ သိရင် တစ်စက်ကမှ ထားချင်စရာမရှိတဲ့ မာနနော်။

နောက်တစ်ခု –

ဒိဋ္ဌိ = အသိအမြင်မှားနေတာ။ သဘာဝကို အသိအမြင် မှားနေတာဟာ ဒိဋ္ဌိ။

ခုနက ပြောခဲ့တဲ့ အမှန်အတိုင်း မသိတဲ့ မောဟနဲ့ ဒီ ဒိဋ္ဌိနဲ့ တခြားစီပဲ။ နောက်ကျတော့ ရှင်းလိမ့်မယ်။ နောက်ကျတော့ ရှင်းလိမ့်မယ်ဆိုတော့ အခုပဲ ရှင်းပြမယ်၊ အကြွေး မထားတော့ဘူး။ နောက်ကျ နောက်ကျနဲ့ များနေပြီ။

**ဒိဋ္ဌိနဲ့ မောဟ** ဒိဋ္ဌိက သဘာဝကို သဘာဝအတိုင်း အမှန်အတိုင်း မသိဘဲ အသိမှား နေတယ်ဆိုတာ ဘယ်လိုလဲဆိုတော့ ခန္ဓာကိုယ်မှာ ပေါင်းစပ်ပါဝင်တဲ့ အပူသဘော အအေးသဘော တောင့်တင်း တွန်းကန်သဘော စတဲ့ သဘာဝတွေကို ဒါတွေဟာ အပူသဘာဝ အအေးသဘာဝ တောင့်တင်း တွန်းကန် သဘာဝမျှပဲလို့ မသိဘဲနဲ့ ပုဂ္ဂိုလ်ကြီး ပူနေတယ်၊ ငါ ပူနေတယ်၊ ငါ တောင့်တင်းနေတယ်လို့ ဒီလို အသိမှားတာ။

အမှန်တော့ စဉ်းစားကြည့်ပါ။ ပူတယ်ဆိုတာ သူလား၊ ငါလား၊ ပူတာကို လူလို့ခေါ်မလား၊ နတ်လို့ ခေါ်မလား။ (လူလို့ ခေါ်တာပါ ဘုရား။) ဟုတ်ပါ့မလား၊ ပူတာဟာ လူလား။ (မဟုတ်ပါဘုရား။) နတ်ကော ဟုတ်လား။ (မဟုတ်ပါဘုရား။) ဒါဖြင့်ဘာလဲ။ (ပူတာပါဘုရား။) ဟုတ်ပြီ၊ ပူတာဟာ ပူတာပဲ။

ပူတာကို ပူတာပဲလို့ သဘာဝကို သဘာဝအတိုင်း မသိဘဲနဲ့ "အမယ်လေး ငါပူတယ်၊ ငါ ပူလိုက်တာဟဲ့၊ လောင်လိုက်တာဟဲ့"လို့ ငါအနေ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ သိနေရင် ဒါဟာ အသိမှားတာ အမှန်အတိုင်း မသိတာပေါ့။ အဲဒီလိုဆိုတော့ သဘာဝကို သဘာဝအတိုင်း သိတာ ဟုတ်ကဲ့လား။ (မဟုတ်ပါ ဘုရား။) မဟုတ်တော့ ဘာလို့ သိနေသလဲ။ လူပဲ ပုဂ္ဂိုလ်ပဲ ငါပဲလို့ သိနေတယ်၊ အဲဒါကို အသိမှားဘယ်၊ အမြင်မှားတယ်လို့ ပြောတာ။

အဲဒီလို သဘာဝကို သဘာဝမျှပဲလို့ အမှန်အတိုင်း မသိတာဟာ မောဟပဲ။ အဲဒီ မောဟက အမှန်အတိုင်း မသိရုံမျှပဲ။ ပုဂ္ဂိုလ်ပဲ လူပဲ ငါပဲ ဆိုတဲ့အထိ မသွားဘူး။

အဲဒီလို မောဟက အမှန်အတိုင်း မသိတဲ့အတွက် "သူ ပူနေတယ်၊ ငါပူနေတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ပူနေတယ်"လို့ အသိမှားသည်အထိ ရောက်သွားတာက ဒိဋ္ဌိပဲ။ သက္ကာယဒိဋ္ဌိလို့ ခေါ်ပါတယ်။ နောက်ကျတော့ တဖြည်းဖြည်းပိုပြီး ပေါ်လွင်လာပါလိမ့်မယ်။

ကဲ နောက်တစ်ခု ပြောကြဦးစို့။ နောက်တစ်ခုက –

**ဝိစိကိစ္ဆာ** = ဝိစိကိစ္ဆာ ဆိုတာ ယုံမှားသံသယ ဖြစ်နေတာ။

တစ်စုံတစ်ရာ မဆုံးဖြတ်နိုင်ဘဲ သံသယ ဖြစ်နေပြီဆိုရင် အဲဒီအခါမှာ စိတ် ချမ်းသာသလား၊ ဆင်းရဲသလား။ (စိတ် ဆင်းရဲပါတယ်ဘုရား။) "အာ ဟိုလိုများ ဖြစ်မလားဟဲ့၊ မဟုတ်ပါဘူး၊ ဒီလိုထင်ပါရဲ့" အဲဒီလို ဖြစ်နေကတည်းက ဒီစိတ်ဟာ တည်ငြိမ်သလား မတည်ငြိမ်ဘူးလား။ (မတည်ငြိမ်ပါဘုရား။) ဒီတော့ ဆင်းရဲသလား၊ ချမ်းသာသလား။ (မချမ်းသာပါ၊ ဆင်းရဲပါတယ်ဘုရား။)

အဲဒါကို ဘုန်းကြီးတို့ ပါဠိက တစ်ခါတစ်ရံ စကားလုံးကောင်းကောင်းနဲ့ သုံးတယ်။ ဘယ်လို သုံးသလဲဆိုရင် စိတ် ပခက်လွှဲနေတာတဲ့။ ဘာလုပ်နေတာတဲ့လဲ။ (စိတ် ပခက်လွှဲနေတာပါ ဘုရား။) ပခက်များ လွှဲတဲ့အခါ ဘယ်လို မြင်ရသလဲ။ (ဟိုယိမ်း ဒီယိမ်းပါဘုရား။) တော်တော်ကြာ ဟိုဘက် ရောက်သွားလိုက်၊ တော်တော်ကြာ ဒီဘက် ရောက်လာလိုက် မဟုတ်လား။ ဟိုဘက်က တွန်းလိုက်တော့ ဒီဘက်ရောက်လာလိုက်၊ ဒီဘက်က တွန်းလိုက်တော့ ဟိုဘက် ရောက်သွားလိုက် ဆိုတော့ သူဟာ တစ်နေရာတည်းမှာ တည်တည်ငြိမ်ငြိမ် ရပ်နေရဲ့လား။ (မရပ်ပါဘုရား။) ဝိစိကိစ္ဆာရဲ့ သဘောဟာ အဲဒီ အတိုင်းပဲ။ ပြီးတော့ –

**ထိနမိဒ္ဓ** = ထိနမိဒ္ဓဆိုတာက စိတ်တွေ သွက်သွက်လက်လက် ပေါ့ပေါ့ ပါးပါး မရှိဘဲ လေးလံ ထိုင်းမှိုင်းနေတာ။

**ဥဒ္ဓစ္စ** = ဥဒ္ဓစ္စဆိုတာက စိတ်မတည်ငြိမ်ဘဲ ဟိုရောက် ဒီရောက် ပျံ့လွင့်နေတာ။

**ကုက္ကုစ္စ** = ကုက္ကုစ္စဆိုတာ နောင်တ ပူပန်တာ။

နောက်က မလုပ်သင့်ဘဲနဲ့ လုပ်ခဲ့မိတာတွေကို ပြန်တွေးမိပြီး စိတ်ဆင်းရဲနေတာ။

လုပ်ခဲ့သင့်လျက်နဲ့ မလုပ်ခဲ့မိတာတွေကို ပြန်တွေးပြီး စိတ်ဆင်းရဲနေတာ။

ဒီစိတ်တွေ ဖြစ်နေရင် ဆင်းရဲပြီပေါ့။ ဒါကြောင့် အဲဒါတွေကို ကိလေသာလို့ ခေါ်ရတယ်။

**ထိနမိဒ္ဓ** = ထိနမိဒ္ဓဆိုတာ မနာလိုတာ။ ဒါလဲ ကိလေသာပဲ။

**မစ္ဆရိယ** = မစ္ဆရိယဆိုတာ မိမိနဲ့ သက်ဆိုင်တဲ့ မိမိနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ပစ္စည်းဥစ္စာကို သူတစ်ပါး လာပြီး ဆက်ဆံတာ မကြိုက်တာ။

မစ္ဆရိယလဲ ကိလေသာပဲ။ ကိုယ့်အိမ်မှာ သုံးစွဲနေတဲ့ ပစ္စည်းကလေး ဘာကလေးကို တခြားအိမ်က ဒါကလေးသုံးချင်လို့ ခဏ ငှားစမ်းပါဆိုရင် ရှောရှောရှူရှူနဲ့ မငှားနိုင်ဘူး။ အဲဒါ မစ္ဆရိယပဲ။

နောက်ပြီးတော့ အဟိရိကနဲ့ အနောတ္တပ္ပ။

**အဟိရိက**ဆိုတာ အပြစ်ရှိတာတွေ လုပ်ရမှာ မရှက်တာ။ အပြစ်ရှိတဲ့ အရာတွေ မရှက်မတွန့် ရဲရဲဝံ့ဝံ့ လုပ်တဲ့စိတ်။ အဲဒီစိတ်ဟာ အဟိရိက ကိလေသာပဲ။

**အနောတ္တပ္ပ** ဆိုတာကတော့ အပြစ်ရှိတာတွေ လုပ်ရမှာ မကြောက်လန့်တာ။ အဲဒီတော့ အပြစ်ရှိတာတွေ လုပ်ပြီ ဆိုကတည်းက ဆင်းရဲပြီပေါ့။

အဲ အခုပြောခဲ့တဲ့ စိတ်တွေ အားလုံးဟာ လူကို ဆင်းရဲစေတဲ့ ကိလေသာ တွေချည်းပါပဲ။ လောဘစိတ်လဲ ဆင်းရဲစိတ်၊ ဒေါသစိတ်လဲ ဆင်းရဲစိတ်၊ မောဟစိတ်လဲ ဆင်းရဲစိတ်၊ မာနစိတ်လဲ ဆင်းရဲစိတ်၊ ဒိဋ္ဌိစိတ်လဲ ဆင်းရဲစိတ်၊ ထိနမိဒ္ဓဆိုတာတောင်မှ ဆင်းရဲတယ်ဆိုတော့ သူ့ထက် ဆိုးတဲ့စိတ်တွေကိုတော့ ပြောဖို့ မလိုတော့ဘူး။

အဲဒီအထဲမှာ အဆိုးဆုံး ဆင်းရဲစိတ်က ဘယ်စိတ်လဲဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နည်းနည်း ပြောစမ်းပါ။ အဆိုးဆုံး ဆင်းရဲစိတ် ဘယ်စိတ်လဲ။ ဘာတဲ့၊ ဒေါသစိတ်၊ ဟုတ်လား။ ဘာကြောင့်လဲ။ ဒေါသမီးလောင်ရင် တချို့ သေတောင်သေတယ်။ ဒါပေမယ့် အဲဒီစိတ်ကို အဆိုးဆုံး ကိလေသာစိတ်လို့ ဘုန်းကြီးက မယူဆဘူး။

**အဆိုးဆုံး ကိလေသာ** လောကမှာ အဆိုးရွားဆုံး အယုတ်ညံ့ဆုံးလို့ ဘုန်းကြီး ယူဆတဲ့ ဆင်းရဲစိတ် ကိလေသာစိတ်ဟာ မနာလိုတဲ့ စိတ် ဣဿာပဲ။ သူ တစ်ပါး ကိုယ့်ထက် ရုပ်ချောနေတာ မနာလိုဘူး။ အလကားသက်သက် သူ့ဟာသူ ရုပ်ချောတာ ကိုယ်နဲ့ ဘာဆိုင်သလဲ။ အဲဒါ သွားပြီး မနှစ်မြို့တဲ့ မနာလိုတဲ့စိတ် ဖြစ်တာ။

အဲ သူတစ်ပါး ကိုယ့်ထက် ပညာတတ်နေတာ မနာလိုဘူး။

သူတစ်ပါး ကိုယ့်ထက် နာမည်ကြီးနေတာ မနာလိုဘူး။

သူတစ်ပါး ကိုယ့်ထက် လူချစ်လူခင်ပေါတာ လူကြည်ညိုများတာ မနာလိုဘူး။

သူတစ်ပါး ကိုယ့်ထက် ကြီးပွား ချမ်းသာနေတာ မနာလိုဘူး။ ဘာဆိုင်လဲ ကြည့်စမ်း။

အမှန်တော့ လောကမှာ လူတိုင်းလူတိုင်း ချမ်းသာနေတယ်၊ ကောင်းစား နေတယ် ဆိုရင် ဘဝတူ လူသားတစ်ယောက် အနေနဲ့ ဝမ်းသာနေရမှာ မဟုတ်လား။ အဲဒါကို ဝမ်းမသာနိုင်ဘဲနဲ့ သက်သက် သွားပြီးတော့ သူများ ကောင်းစား ချမ်းသာနေတာကို စိတ်ထဲမှာ မကြည့်ရက်၊ မရှုရက်ဖြစ်ပြီး စိတ် မချမ်းသာနေတာ။

သူများကို မနာလိုလို့ ကိုယ့်မှာ ဘာမှ ရတာလဲ မဟုတ်ဘဲနဲ့။ ဘာမှ မပတ်သက်ဘဲနဲ့ စိတ် ဆင်းရဲနေတာ။ စိတ်ထားမတတ်တော့ အလကား သက်သက် ဆင်းရဲကို ရှာယူနေကြတာ။ မဟုတ်ဘူးလား။ (မှန်ပါ ဘုရား။)

ဒီလိုစိတ်ရှိရင် သူ့မှာ ဘာအမြတ် ရသလဲ။ ဘာမှ မရဘဲနဲ့ကို အခြောက်တိုက် ဆင်းရဲခံနေရတာ။

ဘုန်းကြီးက ဒါကြောင့် ဒီစိတ်ကို အဆိုးဆုံး အယုတ်ညံ့ဆုံး စိတ်လို့ ယူဆတယ်။ ဘယ်စိတ်တဲ့လဲ။ (ဣဿာစိတ်ပါ ဘုရား။) မြန်မာလိုတော့ ကိုယ့်ထက်သာ မနာလိုစိတ်ပေါ့။ တော်တော်ဆိုးတဲ့စိတ်၊ အဟုတ်ပဲ၊ တကယ် ယုတ်ညံ့တဲ့စိတ်။

လောကမှာ ပျက်စီးကြတာတွေဟာ ဟောဒီ မနာလိုစိတ် အရင်းခံလို့ ပျက်စီးကြတာတွေက အတော်ကိုများတယ်။ တစ်ဦးနဲ့ တစ်ဦး မတည့်ကြတာ ကအစ စစ်ပွဲကြီးတွေ ကြည့်စမ်းပါ၊ အဲဒါ မနာလိုမှုက စပြီး ဖြစ်ရတဲ့ စစ်ပွဲတွေ တော်တော်များတယ်။

ဒါကြောင့် အဲဒီစိတ်တွေကို ကိလေသာခေါ်တယ်။ ဒါတွေဟာ ဆင်းရဲတွေပဲ။ ဒီကိလေသာတွေ ရှိနေသမျှ လူဟာ ဆင်းရဲနေတာပဲ။ ဒီ ကိလေသာတွေ မရှိရင် လူဟာ မဆင်းရဲဘူး။ အဲဒါကို ဘုန်းကြီးက ဒီလို ဆောင်ပုဒ် လုပ်ထားတယ်။ လိုက်ဆိုကြပါ။

## ဆောင်ပုဒ်

**မိမိကိန်းရာ၊ သတ္တဝါကို၊ ဗျာပါလိုက်ဆူ၊ ပူလောင်စေတတ်၊ နှိပ်စက်တတ်၍၊ ထပ်ထပ်ညစ်ပေ၊ ပြုတတ်လေ၊ ဆယ်ထွေ ကိလေသာ။**

ဒီတော့ ဒါတွေ ဆင်းရဲတွေပဲ၊ ကိလေသာခေါ်တဲ့ ဒီ ဆင်းရဲစိတ်တွေ မရှိရင် ချမ်းသာရော။ ဒါတွေ ရှိနေသမျှတော့ ဆင်းရဲနေတာပဲ။

**ပဓာနအကြောင်းနှစ်ခု** အဲဒီ ဆင်းရဲစိတ်တွေမှာ သူတို့ကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားနှစ်ခု ရှိတယ်။ အဲဒီနှစ်ခုက ဘာလဲဆိုတော့ အမှန်အတိုင်း မသိတဲ့ မောဟရယ်၊ လိုချင်တပ်မက်တဲ့ တဏှာရယ်၊ ဒီနှစ်ခုပဲ။ ဒီမောဟကို အဝိဇ္ဇာလို့လဲ ခေါ်တယ်။

ဒီတော့ နည်းနည်း ကြည့်ကြဦးစို့။ အမှန်အတိုင်း မသိဘူးဆိုတာ ဘာကို မသိတာလဲဆိုတော့ ဟို... ရှေ့နားတုန်းက "စိတ်ဆိုတဲ့ နာမ်ကို အမှန်အတိုင်း မသိဘူး။ ခန္ဓာကိုယ်ခေါ်တဲ့ ရုပ်ကို အမှန်အတိုင်း မသိဘူး။"လို့ ပြောခဲ့တယ်။ ဘယ်လို အမှန်အတိုင်း မသိတာလဲ။ "သဘာဝ တရားမျှသာပဲ" လို့ အမှန်အတိုင်း မသိတာ။ စိတ်ကို "သိတတ်တဲ့ သဘောမျှသာပဲ"လို့ အမှန်အတိုင်း မသိတာ။ "ဖြစ်ပြီး ပျက်တတ်လို့ မမြဲတဲ့ သဘောပဲ"လို့ အမှန်အတိုင်း မသိတာ။

မသိလို့ အဲဒီ စိတ်ကိုပဲ "ငါလိုချင်တယ်၊ ငါ စိတ်ဆိုးတယ်၊ ငါ စဉ်းစားတယ်၊ ငါသိတယ်၊ ငါတတ်တယ်" စသည်ဖြင့် စိတ်ကို သူ ငါ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ ယူဆ စွဲလမ်းတယ်။

အမှန်တော့ သိတာဟာ သိတာပဲ။ သိတာဟာ လူမဟုတ်ပါဘူး။ သိတဲ့ သဘာဝကလေး တစ်ခုမျှပဲ။ အဲဒီ သဘာဝကို သဘာဝအတိုင်း မသိမမြင်ဘူး။ ဒါဟာ အမှန်အတိုင်း မသိတာပေါ့။ အဲဒီလို မဟုတ်ဘဲနဲ့ "သိတာ လိုချင်တာ စသည်ဟာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး။ သိတဲ့ သဘာဝ လိုချင်တဲ့ သဘာဝသက်သက်ပဲ"လို့သိရင် ဒါ အမှန်အတိုင်း သိတာပဲ။

**အမှန်မသိ** တစ်ခါ "ခန္ဓာကိုယ်ခေါ်တဲ့ ရုပ်ကိုယ်ကြီးမှာ ဘာတွေ ပေါင်းစပ် ပါဝင်နေသလဲဆိုတော့ အပူအအေးသဘော၊ ကြမ်းတမ်းနူးညံ့သဘော၊ ယိုစီး ဖွဲ့စည်း သိပ်သည်းပူတွဲ လုံးခဲ ကျစ်လျစ်သဘော၊ ထောက်ကန်တောင့်တင်း လှုပ်ရှား ရွေ့ရှားသဘော စတဲ့ ရုပ်သဘာဝတွေ ပေါင်းစပ် ပါဝင်နေတယ်။

အဲဒီ သဘောတွေအားလုံး အစီအစဉ်တကျ ပေါင်းစုထားလိုက်တော့ ရုပ်အစု ပုံသဏ္ဌာန်ကြီးတစ်ခု ဖြစ်လာတယ်။ အဲဒီ ပုံသဏ္ဌာန်ကိုကြည့်ပြီး လူ၊ ခွေး၊ မြင်း၊ နွား စသည်ဖြင့် အခေါ်အဝေါ် ပညတ်တွေကို သတ်မှတ်ထားကြတယ်။

အဲဒီလို ခေါ်ဝေါ် သတ်မှတ်ထားတဲ့ ပုံသဏ္ဌာန်မှာ ပေါင်းစပ် ပါဝင်နေတဲ့ သဘာဝတွေကို ပူသဘောမျှပဲ၊ အေးသဘောမျှပဲ၊ နူးညံ့သဘောမျှပဲ၊

ယိုစီးသဘောမျှပဲ၊ တောင့်တင်းတဲ့ သဘောမျှပဲ၊ ထောက်ကန်တဲ့ သဘောမျှပဲ လှုပ်ရှားတဲ့ သဘောမျှပဲ ရွေ့လျားတဲ့ သဘောမျှပဲ စသည်ဖြင့် တစ်ခုစီတစ်ခုစီ တစ်တွဲစီ တစ်တွဲစီ အမှန်အတိုင်း သိဖို့ လိုပါတယ်။

အဲဒီလို အမှန်အတိုင်းသိရင် ဒါတွေအားလုံး ပေါင်းစုထားတဲ့ ပုံသဏ္ဍာန်ကို အစွဲပြုပြီး ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ ယူဆစွဲလမ်း ပြောဆိုနေကြသော်လဲ အမှန်စင်စစ်တော့ အကြောင်း အားလျော်စွာ ဖြစ်ပျက်နေတဲ့ သဘောဝတွေရဲ့ အစုအပေါင်းမျှပဲလို့ သိမြင်လာပါတယ်။

**အမှန်အတိုင်းမသိပုံ တစ်မျိုး**

တစ်ခါ အဲဒီလို အမှန်အတိုင်းမသိတာ နောက်တစ်မျိုး ရှိသေးတယ်။ ဘယ်လိုလဲဆိုတော့ ဒီ ခန္ဓာကိုယ်ကြီးဟာ မွေးကတည်းက အခုအချိန်အထိ မပျက်စီးဘူး၊ အမြဲတည်လာတယ်၊ နောင်လဲပဲ မသေမချင်း မပျက်စီးဘဲ အမြဲ တည်နေဦးမှာပဲလို့ မှားယွင်းစွာ သိမြင် ယူဆနေတယ်။

စိတ်လဲပဲ အမိဝမ်းတွင်းမှ ကျွတ်လာကတည်းက စိတ်ဟာ အခုအချိန်အထိ ဒီစိတ် ဒီစိတ်ပဲ၊ ဒီစိတ်ဟာ ဘယ်တော့အခါမှ မပျက်စီးခဲ့ဘူး။ အမြဲတစေ တည်နေတယ်။ နောင်လဲပဲ မသေမချင်း မပျက်စီးသေးဘူး။ တချို့ကျတော့ သေပြီးနောက်လဲ ဒီစိတ်ဟာ မပျက်စီးဘူးလို့ ယူဆတယ်။

အဲဒီ အသိအမြင် အယူအဆတွေဟာလဲပဲ သဘာဝရဲ့ အရှိသဘောကို အရှိသဘာဝအတိုင်း မသိတာ၊ အမှန်အတိုင်း မသိတာပဲ။

တကယ်တော့ ဘယ်ရုပ် ဘယ်စိတ်မှ တစ်စက္ကန့်ရဲ့ အပုံ တစ်သန်းပုံ တစ်ပုံလောက်တောင်မှ တည်တဲ့ ခိုင်မြဲမနေဘူး။ ခဏမစဲ တဖြစ်တည်းဖြစ်၊ တပျက်တည်းပျက်နေတာပဲ။

**ဆဲလ်တွေ မမြဲ**

ကိုယ့်လက်မောင်း ကိုယ်ကြည့်လိုက်ရင် အသားဟာ ဒီ အသား ဒီအသားပဲ။ ဘယ်အခါမှ မပြောင်းလဲဘူးလို့ သာမန်အားဖြင့် ထင်ရတယ်၊ တရားသဘောနဲ့ မကြည့်ဘဲနဲ့ ဆေးသိပ္ပံ

သဘောနဲ့ ကြည့်ရင်တောင်မှ ဒီလက်မောင်းဆိုတဲ့ အသွေးအသားမှာ ဘာတွေ ပေါင်းစပ် ပါဝင်နေသလဲဆိုတော့ သွေးနီဥနဲ့ သွေးဖြူဥကလေးတွေ ပေါင်းစပ် ပါဝင်နေပါတယ်။

အဲဒီ သွေးနီဥတွေရဲ့ သက်တန်းဟာ ဘယ်လောက်ပဲ ရှိသလဲဆိုတော့ သုံးလပဲရှိတယ်။ သုံးလရှိရင် ဒီသွေးနီဥတွေဟာ ပျက်စီးတယ်။ ဒါ ဆေးသိပ္ပံရဲ့ တွေ့ရှိချက်ပဲ။ ကြာပါပြီ။ အခုတွေ့တာ မဟုတ်ပါဘူး။ သွေးနီဥ အဟောင်းတွေ ပျက်စီးပြီဆိုရင် ပျက်စီးတဲ့ သွေးနီဥနေရာမှာ သွေးနီဥအသစ်တွေ အစားထိုး ဖြစ်လာတယ်။

သို့သော် ဘုန်းကြီးတို့ အဲဒါကို သိသလား၊ မြင်သလား။ သိလဲမသိဘူး၊ မြင်လဲမမြင်ဘူး။ ဒါဖြင့် တကယ်ကော သွေးနီဥအဟောင်း ပျက်စီးပြီး သွေးနီဥအသစ် အစားထိုး ဖြစ်လာသလားဆိုရင် တကယ်ပဲ အစားထိုး ဖြစ်တယ်ဆိုတာ အင်အားကောင်းတဲ့ မှန်ဘီလူးနဲ့ကြည့်ရင် မြင်နိုင်တယ်။

အဲဒါ ကြည့်ခြင်းအားဖြင့် ရုပ်ဟာ မိမိထင်သလို တစ်တန်းတည်း တစ်ရှိန်တည်း တစ်ချိန်လုံး မပျက်မစီးဘဲ တည်လာတာ မဟုတ်ဘူး၊ ပျက်စီးချိန်ကျရင် ပျက်စီးတယ်၊ အဟောင်း ပျက်စီးပြီးရင် အသစ်တစ်ခု ဖြစ်ပေါ်လာတယ် ဆိုတာ ဒါ သဘာဝ အမှန်ပဲ။

သို့သော် အဲဒီ သဘာဝအမှန်ကို အမှန်အတိုင်း ဘုန်းကြီးတို့ သိကြသလားဆိုတော့ သိနိုင်လောက်တဲ့ ပစ္စည်းကိရိယာ အကူအညီ မရှိတာ တစ်ကြောင်း၊ သိနိုင်လောက်အောင် ကြီးမားထက်မြက်တဲ့ အသိဉာဏ်ကို မရတာလဲ တစ်ကြောင်းကြောင့် ကိုယ် သိနိုင်သလောက်ကလေးပေါ်မှာ အခြေခံပြီး ထင်မြင် ယူဆ ဆုံးဖြတ်ကြတယ်။ ဒါလဲ အမှန်အတိုင်း မသိမှု တစ်မျိုးပဲ။

**ပရိတ္တ ပလတ်ဇမ်း** တစ်ခါ ထပ်ဆင့်ပြီး ကြည့်ကြဦးစို့။ အဲဒီ ပကတိ မျက်စိနဲ့ မမြင်ရတဲ့ ဆဲလ်လေးတွေမှာ အီလက်ထရော်နစ် မှန်ဘီလူး (Electronic Microscope)နဲ့ ကြည့်မှသာ မြင်ရတဲ့ (Protoplasm)

ပရိတ်ိုပလတ်ဇမ်း ခေါ်တဲ့ သက်ရှိ အခြေခံ ရုပ်ခါတ်ကလေးတွေ သန်းပေါင်းများစွာ ပါဝင်နေတယ်။

ရှိမှန်းတောင် မသိနိုင်လောက်အောင် သေးမွှားလှတဲ့ ဒီ ရုပ်ခါတ်ကလေးထဲမှာ ပါဝင်တဲ့ ရုပ်နုကလေးတွေဟာ စက်ရုံတွေ၊ ဈေးတွေ၊ ရုံးတွေ၊ ကျောင်းတွေ၊ ဘူတာတွေ အမျိုးစုံ ပါဝင်နေတဲ့ အင်္ဂါစုံတဲ့ မြို့ကြီးတစ်မြို့ အတွင်းမှာ သွားလာလှုပ်ရှားပြီး အလုပ်လုပ်နေကြတာတွေကို ကောင်းကင်ကနေပြီး စီးကြည့်ရင် တွေ့မြင်ရသလို ပရိတ်ိုပလတ်ဇမ်းထဲမှာ ပါဝင်တဲ့ ဒီရုပ်နုကလေးတွေ အလုပ်လုပ်နေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါဟာ ဆေးသိပ္ပံပညာရှင်တို့ရဲ့ လက်တွေ့ တွေ့ရှိချက်ပဲ။

၁၉၆၅ ခုနှစ်မှာ New York Random House ကုမ္ပဏီကထုတ်တဲ့ The Human Body ဆိုတဲ့ စာအုပ်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။

အလုပ် လုပ်နေတယ် ဆိုပေတဲ့ သေသေချာချာ ကြည့်တော့ အဲဒီအထဲမှာ ပါတဲ့ ရုပ်နုကလေးတွေ ခုန်ခုန်နေတာကို တွေ့ရတာတဲ့။ တစ်နေရာက ခုန်လိုက် ပျက်သွားလိုက်။ အဲဒီနေရာမှာ အသစ်ဖြစ်လိုက် အဲဒီနေရာက ခုန်လိုက်၊ ပျက်သွားလိုက်။ အဲဒီလို တွေ့ရတာပဲ။

ခုန်တယ်လို့ ထင်ရပေမယ့် အမှန်တော့ ဖြစ်ပေါ်ပြီးတော့ ချက်ချင်းပဲ ရုတ်ခနဲရုတ်ခနဲ ပျက်ပျက်သွားတာကို ခုန်နေသလို မြင်ရတာ ထင်ပါတယ်။ အဲဒီ ရုပ်ကလေးတစ်ခု တစ်ခါခုန်တာ ဘယ်လောက် ကြာသလဲလို့ဆိုတော့ နာနိုစက္ကန့် (Nanosecond) တစ်စက္ကန့်လောက်ပဲ ကြာသတဲ့။ တစ်ခါ နာနိုစက္ကန့် တစ်စက္ကန့်က အချိန် ဘယ်လောက် ကြာသလဲဆိုတော့ အခု သုံးနေကြတဲ့ နာရီက စက္ကန့် တစ်စက္ကန့်အချိန်ရဲ့ သန်းပေါင်း တစ်ထောင်ပုံ တစ်ပုံလောက်ပဲ အချိန်ကြာသတဲ့။

ဒီလိုဆိုတော့ အဲဒီ ရုပ်ကလေးတစ်ခု ဖြစ်ပြီး ပျက်သွားတာဟာ စိတ်ကူး ကြည့်လို့ မရနိုင်လောက်အောင် လျင်မြန်တယ်လို့ ဆိုရလိမ့်မယ်။ ဒါလောက် မြန်တဲ့ ဖြစ်မှု ပျက်မှုကို သာမန် ထက်မြက်တဲ့ဉာဏ်က အဲဒါကို အမိလိုက်ပြီး ဘယ် သိနိုင်တော့မှာလဲ။ ဒီတော့ မပျက်ပဲ တည်တဲ့နေတယ်၊ မြဲနေတယ်လို့ ထင်တော့တာပေါ့။

အဲဒါ ဘုန်းကြီးတို့ ခန္ဓာကိုယ်မှာ ဖြစ်နေတာ ပကတိမျက်စိနဲ့ မပြောနဲ့တော့ တော်ရုံ အားကောင်းတဲ့ မှန်ဘီလူးနဲ့တောင်မှ မမြင်ရဘူး။

ဒီတော့ ဒီလို ဖြစ်ချည်ပျက်ချည် ဖြစ်နေတာကို မြင်လဲမမြင်နိုင်၊ ဉာဏ်နဲ့လဲ ထိုးထွင်းသိနိုင်လောက်အောင် အခြေအနေကလဲ မရှိတော့ ဒီရုပ်တွေဟာ ဒီရုပ်ကိုယ်ကြီးဟာ မပျက်စီးဘဲ တည်မြဲနေတယ်လို့ အသိမှားနေတော့တာပေါ့။

ဒါလဲ အမှန်အတိုင်းမသိမှု အဝိဇ္ဇာတစ်မျိုးပေါ့။ တရားစကား ပြောရရင် အနိစ္စကို အနိစ္စလို့ သဘာဝအမှန်အတိုင်း မသိတာဘဲ။ မောဟပေါ့။

**ရုပ် မတည်မြဲပုံ အများသဘောပေါက်ဖို့**

ဘုန်းကြီးတို့ ရုပ်တရား မတည်မြဲကြောင်း သာမန်လူတို့ သဘောပေါက်နိုင်တဲ့ နည်းတစ်ခုတော့ ရှိတယ်။ အခု ကိုယ့်လက်မောင်းကို တုတ်ချောင်းကလေးနဲ့ ကောက်ရိုက်လိုက်စမ်းပါ။ တုတ်ချောင်းနဲ့ မချခင်က ဖြူတဲ့အသားမှာ ဖြူရုပ် မရှိဘူးလား။ (ရှိပါတယ်ဘုရား။)

အဲဒီ ချလိုက်ပြီဆိုတော့ ဘာဖြစ်သွားသလဲ။ နီသွားတယ် မဟုတ်လား။ (မှန်ပါဘုရား။)

ခုနက ဖြူရုပ် ဘယ်ရောက်သွားသလဲ။ (ပျောက်သွားပါတယ် ဘုရား။)

ပျောက်သွားတဲ့ ဖြူရုပ်ရဲ့နေရာမှာ ဘာရုပ် ဝင်လာသလဲ။ (နီရုပ် ဝင်လာပါတယ်ဘုရား။)

ဒါဖြင့် ဖြူရုပ်ဟာ မြဲသလား၊ မမြဲဘူးလား။ (မမြဲပါဘုရား။)

အဲဒီ ရိုက်ထားတဲ့ နေရာက အနီဟာကော မနက်ဖြန်ကျ ရှိသေးသလား။ (မရှိပါ ဘုရား။)

အဲဒီအနီ နေရာမှာ ဘာဝင်လာသလဲ။ (ဖြူရုပ် ဝင်လာပါတယ်ဘုရား။) ဒါဖြင့် အဲဒီ နီရုပ် မြဲသလား။ (မမြဲပါဘုရား။)

အဲဒီလို စဉ်းစားကြည့်ခြင်းအားဖြင့်လဲ ရုပ်တရားရဲ့ ဖြစ်ပေါ်ပြီး ပျောက်တဲ့ မမြဲတဲ့သဘောကို နားမလည်နိုင်ဘူးလား။ (နားလည်နိုင်ပါတယ် ဘုရား။)

အဲဒီ သဘာဝကိုပဲ ဘုန်းကြီးတို့ ကိုယ်တွေ့ဉာဏ်နဲ့ ထိုးထွင်းပြီး သက်ဝင်သိမြင်တာ မဟုတ်တော့ ရုပ်တရားကို တည်မြဲတယ်၊ မပျက်စီးဘူးလို့ပဲ ထင်နေကြတယ်။ ရုပ်ရဲ့ မတည်မြဲတဲ့ အနိစ္စ သဘာဝကို အမှန်အတိုင်း မသိမြင်ကြဘူး။ ဒါလဲ အဝိဇ္ဇာပဲ၊ မောဟပဲ။

**စိတ်မတည်မြဲပုံ** စိတ် မတည်မြဲပုံကိုလဲ သာမန်ဉာဏ်နဲ့ စဉ်းစားကြည့်ရင် ရိပ်မိနိုင်ပါတယ်။ အခု တရားနာနေတုန်းမှာ တရားသဘောကို ဆင်ခြင် မှတ်သားနေတဲ့ လေးနက်တဲ့စိတ် မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား။)

သို့သော်လဲတရားသဘောက နားလည်ဖို့ နည်းနည်း ခက်လာတဲ့အခါကျတော့ နားမလည်တဲ့အတွက် စိတ်ဟာ လေးလံထိုင်းမှိုင်း မလာဘူးလား။ (ထိုင်းမှိုင်း လာပါတယ်ဘုရာ။)

လေးလံ ထိုင်းမှိုင်းလာတော့ အယင်ဖြစ်နေတဲ့ လေးနက်တဲ့စိတ် ရှိသေးသလား။ (မရှိတော့ပါဘုရား။)

ဒါဖြင့် ဒီလေးနက်တဲ့စိတ် ဘာဖြစ်သွားသလဲ။ (ပျောက်သွားပါတယ် ဘုရား။)

ဒါဖြင့်စိတ်ဟာ တည်မြဲနေသလား၊ မတည်မြဲဘူးလား။ (မတည်မြဲပါ ဘုရား။)

ဒီအတိုင်း စဉ်းစားဆင်ခြင်ကြည့်ရင် စိတ်ရဲ့ ဖြစ်ပြီး ပျက်တတ်တဲ့ သဘောကို နားမလည်နိုင်ဘူးလား။ (နားလည်နိုင်ပါတယ် ဘုရား။)

သို့သော် ဒါက ဆင်ခြင်ဉာဏ်နဲ့ သိတာပဲ ရှိသေးတယ်နော်။ လက်တွေ့သိ၊ ကိုယ်တွေ့သိ၊ ဘာဝနာသိ မဟုတ်သေးဘူး။

ဒီတော့ အဲဒီလိုစိတ်=နာမ်တရားရဲ့ ဖြစ်ပြီး ပျက်တတ်တဲ့သဘောကို မသိရင် ဒါဟာ စိတ်သဘာဝကို အမှန်အတိုင်း သိတာလား၊ အမှန်အတိုင်း မသိတာလား။ (အမှန်အတိုင်း မသိတာပါဘုရား။)

အမှန်အတိုင်း မသိရင် ဘာလဲ။ (မောဟပါဘုရား၊ အဝိဇ္ဇာပါဘုရား။)

**မသိမှုနှစ်မျိုး** အခု ရှင်းပြတာတွေကို ပြန်ဆင်ခြင်ကြည့်ရင် အမှန်အတိုင်း မသိပုံနှစ်မျိုးကို ဘုန်းကြီးတို့ တွေ့ရတယ်။

(၁) ရုပ်ခန္ဓာမှာ ပေါင်းစပ် ပါဝင်နေတဲ့ ခက်မာ ကြမ်းတမ်း နူးညံ့သဘော၊ ပူနွေးအေးသဘော စသည်တွေနဲ့ စိတ်ရဲ့ သိတတ်တဲ့သဘော လောဘရဲ့ လိုချင်တဲ့သဘော စသည်တွေကို သဘာဝတရား သက်သက်မျှပဲလို့ အမှန်အတိုင်း မသိတာက တစ်မျိုး။

(၂) ပြီးတော့ အဲဒီရုပ် အဲဒီစိတ်တွေဟာ မတည်မြဲဘူး။ ဖြစ်ပြီးရင် ပျက်သွားတာပဲလို့ အမှန်အတိုင်း မသိတာက တစ်မျိုး။ ဒီလို နှစ်မျိုး တွေ့ရတယ်။

အဲဒီ အမှန်အတိုင်း မသိမှု နှစ်မျိုးအနက်က သဘာဝ တရားမျှပဲလို့ မသိတာက **သဘာဝလက္ခဏာ**ကို မသိတဲ့ မောဟပဲ။ မတည်မြဲတဲ့ သဘောပဲလို့ မသိတာက **သာမညလက္ခဏာ**ကို မသိတဲ့ မောဟပဲ။ နှစ်ခုလုံး အဝိဇ္ဇာချည်းပေါ့။

**အမှန်မသိရင် အသိမှားဒိဋ္ဌိဝင်** အဲဒီလို အမှန်အတိုင်း မသိမြင်တဲ့အတွက် ဘာဖြစ်လာသလဲ လို့ ဆိုတော့ ဒီရုပ်အစု နာမ်အစုကို ပုဂ္ဂိုလ်ပဲ လူပဲ ငါပဲ လို့ ထင်မြင် ယူဆလာတယ်။ ပုဂ္ဂိုလ်ပဲ လူပဲ ငါပဲလို့ ယူဆလာတော့ အဲဒီ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အသိမှား အမြင်မှား အခြေခံပြီး လောဘ ဒေါသစတဲ့ ကိလေသာတွေ ဖြစ်လာတော့ ဆင်းရဲတော့တာပါပဲ။ ဆိုကြပါစို့၊ ပူတာကို အမှန်အတိုင်း မသိတော့ အဲဒီ ပူတာကိုပဲ ငါပူတယ်လို့ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ ယူဆလာတဲ့အခါ ငါ မအေးချင်ဘူးလား။ (အေးချင်ပါတယ် ဘုရား။) ဟုတ်တယ်၊ ငါ အေးချင်လာတယ်။ အဲဒီ အေးချင်တာဟာ လောဘပေါ့။

**အသိမှားရင် လောဘစသည်ဝင်** ဒီတော့ ဘာဝင်လာရင် 'ချင်'ဆိုတဲ့ လောဘ ဖြစ်လာသလဲဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ငါဆိုတဲ့အမြင် ဝင်လာရင် 'ချင်'ဆိုတဲ့ လောဘ ဖြစ်လာတယ်။ ဒေါသ မာန စသည်တွေလဲ ဖြစ်လာတယ်။

ရုပ်ခန္ဓာကိုယ်ကြီးနဲ့ စိတ်ကို အမှန်အတိုင်း မသိမြင်လို့ ပုဂ္ဂိုလ်သတ္တဝါလို့ ထင်လာပြီဆိုတော့၊ ငါလို့ ယူဆလာပြီဆိုတော့ အဲဒီငါက မချမ်းသာချင်ဘူးလား။ (ချမ်းသာချင်ပါတယ် ဘုရား။)

စည်းစိမ်ဥစ္စာ မလိုချင်ဘူးလား။ (လိုချင်ပါတယ်ဘုရား။)

အဲဒီ ငါက ရုပ်မချောချင်ဘူးလား။ (ချောချင်ပါတယ်ဘုရား။)

ငါ့အဆင့်အတန်းမြင့်မြင့် ရာထူးကြီးကြီး မရချင်ဘူးလား။ (ရချင်ပါတယ်ဘုရား။)

သမ္မတကြီး၊ ဘုရင်ကြီး မဖြစ်ချင်ဘူးလား။ (ဖြစ်ချင်ပါတယ်ဘုရား။)

အဲဒီ 'ချင်' 'ချင်'ဆိုတဲ့ လောဘတဏှာဟာ အဲဒီ ငါဆိုတဲ့၊ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ အယူအဆကို အစွဲပြုပြီး ပေါ်လာတယ်။ အဲဒီ ပုဂ္ဂိုလ် သတ္တဝါလို့ ယူဆတဲ့ အသိမှားကို ဒိဋ္ဌိလို့ခေါ်တယ်။ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ အသိမှား အမြင်မှား။

အဲဒီ ငါဆိုတဲ့ အသိမှား အမြင်မှား ပေါ်လာရင် ငါလိုချင်တယ်၊ ငါစားချင်တယ်၊ ငါသောက်ချင်တယ်၊ ငါ့အဆင့်အတန်း မြင့်ချင်တယ်၊ ငါ နာမည်ကြီးချင်တယ်၊ ငါချစ်ချင် ခင်ချင်တယ်ဆိုတဲ့ 'ချင်စိတ်တွေ' ဖြစ်လာတယ်။ အဲဒီ 'ချင်'မှန်သမျှဟာ လောဘချည်းပဲ၊ တဏှာချည်းပဲ၊ ကိလေသာတွေ၊ ဆင်းရဲဖြစ်ခြင်းရဲ့ အကြောင်းတွေပေါ့။

**တဏှာလောဘဖြစ်တော့ ဆင်းရဲ**

ငါဆိုတဲ့အသိမှား အမြင်မှား ဖြစ်လာတော့ အဲဒီ ငါက ကားစီးချင်လာတယ်။ ကားစီးချင်တဲ့စိတ် ရှိကတည်းက မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ် ဘုရား။) စီးချင်တဲ့ကားကို ရအောင်လုပ်ရတဲ့အခါကော မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ်ဘုရား။)

ရချင်တဲ့ကား မရပြန်တော့ မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ် ဘုရား။)

အဲဒီ ရထားတဲ့ကား ပျက်သွားပြန်ပြီဆိုတော့ကော မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ်ဘုရား။)

တစ်ခါ အဲဒီကားက ကားချင်း တိုက်မိတော့ မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ် ဘုရား။)

အဲဒီ ဆင်းရဲတွေဟာ 'ချင်'ဆိုတဲ့ လောဘကနေ ပေါ်လာတာ မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား။) ဒီတော့ အဲဒီ 'ချင်'ဆိုတဲ့ တဏှာ လောဘဟာ ဆင်းရဲဖြစ်ခြင်းရဲ့ အကြောင်းပဲ။

ဘုန်းကြီးတို့ ခပ်ဖြန်းဖြန်းပြောရရင် အဲဒီ 'ချင်'ဆိုတဲ့ တဏှာလောဘက ဘာပေါ် မှုတည်ပြီး ဖြစ်လာသလဲဆိုတော့ ငါ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အသိမှားပေါ် မှုတည်ပြီး ဖြစ်ပေါ်လာတယ်။

**သက္ကာယဒိဋ္ဌိရဲ့ အကြောင်းရင်း အဝိဇ္ဇာ**

ငါ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အသိမှား အမြင်မှား သက္ကာယဒိဋ္ဌိက ဘာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသလဲ ဆိုတော့ ရုပ်ခန္ဓာကိုယ်ရဲ့ သဘာဝ အစစ်အမှန်၊ နာမ်ခေါ်တဲ့ စိတ်ရဲ့ သဘာဝ အစစ်အမှန်ကို သဘာဝမျှပဲလို့ မသိမမြင်တဲ့ မောဟ = အဝိဇ္ဇာ၊ မပြတ်ဖြစ်ပြီး ပျက်ပျက်နေတဲ့ သဘောတရားမျှပဲလို့ မသိမြင်တဲ့ မောဟ= အဝိဇ္ဇာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတယ်။

အဲဒီ အမှန်အတိုင်း မသိတဲ့ မောဟ အဝိဇ္ဇာကို အကြောင်းပြုပြီးတော့ ရုပ်အစု နာမ်အစုကို "တည်မြဲတယ်၊ ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ၊ အတ္တပဲ"လို့ အသိမှား အမြင်မှားတဲ့ ဒီသက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ဖြစ်ပေါ်လာတယ်။

အဲဒီ ဒိဋ္ဌိကို အခြေခံပြီး ခုနက ပြောခဲ့တဲ့ လိုချင်တပ်မက်တဲ့ 'ဖြစ်ချင်' 'ရချင်' 'လုချင်'အစရှိတဲ့ ချင်တဏှာတွေ ပေါ်လာတယ်။ အဲဒီ တဏှာတွေ ပေါ်လာရင် ဆင်းရဲတယ်။

ဒီတော့ အဲဒီ အဝိဇ္ဇာ၊ ဒိဋ္ဌိ၊ တဏှာကနေပြီးတော့ တခြားကိလေသာတွေ ဖြစ်ပေါ်လာတယ်။ ကိုယ်လိုချင်တာ မရတဲ့အခါကျတော့ စိတ်ဆိုးတယ်၊ ဒေါသထွက်တယ်၊ စိတ် မချမ်းသာဘူး၊ လုပ်တဲ့အတိုင်း ဖြစ်ပြန် ရပြန်တော့ ကိုယ့်ကိုယ်ကို လူတော်ကြီးလို့ ထင်လာတတ်ပြန်တယ်၊ အဲဒါ မာနပဲ။

အဲ... ကိုယ်က ကိုယ့်ကိုယ်ကို လုပ်တိုင်းဖြစ်တယ် ထင်လာတော့ အဲ တခြားလူက ကိုယ့်ထက်သာလာရင် ကိုယ်က မနာလိုပြန်ဘူး။ အဲဒါ ကဏ္ဍသာပဲ။

**အသိမှန်ဖြင့် မောဟနှင့်ဒိဋ္ဌိကိုပယ်**

အဲဒီလို စသည်ဖြင့် အဝိဇ္ဇာ၊ ဒိဋ္ဌိ၊ တဏှာ အကြောင်းခံပြီးတော့ ဆင်းရဲကြောင်းတရား တခြား ကိလေသာတွေ ဖြစ်ပွါးလာတယ်။ ဒီတော့ အကြောင်းရင်းဖြစ်တဲ့ အဲဒီ အဝိဇ္ဇာ၊ ဒိဋ္ဌိ၊ တဏှာကို ပယ်ရမယ်။ သူတို့ကို ပယ်နိုင်ရင်၊ သူတို့ အမြစ်ပါ ပြုတ်သွားပြီဆိုရင် တခြားကိလေသာတွေ မပေါ်တော့ဘူး၊ ငြိမ်းသွားတယ်။

အဲဒီ သူတို့ကို ပယ်ချင်ရင် သူ့တို့ မူတည်ပြီး ဖြစ်ရာဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုတဲ့ အသိမှား အမြင်မှား၊ လူဆိုတဲ့ အသိမှား အမြင်မှား၊ တည်မြဲတယ်ဆိုတဲ့ အသိမှား အမြင်မှား မဖြစ်အောင် လုပ်ရတယ်။

အဲဒီ အသိမှား အမြင်မှား မဖြစ်အောင်ဆိုရင် ဘာလုပ်ရမလဲ၊ အသိမှန် အမြင်မှန် ရှိရမယ်။ ဘာကို အသိမှန် အမြင်မှန် ရှိရမလဲ၊ ခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ သဘာဝကို သဘာဝအတိုင်း သိနေတဲ့ အသိမှန် အမြင်မှန်= သမ္မာဒိဋ္ဌိ ရှိရမယ်။

ဒီခန္ဓာကိုယ်မှာ ပေါင်းစပ် ပါဝင်နေတဲ့ သဘာဝ တရားတွေဟာ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတာပဲ။ အများထင်သလို တည်မြဲနေတာ မဟုတ်ဘူး။ မတည်မြဲတဲ့ ဟာတွေပဲလို့ အမှန်အတိုင်း သိမြင်တဲ့ သမ္မာဒိဋ္ဌိ ရှိရမယ်။

**အသိအမြင်မှန်ရင် ဆင်းရဲငြိမ်းတယ်**

ထို့အတူပဲ စိတ်လဲ ဖြစ်ပြီး ပျက်နေတာပဲဆိုတာ အမှန်အတိုင်း သိရမယ်။ အဲဒီ အမှန်အတိုင်း သိမြင်တဲ့ သမ္မာဒိဋ္ဌိခေါ်တဲ့ အသိမှန် အမြင်မှန် ဖြစ်ပေါ်လာရင် ပုဂ္ဂိုလ် သတ္တဝါ ငါဆိုတဲ့ အသိမှား အမြင်မှား ပျောက်မယ်။ အဲဒီ ပုဂ္ဂိုလ် သတ္တဝါ ငါဆိုတဲ့ အသိမှားရှိရင် ငါဖြစ်ချင်တာလဲ မရှိတော့ဘူး၊ ငါရချင်တာလဲ

မရှိတော့ဘူး။ အဲဒီလိုဆိုရင် လိုချင် ရချင် ဖြစ်ချင် စတဲ့ တဏှာလဲ ငြိမ်းရော၊ တဏှာငြိမ်းရင် သူ့ကြောင့် ဖြစ်ပေါ်မယ့် ဆင်းရဲ မရှိတော့ဘူး။ ဒီတော့ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။

**မပျက်အောင် လုပ်လို့မရ** ဒါဖြင့်ရင် အဲဒီ ရုပ်နာမ်သဘာဝကို သဘာဝအတိုင်း သိအောင်၊ မြင်အောင်၊ ဘာလုပ်ရမလဲ ဆိုတော့ သဘာဝကို စောင့်ကြည့်ရမယ်။ ဒါဖြင့်ရင် ဒီလိုရော မရဘူးလားလို့ စဉ်းစားကြည့်ရမယ်။ အဲဒီ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတဲ့ သဘာဝတွေကို "ကိုင်း ဖြစ်သာဖြစ်၊ မပျက်နဲ့"လို့ ဆိုပြီး စိတ်ထဲက တောင့်ထားမယ်၊ မပျက်အောင် လုပ်မယ်၊ ဒီလိုဆိုရင် ရမလား။ (မရပါဘုရား။) ဖြစ်ပြီးရင် (ပျက်မှာပါဘုရား။)

ပျက်ပြီးရင်လဲ တစ်ခါ အသစ်က ဖြစ်ပြန်တာပဲ။ ဖြစ်ပြီးပြန်ရင်လဲ ပျက်ပြန်တာပဲ ။ မပျက်အောင် လုပ်လို့လဲ မရဘူး။

ဒီလောက် အသေးစိတ် ဖြစ်ပြီး ပျက်တဲ့ ရုပ်တွေ နာမ်တွေကို မပျက်အောင်လုပ်ဖို့ဆိုတာ ထားပါဦး။ မွေးဖွားလာတဲ့ လူကြီးကို မသေအောင်ဘဲ လုပ်ပေးစမ်းပါဦး။ ဘယ့်နှယ်လဲ၊ ရပါ့မလား။ ဖြစ်လာတဲ့လူကြီး ပျက်စီး မသွားအောင် ရမလား၊ မရဘူးလား။ (မရပါဘုရား။)

ဘယ်လို ဆေးပညာတွေနဲ့ လုပ်လုပ် မရဘူး။ ဒါကြောင့် ဖြစ်လာရင် (ပျက်မှာပါဘုရား။) မပျက်နဲ့လို့ တားလို့ ရသလား။ (မရပါဘုရား။)

**အပျက်သဘာဝကို သိမြင်မှ** အဲဒီ သဘာဝကို မသိမမြင်ရင် ဖြစ်ပြီး ပျက်တိုင်း ပျက်တိုင်း အဆန်း ထင်ပြီးတော့ ဝမ်းနည်းစိတ် ဆင်းရဲစိတ်တွေ ဖြစ်နေတာပဲ။ ဒီလို ဖြစ်ပြီး ပျက်တာဟာ သူ့သဘာဝ လမ်းကြောင်းအတိုင်း နိယာမအတိုင်း ဖြစ်နေတာပဲလို့ ဉာဏ်ထဲမှာ သက်ဝင်လာပြီဆိုရင် ဖြစ်ပြီး ပျက်တာ တွေ့ရ ကြုံရသော်လဲပဲ စိတ်ထဲမှာ မထိခိုက်ဘူး။

အဲဒီလို နိယာမ တရားလို အမှန်အတိုင်း အကုန်အစင် သိတာက ဘယ်ကျမှ သိသလဲဆိုတော့ အသိမှန် အမြင်မှန်ခေါ်တဲ့ သမ္မာဒိဋ္ဌိ ထိပ်ဆုံး ရောက်တဲ့အခါကျမှ သိတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ဒီမှာ ဆောင်ပုဒ်မှာ ပြထားတယ်။ ဘာကို အားကိုးရမလဲဆိုတဲ့ ခေါင်းစီးအောက်မှာ စာမျက်နှာ ၃ နော်။ အောက်ဆုံးက ဘာကို အားကိုးရမလဲတဲ့။

"ဖြစ်ပေါ်၍လာ၊ ထိုအရာ၊ မှန်စွာ ပျက်ရသည်။"

"မပျက်စေလို၊ တောင့်တဆို၊ ရကို မရပြီ။"

ဘုန်းကြီးက အဲဒီသဘာဝ ပြောခဲ့ပြီ။ ဒကာ ဒကာမတွေလဲ သိတယ်။

အဲဒါကို မြတ်စွာဘုရားက ပါဠိဘာသာနဲ့ ဒီလို မိန့်ကြားတယ်။

**"ယံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ၊ တံ ဝတ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ"**တဲ့။

ခုနက ဘုန်းကြီးပြောတာ အဲဒီ မြတ်စွာဘုရား မိန့်ကြားတဲ့အတိုင်းပါပဲ။ ကဲဆိုပါ့

**ဖြစ်ပေါ်၍လာ၊ ထိုအရာ၊ မှန်စွာ ပျက်ရသည်။**
**မပျက်စေလို၊ တောင့်တဆို၊ ရကို မရပြီ။**
**ဤသဘောတွင်၊ ဉာဏ်မဝင်၊ မှန်ပင် ခက်ချိမ့်မည်။**
**ပျက်လျှင်ငိုကြွေး၊ ပူလောင်ဆွေး၊ အေးကွက်မရပြီ။**
**ထို့ကြောင့်သင်တို့၊ အားကိုးဖို့၊ မှိဖို့ရှိရမည်။**

တစ်စက္ကန့်ရဲ့ အပုံ တစ်သန်းပုံ တစ်ပုံတောင် တည်မြဲ မနေဘဲနဲ့ တဖြစ်တည်းဖြစ် တပျက်တည်း ပျက်နေတဲ့ ဒီလောကထဲမှာ ပျက်နေတာတွေနဲ့ချည်း တိုးနေကြတဲ့အခါမှာ "ပျက်တတ်တဲ့ သဘောတွေချည်းပဲ"လို့ စိတ်ထဲ ဉာဏ်ထဲမှာ သက်ဝင်ပြီး လက်ခံထားနိုင်ရင်တော့ စိတ်ဆင်းရဲမှု သိပ် မဖြစ်ဘူးပေါ့။

အားလုံး တည်မြဲနေတာပဲ၊ တည်မြဲတဲ့ အထဲက ပျက်သွားတာပဲလို့ ယူဆရင်တော့ အပျက်နဲ့ တိုးရတိုင်း စိတ် ဆင်းရဲပြီပေါ့။ ဒါကြောင့်…

**ပျက်လျှင်ငိုကြွေး၊ ပူလောင်ဆွေး၊ အေးကွက်မရပြီ။**

အဲဒီလိုဆိုရင် မပူရအောင် စိတ်ချမ်းသာအောင် စိတ် မဆင်းရဲရအောင် အားကိုး ရှိရတယ်။

**ထို့ကြောင့်သင်တို့၊ အားကိုးဖို့ မှီဖို့ရှိရမည်။**

ဒါဖြင့် ဘယ်သူ့ကို အားကိုးရမလဲ။

**ကိုယ့်အတွက်မှာ၊ အားကိုးရာ၊ ကိုယ်သာဖြစ်တော့သည်။**

စိတ်မဆင်းရဲအောင် ချမ်းသာအောင် အားကိုးချင်ရင်တော့ ကိုယ့်ကိုယ်ကိုပဲ အားကိုးရမှာပဲ။ သူများကို အားကိုးလို့ မရဘူး။ ဆင်းရဲငြိမ်းအေး ချမ်းသာရေးအတွက် ပြောတာနော်။ လောကီရေးမှာတော့ ရံဖန်ရံခါ သူများကို အားကိုးလို့ ရတာ နည်းနည်းရှိတယ်။ အခုဟာက ဆင်းရဲငြိမ်းရေးကို ပြောနေတာ။ ဒါက လောကုတ္တရာရေးပဲ။

**သူများအားကိုး၊ ထိုလူမျိုး၊ အကျိုးမရပြီ။**

ဆင်းရဲလုံးဝ ငြိမ်းရေးအတွက် သူများကို အားကိုးလို့ မရဘူး။ ဘယ်လိုမှ ရသလဲ။

**ကိုယ်ထူကိုယ်ထ၊ ကြိုးစားမှ၊ သုခ ပွားစီးမည်။**

ကိုယ်ဆင်းရဲ ငြိမ်းချင်ရင်၊ ကိုယ်ချမ်းသာ ရချင်ရင် အမေ့ကို အလုပ်ခိုင်း၊ ဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား။)

ကိုယ်ဆင်းရဲငြိမ်းချင်ရင်၊ ကိုယ်ချမ်းသာ ရချင်ရင် သူများကို ခိုင်းပါတဲ့။ ကိုယ် မချမ်းသာပေဘူးလား။ (ချမ်းသာပါတယ် ဘုရား။) (ပရိသတ် ရယ်ကြသည်။)

အင်း ဖြေတဲ့လူက ချမ်းသာပါသည်တဲ့။ ကိုယ် ဆင်းရဲငြိမ်းဖို့ ချမ်းသာဖို့ ဆိုတာ သူများ သွားအားထုတ်ခိုင်းလို့၊ သူများက လုပ်ပေးလို့ ကိုယ်ဆင်းရဲ ငြိမ်းပါ့မလား။ (မငြိမ်းပါဘုရား။) မငြိမ်းပါဘူး။ ကိုယ် ချမ်းသာမလား။ (မချမ်းသာပါဘုရား။) မချမ်းသာဘူး၊ ဟုတ်ကဲ့လား။ (မှန်ပါဘုရား။)

**ကိုယ်ဆင်းရဲငြိမ်းချင်ရင် ကိုယ်တိုင်ရှုမှတ်**

ဒါကြောင့် ကိုယ်ဆင်းရဲ ငြိမ်းစေချင်ရင် ကိုယ်တိုင် ကြိုးစားရမယ်။ ကိုယ်တိုင် ကြိုးစား အားထုတ်ပြီ ဆိုတော့ ကိုယ်တိုင် ဆင်းရဲငြိမ်းပြီး ချမ်းသာ ရတာပေါ့။ ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်နေတဲ့ သဘာဝအမှန်ကို ကိုယ်တိုင် ကြိုးစား ရှုကြည့်တော့ တဖြည်းဖြည်း စိတ် တည်ငြိမ်လာပြီး ရုပ်နာမ်တို့ရဲ့ သဘာဝအမှန်ကို အမှန်အတိုင်း သိလာတယ်။ အဲဒီအသိကို ဝိပဿနာဉာဏ်လို့ ခေါ်တယ်။ ဝိပဿနာပညာလို့လဲ ခေါ်တယ်။

အဲဒီအသိ ရင့်လာပြီဆိုတော့ ခံယူချက်တွေ ခံစားချက်တွေ ပြောင်းလာ တယ်။ ဝိပဿနာဉာဏ် ၁၃ ဆင့် ရှိတဲ့အနက်က ပထမအဆင့်က စပြီး သိသိသွားတာဟာ တစ်ဆင့်တစ်ဆင့် တိုးသွားတိုင်း သူ့ရဲ့ ခံစားချက် ခံယူချက်တွေ ပြောင်းလဲပြောင်းလဲသွားတယ်။

အဲဒီလို ခံစားချက် ခံယူချက် ပြောင်းရင်းပြောင်းရင်းနဲ့ အဲဒီ ၁၃ ဆင့်ထဲက နောက်ဆုံးပိုင်း အသိတွေကို ရောက်တဲ့အခါမှာ သူ့ဉာဏ်ထဲမှာ ဘာ သိလာသလဲလို့ဆိုတော့ ရှုတိုင်း ရှုတိုင်းဟာ ဖြစ်ဖြစ်ပြီးတော့ ပျက်ပျက် နေတဲ့ သဘောချည်းပဲလို့ သိနေတော့တယ်။ အခုပဲ ပေါ်လာပြီး ပျောက်သွား၊ အခုပဲ ပေါ်လာပြီး ပျောက်သွားတဲ့ သဘောတွေမျှပဲလို့ သိလာတယ်။

**ဆင်းရဲချမ်းသာ ညီမွှာရှု**

အဲဒီ အသိဉာဏ် ပိုပြီး ရှင်းလင်း ပြတ်သားလာလို့ တစ်လောကလုံးဟာ ဖြစ်ပျက် အစဉ်ကြီးပါပဲလား လို့ သူ့ စိတ်ထဲမှာ ခံယူမိတဲ့အခါကျတော့ အဲဒီ အခြေအနေမှာ ဖြစ်လို့လဲ ဝမ်းမသာဘူး။ ပျက်လို့လဲ စိတ်မဆင်းရဲဘူး။ သူ့ သန္တာန်မှာ စိတ်ဆင်းရဲမှု စိတ်ချမ်းသာမှုဆိုတာ မရှိဘူး။ ဘာပဲ ရှိသလဲဆိုတော့ ဖြစ်မှု ပျက်မှုကို သိနေတဲ့ သဘောလေးပဲရှိတယ်၊

**မဂ်ဉာဏ်ဖိုလ်ဉာဏ်** အဲဒီ အသိကလေး ပိုပြီး ထက်မြက် အားကောင်းလာတဲ့ အခါကျတော့ ရုပ်နာမ် ဆင်းရဲငြိမ်းတဲ့ သဘောထဲ ရောက်သွားပြီး အမှန်သဘာဝ လေးမျိုးကို ထင်းကနဲ ထင်းကနဲ သွားသိတယ်။ အဲဒီ အမှန်သဘာဝလေးမျိုး သိလိုက်တဲ့ အသိမှန်ကို မဂ်ဉာဏ် မဂ်ပညာလို့ ခေါ်တယ်။ သူ့နောက်က ထပ်ပြီး သိလိုက်တဲ့ အသိတွေကိုတော့ ဖိုလ်ဉာဏ် ဖိုလ်ပညာလို့ ခေါ်တယ်။

အဲဒီအထိ ဆိုက်ရောက်သွားပြီဆိုရင် အမှန်သဘာဝကို အမှန် သဘာဝအတိုင်း မသိလို့ လူလို့ ပုဂ္ဂိုလ်လို့ ငါလို့ထင်နေတဲ့ အထင်မှား အမြင်မှားတွေလဲ လုံးဝ မရှိတော့ဘူး။ အဲဒီ အထင်မှား အသိမှားပေါ်မှာ မူတည်ပြီး ဖြစ်ပေါ်တဲ့ ဖြစ်ချင် ရချင် လိုချင်ဆိုတဲ့ တဏှာခေါင်းဆောင်တဲ့ ကိလေသာတွေလဲ အဲဒီ အခိုက်အတန့်မှာ မရှိတော့ဘူး။ ဒီတော့ အဲဒီ တဏှာကြောင့် ဖြစ်ပေါ်တဲ့ ဆင်းရဲဟာလဲ မဖြစ်ပေါ်တော့ဘူး။ ဒီအခါမှာ ဆင်းရဲတွေ ငြိမ်းရော။

**ဒီဘဝမှာပဲ ဆင်းရဲငြိမ်းနိုင်တယ်** အဲဒီလို ကိလေသာငြိမ်း ဆင်းရဲငြိမ်းပြီး ချမ်းသာနေတဲ့ သဘာဝဟာ ဒီဘဝမှာပဲ ရောက်နိုင် ရနိုင်တဲ့ ချမ်းသာပါ။ တစ်ထိုင် အတွင်းမှာပဲ ရချင်လဲ ရသွားနိုင်တယ်။ သို့သော် တစ်ထိုင်အတွင်း ရဖို့ကတော့ မလွယ်ဘူး။ အယင်က အလေ့အကျင့် များထားလို့ ပါရမီ ရင့်နေတဲ့ ပုဂ္ဂိုလ်များ ဆိုရင်တော့ ရနိုင်ပါတယ်။

ဆိုလိုတာက ဒီ ဆင်းရဲငြိမ်းတဲ့သဘော ချမ်းသာဟာ ဟိုဘက်ဘဝကျမှ ရတဲ့သဘော မဟုတ်ဘူး။ အခု လေ့ကျင့်ပွားများ အားထုတ်လို့ မိမိရဲ့ လုံ့လဝီရိယနဲ့ အချိန်ကာလကလဲ လုံလောက်တယ်၊ ပြီးတော့ မိမိဉာဏ်ကလဲ လုံလောက်တယ်ဆိုရင် ဒီဘဝမှာပဲ သဘာဝကို သဘာဝအတိုင်း သိတဲ့ အသိမှန် အမြင်မှန် ရပြီးတော့ ဆင်းရဲငြိမ်းတဲ့သဘောကို မျက်မှောက်ထင်ထင် တွေ့မြင်ရတယ်။ အဲဒါကို နိဗ္ဗာန်ရတယ်လို့ ခေါ်တယ်။

**နိဗ္ဗာန်ဆိုတာ** နိဗ္ဗာန်ဆိုတာ ဘာလဲဆိုရင် ဆင်းရဲငြိမ်းခြင်းပေါ့။ ဆင်းရဲငြိမ်းပြီး ချမ်းသာနေတဲ့ သဘောဟာ နိဗ္ဗာန်ပဲ။ ဒီတော့ ဘုန်းကြီးတို့ အဲဒီလို ဆင်းရဲငြိမ်းစေတဲ့ အသိမှန်ကို ရအောင် ဘယ်လို ရှုရသလဲဆိုတော့ အရှိသဘာဝကို အရှိအတိုင်း ရှုရတယ်။

**အဲဒီအတိုင်း ရှုရင် စောစောက ပြောခဲ့တဲ့အတိုင်း ရုပ်နာမ်တို့ရဲ့ သဘာဝကို ထိုးထွင်းသိတဲ့ ဝိပဿနာပညာတွေ လက်ဦး ဖြစ်ပေါ်တယ်။ ပြီးမှ သစ္စာလေးပါး သဘာဝတရားကို ပိုင်းပိုင်းခြားခြား သိမြင်တဲ့ မဂ်ပညာ ဖိုလ်ပညာ ဖြစ်ပေါ်ပြီး ဆင်းရဲငြိမ်းတဲ့သဘော နိဗ္ဗာန်ကို တွေ့ရတယ်။**

## သစ္စာလေးပါး

ဒီတော့ အဲဒီ သိရတဲ့ သစ္စာလေးပါးက ဘာတွေလဲဆိုတော့–

**၁။ မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သင်္ခါရတွေက ဒုက္ခသစ္စာ=ဆင်းရဲအမှန်၊**

သင်္ခါရဆိုတာ တခြား မဟုတ်ပါဘူး။ ခန္ဓာကိုယ်ကြီးနှင့် စိတ်ကို ပြောတာ။ သင်္ခါရဆိုတာ ဘာကို ပြောတာလဲ။ (ခန္ဓာကိုယ်နဲ့ စိတ်ပါဘုရား။) သက်မဲ့ ရုပ်တွေလဲ သင်္ခါရပဲ။

ဒီတော့ အဲဒီ ခန္ဓာကိုယ်နဲ့ စိတ်ဟာ ခုနကပြောသလို မပြတ် ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတယ်ဆိုတော့ မကောင်းတဲ့သဘော ခေါ်မလား၊ ကောင်းတဲ့သဘော ခေါ်မလား။ (မကောင်းတဲ့ သဘောပါဘုရား။) မကောင်းဘူး ဆိုတော့ ဆင်းရဲပေါ့၊ ဒုက္ခပေါ့။

အဲဒီ မကောင်းတာကိုပဲ ဒုက္ခဆင်းရဲလို့ ဒီနေရာမှာ ဆိုလိုတယ်။ တစ်ခါ အဲဒီ ဆင်းရဲကို ဘယ်သူက ဖြစ်ပေါ်စေသလဲဆိုတော့ လိုချင် ရချင်စတဲ့ 'ချင်'ခေါ်တဲ့ တဏှာက ဖြစ်ပေါ်စေတယ်။ ဒါကြောင့် –

**၂။ လိုချင်တပ်မက် နှစ်သက်တွယ်တာတဲ့ တဏှာလောဘက သမုဒယသစ္စာ ဆင်းရဲဖြစ်ကြောင်းအမှန်။**

ဆင်းရဲဖြစ်ခြင်းရဲ့အကြောင်းက သူပဲ၊ တဏှာပဲ။ ဘုန်းကြီးတို့ ရှေ့ပိုင်းမှာ ကိုယ်မသိတဲ့ လူတွေ သေတာနဲ့ ကိုယ့်သားသမီးတွေ သေတာ ပုံစံ ပြောပြီးခဲ့ပြီ။ ကိုယ်မသိတဲ့လူသေတော့ သူ့ကို ချစ်ခင်တွယ်တာမှု မရှိလို့ စိတ် မဆင်းရဲဘူး။ ကိုယ့် သားသမီးသေတော့ ချစ်ခင် တွယ်တာလို့ စိတ် ဆင်းရဲတယ်။ အဲဒီ ချစ်ခင်မှု တွယ်တာမှု တဏှာဟာ ဆင်းရဲဖြစ်ကြောင်းပဲ။

**၃။ အကြောင်းတဏှာ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးဆင်းရဲ မဖြစ်ပေါ်ဘဲ ချုပ်ငြိမ်းတာက နိရောဓသစ္စာ= ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်၊ နိဗ္ဗာန်။**

ခုနကပြောတဲ့အတိုင်း အသိမှန် အမြင်မှန်ဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရလို့ ဆင်းရဲကို ဖြစ်ပေါ်စေတဲ့ တဏှာခေါင်းဆောင်တဲ့ ကိလေသာတွေ ငြိမ်းနေရင် ဆင်းရဲလာဦးမလား။ (မလာပါဘုရား။) မလာတော့ ဆင်းရဲ မငြိမ်းပေဘူးလား။ (ငြိမ်းပါတယ်ဘုရား။) အဲဒါကို နိရောဓသစ္စာလို့ ခေါ်တယ်။ ဒါကိုပဲ အကြောင်းတဏှာ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးဆင်းရဲ မဖြစ်ပေါ်ဘဲ ချုပ်ငြိမ်းတာက နိရောဓသစ္စာ= ဆင်းရဲချုပ်ငြိမ်းခြင်း အမှန်လို့ ဆိုတာပါ။ အဲဒါ ဟာ နိဗ္ဗာန်ပါပဲ။

ပြီးတော့ နောက်တစ်ခုက

**၄။ ဆင်းရဲကို ချုပ်ငြိမ်းစေတဲ့ အကျင့်လမ်းစဉ် မဂ္ဂင်ရှစ်ပါးက မဂ္ဂသစ္စာ = ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်လမ်း အမှန်။**

အဲဒါဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ထိုးထွင်း သိရတဲ့ သစ္စာလေးပါးခေါ်တဲ့ အမှန်သဘာဝ လေးမျိုးပါပဲ။

အခု ရှင်းပြပြီးခဲ့တဲ့ သဘောတွေကို ဘုန်းကြီးက အနှစ်ချုပ်ပြီး ဆောင်ပုဒ် လုပ်ထားတယ်။ လိုက်ဆိုကြည့်ပါ။

ဆောင်ပုဒ်

သဘာဝကို သဘာဝမျှသာဟု မသိမြင်လျှင် ပုဂ္ဂိုလ်သတ္တဝါ ငါဟု ထင်သည်။

ပုဂ္ဂိုလ် သတ္တဝါ ငါဟုထင်လျှင် လိုချင်တပ်မက် စိတ်ပျက် စိတ်ဆိုး ကိလေသာ တရားဆိုးတို့ ဖြစ်ပွါးသည်။

ကိလေသာ တရားဆိုးတို့ ဖြစ်ပွါးလျှင် ဆင်းရဲများသည်။

သဘာဝကို သဘာဝမျှသာဟု အမှန်အတိုင်း သိမြင်လျှင် ပုဂ္ဂိုလ်သတ္တဝါ ငါဟု မထင်ပြီ။

ပုဂ္ဂိုလ်သတ္တဝါ ငါဟု မထင်လျှင် လိုချင်တပ်မက် စိတ်ပျက်စိတ်ဆိုး ကိလေသာ တရားဆိုးတို့ မဖြစ်ပေါ်ဘဲ ငြိမ်းသည်။

ကိလေသာ တရားဆိုးတို့ ငြိမ်းလျှင် ဆင်းရဲငြိမ်းသည်။

**ဆင်းရဲငြိမ်းရန် သတိပဋ္ဌာန် ရှုပွားပုံ**

ဒါကြောင့် ဆင်းရဲငြိမ်းချင်ရင် ဆင်းရဲသဘာဝကို "သဘာဝမျှသာ"လို့ အမှန်အတိုင်း ပိုင်းပိုင်းခြားခြား သိရမယ်။ ဖြစ်ပြီး ပျက်တတ်လို့ မတည်မြဲတဲ့ သဘောကို သဘာဝအတိုင်း ပိုင်းပိုင်းခြားခြား သိရမယ်။

သိအောင် ဘာလုပ်ရမလဲ။ သိအောင် ရှုရမယ်။

ဘာကို ရှုရမလဲဆိုတော့ ခုနက စိတ်သဘာဝကိုပဲ ရှုရမယ်။ ရုပ်သဘာဝကိုပဲ ရှုရမယ်။ အဲဒီ **ရှုတာဟာ** မဂ္ဂသစ္စာပဲ။

ရှုတော့ ဘယ်လို ရှုရမလဲ။ အရှိကို အရှိအတိုင်းရှု။ ဒါပဲ။

ခန္ဓာကိုယ် ပြန်ကြည့်လို့ ပူတာသိရင် "ပူတယ်"လို့ပဲ ရှု။ အေးတာတွေ့ရင် "အေးတယ်"လို့ပဲ ရှု။

ပူတာတွေ့ရင် ပူတဲ့သဘောကို စိတ် စိုက်ပြီး ကြည့်နေရမယ်။

အေးတာ တွေ့နေသမျှ အေးတဲ့သဘောကို စိတ် စိုက်ပြီး ကြည့်နေရမယ်။

ညှောင်းသဘောကိုတွေ့ရင် ညှောင်းတဲ့သဘောကို စိတ် စိုက်ပြီး ကြည့်နေရမယ်။

ဒါတွေဟာ သဘာဝတွေပဲ။ သဘာဝတွေကို သဘာဝအတိုင်း အရှိအတိုင်း စောင့်ကြည့်နေတာပဲ။

စိတ်ဆိုးရင် စိတ်ဆိုးတာကို စိတ်က စိုက်ပြီးကြည့်နေ။

ပြီးတော့ ပျံ့လွင့်ရင် "ပျံ့တယ် လွင့်တယ်"လို့ ပျံ့စိတ် လွင့်စိတ်ကို စိတ်စိုက်ပြီး ကြည့်နေ။

အဲဒီလို အရှိကို အရှိသဘာဝအတိုင်း စောင့်ကြည့်တာကိုပဲ "ရှုတယ်"လို့ ခေါ်တယ်။ ဒါကိုပဲ "ဝိပဿနာ"လို့ ခေါ်တယ်။ ဒါကိုပဲ "သတိပဋ္ဌာန်"လို့ ခေါ်တယ်။ ဒါကိုပဲ "တရားအားထုတ်တယ်"လို့ ခေါ်တယ်။

ဒီနေရာမှာ သတိထားဖို့ လိုပါတယ်။ ရှုမှတ် ပွားများ အားထုတ်တယ် ဆိုသော်လဲပဲ ဉာဏ်က မတွေ့သေး မသိသေးတဲ့ ဖြစ်ပျက်သဘောကို စိတ်က ဆင်ခြင် တွေးတော ခေါ်ယူပြီး မရှုရပါဘူး။ မတွေ့သေးတဲ့ အနိစ္စသဘာဝကိုလဲ စိတ်က ခေါ်ယူ ဆင်ခြင်ပြီး "လုပ်" မရှုရပါဘူး။ ဒီလိုရှုလို့ အမှန်တကယ် မသိပါဘူး။ စိတ်က ဆင်ခြင်ပြီး လမ်းကြောင်းပေးလို့ သိသလိုလို ထင်ရတာပဲ ရှိတယ်။ တွေ့နေ သိနေတဲ့အတိုင်း အလိုက်သင့် ရှုကြည့်နေမှ အရှိအတိုင်း အမှန်အတိုင်း သိပါတယ်။

ရှုပါများတော့ စိတ် တည်ငြိမ်လာပြီး ဖြစ်ပျက် သဘာဝကို အမှန်အတိုင်း သိမြင်လာပါတယ်။ အဲဒီ အသိမှန် အမြင်မှန်တွေ ရလာပြီဆိုရင် မသိလို့ ငြိတွယ်နေတဲ့ တဏှာဟာ မတွယ် မငြိတော့ဘူး။ အဲဒီလို မငြိတော့ရင် ငြိမှသာ ဖြစ်ပေါ်နိုင်တဲ့ ဆင်းရဲလဲ မရှိတော့ဘူး။

ဒါကြောင့် "သိမှ မငြိတွယ်သည်၊ မငြိတွယ်မှ ဆင်းရဲငြိမ်းသည်၊ ဆင်းရဲငြိမ်းမှ ချမ်းသာရသည်"လို့ ဆိုတာပါပဲ။ ကဲ အဲဒီ ဆောင်ပုဒ်ကို ဆိုကြည့်ရအောင်။

## ဆောင်ပုဒ်

ဆင်းရဲသဘာဝကို ဆင်းရဲဟု သဘာဝအတိုင်း ပိုင်းပိုင်းခြားခြား သိရမည်။ သိအောင်ရှုရမည်။ ရှုမှ သိသည်။ သိမှ မငြီးငွေ့သည်။ မငြီးငွေ့မှ ဆင်းရဲငြိမ်းသည်။ ဆင်းရဲငြိမ်းမှ ချမ်းသာရသည်။

**ရှု, တည်, သိ, မငြီး, ဆင်းရဲငြိမ်း။**

**ပိုသဘောပေါက်အောင်** ဒီနေရာမှာ ရှုပုံကလေး ပိုပြီး သဘောမိသွားအောင် ထပ်ပြောဦးမယ်။ ရုပ်ခန္ဓာမှာ ဖြစ်နေတဲ့ သဘော၊စိတ်နာမ်တရားမှာ ဖြစ်နေတဲ့ သဘောတွေကို သတိနဲ့ စောင့်ရှုပါ။

ဘယ်လို ရှုရမလဲ။ ဖြစ်ပျက်ဖြစ်ပျက်လို့ ရှုရမလား၊ အနိစ္စ ဒုက္ခ အနတ္တလို့ ရှုရမလား။ အဲဒီလို စိန္တာမယဉာဏ်နဲ့ ကြံတွေးပြီး မရှုရပါဘူး။

**အရှိအတိုင်းရှုပါ** ဒါဖြင့် ဘယ်လို ရှုရမလဲ။ ဖြစ်နေ ရှိနေ တွေ့နေတဲ့အတိုင်း ရှုပါ။ ယထာဘူတံ ဒဋ္ဌဗ္ဗံ = အရှိအတိုင်းရှုလို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

စိတ်က လိုချင်နေရင် "လိုချင်တယ်"လို့ပဲ ရှု။

စိတ်ဆိုးနေရင် "စိတ်ဆိုးတယ်"လို့ပဲ ရှု။

ရုပ်ခန္ဓာကိုယ်ကြီးက ပူနေရင် "ပူတယ်"လို့ပဲ ရှု။

တောင့်နေရင် "တောင့်တယ်"လို့ပဲ ရှု။

တင်းနေရင် "တင်းတယ်"လို့ပဲ ရှု။

ဖောင်းနေရင် "ဖောင်းတယ်"လို့ပဲ ရှု။

ပိန်နေရင် "ပိန်တယ်"လို့ပဲ ရှု။

ယိမ်းနေရင် "ယိမ်းတယ်"လို့ပဲ ရှု။

ရှုစမှာတော့ စိတ်တွေက မငြိမ်ဘူး။ ဟိုပြေးဒီပြေးပဲ။ အဲဒီအခါမှာ ပြေးနေတဲ့ စိတ်တွေကို လိုက်ပြီး "ပြေးတယ်" "လွင့်တယ်"လို့ ရှု။ အဲဒီလို ရှုရင်းနဲ့ နောက်ကျတော့ တဖြည်းဖြည်း တည်ငြိမ်လာလိမ့်မယ်။

တည်ငြိမ်မှု သမာဓိ အားကောင်းလာတဲ့အခါကျတော့ ခန္ဓာကိုယ်မှာ ရှိနေတဲ့ အနိစ္စ ဒုက္ခ အနတ္တ သဘောမှန်တွေကို ဉာဏ်က အလိုလို ထိုးထွင်း သိလာတယ်။ တည်ငြိမ်အား မကောင်းသေးသမျှ၊ သမာဓိအား မကောင်းသေး သမျှတော့ မသိသေးဘူး။ အဲဒီလို သိလာတဲ့ အသိဟာ ဘာဝနာဉာဏ်၊ ဝိပဿနာဉာဏ်။

ကဲ ဘုန်းကြီးတို့ ပရိသတ် လိုက်ဆိုကြည့်စမ်းပါ။

**ခန္ဓာကိုယ်နှင့်စိတ်၌ ဖြစ်နေ ရှိနေတဲ့ သဘောတွေကို ဖြစ်နေ ရှိနေတဲ့အတိုင်း သတိနဲ့စောင့်ရှု။ အဲဒါ သတိပဋ္ဌာန် ဝိပဿနာပဲ။ အဲဒါ မဂ္ဂင်ရှစ်တန် အကျင့်မှန်ပဲ၊ အဲဒါ မဇ္ဈိမပဋိပဒါ = အလယ်လမ်း အကျင့်ပဲ။**

ထားကြစို့။ အဲဒါကိုပဲ သတိပဋ္ဌာန် အားထုတ်တယ်၊ ဝိပဿနာ အားထုတ်တယ်၊ အဲဒါကိုပဲ ကမ္မဋ္ဌာန်း အားထုတ်တယ်၊ တရားအားထုတ်တယ်လို့ ခေါ်တယ်။ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။)

**မခက်ပါဘူးသို့သော်** လိုရင်းကတော့ ဘာလုပ်တာလဲ။ ခန္ဓာကိုယ်ရုပ်နဲ့ စိတ် နာမ်မှာ ဖြစ်နေတဲ့ သဘောတွေကို ဖြစ်နေ ရှိနေတဲ့အတိုင်း သတိနဲ့ စောင့်ကြည့်တယ်။ ဒါပဲ မဟုတ်လား။ (မှန်ပါဘုရား။) အဲဒါပဲ။ ခက်သလား။ လွယ်သလား။ (လွယ်ပါတယ်ဘုရား။) လွယ်လွယ် လေးရယ်။ စကားပြောလို့လဲ လွယ်တယ်။ လုပ်လို့လဲ လွယ်တယ်။ အားထုတ် လို့လဲ လွယ်တယ်။

ပြီးတော့ အင်္ဂလိပ် စကားလုံးနဲ့ ပိုလွယ်သေးတယ်။ ဘယ်လို ပြောနိုင်သလဲဆိုတော့ ဒီလို ပြောနိုင်တယ်။

Any activity of body and mind must be very attentively mindful of as it really is. ဒီလို ပြောနိုင်ပါတယ်။

နောက်တစ်မျိုး ပြောချင်ရင်လဲ ဒီလို ပြောနိုင်ပါတယ်။

Whatever arises in your body and mind must be very attentively observed as it occurs. ဒါပါပဲ။ လွယ်လွယ်လေးရယ်။ ဒါဟာ မဂ္ဂင်ရှစ်တန် အကျင့်မှန်ပဲ။

**ဇွဲလုံ့လလိုတယ်** ဗုဒ္ဓရှင်တော်မြတ် တွေ့ရှိတဲ့ ဒီနည်းလမ်းက လွယ်လွယ်ပါပဲ၊ တခြား ဘာမှလုပ်စရာ မလိုဘူး။ သို့သော် **အချိန်ယူရတယ်။ စိတ်ရှည်ရတယ်။ ကြိုးစားရတယ်။ ဇွဲရှိရတယ်။** ဒီလိုမဟုတ်ရင်တော့ မရဘူး။ ချက်ချင်းကြီးတော့ ဆင်းရဲ ငြိမ်းမသွားနိုင်ဘူး။

ဘာကြောင့်လဲဆိုတော့ ဆင်းရဲကြောင်း တရားဖြစ်တဲ့ ဒီကိလေသာစိတ်တွေဟာ မခန့်မှန်းနိုင်တဲ့ အချိန်ကစပြီး သံသရာတလျှောက်လုံး သတ္တဝါရဲ့ သန္တာန်မှာ ကိန်းလာ တည်လာ ရှိလာခဲ့ကြတာဖြစ်လို့ ခိုင်မာနေတဲ့အတွက် သူတို့ကို ဆွဲနုတ်ဖို့ရာ သာမန်အချိန်၊ သာမန် လုံ့လဝီရိယနဲ့တော့ မရဘူး။

ဒီတော့ **နည်းလွယ်တယ်။ အချိန်ယူရတယ်။ စိတ်ရှည်ရတယ်။ ကြိုးစားရတယ်။ မဆုတ်မနစ် မဖြစ်မနေ အားထုတ်ဖို့ ခိုင်မြဲတဲ့ ဇွဲ ရှိရတယ်။**

ရှုပုံကို ဆက်ပြောပါဦးမယ်။ အသံ တစ်ခုခု ကြားတယ် ဆိုကြပါစို့။ ကြားရင် "ကြားတယ် ကြားတယ်"လို့ ကြားတာကို အရှိအတိုင်း စောင့်ရှု။ "ကြားတယ်"ဆိုတဲ့ စိတ်အဆိုကလေးတော့ အားထုတ်စမှာ ပါရတယ်။ ပါးစပ်ကတော့ ဆိုဖို့ မလိုပါဘူး။ နောက်ပိုင်းကျတော့ စိတ် အဆိုမပါလဲ ရတယ်။ ရှုတာကြာလာလို့ အသားကျသွားတဲ့အခါ စိတ်အဆိုမပါပဲ ရှုတတ်လာပါတယ်။

ခန္ဓာကိုယ်က နာနေရင် နာတဲ့ သဘောကို စိတ်စိုက်ပြီးတော့ကြည့်။

ခန္ဓာကိုယ်က ညောင်းလာရင် ညောင်းတာကို စိတ်စိုက်ပြီးကြည့်။

စိတ်က တစ်စုံတစ်ရာ စဉ်းစားနေရင် စဉ်းစားတဲ့သဘောလေးကို စိတ်နဲ့ စောင့်ကြည့်။

စိတ်က တခြားကို လွင့်သွားရင် လွင့်တဲ့စိတ်ကို စိုက်ရှု။

စိတ်က တခြားကို တွေးနေရင် "တွေးတယ်" "တွေးတယ်"လို့ စောင့်ရှု။

တစ်စုံတစ်ရာမြင်ရင် "မြင်တယ်" "မြင်တယ်"လို့ အရှိကို အရှိအတိုင်း သတိနဲ့ စောင့်ရှု။

မြင်သဘောဖြစ်နေသမျှ အဲဒီ သဘောလေးကို စိတ်ကလေးနဲ့ စိုက်ပြီးကြည့်နေ။

နောက်ကျတော့ အဲဒီ မြင်သဘောကို သဘာဝမျှပဲလို့ သိလာတယ်။ စိတ် မငြိမ်သေးရင်တော့ မသိသေးဘူး။ စိတ်တည်ငြိမ်မှ သိတယ်။

**စိတ်အဆိုက လိုရင်းမဟုတ်** ဆိုကြပါစို့။ ပျင်းလာရင် ဘယ်လို လုပ်ရမလဲ။ ပျင်းတယ်ဆိုတဲ့ သဘာဝ မရှိဘူးလား။ (ရှိပါတယ် ဘုရား။) အဲဒီသဘာဝကို သဘာဝအတိုင်း စောင့်ကြည့်ရမယ်။ စောင့်ကြည့်ရင် စိတ်က ဘယ်လို ဆိုရမလဲ။ "ပျင်းတယ်"လို့ စိတ်က ဆိုရမယ်။

စိတ်အဆိုက လိုရင်းလား၊ သတိနဲ့ စောင့်ကြည့်တာက လိုရင်းလား။ သတိနဲ့ သဘာဝကို သိအောင် စောင့်ကြည့်တာက လိုရင်းပဲ။

စိတ်အဆိုက ရှုခါစမှာ အရှုခံ အာရုံပေါ် ရှုစိတ် တည့်တည့်မတ်မတ် ရောက်အောင် ကူညီပေးရုံမျှပဲ။ အနောက်တိုင်းသား အများစုကတော့ စိတ်အဆို မပါမှ ရှုတတ်တယ်။

**စိတ်အဆိုကလေးကူပေး** အဲဒီလို စောင့်ကြည့်ရာမှာ စောင့်ကြည့်တဲ့စိတ်ဟာ အကြည့်ခံ သဘာဝပေါ်ရောက်အောင် စိတ်အဆိုကလေးက လမ်းညွှန်ပေးရတာ။ စိတ်အဆိုကလေးဟာ လိုရင်း မဟုတ်ဘူး။

သို့သော် မတတ်ခင်မှာ တော့ ဒီ စိတ်အဆိုကလေး ထည့်ပေးရတယ်။ "ပျင်းတယ်" "ပျင်းတယ်"လို့ စိတ်ကဆိုပြီး ပျင်းတဲ့သဘောကို စိတ်နဲ့ စောင့်ကြည့်။ စောင့်ကြည့်လို့ စောင့်ကြည့်တဲ့စိတ်က အားကောင်းလာရင် ပျင်းတဲ့စိတ်ဟာ ဘာဖြစ်သွားမလဲ။ (ပျောက်သွားပါတယ် ဘုရား။) ပျောက်သွားတယ်။

ဘာကြောင့်လဲဆိုတော့ တစ်ချိန်တည်းမှာ စိတ်နှစ်ခု ဖြစ်ရိုးမရှိဘဲ တစ်ခုသာ ဖြစ်ရိုးရှိလို့ပဲ။ ပျင်းတဲ့ စိတ်အစဉ် ဖြစ်နေခိုက်မှာ စောင့်ကြည့်တဲ့စိတ် ဖြစ်ရိုးမရှိဘူး။ အဲဒီလို ပျင်းတဲ့စိတ် ပျောက်သွားတော့ ပျောက်သွားတာကို သိလိုက်တယ်။ **"ဩော်... ပျင်းတယ်ဆိုတာလဲ အမြဲတည်နေတာ မဟုတ်ဘဲကိုး၊ ဖြစ်ပြီး ပျောက်သွားတာပါကလား"**လို့ ဉာဏ်ထဲမှာ မတွေ့ရဘူးလား။ (တွေ့ရပါတယ် ဘုရား။) ဒီတော့ သတိနဲ့ စောင့်ကြည့်တဲ့အလုပ်ဟာ လွယ်သလား၊ ခက်သလား။ (လွယ်ပါတယ်ဘုရား။) လွယ်လွယ်လေး။

သို့သော်လဲ စပြီးတော့ စောင့်ကြည့်တဲ့ လုပ်ငန်းကို လေ့ကျင့်စမှာတော့ အဲဒီလို ဖြစ်တိုင်းဖြစ်တိုင်းကို စောင့်မရှုနိုင်သေးဘူး။ လွတ်လွတ် သွားတာကလေး တွေ ရှိတတ်တယ်။

**ပိုထင်ရှားတဲ့ အာရုံကိုရှုပါ** တစ်ခါတစ်ရံတော့ သဘာဝ နှစ်မျိုး သုံးမျိုး တစ်ပြိုင်နက် ပေါ်နေတာကို တွေ့ရတတ်တယ်။

ဥပမာ ဘယ်လိုလဲဆိုရင်....

(၁) ထိုင်နေတာကြာတော့ ညောင်းနေတဲ့သဘောလဲ ရှိလာတတ်တယ်။

(၂) ပြီးတော့ တစ်ချိန်တည်းမှာပဲ တစ်စုံတစ်ရာကို ကြားနေတဲ့ သဘောလဲ ရှိနေတတ်တယ်။

(၃) ကျောက ချွေးကျလို့မို့ ယားနေတဲ့သဘောလဲ ရှိတတ်တယ်။

အဲဒီ သဘာဝ သုံးမျိုးအနက်က ကြားတာက ပိုထင်ရှားရင် ကြားတာကိုပဲ သတိနဲ့ စောင့်ရှု။ ကျန်တာတွေ လွှတ်ထားလိုက်။ ဒါမှမဟုတ်လို့ နောက်ကျောက ယားတဲ့သဘာဝက ပိုပြီး ထင်ရှားနေရင် သူ့ကိုပဲ စောင့်ရှု။ ဒီလို မဟုတ်လို့မို့ ညောင်းတဲ့သဘာဝက ပိုထင်ရှားနေရင် ပိုထင်ရှားတဲ့ ညောင်းတဲ့ သဘာဝကိုပဲ အရှိအရှိအတိုင်း ရှု။ အထင်ရှားဆုံး အာရုံကို အယင် ရှုရတယ်။

**လွယ်ရာကစရှု** သို့သော်လဲ ရှုခါစမှာတော့ အဲဒီလို ထင်ရှားတဲ့ သဘာဝကို ထင်ရှားတာအလိုက် လိုက်ပြီး ရှုတတ်ဖို့ သိပ်မလွယ်လှဘူး။ ဒီတော့ ရှုစမှာ ရှုလို့ လွယ်ကူပြီး အမြဲတွေ့နေရတဲ့ သဘာဝတစ်ခုကို ရှုဖို့ ညွှန်ကြားထားရတယ်။

ဒါကြောင့်မို့ ဘုန်းကြီးတို့ ရန်ကုန်က **ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး**က ထင်ရှားနေတဲ့ သဘာဝတစ်ခု အမြဲရှိနေတဲ့ သဘာဝ တစ်ခုကို စောင့်ရှုဖို့ ညွှန်ကြားထားတယ်။ ဘာလဲဆိုတော့ ဝမ်းဗိုက်က ဖောင်းကြွတက်လာမှု၊ ပိန်ကျသွားမှုပဲ။ အဲဒီ သဘာဝကို စရှုဖို့ ပေးထားတယ်။

အသက်ရှူလိုက်တဲ့အခါ တဖြည်းဖြည်း ဝမ်းဗိုက်က ဖောင်းကြွတက်လာ တယ်။ ပြန်ပြီး ရှိုက်ထုတ်လိုက်တဲ့အခါ တဖြည်းဖြည်း ပြန်ပြီး လျော့ကျ သွားတယ်။ အဲဒီ ဖောင်းကြွလာတဲ့ သဘာဝလဲ လေသဘာဝပဲ။ စာအခေါ်နဲ့ **ဝါယောရုပ်ပေါ့**။ နောက်ပြန်ပြီး လျော့ကျသွားတဲ့ သဘာဝလဲပဲ လေသဘာဝ **ဝါယောရုပ်ပဲ**။

**ဒီလိုစပြီး သိလာတယ်** သို့သော် ရှုခါစမှာတော့ လေသဘာဝမှုပဲလို့ မသိ မမြင်နိုင်သေးဘူး။ ငါ့ဗိုက် ဖေါင်းတယ်၊ ငါ့ဗိုက် ပိန်တယ်လို့ပဲ မြင်တယ်။ နောက် သမာဓိအားကောင်းလာလို့ စိတ်တည်ငြိမ်မှု အားကောင်းလာတဲ့ အခါကျမှသာ တောင့်တင်းသွားတဲ့ သဘောပဲ။ နောက်ပြန် လျော့ကျသွားတဲ့ သဘောပဲလို့ သိလာတယ်။

အဲဒီလို သိလာတဲ့အခါမှာ ခန္ဓာကိုယ်ဆိုတာလဲ မသိတော့ဘူး။ ငါဆိုတာလဲ မသိတော့ဘူး။ ပုဂ္ဂိုလ် သတ္တဝါဆိုတာလဲ မသိတော့ဘူး။ အဲဒီယောဂီ၊ အဲဒီ အားထုတ်တဲ့ ပုဂ္ဂိုလ် သိနေတာ ဘာလဲဆိုတော့ တောင့်တင်းတဲ့သဘော လျော့ကျသွားတဲ့ သဘောကလေးနဲ့ အဲဒါကို သိနေတဲ့ စိတ်ကလေး၊ ဒီသဘော သုံးမျိုးမျှပဲ လို့ သိနေရတယ်။

အဲဒီ သဘောလေးတွေ တွေ့နေတဲ့အခါကျတော့ "**ဪ် အမှန်တော့ သဘာဝ တရားမျှ ရှိတာပဲ။ လူလဲ မရှိဘူး။ ပုဂ္ဂိုလ်လဲ မရှိဘူး။ သတ္တဝါလဲ မရှိဘူး**"လို့ ဒီ အသိအမြင်ကစပြီး သိလာတယ်။ ဝိပဿနာဉာဏ် ၁၃ ဆင့် ရှိတယ်လို့ သတ်မှတ်ရင် ဒါဟာ ပထမဆုံးဉာဏ်ပဲ။

အချို့ကတော့ သမ္မသနဉာဏ်ကစပြီး ဝိပဿနာဉာဏ် ဆယ်ပါးလို့ ယူကြတယ်။ ယူနိုင်တာပါပဲ။ အဲဒီလို ယူရင်တော့ ရှေ့ဉာဏ်နှစ်ပါးကို ဝိပဿနာရဲ့ အခြေခံ ဉာဏ်တွေလို့ ဆိုရမှာပေါ့။

**ဉာဏ်ရင့်လာတော့** အဲဒီအတိုင်း ဆက်ရှုသွားရင် သမာဓိ အားကောင်းလာတာနဲ့အမျှ အသိဟာ သူ့ဟာသူ ရင့်သည်ထက် ရင့်ကျက်သွားပြီး ခံစားမှုတွေ သူ့ဟာသူ ပြောင်းလဲသွားတယ်။ လောက အမြင်တွေလဲ ပြောင်းလဲသွားတယ်။ ဒီအခါမှာ ဆင်းရဲငြိမ်းတဲ့ဘက်ကို နီးသွားပြီ။ ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်လဲပဲ ရှုချင်ရင် အဲဒီလို အမြဲရှိနေတဲ့ ဖောင်းကြွမှုသဘာဝ၊ ပိန်ကျသွားမှု သဘာဝကစပြီး ရှုနိုင်ပါတယ်။

အဲဒါ ရှုရင်းနဲ့မှ ခန္ဓာကိုယ်က ယားလာရင် ယားတာကို ပြောင်းရှုလိုက်၊ ယားတာ ပျောက်သွားရင် ဖောင်းမှု ပိန်မှု သဘာဝကိုပဲ ပြန်ရှု။ အဲဒီလို ရှုနေရင်းက စိတ်က တစ်ခြားလွင့်သွားရင် လွင့်တဲ့စိတ်ကို ပြောင်းရှု။ ပြီးရင် ဖောင်းမှု ပိန်မှု သဘာဝကို ပြန်ရှု။ အဲဒီလို ရှုနေတုန်း အသံတစ်ခုကို ထူးထူးခြားခြား ကြားရင် ကြားတာကိုရှု။ ဒီအသံ ပျောက်သွားရင် ဖောင်းမှုပိန်မှု သဘာဝကို ပြန်ရှု။

အဲဒီအတိုင်းပဲ တခြား ရှုစရာ ပေါ်လာရင် တခြားဟာကိုရှု၊ ရှုစရာ မရှိရင် ပင်တိုင်ပေးထားတဲ့ ဖောင်းမှု ပိန်မှုကိုရှု။ ကိုင်း ခက်သလား၊ လွယ်သလား။ (လွယ်ပါတယ်ဘုရား။) လွယ်တယ်နော်။

**လက်တွေ့စမ်းကြည့်ရအောင်** ဒီတော့ ဘုန်းကြီးတို့ သွေးချင်းသားချင်း ပရိသတ်အားလုံး နည်းနည်း ရှုစမ်းကြည့်ရအောင်၊ ငါးမိနစ်လောက်ပေါ့၊ ကိုင်း နေရာပြင်ထိုင်ပါ။ အားလုံးအားလုံး ဒါဟာ သဘာဝ တရားနော်။ သဘာဝတရားကို နည်းနည်း ရှုစမ်းကြည့်ရအောင်။

(၁) တင်ပျဉ်ခွေ ထိုင်ပါ။ သို့မဟုတ် ကျုံ့ကျုံ့ ပြင်ထိုင်ပါ။

(၂) ခါး ဖြောင့်ဖြောင့်မတ်မတ် ထားပါ။

(၃) မျက်စိကို အလိုက်သင့်ကလေး မှိတ်ထားပါ။

(၄) ခေါင်းနဲ့ ခန္ဓာကိုယ်နဲ့ တစ်ဖြောင့်တည်း တစ်သမတ်တည်း ထားပါ။

(၅) လက်ကို ရင်ခွင်ထဲမှာ ဘယ်ဘက်လက်က အောက်က ညာဘက် လက်က အပေါ်က လက်ဖဝါး ပက်လက်လှန်ပြီး ထပ်ထားပါ။ သို့သော် မိမိ အဆင်ပြေသလို ထားလို့လဲ ရပါတယ်။

(၆) ကိုယ်ရောစိတ်ပါ တောင့်တောင့် တင်းတင်းကြီး မထားဘဲနဲ့ ပြေပြေ လျော့လျော့ ပျော့ပျော့ ပျောင်းပျောင်းလေး ဖြစ်နေအောင် လျှော့ချထားပါ။ ကြွက်ကြောတွေ လျှော့ထားပါ။

စိတ်က ဝမ်းဗိုက် ချက်တစ်ဝိုက်မှာ စိုက်ကြည့်။ အဲဒီနေရာက ဖောင်းကြွတာ တွေ့ရင် "ဖောင်းတယ်"လို့ ရှုပါ။ စောင့်ကြည့်လိုက်ပါ။ ပိန်သွားတာတွေ့ရင် "ပိန်တယ်"လို့ ရှုပါ။ စောင့်ကြည့်လိုက်ပါ။

အဲဒီလို စောင့်ကြည့်ရင်းက အသံကြားရင် "ကြားတယ်"လို့ ရှုပါ။ ပြီးရင် ဖောင်းတာ ပိန်တာ ပြန်ရှုပါ။

အဲဒီ ရှုနေတုန်းမှာ စိတ်က တစ်စုံတစ်ရာဆီ လွင့်သွားရင် "လွင့်တယ်" "လွင့်တယ်"လို့ ရှုပါ၊ ပြီးရင် ဖောင်းတာ ပိန်တာ ပြန်ရှုပါ။

သဘာဝကို အရှိသဘာဝအတိုင်း သိအောင် စိတ် အလေ့အကျင့် လုပ်ရတာ အင်မတန်ကို ပျော်စရာကောင်းပါတယ်။ ကိုင်း ငါးမိနစ်လောက် ရှုကြည့်ပါ။ (ပရိသတ်က ရှစ်မိနစ်ခန့်ကြာအောင် တရားရှုကြသည်။)

ကဲ တော်လောက်ပါပြီ။ ရှစ်မိနစ်လောက် ရှိသွားပြီ။ ငါးမိနစ်ဆိုတာ ပိုသွားပြီ။ ဘယ်နှယ် လုပ်မလဲ။ အမှန်တော့ ဘုန်းကြီးတို့ ဒီမှာ ၁၅ မိနစ်လောက်ကို လေ့ကျင့်ဖို့ကောင်းတယ်။ သို့သော်လဲပဲ အချိန်က မရှိဘူး။ ဘုန်းကြီးတို့ သွေးချင်းသားချင်းတွေထဲက အဝေး ပြန်ကြရမှာလဲ ရှိသေးတယ်။

ဒီတော့ အဲဒီ သဘာဝကို စောင့်ကြည့်တဲ့ ဒီ ကျင့်စဉ် ကျင့်ပုံကျင့်နည်းကို အရပ်စကား ဗမာစကား ရှင်းရှင်းနဲ့ ညွှန်ကြားထားတဲ့ ကျင့်စဉ်လမ်းပြ တရားတိတ်ခွေ ဘုန်းကြီးတို့မှာ ရှိပါတယ်။ ဘုန်းကြီးတို့ ချမ်းမြေ့ရိပ်သာ ကျောင်းမှာ အသုံးပြုတာ။ အဲဒါ ယူခဲ့ဖို့ရာ မေ့လာတယ်။ နောက်ကျတော့ စိတ်ဝင်စားတဲ့ သွေးချင်းသားချင်းတွေက မှာယူပြီး အားထုတ် စမ်းကြည့်ပေါ့။

**သဘာဝကို အမှန်အတိုင်းသိရေး** အခုလို သဘာဝတရားကိုသိအောင် စိတ်အလေ့အကျင့် လုပ်ခြင်းဟာ ဘုရား ယုံကြည်မှုနဲ့လဲ မဆိုင်ဘူး။ သံဃာ ယုံကြည်မှုနဲ့လဲ မဆိုင်ဘူး။ ထာဝရဘုရားသခင် ယုံကြည်မှုနဲ့လဲ မဆိုင်ဘူး။ မဟာဗြဟ္မာ ယုံကြည်မှုနဲ့လဲ မဆိုင်ဘူး။ အလ္လာအရှင်မြတ် ယုံကြည်မှုနဲ့လဲ မဆိုင်ဘူး။ ဘာနဲ့ ဆိုင်သလဲဆိုတော့ **သဘာဝကို အမှန်အတိုင်း သိရေး ယုံကြည်မှုနဲ့ပဲ** ဆိုင်တယ်။

ဒါကြောင့်မို့ သဘာဝကို သိရအောင် လေ့ကျင့်တဲ့ စိတ်အလေ့အကျင့်ကို ယုံယုံကြည်ကြည်နဲ့ လုပ်ရင် တကယ် အကျိုးရတယ်၊ မုချအကျိုးရတယ်၊ တကယ် ဆင်းရဲငြိမ်းတယ်။

**မဂ္ဂင်ရှစ်ပါး ပါဝင်ပုံ** ဒီတော့ ဒီနေရာမှာ ဘုန်းကြီး ပြောချင်တာက ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း ဖောင်းကြွတဲ့သဘောကို သတိနဲ့ စောင့်ရှုရာမှာ ဖောင်းတဲ့သဘောကို သိအောင် စိတ် အားမစိုက်ရဘူးလား။ (စိုက်ရပါတယ် ဘုရား။)

အဲဒါဟာ ကြိုးစားတာ အားထုတ်တာပဲ မဟုတ်လား။ (မှန်ပါဘုရား။)

အဲဒီ ကြိုးစား အားထုတ်တာဟာ သဘာဝကို အမှန်အတိုင်းသိဖို့ မဟုတ်လား။ (မှန်ပါဘုရား။)

သဘာဝကို အမှန်အတိုင်း သိဖို့ စိတ်က ကြိုးစားအားထုတ်တာဆိုတော့ ဒီ ကြိုးစားအားထုတ်မှုကို မှန်တယ်လို့ ခေါ်မလား၊ မှားတယ်လို့ ခေါ်မလား။ (မှန်တယ်လို့ ခေါ်ရပါမယ်ဘုရား။)

မှန်တယ် ခေါ်တယ်နော်။ ဒါကြောင့် အဲဒီ ရှုဖို့ စိတ်အားစိုက်တာကို **မှန်စွာ အားထုတ်မှု = သမ္မာဝါယာမ** လို့ ခေါ်တယ်။ ပါဠိလို နာမည်တပ်တယ်။

အင်္ဂလိပ်လို ဆိုရင်တော့ Right Effort or Right Energy ပေါ့။

အဲဒီလို စိတ်က အားထုတ်လိုက်တဲ့အတွက် ဖောင်းကြွတက်တဲ့ သဘောပေါ်ကို စိတ်ကလေး ရောက်သွားပြီးတော့ "ဖောင်းတယ်"လို့ ရှုလိုက်။ အဲဒီ ရှုလိုက်တာဟာ ဘာလဲဆိုတော့ ဖောင်းသဘောကို သိလိုက်တာပဲ။ ဒါကို **မှန်စွာ သတိကပ် ရှုမှတ်မှု = သမ္မာသတိ**လို့ ခေါ်တယ်။

အင်္ဂလိပ်လို ဆိုရင်တော့ Right Mindfullness ပေါ့။

အမှန်ကို အမှန်အတိုင်းသိအောင် သတိနဲ့ ရှုသိနေတာ။

အဲဒီလို ရှုတော့ ရှုခိုက် ခဏလေးမှာ အဲဒီ ဖောင်းကြွမှု သဘောပေါ်မှာ စိတ်ကလေး ခဏမျှ တည်ငြိမ်သွားတယ်။ အစဦးမှာ ကြာကြာ မတည်သေးဘူး။ နောက်ကျတော့ ရှုမှတ်လို့ အရှိန်ရလာတဲ့အခါ မိနစ် ၂၀ လဲတည်တယ်။ ၃၀ လဲ တည်တယ်။ တစ်နာရီ နှစ်နာရီလဲ တည်တယ်။

အစဦး အချိန်မှာတော့ စိတ်တည်ငြိမ်တာဟာ တစ်မိနစ်လောက်တောင် ကြာချင်မှ ကြာမယ်။ အဲဒီလို စိတ်ကလေး တည်လိုက်တာကို **မှန်စွာ စူးစိုက် တည်ငြိမ်မှု = သမ္မာသမာဓိ**လို့ ခေါ်တယ်။

Right Concentration ပေါ့။

အဲဒီလို စိတ်ကလေးက တည်တယ် ဆိုသော်လဲပဲ အရှိန် မရသေးတော့ အမြဲ တည်မနေနိုင်သေးဘူး။ အခြား အာရုံဆီကို ရန်းရန်း ထွက်တယ်၊ ပျံ့ချင် ပြေးချင်ဖြစ်တယ်။ ဒီအခါမှာ အဲဒီ စိတ်ထဲမှာ ပါတဲ့ သဘောတစ်ခုက ဒီစိတ်ကို မပျံ့ရ မပြေးရအောင် ဖောင်းတဲ့ သဘောပေါ်ပဲ ဦးတည် ဦးတည်ပြီး တင်တယ်။ ထပ်ခါထပ်ခါ ဦးတည် တင်ပေးတယ်။ အဲဒါကို **မှန်စွာကြံစည်မှု = သမ္မာသင်္ကပ္ပ**လို့ ခေါ်တယ်။

Right Thought ပေါ့။

အမှန်တော့ ကြံစည်နေတာ မဟုတ်ဘူး။ အာရုံပေါ်မှာ သဘာဝပေါ်မှာ စိတ်ကို ထပ်ထပ်ပြီး တင်ပေးနေတာ။

ကျမ်းဂန်မှာ “**သမ္မာ အဘိနိရောပနလက္ခဏော သမ္မာ သင်္ကပ္ပေါ = အာရုံ ဆီသို့ မှန်စွာ ရှေးရှုတက်ခြင်း တင်ပေးခြင်း သဘောဟာ သမ္မာသင်္ကပ္ပ ပါပဲ**” လို့ ဆိုထားပါတယ်။

အဲဒီနည်းအားဖြင့် ကြာလာလို့ စိတ်ဟာ အလွန် တည်ငြိမ်လာတော့ “ဖောင်းကြွမှုသဘော၊ ပိန်ကျသွားမှုသဘော၊ တောင့်တင်းမှုသဘော၊ လှုပ်ရှားမှု သဘောမျှသာပဲ။ တကယ်တော့ ဝမ်းဗိုက်လဲ မဟုတ်ဘူး၊ ပုဂ္ဂိုလ်လဲ မဟုတ်ဘူး၊ လူလဲ မဟုတ်ဘူး၊ သတ္တဝါလဲ မဟုတ်ဘူး။ တောင့်ဘင်းလှုပ်ရှား သဘာဝ ကလေးနဲ့ ဒီ သဘာဝကလေးကို သိနေတဲ့ ရှုသိစိတ်ကလေးတွေ ဆက်ကာ ဆက်ကာ ဖြစ်နေတာပဲ”လို့ ဟောဒီလို သွားသိတယ်။ အဲဒီလို သွားသိတော့ သဘာဝကို သဘာဝ အမှန်အတိုင်း သိပြီ။ ဒါ အမှန်သိပဲ။ အဲဒါ ကို **မှန်စွာသိမြင်မှု = သမ္မာဒိဋ္ဌိ**လို့ ခေါ်တယ်။

Right Understanding ပေါ့။

ဒီတော့ အဲဒီလို ကြိုးစားပြီး သဘာဝကို အမှန်အတိုင်းသိအောင် စိတ် အလေ့အကျင့် လုပ်နေတဲ့အခါမှာ အဲဒီလူဟာ မကောင်းတဲ့ စကားပြောခြင်းမှ ရှောင်ကြဉ်နေတယ်။ အဲဒါကို **မှန်စွာပြောဆိုမှု = သမ္မာဝါစာ**လို့ ခေါ်တယ်။

Right Speech ပေါ့။

မကောင်းတဲ့ အလုပ်မှ ရှောင်ကြဉ်နေတယ်။ အဲဒါ ကို **မှန်စွာ ပြုလုပ်မှု သမ္မာကမ္မန္တ**လို့ ခေါ်တယ်။

Right Deed or Right Action ပေါ့။

အဲဒီအချိန်မှာ မကောင်းတဲ့ အသက်မွေးဝမ်းကျောင်းမှ ရှောင်ကြဉ် နေတယ်။ အဲဒါကို **မှန်စွာ အသက်မွေးမှု = သမ္မာအာဇီဝ**လို့ ခေါ်တယ်။

Right Livelihood ပေါ့။

ဒီတော့ ဖောင်းတယ်လို့ ရှုလိုက်တဲ့အခါ၊ စောင့်ကြည့်လိုက်တဲ့အခါ အဲဒီ ရှစ်ခုလုံး ပါဝင်နေတယ်။ အဲဒါကိုပဲ **မဂ္ဂင်ရှစ်ပါး ကျင့်စဉ်**လို့ ခေါ်ပါတယ်။ **မဇ္ဈိမပဋိပဒါ အလယ်လမ်းအကျင့်** ပေါ့။

စောင့်ရှုတဲ့စိတ် ရှုမှတ်တဲ့ စိတ်ထဲမှာ ပါဝင်တဲ့ အဲဒီ **ပုဗ္ဗဘာဂမဂ္ဂင်** ရှစ်ပါးကို အခု ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း စဉ်ကြည့်ရင် –

**သမာဓိမဂ္ဂင် ၃ ပါး**

သမ္မာဝါယာမ = မှန်စွာ အားထုတ်မှု
သမ္မာသတိ = မှန်စွာ သတိကပ် ရှုမှတ်မှု
သမ္မာသမာဓိ = မှန်စွာ စူးစိုက် တည်ငြိမ်မှု

**ပညာမဂ္ဂင် ၂ ပါး**

သမ္မာသင်္ကပ္ပ = မှန်စွာ ကြံစည်မှု
သမ္မာဒိဋ္ဌိ = မှန်စွာ သိမြင်မှု

**သီလမဂ္ဂင် ၃ ပါး**

သမ္မာဝါစာ = မှန်စွာ ပြောဆိုမှု
သမ္မာကမ္မန္တ = မှန်စွာ ပြုလုပ်မှု
သမ္မာအာဇီဝ = မှန်စွာ အသက်မွေးမှု

ဒီလို တွေ့ရလိမ့်မယ်။ ဒါပေတဲ့ ဘုရားဟော ဒေသနာစဉ်ကတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိလို့ ရှိပါတယ်။

သို့သော်လဲ ဘယ်လိုပဲ စဉ်စဉ် အစဉ်က လိုရင်း မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရုပ်နဲ့နာမ်ကို ရှုသိတဲ့အခါမှာ ဒီမဂ္ဂင်ရှစ်ပါး တစ်ခုပြီးမှတစ်ခု ဖြစ်တာ မဟုတ်ဘဲ အားလုံး တစ်ပြိုင်နက်တည်း ဖြစ်တာမို့ပါပဲ။

**မဂ္ဂင်ရှစ်ပါးပြည့်စုံမှ အမှန်သိ**

အဲဒီ မဂ္ဂင်ရှစ်ပါး ပါဝင်မှလဲ သဘာဝကို အမှန်အတိုင်း သိတယ်။ ရှစ်ပါး အပြည့်အစုံ မပါရင် အမှန်အတိုင်း မသိဘူး။ ဒါလဲပဲ ကျယ်ကျယ်ပြန့်ပြန့် ပြောဖို့သင့်တဲ့ အချက်ပါပဲ။ သို့သော်လဲပဲ ဘုန်းကြီးတို့မှာ ပြောဖို့ အချိန်မရှိလို့ အကြမ်းဖျင်းပဲ ပြောရတာပါ။

အဲဒါကိုပဲ ဘုန်းကြီးတို့ ခပ်စောစောက သိမှန် ကြံမှန် စသည်ဖြင့် ဆောင်ပုဒ် လုပ်ခဲ့တယ်။ အဲဒီမှာ—

သိမှန်ဆိုတာက သမ္မာဒိဋ္ဌိ၊

ကြံမှန်ဆိုတာက သမ္မာသင်္ကပ္ပ၊

**ပြောမှန် = သမ္မာဝါစာ၊**

**ပြုမှန် = သမ္မာကမ္မန္တ၊**

**ကောင်းမှန်သက်မွေး ဖြူစင်ဖွေး၍ = သမ္မာအာဇီဝ၊**

**မှန်ရေးကြိုးစား = သမ္မာဝါယာမ၊**

**မှန်ငြားသတိ = သမ္မာသတိ၊**

**သမာဓိဟု = သမ္မာသမာဓိ**

အားလုံး အင်္ဂါ ဘယ်နှစ်ပါးလဲ။ (ရှစ်ပါးပါဘုရား။)

အဲဒီ သဘာဝ ရှစ်ပါး အပြည့်အစုံ ပါပြီဆိုရင်တော့ ရုပ်သဘာဝ နာမ်သဘာဝနဲ့ သစ္စာလေးပါးကို အမှန်အတိုင်းသိလို့ ကိလေသာငြိမ်း ဆင်းရဲငြိမ်းပြီ မှတ်ပေတော့။

အဲဒီ အဆင့်အမြင့်ဆုံး အထက်မြက်ဆုံးဖြစ်တဲ့ မဂ်အသိကြောင့် လောဘ ဒေါသစတဲ့ ကိလေသာတွေ ငြိမ်းပြီး ချမ်းသာနေတာဟာ နိဗ္ဗာန်ပါပဲ။ ယခုဘဝမှာပဲ ရနိုင်တဲ့ နိဗ္ဗာန်ပဲ။ **သဥပါဒိသေသနိဗ္ဗာန်**လို့ ခေါ်ပါတယ်။

အဲဒီ အထက်မြက်ဆုံး မဂ်အသိက ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ ကံရဲ့ သတ္တိကိုလဲ ဖျက်ဆီးပစ်လိုက်တော့ ဘဝသစ်ဖြစ်မည့် ရုပ်နာမ်တွေလဲ မဖြစ်ပေါ်တော့လို့ ရုပ်ဆင်းရဲ နာမ်ဆင်းရဲပါ လုံးဝ ငြိမ်းသွားပါတယ်။

အဲဒီလို ဆင်းရဲခပ်သိမ်း လုံးဝ ငြိမ်းသွားတာဟာ အမြင့်ဆုံး နိဗ္ဗာန်ပါပဲ။ **အနုပါဒိသေသနိဗ္ဗာန်**လို့ ခေါ်ပါတယ်။

မဂ္ဂင်ရှစ်ပါးခေါ်တဲ့ အဲဒီ စိတ်သဘာဝ ရှစ်ပါး မပါဝင်တဲ့ ကျင့်စဉ်ကတော့ လောဘ ဒေါသစတဲ့ ကိလေသာကို မငြိမ်းစေနိုင်လို့ ဆင်းရဲကို မငြိမ်းစေနိုင်ပါဘူး။

ဒါကြောင့် ဆင်းရဲငြိမ်းတဲ့သဘာဝ = နိဗ္ဗာန်ကို ရလိုရင် ဒီ အင်္ဂါရှစ်ပါး ပါဝင်တဲ့ သတိပဋ္ဌာန် မဂ္ဂင်ရှစ်တန် ကျင့်စဉ်ကို ကျင့်ဖို့ အရေးကြီးပါတယ်။

ကဲ နိဂုံးချုပ်အနေနဲ့ ဆောင်ပုဒ်ကလေး ဆိုကြဦးစို့။

ဆောင်ပုဒ်

**သိမှန် ကြံမှန်၊ ပြော ပြုမှန်နှင့်၊ ကောင်းမှန်သက်မွေး၊**
**ဖြူစင်ဖွေး၍၊ မှန်ရေးကြိုးစား၊ မှန်ဉာဏ်သတိ၊ သမာဓိဟု၊**
**ဤသည့်ရှစ်ဖြာ၊ ကျင့်စဉ်ပါမူ၊ ဘာသာဝါဒ၊ ဝဋ်ဒုက္ခ၊**
**မုချငြိမ်းစေသည်။**

ဒါကြောင့် ဘုန်းကြီးတို့ သွေးချင်းသားချင်းများ ဖြစ်ကြတဲ့ ဦးမန်ကျင့်ထန် ခေါင်းဆောင်တဲ့ ခရစ်ယာန် ဆွေတော် မျိုးတော်တို့ လိုလားတဲ့အတိုင်း ဗုဒ္ဓ တရားတော်ကို နိဗ္ဗာန် ရောက်သည်အထိ မဂ္ဂင်ရှစ်တန် အကျင့်လမ်းမှန်နှင့်တကွ ဘုန်းကြီး ဟောပြလို့ ပြီးပါပြီ။

ဒီလောက်နဲ့တော့ ကျေကျေညက်ညက် သဘောမပေါက်သေးတာ မှန်ပါတယ်။ သို့သော်လဲ လမ်းစတော့ ရသွားပြီလို့ ဘုန်းကြီး ယူဆပါတယ်။ အဲ နောင်များမှ ဒီထက်ပိုပြီး ကျေကျေညက်ညက် သိချင်တယ်ဆိုရင် မိမိတို့ တစ်ကယ်ပဲ ဆင်းရဲငြိမ်းချင်တယ်ဆိုရင် အခုလိုပဲ ပင့်ပြီး တရားဗဟုသုတ ယူနိုင်ကြပါတယ်။ ဘုန်းကြီး လာပြီး ကူညီဖို့ ဝန်မလေးပါဘူး။ အခုတော့ဖြင့် အချိန်မရှိတော့လို့ ဒီကနေ့ ဒီမျှနဲ့ပဲ အဆုံးသတ်ကြပါစို့။

## တရားသိမ်း

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ဟာ အခု ပြောခဲ့တဲ့အတိုင်း ဗုဒ္ဓဝါဒ တရားတော် ဗုဒ္ဓဖြစ်ပေါ်ပုံကအစ ဗုဒ္ဓတရားတော်မှ ဆုံးမသြဝါဒများ၊ ကျင့်စဉ်များ၊ ကျင့်လို့ သိရတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရသည်အထိ တရားတော်များကို ကြားနာ မှတ်သားကြပြီးတဲ့နောက် ဗုဒ္ဓတရားတော်မှ ဗုဒ္ဓ တွေ့ရှိပြီး ညွှန်ကြားထားတဲ့ သဘာဝကျင့်စဉ်ဖြစ်တဲ့ ရုပ်နာမ်သဘာဝကို သဘာဝအတိုင်း သိမြင်အောင် ဗုဒ္ဓရှင်တော်မြတ် ဟောကြား ညွှန်ပြတော်မူတဲ့ မဂ္ဂင်ရှစ်တန် သတိပဋ္ဌာန် ကျင့်စဉ်ကို ယုံယုံကြည်ကြည်နဲ့ အချိန်ရတိုင်းရတိုင်း ကျင့်ကြံ ပွားများ ကြိုးစား အားထုတ်ခြင်းဖြင့် ဆင်းရဲကို ဖြစ်စေတဲ့ အကြောင်းရင်းဖြစ်တဲ့ အမှန်အတိုင်းမသိမှု အဝိဇ္ဇာ မောဟနှင့် လိုချင်တပ်မက် နှစ်သက်တွယ်တာမှု တဏှာလောဘ ခေါင်းဆောင်တဲ့ ကိလေသာ မှန်သမျှကို အမြစ်ပြတ် ပယ်သတ်နိုင်ကြ၍ ကိလေသာခပ်သိမ်း ကင်းငြိမ်းလို့ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု၊ သာဓု၊ သာဓု။

## အမေးအဖြေများ

ကိုင်း... ဘုန်းကြီးတို့ ဆက်ပြီးတော့ မေးခွန်းတွေကို ဖြေပါမယ်၊ မေးခွန်း သုံးခွန်း ရောက်ပါတယ်။ အဲဒါကို ဆက်ပြီးတော့ ဖြေပါမယ်။

**ပထမမေးခွန်း** ဒီမှာ မေးခွန်းသုံးခုအနက် နံပါတ် (၁)က ငါးပါးသီလထဲ၌ သတ္တဝါများ၏ အသက်ကို မသတ်ရဟု ပါရှိပါသည်တဲ့။ ကိုယ်တိုင် သတ်စားတာနဲ့ တခြားသူများ သတ်ပြီးသား အသားကို စားခြင်းသည် အပြစ် တူနေပါသလား။ တူခဲ့လျှင် နိဗ္ဗာန်နှင့် ဝေးမည်သာ ဖြစ်ပါသည်တဲ့။ (မှန်လိုက်တာနော်။) မစားပြန်လျှင်လည်း ကိုယ်အင်္ဂါ ကြီးထွား ကျန်းမာမည် မဟုတ်၍တဲ့။ (အင်း... တော်တော် စိုးရိမ်တာကိုး။) (ရယ်ကြသည်။) ကိုယ်အင်္ဂါ ကြီးထွား ကျန်းမာမည် မဟုတ်၍ ဘယ်လို လုပ်ရမည်ဆိုတာ ဆရာတော်ကြီးထံမှ ရှင်းပြချက်ကို ကြားလိုပါသည်တဲ့။

**မေးခွန်းရှင် ဒေါက်တာ ဦးပေါင်ဇနန်၊ ဆမ– မှတ်ပုံတင် (၄၀၆၉)။**

**ပထမမေးခွန်း၏ အဖြေ** ကဲ ဘုန်းကြီးက မေးတာကို သိပ်သဘောကျတာပဲ။ လိုရင်းက ဘာလဲဆိုတော့ ငါးပါးသီလထဲမှာ သတ္တဝါရဲ့အသက် မသတ်ရဘူးလို့ ပါပါတယ်တဲ့။ အဲဒါမှာ ကိုယ်တိုင် သတ်တာ စားတာနဲ့ သူများသတ်ပြီးသား စားတာဟာ အပြစ် တူမနေဘူးလားတဲ့။ အပြစ် မတူဘူးဆိုရင်တော့ ဘာမှ ပြောစရာ မလိုဘူးပေါ့လေ။ တူနေတယ် ဆိုရင်တော့ သတ်သူရော သတ်တာကို စားသူပါ နှစ်ဦးလုံးဟာ နိဗ္ဗာန်နဲ့ ဝေးကြမှာပဲတဲ့။

ကဲ… ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကိုယ်တိုင် သတ်စားတာနဲ့ သူများ သတ်ပြီးသား စားတာ အပြစ်တူသလား၊ မတူဘူးလား။ (မတူပါဘုရား။) (တရားနာပရိသတ် ရယ်ကြသည်။)

ကဲ… ဘုန်းကြီး ဥပမာတစ်ခု ပြောမယ်။ ရယ်ချင်တဲ့ စိတ်ကလေးကို အသာကလေး မျိုသိပ်ထားလိုက်ကြနော်။ ဘုန်းကြီး ဥပမာပြောမယ်။

မောင်ဖြူက လူတစ်ယောက်ကို ဓားနဲ့ ခုတ်သတ်လိုက်တယ်။ သေသွားရော။ မောင်ဖြူသတ်ကြောင်း ထင်ရှားတယ်။ မောင်ဖြူကို ဖမ်းလိုက်တယ်။ တရားရုံး တင်လိုက်တယ်။

ဒီသေတဲ့လူက ရပ်ထဲ ရွာထဲမှာ လူဆိုး၊ သူများကို လိုက်ပြီး နှောက်ယှက် တိုက်ခိုက်နေတဲ့လူ။ အဲဒီလိုသူ အသတ်ခံရတော့ အရပ်ထဲက လူတစ်ယောက်က “ကောင်းတယ်ကွာ ဒီကောင်သေတာ၊ စောစောက သေဖို့ကောင်းတာ၊ သတ်တဲ့လူနှယ် ခုမှသတ်တယ်”လို့ ပြောပြီး ဝမ်းသာတာနဲ့ အဲဒီအလောင်းနားမှာ က နေတယ်။

ကဲ… အဲဒီလူကို ရဲက ဖမ်းဆွဲလို့ ဖြစ်ပါ့မလား။ (မဖြစ်ပါဘုရား။)

သူများသတ်တာကို ဝမ်းသာတာ မဟုတ်လား။ (မှန်ပါဘုရား။)

သူ့ကို လူသတ်မှုနဲ့ တရားစွဲမလား။ (မစွဲပါဘုရား။)

စွဲလို့ ရမလား။ (မရပါဘုရား။)

ဒါဖြင့်ရင် ကိုယ်တိုင်သတ်စားတဲ့လူနဲ့ သူတစ်ပါး သတ်တာကိုမှ စားတဲ့သူဟာ အပြစ်တူသလား၊ မတူဘူးလား။ (မတူနိုင်ပါဘုရား။)

ဒါက ဘုန်းကြီးက လောက သဘာဝအရ ပြောတာပါ။ တရားကျမ်းဂန် သဘာဝအရလဲ အပြစ် မတူပါဘူး။ ဘာကြောင့် မတူသလဲဆိုတော့ ပါဏာတိပါတ ခေါ်တဲ့ သူတစ်ပါးကို သတ်မှုမှာ အင်္ဂါပြည့်စုံမှ သတ်မှုမြောက်ပြီး သတ်တဲ့အပြစ် ဖြစ်ပါတယ်။

အင်္ဂါက ဘာလဲဆိုတော့ (၁) အသတ်ခံရတဲ့သူဟာ သက်ရှိဖြစ်ရမယ်။ (၂)ပြီးတော့ သတ်သူက ဒီပုဂ္ဂိုလ်ဟာ အသက်ရှိနေတယ်ဆိုတာ သိရမယ်၊

(၃) သတ်လိုတဲ့စိတ်လဲ ရှိရမယ်။ (၄) အဲဒီစိတ်နဲ့ သတ်လဲသတ်ရမယ်။ (၅) သေလဲ သေရမယ်။ အဲဒီအင်္ဂါ ပြည့်စုံမှ ပါဏာတိပါတဆိုတဲ့ သူ့အသက် သတ်တဲ့ကံမြောက်တယ်။ ဟုတ်ကဲ့လား။ (မှန်ပါဘုရား။)

ဒီလိုဆိုတော့ အခုန သူများသတ်ပြီးမှ စားတဲ့ပုဂ္ဂိုလ်ဟာ ဘယ့်နှယ်တုန်း၊ သတ်လိုတဲ့စိတ် သူ့မှာ ရှိရဲ့လား။ (မရှိပါဘုရား။)

သတ်ရော သတ်ရဲ့လား။ (မသတ်ပါဘုရား။)

သူသတ်လို့ရော သေရဲ့လား။ (မသေပါဘုရား။)

ဒီတော့ကဲ အင်္ဂါအများကြီး လိုမနေဘူးလား။ (လိုနေပါတယ်ဘုရား။)

လိုနေတော့ သူ့မှာ အပြစ်ရှိမလား။ (မရှိပါဘုရား။)

အဲဒါ တရားသဘာဝပဲ၊ တော်လောက်ပါပြီ။ ဒီလောက်ဆိုရင် တစ်ပေပြရင် ဆယ်ပေမြင်တဲ့ ပရိသတ် သဘောပေါက်လောက်ပါပြီ။ ကဲ ပထမ မေးခွန်းကို ဖြေပြီးပါပြီ။

**ဒုတိယမေးခွန်း** ကိုင်း နောက် ဒုတိယမေးခွန်းက နီဝရဏ တရားငါးပါးကို မြန်မာလိုနဲ့ အင်္ဂလိပ်လို အတိုချုံး၍ ရှင်းပြပေးပါရန်တဲ့။

**မေးခွန်းရှင် ဆရာမ ညန်းခေါ်ကျင်တဲ့။**

**ဒုတိယမေးခွန်း၏ အဖြေ** ဘုန်းကြီးက သဘောကျတယ်။ သိချင်တာ ကလေး မေးတယ်။ တိုတိုပဲ ဖြေမယ်။ "နီဝရဏ"ဆိုတာ ကုသိုလ်မဖြစ်အောင် ပိတ်ပင်တဲ့ တရားကို နီဝရဏ ခေါ်တယ်။ နီဝရဏဆိုတာ ဘာလဲ။ (ကုသိုလ်မဖြစ်အောင် ပိတ်ပင်တဲ့ တရားပါဘုရား။) အဲ... ကုသိုလ်မဖြစ်အောင် ပိတ်ပင် တားဆီးထားတဲ့ အပိတ်အပင် အတားအဆီးတရားကို နီဝရဏ ခေါ်တယ်။

ဒါကြောင့် နီဝရဏ တရားကို အင်္ဂလိပ်က ဘယ်လို ဘာသာပြန်သလဲ ဆိုတော့ လွယ်လွယ်လေးရယ်။ Hindrance လို့ ဘာသာပြန်တယ်။

ဒီတရားတွေဟာ ကုသိုလ်မဖြစ်အောင် တားတယ်။ ဘယ် တရားတွေလဲဆိုတော့ ပထမဆုံးက ကာမစ္ဆန္ဒ နီဝရဏ တဲ့။

(၁) **ကာမစ္ဆန္ဒ နီဝရဏဆိုတာ ကာမဂုဏ် အာရုံတွေကို လိုလား တပ်မက်တဲ့ တဏှာကို** ခေါ်ပါတယ်။ အဆင်းလှလှကလေး ကြည့်ချင်တယ်။ အသံကောင်းကောင်းလေး နားထောင်ချင်တယ်။ အနံ့မွှေးမွှေးကလေး နမ်းချင်တယ်။ အရသာ ကောင်းကောင်းကလေး စားချင်တယ်။ ထိတွေ့စရာ နူးနူးညံ့ညံ့ကလေး ထိတွေ့ချင်တယ်။ အဲဒါကို ပြောတာ။

အင်္ဂလိပ် ဘာသာနဲ့ Sensual Desire လို့ ဘာသာပြန်ကြတယ်။

နောက်တစ်ခုက ဗျာပါဒ နီဝရဏတဲ့။

(၂) **ဗျာပါဒ နီဝရဏဆိုတာ ဒေါသကို** ပြောတာ။ ဗျာပါဒ နီဝရဏ ဆိုတာ စိတ်ဆိုးတာ၊ စိတ်ပျက်တာ၊ စိတ်မချမ်းသာတာ၊ ဒါတွေ အကုန်ပါတယ်။ အဲဒါတွေ ရှိနေရင် ကုသိုလ်ဖြစ်မလား။ (မဖြစ်ပါဘုရား။) ဒါကြောင့် သူတို့ကို ကုသိုလ်တရားတို့ကို ပိတ်ပင် တားမြစ်တတ်တဲ့ အတားအဆီး အပိတ်အပင်တွေတဲ့။

အဲဒါ ကို အင်္ဂလိပ်လို ဘယ်လို ဘာသာပြန်သလဲဆိုတော့ လွယ်လွယ်ပဲ Ill-will တဲ့။ Hatred လို့ရံဖန်ရံခါ ပြန်တယ်။ Anger လို့လဲပြန်တယ်။ ဒါပေမယ့် မပြည့်စုံဘူး။ Ill-will အကောင်းဆုံးပဲ။

နောက်တစ်ခုက ထိနမိဒ္ဓ နီဝရဏ။

(၃) **ထိနမိဒ္ဓ နီဝရဏဆိုတာ** ခုနက ပြောခဲ့တဲ့ ဘုန်းကြီးတို့ မိတ်ဆွေကြီး ခေါင်း တဆတ်ဆတ် ငြိမ့်တာလေ။ တရားပွဲထဲ စိတ်မဝင်စားတဲ့ အခါကျတော့ ငိုက်ငိုက် ကျသွားတဲ့ဟာပေါ့။ အဲဒါ ထိနမိဒ္ဓ နီဝရဏပဲ။ **စိတ် စေတသိက် လေးလံ ထိုင်းမှိုင်းမှု**။ စိတ် လေးလံထိုင်းမှိုင်းတော့ ရုပ်လဲ လေးလံ ထိုင်းလာတော့တာပေါ့။အဲဒါ ဘယ်လို ဘာသာပြန်သလဲဆိုတော့ Sloth and torpor လို့ ပြန်တယ်။

နောက်တစ်ခုက ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ။

(၄) **ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏမှာ ဥဒ္ဓစ္စဆိုတာ စိတ် ပျံ့လွင့်နေတာ။ ကုက္ကုစ္စဆိုတာ နောက်ကဟာတွေ ပြန်တွေးပြီး စိတ်ဆင်းရဲနေတာ။**

ဒီနှစ်ခုအတွဲကို အများအားဖြင့် ဘယ်လို ဘာသာပြန်သလဲဆိုတော့ Flurry and Worry လို့ ပြန်ကြတယ်။ Flurry ဟာ တော်သလို ရှိပါရဲ့။ ဒါလဲ သိပ်တော့ မဟန်ဘူး။ Worry ဆိုတဲ့ ဘာသာပြန်ဟာ မကောင်းဘူး။ သူက သာမန် စိုးရိမ်မှု သက်သက်ဖြစ်နေတယ်။ ကုက္ကုစ္စက သာမန် စိုးရိမ်မှု မဟုတ်ဘူး။ နောက်ကြောင်းပြန်ပြီးတော့ စဉ်းစားမိပြီး စိတ် ဆင်းရဲနေတာ။ **နောက်က မလုပ်သင့်တာကို လုပ်မိခဲ့တာတွေ၊ လုပ်သင့်တာကို မလုပ်မိခဲ့တာတွေ ပြန်တွေးပြီးတော့ စိတ်ဆင်းရဲနေတာ။** ဒါကိုပြောတာ။

အဲဒါကြောင့် ဘုန်းကြီး ကြိုက်တာက Flurry and Remorse ဒါမှ မဟုတ်ရင် Distraction and Remorse လို့ ဘာသာပြန်ချင်တယ်။ ဒီ အခု ဒုတိယ ဘာသာပြန်ကို ပိုသဘောကျတယ်။ Restlessness and Romorse လို့ ပြန်ရင် ပိုကောင်းပါတယ်။

အဲ နောက်ဆုံး နီဝရဏက ဝိစိကိစ္ဆာ နီဝရဏ။

(၅) **ဝိစိကိစ္ဆာ နီဝရဏဆိုတာ ယုံမှားနေတာ၊ သံသယဖြစ်နေတာ၊ မဆုံးဖြတ်နိုင်ပဲ ဖြစ်နေတာ။** စောစောက ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း စိတ်ပုခက် လွှဲနေတာ။ ဒါဖြစ်နေရင် ကုသိုလ် ဖြစ်ပါ့မလား။ (မဖြစ်ပါ ဘုရား။)

အဲဒါကို အင်္ဂလိပ်က ဘာသာပြန်တယ်။ အင်မတန် ခက်ခက်ခဲခဲပါ။ ဘုန်းကြီးတို့ တရားနာပရိသတ် အဲဒီ အင်္ဂလိပ်စကားလုံးကို ကြားတောင်မှ ကြားဖူးမယ် မထင်ဘူး။ ဘယ်လို ဘာသာပြန်သလဲဆိုတော့ Doubt တဲ့။ ကြားဖူးကြရဲ့လား။ ဒီစကားလုံးက တော်တော် ခက်ခဲတဲ့ စကားလုံးနော်။

ဘာသာပြန်တယ်ဆိုတာ လွယ်တဲ့ စကားလုံးနဲ့ ဘာသာပြန်ရတယ်။ အများသိတဲ့ စကားလုံးနဲ့ ဘာသာပြန်မှ အကျိုးရတာပေါ့။ နားလည်တာပေါ့။

ဒါကြောင့် ဝိစိကိစ္ဆာကို Doubtလို့ ဘာသာပြန်တာဟာ အကောင်းဆုံး ဘာသာပြန်ပဲ။ တချို့တော့ အပိုလေးထည့်ကြတယ်။Scheptical Doubt တဲ့။

(၁) ကာမစ္ဆန္ဒ နီဝရဏ = Sensual Desire

(၂) ဗျာပါဒ နီဝရဏ = Ill-will

(၃) ထိနမိဒ္ဓ နီဝရဏ = Sloth and Torpor

(၄) ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ = Flurry and worry
ပြန်ရှိုးပြန်စဉ်
Distraction and Remorse
ဒါမှမဟုတ်ရင် Restlessness and Remorse
(မိမိသဘောကျ)

(၅) ဝိစိကိစ္ဆာ နီဝရဏ = Doubt

အဲဒီ နီဝရဏ ငါးပါးပါပဲ။ ကဲ ဒုတိယ မေးခွန်းရဲ့ အဖြေ ပြီးသွားပါပြီ။

**တတိယမေးခွန်း** နောက် တတိယ မေးခွန်းရှင်က ဦးဖွတ်ဇလန်တဲ့။ ပင်လုံရပ်ကွက် တပည့်တော် ဦးဖွတ်ဇလန်မှ ဘုန်းတော်ကြီးထံ မေတ္တာ ရပ်ခံပါတယ်။ ဘုန်းတော်ကြီး ဗုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် နိုင်ငံခြားသို့ ကြွရောက်သည့်အခါ ဘုန်းတော်ကြီးအနေနဲ့ အခက်အခဲ အတွေ့အကြုံများ ရှိပါက ဖြေရှင်း ပြောကြားပေးပါရန် လျှောက်ထားပါသည်တဲ့။

**တတိယမေးခွန်း၏အဖြေ** အဲ သူမေးတာ ကောင်းတယ်။ သူသိချင်တာ သူ မေးတာပဲ။ ဟုတ်တာပေါ့။ တစ်ခြား တစ်နိုင်ငံ တစ်ပြည်ရပ်ခြား သွားပြီးတော့ ဗုဒ္ဓသာသနာ ပြန့်ပြူးတယ်ဆိုတော့ ကိုယ်မရောက်ဘူးတဲ့ အရပ်မှာ မတွေ့ဘူးတဲ့ လူတွေနဲ့ တွေ့ရတာ၊ လူမျိုးပေါင်း မြောက်များစွာနဲ့ တွေ့ရတာ ဒါ အခက်အခဲတွေ ရှိနိုင်တာပေါ့၊ မဟုတ်ဘူးလား။

အဲဒါကို သူက မေတ္တာထားပြီးတော့ အခက်အခဲ မရှိစေချင်ဘူး။ ဒါကြောင့်မို့ ဘယ်လို အခက်အခဲတွေ တွေ့ပါသလဲတဲ့ ပြောပါဦးတဲ့။

ဘုန်းကြီးတော့ အခက်အခဲ တစ်ခုမှတစ်ပါး မတွေ့ခဲ့ရပါဘူး။ အဲဒီ တစ်ခုက ဘာလဲဆိုတော့ သူတို့ မေးတာကို မေးသမျှ ဘုန်းကြီး မဖြေနိုင်တာပဲ။ (တရားနာပရိသတ် ရယ်ကြသည်။)

ဒီလိုပါ၊ ပြန်ပြောပါဦးမယ်။ မေးသမျှ မဖြေနိုင်ဘူးဆိုတာက မေးတဲ့အခါမှာ မေးခွန်းတိုင်း မေးခွန်းတိုင်းလိုလိုကို ဘုန်းကြီး ဖြေနိုင်ပေတဲ့ တစ်ခုသော မေးခွန်းကို ဘုန်းကြီး မဖြေနိုင်လို့ လက်မြှောက်ခဲ့ရပါတယ်။

ဒါကြောင့်မို့ အဲဒီ မေးခွန်းတစ်ခု ဖြေနိုင်အောင် ကြံ့တုံး ဒီပရိသတ်ကို ဘုန်းကြီးက အကူအညီ တောင်းချင်ပါတယ်။ အကြံဉာဏ် ပေးကြပါ။ (ပရိသတ် ရယ်ကြသည်။) အဲဒါပါပဲ။ အဲဒီ အခက်အခဲတော့ ဘုန်းကြီး တွေ့ခဲ့ပါတယ်။

အဲဒီ မဖြေနိုင်တဲ့ မေးခွန်းက ဘာလဲဆိုတော့ ဘုန်းကြီး အမေရိကန်ပြည် မာဆာချူးဆက်ပြည်နယ်က ဖော့စတန်မြို့နဲ့ မလှမ်းမကမ်းမှာရှိတဲ့ ဘာရီမြို့နားက (Insight Meditation Society)ဆိုတဲ့ ဝိပဿနာ ဘာဝနာအသင်းမှာ ၁၄ ရက် တရားပြခဲ့တယ်။

အဲဒီမှာ ယောဂီတွေ တရားအားထုတ်နေတုန်းမှာ ဘုန်းကြီးက သဘောတရား မေးခွန်းတွေ အမေးမခံဘူး။ တရားနဲ့ ပတ်သက်လို့လဲ သဘောတရားမေးခွန်းတွေ အမေးမခံဘူး။ သဘောတရားမေးခွန်းတွေ မလာနဲ့၊ မဖြေဘူး။ ခိုင်းတဲ့အတိုင်းလုပ်၊ ဒါပဲ။ မလုပ်ချင်ဘူးဆိုရင် ပြန်။ အဲဒီလိုပဲ ဘုန်းကြီးက ပြောထားတယ်။

အဲ... လက်တွေ့လုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ရှိရင် သံသယရှိတာ အကုန်မေး၊ အကုန်ဖြေ။ နေ့စဉ်လဲ သူတို့ကို ရှင်းပြတယ်၊ ပြောပြတယ်၊ စစ်ဆေးတယ်၊ မေးမြန်းတယ်၊ ပြုပြင်တယ်။ အဲဒီလို လုပ်တယ်။

အဲ... ကျင့်စဉ်နဲ့ မဆိုင်တဲ့ သဘောတရား မေးခွန်းဆိုရင် ကျင့်နေတုန်း အားထုတ်နေတုန်း မမေးနဲ့၊ မဖြေဘူး။

ဒီတော့ တရားစခန်းပြီးတဲ့ နေ့တစ်နေ့မှာတော့ အချိန် ၂နာရီလောက် အချိန်ပေးမယ်၊ အဲဒီ အခါကျတော့ ကိုယ်မေးချင်တဲ့ သဘောတရား မေးခွန်း မေးကြပါလို့ ဒီလို ပြောထားတယ်။

အဲ... နောက်ဆုံးနေ့မှာ အဲဒီလိုပဲ သဘောတရားမေးခွန်းတွေ မေးကြပါတယ်။ လူတစ်ယောက်မေးတာက စိတ်ဝင်စားစရာပါပဲ။ ဘုန်းကြီးသွားတာက အဲဒီတုန်းက ၁၉၇၉ ခုနှစ်၊ ဆရာတော်ဘုရားကြီး အဖွဲ့နဲ့ ပါသွားတာ။ အဲဒီ ၁၉၇၉ ခုနှစ် မေလ အဲဒီမှာ ရောက်နေတယ်။

၁၉၇၈ ခုနှစ် စက်တင်ဘာလမှာ အင်မတန် ကမ္ဘာတုန်စရာကောင်းတဲ့ အဖြစ်အပျက်ကြီးတစ်ခု အနောက်တိုင်းမှာ ဖြစ်ပျက်ခဲ့တယ်။ ဘာလဲလို့ဆိုတော့ ဒကာ ဒကာမတွေ ဘုန်းကြီးတို့ ဆွေမျိုးရင်းချာတွေ သိကြပြီးသားပါ။

တောင်အမေရိကတိုက် ဂျုန်းစတောင်းဆိုတဲ့မြို့မှာ ဘာဖြစ်သလဲ။ လူပေါင်း ၅၀၀ ကို အဆိပ်ကျွေး အဆိပ်ရည် သောက်ခိုင်းပြီးတော့ သူတို့ ဂိုဏ်းဆရာကြီးက သတ်ပစ်လိုက်တယ်။ အဲ... ၅၀၀ မဟုတ်ဘူး၊ ၉၀၀ ကျော်။ ၉၀၀ ကျော် သတ်ပစ်လိုက်တယ်။

အဲဒီတော့ အဲဒီမှာ မေးခွန်းမေးတဲ့သူက ဘယ်လို မေးသလဲဆိုတော့ "အရှင်ဘုရား၊ ဂျပန်ပြည် နာဂါစကီးနဲ့ ဟီရိုရှီးမား အဖြစ်မျိုး တောင်အမေရိက တိုက် ဂျုန်းစတောင်း အဖြစ်အပျက်မျိုးကို ကမ္မဝါဒနဲ့ ရှင်းပြနိုင်ပါသလား"တဲ့။ မကောင်းဘူးလား၊ သူ့မေးခွန်း။ သိပ်ကောင်းတာပဲ။ အဲ ဘုန်းကြီးက သဘောကျလိုက်တာ။ ဘုန်းကြီး ဖြေလိုက်တယ်။ ပြေပါတယ်။ သူတို့ ကျေနပ်တယ်။

အဲဒီတော့ ဘယ်လို ဖြေပါသလဲဘုရားလို့ မသိချင်ဘူးလား။ (သိချင်ပါတယ် ဘုရား။) အဲ နောက်ကျမှ (ရယ်ကြသည်။) ဘာကြောင့်လဲဆိုတော့

ဒါက နည်းနည်းရှည်ရှည် ဖြေရတယ်။ တိုတို ဖြေလို့ရတဲ့မေးခွန်း မဟုတ်ဘူး။ ဒါကြောင့် ဘုန်းကြီး အဲဒီမေးခွန်း ဖြေပြနေမယ်ဆိုရင် ဒီပရိသတ် ညသန်းခေါင်ကျမှ ပြန်ရမယ်။ ဟုတ်ကဲ့လား။ ဒါကြောင့် နောက်ကျမှ ပြောကြတာပေါ့။

အဲဒီလို စသည်ဖြင့် သူတို့ စိတ်ဝင်စားစရာ မေးခွန်းတွေ မေးကြပါတယ်။ ဘုန်းကြီး မေးခွန်းတိုင်း မေးခွန်းတိုင်းကို ဖြေလိုက်တယ်။ သူတို့ နားလည်သဘောပေါက်တယ်၊ ကျေနပ်တယ်။

တစ်ယောက်မေးပြီးရင် မေးချင်တဲ့ နောက်တစ်ယောက်က လက်ညှိုးထောင်တယ်၊ မေးပါရစေပေါ့လေ။ အဲဒီ အထဲမှာ ဒကာမတစ်ယောက်က အသက် ၃၀ လောက်ရှိတယ်။ အမေရိကန်မပါ။ သူလဲ အားထုတ်နေတာပဲ။ လက်ညှိုးထောင်တယ်။ သူ လက်ညှိုးထောင်တော့ ဘာမေးချင်သလဲ၊ မေးပါလို့ ပြောတော့ မေးတယ်။

အဲဒီ ဒကာမ မေးတဲ့မေးခွန်း ဘုန်းကြီး မဖြေနိုင်ခဲ့ဘူး၊ အခက်ခဲဆုံး မေးခွန်း၊ ဘုန်းကြီး အခုလဲ မဖြေနိုင်ဘူး၊ အဲဒီတုန်းကလဲ မဖြေနိုင်ခဲ့ဘူး။ (ပရိသတ် ရယ်ကြသည်။) ဒါကြောင့်မို့ ဘုန်းကြီးက အကူအညီ တောင်းချင်တာ။

အဲ သူမေးတာက ရှည်ရှည်ဝေးဝေး မဟုတ်ဘူး။ တိုတိုပဲ။ ဘယ်လို မေးသလဲဆိုတော့ What is love? တဲ့။ (ပရိသတ် ရယ်ကြသည်။)

ကိုင်း... အချစ်ဆိုတာ ဘာလဲတဲ့။ (ပရိသတ် ရယ်ကြသည်။)

ဘုန်းကြီး ဘယ်လိုလုပ် ဖြေရပါမတုန်း။ (ပရိသတ် ရယ်ကြသည်။)

ဘယ်လိုမှကို မဖြေတတ်ဘူး။ အဲဒါ တော့ (ပရိသတ် ရယ်ကြသည်။) အဲဒီတုန်းကလဲ မဖြေနိုင်ဘူး၊ အခုလဲ မဖြေနိုင်ဘူး။ (ပရိသတ် အတောမသတ် ရယ်ကြသည်။)

အဲဒါကြောင့် ဘုန်းကြီးတို့ မေတ္တာတရားနဲ့ ဘယ်လို အခက်အခဲများ တွေ့ခဲ့ပါသလဲလို့ မေးတဲ့ မေးခွန်းရှင်ကို ဒီအခက်အခဲတော့ ဘုန်းကြီး

ရှိပါတယ်၊ လာပြီး ကူညီပါဦးလို့။ (ပရိသတ် ရယ်ကြသည်။) အဲဒါ ပြောချင်ပါရဲ့။ (ပရိသတ် ရယ်ကြသည်။) ပြောချင်ပါရဲ့နော်။ ကဲ... ဘုန်းကြီးတို့ ပရိသတ်ထဲကလဲ အကြံပေးနိုင်ရင် ပေးကြပါဦး။ (ပရိသတ် ရယ်ကြသည်။) ကယ်ကြပါဦးလို့ အကူအညီ တောင်းရမှာပဲ။ အဲဒါပါပဲ။ တွေ့ရတဲ့ အခက်အခဲ။

ကဲ မေးခွန်း သုံးခုလဲ ဖြေပြီးသွားလို့ ဘုန်းကြီးတို့ မိုးလဲ ချုပ်သွားပြီ။ တရားပွဲ သိမ်းကြပါစို့။

ကဲ မေတ္တာဘာဝနာနဲ့ တရား သိမ်းကြရအောင်၊ လိုက်ဆိုကြပါ။

**သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။**

သာဓု၊ သာဓု၊ သာဓု။

**တတိယနေ့ (၅၊ ၅၊ ၈၂)တရားပွဲ ပြီး၏။**

## တတိယနေ့ တရားပွဲ အခမ်းအနားသိမ်း

**အခမ်းအနားမှူး** ဆရာတော်ဘုရား ဟောကြားပြီးတဲ့နောက်မှာ ခရစ်ယာန်ကောင်စီမှ ဘုန်းတော်ကြီးဦးမန်ကျင့်ထန်က ဝမ်းမြောက်ဖွယ်စကား လျှောက်ထားပြီးနောက် လက်ဆောင်ပစ္စည်းဆက်ကပ်မှာ ဖြစ်ပါတယ်။ ဒီတော့ ဘုန်းတော်ကြီး ဦးမန်ကျင့်ထန် ဝမ်းမြောက်ဖွယ်ရာစကား လျှောက်ထားနိုင်ပါတယ် ခင်ဗျား။

**ဦးမန်ကျင့်ထန်** အချိန် အနည်းငယ်ပဲ သုံးပါမယ်။ ကျေးဇူးပြု၍ အားလုံးထိုင်ပေးပါလို့၊ အားလုံး မထပဲနဲ့ ထိုင်ကြပါဦးလို့။ အနည်းငယ်ပဲ ပြောပါမယ်။ စကားပြောခြင်းလဲ သည်းခံပါလို့၊ နည်းနည်းငြိမ်ငြိမ်သက်သက်ကလေး သည်းခံစွာနဲ့ နေပါဦးလို့ တောင်းပန်ပါတယ်။

ကျွန်တော်တို့ ဂိုဏ်းပေါင်းစုံက ဆရာတော်ဘုရားကို ပင့်တဲ့အခါ ဒီမျှလောက် အောင်မြင်ခြင်း ရှိမယ်လို့ မထင်ခဲ့မိပါဘူး။ ဆရာတော်ဘုရားကိုယ်တော်တိုင်လဲ ဒီနေရာမှာ သီတင်းသုံးနိုင်မယ် မသုံးနိုင်ဘူးဆိုတာ မသိပါဘူး။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အခေါ်နဲ့ ဆိုလို့ရှိရင် ကျွန်တော်တို့ ကိုးကွယ်တဲ့ ထာဝရ ဘုရားသခင် ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့ တောင်းတနေတဲ့ ဒီ ဓမ္မသဘင်မှာ နိဗ္ဗာန်ရောက်ကြောင်း တရားကို ကြားနာရသောကြောင့် အရှင်ဘုရားအား ကျေးဇူးတင်တဲ့အကြောင်း လျှောက်ထားလိုပါတယ်။

ကျွန်တော်တို့ ဒီပွဲကို အဘက်ဘက်ကနေပြီးတော့ ဆိုးရိမ်စရာတွေ အများကြီး ရှိတဲ့ထဲမှာ ဒီပွဲကို တောင့်တတဲ့လူ ရှိသလို၊ မတောင့်တတဲ့လူ ရှိတယ်ဆိုတာကိုလဲ ကျွန်တော်တို့အားလုံး လူထုပရိသတ် သိပါတယ်။

အမှန်စင်စစ် ဆိုလို့ရှိရင် ဆရာတော်ဘုရားက ကျွန်တော်တို့ အင်မယ်ညူယယ် ဘုရားကျောင်းမှာ အင်္ဂလိပ်ဘုန်းကြီး သာသနာပြု ဘုန်းတော်ကြီးများဆီမှာ ခရစ်ယာန်ဘာသာ လေ့လာတဲ့အချိန်မှာ အပြစ်တင်ခံရသလို ဒီမှာဂိုဏ်းပေါင်းစုံမှာ ဤကဲ့သို့ ဖိတ်မန္တကပြုပြီး ပင့်ကြတဲ့ ခရစ်ယာန် ဘုန်းတော်ကြီးတွေလဲ တချို့ အယူသည်းတယ်ပဲ ခေါ်မလား၊ အမြင် မကျယ်ဘူးခေါ်မလား၊ ခရစ်ယာန် ခေါင်းဆောင်တွေကလဲ အပြစ်တင်ချင်ရင် တင်မှာပဲလို့။ တင်ရင်လဲ တင်ပါစေဆိုပြီးတော့ တပည့်တော်တို့က ဆက်လက်ပြီး ကြိုးစားခဲ့ကြလို့ အောင်မြင်တဲ့အတွက် သိပ် ကျေးဇူးတင်ပါတယ်။

အားလုံး ကျေးဇူးတင်စကား ပြောရမှာကတော့ ပါတီ၊ ကောင်စီ၊ မြို့နယ်သာသနာရေးအရာရှိ စတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ ကျွန်တော်တို့ ဒီကလေးမြို့ပေါ်မှာ ရှိတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စဥ် အပေါင်းတို့ထဲမှ ဂေါပကအဖွဲ့နှင့် အားလုံး ဖြစ်မြောက်ရေး ကော်မတီကိုလဲ ကျေးဇူးတင်ပါတယ်။

နောက် ကျွန်တော်တို့ ဒီနေရာမှာ လာရောက်ပြီးတော့ လုပ်စရာပြောစရာက လူသားအနေနဲ့၊ ဒီမှာ ထိုင်နေတဲ့ တပည့်တော် တပည့်တော်မအနေနဲ့ အားလုံ ကြားနာရတဲ့ ဓမ္မဒေသနာအတိုင်း သာသနာရေးမှာ ကျဉ်းမြောင်းသော အမြင်ကို အခု ဆရာတော်ဘုရား ပို့ချတဲ့ ဓမ္မဒေသနာအတိုင်း ကျယ်ဝန်းတဲ့ အတွေးအခေါ်ကနေပြီးတော့မှ ချီတက်ဖို့ရယ်။

ဒုတိယအချက်က ကျွန်တော်တို့ လူလောကမှာ လူ့အဖွဲ့အစည်းထဲမှာ ဒီဟာ လူ့အတွေးအခေါ်၊ နိုင်ငံရေးအတွေးအခေါ်၊ လူမှုရေးအတွေးအခေါ် အားလုံးကို ကျယ်ကျယ်ဝန်းဝန်းနဲ့ ကျွန်တော်တို့ ညီရင်းအကိုလို ခြေလှမ်းဖို့ပဲ လိုတယ်လို့ ကျွန်တော်တို့ ယူဆမိပါတယ်။

နောက်ဆုံး ဂိုဏ်းပေါင်းစုံရဲ့ ခံစားချက်ကတော့ဖြင့် အဲဒါမှ မဟုတ်ဘဲနဲ့ နောက်ဆုံးအချိန် မြန်မာပြည်မှာ ခရစ်ယာန်ဘာသာဝင် သူတော်စင်အပေါင်းတို့နဲ့ ခရစ်ယာန်ဘာသာ သာသနာပြုတဲ့ ခရစ်ယာန် ဘုန်းတော်ကြီးတွေဟာ ကျွန်တော်တို့ ခရစ်ယာန်ဂိုဏ်း အချင်းချင်းထဲမှာ အယူသည်းခဲ့တုန်းက အာရ်စီဖာသာ ဒီမှာ ရှိပါတယ်။ အာရ်စီကျောင်းမှာ ကျွန်တော်တို့ အာပတ် ဖြေရတယ်။

အာရုံစီဖားသာ ကျွန်တော်တို့ ဘုရားကျောင်းတက်လာရင် အာပတ်သင့်တယ်ဆိုတဲ့ ဘဝထဲကနေပြီးတော့မှ ဒီလို ပူးပေါင်းသလို တစ်နေ့တစ်ခါကျရင် ကျွန်တော်တို့ ဒီအမိ မြန်မာပြည်ကြီးထဲမှာ ကျွန်တော်တို့ ဂေါတမ မြတ်စွာဘုရားရဲ့ တပည့်သားရင်း သူတော်စင်အပေါင်းတို့ လူမက ရဟန်း ဆရာတော်ဘုရား အားလုံးသည် သာသနာပြုတဲ့ ညီအကိုချင်းပဲလို့ ကျွန်တော်တို့ ဂိုဏ်းပေါင်းစုံကို မြင်သွားနိုင်တဲ့အထိ ပို့ဆောင်ဖို့ရာဟာ ဒီကလေးမြို့နယ် ဂိုဏ်းပေါင်းစုံရဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်လို့။

အဲဒီလိုမှသာလျှင် ကျွန်တော်တို့ အမိမြန်မာပြည်ရဲ့ သာယာဝပြောတဲ့ လူ့ဘောင်ကို တည်ဆောက်တဲ့ နေရာမှာ ဟိုဟာ ကျွန်တော်တို့ လူသားအနေနဲ့ ဒီနိုင်ငံသားအနေနဲ့ အတတ်နိုင်ဆုံး ဆောင်ရွက်စရာ အကောင်းဆုံးပဲလို့ အဲဒီလို ယူဆပါတယ်။

ဘာသာရေးမှာ မတူတာလေးတွေကို အသားပေးပြီးတော့မှ စကားများမယ့်အစား များစွာတူနေတဲ့အရာကို ပူးပေါင်းပြီးတော့မှ လူ့အတွက်၊ တိုင်းပြည်အတွက်၊ လူမှုရေးအတွက် ပူးပေါင်း ဆောင်ရွက်မှုဟာ လိုလာပြီ ဆိုတာလဲ ဒါ ခရစ်ယာန် ဂိုဏ်းပေါင်းစုံရဲ့ အယူအဆဖြစ်ပါတယ်။

အဲသလို ဒါကြောင့်မို့လို့ ဒီနေရာမှာ ကြွရောက်လာကြတဲ့ ဒီမှာ သူတော်စဉ်အပေါင်းတို့ ရှေ့မှာ ဒီ ခရစ်ယာန် ဂိုဏ်းပေါင်းစုံရဲ့ ကိုယ်စားလည်းကောင်း၊ ဒီ ကျွန်တော် တစ်ဦးအနေနဲ့လည်းကောင်း ပင့်ခေါ်လာတဲ့ ဆရာတော်ဘုရား အရှင်ဇနကာဘိဝံသအား ဤ အနန္တမေတ္တာ ကားတိုင်ကို ဆက်ကပ်လိုပါတယ်။

ဤ အနန္တမေတ္တာကို အနန္တမေတ္တာတိုင် ဆပ်ကပ်ခြင်းအားဖြင့် ဒီ မြန်မာပြည်ရှိ တိုင်းရင်းသားများသာ မဟုတ်ဘဲ ကမ္ဘာရှိ ဝေနေယျသတ္တဝါ အပေါင်းတို့ကို မေတ္တာနဲ့ ခြေလှမ်းဖို့ လမ်းပြနေတဲ့ ခရစ်တော်ဘုရားရဲ့ တံဆိပ် ဖြစ်ပါတယ်။

ဤကားတိုင်ကို ရှိခိုးဦးချဖို့ မဟုတ်ဘဲနဲ့ တစ်ချိန် တစ်ခါတုန်းက ခရစ်တော်ဘုရားဟာ ဝေနေယျသတ္တဝါ အပေါင်းတို့ အတော်ကို နိမ့်ကျတဲ့ သဘောမှာ လူဆန်တဲ့သဘောမှာ လောဘ ဒေါသ မောဟနဲ့ သင့်မြတ်တဲ့နေရာမှာ

ဒီ မဖြစ်နိုင်တဲ့ ပါရမီ ဖြည့်ပေးနိုင်တဲ့ ဤကားတိုင်ဟာ မေတ္တာကားတိုင် အဖြစ်နဲ့ ကားတိုင်ပေါ်မှာ အသက်ခံရပြီးတော့မှ လူသားကို မေတ္တာပြသွားတဲ့ အကြောင်းကို ဒီ အမှတ်တရနဲ့ ဆရာတော်ဘုရားကို ဆက်ကပ်ဖို့ ဖြစ်ပါတယ်။ (လက်ခုပ်သံများ။)

**အခမ်းအနားမှူး** နောက်ဆုံးအစီအစဉ်အရ ဘုန်းတော်ကြီး ဦးမန်ကျင့်ထံ ကပဲ ဆုတောင်းမေတ္တာပို့သမှာ ဖြစ်ပါတယ် ခင်ဗျား။ ဒီတော့ ပရိသတ်များ အနည်းငယ် စောင့်ဆိုင်းကြစေလိုပါတယ်။ ဘုန်းတော်ကြီး ဦးမံကျင့်ထန် မေတ္တာပို့သဖို့ ကြွရောက်ပါရန်ခင်ဗျား။

**ဦးမန်ကျင့်ထန်** ဝေနေယျ သတ္တဝါအပေါင်းတို့ကို ချစ်တော်မူသော အဖ ထာဝရ မြတ်စွာဘုရားသခင်၊ ကိုယ်တော်ရှင်သည် ဤလောကကိုကြည့်၍ သားသမီးတို့ကို လမ်းပြ သွန်သင်ခဲ့သည်သာမက သားသမီးတို့ လိုက်နာနိုင်စေခြင်းငှာ နိဗ္ဗာန်ရောက်ကြောင်းတရားကို ပို့ချပေးရန် ချမ်းမြေ့ဆရာတော်ဘုရားကို ဤနေရာသို့ ပို့ဆောင်ခြင်းသည် ကျေးဇူး ကြီးလှပါ၏။ အို... အဖ ထာဝရ မြတ်စွာဘုရားသခင်။

ဤ လမ်းပြ ပို့ပေးခြင်းသည် လောက လူသားများအတွက် တကယ် ဒုက္ခထဲမှ ချမ်းသာခြင်းကို ရောက်နိုင်စေခြင်းငှာ ဒါကို ရောက်တိုင်းရောက်တိုင်း စိတ်နှလုံးထဲ၌ ကိန်းအောင်းလျက်ရှိသော လူ့ရဲ့ အပြောအဆို အလုပ်အကိုင် ကြံစည်မှု အားလုံးတို့၌ ရစ်ပတ်လျက် ဤဓမ္မဒေသနာအတိုင်း အသက်ရှင် နိုင်ပါမည့် အကြောင်း မ,စ သနားတော်မူပါ။ အို... အဖ ထာဝရ မြတ်စွာဘုရားသခင်။

ယခုအချိန်မှာ ချမ်းမြေ့ဆရာတော်ဘုရားသည် ဤနေရာ၌ ယာယီ ခေတ္တ သီတင်းသုံးနေရာမှ မိမိ၏ နေရာဌာနဖြစ်သော ရန်ကုန်သို့ ပြန်ကြွမည် ဖြစ်ပါ၏။ အ... ထာဝရ မြတ်စွာဘုရားသခင်။

လေယျာဉ်ပေါ်၌သော်လည်းကောင်း၊ ကုန်းပေါ်၌သော်လည်းကောင်း၊ အားလုံး ကိုယ်တော်ရှင်ရဲ့ ပိုင်သသော စကြဝဠာတွင် ဆရာတော်ဘုရား ဘေးမသီ ရန်မခဘဲ အကြောင်း အသီးသီး ဆောင်ရသည်သာမက

ဆရာတော်ဘုရားသည် ဤ မြန်မာပြည် တစ်ပြည်လုံး၌ ရှိကြသော လူအပေါင်းအားလုံတို့ရဲ့ မေတ္တာပွားများနေသောအရှင် ဖြစ်ရုံသာမက ဆက်လက်၍ အသုံးပြုခြင်းအားဖြင့် သားသမီးတို့သည် မြန်မာပြည်၌ ရှိကြကုန်သော ဘာသာတရား ကိုင်းရှိုင်းကြတဲ့ လူသားမှန်ရင် ညီရင်းအကို သွေးရင်းသားရင်းကဲ့သို့ အချိန်မရွေး သည်းခံနိုင်စေခြင်းငှာ၊ ဆောင်ရွက်နိုင်သောအရှင် ဖြစ်နိုင်စေခြင်းငှာ ကြွရောက်လာတဲ့ ဆရာတော်ဘုရားကိုလဲ ဆက်လက်၍ ကောင်းချီးပေးပါမည့် အကြောင်းနဲ့ ဓမ္မဒေသနာ ခံလျက်ရှိသော ရောက်တိုင်းရောက်တိုင်း၊ ကိုယ်တော်ရှင်ထံမှ ကြွရောက်လာတဲ့ ပုထုဇဉ်ဘုရားကို စေလွှတ်ခြင်းအားဖြင့် ရောက်တိုင်းရောက်တိုင်း စိတ်နှလုံးကို မြဲမြံစွာ ခိုင်မြဲလျက် ဤ တရားကို ကျင့်စေနိုင်ခြင်းငှာ မ,စ သနားတော် မူပါမည့် အကြောင်း ခရစ်တော်ဘုရား မဟာကုသိုလ်တော်ကို အမှီပြု၍ ရှိသေစွာ တောင်းပန်ပါသည် အဖ ထာဝရ မြတ်စွာဘုရားသခင်။ (အာမင်)။

[ဗုဒ္ဓဘာသာဝင် သူတော်စင်ပရိသတ် သာဓုသုံးကြိမ် ခေါ်ကြသည်။]

**အခမ်းအနားမှူး** သုံးရက်တိုင်တိုင် ကျွန်တော်တို့ ခရစ်ယာန်ကောင်စီက နေပြီးတော့ ပင့်တဲ့အတွက် ကြွရောက်လာတဲ့ ချမ်းမြေ့ဆရာတော်ဘုရားကြီး တရားပွဲ နောက်ဆုံး တတိယနေ့ အစီအစဉ် ပြီးဆုံးပြီဖြစ်ပါတယ်။ ဒီတော့ မိမိတို့ လိုရာကို ကြွနိုင်ကြဖို့ ဖြစ်ပါတယ်။ သို့သော်လဲပဲ ကျွန်တော်တို့ အနည်းငယ် သည်းခံစေလိုတာက ဆရာတော်ဘုရားကြီး ကြွပြီးမှပဲ ပရိသတ်များ ထပြီးတော့ မိမိတို့လိုရာကို သွားကြဖို့ ဖြစ်ပါတယ်ခင်ဗျား။

၁၃၄၄ ခုနှစ်၊ ကဆုန်လဆန်း ၁၁၊ ၁၂၊ ၁၃ ရက်
(၁၉၈၂ ခုနှစ်၊ မေလ ၃၊ ၄၊ ၅ ရက်) တို့၌
ကလေးမြို့ ရွှေဘုံသာ ဓမ္မာရုံကြီးတွင်
ခရစ်ယာန်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များအား
ချမ်းမြေ့ဆရာတော်ဘုရား
ဟောကြားသော တရားပွဲ အပြည့်အစုံ
ပြီးဆုံးပါပြီ။

သိမှတ်ဖွယ်ရာ

တရားဆောင်ပုဒ်များ

# သိမှတ်ဖွယ်ရာ တရားဆောင်ပုဒ်များ

## ကြောက်လို့ ကိုးကွယ်ရာရှာသည်

ကိုယ်စိတ်ဆင်းရဲ၊ ကြောက်လို့ပဲ၊ သူလဲ အားကိုးရှာလေသည်။
ကိုယ်စိတ်ဆင်းရဲ၊ ကြောက်လို့ပဲ၊ ငါလဲ အားကိုးရှာပေသည်။
ဘာသာဝါဒ၊ မှန်သမျှ၊ ကြောက်ကြလို့ပဲ ဖြစ်ပေါ်သည်။
ဆင်းရဲအဖြာဖြာ၊ ငြိမ်းဖို့ရာ၊ ဘာသာကိုးကွယ်သည်။
ရည်ရွယ်ချက်က၊ ထိုဒုက္ခ၊ ငြိမ်းကြဖို့ပဲဖြစ်ပေသည်။
ဆင်းရဲငြိမ်းရန်၊ အလုပ်မှန်၊ ဧကန် လုပ်ရမည်။
ဒုက္ခငြိမ်းရန်၊ တရားမှန်၊ ဧကန် ကျင့်ရမည်။
ကျင့်စဉ်မှန်မှ၊ ထိုဒုက္ခ၊ မုချ ငြိမ်းအေးသည်။

## စံနှင့် မှတ်ကျောက်

ဘာသာဝါဒ၊ ရွေးချယ်ကြ၊ မှန်မှ ကျိုးများသည်။
အယူဝါဒ၊ မှားယွင်းက၊ မုချ ကျိုးနည်းမည်။
အမှားအမှန်၊ ရွေးချယ်ရန်၊ စံမှန် ရှိရမည်။
မှတ်ကျောက်မှာတင်၊ စံမှာယှဉ်၊ ရွေးလျှင် မမှားပြီ။

မဂ္ဂင်ရှစ်တန်၊ စံကောင်းမှန်၊ တင်ရန်မှတ်ကျောက်ဖြစ်ပါသည်။
ရှစ်ဖြာမဂ္ဂင်၊ ဘောင်မဝင်၊ ကျင့်စဉ် မှားလှသည်။
ရှစ်ဖြာမဂ္ဂင်၊ ဘောင်၌ဝင်၊ ကျင့်စဉ် မှန်လှသည်။
ကျင့်စဉ်မှန်မှ၊ ယူဝါဒ၊ ဒုက္ခ ငြိမ်းစေသည်။
ဒုက္ခငြိမ်းမှ၊ ထိုဝါဒ၊ မုချ စစ်မှန်သည်။

မဂ္ဂင်ရှစ်ထွေ၊ ကျင့်သူတွေ၊ ကိလေ ငြိမ်းကြသည်။
ကိလေငြိမ်းမှ၊ ဝဋ်ဒုက္ခ၊ မုချ ငြိမ်းပေသည်။
မဂ္ဂင်ရှစ်ထွေ၊ မကျင့်ပေ၊ ကိလေ မငြိမ်းပြီ။
ကိလေမငြိမ်း၊ ဆင်းရဲကိန်း၊ အေးငြိမ်းချမ်းသာ မရပြီ။
ချမ်းသာမဆောင်၊ တရားယောင်၊ ဝေးအောင် ရှောင်ရမည်။

ဗုဒ္ဓသာသနာ၊ မဂ်ရှစ်ဖြာ၊ သေချာရှိပေသည်။
ရှစ်မဂ္ဂင်ပွား၊ ကိလေများ၊ ငြိမ်းသွား ချမ်းသာသည်။
ထို့ကြောင့်ဗုဒ္ဓ၊ ယူဝါဒ၊ မုချ စစ်မှန်သည်။

ကြံ့ကြိုက်ခဲစွာ၊ သာသနာ၊ ကြုံလာရပေပြီ။
ကြုံလာသော်လဲ၊ သင်ယူလွဲ၊ သင်ပဲ ဆင်းရဲမည်။
မလွဲစေချင်၊ ရှစ်မဂ္ဂင်၊ တွင်တွင် ပွားရမည်။
မဂ္ဂင်ပွားလျှင်၊ ကိလေစင်၊ ပြေးဝင် နိဗ္ဗာန်ပြည်။

## မဂ္ဂင်ရှစ်ပါး

သိမှန် ကြံမှန်၊ ပြော ပြုမှန်နှင့်၊ ဖြောင့်မှန်သက်မွေး၊ ဖြူစင်ဖွေး၍၊
မှန်ရေးကြိုးစား၊ မှန်ငြားသတိ၊ သမာဓိဟု၊ ဤသည့်ရှစ်ဖြာ၊ ကျင့်စဉ်ပါမူ၊
ဘာသာဝါဒ၊ ဝဋ်ဒုက္ခ၊ မုချ ငြိမ်းစေသည်။

## သတိပဋ္ဌာန် ဆောင်ပုဒ်များ

### သတိပဋ္ဌာန်လမင်း

ရှင်တော်ဗုဒ္ဓ၊ သာသနာ့ဝေဟင်၊
သတိပဋ္ဌာန်လမင်း၊ ထိန်လင်းကြည်လင်၊
ရောင်ခြည်အေးမြ၊ ဖြာကျနေစဉ်၊
နိုးသူများ၊ ရှုပွားအပူစင်။

ကာမဂုဏ်မှောင်တိုက်၊ အိပ်ငိုက်သူတွေ၊
လင်ရေး မယားရေး၊ ရှုပ်ထွေးလိမ်ပွေ၊
သားရေး သမီးရေး၊ ပူဆွေးဗျာပွေ၊
လရောင်နှင့်၊ တွေ့ခွင့်မကြုံပေ။
အပူမီး၊ ထိန်ညီးတောက်လောင်နေ။

## သတိပဋ္ဌာန်၏အကျိုး ၇ ပါး

ကိလေညစ်ကြေး၊ ကင်းဝေးစေရန်၊
စိုးရိမ်ပူဆွေး၊ ငိုကြွေးကင်းရန်၊
ကိုယ်စိတ်ဆင်းရဲ၊ ချုပ်စဲဖို့ရန်၊
မြတ်နိဗ္ဗာန်၊ အမြန် ဆိုက်ရောက်ရန်၊
တလမ်းထဲ၊ ပွားမြဲ သတိပဋ္ဌာန်။

## သတိပဋ္ဌာန်ရှုပုံ

### ထိုင်ပုံ

ဘာဝနာကို၊ အားထုတ်လို၊ ဒီလို ပြုပါလေ။
တောတောင့်အရိပ်၊ သစ်ပင်ရိပ်၊ တိတ်ဆိတ်ရာမှာနေ။
တင်ပျဉ်ခွေကာ၊ ခါးဖြောင့်ကာ၊ ငြိမ်စွာ ထိုင်ပါလေ။
မလှုပ်မရှား၊ ကျောက်ရုပ်လား၊ ခေါင်းထား တည့်မတ်စေ။
မျက်စိမှိတ်လျက်၊ လက်နှစ်ဖက်၊ ရင်ခွင်ထက်မှာ ထားပါလေ။

### ရှုပုံ

ရှုစရာ၌၊ စိတ်ကိုစိုက်၊ ဦးတိုက်ထားပါလေ။
ဖောင်းတာပိန်တာ၊ အစဖြာ၊ ပေါ်ရာရှုပါလေ။
စိတ်ပြေးစိတ်လွင့်၊ မထိန်းနှင့်၊ အသင့်ရှုပါလေ။
ကြံစည်စဉ်းစား၊ တွေးစိတ်များ၊ မမှားရှုပါလေ။
နာတာ ကျင်တာ၊ ညောင်းညာတာ၊ သေချာရှုပါလေ။
ထုံကျင်ကိုက်ခဲ၊ ယားယံလဲ၊ စွဲမြဲရှုပါလေ။
ပြောင်းချင် ပြင်ချင်၊ မပြုပြင်၊ ပြင်ချင်စိတ်ကို ရှုပါလေ။
ဝမ်းနည်း ဝမ်းသာ၊ ခံစားတာ၊ သေချာရှုပါလေ။

ဆင်းရဲ ချမ်းသာ၊ ခံစားတာ၊ သေချာ ရှုပါလေ။
မြင် ကြား နံ စား၊ တွေ့သိများ၊ မမှားရှုပါလေ။
ခြောက်ဒွါရဥ်၊ ဖြစ်ပေါ်ခိုက်၊ စူးစိုက်ရှုပါလေ။
စူးစိုက်ရှုလျှင်၊ အမှန်မြင်၊ ပြေးဝင် နိဗ္ဗာန်ပြေ(ပြည်)။

## စကြံ

ဘယ်လှမ်းညာလှမ်း၊ ဖြည်းဖြည်းလှမ်း၊ ခြေလှမ်းစိတ်ပါစေ။
ဟို ဒီ မကြည့်၊ ရှေ့တည့်တည့်၊ ရှုကြည့်အမြဲပေ။
မျက်လွှာကိုချ၊ လေးတောင်မျှ၊ ကြည့်ရအမှန်ပေ။
ကြွတာ လှမ်းတာ၊ ချလိုက်တာ၊ သေချာ ရှုပါလေ။
မကြွခင် ကြွချင်၊ စိတ်အစဉ်၊ သိလျှင် ရှုပါလေ။
မလှမ်းခင် လှမ်းချင်၊ စိတ်အစဉ်၊ သိလျှင် ရှုပါလေ။
မချခင် ချချင်၊ စိတ်အစဉ်၊ သိလျှင် ရှုပါလေ။
စကြံလျှောက်စဉ်၊ စိတ်လွင့်လျှင်၊ စိတ်ပင် ရှုပါလေ။

## သမ္ပဇဉ

လက်ခြေကွေးလျှင်၊ မြှောက်ချလျှင်၊ ဆန့်လျှင် ရှုပါလေ။
ကွေးချင် ဆန့်ချင်၊ မြှောက်ချချင်၊ ပြုချင်စိတ်လဲ ရှုပါလေ။
ရှေ့ကြည့် နောက်ကြည့်၊ ဘေးကိုကြည့်၊ ကြည့်မိလျှင်လဲ ရှုပါလေ။
ကြည့်လို့မြင်လဲ၊ မြင်တယ်ပဲ၊ စွဲမြဲ ရှုပါလေ။
မျက်နှာသစ်ရာ၊ ရေချိုးရာ၊ စားသောက်ရာလဲ ရှုပါလေ။
ပေါ့ လေး စွန့်ရာ၊ လျှော်ဖွပ်ရာ၊ ထိုင်ထရာလဲ ရှုပါလေ။
အိပ်ရာပြင်လျှင်၊ အိပ်နိုးလျှင်၊ ထလျှင် ရှုပါလေ။
ဖြေးဖြေးလှုပ်ရှား၊ ဖြေးဖြေးသွား၊ ရှုပွားအမြဲပေ။
လူမမာနှင့်၊ တူစွာကျင့်၊ ရှုခွင့်သာလှပေ။
အသေးစိတ်မှုရာ၊ အဖြာဖြာ၊ သေချာ ရှုသင့်ပေ။
ရှေ့နောက် ရှုမှတ်၊ မှတ်ခြင်းစပ်၊ ရလတ် မဂ်ဖိုလ်ပေ။

## စိတ်ကို ထိန်းသူ

မြင်နိုင်ခဲစွ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ပမာမျောက်နှိုင်း၊ စိတ်ဆင်ရိုင်းကို၊ ချင့်နှိုင်းဉာဏ်ယှဉ်၊ သမ္ပဇဉ်နှင့်၊ အစဉ်ချွန်းအုပ်၊ သတိချုပ်၍၊ မလှုပ်မယိုင်၊ ကောင်းစွာနိုင်သော်၊ ဖွံ့ခိုင်ဖြိုးဖြိုး၊ ချမ်းသာတိုးသည်၊ ကောင်းကျိုးကြွယ်လိမ့် မည်သာကို။

## စိတ်ကို မထိန်းသူ

မြင်နိုင်ခဲလှ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ပမာမျောက်နှိုင်း၊ စိတ်ဆင်ရိုင်းကို၊ ထူးသိုင်းဖြေချွတ်၊ ထင်တိုင်းလွှတ်၍၊ မကွပ်မထိန်း၊ ညွှတ်တိုင်းယိမ်းက၊ အေးငြိမ်းချမ်းသာ၊ မရပါဘဲ၊ ပူဗျာဆင့်ကဲ၊ လွန်ဆင်းရဲသည်၊ မိုက်မဲသူတို့ လမ်းစဉ်တည်း။

## အသီးတစ်ရာ အညှာတစ်ခု

အသီးတစ်ရာ၊ အညှာတစ်ခု၊ ပမာရှု၍၊ စိတ်ဟုမည်ငြား၊ ဤတစ်ပါးမျှ၊ တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က၊ လူ့ရပ်နတ်ရွာ၊ ဗြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏။ [မဃဒေဝ ၂၅၂]

## စိတ်ညစ်စိတ်ကြေး စိတ်ဖြင့်ဆေး

ရေကြောင့်ညွှန်ဖြစ်၊ ထိုညွှန်ညစ်လည်း၊ စင်လစ်ရေကြောင့်၊ သွေမထောင့်ဘူး၊ စိတ်ကြောင့်ဖြစ်ပေါ်၊ စိတ်ကြေးညော်လည်း၊ ဆေးလျှော်စိတ်ပင်၊ စင်မစင်ကို၊ ကိုယ်ပင်ဖန်ပြု၊ သူမပြုသည်၊ စင်မှုကိုယ်မှာ တာဝန်တည်း။

## စိတ်မဲနှင့် စိတ်ဖြူ

ကိလေညစ်မဲ၊ စိတ်ဒွဲစွဲ၊ ရုပ်လဲမကြည်လင်။
ကိလေညစ်မဲ၊ စိတ်မစွဲ၊ ရုပ်လဲ အေးကြည်ရွှင်။
စိတ်ညစ်မဲလျှင်၊ ဆင်းရဲပင်၊ ဖြူလျှင် ချမ်းသာသည်။

ချမ်းသာရလို၊ များလူ့ဗိုလ်၊ ကိုယ့်ကိုယ်သိရမည်။
ကိုယ့်ကိုယ်သိချင်၊ များလူ့ရှင်၊ နေ့စဉ် စစ်ရမည်။
နေ့စဉ်စစ်ဆေး၊ စိတ်ညစ်ကြေး၊ လျှော်ဆေးပစ်ရမည်။

## စိတ်မဲများကို ဖြူစင်စေသည့် နည်း ၆ မျိုး

မဲသည့်စိတ်ကို၊ ဖြူစေလိုသော်၊ ထိုထိုအာရုံ၊ ညစ်မျိုးစုံနှင့်၊ မကြုံတွေ့စေ၊ မမွေ့စေပဲ၊ ပြောင်းလေဖုံဖုံ၊ ကောင်းအာရုံတည့်၊ နှလုံပင်မို၊ ဉာဏ်ချိန်ညှိလော့၊ ပို့ဘိမေတ္တာ၊ သမထာနှင့်၊ ပွားရာဝိပဿ်၊ နည်းခြောက်ရပ်တွင်၊ သင့်မြတ်ရာသုံး၊ ဖြူစိတ်ဖုံးသည်၊ သက်လုံးချမ်းသာ လိမ့်မည်တည်း။

## ဓမ္မကြေးမုံ

သန့်ရှင်းကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်ရုပ၊ လှမလှကို၊ နေ့ညမရွေး၊ ကြည့်စစ်ဆေး၍၊ ယင်ချေးမှဲ့ပြောက်၊ ဝက်ခြံပေါက်နှင့်၊ ညှင်းပြောက် တင်းတိတ်၊ ဖုအကျိတ်ကို၊ ဆေးသိပ်ပယ်ရှား၊ ပမာလားသို့၊ မြတ်ဖျားဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဓမ္မကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်မန၊ စိတ်အလှကို၊ နေ့ညမရွေး၊ တင်စစ်ဆေးလော့၊ ညစ်ကြေးကိလေ၊ တွေ့ခဲ့ပေသော်၊ ခြောက်ထွေနည်းဖြင့်၊ ပျောက်စေလွှင့်မှ၊ မလင့်မကြာ၊ သင့်ခန္ဓာသည်၊ ချမ်းသာဖုံးလိမ့် မှန်စွာတည်း။

## တောင့်တ၍ မရနိုင်သော အရာငါးမျိုး

အိုခြင်းဆိုတာ၊ မအိုပါလို၊ တောင့်တဆို၊ ရကိုမရပြီ။
နာခြင်းဆိုတာ၊ မနာပါလို၊ တောင့်တဆို၊ ရကိုမရပြီ။
သေခြင်းဆိုတာ၊ မသေပါလို၊ တောင့်တဆို၊ ရကိုမရပြီ။
ကုန်ခြင်းဆိုတာ၊ မကုန်ပါလို၊ တောင့်တဆို၊ ရကိုမရပြီ။
ပျက်ခြင်းဆိုတာ၊ မပျက်ပါလို၊ တောင့်တဆို၊ ရကိုမရပြီ။

အို နာ သေခြင်း၊ ကုန်ပျက်ခြင်းနှင့်၊ ပက်ပင်းမဆုံ၊ မတွေ့တုံဘဲ၊ မကြုံရလို၊ တောင့်တဆိုလည်း၊ ဘယ်လိုလူမြတ်၊ ဗြဟ္မာနတ်မျှ၊ မတတ်စွမ်းပိုင်၊ မရနိုင်၊ လက်မှိုင်ချရသည်။

## တရားအသိ မရှိသူ

တရားအသိ၊ ဉာဏ်မရှိ၍၊ မပြည့်ဝရှာ၊ ထိုသူမှာကား၊ အိုနာသေရေး၊ ကုန်ပျက်ဘေးနှင့်၊ မပြေးရှောင်သာ၊ ကြုံတွေ့လာသော် "ငါသာမက၊ များသတ္တလည်း၊ ဒုက္ခဤနည်း၊ တွေ့သည်ချည်းရှင့်၊ ငါတည်းပူဆွေး၊ ရိုက်ငိုကြွေးက၊ မအေးရင်ထဲ၊ ပူလောင်ကဲ၍၊ အိပ်လဲမပျော်၊ စားသော်မဝင်၊ ရုပ်သွင်ညှိုးလျက်၊ လုပ်ခွင်ပျက်၍၊ နှစ်သက်သသူ၊ စိတ်ညှိုးပူလျက်၊ မုန်းသူဝမ်းသာ၊ ဖြစ်လိမ့်မှာ"ဟု၊ ပညာနှင့်ယှဉ်၊ မဆင်ခြင်ဘဲ၊ ပူပင်ပြင်းပြ၊ ညှိုးချုံးကျလျက်၊ သောကဆိပ်လူး၊ မြားဝင်စူးသည်၊ လိမ့်လူးပူလောင် ပြင်းပြင်းတည်း။

## တရားအသိရှိသူ

တရားအသိ၊ ဉာဏ်မြင်ရှိ၍၊ စုံပြည့်လေရှာ၊ ထိုသူမှာကား၊ အိုနာသေရေး၊ ကုန်ပျက်ဘေးနှင့်၊ မပြေးရှောင်သာ၊ ကြုံတွေ့ လာသော် ၊"ငါသာမက၊ များသတ္တလည်း၊ ဒုက္ခဤနည်း၊ တွေ့သည်ချည်းရှင့်၊ ငါတည်းပူဆွေး၊ ရိုက်ငိုကြွေးက၊ မအေးရင်ထဲ၊ ပူလောင်ကဲ၍၊ အိပ်လဲမပျော်၊ စားသော်မဝင်၊ ရုပ်သွင်ညှိုးလျက်၊ လုပ်ခွင်ပျက်၍၊ နှစ်သက်သသူ၊ စိတ်ညှိုးပူလျက်၊ မုန်းသူဝမ်းသာ၊ ဖြစ်လိမ့်မှာ"ဟု၊ ပညာနှင့်ယှဉ်၊ ရှုဆင်ခြင်၍၊ ပူပင်လုံးဝ၊ ကင်းစင်ပလျက်၊ သောကဆိပ်လူး၊ မြားမစူးသည်၊ ရွှင်မြူးချမ်းငြိမ့် အေးအေးတည်း။

## သမာတာပုတ္တိကဘေး

မီးလောင်ရေကြီး၊ သူပုန်စီးသည့်၊ ဘေးကြီးသုံးဖြာ၊ ဖြစ်ပေါ်လာသော်၊ မာတာမိခင်၊ သားရွှေစင်ကို၊ ကယ်တင်မရ၊ ချစ်သားလှလည်း၊ မိဘကိုပင်၊ မကယ်တင်နိုင်၊ သောကလှိုင်၍၊ သည်းဆိုင်ပြတ်မျှ၊ ဆင်းရဲရဟု၊ သုတနဲ့သူ ဆိုလေသည်။

ယင်းသို့သူငါ၊ ဆိုကြပါလဲ၊ အို နာ သေရေး၊ ဤသုံးဘေးနှင့်၊ ထောက်ဆချင့်သော်၊ မီးနှင့်ရေဟုန်၊ သူပုန်ဓားပြ၊ ထိုဘေးမျှကား၊ ဒုက္ခမဆို သာတော့ပြီ။

## အမာတာ ပုတ္တိကဘေး

စင်စစ်ဆိုသော်၊ ဝါရွက်ရော်သို့၊ ရင့်ရော်ကြွေလု၊ အိုမင်းမှုနှင့်၊ နာမှုသေရေး၊ ဤသုံးဘေးသာ၊ ဖြစ်ပေါ်လာသော်၊ မာတာမိခင်၊ သားရွှေစင်ကို၊ ကယ်တင်မရ၊ ချစ်သားလှလည်း၊ မိဘကိုပင်၊ မကယ်တင်နိုင်၊ သောကလှိုင်၍၊ သည်းဆိုင်ပြတ်မျှ၊ ဆင်းရဲရဟု၊ ဗုဒ္ဓမြတ်စွာ မိန့်သတည်း။

## ဘေးကြီးများမှ လွတ်ကြောင်းအကျင့်

မီးဘေးရေဘေး၊ သူပုန်ဘေးနှင့်၊ အိုဘေးနာသေ၊ လွတ်လိုလေလျှင်၊ မြတ်ကျင့်စဉ်ကား၊ မဂ္ဂင်ရှစ်ပါး၊ အစဉ်ပွားဟု၊ ဘုရားမြတ်စွာ မိန့်သတည်း။

(အံ ၁၊ ၁၇၉-၁၈၀)

# စုန္ဒသုတ်

## ဖြစ်လျှင်ပျက်မြဲ

ဖြစ်ပေါ်၍လာ၊ ထိုအရာ၊ မုန်စွာပျက်ရသည်။
မပျက်စေလို၊ တောင့်တဆို၊ ရကိုမရပြီ။
ဤသဘောတွင်၊ ဉာဏ်မဝင်၊ မုန်ပင်ခက်ချိမ့်မည်။
ပျက်လျှင်ငိုကြွေး၊ ပူလောင်ဆွေး၊ အေးကွက်မရပြီ။

## ကိုယ့်ကိုယ်ကို အားကိုး

ထိုကြောင့်သင်တို့၊ အားကိုးဘို့၊ မှီဖို့ရှိရမည်။
ကိုယ့်အတွက်သာ၊ အားကိုးရာ၊ ကိုသာဖြစ်တော့သည်။
သူများအားကိုး၊ ထိုလူမျိုး၊ အကျိုးမရပြီ။
တရားသည်သာ၊ အားကိုးရာ၊ မှန်စွာဖြစ်တော့သည်။
တခြားအားကိုး၊ ထိုလူမျိုး၊ အကျိုးမရပြီ။
ကိုယ်ထူကိုယ်ထ၊ ကျိုးစားမှ၊ သုခပွားစီးမည်။

## ဘယ်လို အားကိုးရမလဲ

ဘယ်လိုကိုယ့်ကို၊ ကိုယ်မှီခို၊ ဘယ်လို အားကိုးရသနည်း။
ဘယ်လိုတရား၊ ဘယ်လိုများ၊ အားထားရသနည်း။
ကာယဝေဒနာ၊ စိတ်ဓမ္မာ၊ လေးဖြာပွားရသည်။
လေးဖြာပွားပုံ၊ သိသာရုံ၊ ခြုံ၍သိချင်သည်။

ရုပ်ဖြစ်တိုင်းသာ၊ ရှုးစိုက်ကာ၊ သေချာရှုရသည်။
ခံစားတိုင်းသာ၊ ရှုးစိုက်ကာ၊ သေချာရှုရသည်။
စိတ်ဖြစ်တိုင်းသာ၊ ရှုးစိုက်ကာ၊ သေချာရှုရသည်။
သဘောတိုင်းသာ၊ ရှုးစိုက်ကာ၊ သေချာရှုရသည်။
ခြောက်ဒွါရ၌၊ ဖြစ်ပေါ်ခိုက်၊ ရှုးစိုက်ရှုရသည်။
သတိလေးဖြာ၊ ဤသို့သာ၊ သေချာပွားရသည်။

## အကျိုး

ယင်းသို့ပွားလျှင်၊ ကိလေစင်၊ လူတွင်မြတ်လှသည်။
ကိလေကင်းပြတ်၊ ထိုသူမြတ်ကား၊ ငြိမ်းသတ်ဆင်းရဲ၊
ချမ်းသာမြဲသည်၊ ဝဋ်ထဲ မလည်တော့ပြီတည်း။

## အနတ္တမြင် ဒုက္ခစင်

ရုပ်နာမ်ဓမ္မ၊ သဘာဝကား၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်တတ်စွာ၊ နှစ်မပါဘူး၊ လိုရာမကျ၊ စိုးမရမို့၊ အတ္တမပါ၊ သူငါမဟုတ်၊ နာမ်နှင့်ရုပ်မျှ၊ သဘာဝဟု၊ ကျနထင်ထင်၊ ဉာဏ်၌မြင်သော်၊ လေးအင်အပါယ၊ ဝဋ်ဒုက္ခ၊ မုချလွတ်တော့သည်။

## အဝိဇ္ဇာ၏ ဒဏ်ချက်

မှောင်ကြီး အဝိဇ္ဇာ၊ ပိတ်ဖုံးကာ၍၊ သူငါစသား၊ သတ္တာများတို့၊ ငါးပါးအာရုံ၊ ကာမဂုဏ်တွင်၊ ပြစ်မမြင်ဘဲ၊ ခင်မင်စွဲလမ်း၊ အာသာငမ်းလျက်၊ ရလမ်းကိုပြု၊ မကောင်းမှုနှင့်၊ ကောင်းမှုတထွေ၊ ကံနှစ်ထွေကြောင့်၊ ထွေထွေဇာတိ၊ ရပြန်တည့်သော်၊ အိုဘိနာသေ၊ ဆင်းရဲတွေနှင့်၊ စိတ်စေဆင်းရဲ၊ ကိုယ်ဆင်းရဲဟု၊ ဆင်းရဲပြင်းပြ၊ ခံစားရသည်၊ မောဟဖုံးမှု ဒဏ်ပေတည်း။

## သတိတမံ ဉာဏ်မြေကတုတ်

ကိလေရေလျှဉ်၊ စီးလာလျှင်၊ သင့်တွင်ဘာနှင့် တားမည်နည်း။
ကိလေရေလျှဉ်၊ စီးလာလျှင်၊ အစဉ်သတိ တားပါမည်။
မျက်စိ နား နှာ၊ လျှာ ကိုယ် မန၊ ခြောက်ဒွါရ၌၊ ရောက်ကျလာတဲ့၊ ခြောက်အာရုံကို၊ အကုန်ရှုလျှင်၊ ရေအလျှဉ်၊ မဝင်လာဘဲ တန့်ပါသည်။

ကိလေရေလျှဉ်၊ စီးလာလျှင်၊ သင့်တွင်ဘာနှင့် ပိတ်မည့်နည်း။
ကိလေရေလျှဉ်၊ စီးလာလျှင်၊ အစဉ်ဉာဏ်နှင့် ပိတ်ပါမည်။
မဂ်ဉာဏ်လေးထွေ၊ တာခိုင်ပေမူ၊ ကိလေရေလျှဉ်၊ စီးမဝင်၊ အစဉ် ပိတ်တော့သည်။

### ဆင်းရဲဘယ်မှာ ချုပ်သနည်း

သတိနှင့်ဉာဏ်၊ ရုပ်နှင့်နာမ်၊ ဘယ်ဌာန် ဘယ်ရပ်၊ ချုပ်သနည်း။
ကမ္မဝိညာဏ်၊ ချုပ်သည့်ဌာန်၊ ရုပ်နာမ်လုံး၀၊ ချုပ်လေသည်။

## ဓမ္မပါလ ဇာတ်တော်

### ပါမောက္ခဆရာကြီး၏ အမေး

သင်တို့မျိုးဆွေ၊ ငယ်သူတွေ၊ မသေဘာကြောင့်နည်း။
ဘယ်တရားနှင့်၊ ဘယ်အကျင့်၊ ကျင့်ကြလို့ပါနည်း။
ဘယ်အကျင့်ကို၊ ကျင့်တယ်ဆို၊ ဒီလို အကျိုးရသနည်း။
အို ဗြဟ္မဏ၊ သိလိုလှ၊ ပြောပြစေချင်သည်။

### မဟာဓမ္မပါလ သူတော်စင်ကြီး၏ အဖြေ

တို့မျိုးဆွေများ၊ ကျင့်တရား၊ နာကြားလေတော့ ပြောပါမည်။
သုစရိုက်တရား၊ ကျင့်ကျိုးစား၊ မုသားရှောင်ကြသည်။
သူတော်မကြိုက်၊ ဒုစရိုက်၊ ဆွေလိုက်မျိုးလိုက် ရှောင်ကြဉ်သည်။
ငရဲလားစေ၊ အလုပ်တွေ၊ ဒို့ဆွေ ရှောင်ကြဉ်သည်။
သူယုတ်သူတော်၊ ဟောပြောသော်၊ လျော်အောင်နာကြသည်။
သူယုတ်ဓမ္မ၊ စွန့်ပယ်ချ၊ သန္တတရား ပွားများသည်။
သူယုတ်ခွါရှဲ၊ သူတော်တွဲ၊ အမြဲဆည်းကပ်သည်။
ရဟန်းပုဏ္ဏား၊ စသည်အား၊ ဆွမ်းများလှူပါသည်။
မလှူခင်လှူဆဲ၊ လှူပြီးလဲ၊ လိုက်လှဲ၀မ်းသာသည်။
ထို့ကြောင့်ဒို့ဆွေ၊ ငယ်သူတွေ၊ မသေဘေးကင်းသည်။

သက်တာခိုးတာ၊ သေသောက်တာ၊ ဝေးစွာရှောင်ကြဉ်သည်။
ဇနီးမောင်နှံ၊ ကျင့်ဖောက်ပြန်၊ အမှန်ကင်းရှင်းသည်။

သီလစင်ဖြူ၊ မြတ်အိမ်သူ၊ ဖွားမူသားကလိမ္မာသည်။
ပညာသုတ၊ စွယ်စုံရ၊ ဝေဒကျွမ်းကျင်သည်။
တမိသားလုံး၊ သုကျင့်သုံး၊ သက်ဆုံးဒုရှောင်သည်။
တဆွေမျိုးလုံး၊ သုကျင့်သုံး၊ သက်ဆုံးဒုရှောင်သည်။
ချွေးရုံတွေလဲ၊ ဒုရှောင်လွှဲ၊ ဂုဘဲကျင့်သုံးသည်။
တမလွန်လဲ၊ ကောင်းဖို့ဘဲ၊ စိတ်ထဲရည်စူးသည်။
ထို့ကြောင့်ဒို့ဆွေ၊ ငယ်သူတွေ၊ မသေဘေးကင်းသည်။

ထီးကစောင့်ရှောက်၊ မိုးရေပေါက်၊ မရောက်ပမာညီ။
တရားကျင့်မှ၊ တရားက၊ မှချစောင့်ရှောက်သည်။
ကောင်းစွာကျင့်ရာ၊ တရားမှာ၊ ချမ်းသာဆောင်ပေသည်။
တရားပယ်ချ၊ တရားက၊ မှုချမစောင့်ပြီ။
တရားကင်းကွာ၊ လူမိုက်မှာ၊ ချမ်းသာဝေးလေသည်။

## အောင်မြင်ကြောင်း တရား

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။
ပြောပြုတွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား။
စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား။
လုံ့လနှင့်ခွဲ၊ မလျှော့ဘဲ၊ အမြဲတင်းတင်းထား။
အရာရာတွင်၊ အသုံးဝင်၊ အောင်မြင်ကြောင်းတရား။

**သူတော်စိတ်မြတ်၊ အငြိမ်းဓာတ်၊ လွှမ်းပတ်ကမ္ဘာ တည်ပါစေ။**
**မေတ္တာစိတ်မြတ်၊ အအေးဓာတ်၊ လွှမ်းပတ်ကမ္ဘာ ခြုံပါစေ။**
**သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာ ရှိပါစေ။**
**သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ၊**

၁၃၅၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

၂၁၇၆၃

